
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁၉၇၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင်
စတင်ထုတ်ဝေသည့်

**ဝင်းငြိမ်း**

စီစဉ်တည်းဖြတ်သည့်

ရုပ်ရှင်မဂ္ဂဇင်း

အမှတ် ၃၄၆ စက်တင်ဘာ ၂၀၁၈

တာဝန်ခံစာတည်း
မျိုးမြင့်ညိမ်း
စာတည်း
လင်းနိုင်ဦး
အမှုဆောင် စာတည်း
မသီတာ(စမ်းချောင်း)

ရှေ့ပန်းချီ
ဖေညွန့်ဝေ၊ မှတ်သုံ
တင်ထွဏ်း
မြင့်မောင်ကျော်
မျိုးမြင့်၊ လှမြင့်ဆွေ
လင်းဝရွှာ၊ ဝင်းတင့်
မောင်နိုး၊ အောင်ကျော်
ဖေသစ်တည်၊ ထွန်းအုံ
စိုးသော်တာ
Win Iszudia
မျက်နှာဖုံးဓာတ်ပုံ
ပီတာ
ရှေ့ဓာတ်ပုံ
ပီတာ
လင်းနိုင်ဦး
ရှေ့ဒီဇိုင်း
ခိုင်ဇော်ထွန်း
ဖြိုးဦးပိုင်
ရှေ့စာစီစာရိုက်
စိမ်းလဲ့စံ၊ မိုးမိုးမြင့်
စာပြင် - ကျော်စိန်ဝင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# ရွှေအမြုတေ

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၄၆၊ စက်တင်ဘာ၊ ၂၀၁၈

ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည်






ရွှေမင်းသား၊ ရွှေမင်းသမီး

ဃင်းနိုင်ဦး ၄။
ယုံကြည်မှုအပြည့်နဲ့
ကိုယ့်ကားကိုယ်
ကြည့်နိုင်ဖို့ ကြိုးစား
မယ်ဆိုတဲ့ အောင်လေး

One Minute Interview

မန်းသူ ၁၂။
ကြည်ဖြူသျှင်၊
လင်းလင်း၊ ဟဲလေး၊
နန်းဆုရဝတီစိုး၊ ဝေကြီး

ပူးငုံပွင့်သစ်

မန်းသူ ၃၀။
ကောက်ရိုးတစ်မျှင်
ဆုပ်ကိုင်ရင်း
တစ်နေ့မှ ရပ်မနေတဲ့
J Fire

မန်းသူ ၄၂။
သီချင်းတွေနဲ့
ခံစားချက်တွေ
အများကြီးပေးချင်တဲ့သူ

အင်တာဗျူး

၃၂။ ခင်လေးမြင့်
အနုပညာအလုပ်အတွက်
သည်းခံမှု
အရေးတကြီးဖြစ်မယ်

ရွှေရုပ်ရှင်

၂၆။ မိုးကျော်ဖွန်း
နောင်တွင်ဥဒါန်း
တွင်စေသတည်း
၄၆။ မိုးကျော်ဖွန်း
ဒါရိုက်တာ မီးပွားရဲ့
ရန်သူ
၆၀။ ဃင်းနိုင်ဦး
အချစ်တွေနဲ့
ဖွဲ့သီထားတဲ့ ချည်

နိုင်ငံတကာစာမျက်နှာ

၅၂။ ဓနညီညီမိုး
တွမ်ခရုစ်ရဲ့ ကမ္ဘာ
၆၆။ ရာပြည့်
အခက်အခဲများနဲ့
ရော်နီဒက်ပ်

ရွှေဝတ္ထု

ချစ်ကြည်အေး ၅၄။
ငါတို့အားလုံးသည်...
မှုန်းမောက်မြင့် ၉၂။
(သချ်ာ)
အတ္တမကင်းတဲ့
လက်တစ်စုံ
ကိုငြိမ်း (မန္တလေး) ၉၀။
ကြေးဝါသော့
ပိုင်ငွေး (သချ်ာ) ၁၀၆။
လက်ဖွဲ့
သာမှုန်ကျော် ၁၁၀။
ကန္တာရခရီး
နေ (ဟင်္သာတ) ၁၁၆။
ညပြေး
ချွန်း (ကော့သောင်း) ၁၃၄။
လှေကျင့်ဖော်
အယ်ကော် ၁၄၀။
နယ်ပြောင်းခံရသူ
လှမြင့်အောင် (ကော့ကျက်) ၁၄၄။
သတင်းကောင်း
မောင်အေးကို (ပေါင်းတလည်) ၁၅၀။
ချီခါး
မော်မော်မောင် ၁၅၆။
စိတ်လိုက်အိမ်မြှောင်
မောင်သုတ (ဖြန်မာ) ၁၆၀။
အေးရိပ်တစ်ခု၏ ဒဏ္ဍာရီ
ဥကြည် (ချယ်ရီမြေ) ၂၁၂။
ကောင်းကင်မှာသည့် ကြယ်
ကိုစက်နေ ၂၁၈။
ပိတုန်းတစ်လှည့်
ပန်းတစ်လှည့်

ရွှေဝတ္ထုရှည်စ/ဆုံး

ရွှေသင်း ၁၂၆။
မုံ
ကြည်ဖျန်းလှ ၁၄၈။
မြစ်ကျိုးအင်း


www.burmeseclassic.com

www.burmeseclassic.com



အယ်ဒီတာအဖွဲ့- တိုက်(၁၇)၊ အခန်း (၄-၀၁)၊ ၅၂ လမ်း(အောက်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၅၀၁ Email: nyeinfamily@gmail.com
မျက်နှာဖုံး ဓာတ်ပုံ မွေ့လာကက်ဆောင်နှင့် အတွင်းပုံနှိပ်သူ -ဒေါ်ချိုချို(၁)အေးအေးသိန်း(၀၀၇၇၀)
ဇမ္ဗူတာလှပုံနှိပ်တိုက်၊ အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း ၆၃ ရပ်ကွက်၊
ဒက်မှရန် တောင်ဒဂုံ၊ ရန်ကုန်မြို့။ ထုတ်ဝေသူ - ဒေါ်ချိုချို(၁)အေးအေးသိန်း (၀၁၀၉၁)
အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။ ဖြန့်ချိရေး ဇမ္ဗူတာလှစာပေ၊ အမှတ် ၁၃၃ လမ်း ၄၀၊ ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၃၉၈၂၂၀
စာတိုက်သေတ္တာအမှတ် ၁၂၀၅ E-mail : zabutalu@gmail.com
Available at : Wun Zinn

ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း
မသီတာ၊ စမ်းချောင်း ၂၁၆။
မြေ
ရွှေအစန်းဆက် ဝတ္ထုရှည်
ရဲရင့်လုံ၊ ဒေါး-ဖန်း ၂၂၄။
တောင်တွေပေါ်က တိမ်
တိမ်တွေပေါ်က လမ်း
ရွှေအသစ်
———————— ၁၉၄။
———————— ၂၀၀။
———————— ၂၀၆။
အက်ဆေးအကြောင်း အက်ဆေး
မောင်ရင့်မာ၊ ကျောက်ကုန်း ၁၁၆။
နန်းတော်ခိုးသူများ
ရသစာတမ်း
မောင်ရင့်မာ၊ ကျောက်ကုန်း ၁၀၂။
သဥ္စာမြတို့အမေ
ရွှေသုတ
မောင်သန်းဆွေ၊ ထားဝယ် ၉၀။
မြန်မာနိုင်ငံ တော်ဝင်
အနွယ်တော်များအပွဲ့ချုပ်
သင့်ဒေးအဖြိုး ၉၀။
ဂျူးရဲ့ ရသမြို့လွှာကို
ခံစား ဝေဖန်ခြင်း
ဦးဘန္ဒြာ၊ မကွေး ၁၂၄။
စွမ်းမှ ဆောင်နိုင်မယ်

www.burmeseclassic.com

www.burmeseclassic.com



# ယုံကြည်မှုအပြည့်နဲ့ ကိုယ့်ကားကိုယ်ကြည့်နိုင်ဖို့ ကြိုးစားမယ်ဆိုတဲ့ အောင်လေး

ယင်းနိုင်ဦး



ဒီလ ရွှေအမြုတေ မျက်နှာဖုံးအတွက် ဆရာ ဦးဝင်းငြိမ်းက အောင်လေးကို ရိုက်စေချင်တာကြောင့် ဓာတ်ပုံ ကိုပီတာနဲ့ ချိတ်ဆက်ပြီး ဩဂုတ်လ ၁၃ ရက်နေ့ ညနေ ၃ နာရီ ကိုပီတာ့ စတူဒီယိုမှာပဲ အောင်လေးကို ချိတ်လိုက်ပါတယ်။ အောင်လေးက ကိုပီတာ့စတူဒီယိုကို ၂ နာရီခွဲ ကျော်ကျော် လောက်ကတည်းက ရောက်နေတဲ့အတွက် ကျွန်တော်လည်း ဒါရိုက်တာ ကျော်ဇောလင်း ရိုက်ကူးနေတဲ့ တာတူး ရုပ်ရှင်ဇာတ်ကား ရိုက်ကွင်းကနေ အပြေး လာခဲ့ရပါတယ်။ ကိုပီတာ့စတူဒီယိုကို ကျွန်တော်ရောက်တဲ့ အချိန်မှာ အောင်လေးက အေးအေးဆေးဆေး ဆက်တီပေါ်မှာ ထိုင်ပြီး ဖုန်းပွတ်နေတာ တွေ့လိုက်ရပါတယ်။ ကိုပီတာက မီးတွေ၊ ကင်မရာတွေ စိတ်တိုင်းကျ ချိန်နေတာဖြစ်တဲ့အတွက် ၃ နာရီခွဲလောက်မှ စ,ရိုက်ဖြစ်ပါတယ်။

မျက်နှာဖုံးဓာတ်ပုံ မရိုက်ရတာကြာပြီလို့ ပြောတဲ့ ကိုပီတာက ကင်မရာ ခလုတ်ကို ဆက်တိုက်ဆိုသလို နှိပ်ကာ Mood အပြည့်နဲ့ ရိုက်ကူးတော့တာပါပဲ။ ဓာတ်ပုံအရိုက်ခံတဲ့ အောင်လေးကလည်း ကိုပီတာ ဘာမှပြောစရာမလိုအောင် အိုက်တင်တွေ တစ်မျိုးပြီးတစ်မျိုး လုပ်ပေးသွားတဲ့အတွက် နှစ်ယောက်သား အပေးအယူတွေ့မျှပြီး ရိုက်လိုက်ကြတာ ပုံပေါင်းကို ၃၀၀ ကျော် ထက်မနည်း ရိုက်ပြီးသွားပြီဖြစ်လို့ ကိုပီတာကို ရလောက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ-ဝိတာ(The Bridal Garden)



www.burmeseclassic.com



ပြီလို့ကို ပြောယူရပါတယ်။
အောင်လေးက ဒုတိယ ဝတ်စုံ တစ်စုံ လဲနေတဲ့ အချိန်မှာ ကိုပီတာက သူလိုချင်တဲ့ ဓာတ်ပုံမျိုး ရအောင် နောက်ထပ် အပြင်အဆင်တစ်မျိုးနဲ့ ထပ်ပြီး ကြိုးစားလာပြန်တယ်။ အဲဒီမှာ နောက်က မီးခိုးတွေနဲ့ပါ ရိုက်ချင်တဲ့ အတွက် ဒီဇယ်ဆီသွားဝယ် ခိုင်းပြီး သူ့စိတ်တိုင်းကျ ရိုက်လိုက်တာ ညနေ ၆ နာရီထိုးတော့ ပုံပေါင်းလည်း ၆၀၀ ကျော်လောက် ရသွားပါပြီ။ ကိုပီတာရဲ့ စတူဒီယိုခန်း တစ်ခုလုံးလည်း မည်းမှောင်နေပြီး ဒီဇယ်မီးခိုးစော်တွေ နံနေပေမဲ့ စိတ်တိုင်းကျ

ပုံတွေရခဲ့တဲ့အတွက် ကိုပီတာရော၊ အောင်လေးပါ အားရကျေနပ်မှုအပြည့်နဲ့ ရှိနေတာ တွေ့ခဲ့ရပါတယ်။ မော်ဒယ်လ်၊ သရုပ်ဆောင် အောင်လေးကို ရွှေအမြုတေပရိသတ်အတွက် မေးကြည့်ဖြစ်ခဲ့တာများကတော့...။

**အောင်လေးက မော်ဒယ်လ်အဖြစ်နဲ့ ဘယ်လောက်ကြာပြီးမှ သရုပ်ဆောင်လုပ်ခွင့်ရခဲ့တာလဲ။**

မော်ဒယ်လ်မှာ တော်တော်ကြာပါတယ်။ ၂၀၀၉ ခုနှစ်က ဆရာဂျွန်လွင့်ဆီမှာ သင်တန်းတက်ပါတယ်။ သင်တန်းတက်ပြီး မော်ဒယ်လ်ဖြစ်သွားပေမဲ့ ဘာမှ မလုပ်ရသေးဘဲ ၃၊ ၄ နှစ်လောက် ရပ်ကွက်ထဲမှာပဲ ပြန်နေနေရတယ်။ အိမ်မှာနေရင်းနဲ့ပဲ MTV တို့၊ VCD တို့ ရိုက်ခွင့်ရဖို့ လိုက်ဆက်သွယ်ရ





www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တယ်။ နာမည်ကြီးကြီး၊ မကြီးကြီး မရွေးဘဲ MTV, VCD သီချင်းတွေ အများကြီး ရိုက်ခွင့်ရခဲ့တယ်။ ပြီးတော့မှ စံကားဝါသရုပ်ဆောင်သင်တန်းကို ကျွန်တော် တက်ဖြစ်ခဲ့တယ်။ အဲဒီကမှ ကျွန်တော့်ရဲ့ဆရာ ဒါရိုက်တာ ဗန်းကြီး **လူကြမ်းမစစ် လာမချစ်နဲ့** ဗီဒီယိုကားကို ကိုမိုးအောင်ရင်၊ ဟန်လင်းသန့်တို့နဲ့ ကျွန်တော် စ၊ ရိုက်ဖြစ်ခဲ့ပြီး ရုပ်ရှင်လောကကို ရောက်လာတာပါ။

**အောင်လေးက သီချင်း VCD တွေ ရိုက်တဲ့နေရာမှာ နာမည်ကြီးကြီး၊ မကြီးကြီး ဘာလို့ ရိုက်ပေးဖြစ်တာလဲ။**

တချို့မော်ဒယ်လ်တွေဆိုရင် အနုပညာကြေးရတာ၊ မရတာထက် နာမည်ကြီးတဲ့ အဆိုတော်၊ နာမည်ကြီးတဲ့ သီချင်းမျိုးမှ ရိုက်ချင်ကြတာတွေ ရှိတယ်။ ကျွန်တော်ကတော့ အဲဒီလို မဟုတ်ဘူး။ အကူအညီတောင်းရင် အကုန်လုံးကို ရိုက်ပေးတယ်။ ပိုက်ဆံလည်း မတောင်းဘူး၊ ပိုက်ဆံပေးရင်လည်း မယူခဲ့ဘူး။ ဒီအတိုင်းပဲ အကူအညီပေးပြီး ရိုက်ပေးခဲ့တာတွေ အများကြီး။ ကျွန်တော့်သူငယ်ချင်းတွေထဲမှာလည်း နာမည်ကြီးမှ ရိုက်ပေးတာမျိုး အများကြီးရှိတယ်။

**သူတို့လုပ်ရပ်က မှန်တယ်လို့ ပြောလို့မရဘူးလား။ နာမည်ကြီးတဲ့သီချင်းရိုက်မှ ကိုယ့်ကိုလည်း ပရိသတ်က သိသွားမယ် မဟုတ်လား။**

VCD ရိုက်တယ်ဆိုတာ ကံစမ်းမဲနှိုက်သလိုပါပဲ။ အပုဒ် ၅၀ လောက် ရိုက်ပေးတယ်ဆိုပေမဲ့ ပေါက်သွားတဲ့ အပုဒ်က ၃၊ ၄ ပုဒ်လောက်ပဲ ရှိရင်ရှိတာ။ အဲဒါတောင် ကံကောင်းလို့ အချိန်တန်မှ ပေါက်တာ။ ကျွန်တော့်ကိုတော့ ရဲရင့်အောင်ရဲ့သီချင်းနဲ့ VCD မှာ ပရိသတ်က စပြီး သိတယ်။ ကိုဝနရဲ့ အနီးဆုံးလူ မှာ အောင်လေး ဆိုတာ ပရိသတ် သတိထားမိသွားတယ်။ အဲဒီရှေ့မှာ ရိုက်ခဲ့ပေးတာ အများကြီးဆိုပေမဲ့ ပရိသတ် သိပ်မသိပါဘူး။

**VCD ရိုက်ရတာမျိုး သရုပ်ဆောင်ဘက်ကို လွယ်လင့်တကူပဲ ကူးခွင့်ရခဲ့တာလား။**

ခက်တာပေါ့။ ရုပ်ရှင်ရိုက်ခွင့်ရဖို့ အဆက်အသွယ်လည်းလိုသေးတယ်။ ရုပ်ရှင်တွေရိုက်ဖြစ်ဖို့ တိုက်တွန်းပေးခဲ့တာကတော့ ကိုဇေရဲထက်ပေါ့။ ကျွန်တော်နဲ့သူက ဟိုးအရင်ကတည်းက သူငယ်ချင်းပါ။ လိုင်းကွဲသွားတာပဲ ရှိတယ်။ ကျွန်တော်က မော်ဒယ်လ်ဘက်၊ သူက သရုပ်ဆောင်ဘက်ကို ရောက်သွားတယ်။ နောက်ပိုင်း ပြန်ဆုံဖြစ်တော့ ဗီဒီယိုကားတွေမှာ ခေါ်ရိုက်ပေးတယ်။ ကျွန်တော့်မှ မဟုတ်ပါဘူး။ ပိုင်တံခွန်တို့၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့၊ မင်းဇေတို့ အကုန်လုံးကို တွဲခေါ်ပြီးရိုက်ပေးခဲ့တယ်။ အဲဒီကနေမှ ဒီဘက်ခြမ်းမှာ ပိုလုပ်ဖြစ်ခဲ့တာပါ။

**အောင်လေးက သူငယ်ချင်းတွေကို ချစ်သလို သူငယ်ချင်းတွေနဲ့လည်း လွတ်လွတ်လပ်လပ်နေပြီး အွန်လိုင်းပေါ်မှာ ပုံတင်တာတွေ ရှိတယ်နော်။**

ဒါကတော့ ကျွန်တော့်ရဲ့ အပြင်က ကာရိုက်တာအတိုင်းပါပဲ။ ကျွန်တော်က အပေါင်းအသင်းသိပ်မက်တယ်။ အဲဒါကြောင့် သူငယ်ချင်းတွေနဲ့ဆိုရင် စိတ်လွတ်လက်လွတ်နေတယ်။ ပျော်ပျော်ရွှင်ရွှင်နေတယ်။ ဟန်ဆောင်မှု ဘာတစ်ခုမှ မရှိတော့ဘူး။ အားလုံးသိမှာပါ။ မျက်နှာအရမ်းပြောင်တယ်။ ပွင့်ပွင့်လင်းလင်းနေတာက ရိုးရှင်းမှုတစ်ခုလည်းဖြစ်တယ်။

**အောင်လေးဘ၀ အနုပညာလမ်းကြောင်းပေါ် တစ်ဆင့်တက်နိုင်ခဲ့တာ ဇာတ်လမ်းတွဲနဲ့လား။**

VCD မှာတော့ ပရိသတ်က ကျွန်တော့်ကို သတိထားမိခဲ့တယ်ပေါ့။ အဲဒါပြီးတော့ အွန်လိုင်းဇာတ်လမ်းတွဲတွေ ရိုက်ခွင့်ရခဲ့တာပါ။ အများဆုံးလို့ပြောရရင်လည်း အွန်လိုင်းဇာတ်လမ်းတွဲတွေပါပဲ။ ကိုသားညီနဲ့ **မိုးတိမ်ကမ်းခြေ အဝေးကလှေ** ကို ယမင်းမေဦးနဲ့ စ,ရိုက်ခွင့်ရခဲ့တာပါ။ ပြီးတော့ ကိုသားညီနဲ့ပဲ **ပိုးကောင်လေးများ** ဆက်ရိုက်ဖြစ်ခဲ့တယ်။ အဓိကကတော့ ဗီဒီယိုဇာတ်ကား များပါတယ်။ **ပိုးကောင်လေးများ** မှာ အခြားသရုပ်ဆောင်တွေလည်း အများကြီးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ ယမင်းမေဦး တို့က ပိုလုပ်ခွင့်ရတာပေါ့။ အဲဒီမှာတော့ လုပ်ကွက်ရတဲ့ အပြင် ပျော်ပျော်ရွှင်ရွှင် ပေါ့ ပေါ့ပါးပါးနဲ့ လုပ်ခွင့်ရတဲ့ ကာရိုက်တာဖြစ်လို့ ကျွန်တော့် အတွက် ဝန်ထုပ်ဝန်ပိုး မဖြစ် ဘူး။

**ပရိသတ် ပိုသတိထားမိသွားတာ ဒါရိုက်တာ ရွှေရေးထင်ထင် ရိုက်တဲ့ 'ရာဇဝင်ရိုင်းခဲ့သည်' ဇာတ်ရုပ်က ကာရိုက်တာကိုလား။**

ဟုတ်တယ်၊ အဲဒီမှာ တော့ ပရိသတ် ပိုသတိထား မိတယ်။ ရုပ်ရှင်နဲ့ပတ်သက် ပြီး တစ်ဆစ်ချိုးပြောင်းသွား တာဆိုရင် ဒီကားလို့ပဲ ပြောရမှာပါ။ အရင်တုန်းက ကျွန်တော့် Fan မဟုတ်တဲ့သူတွေတောင် အားပေးလာကြတယ်၊ လက်ခံလာကြတယ်၊ ချစ်လာကြတယ်။ ပရိသတ် အချစ်ကိုရသွားတဲ့ ကားတစ်ကားလို့ ပြောလို့ရပါတယ်။

**လုပ်ရတဲ့ ကာရိုက်တာက ကိုယ့်အတွက် ခက်မနေဘူးလား။ ကိုယ်က မပွင့်တပွင့်လုပ်ရတာလေ။**

မပွင့်တပွင့်ဆိုတာထက် ပိုလုပ်ရခက်တဲ့ ကာရိုက်တာပါ။ ကိုယ်က မပေါ်အောင်လည်း ဖုံးရတယ်။ အလယ်မှာရောက်နေတယ်ပေါ့။ သူက အပွင့်ဆိုရင်လည်း ဖွင့်လုပ်လို့ရတယ်။ အပုန်းဆိုရင်လည်း အပုန်းလုပ်လို့ရတယ်။ အခုက အလယ်မှာ သူ့ရဲ့စိတ်က ရာဇဝင်(ဇေရဲထက်)ကိုလည်း သိစေချင်တယ်။ တစ်ဖက်မှာကျတော့လည်း နာမည်ကြီးမော်ဒယ်လ်တစ်ယောက်ဖြစ်နေတဲ့အတွက် ပရိသတ်သိမှာ အရမ်းစိုးရိမ်တယ်။ အရှက်ကြီးတဲ့ ကာရိုက်တာမို့ စကားပြောတာထက် မျက်လုံးနဲ့ပဲ ချစ်ခြင်းကို ပြခဲ့ရတာပါ။ ဒါကြောင့် အရမ်းခက်တယ်။

**ကွယ်လွန်သွားပြီဖြစ် တဲ့ ဒါရိုက်တာ မျိုးမြင့်ဆွေ ရိုက်တဲ့ 'လေဆန်ကကြိုး' မှာတော့ ဘယ်လိုကာရိုက်တာနဲ့ ရိုက်ခွင့်ရခဲ့တာလဲ။**

လေဆန်ကကြိုး မှာတော့ ကျွန်တော်ရယ်၊ ဒေါင်းရယ်၊ အဲလစ်အောင်ရယ်၊ အိန္ဒိယလမုံရယ်၊ ကျွန်တာကတော့ ကျွန်တော့်ရဲ့ Dancer Group တစ်ခုလုံးလည်းပါတယ်။ ဒေါင်းကကျတော့ မြန်မာ့ယဉ်ကျေးမှုအက၊ ကျွန်တော်ကျတော့ အနောက်တိုင်း ယဉ်ကျေးမှု B Boy အက၊ကတဲ့သူပေါ့။ ဒီနှစ်ဖွဲ့ပေါင်းပြီး အကတွေ တီထွင်ကြတယ်။ ပေါင်းက,ကြတယ်။ အဲဒီမှာ ဖြစ်သွားတဲ့ အချစ်ဇာတ်လမ်း ပါတယ်။ အကနှစ်မျိုးကို ပေါင်းစပ်ပြီး ဘယ်လိုယှဉ်ပြိုင်ကြတယ် ဆိုတာလေးပါတဲ့အတွက် အားရကျေနပ်ရတဲ့ ကားတစ်ကားပါပဲ။

**အောင်လေးက အကလည်း က,တာပဲလား။ ဘောလုံးကန်တာတော့ အမြဲတမ်းတွေ့ဖြစ်တယ်နော်။**

ကျွန်တော်အရင်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com


B Boy အကကို က,ဖြစ်ခဲ့တာပါ။ အရင်ကတည်းက ကျွန်တော့်အဖွဲ့ ရှိပါတယ်။ သီချင်းဆိုပြီး က,ကြတာပေါ့။ ၉ တန်း၊ ၁၀ တန်းကတည်းက က,ခဲ့တယ်ဆိုတော့ B Boy နဲ့ပတ်သက်ရင် သူများထက် နည်းနည်းသာတာပေါ့။ ဘောလုံးကိုလည်း ငယ်ငယ်ကတည်းက ကန်ခဲ့တယ်။ အခုနောက်ပိုင်းကျတော့ ထိခိုက်ဒဏ်ရာရပြီး ကားမရိုက်နိုင်မှာစိုးလို့ပါ။ ဒါပေမဲ့ မကြာမကြာ ကန်ဖြစ်ပါတယ်။

**အောင်လေး စိတ်ကူးထားတဲ့ လုပ်ချင်တဲ့ ဇာတ်ရုပ်မျိုးက ဘယ်လို ကာရိုက်တာမျိုးလဲ။**

ကျွန်တော်က မိသားစုဇာတ်မျိုးတွေ ပိုပြီးသဘောကျတယ်။ ဒရာမာမှာဆိုရင်တော့ အက်ရှင်နဲ့ ရောတာကို ပိုကြိုက်တယ်။ ပေါ့ပေါ့ပါးပါး သူဌေးသားအခန်းတို့၊ ကျောင်းဆရာဇာတ်ရုပ်တို့ကျတော့ ကျွန်တော် သိပ်မကြိုက်ဘူး။ ဂျစ်ကန်ကန် လုပ်ရတာတွေ ပိုသဘောကျတယ်။

**သရုပ်ဆောင်လုပ်ရတာနဲ့ ရှိုးပွဲလျှောက်ရတာ ဘယ်ဘက်မှာ ပိုပြီးဖီလင်လာလဲ။**

မော်ဒယ်လ်ဘက်က နေရောက်လာတာဆိုတော့ ရှိုးပွဲလျှောက်ရတာ သိပ်မခက်ခဲလှပါဘူး။ သရုပ်ဆောင်အလုပ်ကတော့ အများကြီး ခက်ပါတယ်။ ရှိုးပွဲကတော့ အဝတ်အစား ဒီဇိုင်းကောင်းကောင်းနဲ့ ဝတ်ပြီး စင်ပေါ်မှာ လျှောက်နေကျ အတိုင်းလျှောက်လို့ ရပေမဲ့ သရုပ်ဆောင်ဘက်မှာကျတော့ ပိုနက်နဲတဲ့အရာတွေ အများကြီး ရှိတယ်။ ကာရိုက်တာ Mood တွေ၊ လုပ်ရမယ့် အိုက်တင်တွေ၊ လူမှုဆက်ဆံရေးတွေ အများ အများကြီး ရှိတယ်။ ဒါကြောင့် တော်တော်လေးကွာတယ်။ ကိုယ်က သရုပ်ဆောင်အလုပ်ကို ရှူးသွပ်တဲ့သူဆိုတော့ သရုပ်ဆောင်အလုပ်မှာ ပိုဖီလင်လာပြီး ပိုလည်း ကြိုးစားတယ်။





www.burmeseclassic.com

www.burmeseclassic.com



**ရွှေ့ဆက် အနုပညာလမ်းကြောင်းမှာ ဘယ်လိုလုပ်သွားဖို့ ရည်ရွယ်ထားလဲ။**

ကျွန်တော် စဉ်းစားထားတာကတော့ ဒီထက်မက ပရိသတ်အသိအမှတ်ပြုခံရဖို့ ပိုပြီးတော့လည်း ကြိုးစားသွားမယ်။ ဒီသရုပ်ဆောင်အလုပ်မှာပဲ ကြိုးစားပြီးတော့ အကောင်းဆုံးဖြစ်အောင် လုပ်သွားပါမယ်။ အရင် ကားတွေထက် အကောင်းဆုံးဖြစ်ဖို့ ရည်ရွယ်ထားတာပါ။ ရိုက်ပြီး,ပြီး ရောပုံစံမဟုတ်ဘဲ ကိုယ့်ကား ရုံတင်တဲ့အခါ ယုံကြည်မှုရှိရှိနဲ့ ကိုယ့်ကိုယ်ကို ပြန်ကြည့်နိုင်ဖို့၊ ပရိသတ်ကြည့်ခွင့်ရဖို့ ရည်ရွယ်ထားပါတယ်။ ပိတ်ကားပေါ်ရောက်တဲ့အခါမှ ငါ ဒီအခန်းမှာ ဒီလိုမလုပ်ခဲ့ရပါလား၊ မလုပ်နိုင်ခဲ့ပါလားဆိုပြီး နောင်တ မရချင်ဘူး။ ကိုယ်ကိုယ်တိုင် အကောင်းဆုံး ကြိုးစားခဲ့တဲ့အတွက် ပိတ်ကားပေါ်ရောက်တဲ့အခါမှာလည်း ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နဲ့ ကိုယ့်ကားကိုယ်ကြည့်နိုင်ဖို့ ကြိုးစားမယ်။

**ချစ်သူကရော အနုပညာအလုပ်ကို ခွင့်ပြုရဲ့လား။**

ကျွန်တော့်ကောင်မလေးနဲ့ ပြတ်သွားတာ ကြာပါပြီ။ အခုတော့ ချစ်သူလည်း မရှိပါဘူး။ ဒီကိစ္စတွေလည်း ခေါင်းထဲမထားတော့ဘူး။ အဲဒါမှလည်း အနုပညာအလုပ်ကို အာရုံစိုက်နိုင်မှာလေ။ အဲဒီလို အာရုံစိုက်နိုင်မှ ကိုယ်လုပ်တဲ့အနုပညာကောင်းမှာပါ -

လို့ ဖြေကြားခဲ့ပါတယ်။ ဓာတ်ပုံတွေ အားလုံးရိုက်ပြီးချိန်မှာတော့ ကိုပီတာရော၊ အောင်လေးပါ ပုံတွေ ပြန်ကြည့်တဲ့အခါ သဘောကျ ကျေနပ်စွာနဲ့ ရှိခဲ့ကြပါတယ်။ ကိုပီတာကလည်း Pre Wedding တို့၊ စီးပွားရေးကြော်ငြာတို့ပဲ ရိုက်နေရတာ ကြာခဲ့ပြီး အခုလို ရိုက်ပြချင်တာ ရိုက်ခွင့် ရလိုက်တဲ့အတွက် ကိုပီတာရော၊ အောင်လေးပါ နှစ်ယောက်စလုံး သဘောကျခဲ့တဲ့အတွက် ရွှေအမြုတေ စာဖတ်ပရိသတ်များလည်း သဘောကျမယ်လို့ ယုံကြည်ပါတယ်။

■ **လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com

# ကြုံရာဆုံရာ တစ်မိနစ်တာ

# One Minute Interview

'လက်ရှိကတော့ ကားရိုက်တာတွေ နားထားတယ်။ ကိုယ့်ရဲ့အသက်ကလည်း လေးဆယ်ကျော်လာပြီဆိုတော့လေ။ အသက်က လေးဆယ်ကျော်၊ အနုပညာ လုပ်ခဲ့တဲ့နှစ်က ၂၀ ကျော်။ အဲဒီအခါမှာ ငွေပေါ်ကားလည်း မရိုက်ချင်တော့ဘူး။ ဒရာမာပဲ ရိုက်ချင်လာတယ်။ ဒရာမာ ဆိုရာမှာလည်း ပရိသတ်အတွက်၊ တိုင်းပြည်အတွက် အကျိုးရှိမယ့်ဇာတ်ကားပဲ ရိုက်ချင်တယ်' လို့ ဆိုလာသူက ဒါရိုက်တာ ကြည်ဖြူသျှင်ပါ။ **ဇာတိမြေ** ရုပ်ရှင်ကားကြီး ရိုက်ကူးနေစဉ်နဲ့ ယခု ရုံတင်နေချိန် ကာလတွေမှာ ဇာတ်ကား မရိုက်သလောက် နည်းပါးနေတဲ့ ကြည်ဖြူသျှင်နဲ့ ပြောဖြစ်ခဲ့တာတွေကတော့…။

**လက်ရှိ ရုပ်ရှင်လောကနဲ့ ကြည့်တဲ့ပရိသတ်က လှုပ်ခတ်မှုများနေချိန်လို့ ပြောလို့ရတယ်။ ဒီအချိန်မှာ မကြည်ဖြူသျှင်တို့ ဒါရိုက်တာတွေ၊ အနုပညာသမားတွေရဲ့ ရပ်တည်နေရမှုက…။**

ပြောရမယ်ဆိုရင် ခုချိန်က ဖြစ်သလို လုပ်လို့မရတော့ဘူး။ ပရိသတ်က စောင့်ကြည့်နေပြီ။ စောင့်ကြည့်တဲ့အတိုင်းလည်း ဝေဖန်မှုတွေက Facebook မှာ ချက်ချင်း တက်တယ်။ ဘယ်လိုပဲရိုက်ရိုက် အကောင်းဆုံးရိုက်ရမယ်ဆိုတဲ့ စိတ်ကလည်း အနုပညာသမားတိုင်းမှာ ရှိပါတယ်။ ဒီတော့ ဘာတွေပိုခက်လာလဲဆိုရင် ဇာတ်ရွေးရတဲ့အခါမှာ ဒါရိုက်တာ အကြိုက်တစ်မျိုး၊ မင်းသား၊ မင်းသမီးအကြိုက်တစ်မျိုး၊ ပရိုဂျူဆာအကြိုက်တစ်မျိုး ဇာတ်တွေ ရွေးလာကြတယ်။ ရွေးရင်းနဲ့ပဲ တော်တော်နဲ့ ကားရိုက် မဖြစ်တော့ဘူး။ ခုချိန်မှာ ငွေပေါ်ကားက လွယ်တယ်။ ပရိုဂျူဆာလည်းကြိုက်၊ ဒါရိုက်တာလည်းကြိုက်ပေါ့။ ပရိသတ်ဝေဖန်မှုများတယ် ဆိုတာကလည်း ကောင်းစေချင်လို့ပေါ့နော်။ ကောင်းစေချင်လို့ ငြင်းကြ၊ ခုံကြရင်းနဲ့လည်း ဘာရိုက်ရမှန်းမသိ ကားရိုက်တွေ ကျဲလာတယ်။ ကြည်ဖြူကတော့ အကျိုးရှိမယ့်ကားပဲ ရိုက်ချင်တော့တယ်။ ဒါကြောင့် မရိုက်ရလို့ ဘာမှမဖြစ်ဘူး။ မရိုက်ဘူး။ ရိုက်ရင်တော့ ကောင်းကောင်း ရိုက်ချင်တယ်ပေါ့နော်။ ဒါကြောင့် ကြည်ဖြူကားရိုက်တွေ ကျဲသွားတယ်။ ပိုဆိုးတာက **ဇာတိမြေ** လိုကားမျိုးရိုက်ပြီးမှ ပိုဆိုးတာပေါ့။ **ဇာတိမြေ**က တအားအနှစ်သာရရှိ၊ အဓိပ္ပာယ်ပြည့်ဝတဲ့ကား ဖြစ်နေတယ်။ နောက်ထပ် အဲဒီလိုကားမျိုးပဲ ရိုက်ချင်တယ်။ ဘာပဲပြောပြော ခုချိန်မှာ ရုပ်ရှင်လောကက တိမ်တောက်နေတယ်ပေါ့။ တောက်တဲ့တိမ်ကဆက်ပြီး တောက်မယ့်တိမ်လား၊ မှောင်သွားမယ့်တိမ်လား ဆိုတာ ပြောရခက်တဲ့အချိန် ဖြစ်နေတယ်။ လောကသားတွေ အနေနဲ့က ပရိသတ် အကောင်းကြိုက်တဲ့အချိန်မှာ ကောင်းကောင်းဖန်တီးကြပါ။ ပရိသတ်ကလည်း ကောင်းကောင်း ရိုက်ထားတဲ့ကားကိုပဲ တကယ်အားပေးကြပါ။ ဒါမှလည်း တောက်နေတဲ့ တိမ်က ရုပ်ရှင်လောကအတွက် ထွန်းလင်းလာမယ့် နေထွက်ချိန်ဖြစ်မှာပါ။

**အခုလို ဝေဖန်မှု၊ အားပြိုင်မှုတွေက အမှန်တကယ်ရော အကျိုးရှိလား။ အဲဒီအပေါ် ဘယ်လိုသဘောထားလဲ။**

ဝေဖန်မှု၊ အားပြိုင်မှုတွေက ကောင်းပါတယ်။ ဒါပေမဲ့ ဇာတ်ကားတစ်ကား ရုံတင်တာမှ တစ်ပတ် မပြည့်သေးဘူး။ ဝေဖန်ကြတာတွေမှာ အဆိုးဆုံးက သတင်းစာကနေ ဝေဖန်တာပေါ့။ အဲဒီလို မဝေဖန်သင့်ဘူး ထင်တယ်။ နောက်တစ်ခုက ဇာတ်ကားတစ်ကားလုံး ပြောချလိုက်တာလေ။ အဲဒါကျတော့ အကျိုးကျေးဇူးပျက်စီးအောင် လုပ်သလိုပဲ။ ဖြစ်စေချင်တာကလေ ဇာတ်ကား ရုံပေါ်က ဆင်းသွားပြီးမှပဲ ဝေဖန်ကြပါ။ ဒါမှ အပြည့်အဝသဘော ဝေဖန်တာဖြစ်မှာပေါ့။

**မကြည်ဖြူက ဇာတ်ကားရိုက်ကူးရေးတွေ နားထားတယ်ဆိုတော့ နိုင်ငံရေးကိုလည်း စိတ်ဝင်စားဆောင်ရွက်နေသူဖြစ်တဲ့အတွက် အဲဒီအပိုင်းနဲ့ ဆိုင်တဲ့ ရိုက်ကူးရေး မျိုးရော ရှိလား။**

လောလောဆယ်တော့ မရှိသေးဘူး။ မပြောနိုင်သေးဘူး။ ကိုယ်နဲ့ စိတ်တူတဲ့ ပရိုဂျူဆာရှိလာရင်တော့ ရိုက်ရင်လည်း ရိုက်ဖြစ်မယ်။ဒါပေမဲ့ နိုင်ငံရေးဆိုတာထက်စာရင် ကြည်ဖြူ ရိုက်ချင်တာက ထောင်ထဲက ဇာတ်လမ်းတွေ ရိုက်ချင်တယ်။ နိုင်ငံရေးသမားတွေရဲ့ ထောင်တွင်း ဖြတ်သန်းမှုတွေပေါ့။

**ရိုက်ကူးရေးတွေမှာ အချစ်၊ ရိုမန့်တွေ ရိုက်တာများတဲ့သူဆိုတော့ အနုပညာသက် အနှစ် ၂၀ မှာ အချစ်ဇာတ်တွေ စိတ်ကုန်သွားတယ်လို့ ပြောရမလား။ ဒါမှမဟုတ် ခုချိန်မှာ ရိုက်ချင်တဲ့ အချစ်ဇာတ်ရော ရှိသေးလား။**

ပြောရမယ်ဆိုရင်တော့လေ အချစ်ကား ဒါရိုက်တာ ဆိုတော့လေ အချစ်ကားတွေတော့ ရိုက်ချင်သေးတယ်။ ရိုက်တဲ့အခါမှာတော့ အနှစ်သာရတစ်ခု ကျန်တဲ့ ဇာတ်မျိုး ရိုက်ချင်တယ်။ အနှစ်သာရဆိုတဲ့နေရာမှာလေ ဇာတ်ကို တအားကြီး Heavy ကြီး အချစ်မျိုး မဟုတ်ဘူး။ ဘဝသရုပ်ဖော်ပါတာလေးတွေ၊ နောက်တစ်ခုက ကိုယ်မသိတဲ့ Life တွေပေါ့။ တိုင်းရင်းသားတွေရဲ့ အချစ်တွေပေါ့။ သူတို့ သမီးရည်းစားစကား ဘယ်



www.burmeseclassic.com

www.burmeseclassic.com




# တိုင်းရင်းသား အချစ်တွေကို စိတ်ဝင်စားနေတဲ့ ဒါရိုက်တာ ကြည်ဖြူသျှင်

**မနှင်းသူ**

လိုပြောကြလဲ။ သူတို့ Life ကို ဘယ်လိုရုန်းကန်တည်ဆောက်ကြလဲ။ အဲဒီလိုမျိုးပေါ့။ တိုင်းရင်းသားနဲ့ပတ်သက်တာတွေ စိတ်ဝင်စားတယ်။ ရိုက်မယ်ဆိုရင် အဲဒီလို အချစ်မျိုးလေးတွေ ရိုက်ချင်တယ်။

**ဒါဆို အသက်အရွယ်အရ အနုပညာအပြင် စီးပွားရေးလုပ်ဖို့ရော စဉ်းစားပြီလား။**

ဟုတ်တယ်၊ စဉ်းစားပြီ။ စ,လည်း လုပ်ကြည့်နေပါပြီ။ Hearbal Healthy Product ပေါ့။ စ,လုပ်ကြည့်နေပြီ။ ကိုယ်ဝါသနာပါတဲ့ အကြိုက်နဲ့လည်းကိုက်သွားလို့ လုပ်ဖြစ်တာပေါ့နော်။ ကိုယ်ဝါသနာပါတဲ့ အကြိုက် ဆိုတာက နဂိုကတည်းက စိတ်ကူးရှိတယ်။ စီးပွားရေးလုပ်ရင် ကိုယ့်အတွက်လည်း အကျိုးရှိသလို ကိုယ့်ဝန်းကျင်အတွက်လည်း အကျိုးရှိရမယ်။ ပြီးတော့ ကိုယ့်နိုင်ငံအတွက်လည်းအကျိုးရှိရမယ်။ ဒီ Product ကျတော့ ကိုယ့်အကြိုက်နဲ့လည်း ကိုက်သွားတယ်။ သူ့မှာ ပါဝင်တဲ့ကုန်ကြမ်းတွေက တကယ့်သဘာဝပစ္စည်းတွေ။ မြန်မာနိုင်ငံက ကုန်ကြမ်းတွေ ချည်းပဲ။ တကယ့်ကို ပေါပေါပဲပဲ ရတဲ့ကုန်ကြမ်းတွေ။ ဒီကုန်ကြမ်းတွေက အညာဒေသက။ ဒီတော့ အညာဒေသက လူတွေအတွက်လည်း ဈေးကွက်တစ်ခုဖြစ်လာမယ်။ ကိုယ့်နိုင်ငံသားတွေအနေနဲ့လည်း ကိုယ့်နိုင်ငံက ထွက်တဲ့ပစ္စည်းကို Made in Myanmar ဆိုပြီး ဂုဏ်ယူစွာနဲ့ သုံးတတ်စေချင်တယ်။ ဒီစိတ်တွေနဲ့ပဲ ဒီ Product ကို ဝင်ပါဖြစ်တယ်ပေါ့။ လက်ရှိလုပ်နေတဲ့ ငြိမ်းငြိမ်းအိ ဆိုသူနဲ့ လက်တွဲဖြစ်တာပေါ့။ သူက ဒီပစ္စည်းတွေထုတ်တဲ့သူပါ။

ကြည်ဖြူသျှင်က **ဒီနေ့** လို့ နာမည်ပေးထားတဲ့ Harbel Healthy Product ကို စတင်လုပ်ကိုင်နေပါပြီ။ ကိုယ်တိုင်ထုတ်လုပ်သူ ပိုင်ရှင်လည်းဖြစ်၊ ဒါရိုက်တာလည်းဖြစ်နေတဲ့ ကြည်ဖြူသျှင်က မိမိ Product အတွက် ကြော်ငြာရိုက်ကူးဖို့လည်း စဉ်းစားနေပါပြီ။ '**ဒီနေ့** Product ကို အနုပညာရှင်တွေနဲ့ ကြော်ငြာတာထက်လေ တကယ်သုံးစွဲတဲ့ Customer တွေနဲ့ ရိုက်ကူးချင်တယ်။ ရိုက်တဲ့အခါမှာလည်း Step နှစ်ခု သွားမယ်' လို့ ပြောပြခဲ့ပါတယ်။

■ မနှင်းသူ



www.burmeseclassic.com

www.burmeseclassic.com

# ကြုံရာဆုံရာ တစ်မိနစ်တာ

# One Minute Interview

လင်းလင်းက ဂီတအနုပညာနဲ့ ပတ်သက်ပြီး လုပ်ဆောင်ရာမှာ အရေးကြီးတဲ့ Copyright ကို ဂီတအသိုင်းအဝိုင်းရော၊ စိတ်ပါဝင်စားသူတွေရောပါ လေ့လာနိုင်ဖို့အတွက် ပထမဆုံး Copyright ဆိုင်ရာ ဟောပြောပွဲကို ဇူလိုင်လက စတင်လုပ်ဆောင်ခဲ့ပါတယ်။ ဒီလို ပွဲလေးတွေ မကြာခဏလုပ်ဖို့ စိတ်ကူးရှိနေတဲ့ လင်းလင်းက "အခုကတော့ Authorize နဲ့ ပတ်သက်တဲ့ဟာတွေ၊ မူပိုင်ခွင့်နဲ့ ပတ်သက်တဲ့ဟာတွေပေါ့။ ဒါတွေ ဝုန်းဒိုင်းလုပ်တဲ့အခါကျတော့ ရှင်းလင်းပြတ်သားဖို့ကျတော့ မလွယ်ဘူးလေ။ အဲဒီတော့ တဖြည်းဖြည်းချင်း၊ တစ်ဆင့်ချင်း နားလည်အောင် လုပ်သွားတဲ့ သဘောရည်ရွယ်ချက်ပါပဲ" လို့ ဆိုတယ်။ လင်းလင်းရဲ့ Copyright အတွက် စဉ်းစား၊ စီစဉ်နေမှုတွေအကြောင်း ပြောဖြစ်ခဲ့ပါတယ်။

**Copyright နဲ့ပတ်သက်လို့ လင်းလင်းတို့ ဂီတသမားတွေ ဘယ်လိုလုပ်ကြမလဲ။ Copyright နဲ့ပတ်သက်လို့ ဘယ်တော့လောက် တောင်းဆိုဖို့ စဉ်းစားထားလဲ။**

အဲဒီဟာကိုတော့ ကျွန်တော် ပွင့်ပွင့်လင်းလင်း ဖြေချင်တယ်။ ဒီ Copyright တွေ မူပိုင်ခွင့်တွေ လုပ်မယ်ဆိုကြတဲ့အခါ အဲဒါတွေကို လုပ်မယ့်သူတွေကလည်း Copyright တွေ မူပိုင်ခွင့်တွေအကြောင်း သဘောပေါက် နားလည်နေဖို့ လိုပါတယ်။ အဲဒါတွေကို ကျွန်တော်တို့ကလည်း ဖြည့်တင်းပေးရမယ်။ အဲဒီလို ဖြည့်တင်းပြီးမှ တစ်ဆင့်ချင်း သွားရမယ်ပေါ့။

**ရှေ့ပိုင်းမှာလည်း Copyright နဲ့ပတ်သက်လို့ အနုပညာရှင်တွေ ကြိုးစားခဲ့ကြတာပါပဲ။ ဒါပေမဲ့ အားနည်းနေသေးတော့ အနုပညာရှင်တွေအတွက် သိပ်အဆင်မပြေသေးဘူးပေါ့။**

ဒါကကျတော့ အားလုံး ပူးပေါင်းပါဝင်မှ ရမှာပေါ့လေ။ အဲဒီလို ပူးပေါင်းပါဝင်ရမယ့်ကိစ္စမှာ ကိုယ်နိုင်သလောက် တစ်ပိုင်တစ်နိုင် တတ်နိုင်တဲ့နေရာကနေ စပြီး ပါဝင်ဖို့လိုပြီး တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်ခုချင်းတစ်ခု ကိုယ်လည်းမသိတာတွေ ဖြည့်သွားရမှာပါ။ အဲဒီလို သွားတဲ့နေရာမှာလည်း တချို့နေရာလေးတွေမှာ အတွေ့လေးတွေ ဖယ်ပြီး ဖြည့်မှရမှာ။ ဘာဖြစ်လို့လဲဆိုတော့ Creation ဖန်တီးမှုတွေနဲ့ ပတ်သက်ရင် ထိလွယ်ရှလွယ်တယ်။ တစ်ဦးနဲ့တစ်ဦးကြားမှာ Negative တွေ ဖြစ်ဖြစ်သွားတတ်တယ်။ အဲဒါတွေ ကိုယ်က မတွေ့ရဘူး။ အဲဒါကြောင့် တစ်ပိုင်တစ်နိုင် ကိုယ်လည်း စ၊လုပ်လို့ရတဲ့ နေရာက စ၊လုပ်မယ်။ ဘယ်သူတွေ ဘယ်လိုပုံစံနဲ့ ပါဝင်စီးဆင်းလုပ်ဆောင်ကြမလဲပေါ့။ အဲဒီလို ပူးပေါင်းစီးဆင်းရင်းနဲ့ လုပ်သင့်လုပ်ထိုက်တာကို ဖော်ဆောင်ပေါ့။ အဲဒီလို ဖော်ဆောင်တယ်ဆိုတဲ့ နေရာမှာလည်း ဖော်ဆောင်တဲ့သူတွေ ကိုယ်တိုင်က ဘာမှသိပ်မသိ သိပ်နားမလည်ဘဲ ဖော်ဆောင်နေလည်း အလကားပဲပေါ့။ အဲတော့ ဖော်ဆောင်တဲ့ သူတွေကိုယ်တိုင် အကျွမ်းတဝင် သိဖို့တော့လိုမယ်။ သိအောင်လည်း လုပ်ရမယ်။ လုပ်ရင်းနဲ့ သိပ်ပြီး နားမလည်သေးတဲ့သူတွေနဲ့လည်း ဆွေးနွေးနိုင်ရမယ်။ ဆွေးနွေးတဲ့အခါမှာလည်း ထိရှလွယ်တဲ့ ကိစ္စတွေဆိုတော့ သတိထားပြီး ဖော်ဆောင်ရင်းနဲ့ ချီတက်ရမှာ ဖြစ်ပါတယ်။

**အခု စတင်ဖော်ဆောင်ပြီလား။ လင်းလင်းကရော ဘယ်ကဏ္ဍက ပါဝင်ချင်လဲ။**

ကျွန်တော်ကတော့ ဘယ်လိုနေရာက ပါဝင်မလဲ ဆိုတာထက် ဖြစ်သင့်ဖြစ်ထိုက်တာတစ်ခုကို ဖော်ဆောင်တဲ့နေရာမှာ ဘယ်လိုနေရာကပဲ ပါရပါရ ဆိုတဲ့ သဘောတရားက ပိုပြီး အဓိပ္ပာယ်ရှိမယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအရာတွေ ဖော်ဆောင်တဲ့နေရာမှာ ဘယ်နေရာက ပါမှ ပါဝင်ချင်တာမျိုးမဟုတ်ဘဲ ဘယ်လိုပဲ ပါရပါရ၊ ဘယ်လိုပဲ ကူရကူရ ဆိုတဲ့သဘောမျိုးနဲ့ စုစည်းမှုဖြစ်မှာပေါ့။

**Copyright ဆိုတာ မြန်မာနိုင်ငံမှာ တကယ်ဖြစ်ခဲ့ရင် အနုပညာသမားတွေအတွက် ဘယ်လိုအားသာမှုတွေရမလဲ။**

အဲဒါကျတော့ ဘယ်လိုပြောမလဲ၊ ကျယ်သွားပြီ။ တော်တော်များများပြောမှ ရမယ်။ ဒီလိုကိစ္စကြီး ဖော်ဆောင်တဲ့နေရာမှာ ဖော်ဆောင်ကြတဲ့သူတွေအတွက် နည်းမှန်လမ်းမှန်နဲ့ ဖြစ်သင့်ဖြစ်ထိုက်တာတွေဖြစ်အောင် လုပ်ဆောင်တာထက် ကိုယ်ရယူလိုမှုအတွက် လုပ်ဆောင်တာနဲ့ လမ်းမတူဘူး။ တခြားစီဖြစ်တယ်။ အရမ်းလည်းဝေးတယ်။ ကျွန်တော်ကတော့ ဖြစ်သင့်ဖြစ်ထိုက်တဲ့၊ ပေါ်ပေါက်သင့် ပေါ်ပေါက်ထိုက်တဲ့ အရာတစ်ခုကို ဖော်ဆောင်တဲ့ဘက်ကိုပဲ သွားချင်တယ်။ ဖော်ဆောင်ပြီးတဲ့အခါကျမှ ဘယ်အရာတွေကတော့ လိုက်လျောညီထွေဖြစ်တယ်။ ဘယ်အရာတွေကတော့ ဆုံးရှုံးမှုတွေ ဖြစ်နေတယ်ဆိုတာကတော့ နောက်တစ်ပိုင်းပေါ့။ အဲဒါတွေကျတော့ တစ်ဦးစီကလည်း တူကြမှာတော့ မဟုတ်ဘူး။ ဘာဖြစ်လို့ မတူဘူးပြောရတာလဲဆို ဒီအနုပညာဆိုတဲ့ခေါင်းစဉ်အောက်မှာ Creation မရှိဘဲ ဘာမှ လုပ်လို့ မရဘူး။ တစ်ခါတလေ ကိုယ့်ရဲ့ပါဝင်မှုက ၁ ရာခိုင်နှုန်း၊ ၂ ရာခိုင်နှုန်း



www.burmeseclassic.com

www.burmeseclassic.com



# မူပိုင်ခွင့်အတွက် ဘယ်နေရာကဖြစ်ဖြစ် ပါဝင်ဖော်ဆောင်မယ့် လင်းလင်း

ဓနိုးသူ

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




လောက်ပဲပါပြီး ၁၀၀ ရာခိုင်နှုန်းလောက် လိုချင်လို့တော့ မရဘူးပေါ့။ သင့်တင့်လျောက်ပတ်တဲ့ နည်းဥပဒေနဲ့ သင့်တင့်လျောက်ပတ်တဲ့ ချမှတ်ထားမှုတွေက သူ့ဟာသူ ရှိပြီးသား။ အဲဒီနေရာမှာ အကျယ်အကျယ် ရှင်းပြရရင်တော့ အများကြီးဖြစ်သွားလိမ့်မယ်။ အဲတော့ အသေးစိတ်ပဲ ပြောပြချင်တယ်။ ချုံ့ပြောချင်တယ်။ ဖော်ဆောင်သင့် ဖော်ဆောင်အပ်တဲ့ နည်းမှန်လမ်းမှန်တွေကို ဖော်ဆောင်ဖို့က အဓိကပေါ့။ ဖော်ဆောင်ပြီးမှ ဘာတွေက ရပိုင်ခွင့်တွေ၊ ဘာတွေက ဆုံးရှုံးမှုတွေ ဖြစ်လာမယ်ဆိုတာကတော့ နောက်ကိစ္စပေါ့။

**ဒီကိစ္စက ပရိသတ်သိဖို့လည်း လိုတယ်လေ။ အသိပညာ ဖြန့်ဝေပွဲတွေ ဆက်လုပ်သွားဖို့ရော ရှိလား။**

ရှိတယ်၊ စီစဉ်နေတာကြာပြီ။ စ,မလုပ်ဖြစ်သေးတာပေါ့။ တောက်လျှောက် လုပ်သွားဖို့တော့ အစီအစဉ်တွေ ရှိပါတယ်။ တောက်လျှောက် လုပ်မှလည်း ကိုယ်မသိသေးတာတွေကို သိလာရမယ်။ သိချင်တဲ့ သူတွေကလည်း သိဖို့အတွက် ကြိုးစားလာကြမယ်။ မသိသေးတဲ့သူတွေကလည်း ဒါတွေ သူတို့ သိသင့်တယ်ဆိုပြီးတော့ ပါဝင်လာကြမယ်။ အဲဒီတော့ ကျွန်တော်တို့က ဒါကို တောက်လျှောက်လုပ်သွားမှာပါ။

**ကိုယ့်အနုပညာပိုင်းနဲ့ဆိုရင်ရော ဒီနှစ်ထဲ ပရိသတ်ဆီ ရောက်လာမယ့် အနုပညာတွေအကြောင်း…။**

ဒီနှစ်ထဲ ပရိသတ်ဆီ အနီးစပ်ဆုံး ရောက်လာမယ့်အခွေကတော့ ကျွန်တော့်မိန်းမ ထရီဇာရဲ့ Owntune Album ရှိမယ်။ အဲဒါက ပြီးပြီပေါ့နော်။ Mixing ပိုင်းပဲ ရှိတော့တယ်။ နောက်ပြီး ကျွန်တော် ထုတ်ပေးနေတဲ့ အခွေလေးတွေ ရှိတယ်။ တေးရေးနေဝါပေါ့။ သူ့ရဲ့တစ်ကိုယ်တော် အယ်လ်ဘမ်ရှိမယ်။ နောက်ပြီးတော့ မန္တလေးက အဖွဲ့ဝင်တွေပေါ့။ သူတို့ရဲ့အခွေတွေ လုပ်နေတယ်။ အဲဒါတွေလည်း လာဖို့ရှိပါတယ်။ အချောတော့ သတ်နေပြီပေါ့။ နောက်ပြီး ကျွန်တော့်ရဲ့ တစ်ကိုယ်တော်အယ်လ်ဘမ်ကလည်း ပြီးလုပြီးခင်ပေါ့။ ဒီနှစ်ထဲ လာပါမယ်။

**ညီမလေးက အခုရက်ပိုင်း ကျန်းမာရေးလည်း မကောင်းနေတာရယ်၊ ကလေးတွေရယ်၊ အခွေနဲ့ဆိုတော့ လင်းလင်း ပင်ပန်းနေပြီပေါ့။**

အဲဒါက ထရီဇာ့အမေက ပိုပင်ပန်းနေတာ။ အခွေကိစ္စကတော့ ကိုယ်ကလည်း ဒါပဲလုပ်တတ်တာကိုးနော်။ ဒါကို ဘာလို့ အပင်ပန်းမခံနိုင်ရမှာလဲနော်။

**အခု လက်ရှိက ဂီတနဲ့ပတ်သက်လို့ ကိုယ့်စိတ်ထဲရှိတာတွေပဲ လုပ်ဖြစ်နေတာလား။**

Muiscနဲ့ ပတ်သက်တာကိုတော့ ကိုယ်က ကိုယ်ကြိုက်တဲ့ ပုံစံကိုပဲ စီးမျောပြီး လုပ်ဆောင်နေတာဆိုတော့ အများကြီးတော့ ပြောစရာမရှိပါဘူး။ သူများတွေကို လုပ်ပေးတဲ့ အခွေတွေရော၊ ကိုယ်ရဲ့အခွေတွေရော ကိုယ့်ယုံကြည်မှုနဲ့ ကိုယ်ရဲ့ပုံစံနဲ့ပဲ သွားနေတာဆိုတော့ ပရိသတ်တွေကိုပဲစောင့်ပေးပါပေါ့နော်။

**The Voice Myanmar ပြိုင်ပွဲမှာ လင်းလင်းအဖွဲ့ကနေ Winner ဖြစ်သွားတဲ့ ကိုငွေစိုးအတွက်ရော အခွေမှာ ဝိုင်းလုပ်ပေးဖြစ်ဦးမလား။**

အဲဒါကတော့ The Voice က ဦးဆောင်သူတွေနဲ့ ကိုငွေစိုးတို့နဲ့ကြားက နားလည်မှုပေါ်မှာပဲ မူတည်တယ်။ ကိုငွေစိုးအတွက် သီချင်းလေးရေးပေးဖို့ လိုအပ်တယ်လို့ဆိုရင်လည်း ရေးပေးလိုက်မယ်။ ဘာတွေ လိုအပ်တယ်၊ ဘာလေးကူညီပါဆိုရင်လည်း ကူညီပေးလိုက်မယ်။ ဘာတွေလုပ်ပေးရမယ်၊ ဘာတွေလုပ်ဖို့လိုမယ်၊ ဘာတွေလုပ်မှ ဖြစ်မယ်ဆိုတာတွေတော့ မရှိပါဘူး။ သီချင်းနဲ့ ပတ်သက်ပြီးတော့ ကူလည်းကူညီတော့ပေးနေရတာပေါ့။■ **မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com

# ကြံ့ရာဆုံရာ တစ်မိနစ်တာ

# One Minute Interview

ဟဲလေးက သီချင်း အေးအေးချိုချိုများနဲ့သာမက ပျော်စရာသီချင်း၊ Comedy ဆန်ဆန် သီချင်းများနဲ့လည်း ဂီတအနုပညာတွေ ဖန်တီးနိုင်သူပါ။ ၂၀၀၀ ပြည့်နှစ်ကတည်းက သီချင်းတွေနဲ့ ဂီတခရီး စတင်ခဲ့တဲ့ ဟဲလေးက ဒီနှစ် စက်တင်ဘာလမှာ သူ့ရဲ့ *အကောင်းဆုံး တေးများ* တစ်ကိုယ်တော် တေးစီးရီး ထွက်ဖို့ စီစဉ်နေတဲ့အပြင် လာမယ့် ၂၀၁၉ ခုနှစ်၊ နှစ်ဆန်းပိုင်းမှာလည်း သူ့ဘဝရဲ့ ပထမဆုံး တစ်ကိုယ်တော်ဖျော်ဖြေပွဲ One Man Show ကိုလည်း တင်ဆက်ဖို့ ကြိုးစားနေပါတယ်။ သူ့ရဲ့ဂီတသက်တမ်း ၁၈ နှစ်ပြည့် အမှတ်တရလည်း ဖြစ်ပါတယ်။ ဂီတသက် ၁၈ နှစ် အတွက် ဟဲလေးရဲ့ အနုပညာတွေကို နားထောင်ကြည့်တဲ့အခါ …။

**တစ်ကိုယ်တော်တေးစီးရီးအတွက်ဆိုရင်တောင် အစွမ်းကုန်ကြိုးစားကြရပြီး အခက်အခဲတွေများတာ အခု One Man Show အတွက် ရော ဘယ်လို အကြီးစား ပြင်ဆင်မှုတွေ လုပ်နေပြီလဲ။**

အများကြီးပေါ့၊ အခုကတည်းက ကျွန်တော် ချနေပြီ။ တစ်ကိုယ်တော်ဆိုတော့ ဝုန်းဒိုင်းဆိုပြီး မလုပ်ချင်လို့ ခြောက်လလောက် အချိန်ယူ လုပ်နေတယ်။

**ဒါဆို *အကောင်းဆုံး သီချင်းများ* ဆိုတဲ့ တစ်ကိုယ်တော် တေးစီးရီးက စက်တင်ဘာလထဲ ထွက်မယ်ဆိုတော့ ဒီ One Man Show ကို တမင်ရည်ရွယ်လိုက်တာလား။**

အဲဒီလို သွားကိုက်ညီနေတာပေါ့နော်။ တကယ်က အဲဒီလို မရည်ရွယ်ထားဘူး။ ဒါပေမဲ့ အဲဒီလို သွားတိုက်နေတာပေါ့နော်။ ကိုယ့်သီချင်းတွေ ပြန်နွေးထားသလို ဖြစ်တာပေါ့။

**One Man Show အတွက် ရင်ခုန်သံတွေက …။**

ရင်ခုန်နေပါတယ်။ ဒါက ကျွန်တော်တို့ ဂီတသမားတွေရဲ့မှတ်တိုင်ပဲလေနော်။ တစ်ခါမှလည်း မလုပ်ဖူးသေးဘူး။ သူငယ်ချင်းတွေ လုပ်တဲ့ပွဲတွေမှာပဲ ကိုယ်က လိုက်ဆိုပေးနေကျလေ။ ခုတော့ ကိုယ့်အလှည့်ရောက်ပြီပေါ့။ သူငယ်ချင်းတွေ အများကြီးလည်း ပါဝင်ကူညီကြမှာပါ။

**ပရိသတ်နဲ့ အားစမ်းမယ့်ပွဲလို့လည်း ပြောလို့ရတယ်နော်။**

အင်းပေါ့၊ ဒါပေမဲ့ ကျွန်တော်ကတော့ သူငယ်ချင်းတွေ အားလုံးစုပြီးတော့ ပျော်ပျော်ပါးပါးနဲ့ Gethering လုပ်ကြမယ့် သဘောပါပဲ။ ကျွန်တော့်ရဲ့ ၁၈ နှစ်တာ ဖြတ်သန်းခဲ့တဲ့ သူငယ်ချင်းတွေရော၊ ပရိသတ်တွေရောပေါ့နော်။

**ဂီတသက် ၁၈ နှစ် အတွက်၊ ကိုယ့်အတွက်၊ ဒီပွဲအတွက် ဘယ်လောက် ယုံကြည်မှု ရှိနေပြီလဲ။**

ဒီပွဲက စီးပွားရေးအတွက် လုပ်တာ မဟုတ်ဘူး။ အဓိက ပျော်ချင်တယ်။ ကြည့်တဲ့သူလည်း ပျော်စေချင်တယ်။ ဒီပွဲမှာ ကျွန်တော့်ရဲ့အနုပညာအားလုံးကို တန်းစီပြီး သီချင်းတွေ အများကြီး ဆိုပြချင်တယ်။ ဒါမျိုးတစ်ခါမှလည်း မလုပ်ဖူးသေးဘူး။ အဲဒီအတွက်ကြောင့် အဲဒီပွဲနေ့မှာ ဖြစ်လာမယ့် ခံစားမှုကို အရမ်းကြီး မျှော်လင့်မထားဘူး။ ကိုယ့်ဘက်ကတော့ အကောင်းဆုံး ပြင်ဆင်ထားတယ်။

**၁၈ နှစ်ဆိုတာ လူ့အသက်နဲ့ဆိုရင် အရွယ်ရောက်ပြီ။ ရင့်ကျက်ပြီပေါ့။ ဒီဂီတသက် ၁၈ နှစ်ပွဲလေးက အမှတ်တရ မှတ်တိုင်အပြင် ဘယ်လိုအထိမ်းအမှတ် ဖြစ်နိုင်သေးလဲ။**

ဒီလိုပွဲမျိုးက ကျွန်တော် ခဏခဏလုပ်ချင်မှ လုပ်မှာလေ။ ပြီးတော့ ဒါကလည်း ကျွန်တော့်ဘဝအတွက် ပထမဆုံးဆိုတော့ ကျွန်တော့် အတွက်တော့ အများကြီး အပြောင်းအလဲပေါ့။ မှတ်တိုင် အကြီးကြီးလို့ ပြောလို့ရပါတယ်။

**သီချင်းအသစ်တွေက ရော…။**

အသစ်တွေလည်း လုပ်မှာပါ။ အများကြီးပဲ တန်းစီထားတယ်။

**စကားလုံးတစ်ခုက ပေါက်သွားပြီး မှည့်နဲ့ ဟဲလေးကို တွဲသိထားကြတယ်။ နောက် ဘယ်လို စကားလုံးသစ်၊ သီချင်းသစ်တွေ ထွက်လာဦးမလဲ။**

လူတိုင်း၊ လူတိုင်းမှာ ကိုယ့်ရဲ့အထာဆိုတာ ရှိတာပေါ့နော်။ ကျွန်တော်ကတော့ 'မှည့်' ပေါ့။

ဟဲလေးက သူ့ရဲ့ ပထမဆုံး တစ်ကိုယ်တော် One Man Show မှာ သူ့ရဲ့ Teen အရွယ် ဘဝအစကတည်းကနေ၊ ဆယ်ကျော်သက်အရွယ်ကတည်းကနေ လုပ်ခဲ့တဲ့ သီချင်းတွေကစပြီး ယခုနောက်ဆုံး မှည့် သီချင်းအထိ တစ်သက်လုံး ဖြတ်သန်းခဲ့တဲ့ သီချင်းတွေထဲက ပရိသတ်နဲ့ ရင်ချင်းဆက်မယ့် သီချင်းမျိုးတွေနဲ့ တင်ဆက်မှာဖြစ်ပြီး သူ့ရဲ့ အနုပညာ မောင်နှမများစွာနဲ့ ပျော်ရွှင်ဖွယ် ဖျော်ဖြေပွဲ ဖြစ်အောင် ကြိုးစားမယ်လို့ ဆိုပါတယ်။

■ မန်းသူ



www.burmeseclassic.com

www.burmeseclassic.com



# ပျော်စေချင်တာကလွဲရင် ဘာမျှော်လင့်ချက်မှ မထားတဲ့ ဟဲလေး

မနိုးသူ



www.burmeseclassic.com

www.burmeseclassic.com

# ကြုံရာဆုံရာ တစ်မိနစ်တာ

# One Minute Interview

အရင်က သီချင်းတွေဆို၊ သရုပ်ဆောင်လည်း လုပ်ခဲ့တဲ့ နန်းဆုရတီစိုး TV Program ရိုက်ကူးရေးတွေ လက်ခံရိုက်ကူးလိုက်တာကြောင့် အဲဒီဘက်တွေမှာပဲ အချိန်ပေးနေရပြီး တခြားဘက်တွေမှာ လှုပ်ရှားမှု အားနည်းသွားခဲ့ပါတယ်။ ပညာရေးဘက်ကိုလည်း ဦးစားပေးထားတာကြောင့်လည်း နန်းဆုရတီစိုးက ဂီတအနုပညာနဲ့ ပိုဝေးနေခဲ့တာပေါ့။ အခုတော့ နန်းဆုက 'သီချင်းတွေ ပိုလုပ်ဖြစ်တယ်။ သီချင်းသွင်းတာတို့၊ သီချင်းဖန်တီးတာတို့၊ ရိုက်ကူးရေးတို့ လုပ်ဖြစ်တယ်။ ကြော်ငြာတွေ လက်ခံရိုက်ကူးဖြစ်တယ်။ နယ်ရှိုးတွေဆိုဖြစ်နေတယ်' လို့ ပြောလာပါတယ်။ 'လက်ရှိချစ်သူလေးကလည်း အဆိုတော်ဖြစ်တာကြောင့် ဂီတကို ပိုချစ်နေတာလား' ဆိုတော့ 'မဟုတ်ပါဘူးနော်၊ နန်းဆုက ဟိုးအရင်ကတည်းက သီချင်းတွေ၊ ဂီတတွေ ချစ်တာပါ' လို့ ဆိုတဲ့ နန်းဆုရတီစိုးနဲ့ တွေ့ဖြစ်တဲ့ခဏ…။

**ရှုးအောင်ချစ်ရသူ သီချင်းလေးက အင်တာနက်မှာ ပေါက်သွားတယ်နော်။ အခုဆိုရင် Social Media ကနေ သီချင်းလေးတွေ အခမဲ့ပေးရင်း စီးပွားရေးအရ အဆင်မပြေပေမဲ့ ပရိသတ်နဲ့ ရင်းနှီးမှုပိုစေတယ်။ နန်းဆုသဘောကရော…။**

ဒါလေးက Online ကနေ မွေးနေ့လက်ဆောင်အဖြစ် ပရိသတ်ကို ပေးဖြစ်လိုက်တာပေါ့နော်။ ဘယ် Platform ပဲဖြစ်ဖြစ်၊ နန်းဆုက အကောင်းဆုံးလုပ်တယ်။ သူ့ရဲ့ဈေးကွက်ဆိုတာကို နန်းဆု နားမလည်ဘူးပေါ့နော်။ နန်းဆုကတော့ ကိုယ်လုပ်ချင်တာလေးတွေပေါ့နော်။ ဒီနေ့ ဒါလေးပေးချင်တယ်ဆိုရင် Social Media ကနေ ပေးလိုက်တာပဲ။ ဒီဘက်ခေတ် အခြေအနေအရတို့၊ ဈေးကွက်တို့ ဘာမှမရှိဘူးပေါ့နော်။ ကိုယ့်အနုပညာလှုပ်ရှားမှုလေးတွေ ကိုယ့်ဟာကိုယ်ပဲ ဖန်တီးတယ်။ အခွေထွက်တယ်ဆိုလည်း အကောင်းဆုံးကြိုးစားပြီးတော့ ဖန်တီးတယ်။ အဓိကစေတနာထည့်တယ်။ ဒီသီချင်းလေးကကို G Fatt ရေးပေးတာပါ။

**ဘယ်သီချင်းလေးနဲ့ G Fatt ကို စ,သတိထားမိလဲ။ ဘယ်သီချင်းကို စ,ကြိုက်ခဲ့တာလဲ။**

ဒီနေ့ သီချင်းနဲ့၊ *ပြည်ပသို့ပေးစာ* သီချင်းပေါ့။ ဒီနေ့ သီချင်းကို အရမ်းကြိုက်တာ။ အဲဒီသီချင်းနဲ့ သူ့ကို စ,သိတာပေါ့နော်။

**ကိုယ်ကြိုက်တဲ့သီချင်းရှင်က ကိုယ့်ကို Propose လုပ်တဲ့အချိန်မှာ…။**

ဘယ်လိုပြောရမလဲ…။ Surprise ပေါ့နော်။

**သူ့သီချင်းတွေကို ဘယ်လိုပုံစံ၊ ဘယ်လိုခံစားမှုနဲ့ နားထောင်ဖြစ်လဲ။**

သူ့သီချင်းတွေကိုတော့ အခွေမထွက်ခင်ကတည်းက နန်းဆု နားထောင်ပေးဖြစ်တယ်။ ပရိသတ်တစ်ယောက်အနေနဲ့ နားထောင်ပေးတာ။ ဘယ်နားမှာ ဘယ်လိုဆိုတာကို အကြံလေးတော့ ပေးဖြစ်တယ်။ ဒီနားမှာတော့ ဒါထည့်ရင်ကောင်းမယ်။ Music ကတော့ ဘယ်လို၊ စာသားတွေကတော့ ဘယ်နေရာမှာ အရမ်းထိတယ်။ ဘယ်နားမှာတော့ ဘယ်လိုဆိုပြီး အကြံပေးတာလေးတွေ၊ ကွန်မန့်ပေးတာလေးတွေ လုပ်ဖြစ်တယ်။ ဘယ်သီချင်းက ထည့်သင့်တယ်။ ဘယ်သီချင်းက မထည့်သင့်ဘူး အကြံပေးတာတွေ ရှိပါတယ်။

**ပရိသတ်အနေနဲ့ နားထောင်ရင် ခံစားရတဲ့ပုံစံက…။**

ပရိသတ်အနေနဲ့ နားထောင်ရင် သူ့သီချင်းတွေကို နန်းဆု အရမ်းသဘောကျပါတယ်။ ကြိုက်လည်းကြိုက်ပါတယ်။ သူနဲ့လည်း အရမ်းလိုက်ဖက်တယ်။ သူက ဖန်တီးနိုင်မှု၊ Creation Power အရမ်းကောင်းတဲ့သူပါ။ ဖန်တီးနိုင်မှုစွမ်းအား အရမ်းမြင့်မားတယ်။ ဒါကြောင့် သူ့သီချင်းတော်တော်များများ နန်းဆုသဘောကျပါတယ်။

**ကိုယ့်အတွက် ရေးထားတယ်ဆိုတဲ့ သီချင်းတွေကို နားထောင်ရရင်ရော…။**

ကိုယ့်အတွက် ရေးထားတယ်ဆိုတဲ့ သီချင်းတွေက သူပြောပြတာပေါ့နော်။ ဒီသီချင်းလေးတွေ ရေးထားတဲ့အကြောင်းပေါ့။ အမှတ်တရ ရေးထားတဲ့ အကြောင်းပေါ့။ ကိုယ့်အကြောင်း ရေးထားတယ်ဆိုတော့လည်း ကိုယ်နားထောင်ပြီး ပြုံးနေရတာပေါ့။ ပျော်လည်းပျော်တာပေါ့နော်။ အမှတ်တရလည်း ဖြစ်တာပေါ့။

**သူရေးတဲ့ သီချင်းတွေရော မဆိုချင်ဘူးလား။ တစ်ကိုယ်တော် တေးစီးရီးအနေနဲ့ရော မလုပ်ချင်ဘူးလား။**

သူရေးတဲ့ သီချင်းတွေဆိုချင်တဲ့ Feeling က ရှိပါတယ်။ နန်းဆုနဲ့ လိုက်ဖက်တဲ့ သီချင်းဆိုရင်တော့ ဆိုပါတယ်။ သူက နန်းဆုကို သီချင်းတွေ ရေးပေးထားတာ ရှိပါတယ်။ ဘယ်သီချင်းကို အရင်စ,လုပ်ပြီး၊ ဘယ်သီချင်းကို စ,ဖန်တီးမယ်ဆိုတာသာ မဆုံးဖြတ်ရသေးတာပါ။

**ကိုယ်တိုင်ရော ရေးပေးပါလို့ ပြောတဲ့သီချင်းတွေ ရှိနေပြီလား။**

ရှုးအောင်ချစ်ရသူ သီချင်းဆိုရင်လည်း နန်းဆုရဲ့ စိတ်ခံစားချက်တွေကို သူရေးပေးထားတာပဲ။ နန်းဆုရဲ့ စိတ်ခံစားချက်တွေကို သူမြင်



www.burmeseclassic.com

www.burmeseclassic.com



# အနုပညာရှင်အချင်းချင်း အထူးညှိစရာမလိုအောင် နားလည်တယ်

မနိုးဦး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တာလေးတွေကို ချရေးပေးထားတာပါ။ သူ့ကိုလေ ဘယ်သီချင်းကိုရေးပေးပါ။ ဘယ်စာသားနဲ့ ဘယ်လိုလေး ဆိုပြီးတော့ တစ်ခါမှ နန်းဆု မပြောဖူးဘူး။ ကောင်းလည်း မကောင်းဆိုဖူးဘူး။ သူ့ဟာသူ ရေးထားပြီးတော့ နန်းဆုနဲ့ လိုက်တယ်လို့ပေးတာ ရှိပါတယ်။

**တကယ်လို့ လက်ထပ်ဖြစ်ကြရင် သီချင်းက နန်းဆုကို Surprise လုပ်တဲ့ သီချင်းလို့ သိထားတယ်။**

ဟုတ်တယ်၊ မနှစ်က Anni နေ့မှာ နန်းဆုကို ဖွင့်ပြချင်လို့ ညတွင်းချင်း ရေးတဲ့သီချင်းပေါ့ နန်းဆုကို ဆိုဖို့ပေးသေးတယ်။ ဒါပေမဲ့ သီချင်းက ယောက်ျားလေးနဲ့ ပိုလိုက်နေလို့။ စာသားတွေအရရောပေါ့။ မိန်းကလေး စာသားပြင်ပေးမယ်လို့ ပြောတယ်။ နန်းဆုက မပြင်ခိုင်းတော့ဘူး။ ရတယ်၊ ကိစ္စမရှိဘူး။ ဒီသီချင်းအရကြည့်ရင် သူဆိုရင် ပိုလိုက်တယ်ဆိုပြီး၊ ပိုကောင်းတယ်လို့ ကိုယ့်အမြင်မှာ ရှိတယ်။ သူ့မှာ အချို၊ အချစ်သီချင်းလေးတွေရှားတယ်။ သူ့အတွက် အချစ်သီချင်း ချိုချိုလေးတွေက ရှားတယ်။ ရှိသင့်တယ်။ မိန်းကလေး ပရိသတ်လည်း ပိုစေမယ်လို့ စိတ်ထဲမှာခံစားမိတယ်။ ဒါကြောင့် ဒီသီချင်းကို ဆိုလိုက်၊ အခွေထဲ ထည့်လိုက်လို့ ပြောလိုက်တယ်။

နန်းဆုကိုပေးတုန်းက Rapping တောင် မပါဘူး။ သူ့အခွေထဲ ထည့်ရမယ်ဆိုတော့ သူဆိုဖို့တော့ Rapping လိုတာပေါ့လေ။ အဲဒီတော့ သူ Rapping တစ်ပိုဒ်ထပ်ရေးပြီးတော့ အခွေထဲ ထည့် ဖြစ်သွားတယ်။ တကယ်လည်း ထွက်လာတဲ့ Result က နန်းဆုထင်ထားတာထက် ပိုကောင်းတယ်။ မိန်းကလေး ပရိသတ်တော်တော်များများရော၊ ယောက်ျားလေး ပရိသတ်ကပါ သူ့ကို အားပေးတာမြင်တော့ အရမ်းပီတိဖြစ်ရတာပေါ့။ သီချင်းတွေကတော့ သူရေးပေးထားတာတွေ ရှိပါတယ်။ ဒါပေမဲ့ နန်းဆုနဲ့ လိုက်ဖက်ပြီး နန်းဆု ဆိုလိုက်လို့ ပရိသတ်ကို တစ်ခုခု ခံစားသွားရစေမယ့် သီချင်းမျိုးဆို နန်းဆု ဆိုပါတယ်။



**ဒါဆို ဒီသီချင်းမျိုးလေးက နန်းဆုကို စိတ်ကောက်ပြေစေတဲ့ သီချင်းပေါ့။**

နန်းဆုက စိတ်ကောက်တာလည်း အကြာကြီး မကောက်ပါဘူး။ အလွန်ဆုံးကောက် နာရီပိုင်းပဲ။ အလွန့်အလွန်ဆုံးက တစ်ရက် မကျော်ဘူး။

**နန်းဆုထက် G Fatt က ပိုငယ်တယ်ဆိုတော့ ကိုယ်က လျှော့ပေးရတာများလား။ သူကလား…။**

အဲဒါကလေ၊ ကိုယ်စိတ်ဆိုးရင် သူချော့တယ်။ သူစိတ်ဆိုးရင်လည်း သူချော့တယ်။

**နှစ်ယောက်စလုံးက အနုပညာဖန်တီးသူတွေဆိုတော့ နှစ်ယောက်တွဲ အနုပညာတွေ၊ ဂီတတွေ မြင်တွေ့ရဦးမှာလား။**

နှစ်ယောက်စလုံးက အနုပညာဖန်တီးနေတာဆိုတော့ နှစ်ယောက်တွဲခွေက လုပ်ဖြစ်မှာပါ။ နှစ်ယောက်ပေါင်းလုပ်တဲ့ အနုပညာလေးကို အကောင်းဆုံးဖြစ်ချင်တာပေါ့နော်။ တစ်မူထူးခြားချင်တာပေါ့။ အဲဒါကြောင့်မို့လည်း လောလော၊ လောလောနဲ့ဖြစ်သလို မလုပ်ချင်ဘူး။ အဲဒါကြောင့် သေချာစဉ်းစားပြီး အကောင်းဆုံးလုပ်မယ်။ အခုလည်း သူလည်းမအား၊ ကိုယ်လည်း မအားဖြစ်နေတော့ သေချာမဖန်တီးနိုင်ဘူး ဖြစ်နေတာပေါ့နော်။ ဒါပေမဲ့ လုပ်ဖို့တော့ အစီအစဉ်ရှိပါတယ်။

နန်းဆုရတီစိုးက အနုပညာရှင် အချင်းချင်းကြားက နားလည်မှုနဲ့ပတ်သက်ပြီးလည်း 'နားလည်မှုက ပိုပြီး နားလည်တာပေါ့နော်။ နှစ်ယောက်စလုံး က အနုပညာရှင်ဖြစ်နေတဲ့ အတွက် အထွေအထူးညှိစရာမလိုတော့ဘူး။ နားလည်နေပြီ။ သူ့အလုပ်အပေါ်မှာ နားလည်နေပြီ။ သူ့ရဲ့စိတ်သဘောထား ဘယ်လိုရှိလဲနားလည်တယ်။ ဒီလိုပဲ နားလည်မှု ယူရတာပေါ့။ တစ်ခါတလေကျတော့လည်း သဘောထားကွဲလွဲတာတို့၊ စိတ်ဆိုးတာတို့၊ ရန်ဖြစ်တာတို့ စိတ်ကောက်တာတို့လည်း ရှိတာပေါ့။ နားလည်မှုတွေ ပြန်ယူရတာလည်း ရှိတာပေါ့။ ဒါပေမဲ့ အနုပညာရှင်အချင်းချင်းဖြစ်တဲ့အတွက် ပိုနားလည်တယ်' လို့လည်း ပြောပြခဲ့ပါတယ်။ နန်းဆုရတီစိုးက ဩဂုတ်လပိုင်းထဲမှာ G Fatt နဲ့ တေးရေးဝေကြီးတို့ ရေးပေးထားတဲ့ သီချင်းနှစ်ပုဒ်ကို Online ကနေ ထုတ်လွှင့်ဖို့ စီစဉ်နေတယ်လို့လည်း သိရပါတယ်။ ■

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com

# ကြုံရာဆုံရာ တစ်မိနစ်တာ

# One Minute Interview

လူငယ်တေးရေးဆရာ ဝေကြီးက ပရိသတ်တွေကြား အလွမ်းသီချင်းတွေနဲ့ နာမည်ကြီးလာပါတယ်။ သူရေးတဲ့သီချင်းတွေ သာမက သူ့ကိုပါ ပရိသတ်က သတိထားမိကြတာပါ။ ကာလတိုအတွင်း သီချင်းပုဒ်ရေ ရာချီ ဖန်တီးထားပြီးတဲ့ ဝေကြီးက နောက်ပိုင်း ရေးစပ်ပေးရတဲ့ သီချင်းတွေမှာ ကိုယ်တိုင်ပါဝင်သီဆိုပေးရတာတွေလည်း ရှိလာပါတယ်။ မကြာခင်ကမှ ရုံတင်သွားတဲ့ **တိမ်တိုက်တံတား** ရုပ်ရှင်ကားကြီးရဲ့ ဇာတ်ဝင်တေးကိုလည်း ရေးစပ်ပေးခဲ့တဲ့ ဝေကြီးနဲ့ တွေ့ဆုံ ဖြစ်ခဲ့ပါတယ်။

**Online မှာ ဝေကြီး ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဆို သီချင်းလေးကို ပရိသတ်က သတိထားမိတယ်နော်။ နောက်ပိုင်း သီချင်းတွေ ဆိုဖြစ်ပြီလား။**

သီချင်းဆိုဖြစ်တယ်ဆိုတာကတော့ ပရော်ဖက်ရှင်နယ်ကြီးတော့ မဟုတ်ဘူးပေါ့နော်။ ပရိသတ်အတွက် မိုးသီချင်းလေးပေါ့၊ တိမ်ငိုသောနေ့ ဆိုတဲ့ သီချင်းလေးကို လက်ဆောင်အနေနဲ့ ဒီမိုးရာသီ စစချင်းလေးမှာ နားထောင်ဖို့ပေါ့။ သိပ်အများကြီးတော့လည်း မျှော်လင့်မထားပါဘူး။ အကောင်းဆုံး ဖန်တီးပြီး ချပြတဲ့သဘောလေးပါ။ အဓိကကတော့ ရေးတဲ့အလုပ်ပါ။ ရေးတဲ့အလုပ်ကတော့ ဆက်တိုက် လုပ်ဖြစ်နေပါတယ်။

**အချို့က ရေးရင်းနဲ့ အဆိုတော်ဖြစ်သွားတာ ရှိတယ်။ အချို့ကတော့ အဆိုတော်ဖြစ်ချင်လို့ ရေးရင်းနဲ့ တေးရေးဖြစ်သွားတာမျိုးမှာ ဝေကြီး အရင်က စိတ်ကူးကရော…။**

အဲဒါမျိုးဆိုရင်တော့ မဟုတ်ဘူးလို့ပဲ ပြောရမှာပေါ့။ ကျွန်တော့် ပထမရည်မှန်းချက်ကိုက အဆိုတော် ဖြစ်ရမယ်လို့လည်း မဟုတ်ဘူး။ တေးရေးဖြစ်ရမယ်လို့လည်း မဟုတ်ဘူး။ ဒီ music နဲ့ပတ်သက်ပြီးတော့ အကုန်လုံးကို ဝါသနာပါတယ်။ ဂစ်တာတီးရတာလည်းကြိုက်တယ်။ စက်ချိန်ရတာလည်း ဝါသနာပါတယ်။ ဘာပဲလုပ်ရလုပ်ရ ကျေနပ်တယ်။ အဲဒီကမှ သီချင်းရေးဖြစ်တဲ့အချိန်ကျတော့ အဆိုတော်တွေက သူတို့အတွက် အဆင်ပြေတယ်ဆိုလို့ ဆက်တိုက်ရေး ဖြစ်သွားတာဆိုတော့ ဒါ ကိုယ်နဲ့ အကိုက်ညီဆုံးအလုပ် ဖြစ်သွားတာပေါ့။

**ဝေကြီးရေးတဲ့ သီချင်းတွေထဲက ပရိသတ် သိသွားတဲ့၊ ကြိုက်သွားတဲ့ သီချင်းလေး ပြောပြပါလား။**

ပထမဆုံးဆိုရင်တော့ ဖြိုးပြည့်စုံကို ရေးပေးခဲ့တဲ့ အသည်းကွဲဇည့်သည် ဆိုတဲ့ သီချင်းပေါ့။ အဲဒီသီချင်းက အခွေမထွက်ခင် ဂစ်တာလေးနဲ့ပဲတီးပြီး Online မှာ တင်တော့ အနုပညာရှင်တော်တော်များများက Welcome လုပ်ကြတယ်။ ကြိုက်ကြတယ်။ အဲဒီသီချင်းလေးကတော့ အမှတ်တရပေါ့။

**ဝေကြီးအတွက် ကုန်ကြမ်းတွေက ဘာတွေ လိုအပ်လဲ။**

ကုန်ကြမ်းဆိုတာကတော့ ကျွန်တော့်ရဲ့ခံစားချက်ပေါ့။ ဘဝမှာ ဖြတ်သန်းလာခဲ့တာတွေက အကောင်းလည်း ရှိမယ်။ အဆိုးတွေလည်း ရှိမယ်။ ရင်ထဲ တစ်မျိုးဖြစ်နေမယ်။ ဥပမာပေါ့- အသည်းကွဲသီချင်း ရေးမယ်ဆိုရင်လည်း ငါသာဆို အဲဒီနေရာမှာ ဘယ်လိုခံစားမလဲ ဆိုပြီးတော့ ထွက်ကျလာတဲ့ စကားလုံးတွေကို ထည့်ရေး ဖြစ်တယ်။

**ဒီခေတ်လူငယ်တွေနဲ့ အဆိုတော်တွေနဲ့ ကိုက်ညီဖို့ ကြိုးစားရာမှာ အခုခေတ်က ပိုခက်လား၊ လွယ်လား။**

ဒီခေတ်အတွက်ဆိုတော့ ပြောရရင် ပထမခေတ်မှာတော့ ကျွန်တော်လည်း မရှိခဲ့ဘူးဆိုတော့ ကျွန်တော့်အမြင်ကတော့ ကျွန်တော့်အိမ်ကို သီချင်းရေးပေးဖို့လာတဲ့ အဆိုတော်တွေ၊ ကျွန်တော့်ညီအစ်ကို တေးရေးသမားတွေ၊ အတီးသမားတွေ အကုန်လုံးက ကြိုးစားနေကြရတာပဲ။ အဲဒီတော့ ကိုယ်လည်း ကြိုးစားနေရတာပဲပေါ့။ အသစ်အသစ်တွေကလည်း အများကြီးပဲ။ အသစ်တွေဆိုတာက လည်း အမြဲတမ်းရှိနေတာဆိုတော့ ရှိပြီးသားလူတွေကလည်း ပြုတ်မကျန်အောင် ကြိုးစားသွားနေရတဲ့ လမ်းကြောင်းပေါ့။

**ဝေကြီးက ဘယ်လို သီချင်းတွေနဲ့ ကြီးပြင်းခဲ့သူလဲ။**

ကျွန်တော်ကတော့ Unplugged တီးခဲ့တဲ့သူ ဆိုတော့ သီချင်းတော်တော် များများ တီးခဲ့တယ်။ အဲဒီတော့ ကျွန်တော် သီချင်းတွေကို ချစ်တယ်။ အရင်ခေတ်က ကိုလွှမ်းမိုးတို့၊ ကိုလွှမ်းမိုး သီချင်း ရေးပေးတဲ့ ဆူးတို့၊ ဆရာ စိုင်းခမ်းလိတ်တို့ကို အရမ်းသဘောကျတယ်။ နောက် ကိုအယ်လ်ဖြူတို့ကိုလည်း သဘောကျတယ်။ အကုန်လုံးကို သဘောကျခဲ့တယ်။ အဲဒီသီချင်းတွေ နားထောင်ရင်းနဲ့ အကုန်လုံးရဲ့ ပညာနည်းနည်းလေးတွေက ပညာယူတာမဟုတ်ပေမဲ့ နားထောင်လိုက်တိုင်း ကျွန်တော့်ရင်ထဲမှာ သိမ်းထားမိသလို ဖြစ်နေတာပေါ့။

**တေးရေးသမားအတွက် Mood ဝင်တဲ့သီချင်းမျိုး ဖြစ်ဖို့ကရော…။**

အဲဒါလည်း အရေးကြီးတယ်။ တချို့သီချင်းတွေဆိုရင် နာရီဝက်၊ တစ်နာရီလောက်နဲ့ ပြီးသွားတဲ့သီချင်းတွေရှိတယ်။ လမိုင်းကပ်တာပေါ့နော်။ အဓိကကတော့ စိတ်ကြည်နေရမယ်။ ကျန်းမာရေးကောင်းနေရမယ်။ ကျန်းမာရေး မကောင်းရင်လည်း ရေးလို့ မရဘူး။ အဲဒီအချိန်မှာ Mood က ကောင်းနေမယ်။



www.burmeseclassic.com

www.burmeseclassic.com

လမိုင်းကပ်နေမှာပေါ့။ ဒါပေမဲ့ ဘယ်နေ့နာရီ၊ ဘယ်အချိန်မှာ လမိုင်းကပ်နေမလဲဆိုတာတော့ ကျွန်တော်လည်း မသိဘူး။ ပြောလို့လည်း မရဘူး။ ဒါကတော့ ဘုရားပေးတဲ့ အချိန်ပေါ့။

**ဝေကြီးဆီလာရင် အသည်းကွဲသီချင်းတွေ များလား။ အဲဒီသီချင်းမျိုးတွေပဲ တွေ့ရတာ များလို့လေ။**

ဟုတ်တယ်။ အကွဲတွေချည်းပဲ။ အသည်းကွဲတဲ့သူတွေချည်းပဲ။ နည်းနည်းနောနော မဟုတ်ဘူး။

**ကိုယ်တိုင်က အသည်းကွဲသူလား။ အဲဒီ Mood တွေ ပိုင်လို့လေ။**

ကျွန်တော်က မကွဲဘူးဗျ။ ဒါပေမဲ့ ရေးတာမှာ အဲဒီလိုတွေ သွား ၊သွားထိနေတော့ ကိုယ်ကွဲတဲ့အတိုင်းပဲ။

**ရုပ်ရှင်ဇာတ်ဝင်တေးတွေရော ရေးဖြစ်နေတယ်နော်။ ဇာတ်ဝင်တေးဆိုတာကလည်း ခေတ်တိုင်းမှာ နာမည်ကြီးတဲ့အထဲ ပါတယ်လေ။ ဝေကြီးရော ဇာတ်ဝင်တေး ရေးရတာ ကြိုက်လား။**

ရေးဖြစ်ပါတယ်။ အခုလောလောဆယ်တော့ **တိမ်တိုက်တံတား** ရုပ်ရှင်ထဲက Theme Song လေးပေါ့။ ဒါကတော့ ရေးထားတာကြာပြီ။ ဒီရုပ်ရှင်အတွက် သတ်သတ်အပ်တာကို ရေးပေးရတာပါ။ ဒါပေမဲ့ တချို့ဇာတ်ဝင်တေးတွေကတော့ ကျွန်တော် ထွက်ပြီးသားထဲကပဲ သူတို့ယူသုံးတာပါ။ အခုရိုက်နေတဲ့ **ဒဏ္ဍာရီမိုး** ရုပ်ရှင်၊ အဲဒီထဲမှာလည်း ပါဦးမယ်။ အဲဒီအတွက် ရေးနေပါတယ်။



# အသည်းမကွဲဖူးပေမဲ့ အသည်းကွဲ Mood တွေ ပိုင်တဲ့ ဝေကြီး

**မန်းသူ**

မနေ့ညက ရေးနေပါတယ်။ ကျွန်တော်ရေးနိုင်တဲ့ အနေအထားဖြစ်လို့လည်း ရေးပေးတာပေါ့နော်။ ရုပ်ရှင်သီချင်းတွေက ခေတ်အဆက်ဆက် နာမည်ကြီးလာတယ်ဆိုတာကလည်း အရမ်းကိုကောင်းလို့။ ရုပ်ရှင်သီချင်းရေးရတာ ခက်လည်းခက်တယ်။ လွတ်လပ်မှုက မရှိတဲ့အပြင် အရုပ်ရဲ့ Mood က အရမ်းကိုကြီးတော့ အဲဒါကို မီအောင် အတော်လေး လိုက်ယူရပါတယ်။ ရုပ်ရှင်သီချင်းကတော့ အပ်တဲ့သူရှိရင်တော့ ရေးဦးမှာပေါ့။ ■ **မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com



# နှောင်တွင်ဦးဒါန်းတွင်စေသတည်း

**မိုးကျော်ယွန်း**

မန္တလေး ဆေးတက္ကသိုလ် နှစ် ၅၀ ပြည့် အမှတ်တရပွဲ ကျင်းပရာမှာ ဆေးကျောင်းသားများက ပြဇာတ်တစ်ပုဒ် က,ပြတင်ဆက်လိုတဲ့ အတွက် မန္တလေးမြို့မှ နာမည်ကြီး ဇာတ်ဆရာ တစ်ဦးဖြစ်တဲ့ အကယ်ဒမီ မောင်ယဉ်အောင်ကို ပြဇာတ်တစ်ပုဒ်ရေးပေးဖို့ ပူဆာခဲ့ကြပါတယ်။ ဆရာ မောင်ယဉ်အောင်က ဆေးကျောင်းသားများ က,ပြနိုင်ဖို့ ရည်ရွယ်ပြီး ဆေးပညာလည်းပါတဲ့ ဇာတ်တစ်ပုဒ်ကို ရေးပေး





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com







ခဲ့ပါတယ်။ အဲဒီဇာတ်ကို ဆေးကျောင်းသားများ အောင်မြင်စွာ က,ပြနိုင်ခဲ့သလို ဇာတ်လမ်းဟာလည်း ပီပြင်မှုရှိတဲ့အတွက် ရုပ်ရှင်အဖြစ်တင်ဆက်ဖို့ စိတ်ကူးရခဲ့ပါတယ်။ ဒါကြောင့် **နောင်တွင်ဥဒါန်းတွင်စေသတည်း**ဟာ ရုပ်ရှင်ကားကြီးအဖြစ် အကယ်ဒမီ မောင်ယဉ်အောင်ကိုယ်တိုင်ဖန်တီးပြီး ဇာတ်မင်းသားလေး ဖိုးချစ်ရဲ့ မြို့ရွှေမန်းသား ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးလိုက်ပါတယ်။

**နောင်တွင်ဥဒါန်းတွင်စေသတည်း** ရုပ်ရှင်ဇာတ်ကားမှာ ဖိုးချစ်၊ အလင်းရောင်၊ ရန်အောင်၊ လူမင်း၊ ထွန်းအိန္ဒြာဗို၊ အေးမြတ်သူ၊ မေသဥ္ဇာဦး၊ ဧည့်သည်သရုပ်ဆောင် မေသန်းနုတို့ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

မန္တလေးမြို့မှ ဘိုးဘွားအစဉ်အဆက် ချမ်းသာလာခဲ့ကြတဲ့ ဦးထွန်းခေါင်ကျော်စွာ (လူမင်း)နဲ့ ဒေါ်စန္ဒာမြတ်ခ (ထွန်းအိန္ဒြာဗို)တို့မှာ ဇနီးမောင်နှံများ ဖြစ်ကြပေမဲ့ ဦးထွန်းခေါင်ကျော်စွာက သူသင်ယူတတ်မြောက်ထားတဲ့ ဗိသုကာပညာကို တန်ဖိုးထားသူဖြစ်ပြီး ဒေါ်စန္ဒာမြတ်ခကတော့ ချမ်းသာကြွယ်ဝမှုအပေါ်မှာ ဂုဏ်မောက်ပြီး အစစအရာရာ လူတန်းစားခွဲခြားဆက်ဆံတတ်သူဖြစ်ပါတယ်။

ပုဂံမှာ ဗိသုကာပညာရပ်များ လေ့လာနေစဉ် လျှင်ဒဏ်ကြောင့် ဦးထွန်းခေါင်ကျော်စွာ ရှေးဟောင်းနံရံများကြားမှာ အသက်စွန့်သွားရပြီး ထွန်းခေါင်ဝင့် (အလင်းရောင်)အမည်ရှိ သားတစ်ယောက်သာ ဒေါ်စန္ဒာမြတ်ခနဲ့ ကျန်ရစ်ခဲ့ပါတယ်။

သားဖြစ်သူကို ဒေါ်စန္ဒာမြတ်ခက သူ့စိတ်ကြိုက် ပုံသွင်းပြီး ငွေသာ အဓိကလို့ ခံယူအောင် လေ့ကျင့်ပျိုးထောင်ထားပါတယ်။ သားဖြစ်သူ နိုင်ငံခြား ကျောက်မျက်ရတနာပြပွဲက ပြန်လာပြီးတဲ့နောက် ဒေါ်စန္ဒာမြတ်ခ




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



က သူ့မွေးနေ့တိုင်း မန္တလေးတောင်ပေါ်တက်ပြီး ကုသိုလ်ပြု အမျှပေးဝေတဲ့ဆီကို သားကိုလည်း ခေါ်ခဲ့ပါတယ်။ မန္တလေးတောင်ပေါ်တက်တိုင်း ပန်းသည် ဒေါ်သက်မေ(မေသဥ္ဇာဦး)ထံက ပန်းဝယ်လေ့ရှိပါတယ်။ ပန်းဖိုးငွေကိုလည်း ကျသင့်တာထက် ပိုပေးလေ့ရှိပြီး ဒေါ်သက်မေနဲ့ တရင်းတနှီးရှိပါတယ်။

မန္တလေးတောင်ပေါ်မှာ ထွဋ်ခေါင်ဝင့်တစ်ယောက် မိန်းကလေးတစ်ယောက်နဲ့ မမျှော်လင့်ဘဲ တွေ့ပါတယ်။ မိန်းကလေးက အကွယ်ကနေ ထွဋ်ခေါင်ဝင့်ကို စလေ့ရှိတဲ့အတွက် သူကိုတော့ ရင်းနှီးမှု မရှိခဲ့ပါဘူး။

တစ်ရက်မှာ ဒေါ်စန္ဒာမြတ်ခနေအိမ်သို့ ပန်းသည် ဒေါ်သက်မေရဲ့သမီး ယင်းမာ (အေးမြတ်သူ) လာရောက်ပြီး ပန်းများပို့ပေးရာက ထွဋ်ခေါင်ဝင့်နဲ့ ရင်းနှီးခဲ့ကြပါတယ်။ ယင်းမာက ဒေါ်သက်မေနဲ့ မျက်မမြင် ခင်ပွန်းသည် (မိုးဒီ)တို့ရဲ့ သမီးကလေးဖြစ်ပြီး ပတ်ဝန်းကျင်မှ ကလေးများနဲ့ ဆော့ကစားတတ်တဲ့သူဖြစ်ပါတယ်။ ပတ်ဝန်းကျင်မှာ ယင်းမာက ယောကျ်ားကလေးတစ်ဦးလိုပဲ ဖြစ်နေတတ်ပါတယ်။

ထွဋ်ခေါင်ဝင့်နဲ့ ယင်းမာတို့ ရင်းနှီးကြပြီး အချစ်နယ်ကျွံခဲ့ကြပြီးတဲ့နောက်မှာတော့ ဒေါ်စန္ဒာမြတ်ခက ခါးခါးသီးသီး ငြင်းပါတော့တယ်။ သားကို တစ်နယ်တစ်ကျေး ပို့လိုက်သလို သားရဲ့ချစ်သူကိုလည်း ဒီကိုယ်ဝန် မမွေးဖို့အထိ တောင်းဆိုလာခဲ့ပါတယ်။ ဒါပေမဲ့ ယင်းမာကတော့ မိသားတစ်စု တစ်ရပ်တစ်ကျေးကို ပြောင်းသွားပြီး ရင်သွေးကို ရအောင်မွေးခဲ့ပါတယ်။

ထွဋ်ခေါင်ဝင့်ကတော့ ချစ်သူနဲ့ ခွဲရတဲ့အတွက် စိတ်လေပြီး ဆေးသမားတစ်ဦးဖြစ်သွားရာက ကွယ်လွန်သွားခဲ့ပါတယ်။

နှစ်ကာလများ ကြာလွန်ပြီးတဲ့နောက်မှာ ဒေါ်စန္ဒာမြတ်ခမှ အသည်းရောဂါဖြစ်လာခဲ့တယ်။ သူ့အသည်းကို အစားထိုးကုသမှသာ အသက်ရှင်နိုင်ခွင့် ရှိမည်ဖြစ်တယ်။ အသည်းလဲဖို့ဆိုတာ ရှားရှားပါးပါး လှူဒါန်းမယ့် သူရှိဦးမှ ဖြစ်နိုင်မယ့်ကိစ္စဖြစ်လို့ ရောဂါကို ကုသရင်း အလှူရှင်ကို မျှော်နေခဲ့ကြပါတယ်။

ဒီနေရာမှာ အသည်းဆရာဝန်ဒေါက်တာ မြတ်ကောင်းအဖြစ် ဖိုးချစ်က သရုပ်ဆောင်ထားပါတယ်။ ဒေါ်စန္ဒာမြတ်ခက သူသာအသက်ရှင်ခွင့်ရမယ်ဆိုရင် ဒေါက်တာမြတ်ကောင်း တောင်းသမျှ ပေးပါမယ်လို့ ကတိတွေ အထပ်ထပ်အခါခါ ပေးခဲ့ပါတယ်။

ကံအားလျော်စွာ အလှူရှင်တစ်ဦး ပေါ်ပေါက်လာပြီး ခွဲစိတ်ကုသကာ အသည်းအစားထိုးပေးလိုက်တဲ့အတွက် ဒေါ်စန္ဒာမြတ်ခ အသက်ရှင်ခဲ့ပါတယ်။ ဒေါက်တာ မြတ်ကောင်းကို တောင်းချင်ရာတောင်းပါဆိုတဲ့အခါ ဒေါက်တာ မြတ်ကောင်း တောင်းဆိုလိုက်တာက . . .။

လူတန်းစား ခွဲခြားဆက်ဆံတတ်တဲ့ ဒေါ်စန္ဒာမြတ်ခရဲ့ မာနတွေ ဘယ်လောက်ထိ မြင့်တက်မလဲဆိုတာကို ထွန်း

www.burmeseclassic.com

www.burmeseclassic.com

အိန္ဒြာဗိုရဲ့ သရုပ်ဆောင်မှုများနဲ့ ကြည့်ကြရမှာဖြစ်ပါတယ်။

ရုပ်ရှင်ဇာတ်ဝင်တေးဆိုတာကို ကျွန်တော်တို့ တသီးတခြား ခံစားခွင့်မရတာ ကြာခဲ့ပါပြီ။ ခေတ်ပေါ်စတီရီယိုသီချင်းများထဲက ပရိသတ်ကြား ရေပန်းစားတဲ့ သီချင်းများကို ရုပ်ရှင်ကားထဲ ထည့်သုံးတတ်ခဲ့ကြတာ ကြာခဲ့ပါပြီ။ ဒါရိုက်တာ မောင်ယဉ်အောင်ရဲ့ ရုပ်ရှင်ဇာတ်ကားမှာတော့ ဇာတ်ဝင်တေးကို သီးခြားဖွဲ့ဆိုပြီး ဇာတ်ဝင်ခန်းနဲ့လိုက်အောင် သုံးထားပါတယ်။ ဇာတ်ဝင်တေး ၇ ပုဒ် ပါဝင်ပါတယ်။

မာနမောက်မာလှတဲ့ ဇာတ်ရုပ်နေရာမှာ ထွန်းအိန္ဒြာဗိုက ပီပီပြင်ပြင် သရုပ်ဆောင်ထားပြီး မြန်မာဇာတ်ကောင်စရိုက်များနဲ့ ကြည့်လို့ကောင်းလှတဲ့ မြန်မာကားစစ်စစ် ပါလို့ ညွှန်းရင် လွန်မယ် မထင်ပါဘူး။ ၂၀၁၈ အတွင်း အများပြည်သူကို ပြသနိုင်ဖို့ ကြိုးစားနေကြောင်း သိရပါတယ်။ ■မိုးကျော်ထွန်း





www.burmeseclassic.com

www.burmeseclassic.com



# အနုပညာ အလုပ်အတွက် သည်းခံမှုအရေးထူမှုဖြစ်မယ်

ခင်လေးမြင့်

ဓာတ်ပုံ - ပီတာ(The Bridal Garden)



ဒေင်ရဲ့နတ်သမီး ရုပ်ရှင်ဇာတ်ကား ထဲမှာ ရွှေနေမလေးအဖြစ် သရုပ်ဆောင်ရင်း ပရိသတ်တွေ သိခဲ့ပေမဲ့ ဇာတ်ကားရိုက်နဲ့ အနုပညာအလုပ်တွေကို ဆက်မလုပ် ဖြစ်ခဲ့သူက မြနှင်းရည်လွင်ပါ။ အခုအချိန်မှာတော့ အနုပညာ အလုပ်တွေကို သေသေချာချာ လုပ်ရင်း ဇာတ်လမ်းတွဲတွေမှာ အများဆုံး သရုပ်ဆောင် ဖြစ်နေပါတယ်။ MRTV-4 နဲ့ ဇာတ်လမ်းတွဲတွေ ရိုက်ဖြစ်တာများတဲ့ မြနှင်းရည်လွင်က အခု လောလောဆယ်မှာတော့ ဝက်ပါ ရှင်းတမ်း ဇာတ်လမ်းတွဲနဲ့ တတိယမြောက် ဆုံမှတ် ဆိုတဲ့ ဇာတ်လမ်းတွဲနှစ်ခုမှာ ပါဝင် သရုပ်ဆောင်နေပါတယ်။

နွေကန္တာဦး၊ ကြမ္မာရှင်၊ ဓနီးချောများ ကွန်ရက်၊ အဆိပ်သွေး ဆိုတဲ့ဇာတ်လမ်းတွဲတွေမှာ ပါဝင် သရုပ်ဆောင်ထားပြီး MRTV-4, MRTV နဲ့ Cannel+ တို့မှာ ထုတ်လွှင့်ပြသနေတာ ဖြစ်ပါတယ်။ ဝက်ပါရှင်းတမ်းနဲ့ တတိယမြောက် ဆုံမှတ် ဇာတ်လမ်းတွဲနှစ်ခုမှာ တစ်ပြိုင်နက်တည်း ပါဝင်သရုပ် ဆောင်နေတာလား၊ ဘယ်လိုပုံစံတွေနဲ့ ဒီဇာတ်လမ်းတွဲနှစ်ခုမှာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

သရုပ်ဆောင်နေရလဲ။

**တတိယမြောက်ဆုံမှတ်**က ပြင်ဦးလွင်မှာရိုက်တာ။ မြနှင်းပါတဲ့ရက် သွားရိုက်လိုက် ရန်ကုန်ပြန်လာလိုက်ပေါ့။ **ဝက်ပါရှင်းတမ်း** ကတော့ ရန်ကုန်မှာရိုက် တာ။ **တတိယမြောက်ဆုံမှတ်** က ငယ်ဘဝပါမယ်၊ ပြီးရင် အဘွားကြီးပုံစံ၊ မင်းသားရဲ့ အမေပုံစံနဲ့ပါမယ်။ သူကသေသွားတဲ့ ဝိညာဉ်ပုံစံနဲ့ဆိုတော့ ပရိသတ်တွေအမြင်တော့ ဆန်းနေမယ်ထင်တယ်။ **ဝက်ပါရှင်းတမ်း** ကတော့ မြူပ်ကွက်လေးတွေနဲ့ စိတ်ဝင်စားစရာတော့ ကောင်းပါတယ်။ **တတိယမြောက်ဆုံမှတ်** က ဇာတ်လမ်းလည်း ကောင်းတယ်၊ ထိုင်းက ရိုက်ထားတာ။ အဲဒီကားထဲမှာပါတဲ့ မင်းသားနဲ့ မြနှင်း အသက်က အပြင်မှာဆို သိပ်မကွာဘူး။ ဒါပေမဲ့ ဇာတ်ကားထဲမှာတော့ သူ့အမေပုံစံလုပ်ရတော့ ပရိသတ်အမြင်မှာ တစ်မျိုးမြင်ရမယ်။

**အမေပုံစံသရုပ်ဆောင်ရဖို့ စဉ်းစားရသေးလား။**

အဲဒါ တော်တော်စဉ်းစားလိုက်ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကို အမေအရွယ်၊ အမေခန်း ရိုက်နေပြီလားဆိုတဲ့ အတွေးတော့ တော်တော်ဝင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်လည်း အသက် ၃၁ နှစ်၊ ဒါပေမဲ့လည်း ဒီလိုရိုက်လိုက်လို့ အမေခန်းတွေ ရိုက်နေပြီလားဆိုပြီး တွေးတယ်။ ဒါပေမဲ့ သူ့ဇာတ်လမ်းကို ဖတ်ကြည့်လိုက်တော့ ငယ်တဲ့ဘဝပါတယ်။ အိုစာရတဲ့အကြောင်းက အဆင်မပြေလို့ အိုစာရတာ။ အတွေးထဲမှာက ငါ သရုပ်ဆောင်တစ်ယောက်ဖြစ်တယ်၊ ဘာ Character ပဲပေးပေး ငါရအောင် အစပိုင်းမှာ လုပ်ကြည့်လိုက်မယ်၊ နောက်ပိုင်းမှသာ ပြန်စိစစ်သွားလိုက်မယ်ပေါ့။ ပရိသတ်တွေက သူသည် အဘွားကြီးအခန်းလည်း လုပ်နိုင်တာပဲလေဆိုတဲ့ အတွေးလေးရရင် တော်ပြီဆိုပြီး လက်ခံလိုက်တာ။ အရမ်းဆိုးဆိုးရွားရွား Character မျိုးတွေလည်း ကြားထဲမှာ ငြင်းလိုက်တာရှိပါတယ်။ ဒါပေမဲ့လည်း ဘာလာလာတော့လည်း မဟုတ်ဘူး။ အခုအမေပုံစံဆိုတာကလည်း ကိုယ့်ကို သိသွားနိုင်တာမျိုးဖြစ်နေလို့ လက်ခံလိုက်တာ။



**ဇာတ်လမ်းတွဲတွေ ရိုက်ဖြစ်တာများတော့ ပရိသတ်သိနိုင်ဖို့ ဘယ်လိုပုံစံတွေနဲ့ ရွေးချယ်လက်ခံရိုက်ဖြစ်တာများလဲ။**

သူတို့ပြောတဲ့ ဇာတ်လမ်းကို နားထောင်ကြည့်လိုက်တယ်။ နားထောင်ကြည့်လိုက်လို့ ကိုယ်နဲ့လည်းလိုက်တဲ့ ဇာတ်လမ်းဆိုရင် လက်ခံလိုက်တယ်။ Aung Pyi Entertainment က ရိုက်တဲ့ **ဓနီးချောများကွန်ရက်** ဆိုရင် ကိုယ့်အတွက် နေရာကောင်းတယ်။ MRTV- 4 ကျတော့ သူတို့က Third Party အနေနဲ့ခေါ်တယ်၊ ဟိုဘက်တွေကတော့ Main ဖြစ်တယ်။ MRTV- 4 ကျတော့ Talents တွေရှိသေးတယ်။ မြနှင်းတို့ကတော့ နေရာတစ်ခုမှာ အဓိကဖြစ်တာမျိုးကိုပဲ သူတို့က လာခေါ်တာများပါတယ်။ အရမ်းဆိုးဆိုးရွားရွားတွေတော့ မလာသေးပါဘူး။ မြနှင်းပုံစံနဲ့လည်း လိုက်တယ်၊ ပရိသတ်ကြိုက်သွားမယ့် ပုံစံမျိုးတွေပဲ လာသေးတယ်။

**အဆိပ်သွေး ဇာတ်လမ်းတွဲမှာတော့ ဗန့်ဆန်ဆန် သရုပ်ဆောင်ရတာနော်။ အဲဒီမှာက ဇာတ်လမ်းကိုသဘောကျလို့လား၊ Character ကို သဘောကျလို့လား။**

အဓိက,က မြနှင်းက Character ကို သဘောကျတာများတယ်။ ဇာတ်လမ်းက အကျဉ်းချုံးပဲပြောတယ်၊ လက်ခံလိုက်တော့မှ ဇာတ်ညွှန်းပေးတာ။ **အဆိပ်သွေး** တုန်းကလည်း အစ်မဗန့်လုပ်ရမယ်ပြောတယ်။ လုပ်ကြည့်ချင်တာလည်းပါလို့ လက်ခံဖြစ်ခဲ့တာ။

**ဗန့်ကို ရိုက်ချင်တယ်ဆိုပေမဲ့ ရုပ်ရှင်ဇာတ်ကားလိုခဏမဟုတ်ဘဲ ရက်ရှည်လာတဲ့ ဇာတ်လမ်းတွဲ ဆိုတော့ ရိုက်ရင် အဆင်ပြေပါ့မလား၊ ပရိသတ် လက်ခံပါ့မလား တွေးသေးလား။**

အဲဒီလိုမျိုးတော့ မြနှင်းမစဉ်းစားလိုက်ဘူး။ ကိုယ်က ဒီအချိန်မှာ ဒီအလုပ်ကိုလည်း ပြန်ပြီးလုပ်ချင်တယ်၊ အတွေ့အကြုံလည်း ရချင်တော့ လက်ခံလိုက်တာ။ ဒါပေမဲ့ အခုနောက်ပိုင်းမှာ ပရိသတ်တွေက ဒါကိုစွဲပြီး ကြည့်တဲ့

www.burmeseclassic.com

အခါကျတော့ ဇာတ်ရှိန်က လည်းတက်လာတယ်။ ကိုယ့်ကြောင့် ဇာတ်ရှိန်တက်လာတယ်ပြောတော့ သဘောကျတယ်။ ကိုယ့်ကို ဆိုးဆိုးရွားရွား ဝေဖန်တာတော့ သိပ်မတွေ့ဘူး၊ ဝေဖန်တဲ့သူတွေလည်း ရှိပါတယ်။ ဒါပေမဲ့ ကိုယ့်ကို လာပြောတာက အဆင်ပြေတယ်ဆိုတော့ ဝမ်းသာရတယ်။ မြန်မာ ဇာတ်လုပ်ရမယ်လို့ စ,ကမ်းလှမ်းကတည်းက မေမေတို့က လည်း ရိုက်လိုက်ပေါ့၊ ဘာမှမဖြစ်ဘူး။ အခုနောက်ပိုင်း ပရိသတ်က ဘိုဆန်လာပြီ နားလည်လာပြီ။ ကိုယ့်အနုပညာ အလုပ်တစ်ခု၊ လူတွေက အပြင်မှာ မုန်းမသွားလောက်ဘူးဆိုတဲ့ အတွေးနဲ့ လက်ခံလိုက်တယ်။ ဇန်လုပ်တဲ့သူ တစ်ယောက်အနေနဲ့ ပရိသတ်မှတ်မိသွားတယ်ဆိုလည်း တစ်မျိုးကောင်းတယ်ဆိုတဲ့ အတွေးနဲ့ လက်ခံလိုက်တာ။

**ဒေင်ရဲ့နတ်သမီး ရုပ်ရှင်ဇာတ်ကားရိုက်ပြီးကတည်းက ဆက်မရိုက်ဘဲ နားခဲ့တာကို နမြော့မယ်ထင်တယ်။ အဲဒီအချိန်တုန်းက ဘာလုပ်သင့်တယ်ဆိုပြီး တွေးနေခဲ့တာ၊ နားနေခဲ့တာဖြစ်မလဲ။**

နားခဲ့တာ နမြော့ဖို့ကောင်းပါတယ်။ အဲဒီအချိန်မှာက ဒီဟာကိုထဲထဲဝင်ဝင် လုပ်ခဲ့တဲ့လူ မဟုတ်လိုက်ဘူး။ စ,လုပ်တယ်ဆိုတဲ့အချိန်မှာ ပေါ့ပေါ့တန်တန်နဲ့ အသိမိတ်ဆွေတွေနဲ့ Billboard တွေ စ,ရိုက်လိုက်ရတယ်၊ ဇာတ်ကား စ,ရိုက်ရတော့လည်း ရုပ်ရှင်ကားကြီးဆိုတော့ တန်ဖိုးမထားသလို ပုံစံဖြစ်သွားတယ်။ ကိုယ့်ရဲ့အတွေးမှာ ငယ်တာလည်းပါတယ်။ ပရိသတ်ဆိုတဲ့ဟာကို လည်း သိပ်ပြီးနားမလည်ဘူး၊ မီဒီယာတွေနဲ့ ဘယ်လို အထိအတွေ့ရှိရမယ်ဆိုတာကို သိပ်မသိလိုက်တဲ့အချိန်မှာ စိတ်ကလည်း သိပ်မထားတတ်ဘူး။ တစ်ခုခု ဝေဖန်လာတယ်ဆို





www.burmeseclassic.com

www.burmeseclassic.com



ရင် တုံ့ပြန်လိုက်တယ်၊ ဘာမှ မစဉ်းစားဘူး။ ဒေါသရှေ့ထားတယ်၊ တော်ပြီမလုပ်ချင်တော့ဘူးဆိုပြီး တဒင်္ဂဖြစ်တဲ့ဟာမျိုးကို လုပ်ဖြစ်တယ်၊ အိမ်ထောင်လည်း ကျသွားတာပါတယ်။ ကြားထဲမှာ အနုပညာနဲ့ဆက်စပ်တာ ဝါသနာပါတော့ ကင်မရာပိုင်းကို စိတ်ဝင်စားတယ်။ ဓာတ်ပုံလိုဟာမျိုးတွေ ရိုက်မယ်ပေါ့။။ အနုပညာနဲ့ ဆက်စပ်တာလုပ်မယ်ဆိုပြီး ရည်ရွယ်ထားလိုက်တယ်။ ကြားထဲမှာ ကိုယ့်ကို ဓာတ်လမ်းတွဲတွေ ဘာတွေ ပြန်ကမ်းလှမ်းတော့ ဒါကိုပဲ ပြန်လုပ်မယ်ဆိုပြီး လုပ်ဖြစ်သွားတယ်။

**ထုတ်လုပ်ရေးပိုင်းကို လုပ်မယ်ဆို ဘယ်လိုတွေနဲ့ လုပ်ချင်လဲ။**

ကိုယ်က ပြန်လုပ်နေတဲ့သူတစ်ယောက်ဆိုတော့ ကိုယ်တစ်ယောက်တည်းကြီး Production ထောင်ဖို့ကျတော့ မြန်မာမှာ အနုပညာနဲ့ပတ်သက်တဲ့ မျိုးရိုးက မရှိဘူး။ အမျိုးသားဆိုလည်း ကိုယ့်ကို အားပေးတယ် လုပ်ပေးတာပဲ ရှိတယ်။ မိဘကလည်း အားပေးတယ်ဆိုပေမဲ့ အနုပညာကို လုံးဝ မပံ့ပိုးပေးဘူး။ ကိုယ့်အရည်အချင်းနဲ့သွားဆိုတဲ့ပုံစံမျိုးနဲ့ လွှတ်ပေးထားတာဆိုတော့ သူတို့ထုတ်ပြီး လုပ်ပေးနိုင်တယ်ဆိုပေမဲ့ အဲဒီအပိုင်းကို သူတို့ မလုပ်ပေးဘူး။ ကိုယ်ကလည်း အဲဒီမှာနာသွားတာတွေ ရှိတာပေါ့။ အမှန်တကယ်ဆိုရင် ထုတ်လုပ်ရေးတစ်ခုနဲ့ ပူးပေါင်းပြီး လုပ်ခဲ့လိုက်ရင် ဒီကြားထဲမှာ အဲဒီလောက် မပြတ်လိုက်ဘူး။ အခုကျမှ တစ်ယောက်တည်းလုပ်လို့က အဆင်မပြေသေးတော့ ကိုယ့်ဘာသာ အရင်လူသိလာအောင်လည်း လုပ်ရမယ်။ နောက်တစ်ခုက ပူးပေါင်းရမှာပေါ့။ အောင်ခေတ်မင်း ထုတ်လုပ်ရေးက အစ်ကိုနဲ့ အစ်မတို့နဲ့ ခင်တယ်ဆိုရင် သူတို့နဲ့ပူးပေါင်းတာတို့ အဲဒီလိုမျိုးလုပ်ဖို့တော့ အတွေးရှိတယ်။ နောက်ပိုင်းမှ Production တစ်ခုခုလုပ်ဖို့ Audio နဲ့ပတ်သက်တာ၊ ဓာတ်ပုံပိုင်းနဲ့ပတ်သက်တာ အဲဒါတွေလုပ်ဖို့တော့ အစီအစဉ်ရှိတယ်။

**ကိုယ်တိုင် တစ်ယောက်တည်းလုပ်ခွင့်ရတဲ့ ဓာတ်ကားမျိုးတွေကို ပရိုဂျူဆာတစ်ယောက်အနေနဲ့သွားချင်လား။**

အခုအချိန်မှာ ပူးပေါင်းရိုက်မယ်ဆိုရင်တော့ မြန်မာလည်း တစ်နေရာပါတဲ့ဟာမျိုးပေါ့။ ကိုယ်ကပူးပေါင်းပြီး မင်းသားတွေအများကြီး ကိုယ်တစ်ယောက်တည်းနဲ့လည်း မလုပ်ချင်ဘူး။ ကိုယ်တစ်ယောက်တည်း ရိုက်လိုက်ပြီး နောက်ပိုင်းမှ ဓာတ်လမ်းကောင်းတယ်၊ ကိုယ်နဲ့ မလိုက်ဘူးဆိုဦးတော့ အသစ်တွေကိုတင်ပေးတာမျိုးတွေ၊ ဓာတ်လမ်းလည်း ပရိသတ်တွေ ကြိုက်မယ်ဆိုတာတွေကို လုပ်ချင်တဲ့အတွေး ရှိတယ်။ ကိုယ်တိုင်ကလည်း ကြိုက်တယ်၊ ကိုယ်နဲ့လိုက်တယ်ဆိုရင်တော့ ပါလိုက်မယ်။ အဲဒီလိုမျိုးပေါ့။

**ဓာတ်လမ်းတွဲနဲ့ ရုပ်ရှင်ဓာတ်ကားမှာ ပရိသတ်သိနိုင်မှုနဲ့ ထိရောက်မှုက ဘယ်ဘက်မှာ ထိရောက်တယ်လို့ မြင်လဲ။**

စီးရီးကတော့ အနယ်နယ်အရပ်ရပ်မှာ Free to Air နဲ့ ကြည့်ရတယ်။ အချိန်လည်း ပိုကြာတယ်။ ပိုကြည့် ဖြစ်တယ်၊ ကိုယ်ကို ထိတွေ့တာကြာလည်း ကြာတယ်။ တစ်ခန်းဆိုတစ်ခန်း မြန်မြန်သိသွားကြတယ်။ တစ်ခုနဲ့တစ်ခု သူ့တန်ဖိုးနဲ့သူရှိတယ်။ ရုပ်ရှင်ကကျတော့ လက်လွှတ်လို့မရဘူး။ ရုပ်ရှင်က ကိုယ်ကြိုးစားရင် ကြိုးစားသလောက် ဆုတွေရနိုင်တဲ့ မှတ်တိုင်တစ်ခုရှိတယ်။ ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ်နဲ့ လုပ်နိုင်တဲ့ဟာ။ ပရိသတ် စွဲသွားနိုင်တယ်ဆိုတာကလည်း ဓာတ်လမ်းတွဲမှာလည်း သိနိုင်တယ်၊ ရုပ်ရှင်မှာကလည်း ကိုယ်ကောင်းရင် ကောင်းသလောက် တန်းသိနိုင်တယ်။

**ဓာတ်လမ်းတွဲတွေရိုက်တော့ ပါဝင်တဲ့သူတွေလည်းများတယ်။ အဲဒီတော့ အခက်အခဲဆိုတာရယ်၊ နေရာတစ်ခုရဖို့ရယ် ဓာတ်ကားကောင်းဖို့ သည်းခံပြီးလုပ်ခဲ့တာတွေရှိသေးလား။**

သည်းခံတာကတော့ အရာရာတိုင်းကို သည်းခံရတာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ကိုယ်နဲ့ပြဿနာတွေ ဘာတွေဖြစ်တာတော့ မရှိပါဘူး။ ကိုယ်ကလည်း အေးအေးဆေးဆေးနေတော့ ကိုယ်နဲ့ငြိတာတွေဘာတွေ မရှိဘူး။ သည်းခံရတယ်ဆိုတာကလည်း Crew တွေဆိုရင် MRTV-4 ဘက်က အငယ်တွေများတော့ ဒီဘက်ပိုင်းမှာ ထဲထဲဝင်ဝင် မလုပ်ဖူးဘူးဆိုပေမဲ့ အနုပညာဘက်ကလူဆိုတော့ ဒီဘက်နဲ့မတူတဲ့ အချက်လေးတွေ ဟိုဘက်မှာရှိတယ်။ ဟိုဘက်က ရုံးပုံစံနဲ့သွားတာ။ ဒီဘက်အထာနဲ့ ဟိုဘက်အထာ မတူတာကျတော့ ကိုယ်က ညှိယူရတယ်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com

လို ဟာမျိုးတွေကျတော့ သည်းခံပေးရတယ်။ ဒီအနုပညာလောကဘက်ကို သိပ်နားမလည်တဲ့အပိုင်းတွေပေါ့။ တချို့ကျတော့လည်း ပြောလိုက်ရင် အဆင်ပြေတယ်။ တချို့လူငယ်တွေကျတော့လည်း သိပ်နားမလည်တော့ အဲဒီအခါကျလည်း ကိုယ်က သည်းခံပေးရတယ်။ အလုပ်ကို အဆင်ပြေအောင် ညှိယူရတယ်။

**စိတ်ခံစားမှုတစ်ခုခု ဖြစ်လာပြီဆိုရင် အနုပညာအလုပ်လုပ်တဲ့အခါ စိတ်ထည့်ရတာ အဆင်ပြေရဲ့လား။**

မြနှင်းက တစ်ခုခုဆိုဆိုက်ကို ဝင်တတ်တဲ့အကျင့်ရှိတယ်၊ အကျင့်ပေါ့နော်။ အခုနောက်ပိုင်းမှာကျတော့လည်း အရေထူလာတယ်။ ကြားထဲမှာ ကိုယ်မလုပ်ဖြစ်ပေမဲ့လည်း အပြင်လောကက ဟာတွေနဲ့ အရေတော့ ထူလာတယ်။ အရင်ထက်တော့ အရေထူလာပြီ။ ကောင်းတာရော ဆိုးတာရော၊ Comment တွေ လာပြောရင် တချို့ဟာတွေကို မဖတ်တော့ဘူး။ ကိုယ့် Private Account မှာ Personal Attack လုပ်ပြီး ကိုယ့်ကို ထိခိုက်တာမျိုးဆို သူနားလည်အောင် တစ်ခွန်းမကျန်တော့ ပြန်ပြောတယ်။ ဒါပေမဲ့ စကားအရမ်းရှည်လာပြီဆိုရင် ဖြတ်ပစ်လိုက်တယ်။ ခေါင်းထဲမထားတော့ဘူး။

ချီးမွမ်း ၇ ရက်၊ ကဲ့ရဲ့ ၇ ရက်ဆိုတော့ အောင့်အည်းပြီး နေလိုက်တယ်။ အချိန်တစ်ခုဆိုရင် ပြီးသွားတာပဲဆိုတဲ့စိတ်မွေးရတာပေါ့။ မြနှင်း တော်တော် ပြင်ဆင်ရပါတယ်။ အငယ်ဆုံးလည်းဖြစ်တယ်။ အိမ်က အနုပညာဘက်ကို နားမလည်တဲ့ အသိုင်းအဝိုင်းဆိုတော့ ပိုဆိုးတယ်။ အမျိုးသားကတော့ နားလည်ပေးတယ်။ တစ်ချက်တစ်ချက်ဆိုရင် အနုပညာရဲ့ဟာကို နားမလည်တဲ့ဟာတွေလည်းရှိတော့ သွားပြီး ရင်ဖွင့်ရတာ၊ တိုင်ပင်ရတာက မိဘတွေနဲ့ကျတော့ ပြောလို့ရပေမဲ့ ဒီဟာကို သိပ်နားမလည်ကြဘူး။ ဒါကို တစိုက်မတ်မတ်လုပ်ပြီဆိုရင်တော့ မေမေတို့ကလည်း ပြောတယ်။ အရေထူမှရမယ်လို့။ ရှေ့ကလူတွေကိုပဲကြည့်၊ ဒါတွေကို ဂရုမစိုက်ဘူး။ အဲဒါမှလည်း ပန်းတိုင်ကို ရောက်မယ်ဆိုတော့ ကိုယ်လည်း အဲဒီလိုတော့ နေပါတယ်။ တစ်ခါတလေကျတော့လည်း ကိုယ်လည်း လွှတ်ချင်တာပေါ့၊ ပေါက်ကွဲချင်တာပေါ့။ စိတ်မကောင်းဖြစ်တတ်သူဆိုတော့ မျိုချပြီး ရှေ့ဆက်ရတာပေါ့။

မြနှင်းရည်လွင်က ဒါရိုက်တာ မင်းဦး ရိုက်ကူးထားတဲ့ **မျက်နှာဖုံးများ** ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားပါသေးတယ်။ Beauty Saloon ပိုင်ရှင်တစ်ယောက်၊ မိန်းကလေးတွေကို ကိုယ်ချင်းစာ နားလည်ပေးသူ အမျိုးသမီးတွေဘက်က ရပ်တည်သူတစ်ယောက်အနေနဲ့ ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ ရွှေအမြုတေမဂ္ဂဇင်းအတွက်ရိုက်ကူးပေးမှုမှာ အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဓာတ်ပုံတွေကို စိတ်တိုင်းကျစွာ အချိန်ယူရိုက်ကူးပေးတဲ့ ဓာတ်ပုံ ပီတာနဲ့ မိတ်ကပ် ဘေဘီ(တော်ဝင်သူ)တို့ကိုလည်း ကျေးဇူးအထူးတင်ရှိတယ်လို့ ဆိုပါရစေ။

■ **ခင်လေးမြင့်**





www.burmeseclassic.com

www.burmeseclassic.com

# ကောက်ရိုးတစ်မျှင် ဆုပ်ကိုင်ရင်း တစ်နေ့မှာ ရုပ်ပငနေ့တဲ့ J Fire

မနိုးချူ



ဘဝဆိုတာက လူတိုင်း မဖြစ်မနေ ဖြတ်သန်းရတဲ့အရာ။ ဖြတ်သန်းပုံ၊ ဖြတ်သန်းမှုများသာ ကွာခြားသွားနိုင်ပေမဲ့ ကြိုးစားရမှုကတော့ အတူတူသာ။ ခက်ခဲကြမ်းတမ်းမှုတွေနဲ့ဘဝကို ဖြတ်သန်းခဲ့ရတဲ့ J Fire ကတော့ အနုပညာအသွင်ပြောင်းပြီး သူ့ဘဝကို ပုံဖော်ဖန်တီးချပြတယ်။ ပရိသတ်ကလည်း စာနာခံစားနားလည်ပေးရင်း J Fire ဆိုတဲ့ နာမည်တစ်ခု စတင်ပေါ်လာခဲ့တယ်။ အင်တာနက်မှာ ပျံ့သွားခဲ့တဲ့ ကောက်ရိုးတစ်မျှင် သီချင်းက J Fire ရဲ့ တကယ့်ဘဝပါတဲ့။ တကယ်တော့ J Fire က ဒီသီချင်းမတိုင်ခင် ကတည်းက တပင်ရွှေထီး ဆိုတဲ့ တစ်ကိုယ်တော်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



တေးစီးရီး ထွက်ရှိထားတဲ့ ဂီတပွင့်သစ်။ J Fire ဆိုတဲ့ နာမည်ထက် သူ့ကို မန္တလေး ဂီတအသိုင်းအဝိုင်းက ပိုသိထားတဲ့နာမည်က *တပင်ရွှေထီး*။ ဒုတိယတစ်ကိုယ်တော် အတွက် ကြိုးစားနေပြီဖြစ်တဲ့ မန္တလေးရွှေမြို့တော်ကြီးက J Fireနဲ့ မန်းသူတို့ တွေ့ဆုံမှုကတော့ ရန်ကုန်မှာပါ။

**သီချင်းတွေရဲ့ အစ ခံစားမှုကိုရော မှတ်မိသေးလား။**

မှတ်မိပါတယ်။ အဲဒါက ဆယ်တန်းအပြီး အလုပ်အတွက် မော်တော်နဲ့ အထက်ဘက်ကို ကျွန်တော် သွားတယ်။ နေဝင်ခါနီးအချိန်တွေမှာ မော်တော်ဦးကနေ ထိုင်ပြီး ကျွန်တော် ငေးကြည့်ချင်လာတယ်။ စကားလုံးတွေ ထွက်လာတယ်။ ဒါပေမဲ့ စည်းချက်တွေ၊ ရစ်သမ်တွေကို နားမလည်သေးတဲ့အခါ ဘာနဲ့ ဖန်တီးရမလဲ ကျွန်တော် မသိခဲ့ဘူး။ ဒါနဲ့ပဲ စာအုပ်ထဲချရေးတယ်။ စာသားလား၊ ကဗျာလား ကျွန်တော် မသိခဲ့ဘူး။

**ဒါကတော့ လူငယ်တစ်ယောက်ရဲ့ ရူးသွပ်မှုလို့ ထင်ချင်ထင်ခဲ့မှာပေါ့။ တကယ့်ဆန္ဒဆိုတာ သိပြီး ဂီတဘက်ကို ခုန်ဝင်ခဲ့တာက…။**

ကျွန်တော်က ၂၀၁၃ ခုနှစ်မှာ ခုန်ဝင်ခဲ့တာပါ။ *ကောက်ရိုးတစ်မျှင်* သီချင်းထဲမှာ ပါတဲ့ အတိုင်းပါပဲ။ ကိုလွှမ်းပိုင်ရဲ့ အင်တာဗျူးကို ကျွန်တော် ကြားမိတယ်ဗျ။

တည်နေတာပါ။ FM နားထောင်နေတာပါ။ လက်လက်ကိုထ,လို့ အယ်လ်ဘမ်ပေါ့။ ကိုလွှမ်းပိုင်ပြောတာ ကြားလိုက်မိတာက Underground ဆိုတာ မည်သူမဆို လုပ်လို့ရတယ်။ ကန့်သတ်ထားတာ မရှိဘူးဆိုတဲ့ သူပြောတာကို ကြားခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်တော် အတွေးတွေ အရမ်းပွင့်သွားတယ်။ ဒါဆို ငါလည်း သွားလို့ရတာပေါ့လို့ စဉ်းစားမိသွားတယ်။ ဒါပေမဲ့ Underground က လူတွေနဲ့ ကျွန်တော် မသိဘူး။ ဒီတော့ ကျွန်တော် အင်တာနက်သုံးတယ်။ မန္တလေးက Hip Hop အဆိုတော်တွေနဲ့ တွေ့ရတယ်။ အင်တာနက်က သီချင်းတွေ နားထောင်တယ်။ ကျွန်တော် လိုက်ရေးလို့ရတဲ့ သီချင်းတွေ ဖြစ်နေတယ်။ ဒါနဲ့ပဲ သူတို့ရဲ့ G-mail လေးတွေကတစ်ဆင့် ဆက်သွယ်ပြီးတော့ ဒီလောကထဲ ဝင်ဖြစ်လာတာပါ။

**ဘဝကို တအားရုန်းကန်နေရတဲ့ လူငယ်တစ်ယောက်အတွက်တော့ ဒီအဆိုတော်ဆိုတာ အရမ်းကို အလှမ်းကွာတယ်လို့ ခံစားခဲ့ရမှာပဲနော်။**

ဟုတ်ကဲ့။ ခုချိန်မှာ ကျွန်တော်ပြန်တွေးမိတယ်။ ငါ မော်တော်ဦးခန်းမှာ ထိုင်နေတုန်းကပဲဖြစ်ဖြစ်၊ ဆိုက်ကား နင်းနေတုန်းကပဲဖြစ်ဖြစ် ငါတစ်နေ့ကျရင် ဒီလို လူတွေအများကြီးက စင်အောက်ကနေ၊ ငါက စင်ပေါ်ကနေ သီချင်းကို အော်ဟစ်ခုန်ပေါက်ဆိုနေတာမျိုး စဉ်းတောင် စဉ်း

မှုင် ရေးနေတုန်းကလည်း တွေးခဲ့မိတယ်ဗျ။ ဒါကြောင့် ကျွန်တော်က *အောင်မြင်တာ၊ မအောင်မြင်တာ မတွေးပါ* ဆိုတဲ့ စာသားကို ထည့်သုံးခဲ့တယ်။ ဒီလိုကြီး အောင်မြင်ဖို့ တွေးပြီးမှ ကျွန်တော်လုပ်ခဲ့တာ မဟုတ်တဲ့အတွက် ဒီစာသားကို ထည့်သုံးထားတာပါ။ အလုပ်ကို တစ်ဆင့်ချင်းစီ လုပ်ခဲ့တာပါဗျ။

**ဘဝကြမ်းကြမ်းကြားထဲက *တပင်ရွှေထီး* ကိုလည်း ရအောင် လုပ်နိုင်ခဲ့တယ်နော်။ ဘယ်လိုယုံကြည်ချက်တွေက ဒီဘဝကိုရောက်စေခဲ့တာလဲ။**

အဲဒါက မှော်လို့ ပြောရမလား။ ရင်ထဲက သိတာလို့ ပြောရမလားတော့ မသိဘူးပေါ့နော်။ သီချင်းတီးလုံးလေးတွေကို ကျွန်တော့် ပရိုဂျူဆာက ပေးလိုက်တဲ့အခါမှာ ကျွန်တော့်ရင်ထဲမှာ တစ်ခုခု ဖြစ်တယ်ဗျ။ အဲဒီအရာပေါ်မှာ ခံစားရတဲ့ တစ်ခုခုဖြစ်တယ်။ အဲဒီ Feel ကို ကျွန်တော် အရမ်းကြိုက်တယ်။ အဲဒီလို ဖန်တီးရတာကို ကျွန်တော်က အလုပ်လုပ်ရတာထက် ပိုသဘောကျမိနေတယ်။ ပိုနှစ်သက်မိနေတယ်။ ဒါ့ကြောင့်မို့ ကျွန်တော် ဒီအရာကို ရွေးချယ်လိုက်တယ်။ ရွေးချယ်မိပြီးနောက် မအောင်မြင်တဲ့အခါကျရင် ခုန အလုပ်လုပ်တာထက် ဘဝက ပိုဆိုးသွားမှာပေါ့နော်။ အဲဒါကြီးကို ကြောက်ပြီးတော့ ကျွန်တော်က ကြိုးစားခဲ့တာပါ။ အနုပညာထုတ်တာက လူတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ခြင်းသည် အလုပ်လုပ်ခြင်းနဲ့ ကပ်မှ ရတော့မယ်။ အဲဒါတွေ ပါဖို့အတွက်ကတော့ ဒီဘဝနာခဲ့တဲ့ နေ့စဉ်နဲ့အမျှ ကြောက်နေတဲ့စိတ်က ရှိနေတဲ့အတွက် ကျွန်တော် တောက်လျှောက်ကြိုးစား လုပ်ဆောင်လာတာပေါ့နော်။ တစ်နေ့မှ ကျွန်တော် ရပ်မနေဘူးဆိုတာကိုလည်း အဲဒီအချိန်တွေမှာ သိခဲ့တယ်ဗျ။ ဒီကြိုးစားမှုနဲ့ပဲ ဒီဂီတဘက်ကို ရွေးချယ်ခဲ့တာပါ။

**ကိုယ့်ရဲ့ နောက်ခံမိသားစုကလည်း ကန့်ကွက်ခဲ့မှုမရှိ လုပ်ချင်ရာလုပ်ခွင့်ရတာကရော J Fire ဖြစ်လာစေတဲ့အချက်လား။**

ပြောလို့ရပါတယ်။ အရင်ကတော့ ကျွန်တော် သီချင်းတွေထဲမှာ လိမ်ခဲ့တယ်ဗျ။ ဘာလို့ လိမ်ခဲ့တာလဲဆိုတော့ အနုပညာဆိုတာ အပြင်က Lifeအတိုင်း လုပ်ရတယ်ဆိုတာ ငယ်ဘဝမှာ မသိခဲ့ဘူး။ စာသားလေးတွေ ပေါက်ချင်လို့ ထည့်ရေးခဲ့မိတယ်။ သူငယ်ချင်းတွေထဲမှာ အဲဒီလို အဖြစ်အပျက်တွေရှိလို့ သူတို့အဖြစ်တွေကို ထည့်ရေးခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် နားလည်လာတာ တစ်ခုရှိတယ်။ အသက်ကြီးလာတဲ့အခါ ဘဝကို အရိုးသားဆုံး မသွားလို့ မရတော့ဘူး။ အဲဒီလို မသွားတဲ့ သူတွေကို လူတွေ အမြင်စောင်းခြင်းတွေ ကြုံရတယ်။ မေးခွန်းထုတ်တာတွေ၊ သံသယနဲ့ ကြည့်တာတွေ ကြုံရတယ်။ ပြီးတော့ ကျွန်တော်နေတဲ့ မန္တလေးမြို့ကလည်း အနုပညာမြို့ ဖြစ်နေတယ်။ သူတို့ဆီကနေ ဆုံးမမှုတွေ ထပ်ပြီး ကြားရတယ်။ ဒီအနုပညာဆိုတဲ့အရာက ပြင်ပမှာ ရှိတာတွေ ထင်ဟပ်ခြင်းလို့ သိတဲ့အတွက် နောက်ပိုင်း ကျွန်တော့် Lifeအစစ်ကိုပဲ ထည့်ရေးတယ်။

**ကိုယ်က အောက်ခြေကတက်လာသူဆိုတော့ ကြီးမားတဲ့အောင်မြင်မှုတွေ တွေ့ကြုံရလည်း အောက်ခြေလွတ်မယ့်သူတော့ မဟုတ်လောက်ဘူးနော်။ ဒါက အောင်မြင်မှုကို ဖျက်ဆီးတဲ့ အရာပဲလေ။**

ကျွန်တော် ရှေ့ဆက်ရမယ့်အချိန်မှာ ဒီ Life ကလေးမှာပဲ ဆက်နေဖို့ လိုတယ်ဗျ။ ဒီLife ဆိုတဲ့ အဓိပ္ပာယ်က ကိုယ့်သူငယ်ချင်းတွေ၊ ကိုယ့်မိတ်ဆွေတွေ၊ ကိုယ့်မိဘတွေ သူတို့နဲ့ပဲ ဒီLife လေးထဲမှာ ဆက်နေရင်းကပဲ၊ အလုပ်ကြိုးစားရင်းကပဲ J Fire ကြီးက အောင်မြင်သွားပြီးတော့ အောင်ကိုငြိမ်း ဆိုတာကြီးကတော့ ဒီLife ထဲမှာပဲ သာသာယာယာနဲ့ နေထိုင်ရမယ်ပေါ့။ ဒီလိုပဲ ခံယူထားတယ်။ ပြောင်းလဲသွားခြင်း၊ မသွားခြင်းက ကျွန်တော့်မှာ ရှိမှာမဟုတ်ဘူး။ ကျွန်တော် ခံစားရသမျှတွေကို အကောင်းဆုံး လုပ်ပြီး ရှေ့ဆက်သွားမယ်လို့ပဲ ခံယူထားတယ်။ ဘာကြောင့်အနုပညာရှင် ဖြစ်ချင်ခဲ့တာလဲဆိုရင် လူတွေရဲ့ လိုအပ်ချက်တွေကို အနုပညာနဲ့ ဖြည့်ဆည်းပေးချင်လို့ပေါ့နော်။ ဖြစ်လည်းဖြစ်နေတုန်းပါပဲ။ ဆက်လည်းလုပ်နေဦးမှာပါပဲ-လို့ J Fire က ပြောပြခဲ့ပါတယ်။ ■

**မန်းသူ**




www.burmeseclassic.com

www.burmeseclassic.com



# သီချင်းတွေနဲ့ ခံစားချက်တွေ အများကြီးပေးချင်တဲ့သူ

မနိုးသူ



ဇွန်လ ၁၇ ရက်နေ့။ International Father Day မှာ မှတ်မှတ်ရရ သီချင်းဆိုရင်း၊ ပထမဆုံး စင်အတွေ့အကြုံကို ရင်ခုန်စိတ်လှုပ်ရှားမှုများနဲ့ စတင်ခဲ့ရင်း ဖခင် အဲလက်စ်ရဲ့ အဆိုတော် ခံစားမှုကို ကိုယ်ချင်းစာနာခဲ့သူလေး Dora Alex .

'ဒီနေ့ Yangon Zay မှာ သီချင်းဆိုတာကို အရမ်းမှတ်မိနေမှာပဲ' လို့လည်း သူလေးက ဆိုတယ်။ Dora Alex ရဲ့ ပထမဆုံး စင်မြင့်ဖျော်ဖြေမှုမှာတော့ ဖခင် အဲလက်စ်က စင်အောက်ကနေ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



အားပေးသူ။ အဖေ အဲလက်စ်သမီး ပီသစွာ၊ အဖေ့ခြေရာနင်း ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဆို သီချင်းတွေနဲ့ မကြာခင် တစ်ကိုယ်တော်တေးစီးရီး *First Things First EP Album* ထွက်ရှိဖို့ အဆင်သင့်ဖြစ်နေတဲ့ ဂီတမျိုးဆက်သစ် ကောင်မလေးကို ရွှေအမြုတေရဲ့ ဒီလဖုံးငုံပွင့်သစ်အဖြစ် Yangon Zay ပွဲတော်မှာ သူဆိုတဲ့ သီချင်းတွေ နားဆင်ခံစားရင်း တွေ့ဆုံခဲ့ပါတယ်။

**သီချင်းတွေဆိုဖို့အတွက် ဘယ်လို သင်ကြားပြင်ဆင်မှုတွေ လုပ်ခဲ့ဖူးလဲ။**

သီချင်းအမျိုးအစားကတော့ အကုန်လုံးနားထောင်ဖို့အတွက် လုပ်တယ်။ ကိုယ် အစကတည်းက နားထောင်တဲ့ အမျိုးအစားကလည်း နည်းနည်း Very ဖြစ်တယ်။ မတူတဲ့ဟာလေးတွေ နားထောင်ဖြစ်တယ်။ ဂီတနဲ့ပတ်သက်လို့ ဘယ်လို ပြင်ဆင်မှုတွေ လုပ်နေလဲဆိုတော့ ကီးဘုတ်တီးတယ်။ ဂစ်တာတီးတယ်။ အဲဒီနှစ်ခုကလည်း အိမ်မှာနေရင်း အားအားယားယားတီးနေလို့ရှိရင် တစ်နေ့ထက် တစ်နေ့တော့လေ ပိုတီးတတ်လာတာပါပဲ။ သင်တန်းတော့ မသွားဖြစ်ဘူး။

**Vocal ပိုင်းနဲ့ပတ်သက်လို့ရော အဖေက ဘယ်လို Guide Lines ပေးလဲ။ ဒီအခွေက ဦးကျားပေါက်နဲ့ လုပ်မယ်ဆိုတာလည်း သိထားတော့လေ။**

ဒီအခွေအတွက်တော့ သီချင်းဆိုသင်တန်း Vocal Exercise တစ်ခါမှ မလုပ်ဖူးဘူး။ အဖေကလည်း တစ်ခါမှ သီချင်းဘယ်လိုဆိုရလဲဆို တာ မသင်ပေးဖူးဘူး။ ဒါပေမဲ့ အဖေရော၊ ဦးကျားပေါက်ရော သမီးကို ခံစားချက်လေးနဲ့ Mode လေးနဲ့ ဆိုဖို့အတွက်ပဲ ပြောပါတယ်။ ဒီအခွေထဲမှာလည်း Vocal သင်တန်းကြီးတွေတက်ပြီးတော့မှဆိုတာ မရှိပါဘူး။ ရင်ထဲမှာ ရှိတဲ့အတိုင်းပဲ ဆိုပါတယ်။

**ဒီအခွေလုပ်မယ်လို့ စိတ်ဆုံးဖြတ်တာကရော ကြာပြီလား။ တကယ်လုပ်ဖြစ်ခဲ့တဲ့ အချိန်ကာလလေးရော မှတ်မိလား။**

ဒီအခွေလုပ်မယ်လို့ ဆုံးဖြတ်တဲ့နေ့က ၂၀၁၆ ဇွန်၊ ဇူလိုင်လောက်က စ,စီစဉ်တာပါ။ အခုဆို ၂ နှစ်လောက်တော့ရှိပါပြီ။ အားတဲ့အချိန်လေးပဲ သွင်းဖြစ်နေတာမို့လို့လေ။ တစ်ခါမှလည်း ဒီလ၊ ဒီရက်မှာ အခွေထုတ်မယ်လို့ ရက်သတ်မှတ်မထားတော့လေ အခုလို ၂ နှစ်အထိ ကြာသွားတာပါ။ အခုတော့ သီချင်းအားလုံးသွင်းပြီးပါပြီ။

**အခွေအတွက်သီချင်းတွေက သမီးစိတ်ကြိုက်တွေပဲလား။ အသက်ငယ်သေးတော့ အဖေကရော ဘယ်လို အကြံပြုချက်တွေရှိလဲ။**

အခွေထဲ ထည့်ဖို့သီချင်းတွေအားလုံးက သမီးရေးထားတဲ့ သီချင်းတွေချည်းပါပဲ။ တစ်ခွေလုံးမှာ ၈ ပုဒ်ပါတယ်။ ၈ ပုဒ်မှာ ၇ ပုဒ်က သမီး ရေးထားတယ်။ တစ်ပုဒ်က ဦးကျားပေါက်ရေးတာကို ထည့်ထားတယ်။ အဖေက ဘယ်လိုအကြံပေးလဲဆိုတော့ သီချင်းတွေ ဆက်နားထောင်နေဖို့၊ သီချင်းတွေ ဆက်ရေးနေဖို့၊ ရေးတာကို မကျဲသွားစေဖို့ အမြဲပြောပါတယ်။ ဒါပေမဲ့ တက္ကသိုလ်သွားရင်တော့ အခုထက်တော့ ကျဲရင် ကျဲသွားမှာပေါ့နော်။ အဖေက သီချင်းနဲ့ အဆက်မပြတ်သွားဖို့ ပြောပါတယ်။ ဘာလို့လဲဆိုတော့ ဒါဟာ ကိုယ့်အသည်းနှလုံးထဲက လုပ်ချင်တဲ့အရာလေးမို့လို့။

**ကိုယ်တိုင် ရေး၊ ဆို က အရမ်းခက်တယ်။ တော်ရုံတန်ရုံ အနုပညာနှလုံးသားနဲ့လည်း ဒီလမ်းကို လျှောက်လို့ မရဘူး။ သီချင်းလေးတွေကို ဘယ်လိုစိတ်ကူးနဲ့ ရေးမိလဲ။**

စိတ်ကူးက ပေါ်လာတာတော့ မဟုတ်ဘူး။ ဒီတိုင်းပဲ ကိုယ့်မှာက ဘာပဲဖြစ်ဖြစ် ခံစားချက်က တစ်ခု မဟုတ်တစ်ခု ရှိနေတာကိုး ။ သီချင်းတစ်ပုဒ်အနေနဲ့ ချရေးနိုင်လိုက်တဲ့ အကျင့်လေးက လွန်ခဲ့တဲ့ ၂ နှစ်၊ ၃နှစ် ကတည်းက စလုပ်ဖြစ်တော့၊ သမီးကိုယ်တိုင်ရေးထားတဲ့ သီချင်းလေးတွေကို ဦးကျားပေါက်က နားထောင်မိတော့ သူက အခွေထုတ်ချင်တယ်လို့ ပြောတာပါ။ သီချင်းတွေကိုယ်တိုင်ရေး၊ဆိုမယ်လို့ ရည်မှန်းချက်ကြီး ရှိသွားတာတော့ မဟုတ်ပါဘူး။

**ဘယ်လို အကြောင်းအရာ၊ အမျိုးအစား ပိုများလဲ။ လူငယ်ဖြစ်တော့ လူငယ်ပိုင်း ခံစားချက် ပိုများလား။ လူငယ်ကို ကိုယ်စားပြုလား။**

သမီးရေးတဲ့ သီချင်းတွေက သမီးခံစားချက် အကြောင်းလေးတွေပါပဲ။ လူငယ်ကို ကိုယ်စားပြုတယ်လို့ ပြောလိုက်ရင် သို့မဟုတ် လူကြီးကို ကိုယ်စားပြုတယ်လို့ ပြောလိုက်ရင် ဒီအနုပညာကို နားထောင်ရတာက အကန့်အသတ်ကြီးနဲ့ ဖြစ်သွားမယ်လို့ ထင်တယ်။ ဒီတော့ လူတိုင်းနားထောင်လို့ ရပါတယ်။ လူတိုင်းလည်း ခံစားလို့ ရပါတယ်။ သမီးရေးထားတဲ့သီချင်း ၇ ပုဒ်မှာ တစ်ပုဒ်မဟုတ်၊ တစ်ပုဒ်ဟာ ခံစားချက်တူညီတာလေးတွေ တွေ့မယ်လို့ ထင်ပါတယ်။

**သီချင်းတွေကို ဘယ်**



www.burmeseclassic.com

www.burmeseclassic.com

**အချိန်မှာ ရေးချင်စိတ် ပေါ်လာလဲ။**

သီချင်းရေးဖို့ စိတ်ကူးပေါ်လာတဲ့အချိန် အများစုကတော့ စာကျက်တဲ့အချိန်ပါပဲ။ တစ်ခါတလေကျရင်တောင် ငါစာမလုပ်ချင်လို့ ဆင်ခြေတွေပေးနေတာလားလို့ ထင်မိတယ်။ ဒါပေမဲ့ မဟုတ်ပါဘူး။ အဲဒီအချိန် သီချင်းရေးချင်လာတာတော့ အများဆုံးပဲ။ အဲဒီအချိန်မှာ လုပ်နေတဲ့စာကို ရပ်ပြီးတော့ကို သီချင်းရေးဖြစ်သွားတယ်။

**အဲဒါကို ဖေဖေ၊ မေမေတို့ကရော ဘယ်လိုကွန်မန့်ပေးလဲ။**

စာကျက်နေတဲ့အချိန်မှာ ပေါ်လာတဲ့သီချင်းကို ကောက်ချ မရေးလိုက်ရင် နောက်နေ့ စာမကျက်ရတော့တဲ့အချိန်မှာ အဲဒီသီချင်း ပြန်ရေးလို့မှ မရတော့တာ။ ကျက်နေတဲ့ စာမေးပွဲအတွက်လည်း ကျသွားတာမှ မဟုတ်တာ။ ဘာမှမပြောဘူး။ လုပ်ချင်တာသာလုပ်။

**Recording စ,ဝင်တဲ့နေ့လေးကို မှတ်မိလား။ အဲဒီ Feeling လေးကရော။**

ပျော်တယ်။ အရမ်းပျော်ဖို့ ကောင်းတယ်။ အဲဒီနေ့ကလေ မှတ်မှတ်ရရ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့။ ရင်ထဲမှာ မှတ်ထားတယ်။ ပထမဆုံးနေ့တွေက ဘယ်တော့မှ ပြန်မရဘူးလေ။

**အဲဒီပထမဆုံး Recordingက တစ်ခါတည်းနဲ့ ပြီးလား၊ ထပ်ပြီးသွင်းခဲ့ရသေးလား။**

အဲဒီသီချင်းကတော့ အမှန်တကယ် ပြန်ဆိုစရာမလိုလောက်အောင် အဲဒီနေ့မှာ ကောင်းသွားတယ်။ ဒါပေမဲ့ အဲဒီဟာကို မယူဖြစ်လိုက်ဘူး။ ဘာလို့လဲဆိုတော့ Studio ပြောင်းသွားတော့ Data က Lost ဖြစ်သွားတော့ အစအဆုံးပြန်ဆိုလိုက်ရတယ်။ အခုမထွက်ခင် နောက်ဆုံးတစ်ပုဒ်ရဲ့ ရှေ့ဆုံးတစ်ပုဒ်မှာ ပြန်သွင်းလိုက်ရတယ်။

Dora Alex က 'ကိုယ့်မှာ တကယ်ကို မှန်ကန်တဲ့ ခံစားချက်လေးတွေကို သီချင်းရေးမိတဲ့အခါတိုင်း အဲဒီအတိုင်းလေးပဲ ဖော်ပြချင်ပါတယ်။ ဒါပေမဲ့ အနုပညာသမားတစ်ယောက်ဆိုတာလေ အခွေမထုတ်ဖြစ်လည်း ကိုယ့်ကိုယ်ကို အနုပညာသမားအဖြစ် ခံယူပါတယ်။ Artist တစ်ယောက်အဖြစ် ခံယူပါတယ်။ တက္ကသိုလ်သွားဖြစ်လည်း စာကျက်ချိန်မှာ ထ,ရေးလိုက်ရတဲ့သီချင်းက ကိုယ့်စိတ်ကို ပျော်ရွှင်သွားစေပါတယ်။ ဒီတော့ ကိုယ့်အတွက်ကို လုပ်တယ်လို့ပဲ ခံယူပါတယ်။ အခွေထွက်လာလို့ရှိရင်လည်း ပရိသတ်ကို ခံစားချက်တွေ အများကြီးပေးချင်ပါတယ်-လို့ ပြောပြခဲ့ပါတယ်။ ■ **မန်းသူ**





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်ဦး ရုပ်ရှင်
ထုတ်လုပ်ရေးအတွက်
ကိုကျော်လင်းထွန်း
စီစဉ်ပြီး စာရေးဆရာမ
လွန်းထားထား
(ဆေးတက္ကသိုလ်)ရဲ့
ဝတ္ထုကို မိုးနီလွင်
ဇာတ်ညွှန်းရေးပေးထားတဲ့
**ရှုံ့သူ** အမည်ရှိ
ရုပ်ရှင်ကားတစ်ကားကို
ဒါရိုက်တာ မီးပွားက
သရုပ်ဆောင် နေမင်း၊
ဝတ်မှုံရွှေရည်၊ နေခြည်ဦးနဲ့
အနုပညာရှင်များစွာ
ပါဝင်သရုပ်ဆောင်ပြီး
ရိုက်ကူးခဲ့ပါတယ်။
ရုပ်ရှင်ဆင်ဆာအဖွဲ့မှ
ကြည့်ရှုစစ်ဆေးပြီးဖြစ်တဲ့
အတွက် မကြာမီ ရုံတင်
ပြသနိုင်ဖို့ စီစဉ်နေပြီ
ဖြစ်ပါတယ်။
ဒီဇာတ်ကားမှာ
ဝတ်မှုံရွှေရည်က
ထူးထူးခြားခြား
ယောကျ်ားလျာလေး
ဆန်းကြယ်အဖြစ်
သရုပ်ဆောင်ထားတာ
ဖြစ်ပါတယ်။
ဆန်းကြယ်နဲ့
သက်ထင်(နေမင်း)တို့က
ငယ်စဉ်တောင်ကျေး
ကလေးဘဝအရွယ်
ကတည်းက
အိမ်နီးချင်းတွေဖြစ်ကြပြီး
အသက်အရွယ်အားဖြင့်လည်း
မတိမ်းမယိမ်းဖြစ်ကာ
မိဘများကလည်း
ခင်မင်ရင်းနှီးသူများ
ဖြစ်ကြပါတယ်။
ဆန်းကြယ်နဲ့
သက်ထင်တို့က
ကလေးဘဝမှာကတည်းက
ဘောလုံးကန်ဖက်၊



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တက်၊ ရေကူး၊ အပြေးပြိုင် စသဖြင့် ပြိုင်ဘက်များ ဖြစ်ခဲ့ပါတယ်။ အရွယ်ရောက်လာချိန်မှာ သက်ထင်က ဆန်းကြယ်ကို ယောကျ်ားကလေးတစ်ယောက်အဖြစ်သာ အသိအမှတ်ပြုထားတဲ့အတွက် ဂရုမစိုက်မိပါ။ ဆယ်တန်းအောင်လို့ သက်ထင်ကို မိဘတွေက ပြိုင်ကားဝယ်ပေးတဲ့အခါ ဆန်းကြယ်ကလည်း သူ့မိဘများကို ပြိုင်ကားဝယ်ပေးဖို့ ပူဆာတဲ့အထိ နှစ်ယောက် အပြိုင်ဖြစ်ခဲ့ပါတယ်။

သက်ထင်က ‘နင်က မိန်းကလေးနော်၊ အရာရာ ငါလုပ်သမျှ လိုက်လုပ်လို့ရမယ်ထင်မနေနဲ့။ ကိုယ့်နေရာကိုယ်နေ’ လို့ အနိုင်ပိုင်းစကားပြောပေမဲ့ ဆန်းကြယ်ကတော့ မလျှော့ပါဘူး။ ဆန်းကြယ်ကလည်း ‘စမ်းကြည့်လေ၊ နင်လုပ်တာ ငါ ဘာလို့ မလုပ်နိုင်ရမှာလဲ။ လူလူချင်း ဒီခေတ်မှာ ကျား၊ မ လာခွဲမနေနဲ့၊ ဒါ လူ့အခွင့်အရေးပဲ’ လို့ ပြန်ပြောပါတယ်။ ဒီအခါ သက်ထင်က ‘ငါက မိန်းမယူမှာ။ နင်လုပ်လို့ ရမလား၊ ပြော’ လို့ အနိုင်ပိုင်းစကား ပြောတဲ့အခါမှာ ဆန်းကြယ်က ‘နင်ကြိုက်တဲ့ ကောင်မလေးကို ငါရအောင် လိုက်ပြမယ်’ လို့ စိန်ခေါ်ခဲ့ပါတယ်။

နည်းပညာတက္ကသိုလ် ကျောင်းသား သက်ထင်က ကျောင်းလစ်ပြီး တခြားတက္ကသိုလ်မှ အလှဘုရင်မလေး လေပြေနု(နေခြည်ဦး)ကို အသည်းအသန်ကြိုက်ပြီး လိုက်နေပါတယ်။ ဒီသတင်းကို ဆန်းကြယ် သိလိုက်ရတဲ့



www.burmeseclassic.com

အခါမှာ သက်ထင်ကို စိန်ခေါ် ခဲ့တာ သတိရပြီး လေပြေနု ကို ချဉ်းကပ်ပါတော့တယ်။

လေပြေနုက သူ့ကို ချဉ်းကပ်လာတဲ့ သက်ထင်ကို လက်မခံဘဲ ခါးခါးသီးသီး ငြင်းဆန်နေတဲ့အချိန် ယောကျ်ား လျာလေး ဆန်းကြယ်က ချဉ်း ကပ်လာပြန်တာကြောင့် စိတ် ရှုပ်ရပါတယ်။ ဒါပေမဲ့ ဆန်း ကြယ်က 'မင်း ကိုယ့်ကို ချစ် သူလိုလည်း တွဲလို့ရတယ်။ မိတ်ဆွေလိုလည်း တွဲလို့ရ တယ်။ မင်းအနားကို ကပ် လာတဲ့ ယောကျ်ားတွေကို ကိုယ်ရှင်းမယ်။ အထူးသဖြင့် သက်ထင်ဆိုတဲ့ကောင် မကပ် စေရဘူး' လို့ ဆိုတဲ့အတွက် ဆန်းကြယ်ကို မိတ်ဆွေတစ် ယောက်အဖြစ် လက်ခံခဲ့ပါ တယ်။ သက်ထင်ရဲ့ရှေ့မှာ ဆန်းကြယ်က လေပြေနုကို ပိုင်ပိုင်နိုင်နိုင် တွဲသွားတွဲလာ လုပ်ပြတဲ့အပြင် မုန့်ခွံ့ကျွေး သည်အထိ အခွင့်အရေးရခဲ့ပါ တယ်။

မမျှော်လင့်ဘဲ လေပြေ က သက်ထင်ကို အခွင့် အရေးပေးလိုက်ပြီး ချစ်သူ ဘဝရောက်သွားတဲ့ အခါ ဆန်းကြယ် မခံမရပ်နိုင် ဖြစ် ရပါတော့တယ်။ လေပြေနုနဲ့ ဆန်းကြယ်တို့ အတိုက်အခံ စကားများရတဲ့အထိ ဖြစ်ခဲ့ကြ တယ်။

❑

မိန်းကလေးတစ် ယောက်က ယောကျ်ားလေး စိတ်ဝင်တယ်ဆိုပေမဲ့ သူဟာ မိန်းကလေးသာဖြစ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com





စိတ်ဓာတ်အားဖြင့်လည်း မိန်းကလေးစိတ်ဓာတ်သာရှိတာပါ။ အထူးသဖြင့် အချစ်ရေးကိစ္စနဲ့ ပတ်သက်လာတဲ့အခါမှာ မိန်းကလေးချင်း ပိုးပန်းတယ်ဆိုပေမဲ့ အမှန်တကယ် နှလုံးသားထဲမှာတော့ မိန်းမပီပီ ယောကျ်ားကလေးများကိုသာ ချစ်တတ်မြဲဖြစ်ပါတယ်။

**ရန့်သူ** ရုပ်ရှင်ကားမှာလည်း ယောကျ်ားလျာလေးအဖြစ် သရုပ်ဆောင်ထားတဲ့ ဆန်းကြယ်ရဲ့ စိတ်ထဲမှာလည်း လေပြေနုထက် သက်ထင်သာ နေရာယူထားတာပါ။ ဒါပေမဲ့ ဖွင့်မပြောသာတဲ့ဘဝ ဖြစ်နေပါတယ်။ တက္ကသိုလ် ပညာသင်နှစ်များ ကုန်ဆုံးပြီး ကြင်ရာစုံရမယ့် ကာလကို ရောက်လာခဲ့ပါပြီ။ ဆန်းကြယ်က ထူးထူးခြားခြား မိန်းကလေး လိုဝတ်ပြီး နိုင်ငံခြားမှာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ဖို့ ထွက်ခွာသွားခဲ့ပါတယ်။ သက်ထင်နဲ့ လေပြေနုတို့ အချစ်ရေးအဆင်ပြေပြီး လက်ထပ်ဖို့ စီစဉ်နေကြတဲ့အခါ နိုင်ငံခြားမှာရောက်နေတဲ့ ဆန်းကြယ် မိန်းကလေးဘဝနဲ့ ပြန်ရောက်လာပါတယ်။ သက်ထင်နဲ့ အရင်လိုပဲ မောင်ရင်းနှမသဖွယ်နေကြပေမဲ့ သူ့ရင်ထဲမှာတော့ သက်ထင်ကို အရပြန်ယူချင်စိတ်ရှိပါတယ်။ မင်္ဂလာမဆောင်မီ တစ်ညမှာ ဆန်းကြယ်က သက်ထင်ကို ဖုန်းဆက်ပြီး နောက်ဆုံးနှုတ်ဆက်စကား ဆိုချင်ပါတယ်လို့ တောင်းဆိုလာတာကြောင့် ဆန်းကြယ်ကို သွားတွေ့ပါတယ်။ ဆန်းကြယ်က တကယ်လို့ သူသာ မိန်းကလေးလို ဝတ်ခဲ့မယ်ဆိုရင် သက်ထင် သူ့ကို ချစ်နိုင်မလားလို့ အကျပ်တွေ့စေမယ့်မေးခွန်းကို မေးလာခဲ့ပါတယ်။ သက်ထင်က ဆင်ဝှေ့ရန်ရှောင် ဖြေနေတဲ့အခါ ဆန်းကြယ်က သူ့ကို တစ်ခါမှ မချစ်ဖူးဘူးလားလို့ အကျပ်ကိုင်မေးမြန်းပါတော့တယ်။ သက်ထင်ရင်ထဲမှာ တစ်ခါတုန်းက ဆန်းကြယ်ရှိခဲ့ဖူးတာကြောင့် သိပ်ချစ်ခဲ့ဖူးပါတယ်လို့ ဖြေလိုက်ပါတယ်။ သက်ထင်ရဲ့အဖြေကို ရရှိသွားတဲ့အခါ ဆန်းကြယ်က ကျေနပ်သွားပါတယ်။ နောက်တစ်နေ့မနက်မှာ သူလည်း ပြည်ပကို ပြန်လည်ထွက်ခွာသွားတော့မှာဖြစ်တယ်လို့ နှုတ်ဆက်ခဲ့ပါတယ်။ သတို့သမီး လေပြေနု ပြင်ဆင် ဖြီးလိမ်းနေတဲ့အချိန် လေပြေနုဆီကို ဖုန်းဝင်လာခဲ့ပါတယ်။ ဆန်းကြယ်ဆက်တာပါ။ ဆန်းကြယ်ပြောလိုက်တဲ့ စကားကြောင့်…။ ဒါရိုက်တာ မီးပွားရဲ့ လက်ရာ ရုပ်ရှင်ကားကောင်းများ မကြည့်ရတာကြာပြီဖြစ်တဲ့ ပရိသတ်အတွက် **ရန်သူ** ဟာ တသိမ့်သိမ့်နဲ့ ကြည့်လို့ကောင်းတဲ့ ရုပ်ရှင်ကားတစ်ကား ဖြစ်လာခဲ့ပါတယ်။

■

**မိုးကျော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com



# တွမ်ခရုစ်ရဲ့ကမ္ဘာ

**ဇာနည်ညီမိုး**

သူ့ကိုကြည့်လိုက်ရင်
အမြဲတမ်း ပြုံးနေတတ်တဲ့
မင်းသားတစ်လက်ပါ။
ဇူလိုင်လ ၂၂ ရက်နေ့က
**Mission Impossible:Fallout**
ရုပ်ရှင်ဇာတ်ကား
အထူးပွဲပြသဖို့အတွက်
National Air and Space Museum
ရှိရာ ဝါရှင်တန်ဒီစီကို
သူရောက်လာတဲ့အချိန်မှာ
ရာသီဥတုက ဆိုးရွားနေပါတယ်။
ဒါပေမဲ့ တွမ်ကတော့ မမှုပါဘူး။

သူ့ရှေ့မှာ ဘာအတားအဆီးမှ
ရှိလို့ မရပါဘူး။
ထုံးစံအတိုင်း တွမ်က
(သူက ဇူလိုင်လ ၃ ရက်နေ့မှာ
အသက် ၅၆ နှစ် ပြည့်ခဲ့သူပါ။)
ရာပေါင်းများစွာသော
သူ့ပရိသတ်တွေအတွက်
လက်မှတ်ထိုးပေးဖို့၊
ဓာတ်ပုံအရိုက်ခံဖို့ ၃ နာရီစောပြီး
ရောက်ရှိလာခဲ့ပါတယ်။
ပရိသတ်တွေနဲ့ တွေ့ပြီးမှ
သူ့အဓိကတာဝန်ဖြစ်တဲ့
ရုပ်ရှင်ကားပြသရေးကို
ဆောင်ရွက်မှာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




ပရိသတ်များကြားက တွမ်ခရုစ်၊ သူလိုလူ ဟောလိဝုဒ်မှာ
တစ်ယောက်မှ မရှိပါဘူးလို့ အတွင်းသိတစ်ဦးက ဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီရုပ်ရှင်ကားက ဘယ်အမျိုးသားသရုပ်ဆောင်မှ ကိုယ်တိုင်ကိုယ်ကျ မလုပ်ဖူးတဲ့ စွန့်စားခန်းတွေကို သူကိုယ်တိုင် လုပ်ထားတဲ့ ရုပ်ရှင်ကား ဖြစ်ပါတယ်။ ဒီကားမှာ ပျံသန်းနေတဲ့ လေယာဉ်ရဲ့ အပြင်ဘက်ကို ထွက်ပြခဲ့တယ်။ တောင်စွန်းတစ်ခုကနေ တွဲလောင်းခိုခဲ့ရတယ်။ ပဲရစ်မြို့မှာ အမြင့်ပေ ၂၅၀၀၀ ကနေ ကိုယ်တိုင်ကိုယ်ကျ ခုန်ချပြခဲ့ပါတယ်။


ဒီလိုစွန့်စားခန်းတွေ ကိုယ်တိုင်ကိုယ်ကျ လုပ်ဖြစ်တာနဲ့ပတ်သက်ပြီး တွမ်က 'ကျွန်တော်က အသက် ၄ နှစ်သားကတည်းက ရုပ်ရှင်ရိုက်ချင်ခဲ့တာပါ'လို့ People မဂ္ဂဇင်းနဲ့ တွေ့ဆုံရာမှာ ပြောကြားခဲ့ပါတယ်။ 'ပရိသတ်ကို ဖျော်ဖြေဖို့ဆိုတာဟာ ကျွန်တော့်အိပ်မက်ပါပဲ။ အခုတော့ ကျွန်တော် လုပ်ပြနိုင်ခဲ့ပါပြီ' လို့လည်း ဆိုပါတယ်။

လေထဲက စွန့်စားခန်းများ ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ပြတဲ့ တွမ်နဲ့ပတ်သက်ပြီး သူ့သူငယ်ချင်းတစ်ယောက်က 'ဘယ်တော့မှ မမောနိုင်မပန်းနိုင်တဲ့သူ'လို့ တင်စားခဲ့ပါတယ်။ ဝါရှင်တန်ဒီစီမှာ ရုပ်ရှင်ကားပြပြီးရင် သူက ကမ္ဘာ့တိုက်ကြီး ၃ တိုက်မှာရှိတဲ့ မြို့ ၇ မြို့ကို ရုပ်ရှင်ကား ပရိုမိုးရှင်းအတွက် သွားရောက်ဦးမှာ ဖြစ်ပါတယ်။ သူ့အသက်အရွယ်နဲ့ စွန့်စားခန်းတွေ ရိုက်ရတယ်ဆိုတာ တကယ်တော့ အန္တရာယ် များလွန်းပါတယ်။ ဒါပေမဲ့ တွမ်ကတော့ ဘယ်တော့မှ လက်မလျှော့ပါဘူး။

သူနဲ့အတူ Fallout ဇာတ်ကားမှာ တွဲဖက်သရုပ်ဆောင်ခဲ့တဲ့ ဆိုင်မွန်ပက်ဂ်ကဆိုရင် 'ဒီလူက တော်တော်အံ့သြစရာ ကောင်းတဲ့လူ။ လူတွေက သူ့ကို အမျိုးမျိုးမြင်ကြပေမဲ့ တကယ်တော့ သူက ဘာမှမလုပ်တဲ့သူပါ။ သူ့ကို အနီးကပ်ပေါင်းကြည့်မှ သူဟာ တရားမျှတမှုကို နှစ်သက်တဲ့သူဖြစ်တယ်ဆိုတာ သိရပါတယ်။ အဲဒါက တော်တော်ကို အံ့သြစရာကောင်းပါတယ်' လို့ ပြောကြားခဲ့ပါတယ်။

တွမ်က လွန်ခဲ့တဲ့ နှစ်တော်တော်ကြာကြာကတည်းက အင်တာဗျူးများကို ရှောင်ခဲ့ပါတယ်။ သူ့အကြောင်း

Fallout ဇာတ်ကားမှာ တိုက်တစ်ခုပေါ်မှ တစ်ခုပေါ်သို့ ခုန်ကူးရင်း ညာဘက်ခြေချင်းဝတ် ကျိုးခဲ့ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



တွမ်ရဲ့ ထူးခြားချက်ကတော့ သူနဲ့တွေ့ဖူးသူတိုင်းရဲ့ အသေးစိတ် အချက်အလက်တွေကို မှတ်မိလေ့ရှိပြီး ကျောင်းသားဘဝက အမှုအရာမျိုး ရှိနေဆဲပါပဲ။



ကောင်းကောင်းသိတဲ့သူတွေကလည်း သူ့အပေါ်မှာ သစ္စာစောင့်သိကြတဲ့ အတွက် တစ်စွန်းတစ်စမျှ ထုတ်ဖော်ပြောကြားလေ့ မရှိပါဘူး။

တွမ်က ရုပ်ရှင်ကားအတွက် သူစွန့်စားခဲ့တာတွေနဲ့ ပတ်သက်လို့တော့ ပြောပြပါတယ်။ 'ကျွန်တော်က အားကစားကို လိုက်စားခဲ့ပါတယ်'လို့ ဆိုတယ်။ သူ့မျက်လုံးများက ပရိသတ်အပေါ် ဝေ့ဝဲနေပါတယ်။ တကယ်တော့ အသက် ၅၀ ကျော်လူတစ်ယောက်အနေနဲ့ မလုပ်သင့်တော့တဲ့ အလုပ်တွေပါ။ 'ကျွန်တော်က အမြင့်တက်ရတာကို ဝါသနာပါတယ်။ မော်တော်ဆိုင်ကယ်စီးရတာကိုလည်း ကြိုက်တယ်။ ကားကို ခပ်ကြမ်းကြမ်းရမ်းရမ်း မောင်းရတာလည်း ဝါသနာပါ,ပါတယ်။ အဲဒါအပြင် လေယာဉ်ပျံမောင်းရတာ၊ လေယာဉ်ပေါ်က ခုန်ချရတာတွေကိုလည်း နှစ်သက်ပါတယ်'လို့ ပြောပြခဲ့ပါတယ်။ သူနဲ့ပတ်သက်ပြီး စိတ်ဝင်စားစရာကောင်းတဲ့အချက်တွေ အများကြီး ရှိပါတယ်။ ၁၉၈၆ ခုနှစ်တုန်းကဆိုရင် **The Color of Money** ဇာတ်ကားကို သူ့သူငယ်ချင်းဖြစ်တဲ့ ရုပ်ရှင်သရုပ်ဆောင် ပေါလ်နျူမဲန်နဲ့ သရုပ်ဆောင်ခဲ့ပါတယ် (ပေါလ်က အခုတော့ ဂန္တဝင်ရုပ်ရှင်မင်းသားကြီးတစ်လက် ဖြစ်သွားခဲ့ပါပြီ။)။ အဲဒီတုန်းက ပေါလ်က တွမ်ကို ဟောလိဝုဒ်မှာ ဖြစ်ပေါ်တဲ့ အတင်းအဖျင်း သတင်းတွေကို ဂရုစိုက်ဖို့လိုတယ်လို့ သတိပေးခဲ့ဖူးပါတယ်။ ၂၀၁၂ ခုနှစ်မှာ ဇနီးဖြစ်သူ ကေတီဟုမ်းစ်နဲ့ ကွာရှင်းပြတ်စဲတဲ့အခါ ဒီသတင်းက သူ့ကိုယ်ရေးကိုယ်တာ ကိစ္စများကိုပါ ဇာတ်ဆီလောင်းလိုက်သလို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်သွားခဲ့ပါတယ်။ အထူးသဖြင့် သူယုံကြည်ကိုးကွယ်ရာ ဘာသာတရားနဲ့ ပတ်သက်ပြီး ဝေဖန်တိုက်ခိုက်မှုတွေ ပေါ်ထွက်လာခဲ့တာပါ။ ဒါပေမဲ့ တွမ်ကတော့ သူ့ထုံးစံအတိုင်း မတုန်လှုပ်ခဲ့ပါဘူး။

သူ့ဘဝက သူ့အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ သရုပ်ဆောင်မှုနဲ့ တိုက်ရိုက်ဆက်သွယ်မှု ရှိနေပါတယ်။ သူက တစ်နှစ်ကို ရုပ်ရှင်ကား အနည်းဆုံး တစ်ကားသာ ရိုက်လေ့ရှိပါတယ်။ ဒါက လွန်ခဲ့တဲ့ နှစ် ၂၀ လောက်ကစပြီး ကျင့်သုံးခဲ့တဲ့ အကျင့်တစ်ခု ဖြစ်နေပါပြီ (သူ **Mission Impossible** ရုပ်ရှင်ဇာတ်ကားကို ၁၉၉၆ ခုနှစ်မှာ စတင်ရိုက်ကူးတဲ့အချိန် Pierce Brosnan က 007 အဖြစ် သရုပ်ဆောင်နေဆဲ ဖြစ်ပါတယ်)။ တွမ်ရဲ့ **Mission** ရုပ်ရှင်ကားက ဒေါ်လာ ၂ ဘီလျံအထိ ဝင်ငွေကောင်းခဲ့ပါတယ်။ အခု နောက်ဆုံးရိုက်ကူးထားတဲ့ **Fallout** ဇာတ်ကားမှာဆိုရင် လန်ဒန်မြို့ ဇာတ်ဝင်ခန်းတစ်ခုမှာ အဆောက်အဦတစ်ခုကနေ တစ်ခုကို ခုန်ကူးခဲ့ပါတယ်။ ဒီအခန်းကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ခဲ့တဲ့အတွက် သူ့ညာဘက်ခြေချင်းဝတ် ကျိုးသွားခဲ့ပါတယ်။ 'ကျွန်တော် ခြေချင်းဝတ်ကျိုးသွားခဲ့ပြီဆိုတာ ချက်ချင်း သိလိုက်ပါတယ်။ ဒါပေမဲ့ ကားရိုက်ကို မရပ်ဘဲ ရိုက်ကူးခဲ့တာပါ။ ကားရိုက်ပြီးမှ ကျွန်တော် ခြေထောက်ကျိုးသွားပြီဆိုတာ သိသွားကြပြီး ဆေးရုံကို ပို့ခဲ့ကြပါတယ်' လို့ ဘီဘီစီသတင်း



www.burmeseclassic.com

www.burmeseclassic.com

ထောက် ဂရေဟာမ်နော်တန်ကို ပြောပြခဲ့ပါတယ်။ တွမ်က ဖြစ်ပေါ်လာတဲ့ဝေဒနာကို သည်းခံနိုင်ခြင်းဟာ ငယ်စဉ်ကတည်းက ကျင့်ခဲ့တဲ့ ကျင့်စဉ်တစ်ခုကြောင့် ခံနိုင်ခြင်းဖြစ်တယ်လို့လည်း သုံးသပ်ပြပါတယ်။

တွမ်ဟာ အများအားဖြင့် သူ့ဘဝကို ဖိမ်ခံဟိုတယ်ကြီးများမှာ အချိန်ကုန်လေ့ရှိပါတယ်။ ရုပ်ရှင်တည်းဖြတ်တဲ့ အခန်းများမှာလည်း သူကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ဆောင်ပါတယ်။ တစ်နည်းပြောရရင်တော့ သူဟာ အလုပ်အပေါ်မှာ အာရုံစိုက်လွန်းသူတစ်ယောက်လည်း ဖြစ်ပါတယ်။ အလုပ်လုပ်တာကိုပဲ သူက အားကစားလေ့ကျင့်တယ်လို့ ခံယူထားသူပါ။

လက်ရှိ အိမ်ထောင်မရှိဘဲ ရည်းစားများနဲ့ ချိန်းတွေ့လေ့ရှိတယ်ဆိုတာ သူ့ပရိသတ်က သိကြပေမဲ့ တစ်ယောက်နဲ့မှ တည်တည်တံ့တံ့ အိမ်ထောင်ပြုဖို့ သူ့မှာ စိတ်ကူးရှိပုံ မရသေးပါဘူး။ 'ကျွန်တော့်မွေးနေ့တွေဆိုရင် ရိုက်ကွင်းပေါ်မှာပဲ ကျင်းပရပါတယ်။ တစ်ခါတလေ ဇာတ်ကားနောက်ဆုံး ဇာတ်ဝင်ခန်းရိုက်တဲ့နေ့နဲ့ ကြုံရင်ကြုံတတ်ပါတယ်။ မွေးနေ့ဆိုပေမဲ့ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး။ ကိတ်မုန့်လေး တစ်လုံးနဲ့ ပြီးတာပါပဲ။ ကျွန်တော့်အပေါင်းအသင်းတွေကလည်း ဒါကိုပဲ ပျော်နေတတ်ကြပါတယ်။ ပြီးရင် အလုပ်ဆက်လုပ်ကြမြဲပါ'လို့လည်း သူ့မွေးနေ့များအကြောင်း ပြောပြခဲ့ပါတယ်။ သူ့မိတ်ဆွေဖြစ်တဲ့ ပက်ဂ်က 'သူဟာ အလုပ်အပေါ်မှာ ရာနှုန်းပြည့် အာရုံစူးစိုက်တတ်သူ ဖြစ်တယ်'လို့ သုံးသပ်ပြပါတယ်။

အလုပ်အပေါ်မှာ အာရုံစူးစိုက်မှု အပြည့်အဝထားတဲ့ တွမ်က ဘာဂါစားရတာကို နှစ်သက်သလို က,ပွဲခန်းမမှာ က,ရတာကိုလည်း ကြိုက်ပါတယ်။ အားလပ်တဲ့အခါများမှာတော့ သူငယ်စဉ် သရုပ်ဆောင်ဘဝက စွန့်စားခဲ့တဲ့ စွန့်စားခန်းတွေအကြောင်း တမေ့တမောပြောပြနေတတ်ပါတယ်။ **Fallout** ဇာတ်ကားဒါရိုက်တာဖြစ်တဲ့ ခရစ္စတိုဖာက 'သူဟာ အရာရာကို အလေးအနက်ထားသူ ဖြစ်သလို ပျော်ပျော်ပါးပါးလည်း နေတတ်ပြန်တယ်'လို့ သုံးသပ်ပါတယ်။ သူက တွမ်နဲ့ အင်္ဂလန်နိုင်ငံမှာ ရုပ်ရှင်ကားပေါင်းများစွာ ရိုက်ကူးခဲ့ဖူးပြီး





ပဲရစ်မြို့မှာလည်း ဦးတွမ်ခရုဇ်းဟာ မော်တော်ဆိုင်ကယ်ကို အကြမ်းကိုင်း စီးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုးလ်မြို့ကို ရောက်ရှိစဉ်က ပရိသတ်များကြားမှာ တွေ့ရတဲ့ တွမ်။

ရင်းနှီးတဲ့ မိတ်ဆွေဖြစ်ပါတယ်။


**Fallout** ဇာတ်ကား ရိုက်ကူးနေစဉ်မှာ တွမ်က **Gladiator** ဇာတ်ကားထဲက သရုပ်ဆောင် Russell Crowe လို ကိုယ်တိုင်ကိုယ်ကျ သရုပ်ဆောင်ချင်ခဲ့ပါတယ်။ ဒါကြောင့် သူနဲ့တွဲဖက်သရုပ်ဆောင်တဲ့ ရေဗက္ကာဖာဂူဆန်က 'တွမ်က ကိုယ်တိုင်ကိုယ်ကျ လုပ်ရမှ ကျေနပ်တဲ့ သူလေ'လို့ ဆိုပြီး အဲဒီလို ကိုယ်တိုင်ကိုယ်ကျလုပ်တာတွေကို မနှစ်သက်ကြောင်း ပြောပြပါတယ်။

ဒါပေမဲ့ တွမ်ကတော့ အလုပ်ဟာ သူ့အတွက် ပထမဦးစားပေးပါပဲ။ များသောအားဖြင့် ဇာတ်ဝင်ခန်းများကို လန်ဒန်မှာ ရိုက်လေ့ရှိပါတယ်။ ၁၉၈၄ ခုနှစ်က **Legend** ဆိုတဲ့ ရုပ်ရှင်ကား ရိုက်ပြီးကတည်းက လန်ဒန်ကို သူ သဘောကျခဲ့တာပါ။ အများအားဖြင့် West End စားသောက်ဆိုင်မှာ လာရောက် စားသောက်လေ့ရှိပြီး ပရိသတ်များနဲ့ တွေ့ရင်လည်း ဖက်လဲတကင်း ရှိတတ်ပါတယ်။ ဒါပေမဲ့ သူ့ကို တွေ့ဖို့ဆိုတာ အင်မတန် ခဲယဉ်းပါတယ်။ (နီကိုးလ်ကစ်ဒ်မန်နဲ့ ပေါင်းသင်းနေစဉ်က မွေးစားခဲ့တဲ့သမီး အဗွာဘဲလာ ခရစ်က အခု အသက် ၂၅ နှစ်ရှိပြီး လန်ဒန်မြို့မှာပဲ ခင်ပွန်းဖြစ်သူနဲ့ နေထိုင်ပါတယ်။)။ တွမ်ကတော့ LA မှာ မနေခဲ့တာ အတော်ကြာခဲ့ပါပြီ။ Beverly Hills မှာ သူပိုင်ဆိုင်ခဲ့တဲ့ အိမ်နဲ့ နေခဲ့တာ အတော်ကြာခဲ့ပါတယ်။ အခုနောက်ပိုင်းမှတော့ အဲဒီအိမ်ကိုရောင်းပြီး ဖလော်ရီဒါပြည်နယ်က Clear Water မြို့မှာ နေထိုင်ပါတယ်။ နှစ်ထပ်သာရှိတဲ့ သူ့အိမ်က သူယုံကြည်ကိုးကွယ်တဲ့ Scientology ဘုရားရှိခိုးကျောင်းနဲ့ အနီးဆုံးမှာ ရှိပါတယ်။ ဘုရားရှိခိုးကျောင်းကို သွားတဲ့ အခါမှာလည်း ဘုရားကျောင်းမှ ဝန်ထမ်းများနဲ့ တရင်းတနှီးနေတတ်ပါတယ်။ အခုတော့ ဖလော်ရီဒါဟာ သူ့မိသားစု အစဉ်အဆက်အခြေချ နေထိုင်တဲ့ ပြည်နယ်ဖြစ်နေပါပြီ။ နီကိုးလ်ကစ်ဒ်



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၇ ခုနှစ်က ကွယ်လွန်သွားခဲ့တဲ့ မိခင် Mary Lee.






Fallout ဇာတ်ကားရိုက်ကူးတဲ့ ဒါရိုက်တာနဲ့အတူ . . .



www.burmeseclassic.com

www.burmeseclassic.com



သူ့သားသမီးများ။ အသက် ၂၃ နှစ်အရွယ်ရှိ ကော်နာ၊ အသက် ၂၅ နှစ်အရွယ်ရှိ အစ္စဘဲလာတို့မှာ နီကိုးလ်ကစ်ဒ်မဲန်းနဲ့ ပေါင်းသင်းစဉ်က မွေးစားခဲ့ကြတဲ့ ကလေးများ ဖြစ်ပါတယ်။



မဲန်းနဲ့ ပေါင်းသင်းစဉ်က မွေးစားခဲ့တဲ့ ကော်နာက အခု အသက် ၂၃ နှစ်ရှိပြီး ဖလော်ရီဒါမှာပဲ နေပါတယ်။ အဲဒါ အပြင် တွမ်ရဲ့အစ်မဖြစ်သူ Lee Anne (အသက် ၅၉ နှစ်)၊ Marian (အသက် ၅၇ နှစ်)၊ Cass (အသက် ၅၃ နှစ်)တို့ ရှိတဲ့အပြင် တွမ်ချစ်တဲ့ ဦးလေး ဖြစ်သူရဲ့ မိသားစုလည်းနေထိုင်ရာဒေသဖြစ်တာ ကြောင့်ပါ။ မိခင်ဖြစ်သူ Mary Lee South ကလည်း ၂၀၁၇ ခုနှစ်က ဖလော်



ကေတီဟုမ်းစ်၊ တွမ်ခရုစ်နဲ့ ယခု အသက် ၁၂ နှစ်အရွယ်ရှိ ဆူရီ

ရီဒါပြည်နယ်မှာပဲ အသက် ၈၀ အရွယ်မှာ ကွယ်လွန်ခဲ့တာ ဖြစ်ပါတယ်။

Scientology ဘာသာက တွမ်ရဲ့ ဘဝလို့ ပြောလို့ရပါတယ်။ ဘုရားကျောင်းကပြောသမျှတွေဟာ အဓိပ္ပာယ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တွမ်အတွက်ကတော့ ဦးထိပ်ပန်ဆင်ရမယ့် အမိန့်များသာ ဖြစ်ပါတယ်။ သူက သူရရှိထားတဲ့ အောင်မြင်မှုများဟာ သူကိုးကွယ်ယုံကြည်တဲ့ ဘာသာတရားကြောင့်သာ ဖြစ်တယ်လို့လည်း စွဲစွဲမြဲမြဲမှတ်ယူထားပါတယ်။ 'ဒီထက်ကောင်းတဲ့ ဘာသာတရားကို ကျွန်တော် ဘယ်မှာရှာတွေ့တော့မလဲ'လို့ ၂၀၁၂ ခုနှစ်က Playboy မဂ္ဂဇင်းနဲ့ တွေ့ဆုံရာမှာ ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။

တွမ်ခရုစ်ရဲ့ ဘဝမှာ တစ်ကမ္ဘာလုံးသိအောင် လက်ထပ်ခဲ့ဖူးတဲ့ အိမ်ထောင်တွေရှိခဲ့ဖူးပါတယ်။ 'လူတစ်ယောက်နဲ့ တစ်ယောက် အိမ်ထောင်ဖက်အဖြစ် ဆက်ဆံတဲ့အခါမှာ အင်မတန် ခဲယဉ်းပါတယ်'လို့ ၁၉၈၆ ခုနှစ်က Rolling Stone မဂ္ဂဇင်းသို့ ပြောကြားခဲ့ဖူးပါတယ်။ 'လူတွေက နှစ်ဦးပေါင်းဖက်တယ်ဆိုတဲ့နေရာမှာ လုံခြုံမှုရှိစေဖို့က အဓိကပါ။ ကျွန်တော့်ဘဝမှာ ဘဝခရီးဖော်အဖြစ် လက်တွဲခဲ့ဖူးသူတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ တကယ်လက်တွေ့ပေါင်းဖက်ကြည့်တဲ့အခါမှာတော့ ဘဝလုံခြုံမှု မရခဲ့ပါဘူး။ အဲဒါကြောင့် လမ်းခွဲခဲ့ကြတာတွေပါ'လို့လည်း ဆိုပါတယ်။

ဒါကြောင့် တွမ်ဟာ အခုအချိန်အထိ နောက်ထပ်အိမ်ထောင်မပြုဘဲ တစ်ယောက်တည်း နေ့နေ့တာဖြစ်ပြီး အချိန်ပိုင်း ခဏတစ်ဖြုတ်တွဲတဲ့ ရည်းစားတွေတော့ ရှိပါတယ်။ ဝါရှင်တန်မှာ ကျင်းပတဲ့ ရုပ်ရှင်အထူးပွဲမှာ 'ကျွန်တော် ငယ်ငယ်တုန်းက Taps ဆိုတဲ့ ရုပ်ရှင်ကား ဒီမှာ ရိုက်ခဲ့ဖူးတာကို သတိရမိတယ်'လို့ ဆိုပါတယ်။ ၁၉၈၁ ခုနှစ်က ရိုက်ကူးခဲ့တဲ့ အဲဒီရုပ်ရှင်ကားဟာ တွမ်အတွက် အောင်မြင်မှု ရစေခဲ့ပါတယ်။

တွမ်က သူ့ဘဝမှာ 'အလုပ်တစ်ခုကိုလုပ်ရင် အကောင်းဆုံးဖြစ်အောင် လုပ်ပါဆိုတဲ့ စကားဟာ ကျွန်တော့်ဘဝအတွက် မန္တာန်တစ်ခုပါပဲ။ ကျွန်တော် လုပ်ပြီဆိုရင် အကောင်းဆုံးဖြစ်အောင် လုပ်ပါတယ်'လို့လည်း ဆိုပါတယ်။ ■

**ဇာနည်ညီမိုး**

***Ref: People, August 6, 2018***



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# အချစ်တွေနဲ့ ဖွဲ့သီထားတဲ့ ချည်

**လင်းနိုင်ဦး**

ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင်က အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် မင်းနိုက်စိုးစန်နဲ့ ထက်မြက်နိုင်ဇင်တို့ရဲ့ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို **ချည်** လို့ အမည်ပေးထားပြီး ကယားပြည်နယ် လွိုင်ကော်မြို့နဲ့ အနီးတစ်ဝိုက်မှာသွားရောက် ရိုက်ကူးခဲ့ပါတယ်။ **ချည်** ရုပ်ရှင်ဇာတ်ကားမှာ နေတိုး၊ သက်မွန်မြင့်၊ ရွှေသမီး၊ ထူးမွန်၊ လူမုန်း၊ ဟိန်းမင်း၊ ဇော်ဇော်အောင်၊ ကျော်ဇင်ထွန်း၊ ကလေးသရုပ်ဆောင် သီရိဖြူစင်တို့နဲ့ ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က **ချည်** ဇာတ်ကားကို ကယားပြည်နယ်အတွင်းမှာရှိတဲ့ ဒီမော့ဆိုး၊ လွိုင်ကော်



www.burmeseclassic.com

www.burmeseclassic.com

စတဲ့ ဒေသများက ရှုခင်း အလှအပတွေနဲ့ အပင်ပန်းခံပြီး သွားရောက်ရိုက်ကူးပေးထားတာ ဖြစ်ပါယ်။

**ချည်** နဲ့ပတ်သက်ပြီး ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်က 'ရှေ့မှာလည်း ကျွန်တော်တို့ရဲ့ မိဘဘိုးဘွားအမွေအနှစ် ပေးထားခဲ့တဲ့ ပုဂံဒေသမှာ **ကျွန်** ဇာတ်ကားကို သွားရောက်ရိုက်ကူးခဲ့ကြပါတယ်။ နည်းနည်းစိတ်အနှောင့်အယှက်ဖြစ်စရာရှိခဲ့ပေမဲ့ ဇာတ်ကားက အောင်မြင်ခဲ့ပါတယ်။ အခု **ချည်** မှာကျတော့ ဒေသခံ ကယန်းစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့ အကူအညီနဲ့ သူတို့ကိုယ်တိုင်လိုက်လာပြီး လွဲတာပြုတာတွေ ရှိသွားမှာစိုးလို့ အဖွဲ့ဥက္ကဋ္ဌရော၊ တာဝန်ရှိသူတွေနဲ့ပါ တိုင်ပင်ပြီးတော့ ကျွန်တော်တို့ ဒီလိုရိုက်ချင်တယ်။ ဒါမျိုးဖြစ်ခဲ့၊ ရှိခဲ့လား။ တချို့ဟာတွေကျတော့လည်း အရင်ကတော့ ရှိခဲ့ပါတယ်။ အခုတော့ မရှိတော့ဘူးဆိုတာမျိုး ပြောပြပြီး တိုင်ပင်ညှိနှိုင်း ရိုက်ခဲ့ကြတာပါ။ ရိုက်ကွင်း ဇာတ်ညွှန်းနဲ့ စကားလုံးတွေကိုတော့ ဆဲဗင်းဒေးက ရေးသားပေးထားတာပါ' လို့ ပြောပြခဲ့ပါတယ်။

နောက်ခံရှုခင်း တောတောင်အလှအပတွေ၊ ရိုးရာယဉ်ကျေးမှုနဲ့ပါ ရိုက်ခွင့်ရ





www.burmeseclassic.com

www.burmeseclassic.com

တာနဲ့ ပတ်သက်ပြီး 'ဒီဇာတ်ကားထဲမှာ နေတိုးနဲ့ သက်မွန်မြင့်က ကယန်းဒေသက လူငယ်မောင်မယ်တွေ။ သူတို့နှစ်ယောက် သမီးရည်းစားဖြစ်တယ်။ နှစ်ဖက်မိဘများကလည်း သဘောတူကြတယ်။ စေ့စပ်မယ်လုပ်တဲ့ အချိန်မှာ ကယန်းရိုးရာအရ ဝက်သည်းခြေကိုကြည့်ရတယ်။ နှစ်ဖက်လူကြီးတွေ ကြည့်ကြတဲ့အချိန်မှာ ဝက်သည်းခြေပေါ်မှာ အစင်းရာ ပေါ်နေတဲ့အတွက် လူကြီးတွေက မဖြစ်သေးဘူး၊ နိမိတ်မကောင်းဘူး။ နောက်လ ရွှေ့ပါလို့ ပြောတယ်။ နောက်လ ပြန်ကြည့်တော့လည်း ဝက်သည်းခြေမှာ အစင်းရာပေါ်နေတော့ နေတိုးက တိရစ္ဆာန်တစ်ကောင်ရဲ့ ဝက်သည်းခြေမှာ အစင်းလေးတွေ့တာနဲ့ သူတို့ရဲ့ ချစ်ခြင်းမေတ္တာ လွဲချော်ရမလား ဆိုပြီးတော့ ခိုးပြေးကြတယ်။

'သူတို့ရဲ့ ထုံးစံက မိဘသဘောတူပြီး ပေးစားတယ်ဆိုရင် မိဘတွေက ရိုးရာအတိုင်း သူတို့နှစ်ယောက်ရဲ့ လက်ကလေးတွေကို ပူးချည်ပြီး မင်္ဂလာဆောင်ခွင့် ပေးမယ်ပေါ့။ အခုတော့ ခိုးပြေးတဲ့အတွက် အဲဒီအခွင့်အရေး မရလိုက်ဘူး။ ဒါပေမဲ့ ဇာတ်သိမ်းမှာတော့ ချည်ခွင့်ရသွားတယ်။ ဒါကြောင့် **ချည်** လို့ ထားတာပါ' လို့ ပြောပြခဲ့ပါတယ်။

ကယန်းရိုးရာ ယဉ်ကျေးမှုအဖွဲ့ရဲ့ ပံ့ပိုးကူညီပေးမှုနဲ့ လွိုင်ကော်မြို့ကနေ တစ်နာရီကျော်သာသာ သွားရတဲ့ တောတောင် သဘာဝရှုခင်း၊ လိုဏ်ဂူ စတဲ့ နေရာများနဲ့ ကယန်းရိုးရာများကိုပါ ထည့်သွင်းရိုက်ကူးခွင့်ရခဲ့ပါတယ်။ ကျွန်တော်ရောက်ရှိတဲ့အချိန်မှာ တွေ့ခဲ့ရတဲ့ ဇာတ်ဝင်ခန်းကတော့ ကိုဟိန်းမင်းနဲ့ ကလေးသရုပ်ဆောင် သီရိဖြူစင်တို့ မြေးအဘိုးနှစ်ယောက် ရွာပြင်မှာ တဲထိုးပြီး တစ်ဦးတည်းနေ,နေရတဲ့ ကိုဟိန်းမင်းရဲ့ သမီးအဖြစ် သရုပ်ဆောင်တဲ့ ထူးမွန်ဆီ အစားအသောက်တွေ သွားပို့ရင်းနဲ့ ထူးမွန်နဲ့ သီရိဖြူစင်တို့သားအမိ ဆုံတွေ့ရတဲ့ ဇာတ်ဝင်ခန်းနဲ့ NGOအဖွဲ့တစ်ဖွဲ့က ဆရာဝန်မလေး ရွှေသမီးကို ထူးမွန်နေတဲ့နေရာ ကိုဟိန်းမင်းခေါ်သွားတဲ့ ဇာတ်ဝင်ခန်းများကို မနက်အစောကြီး ရိုက်ကူးခဲ့ကြပါတယ်။

ရွာပြင်မှာ နေရတာဖြစ်လို့ သင်္ချိုင်းထဲကနေ ဖြတ်သွားရတဲ့ ဇာတ်ဝင်ခန်းတွေကို ရိုက်ကူးလို့အပြီးမှာတော့ ထူးမွန် တဲထိုးပြီးနေတဲ့နေရာကို ဆက်လက်သွားရောက်ပြီး ရိုက်ကူးကြပြန်ပါတယ်။ ရွာပြင်မှာ တဲထိုးပြီး နေရတာပီပြင်ဖို့အတွက် ရွာအစွန် အိမ်လေးတစ်လုံးဖြစ်ဖို့ ပြင်ဆင်ပြီး ရိုက်ကူးခဲ့ကြရတာ ဖြစ်ပါတယ်။ အဲဒီအိမ်ရဲ့ နောက်ခံမှာလည်း တောတောင်သဘာဝ အလှအပ မိုးသားတွေ တိမ်ခိုးတွေနဲ့ လှပတဲ့ ရှုခင်းတွေကို တွေ့ကြရမှာ ဖြစ်ပါတယ်။

ညနေ ၅ နာရီ ကျော်မှ အဲဒီအခန်းတွေ ရိုက်ကူးပြီးတာဖြစ်ပေမဲ့ တည်းခိုတဲ့ ဟိုတယ်ကို မပြန်သေးဘဲ မြို့အစွန်တစ်နေရာက သဘာဝလိုဏ်ဂူတစ်ခုမှာ သွားရောက်ရိုက်ကူးခဲ့ကြပြန်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

ကျောက်စက်ပန်းဆွဲ၊ ပန်းခက်တွေနဲ့ အလွန်လှပတဲ့ လိုဏ်ဂူထဲမှာတော့ ဓေဘုန်းမြတ် (နေတိုး)တစ်ယောက် ကင်မရာတစ်လုံးနဲ့ ကျောက်ပန်းခက်အလှတွေကို ဓာတ်ပုံမှတ်တမ်းတင်ရင်း ငှရွှေဝါ (ရွှေသမီး)နဲ့ ဆုံကြတဲ့အခန်းတွေကို သဘာဝလိုဏ်ဂူအတွင်းမှာ အလှအပဆုံးဖြစ်အောင် ရိုက်ကူးပြီးတော့ ည ၉ နာရီကျော်သွားပါပြီ။ အဲဒီအချိန်ကျမှ ရိုက်ကူးမှုကို ရပ်နားပြီး ဟိုတယ်ကို ပြန်ကြတာ ဖြစ်ပါတယ်။

နောက်တစ်ရက်မှာတော့ ဒီမော့ဆိုးအလွန် ကျောက်စရစ်မိုင်းအတွင်းမှာ သွားရောက်ပြီး ရိုက်ကွင်းတည်ပါတယ်။ အဲဒီဇာတ်ဝင်ခန်းကလည်း အင်မတန်လှပတဲ့ ဇာတ်ဝင်ခန်းလို့ ပြောရပါမယ်။ ကျောက်မိုင်းတွေရဲ့ အလယ် လေးဖက်လေးတန် ကျောက်တောင်တွေကြားထဲက လမ်းမပေါ်မှာ ရိုက်ကူးခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒါကတော့ ငှရွှေဝါဦးဆောင်တဲ့ နိုင်ငံခြား NGO အဖွဲ့တစ်ဖွဲ့က စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ အဆင့်မြင့်နည်းပညာများ ဖြန့်ဝေဖို့ ရောက်လာကြရင်း ရွာထဲဝင်ဖို့ လုပ်တဲ့အချိန်မှာ ဝင်ခွင့်မရခဲ့ကြပါဘူး။ အဲဒါကတော့ ရွာထဲမှာ ရိုးရာနတ်တင်နေတာမို့ ဧည့်သည်သုံးယောက် မဝင်ရတဲ့အကြောင်း ဓေဘုန်းမြတ်က ငှရွှေဝါကို ရှင်းပြပြီး ဦးဗျားရယ်(ဟိန်းမင်း)ကို အကူအညီတောင်းပြီး ဧည့်သည်တွေကို ရွာပြင်က သူ့ရဲ့ ကော်ဖီခြံမှာ စခန်းချနိုင်ဖို့၊ အကူအညီပေးဖို့ တောင်းဆိုတဲ့ ဇာတ်ဝင်ခန်းကို ရိုက်ကူးခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီဇာတ်ဝင်ခန်းပြီးတော့လည်း ထမင်းစားပြီးတာနဲ့ တစ်ဆက်တည်း အနီးနားမှာ ရှိတဲ့ ကျောက်တောင်ပေါ်ကို သွားရောက်ပြီး နောက်တစ်ဆင်း(နှ)ကို ဆက်လက်ရိုက်ကူးခဲ့ကြပါတယ်။ အဲဒီဇာတ်ဝင်ခန်းကတော့ ဓေဘုန်းမြတ်နဲ့ ငှရွှေဝါတို့ ချိန်းဆိုထားတဲ့ နေရာကို ငှရွှေဝါမရောက်ခင် လမ်းတစ်နေရာကနေ ခိုင်မြရည်ဖြိုး (သက်မွန်မြင့်)က လာရောက်စောင့်ဆိုင်းကြည့်ရှုတဲ့ ဇာတ်ဝင်ခန်း ဖြစ်ပါတယ်။ သူ့ရဲ့ ယောက်ျားဖြစ်သူ ဓေဘုန်းမြတ် လာမှလာပါ့မလားလို့ စိတ်ထဲ ဖြစ်နေပေမဲ့ ဓေဘုန်းမြတ်တစ်ယောက် စိုက်စိုက်ရောက်လာတဲ့ ဇာတ်ဝင်ခန်းကို ကင်မရာနှစ်လုံးနဲ့ ရိုက်ကူးခဲ့ကြတာ တွေ့ခဲ့ရပါတယ်။

**ချည်** လို့ အမည်ပေးထားတဲ့အတိုင်း ဇာတ်ဝင်ခန်းစကားလုံးများကိုလည်း လှပပြီး ရင်ထဲမှာ စွဲညိစေမယ့် စကားများနဲ့ ပရိသတ်တွေကို ဖမ်းစားထားတာဖြစ်တဲ့အတွက် **ချည်** ကို ရိုက်နေစဉ်အတွင်းမှာပဲ ပရိသတ်များ အထူးစိတ်ဝင်စားခဲ့ကြပါတယ်။ အဲဒါတွေကတော့ ခိုင်မြရည်ဖြိုးအဖြစ် သရုပ်ဆောင်တဲ့ သက်မွန်မြင့်က ဓေဘုန်းမြတ်(နေတိုး)ကိုပြောတဲ့စကားတွေပဲဖြစ်ပါတယ်။ သိပ်လှတဲ့ ဇာတ်ဝင်ခန်း စကားလုံးများကတော့ *'နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ မောင့်ရဲ့ စိတ်ချမ်းသာ ပျော်ရွှင်ခြင်းတွေကို ဆောင်ကြဉ်းပေးနိုင်တဲ့ကိုယ် ဖြစ်ရပါလို၏လို့ ဆုတောင်းခဲ့တယ်'၊ 'ကိုယ့်ဘက်က ဘာ ပန်ပေးနိုင်လဲလို့ မစဉ်းစားဘဲ ကိုယ်လိုချင်တာကို ရအောင်ယူဖို့ ကြိုးစားနေသရွေ့လိုချင်တာနဲ့ အလှမ်းဝေးနေဦးမှာပဲ'၊ 'မောင်… ထားခဲ့ရင် မောင့်ကြောင့်ကျ*





www.burmeseclassic.com

www.burmeseclassic.com




တဲ့ ကျွန်မ မျက်ရည်ကို ဘယ်သူသုတ်ပေးမှာလဲ'၊ 'ချစ်တဲ့စိတ်နဲ့ ချည်ခဲ့မိတာပါ မောင်ရယ်။ မောင်… မွန်းကျပ်အောင် အတ္တတွေနဲ့ မနှောင်ခဲ့ပါဘူး'၊ 'ယုံကြည်မှုဆိုတာ… မထိုက်တန်သူကိုပေးမိတဲ့အခါ ဖောက်ပြန်မှုအဖြစ် ပျက်စီးတတ်တယ်'၊ 'မောင့်ကို ချစ်တဲ့အချစ်ဟာဘယ်လို အချစ်မျိုးလဲလို့ မေးလာခဲ့ရင် အဖြေက တစ်ခုတည်းပါ မောင်။ မောင်စိတ်ချမ်းသာတာကိုပဲ ကျွန်မအမြဲ မြင်ချင်တယ်'၊ 'မောင့်ကိုချစ်တဲ့သူ မှန်သမျှ… ကျွန်မ ချစ်တယ်။ အဲဒီလောက်ထိ မောင့်ကိုချစ်တာ' စတဲ့ အဲဒီလို စကားလုံးများနဲ့ ဖွဲ့သီထားတာ ဖြစ်ပါတယ်။

**ချည်** က ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်ရဲ့ အဖြစ်အပျက် Love Story တွေ ပါဝင်နေလားလို့ မေးကြည့်တဲ့အခါ 'ဖြစ်ရပ်မှန်တော့ မဟုတ်ပါဘူး။ တချို့တစ်စိတ်တစ်ဒေသပါ။ တချို့စကားလုံးလေးတွေက ကျွန်တော့်မိန်းမ ကျွန်တော့်ကိုပြောတာရှိတယ်။ မောင့်ကိုချစ်တဲ့သူမှန်သမျှ ကြို ချစ်တယ်တဲ့။ အဲဒီစကားလုံးလေး ထည့်သုံးထားတာပါ' လို့ ပြောပြခဲ့ပါတယ်။

အဲဒါကြောင့် ကိုညီညီအောင်ရဲ့ဇနီး မကြူက အပေါ်စီးကနေ ကြည့်နေတာဖြစ်လို့ မောင့်ရဲ့ မိုးကောင်းကင်လို့ တင်စားပြောနေတာလားလို့ မေးကြည့်တဲ့အခါ 'မကြူက ပြောတာ ရှိပါတယ်။ မောင့်ကိုချစ်တဲ့သူမှန်သမျှ ဘယ်သူမဆို ကြို ချစ်တယ်ဆိုတော့ ကျွန်တော်က ကျွန်တော့်ရဲ့ မိုးကောင်းကင်ဆိုပြီးတော့ ပြောရတာဖြစ်ပါတယ်။ ကျွန်တော် ငယ်ရွယ်စဉ်အခါတုန်းက ဖြစ်ခဲ့တာမျိုးပါ။ အခုတော့ အဲဒါမျိုးတွေ မရှိတော့ပါဘူး။ အဲဒီလိုဖြစ်ခဲ့စဉ်အခါတုန်းကတော့ LPJ(Love Peace in Joy) ငြိမ်းငြိမ်းချမ်းချမ်း၊ ချစ်ချစ်ခင်ခင်နဲ့ ကျော်ဖြတ်ခဲ့တာပါပဲ။ အခုတော့ ကျွန်တော်က မိုးကောင်းကင်အောက်မှာပဲ အသက်ရှင်ပါတယ်။ အသက်ရှူတယ်။ ရပ်တည်ပါတယ်' လို့ ပြောပြခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com


www.burmeseclassic.com


# Three Decades of Johnny

Depp has graced the cover of 'Rolling Stone' seven times - the most by any actor

"I think I just have to make a lot of cash. I also think I want to be a sheikh. I want to be the sheikh of Hollywood."


- ISSUE 595
January 10, 1991




"I'd spent too much time with [Hunter], and it took over."

- ISSUE 788
June 11, 1998




"I spent years poisoning myself.... now I look back and say, 'Why?'"

- ISSUE 967
February 10, 2005




"['Pirates'] was not like selling out to me. It was like I had infiltrated the enemy camp."

- ISSUE 1004-05
July 13-27, 2006




"I'm a failed musician. Music was my life, my first love."

- ISSUE 1027
May 31, 2007

၁၉၄၀ ပြည့်နှစ်တစ်ဝိုက်ဆီက ရာဇဝတ်ဂိုဏ်းသား တစ်ယောက်လိုမျိုး ဝတ်စားဆင်ယင်ထားပြီး ဆံပင်အမည်းကို နောက်ပြန်လှန်ဖြီးထားတဲ့ မင်းသား Johnny Depp ဟာ သူနဲ့အတူ ရံဖန်ရံခါ တီးခတ်ဖျော်ဖြေပေးလေ့ရှိတဲ့ Hollywood Vampires ဂီတအဖွဲ့အတွက် ဓာတ်ပုံသွားရောက် ရိုက်ကူးပေးအပြီးမှာ သူ့ရဲ့ရှေ့နေဖြစ်သူ Adam Waldman နဲ့အတူ ပြန်ရောက်လာကာ အသင့်စောင့်ဆိုင်းနေတဲ့ စာရေးသူဆီ လက်ဆွဲနှုတ်ဆက်ဖို့ လက်ကမ်းပေးရင်း နှုတ်ဆက်လာပါတယ်။ 'ဟေး... ကျွန်တော် ဂျော်နီပါ။ တွေ့ရတာ ဝမ်းသာပါတယ်'။ အနုပညာသက်တမ်း ၃၅ နှစ်တာ ကာလအတွင်းမှာ အိပ်မက်ဆန်မှုတွေနဲ့ ခြိမ်းခြောက်နှောင့်ယှက်မှုတွေအကြား လူးလာခတ်နေခဲ့ရတဲ့ Depp ဟာ အခုနေအခါမှာ မင်းသားကြီး Marlon Brando လက်သစ်ဖြစ်ချင်နေသူ ဖြစ်ပါတယ်။ ဒါဟာ တိုက်ဆိုင်မှုသက်သက် မဟုတ်ပါဘူး။ Depp ဟာ သူ့ဘဝကို တည်ဆောက်ရာမှာ သူအင်မတန်နှစ်သက် အားကျရတဲ့သူတွေကို

# အခက်အခဲများနဲ့ ဂျော်နီဒက်ပ်

ရာပြည့်

အတုခိုးခဲ့သူပါ။ သူဟာ မာလွန်ဘရန်ဒိုလိုပဲ ကျွန်းတစ်ကျွန်းလုံးကို ဝယ်ခဲ့သူ။ သူ သိပ်ပြီးသဘောကျတဲ့ စာရေးဆရာ Hunter S.Thompson လို မူးယစ်ဆေးနဲ့ကျင်လည်သူ ဖြစ်ပါတယ်။ ဆန့်တန်းလာတဲ့ Depp ရဲ့ ညာလက်ပေါ်မှာ ဇနီးဟောင်း Amber Heard ကို ရည်ညွှန်းပြီး SLIM လို့ ရေးထိုးထားတဲ့ ဆေးမင်ကြောင်ကို SCUM လို့ ပြောင်းလဲထားတာတွေ့ရပါတယ်။ 'ကဲ... ခင်ဗျားက အမှန်တရားတွေကို ကြားချင်တယ်ပေါ့'။ သူ့ရဲ့ စားတော်ကဲ Russell ယူလာပေးတဲ့ ဝိုင်အရက်တစ်ခွက်ကို လှမ်းယူရင်း Depp က မေးလာတာပါ။ 'သစ္စာဖောက်ခံရတာတွေနဲ့ ပြည့်နှက်နေတဲ့ အမှန်တရားပါ'။ စားသောက်ဖွယ်ရာတွေ ပြင်ဆင်ထားတဲ့ ထမင်းစားခန်းဘက်ကို နေရာ ရွှေ့လိုက်ကြပြီး စားပွဲထိပ်မှာ Depp က နေရာယူပါတယ်။ သူ့ရှေ့စားပွဲပေါ်မှာ ဆေးရွက်ကြီးတစ်ပုံနဲ့ စီးကရက်စက္ကူတစ်ထပ် ချထားတယ်။ သူက စာရေးသူ စိတ်အနှောင့်အယှက်ဖြစ်သွား မလား မေးလာပြီး စာရေးသူက မဖြစ်ကြောင်း ပြန်ဖြေလိုက် တော့မှ စီးကရက်လိပ်ဖို့ လုပ်ရင်း စကားဝိုင်းကို စ,ကြပါတယ်။ 'ကောင်းပြီလေ၊ ပထမဆုံးအနေနဲ့ ဝိုင်နည်းနည်းလောက် သောက်ကြတာပေါ့'။ အဲဒီစကားဝိုင်းက ၇၂ နာရီအထိ ကြာခဲ့ပါတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



၁၉၉၇ ခုနှစ်က Hunter S.Thompson (ဘယ်ဘက်)နှင့် တွေ့ရစဉ်။ နောက်တစ်နှစ်တွင် Depp သည် Fear and Loathing in Las Vegas ဇာတ်ကားကို ရိုက်ကူးခဲ့သည်။



၂၀၁၇ ခုနှစ်က ပေါင်းသင်းခဲ့သော ဇနီးသည် Amber Heard နှင့် တွေ့ရစဉ်။



Depp ချစ်ခင်လေးစားသော Keith Richards နှင့် ၂၀၁၀ ပြည့်နှစ်က တွေ့ရစဉ်။

ဘဏ်ငွေစာရင်းတွေ ပြောင်တလင်းခါသွားရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး Depp က ရင်ဖွင့်ချင်တာကြောင့် အဲဒီကိစ္စနဲ့ပတ်သက်ပြီး သေသေချာချာ နားလည်ဖို့အတွက် အီးမေးလ်အစောင်နှစ်ရာနီးပါးလောက်ကို အချိန်တစ်လလောက်ကြာအောင် လေ့လာပြီးမှ လန်ဒန်ကို စာရေးသူ လိုက်လာခဲ့တာပါ။

Depp ဟာ ရုပ်ရှင်ဇာတ်ကားတွေကနေ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၅၀ လောက်အထိ ရခဲ့တယ်လို့ ခန့်မှန်းရပါတယ်။ သူ့ဇာတ်ကားတွေရဲ့ ဝင်ငွေပေါင်းက အမေရိကန်ဒေါ်လာ ၃.၆ ဘီလျံလောက်အထိ ရှိပါတယ်။ သူပိုင်ငွေတွေအားလုံးနီးပါး ကုန်ဆုံးခဲ့ရတာနဲ့ပတ်သက်ပြီး Depp က သူနဲ့ ကာလကြာရှည်လက်တွဲလာခဲ့တဲ့ မန်နေဂျာ Joel Mandel နဲ့ အစ်ကိုဖြစ်သူ Robert တို့ကို ပေါ့လျော့မှု၊ ငွေကြေးစောင့်ရှောက်ထိန်းသိမ်းပေးဖို့ ယုံကြည်စွာ အပ်နှံထားတာကို ဖောက်ဖျက်မှု၊ လိမ်လည်မှုတွေနဲ့ တရားစွဲပါတယ်။ Mandel ရဲ့ကုမ္ပဏီဖြစ်တဲ့ The Management Group- TMG ဟာ Depp ရဲ့ အစ်မဖြစ်သူ Christi ကို ဒေါ်လာ ခုနစ်သန်း၊ သူ့ရဲ့လက်ထောက်ဖြစ်သူ Nathan Holmes ကို ဒေါ်လာ ခုနစ်သန်းခွဲ ထုတ်ပေးတဲ့ကိစ္စမှာ Depp ကို အသိမပေးခဲ့ပါဘူး။ အခွန်ဌာနကိုလည်း နောက်ကျကြေး ဒေါ်လာ ၅.၆ သန်း ပေးဆောင်ခဲ့ရတဲ့အပြင် Depp ရဲ့ ငွေတွေကို TMG ရဲ့အကျိုးစီးပွားအတွက် တခြားတစ်နေရာမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့ပြီး ရလာတဲ့ အမြတ်အစွန်းလည်း Depp ကို ပြန်မပေးခဲ့ပါဘူး။ TMG က သူ့ရဲ့ ကော်မရှင်အဖြစ် ဒေါ်လာ ၂၅ သန်းကို တရားမဝင် ရယူခဲ့ပါသေးတယ်။

Mandel က Depp ရဲ့ စွပ်စွဲချက်တွေကို ငြင်းဆိုခဲ့ပြီး Depp ဟာ TMG နဲ့ပြုလုပ်ထားကာ နှုတ်အားဖြင့် သဘောတူညီချက်ကို ချိုးဖောက်ခဲ့တယ်လို့ တုံ့ပြန်စွပ်စွဲခဲ့ပါတယ်။ Mandel က Depp ဟာ လစဉ် အသုံးစရိတ် ဒေါ်လာ နှစ်သန်းလောက် ပရမ်းပတာသုံးစွဲခဲ့ပြီး TMG ကုမ္ပဏီရဲ့ အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်းအတွက် လွဲမှားတဲ့ စွပ်စွဲချက်တွေ ပြုလုပ်ခဲ့တာဖြစ်တယ်လို့ သူ့ရဲ့ တန်ပြန်တရားစွဲဆိုမှုမှာ ဖော်ပြခဲ့ပါတယ်။ Depp က ဒီလိုလုပ်တာဟာ သူ့ရဲ့ ပိုင်ဆိုင်မှုတစ်ခုကို ပေါင်နှံရယူထားတဲ့ ချေးငွေ ဒေါ်လာ ၄.၂ သန်းအတွက် ပုံမှန် ပြန်ပြီးပေးဆပ်သွားဖို့ အကြောင်းကြားစာတစ်စောင် TMG က ပေးပို့ခဲ့တာကြောင့်ဖြစ်တယ်လို့ Mandel က ဆိုပါတယ်။

ပြီးခဲ့တဲ့ တစ်နှစ်ခွဲလောက်ကာလအတွင်းမှာ သူ့ရဲ့ ငွေရေးကြေးရေးပြဿနာတွေသာမက ရုပ်ရှင်ရိုက်ကူးရာမှာ ပြောရမယ့်စကားတွေ မေ့နေလို့ နားကြပ်တပ်ပြီး ပြောပေးခဲ့ရကြောင်း မကောင်းသတင်းတွေသာ ထွက်ပေါ်ခဲ့ပါတယ်။ ကာလကြာရှည်လက်တွဲခဲ့တဲ့ သူ့ရဲ့ရှေ့နေလည်း ဟုတ်၊ အေးဂျင့်အဖြစ်လည်း ဆောင်ရွက်ပေးနေသူနဲ့ လမ်းခွဲခဲ့တယ်။ ဇနီးသည် ရုပ်ရှင်မင်းသမီး Amber Heard နဲ့လည်း ကွာရှင်းပြတ်စဲခဲ့ပါတယ်။ ဇနီးသည်အပေါ် ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုတွေ ပြုလုပ်ခဲ့တယ်လို့ စွပ်စွဲချက်တွေနဲ့ ပေါ်ထွက်ခဲ့ပေမဲ့ Depp က လုံးလုံးလျားလျား ငြင်းဆိုခဲ့ပါတယ်။ Depp ရဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေက Heard နဲ့ လက်မထပ်ဖို့ ပြောခဲ့ကြသေးပေမဲ့ Depp က နားမထောင်ခဲ့တဲ့အပြင် အနည်းဆုံးအားဖြင့် မင်္ဂလာမဆောင်ခင် နှစ်ဦးကြား သဘောတူညီချက်တစ်ရပ် ချုပ်ဆိုထားဖို့ အကြံပြုခဲ့တာကိုလည်း သူက မလိုက်နာခဲ့တာပါ။ အရက်နဲ့ မူးယစ်ဆေးဝါးကလည်း Depp ကို မှုမမှန်ဖြစ်စေခဲ့တာလို့လည်း ဆိုကြပါတယ်။

လန်ဒန်မှာ စာရေးသူနဲ့ တွေ့ဆုံချိန်မယ်တော့ Depp က ရွှင်ရွှင်ပျပျပဲ ရှိနေခဲ့ပါတယ်။ အခုအချိန်မှာ သူ့ရဲ့ ယုံကြည်စိတ်ချရဆုံးသူက အသက် ၄၉ နှစ်အရွယ်ရှိ ရှေ့နေ Adam Waldman ပါပဲ။

တစ်ရက်မှာ Depp က လူပုံတူပန်းချီကားတစ်ကား ပြလာတယ်။ စာရေးသူရဲ့စိတ်ထဲမှာ (စာရေးဆရာ Oscar Wilde ရဲ့ ဇာတ်ကောင်) Dorian Gray ကို သတိရလိုက်မိပါတယ်။ (Dorian



www.burmeseclassic.com

www.burmeseclassic.com

Gray က အိမ်းမှာ ကြောက်လို့ သူ့ရဲ့ ဝိညာဉ်ကို ပုံတူပန်းချီကားထဲ ထည့်ရောင်းခဲ့သူပါ။) "Johnny ဟာ သူ့ဇာတ်ကောင် Jack Sparrow ရဲ့ အသက် ၇၀၊ ၈၀ လောက်ပုံစံကို လုပ်ပြနေတာလို့ ကျွန်မ တွေးမိတယ်"။ Depp ရဲ့ သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ မင်းသမီး Penelope Cruz က ပြောပြလာတာပါ။ "ဒါပေမဲ့ မူးယစ်ဆေးဝါးသုံးတာတွေ၊ Atlantic Records ဓာတ်ပြားတိုက် အဆောက်အဦရဲ့ အထပ်မြင့်တစ်နေရာက ငြမ်းစင်ပေါ် လျှောက်ပြေးပြနေတာတွေက သူ့အသက် ၂၈ နှစ်အရွယ်လောက်မှာသာ ကြည့်လို့ကောင်းတာလေ။ ၅၃ နှစ်လောက်အရွယ်မှာ လာလုပ်ပြနေတာက စိတ်ပျက်စရာပါ"။ Cruz က Depp ဟာ လန်ဒန်က စားသောက်ဆိုင်တစ်ဆိုင်မှာ Stella McCartney ရယ်၊ သူရယ် သုံးယောက်သား ညစာသွားစားကြတုန်းကလည်း သူ့ရဲ့ရှေ့သွားကို သူ့ဘာသာ ဆွဲနုတ်ဖို့ ကြိုးစားခဲ့သေးကြောင်း ပြောပြသွားပါသေးတယ်။

ဘယ်တော့မှ အိမ်းမသွားတဲ့ ထာဝရ ပီတာပန်ဖြစ်နေခြင်းက ရုပ်ရှင်ဇာတ်ကားတွေမှာ Depp အတွက် အောင်မြင်မှုရရှိစေခဲ့တဲ့ အကြောင်းရင်း ဖြစ်ကောင်းဖြစ်နိုင်ပေမဲ့ အချိန်တွေက ဖြည်းဖြည်းကုန်ဆုံးလာခဲ့ပြီဖြစ်လို့ သူ့ရဲ့ လူငယ်ဆန်တဲ့ ပေါ့ပေါ့ပါးပါးပုံစံက အိမ်းလာတဲ့ ကလေးလူကြီးတစ်




၁၉၉၇ ခုနှစ်က Depp ရိုက်ကူးတဲ့ The Brave ရိုက်ကွင်းပေါ်တွင် တွေ့ရစဉ်။



၂၀၁၇ ခုနှစ်က Marilyn Mason နှင့် တွဲဖက်ပြီး လန်ဒန်မြို့၌ ကပြစဉ်။



Black Mass ရုပ်ရှင်ဇာတ်ကားတွင် လူဆိုးဂိုဏ်းခေါင်းဆောင်အဖြစ် သရုပ်ဆောင်ခဲ့စဉ်။




၁၉၈၇ ခုနှစ်က Depp

၂၀၁၈ ဇက်တင်တာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



Bahamas တွင် Depp ပိုင်ဆိုင်သော ကျွန်း။

ယောက်ပုံ ဖြစ်လာတယ်။ ဆွဲဆောင်မှု တော့ ရှိနေတုန်းပဲ။ ဒါပေမဲ့ ခဏပဲ အကြည့်ခံတော့တာမျိုးပေါ့။ သူ့ရဲ့ လက်ရှိ ဘဝဟာ အဆိုတော် Elvis Presley ရဲ့ နောက်ဆုံးနေ့တွေလို မဖြစ်ခဲ့ ရင်တော့ ကောင်းမှာပါ။

❑

Depp ဟာ ကွယ်လွန်သူ အမေရိကန်အဆိုတော် Tom Petty နဲ့ ကာလ ကြာရှည်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် ဖြစ်ပြီး Petty သေဆုံးမှုက သူ့ကို စိတ် ထိခိုက်ခံစားစေခဲ့ပါတယ်။ 'ကျွန်တော် တို့တစ်ယောက်နဲ့တစ်ယောက် ဖုန်းဆက်




L.A တွင် တွေ့ရသော Depp ပိုင်ဆိုင်သည့် အိမ်။
သူ့တွင် အိမ် ၁၄ လုံး ရှိသည်။



မိခင်ဖြစ်သူအတွက် ဝယ်ယူပေးခဲ့သည့် မြင်းမွေးမြူရေးခြံ။

၂၀၁၀ ပြည့်နှစ်က Depp ၏
ရွက်လှေကို Venice တွင် တွေ့ရစဉ်။





www.burmeseclassic.com

www.burmeseclassic.com

ရင်း မေးလေ့ရှိကြတယ်။ 'ခင်ဗျား ဆေးချနေတုန်းပဲလား' လို့ပေါ့။ Depp က ပြန်ပြောပြတာပါ။ 'Tom ကလည်း အေး၊ ငါတော့ ချတုန်းပဲ။ ကျန်းမာရေးလည်းကောင်းတယ်လို့ ဖြေတတ်တယ်။ Tom တောင် ချလို့ရသေးရင် ငါလည်း အိုကေမှာပဲလို့ ကျွန်တော်က တွေးတာလေ'။

အဲဒီနောက် Depp က ခဏလောက် အသံတိတ်၊ ငြိမ်ကျသွားတယ်။ Petty အတွက် ဝမ်းနည်းနေလို့ပါ။ သူက မျက်ရည်ဝဲလာတဲ့ မျက်လုံးတွေကို ပွတ်သပ်ရင်း 'သူ့ကို ကျွန်တော် သဘောကျတယ်' လို့ ဆိုပါတယ်။

သူတို့နှစ်ယောက်ဟာ ဆေးရွက်ကြီး ကြိုက်တာချင်းလည်း တူသလို၊ လော့စ်အိန်ဂျလိစ် ရော့ခ်ဂီတသမားဖြစ်ချင်တဲ့ ရည်ရွယ်ချက်နဲ့ ဖလော်ရီဒါပြည်နယ်က လူဖြူဆင်းရဲသားတွေဖြစ်တာချင်းလည်း တူကြပါတယ်။ (Petty ရဲ့ *Into the Great Wide Open* အမည်ရ ဗီဒီယိုသီချင်းမှာ Depp က ပီပီပြင်ပြင် သရုပ်ဆောင်ပေးထားတာကို ကြည့်နိုင်ပါတယ်။) လော့စ်အိန်ဂျလိစ်မှာ အရက်သောက်ဖော်သောက်ဖက်ဖြစ်တဲ့ Nicolas Cage က သရုပ်ဆောင်အလုပ်မှာ ငွေကောင်းကောင်းရတဲ့အကြောင်း ပြောလာပြီးနောက် Depp က သူ့ရဲ့ ဦးတည်ရာလမ်းကြောင်းကို အပြောင်းအလဲလုပ်ခဲ့ပါတယ်။ ၁၉၈၇ ခုနှစ်မှာ Depp ဟာ **21 Jump Street** အမည်ရ ရုပ်/သံဇာတ်လမ်းမှာ တက္ကသိုလ်ကျောင်းသားအသွင်ယူထားတဲ့ မူးယစ်ဆေးဝါးထောက်လှမ်းရေးတစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်ပေးခဲ့ရာက လူသိများ ကျော်ကြားလာပါတယ်။

ညစာစားဖို့ စားပွဲမှာ ထိုင်ကြတော့ သူ့ရဲ့ ပထမဆုံး သရုပ်ဆောင်ခရငွေကနေ ဘာဝယ်ခဲ့သလဲဆိုတာ မှတ်မိရင် ပြောပြဖို့ စာရေးသူက မေးလိုက်ပါတယ်။ Depp က စီးကရက်တွေလိပ်ပြီး စာရေးသူကို တစ်လိပ် အရင်တည်ပြီးတော့ Waldman ကို တစ်လိပ်တည်ပါတယ်။ သူ ပထမဆုံးဝယ်ခဲ့တာက Ferrari ပြိုင်ကားမဟုတ်ဘဲ သူ့အမေအတွက် အိမ်တစ်လုံး ဝယ်ပေးခဲ့တာလို့ သူက ဆိုပါတယ်။

'အမေ့ကို ကင်တပ်ကီပြည်နယ် အရှေ့ပိုင်းမှာ မွေးခဲ့တာလေ'။ Depp က ပြောပြလာတယ်။ 'ဆင်းရဲပင်ပန်းလှတဲ့ဘဝမှာ အသက် ၁၂ နှစ်လောက် အရွယ်ကတည်းက အိပ်ပျော်နိုင်ဖို့ရာအတွက် အိပ်ဆေးတွေသုံးခဲ့ရတယ်'

Depp ဟာ ညီအစ်ကိုမောင်နှမ လေးယောက်ထဲမှာ အငယ်ဆုံးဖြစ်ပြီး မိခင်ဖြစ်သူရဲ့ အုပ်ထိန်းမှုအောက်မှာပဲ အဓိကကြီးပြင်းလာခဲ့ရတာပါ။ ဆောက်လုပ်ရေးအင်ဂျင်နီယာဖြစ်တဲ့ ဖခင်ဖြစ်သူက အိမ်မှာ မရှိတာများတယ်လေ။ အစကတော့ ကင်တပ်ကီပြည်နယ်မှာ နေပြီး နောက်ပိုင်းမှာ ဖလော်ရီဒါပြည်နယ်ကို ပြောင်းခဲ့ကြတယ်။ ဟိုရွှေ့ ဒီပြောင်းနဲ့ အကြိမ်လေးဆယ်လောက်ရှိမယ်လို့ Depp က ဆိုပါတယ်။ သူ့အမေက စိတ်တိုင်းမကျရင် တွေ့ရာပစ္စည်းတွေနဲ့ ပစ်ပေါက်တတ်တယ်လို့လည်း ဆိုပါတယ်။ 'ဟုတ်ပါတယ်၊ ဘာမှန်းမသိ ညာမှန်းမသိ အရိုက်ခံရတာတွေလည်း ရှိခဲ့ပါတယ်။ ဆေးလိပ်ပြာခွက်နဲ့ ကောက်ပေါက်တာ၊ တယ်လီဖုန်းနဲ့ ဒေါက်ခနဲ မြည်အောင်ခေါက်ခံရတာတွေ ရှိနိုင်ပါတယ်'။

အလုပ်ချိန် နှစ်ဆိုင်းဆင်းရတဲ့ စားပွဲထိုးအလုပ်ကနေ သူ့အမေ ပြန်လာတာကို Depp က အမှတ်ရဆုံးဖြစ်ပါတယ်။ ဘောက်ဆူးရတဲ့ငွေတွေကို အမေလုပ်သူက ရေတွက်နေချိန်မှာ သူက သူ့အမေ ခြေထောက်ကို ပွတ်သပ်ပြီး အနားမှာ ကပ်နေတတ်တယ်လို့ Depp က ပြောပြပါတယ်။ Depp က သူ ပထမဆုံး များများစားစားရခဲ့တဲ့ သရုပ်ဆောင်ခရငွေနဲ့ သူ့အမေအတွက် ကင်တပ်ကီပြည်နယ် လက်ဇင်တန်မြို့ပြင်ဘက်မှာ မြင်းမွေးမြူရေးခြံငယ်တစ်ခြံ ဝယ်ယူပေးခဲ့ပါတယ်။

'Betty Sue ဆိုတဲ့ ကျွန်တော့်အမေဟာ ကျွန်တော် မြတ်မြတ်နိုးနိုးနဲ့ ဂါရဝပြုတာ ဖြစ်ပါတယ်'။ ဒါပေမဲ့ Depp ရဲ့ မျက်နှာပေါ်က အပြုံးဟာ ခဏချင်းမှာပဲ ပျောက်ကွယ်သွားပါတယ်။ ၂၀၁၆ ခုနှစ်မှာ ဆုံးပါးသွားတဲ့ သူ့အမေရဲ့ ဈာပနအခမ်းအနားမှာ 'ကျွန်တော့်ဘဝတစ်လျှောက် ကြုံတွေ့ခဲ့သူတွေထဲမှာ အရက်စက်ဆုံး လူသားတစ်ယောက်ဖြစ်နိုင်တယ်လို့ ကျွန်တော် ပြောခဲ့တယ်' ဆိုပြီး Depp က ပြောပြလာပါတယ်။

သူ့အမေအတွက် အိမ်ဝယ်ပေးပြီးနောက်မှာ သူ့အတွက် Harley Davidson မော်တော်ဆိုင်ကယ်တစ်စင်း ဝယ်ပါတယ်။ ဆိုင်ကယ်က သူ့ဆီမှာ အခုထိ ရှိတုန်းပါပဲ။ ၁၉၈၆ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်အတွင်း ဇာတ်ကား ၃၂ ကားမှာ ပါဝင်သရုပ်ဆောင်ပေးခဲ့ပါတယ်။ **Edward Scissorhands** ဇာတ်ကားကနေ ဒါရိုက်တာ Tim Burton နဲ့ ရေရှည်လက်တွဲဖြစ်စေခဲ့တဲ့ အသွင်ယူ ရဲစုံထောက် Donnie Brasco ဇာတ်ကောင်နေရာက သရုပ်ဆောင်ပေးဖြစ်ခဲ့တဲ့အထိပါပဲ။

Depp ဟာ ၁၉၉၈ ခုနှစ်တွေထဲမှာ အနောက်ဟောလိဝုဒ်က Viper Room ညကလပ်ကို ဝယ်ခဲ့ပါတယ်။ Viper Room ကို ရော့ခ်ကလပ်တစ်ခုအဖြစ်





www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲခဲ့ပြီး အဲဒီကာလပ်မှာ နာမည်ကျော် Guns N'Rose ဂီတအဖွဲ့သားတွေကနေ Johnny Cash အထိ တီးခတ်သီဆိုခဲ့ကြဖူးပါတယ်။ အဲဒီကလပ်မှာ သူငယ်ချင်း သရုပ်ဆောင်အဆိုတော် River Phoenix ဟာ မူးယစ်ဆေးဝါး အလွန်အကျွံ သုံးစွဲမှုနဲ့ သေဆုံးခဲ့ရပြီး Phoenix ကို Depp ကိုယ်တိုင် မူးယစ်ဆေးဝါး ပေးခဲ့တယ်ဆိုတဲ့ သတင်းစကားတွေ ထွက်ပေါ်လာလို့ Depp ဟာ စိတ်ထိခိုက်ခဲ့ရပါတယ်။ ‘ဒီလိုအပြောခံရတာတွေကြားမှာရှင်သန်ရတဲ့ဘဝကို တွေးကြည့်စမ်းပါ’။ စကားသာပြောနေပေမဲ့ Depp ရဲ့ မျက်လုံးတွေက တိမ်ညိုဆိုင်းသလိုပဲ အုံ့မှိုင်းလာကြပါတယ်။

Depp ရဲ့ စီးပွားရေးလုပ်ငန်းထဲမှာ အမြဲရှိနေခဲ့သူက သူ့ရဲ့အစ်မ Christi ပါပဲ။ Christi က Depp ရဲ့ နိစ္စဓူဝကိစ္စတွေကို စီမံခန့်ခွဲပါတယ်။ (ဒီဆောင်းပါးအတွက် Christi ကို ဆက်သွယ်ပေမဲ့ သူ့ဆီက ပြန်ကြားမှု မရှိခဲ့ပါဘူး) ၁၉၉၉ ခုနှစ်မှာတော့ လက်ရှိကိုင်တွယ်ပေးနေတဲ့ စီမံခန့်ခွဲရေးကုမ္ပဏီက တစ်နေ့တခြား ကျယ်ပြန့်လာနေတဲ့ Depp ရဲ့ ငွေရေးကြေးရေး ကိစ္စတွေကို နိုင်နိုင်နင်းနင်း မကိုင်တွယ်နိုင်ဘူးလို့ နှစ်ယောက်သား သဘောတူကြတာကြောင့် ပိုပြီးတော့ကြီးတဲ့ကုမ္ပဏီတစ်ခုကို ရွှေ့ပြောင်းအပ်နှံဖို့ရာ လိုအပ်လာခဲ့ပါတယ်။ အဲဒီနောက်မှာ Depp က လော့စ်အိန်ဂျလိစ်မြို့ အနောက်ဘက်ခြမ်း Sunset Boulevard လမ်းပေါ်မှာရှိတဲ့ စတုရန်းပေ ရှစ်ထောင်ကျော်နေရာကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။ အဲဒီနေရာကို ‘ဒရက်ကူလာရဲ့တိုက်’လို့ သူက နာမည်ပြောင်ပေးထားပါတယ်။ ဒရက်ကူလာရဲ့တိုက်မှာ Depp က ငွေကြေးစီမံခန့်ခွဲရေး မန်နေဂျာတွေကို ခေါ်ယူတွေ့ဆုံပြီး နောက်ဆုံးမှာ Robert နဲ့ Joel Mandel ဆိုတဲ့ ညီအစ်ကိုနှစ်ယောက်ရဲ့ TMG ကုမ္ပဏီကို သဘောကျ ရွေးချယ်ခဲ့တာပါ။ Joel ဟာ နာဇီတွေရဲ့ Auschwitz လူသတ်စခန်းကနေ လွတ်မြောက်လာသူတစ်ဦးရဲ့ အငယ်ဆုံးသား ဖြစ်ပါတယ်။

ပျက်နေတဲ့ အရုပ်တစ်ရုပ်လိုပဲလို့ သူကိုယ်တိုင်ပြောခဲ့တဲ့ လူတစ်ယောက်ရဲ့ လက်ထဲကို ဘာဖြစ်လို့ သူ့ငွေတွေအားလုံး ပုံအပ်လိုက်ရတာလဲဆိုပြီး စာရေးသူကမေးတဲ့အခါ Depp က မြင်မြင်ချင်းမှာပဲ သူ့ကို ဆွေမျိုးရင်းချာလိုရင်းနှီးတဲ့စိတ်ဖြစ်ခဲ့တာကြောင့်လို့ ပြန်ဖြေပါတယ်။

စာရေးသူက ဒီ့ထက်ပိုပြီး သိဖို့ရာ ကြိုးစားပေမဲ့ အချိန်က မနက်သုံး,လေးနာရီလောက်ရှိနေပြီး သူ့ရဲ့သက်တော်စောင့်တွေနဲ့ စားတော်ကဲလည်း အနားယူနေကြပါပြီ။ တစ်အိမ်လုံးလည်းတိတ်ဆိတ်လို့ပါ။ လင်းအားကြီး တိတ်ဆိတ်တဲ့အချိန်ဖြစ်ပေမဲ့ Depp ရဲ့စိတ်ဟာ ဘောင်ဘင်ခတ် ပြေးလွှားနေတုန်းပါပဲ။

အစောပိုင်းရိုက်ကူးတဲ့ **Pirates of the Caribbean** ဇာတ်ကားထဲမှာ ကမ်းခြေဆီ ရောက်လာတဲ့ Jack Sparrow က ညစ်တီးညစ်ပတ်ဆဲရေးတဲ့စကားတစ်ခွန်းကို ဗလုံးဗထွေး ပြောခဲ့တယ်လို့ သူက ပြန်ပြောပြပါတယ်။

‘ဒတ်တီးဆန်းချက်ဖ်လို့ ကျွန်တော် ပြောလိုက်တာ’။ ညစ်ညမ်းကားတွေထဲမှာ မလျော်မကန် ဆက်ဆံပြီးနောက် လုပ်လေ့ရှိကြတဲ့လုပ်ရပ်ကို ဗန်းစကားနဲ့ပြောတဲ့ အသုံးအနှုန်းတစ်ခု သူပြောလိုက်တာပါ။ ‘ဒီဗီဒီ မခုတ်ခင်မှာ အဲဒီအခန်းကို ဖြတ်ချပစ်ခဲ့ကြတယ်’။

Depp ဟာ သူ့ရဲ့ အသည်းစွဲနာမည်ကျော် ဂီတသမား Keith Richards ရဲ့ ကိုယ်ရည်ကိုယ်သွေးတချို့နဲ့ ဖန်တီးထားတဲ့ Jack Sparrow ဇာတ်ရုပ်ကို တော်တော်လေး စွဲလမ်းသူဖြစ်ပါတယ်။ သူ့ဇာတ်ရုပ်အတွက်နဲ့ ဒစ္စနေးရုပ်ရှင်နဲ့ ဇာတ်ညွှန်းဆရာတွေနဲ့ အချေအတင် ပြောရတာလည်း အကြိမ်ကြိမ်ပါပဲ။

‘ဘာဖြစ်လို့ ဒီလိုအသုံးမကျ ရက်စက်ကြမ်းကြုတ်တဲ့ ဇာတ်ကွက်တွေကို လက်ခံရမှာလဲ’။ Depp က ပြောပြလာတာပါ။ ‘ဒါတွေက ရှုပ်ထွေးလွန်းပါတယ်။ Jack Sparrow ဝမ်းနည်းကြေကွဲနေရတာကို ဘယ်လို သက်ရှိလူသားကမှ ကြည့်ချင်မှာ မဟုတ်ဘူးလေ’။

❑

TMG ရဲ့ ပြောကြားချက်တွေမှာ အမှားတွေပါနေတယ်လို့ Depp က ပြောပါတယ်။ ဝိုင်အရက်တွေအတွက် Depp က တစ်လကို ဒေါ်လာသုံးသောင်း သုံးခဲ့တယ်ဆိုပြီး ပြောတာကို သူက ရည်ညွှန်းပါတယ်။ ‘ဒါက ကျွန်တော့်ကို စော်ကားတာပဲ။ ကျွန်တော်သုံးတာ ဒီ့ထက်မကပါဘူး’လို့ သူက ဆိုပါတယ်။ အဲဒီအပြင် Hunter S. Thompson နဲ့ ပတ်သက်ပြီး ပြောထားတာတွေလည်း မမှန်ဘူးလို့ သူက ပြောပါတယ်(စာရေးဆရာ Hunter S.Thompson ဟာ အသက် ၆၇ နှစ်အရွယ်၊ ၂၀၀၅ ခုနှစ်မှာ ကျန်းမာရေးမကောင်းရာက ကိုယ့်ကိုယ်ကို သတ်သေပြီးနောက် သူ့ရဲ့ဆန္ဒအရ အရိုးပြာတွေကို အမြောက်ထဲထည့်ပစ်ပြီး လေထဲဖြန့်ကြဲပေးတဲ့ အခမ်းအနားကို Depp က ကုန်ကျစရိတ်ခံကျင်းပပေးခဲ့တာပါ)။ ‘Hunter ရဲ့ အရိုးပြာကို အမြောက်နဲ့ထည့်ပစ်ဖို့ရာ ကုန်ကျစရိတ်က သူတို့ပြောသလို ဒေါ်လာသုံးသန်းမဟုတ်ပါဘူး၊ ငါးသန်းပါ’။

Depp အပေါ် မာလွန်ဘရန်ဒိုနဲ့ သော်မဆင်တို့ရဲ့ လွှမ်းမိုးမှုကို စိတ်ပညာရှင်တစ်ယောက် ခေါ်ယူစစ်ဆေးစရာမလိုလောက်အောင် ထင်ရှားတာဖြစ်ပါတယ်။

❑

၂၀၁၃ ခုနှစ်မှာ မိခင်ဖြစ်သူ Betty Sue ဟာ ကင်ဆာဝေဒနာစွဲကပ်ခဲ့တာကြောင့် လော့စ်အိန်ဂျလိစ်ကို ပြောင်းရွှေ့စေပြီး အိမ်တစ်လုံးကို တစ်လ ဒေါ်လာ သုံးသောင်းနဲ့ငှားရမ်းနေထိုင်စေခဲ့ပါတယ်။ မိခင်ဖြစ်သူ ရောဂါသက်သာလာချိန်မှာ ငှားထားတဲ့အိမ်ပြန်အပ်ဖို့ Depp က Mandel ညီအစ်ကိုကို ပြောခဲ့ပေမဲ့ သူတို့တွေရဲ့မေ့လျော့မှုကြောင့် စာချုပ်ကဆက်ပြီး အတည်ဖြစ်နေခဲ့ရပါတယ်။ (TMG ဘက်ကတော့ စာချုပ်ဖျက်သိမ်းဖို့ရာ လေးလကြိုတင်အကြောင်း ကြားရမှာဖြစ်တယ်လို့ ဆိုပါတယ်။)

Betty Sue ဟာ ၂၀၁၆ ခုနှစ်မှာ




www.burmeseclassic.com

www.burmeseclassic.com

ကွယ်လွန်ပါတယ်။ သူကွယ်လွန်ပြီး နောက်မှာလည်း ကင်တပ်ကီပြည်နယ်မှာ Depp ဝယ်ပေးထားတဲ့ခြံကို မရောင်းခဲ့ပါဘူး။ သူ့ရဲ့ မောင်နှမတွေက ဆက်နေနေကြတာကြောင့်လို့ Depp က ပြောပြပါတယ်။

'သူတို့ကို ကျွန်တော်က တစ်သက်လုံး စောင့်ရှောက်ပေးမှာလို့ တွေးကြတာလေ။ အခုတော့ အဲဒီခြံက သူတို့ခြံပေါ့။ ဘာကတိမှပေးမထားဘဲကို အဲဒီလိုတွေးကြတာ။ ဒါလည်း TMG က ရှင်းရမယ့် အလုပ်ပဲ။ အဲဒီအတွက် သူတို့ကို ငွေပေးထားတာလေ' လို့ သူက ဆိုပါတယ်။

❑


ညီမဖြစ်သူ Christi အတွက် ဒေါ်လာ ၇ သန်းပေးရမည့်အမှုမှာ Depp ၏ အမှုများထဲတွင် တစ်ခုဖြစ်သည်။

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလထဲမှာ Christi က Depp ဟာ ဒီလိုပုံစံအတိုင်း ဆက်နေသွားဖို့ဆိုရင် အလုပ်အများကြီး လုပ်ဖို့ လိုနေကြောင်း Mandel ဆီကို ဆက်သွယ်ပြောကြားလာတယ်။ Mandel က နောက်ဇာတ်ကားတွေအတွက် သရုပ်ဆောင်ခမရသေးခင် သုံးဖို့ရာအတွက် ချေးငွေတစ်ခုယူဖို့လိုကြောင်း Christi ကို ပြန်ပြောခဲ့တယ်။ Christi က Depp ကို လက်မှတ်ထိုးဖို့ပြောရခက်တယ်လို့ အကြောင်းပြန်ခဲ့ပေမဲ့ Mandel က Depp ကို သူ့ရဲ့နေ့စဉ် အသုံးစရိတ်တွေ ပြန်ကြည့်ဖို့ ဒီဇင်ဘာထဲမှာ အီမေးလ်ပို့လာတယ်။

၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလထဲအထိ Mandel က Depp ကို ချေးငွေအတွက် လက်မှတ်ထိုးဖို့ပြောနေတုန်းပါပဲ။ ကြိုတင်ထုတ်ယူငွေ ဒေါ်လာလေးသန်းကျော်နေပြီလို့လည်း Mandel က Christi ကို ပြောခဲ့ပါတယ်။ ဒီလိုနဲ့ နောက်ဆုံးမှာ Depp က ချေးငွေစာချုပ်ကို လက်မှတ်ထိုးလိုက်ရတယ်လို့ တရားရုံးကိုတင်တဲ့ လျှောက်လွှာထဲမှာ ရေးသားဖော်ပြခဲ့ပါတယ်။


Depp နှင့် သူ့ရှေ့နေ Adam Waldman.

❑

Depp က သူ့ဘဝမှာ ဘယ်တုန်းကမှ သူများအပေါ် အနိုင်ကျင့်ဗိုလ်ကျခဲ့ဖူးတာမရှိကြောင်း၊ ဘယ်သူ့ကိုမှ မထိနိုက် မနာကျင်စေခဲ့ဖူးကြောင်း၊ ငယ်စဉ်ကတည်းက ရန်ပွဲကို ကိုယ်က ဘယ်တော့မှ မစ,ဖို့၊ ဒါပေမဲ့ သူများက စ,လာရင်တော့ ပွဲသိမ်းသာဆော်ထည့်လိုက်ဖို့ သင်ကြားခံခဲ့ရတာလို့ ဆိုပါတယ်။ 'အမေ့စကားနဲ့ ပြောရရင် အုတ်နီခဲနဲ့သာ ကောက်ထုလိုက်လို့ ပြောရမှာပါ'။

အခုလို TMG နဲ့ ဖြစ်နေရတာတွေဟာ သူ့ရဲ့သား Jack နဲ့ သမီး Lily-Rose တို့အတွက် ဖြစ်တယ်လို့ ဆိုပါတယ်။ Lily-Rose က Chanel ရေမွှေးကုမ္ပဏီရဲ့ မော်ဒယ်လ်ဖြစ်နေပါပြီ။

'သားလေးက သူ့အဖေ လူအိုကြီးဟာ ငွေတွေကို ဘယ်လိုဆုံးရှုံးသွားတယ်ဆိုတာ ကြားရမှာပါ။ ဒါတွေက အမှန်တွေ မဟုတ်ပါဘူး' လို့လည်း Depp က ပြောပြပါတယ်။ သူ့ဘဝမှာ ပျော်စရာအကောင်းဆုံး အချိန်တစ်ချိန်က သားဖြစ်သူ Jack က တီးဝိုင်းအဖွဲ့တစ်ဖွဲ့ ဖွဲ့ထားကြောင်း ပြောလာတဲ့အချိန်လို့ သူက ဆိုပါတယ်။ အဖွဲ့နာမည်မေးတော့ သားက 'Clown Boner' လို့ ဖြေကြောင်း ပြောပြပါတယ်။ 'အဲဒါ ကျွန်တော့်သားပဲ။ သွေးစစ်စရာ မလိုပါဘူး'။

စာရေးသူက ပြန်ဖို့နှုတ်ဆက်တော့ သူက အပေါက်ဝအထိ လမ်းလျှောက်လိုက်ပို့ပြီး နှုတ်ဆက်စကား ဆိုပါတယ်။ 'အခုလို လာပေးတာ ကျေးဇူးပါပဲ။ ခင်ဗျားအတွက် ဒီဆောင်းပါးက ပူလစ်ဇာဆု ရသွားနိုင်ပါတယ်။ ဂရုစိုက်ပြီးသွားပါ။ နားထောင်ပေးတာ ကျေးဇူးတင်ပါတယ်'။

■ ရာပြည့်

*Reference: The Trouble with Johnny by Stephen Rodrick, Illustration by Matt Mahurin, Rolling Stone July 2018.*


ပြဇာတ်စင်ထက်တွင် Joe Perry နှင့်အတူ တွေ့ရစဉ်။



www.burmeseclassic.com

www.burmeseclassic.com

# ငါတို့အားလုံးသည် . . .
# ချစ်ကြည်အေး



မြစ်စဉ် (၁)

သားဖေဖေမျက်နှာက မတင်းလှသော်လည်း ခပ်မှုန်မှုန်၊ သားကို ကြည့်လိုက်ပြန်တော့ ဘာလဲကွာဆိုသည့် မျက်နှာပေးနှင့် မျက်ခုံးအစုံ တွန့်ချိုးထားပြန်၊ နှစ်ယောက်လုံး၏ မျက်နှာရိပ်ကိုကြည့်ကာ နေသာရသူ ကျွန်မအတွက် ကျဉ်းထဲကျပ်ထဲ ရောက်နေသလို အနေခက်လှပါသည်။

'တက်တူးဆိုတာ ကိုယ့်အသားပေါ်မှာ နေရာပေးပြီး မြတ်မြတ်နိုးနိုးထိုးရတာ၊ သေတဲ့အထိ ကိုယ်နဲ့မကွာ ကိုယ့်အသားပေါ်မှာ ရောင်စုံ လှပနေတာမျိုး။ တက်တူး ပညာရှင်ရဲ့ ကျွမ်းကျင်မှုပေါ် လိုက်ပြီး သိပ်လက်ရာမြောက်တဲ့ အနုပညာကို အသေးစိတ် တွေ့နိုင်တာမျိုး။ အဲဒီအနုပညာလက်ရာကို ကိုယ့်အရေပြားပေါ်တင်ပြီး တစိမ့်စိမ့် ကြည့်နေရတာလောက် စိတ်ချမ်းသာစရာကောင်းတာမျိုး ကျွန်တော်တော့ မတွေ့မိသေးဘူး မေမေ'တဲ့။

'လူ့စိတ်ဆိုတာ ပြောင်းလဲတတ်တာ သဘာဝပဲ၊ ခုနေ အရှုံးထ. ပြီး ထိုးချင်ပေမဲ့ နောင်ကြာရင် ဖျက်ချင်လာတော့ ဖျက်မရမယ့် သေရာပါကြီးကွာ။ လူတကာ အရေပြားပေါ် ထိုးနေတဲ့အပ်ကရော ဘယ်လောက်သန့်ရှင်းနိုင်မလဲ၊ ကူးစက်နိုင်တဲ့ ရောဂါတွေဟာ အပ်ကတစ်ဆင့် မင်း အရေပြားထဲ ရောက်နိုင်တာပဲ။ ငါမကြိုက်ဆုံးက တက်တူးထိုးတဲ့သူတိုင်းဟာ လူဆိုးတွေ မဟုတ်ကြပေမဲ့ ဒုစရိုက်သမားတော်တော်များများ လက်မောင်းပေါ်မှာ တက်တူးတွေ ထိုးထားလေ့ ရှိကြတာကိုပဲကွ'

သားခံစားချက်က သဘာဝကျသားပဲလို့ ကျွန်မ တွေးမိတာနှင့်အတူ သားဖေဖေ ပြောစကားတွေ အကြားမှာ ဒါလည်းဟုတ်တာပဲ ထင်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

'သား အရွေးထ,ပြီး ထိုးချင်တာ မဟုတ်ပါဘူး။ ထိုးပြီးမှ ဖျက်ချင်တယ်ဆိုရင်တောင် ခုခေတ်က တက်တူးဆိုင်ကြီးတွေမှာ တက်တူးဖျက်ပေးတဲ့ ဝန်ဆောင်မှုတွေ ရှိနေပြီ။ နောက်ပြီး အပ်တွေကလည်း တစ်ခါသုံးအပ်တွေ ရှိတာမို့ ကူးစက်ရောဂါ အတွက်လည်း ပူစရာမရှိပါဘူး မေမေ။ နောက်ဆုံးတစ်ချက်က



တော့ လူတွေရဲ့ စိတ်အစွဲပဲရှိ သားမှာ ပြောစရာ သိပ်မရှိပါဘူး၊ လူ့အသိုင်း အဝိုင်းထဲမှာ တက်တူးထိုး မထားတဲ့၊ ခေါ်မှန်းလို့တောင် မရတဲ့ ဒုစရိုက်သမားတွေ၊ လူ မသမာတွေ အများကြီးပါ မေမေ'

သားက သူ့စကားဆုံးတာနှင့် အပြင်ခဏသွားလိုက်ဦးမယ် မေမေဆိုကာ အိမ်အပြင်ထွက်သွားတော့ သားမေမေ ဘာမှ ပြန်မပြောသာ။ ဘာမှပြန်မပြောပေမဲ့ ပြောင်းလဲသွားသော မျက်နှာအရောင်နှင့် သားမေမေ စိတ်ထဲကိုတော့ ကျွန်မ မြင်လိုက်နိုင်သည်လေ။

ကံကောင်းထောက်မ,စွာ အဲသည်နေ့က အိမ်ပြန်လာတော့

သားကိုတော့ မိဘ
ဘာပြောပြော မျက်စိစုံမှိတ်
နားတောင်တာထက် မိမိ
ကိုယ်ပိုင်ဆုံးဖြတ်ချက်ကလေး
အောက်မှာ အမှား အမှန်ကိုယ်
တိုင်သိကာ၊ သိသည့်အတိုင်း
ရဲရဲရင့်ရင့် ရပ်တည်တတ်သော
လူငယ်ကလေး ဖြစ်စေချင်လှသေးသည်



www.burmeseclassic.com

www.burmeseclassic.com

သားကိုယ်ပေါ်မှာ ဘာတက်တူးမှ ထိုးမလာခဲ့ပါ။ ကျွန်မစိတ်ထဲမှာတော့ သားကို သူ့စိတ်ကြိုက် တက်တူးကလေး တစ်ခုခု ထိုးလာစေချင်ခဲ့သည်။ မိဘအုပ်ထိန်းမှုအောက်မှာ နေထိုင်ကာ လိမ္မာသော သားကလေးဖြစ်ရတာ ကောင်းပါသည်။ သို့သော် သားကိုတော့ မိဘ ဘာပြောပြော မျက်စိစုံမှိတ် နားထောင်တာထက် မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ကလေးအောက်မှာ အမှား အမှန် ကိုယ်တိုင်သိကာ၊ သိသည့်အတိုင်း ရဲရဲရင့်ရင့် ရပ်တည်တတ်သော လူငယ်ကလေး ဖြစ်စေချင်လှသေးသည်။

❑

**ဖြစ်စဉ် (၂)**

မြို့ကလေးထဲ ခြေချမိချင်းမှာပင် သူမဆီက ဖုန်းဝင်လာခဲ့သည်။ ညနေစာအတွက် တွေ့ကြရအောင်တဲ့။

emu;ifvdk&onf jzpfcif b , favmuf rmEdkifvJGf tdrfaxmifOD;cifyGefonf\ aoa&; &Sifa&;rSm aoa&;bufu tav;omonf[k odae&aom tajctae urQwpfck y;ufonfqdkvnf; [kwfnf rkd; ydu;onfqdkvnf; rrSm;cJh

ဝေမျှခဲ့ဖူးသည်။ သို့သော် မီးကူးသလို ကျွန်မကို ပူလောင်ကူးစက်စေလျက် သူမဆီက အပူမီးတွေမှာလည်း လျော့မသွားခဲ့ပါ။

နာကျင်လိုက်ရသည့် ဖြစ်ခြင်း။ ဘယ်လောက် မာနိုင်မလဲကွယ်။ အိမ်ထောင်ဦးစီးခင်ပွန်းသည်၏ သေရေးရှင်ရေးမှာ သေရေးဘက်က အလေးသာသည်ဟု သိနေရသောအခြေအနေ၊ ကမ္ဘာတစ်ခု ပျက်သည်ဆိုလည်း ဟုတ်မည်၊ မိုးပြိုကျသည်ဆိုလည်း မမှားခဲ့။

ကျွန်မတို့ကိုမြင်တော့ မျက်နှာကလေးနွမ်းကျသွားသည့်ကြားက ကြိုးစားပြုံးရှာသည့် သူမကို လက်ဖဝါးနှစ်ဖက် ဖွဖွကိုင်ဆွဲကာ 'ချို့နေကောင်းတယ်နော်' ဟု ဆိုရသည်။ သူမတို့ အိမ်အောက်ထပ်မှာ မီနီမားကက် အသေးစားလေးရှိကာ သူမတို့ မိသားစုက အပေါ်ထပ်မှာ နေကြပါသည်။

'သားက ဆယ်တန်းရောက်ပြီလေ၊ စာမကျက်ချင်ဘူး။ ဆရာခေါ်သင်လည်း ဆရာတွေသာ တစ်ယောက်ပြီးတစ်ယောက် ပြောင်းရော၊ သူက စာကို စိတ်ပါလက်ပါ မလုပ်ဘူး။ ဆရာတွေကို ဂျစ်တိုက်တော့ ဆရာတွေလည်း မခြံဘူး။ သမီးကတော့ ခြောက်တန်း၊ သူက လိမ္မာပါတယ်'

သားအကြီးကလေးက မျက်လုံးစွေ၍ ကြည့်လေသည်။ ခုမှ တွေ့ဖူးသူတွေရှေ့မှာ သားတစ်ယောက်၏ အနာအဆာကို ဘာမှမဟုတ်သလို ပေါ့ပေါ့လေးပြောထွက်သည့် အမေကို စိတ်လက်မကြည်လင်ပုံမျိုး ဖြစ်သည်။ ဘာမှကြီးကျယ်သည့်ကိစ္စ မဟုတ်သလို ကျွန်မတို့က ရယ်ရွှင်ပေါ့ပါးပြရသည်။ ကလေးအနေရ မခက်စေချင်သလို မိခင်အပေါ် စိတ်မခုစေလိုပါ။ မိခင်လက်တစ်စုံတည်းနှင့်သာ ပွေ့ပိုက်ကြီးပြင်းရသော သားမှာ လိုအပ်မှုတွေ၊ ဖွင့်ဟ တိုင်ပင်လိုစိတ်တွေ၊ ဆယ်ကျော်သက်တို့စိတ်၏ ဆာလောင်မှုတွေ ရှိခဲ့မည်ပေ။ သမီးကလေးကတော့ စားပွဲပေါ်ရှိ Fish and Chips ပန်းကန်ထဲက အာလူးချောင်းကြော်တွေကို အချဉ်ရည်နှင့်တို့ကာ စားလျက်ရှိပြီ။

'အန်တီတို့က ခုမှ သိကြတာ မဟုတ်ဘူး သား၊ သားတို့ဖေဖေ မဆုံးခင်ကတည်းက၊ သားတို့ ဖေဖေနဲ့ အန်တီ့အစ်ကိုက ကျောင်းနေဖက်သူငယ်ချင်းတွေ သားရဲ့'

ကလေးလည်း အနေရ မခက်အောင်၊ ကျွန်မတို့နှင့်လည်း ရင်းနှီးသွားအောင် အဲသည်လို ပြောလိုက်ရကောင်းမလား၊ သားတို့ဖေဖေ မဆုံးခင်ကတည်းက ဆိုတာကိုတော့ မသုံးချင်ပြန်၊ အဟောင်းတွေ အသစ်မဖြစ်လို့။ သားကြီးအကြောင်း…။ ကျွန်မသားကြီးအကြောင်း ချို့ မမေးပါစေနှင့်၊ ဒီကလေးရှေ့မှာ တခြားကလေးတစ်ယောက်နှင့် နှိုင်းယှဉ်သည့်လေသံမျိုး ခပ်ဆင်ဆင်တောင်မှ မပြောလိုပါ။ နေပါစေတော့…။ ခုချိန်မှာ နားထောင်ပေးတတ်သော နားတစ်စုံအဖြစ် နေတာက သာပိုကောင်းပါလိမ့်မည်။ သူမမှာလည်း ပြောစရာတွေ အများကြီးရှိနေနိုင်သည်ပဲ။

ထိုစဉ်တုန်းကတော့ ချို့သားအကြီးကလေးက ဆယ့်နှစ်နှစ်သာ ရှိသေးတာ၊ ခုတော့ ဆယ့်ခြောက်နှစ် ဆယ်တန်းကျောင်းသားကြီးဖြစ်ခဲ့ပြီ။ သည်လေးနှစ်အတွင်း အိုစာမှုတွေက သူမမျက်နှာပေါ် အခန့်သား နေရာယူလာခဲ့ပုံရသည်။ လွယ်ပါ့မလား ဟင်…၊ မိန်းမတစ်ယောက်အတွက် နေရေးစားရေး၊ စီးပွားရေး၊ အိမ်ထောင်ထိန်းသိမ်းမှုအပြင် တခြား လူမှုရေးကိစ္စတွေပါ ထပ်ဆောင်းထားသည့်၊ တစ်ကိုယ်တည်းကြုံရသည့် ဘဝဇာတ်ခုံက ရင်ထုဇာတ်နှင့်သာ မိုးလင်းခဲ့ရမည့်ဇာတ်အသွားတွေ များ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့မှာပါပဲ။ သူမကတော့ သူမ မျက်နှာစာကို လှလှပပ ဆေးခြယ်ဖို့ မမေ့ခဲ့ပါ။ သူမ ပြုံးလေ၊ သူမ အနာတွေ သွေးစိမ်းရှင်ရှင်တွေက မိတ်ကပ်မျက်နှာခပ်ပါးပါးအောက်က ရုန်းထွက်လာလေဖြစ်သည်။ ကျွန်မကပဲ သူမရင်ထဲအထိ ကြည့်မြင် သိနေနိုင်လို့များလား။

သားအကြီးကလေး အောက်ထပ်ဆင်းသွားတော့မှ မိခင်တစ်ယောက်အနေနှင့် ဆုံးမပဲ့ပြင်ဖို့ ခက်ခဲသော ထိုသားကြီးအကြောင်းကို ရုပ်လုံးပေါ်ရုံမျှ ဖွင့်ဟ,လေသည်။

'ပြောစကား နားမထောင်ဘူး အစ်မရယ်၊ ပိုက်ဆံလည်း ဘယ်လောက်ပေးပေး မလောက်ဘူး။ နာရီတွေ ဝယ်စုသတဲ့၊ ဘာနာရီတွေမှန်းလဲ ကျွန်မ မသိပါဘူး။ ဈေးကြီးလိုက်တာချည်းတွေ။ သူနဲ့ပေါင်းနေတဲ့ ကောင်ကလေးတွေကလည်း မိဘက ချမ်းသာတော့ အလိုလိုက်ခံထားရတဲ့ကလေးတွေ၊ သုံးဖွဲ့နိုင်ကြတော့ သူက ကျွန်မဆီက မုန့်ဖိုးတောင်းတိုင်း၊ သူတောင်းသလောက် မပေးရင် မွေးတုန်းက မွေးထားပြီးဆို ပြောသေးတာ။ ဆေးတွေဘာတွေ မစွဲသေးတာဘဲ ကျေးဇူးတင်ရတယ်'

'သူ့အဖေထားခဲ့တဲ့ မီနီမားကက်လေးကိုတောင် ကျွန်မမှာ လည်ပတ်အောင် မနည်းရုန်းနေရတာ။ တစ်ခါတလေ ညကြီးမိုးချုပ်မှ တစ်ခုခု ဝယ်ချင်လို့ တံခါးဖွင့်ပေးပါဦးဆိုတဲ့ အမူးသမားတွေက ရှိသေးတယ်။ သားအကြီးရယ်လို့ အမေရှေ့ကနေ မားမားမတ်မတ် သွားဖွင့်ပေးမယ် မရှိဘူး။ လူတွေဆိုတာကလည်း မုဆိုးမမုန်းသိတော့ မခန့်ချင်ကြဘူး၊ သွေးတိုးစမ်းချင်ကြတဲ့သူတွေကလည်း ရှိသေးတယ်။ ကျွန်မမှာ စီးပွားရေးက တစ်ဖက်၊ သားအကြီးမို့ အားကိုးရမလားမှတ်တယ်၊ သူက မသိတတ်တာ တစ်ဖက်နဲ့၊ တကယ့်ကို ဘေးကျပ်နံကျပ်ပါပဲ'

ဘေးကျပ်နံကျပ်တဲ့…။ သူမ စကားကြားရတာ မသက်သာလိုက်တာ၊ သူ့ခင်ပွန်းဆုံးတုန်းက ဆယ့်နှစ်နှစ်သားအရွယ် ကောင်ကလေးပင် ဆယ့်ခြောက်နှစ်ရှိခဲ့ပြီ။ အသက်လေးဆယ်စွန်းစွန်း မုဆိုးမကလေးဟာလည်း ကလေးနှစ်ယောက်နှင့် ဘဝကြီးထဲ ရုန်းကန်ကျန်ရစ်ရပြီ။

အသည်းကင်ဆာ နောက်ဆုံးအဆင့် ရောက်နေပြီလို့ သိရစဉ် ခင်ပွန်းသည်ရှေ့မှာတော့ လက်ကို တင်းတင်းဆွဲကိုင်ကာ အားပေးရဲရင့်ခဲ့သော သူမက ခင်ပွန်းကွယ်ရာ ကျွန်မ မီးဖိုချောင်ထဲထိ လိုက်လာကာ ငိုချပေါက်ကွဲခဲ့သူ၊ ဝေဒနာခံစားနာကျင်နေရသည့် ခင်ပွန်းရှေ့မှာ ပေါ့ပေါ့ပါးပါးနေပြနိုင်ခဲ့သူက ကျွန်မရှေ့မှာတော့ အကြိမ်ကြိမ် လဲပြိုခဲ့သူ။ ခုတော့ဖြင့် မိန်းမတန်မဲ့ စားဝတ်နေရေးအတွက် ရုန်းရကန်ရတွေနှင့် မသိတတ်သော သားကြီးကလေးအကြားမှာ ဘေးကျပ်နံကျပ် အသက်ရှူမဝ,ရှာသူ။ ဒီတစ်ခါ သူမဆီက အပူက ကျွန်မထံ အလုံးအရင်းနှင့် မကူးသော်လည်း သူမပြောသမျှ နားထောင်အပြီးမှာတော့ သက်ပြင်းချမိရုံမှတစ်ပါး ဘာမျှမတတ်နိုင်ခဲ့ပါ။

တကယ်တော့ ကျွန်မတို့ တွေ့ဆုံညစာဟာ ပြီးခဲ့သော လေးနှစ်အတွင်းက သူမ ဘယ်လောက်လောင်မြိုက်ခဲ့ရမှု၏ အစီရင်ခံစာသာဖြစ်လေသည်။

❑

## ဖြစ်စဉ် (၃)

ဘယ်လောက်ပဲ အလည်အပတ် အပန်းဖြေခရီးဟုဆိုဆို မြန်မာနိုင်ငံကနေ စင်ကာပူပြန်ရောက်ပြီး အမောလေးမှမပြေခင် နောက်တစ်နေ့မှာ ရုံးပြန်တက်ရပါသည်။ ကျွန်မအလုပ်တွေ ကူရှင်းပေးထားသော Sandra ကို ကျေးဇူးတင်ကြောင်း ပြောရသည်။ တကယ့်တကယ်ကျတော့ ကျွန်မအလုပ်တွေက ကျွန်မအလုပ်တွေပင်ဖြစ်ပြီး အခက်အခဲတွေနှင့် အသေအကျေဖြေရှင်းရမည့် ပြဿနာတွေက စားပွဲပေါ်မှာပင် ကျန်ရစ်ခဲ့တာ။ အသေးစားကလေးတွေကတော့ Sandra ဝင်လုပ်ခဲ့ပြီးသား။ ကျွန်မ ခွင့်ယူနေစဉ်မှာ အခြားတစ်ယောက်က ကျွန်မအလုပ်တွေ လုပ်ကူထားသည်ဆိုတာဟာ တကယ်တော့ မည်ကာမတ္တမျှသာ၊ သို့သော်လည်း ဒါက ရုံးကြီးတွေ၏ ထုံးစံမို့ ရုံးစည်းမျဉ်းအောက်မှာ အသားကျနေပြီးသား ယဉ်ကျေးမှုတစ်ခုပေ။

လုပ်လက်စ အလုပ်တွေရယ်၊ လတ်တလော အလုပ်အသစ်တွေရယ်၊ အမြန်ဆုံးဖြေရှင်းရန်ဆိုသည့် အလုပ်တွေရယ် အဆင့်ခွဲထားသော စားပွဲပေါ်ရှိ သုံးဆင့်စင်ကလေးထဲက အလုပ်တွေကို ပြန်ကြည့်၊ ဦးနှောက်ကို ပြန်အလုပ်ပေးရသည်။ ပြီးမှ ဦးစားပေးဖြေရှင်းရန် ၁၊ ၂၊ ၃ဆိုပြီး ခွဲခြားကာ ပလတ်စတစ်ဖိုင်တွဲကလေးတွေထဲ စီရီကာ ထည့်သိမ်းရသည်။ ဦးစားပေးဖြေရှင်းရန် ၁ ဖိုင်ကိုတော့ စားပွဲပေါ်တင်ကာ အသေးစိတ်တစ်ခုချင်း ပြန်လည်ဖတ်ရှုရန်ပြင်ရလေသည်။ ထိုစဉ်မှာပင် Monica အသံရူးရူးကို ကြားလိုက်ရလေသည်။ ကျွန်မဘေး စားပွဲတွင်ပဲမို့ ခေါင်းငုံ့စောင်းကြည့်ကာ ပြုံးပြရသည်။

'ဟေး ပြန်လာပြီလား ကြိုဆိုပါတယ်၊ ဘယ်လိုလဲ ပျော်ခဲ့ရဲ့လား'

'ပျော်တာပေါ့၊ ကိုယ့်တိုင်း ကိုယ့်ပြည် ပြန်ရတာပဲဟာ'

Monicaအမေးကို ပြန်လည်ဖြေရှင်း မဆုံးတော့မည့် စကားများ စ,မလာခင် စားပွဲပေါ်ရှိ ဖုန်းကို ကောက်ကိုင်လိုက်ရသည်။ ဘယ်ကိုဆက်ရပါ့။ အလွတ်ရနေသော Customer ဖုန်းနံပါတ်တစ်ခုကို ခပ်မြန်မြန်ပင် လှည့်ဖြစ်သည်။

'ဟဲ့ နင် ဘာဖြစ်နေတာလဲ၊ အိမ်မှာ ဟင်းချက်မနေနဲ့ဦးနော်။ ဟိုတစ်ခါကလို မီးထ,လောင်ဦးမယ်။ အေးအေး၊ ခေါက်ဆွဲပဲ ပြုတ်ချင်ပြုတ်သောက်။ ညနေ ငါပြန်လာမှ ညနေစာ ဝယ်ခဲ့မယ်။ မုန့်ဖိုးက ဘာလဲ ကုန်ပြန်ပြီလား၊ နင့်မလည်း ငါ့များ လမ်းလျှောက် ငွေထုတ်စက်ကြီးများ မှတ်နေလား၊ နင်


www.burmeseclassic.com

www.burmeseclassic.com

လည်း နင့်အဖေလိုပဲ ငါ့ဆီက ပိုက်ဆံကလွဲပြီး ဘာမှ မတောင်းတတ်တော့ဘူးလား။ တော်ပြီ၊ တော်ပြီ ငါဒီမှာ အလုပ်တွေနဲ့၊ အလုပ်ဆက် လုပ်လိုက်ဦးမယ်၊ ဒါပဲ ဒါပဲ'

ကျွန်မ ဖုန်းအချမှာ Monica ဖုန်းပြောနေတာကို အတိုင်းသားထက် ပိုစွာ ကျယ်ကျယ်လောင်လောင်ပင် ကြားလိုက်ရလေသည်။ ထိုးစံအတိုင်း သူ့သားကလေးနှင့် စကားအချီအချပြောနေကြခြင်းပင်။ ဘယ်တုန်းကမှလည်း အမေရယ်လို့ သားအပေါ် ချစ်ချစ်ခင်ခင် သိမ်သိမ်မွေ့မွေ့ရှိတာ မတွေ့ရပါ။ စိတ်ထဲကနေပဲ ချစ်တတ်တာလားတော့ မဆိုနိုင်။

တစ်ခါကတော့ 'ငါ့သားကို လူငယ်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း ပို့လိုက်ရင် ကောင်းမလား'ဟု ကျွန်မဆီ အကြံတောင်းခဲ့ဖူးတာမို့ အံ့သြခဲ့ရဖူးသေးသည်။

'ငါ့မှာ ငါ့ Boy Friend နဲ့ ခရီးထွက်ချင်တာတောင် သင်းတစ်ယောက်နဲ့ အိမ်ကို စိတ်မချလို့ မထွက်ရဘူး။ ငါ့ Boy Friend အိမ်လာရင်လည်း သင်းမျက်နှာကို ကြည့်ရသေးတာ၊ သင်းက အခန်းတံခါးဆောင့်ပိတ်လား ပိတ်ရဲ့၊ အခန်းထဲကနေ ဂစ်တာ အကျယ်ကြီး တီးလားတီးရဲ့။ အင်မတန် ဂျီကောင်။ ငါ့ကိုလည်း အမေ့ Boy Friend ကို ယူရဲယူကြည့် သတ်မှာလို့ ခြိမ်းခြောက်သေးတာ။ နင်သိလား၊ ငါ အဲဒီ ဂျီကောင်ကို သိပ်မုန်းတာပဲ။ သင်းအဖေနဲ့ တစ်ပုံစံတည်းပဲ။ ငါ့ကို စိတ်

rdf Wpa , rmuf t wGuf aea&;pm;a&; pDyGa&; t daxmif xdfo dfrlt jyif wjcm; vrla&;u pdäwyG xyfaqmif xm;onf wpfukd fwnf u&o nf bOZmwcd &ifxZm wESfom rkdv ifcOrnf Zmwft oGawG rm;cdlyJ

ဒုက္ခပေးဖို့သက်သက် လူဖြစ်လာကြတဲ့ဟာတွေ။

'သူ့အဖေကဖြင့် သူ့သားကို လစဉ်ထောက်ပံ့ကြေးပေးတာက ဒေါ်လာလေး ၅၀၀ ရယ်၊ သူ့သားက ဖြုန်းတာဖြင့် ငါ့လခထဲက တောင် ဖဲ့ကျွေးနေရတာ။ စိတ်ပျက်ပါတယ်ဟာ၊ မွေးမိတာ ငါ့အမှားပါ'

'လူငယ် ထိန်းသိမ်းရေးစခန်းက ပြန်ထွက်လာတဲ့ ကလေးတစ်ယောက်ဟာ သူ့ရာဇဝင်မှတ်တမ်းမှတ်ရာထဲမှာ စာရင်းတွင်ခဲ့ပြီးသား ဖြစ်သွားတော့မှာလေ၊ နင်က နင့်သားကို အဲသလို နောက်ကြောင်းနဲ့ ကြီးပြင်းလာစေချင်လို့လား၊ လူတွေအမြင်မှာ နင့်သားဟာ ဆိုးသွမ်းလွန်းလို့ မိဘကတောင် ထိန်းမရလို့ လူငယ်ထိန်းသိမ်းရေးစခန်း သွင်းပြီး ဆုံးမပဲ့ပြင်ခဲ့ရသူပါလို့ နင်က မြင်စေချင်တာလား'

အဲသည်တုန်းက ကျွန်မ မေးခွန်းကို Monica မဖြေခဲ့ပါ။ နောက်တော့လည်း ထိုစခန်းကို မပို့ဖြစ်ခဲ့ဟု သိရသည်။

'ငါ့ Boy Friend ကလည်း တစ်စခန်းထ,တယ်။ ငါ့သားကို သူ့အဖေဆီ အပြီးပို့လိုက်တဲ့၊ သူက ငါ့အိမ်ပေါ် ပြောင်းလာချင်နေပြီလေ။ ဖြစ်မှ မဖြစ်တဲ့ဟာ၊ သင်းအဖေက သူတာဝန်မယူချင်လို့ ငါ့ဆီ ထားခဲ့တဲ့ဟာပဲ။ သူ့နောက်မိန်းမအိမ်ပေါ်မှာ ငါ့သားကိုခေါ်ထားပါ့မလား နင်စဉ်းစားကြည့်။ ငါ့ Boy Friend နဲ့ငါလည်း သူ့ကြောင့် တကျက်ကျက်ပါပဲ။ တကယ်ပါ ငါ့မှာ သူတို့နှစ်ယောက်ကြား တကယ့်ကို ကြားညပ်နေပြီ။ I become a sandwich you know' လို့ ပြောလာသည့် Monica မျက်နှာကိုသာ ကျွန်မ ငေးကြည့်နေခဲ့ရသည်။

ဖြစ်ရလေ၊ တစ်ခုလပ်မိန်းမတစ်ယောက်ဟာ သားနှင့် ရည်းစားကြား ဗျာများရသတဲ့။

❑

## ဖြစ်စဉ် (၄)

မိန်းမတစ်ယောက်အတွက် အဝတ်အစား ဝယ်ယူရခြင်းထဲမှာမှ အတွင်းခံ အဝတ်အစား ဝယ်ယူရခြင်းက ပိုပြီးခက်ခဲသည်ဟု ကျွန်မ ထင်ပါသည်။ ဘရာစီယာ တစ်ထည် ကောင်းကောင်းရဖို့ကလည်း ခက်သားပဲ၊ သံဖရိမ်ကွင်းတွေပါတာ၊ ရေမြှုပ်တွေပါတာ မကြိုက်သည့်အပြင် ပြောင်ချောချော အသားတွေကိုလည်း မကြိုက်ပြန်။ ချည်သားအေးအေး ပျော့ပျော့အသားတွေ၊ အပေါ်က အင်္ကျီထပ်ဝတ်လို့မှ အောက်ခံဘရာစီယာလိုင်းအရာကြီး ပေါ်မနေဘဲ အပေါ်ဝတ်နှင့် တစ်ထပ်တစ်သားတည်းကျတာကိုမှ လိုချင်သူပီပီ ကျွန်မအတွက် အတွင်းခံ ရွေးရဝယ်ရတာ အလွန်ခက်ခဲသည့် အလုပ်ပါပေ။

သည်နေ့တော့ Triumph တံဆိပ်တွေ ဈေးလျှော့ရောင်းနေတာနှင့် တိုက်တိုက်ဆိုင်ဆိုင် ကိုယ်ကြိုက်တာလေးတွေလည်း ရလာခဲ့တာမို့ စိတ်ထဲကျေနပ်ကာ ရှော့ပင်းမောထဲက ထွက်ဖို့ပြင်ရသည်။ ညနေစာ ပြင်ဆင်ရဦးမည်လေ။

'Hello....Madam!'

ရင်းနှီးနေကျအသံမို့ ကမ်းပေးလာသော စာရွက်ကို ယူရင်းက မျက်နှာကိုကြည့်မိတော့ သား ဖြစ်နေလေသည်။ ကျွန်မ ပြုံးမိရပါသည်။ သားပုံကိုလည်း ကြည့်ဦးလေ၊ sandwich ပုံ ကတ်ထူပြားကြီးနှစ်ခုအလယ်မှာ လူက ဝင်လျက် သက်ရှိ အသားညှပ်ပေါင်မုန့်တစ်လုံး လမ်းလျှောက်နေသလိုမျိုး၊ ရယ်စရာကလေး။ သားက သူအချိန်ပိုင်း အလုပ်ဝင်နေသော ပေါင်မုန့်ဆိုင်၏ ကြော်ငြာရွှေလက်ကမ်းကြော်ငြာတွေ လိုက်ဝေနေတာ ဖြစ်ပါသည်။

'သား ညနေတော့ အိမ်မှာ စားမယ် မဟုတ်လား'

'မပြောတတ်သေးဘူး



www.burmeseclassic.com

www.burmeseclassic.com

မေမေ၊ ဆိုင်က တစ်ယောက်မလာရင် သူ့ဂျူတီချိန်ကို သား ဝင်ချင်ဝင်ရမှာ'

'မေမေ့ဆီ မက်ဆေ့ချ်ပို့ပြီး ပြောပေးထားနော် သား၊ သားအိမ်ပြန်နောက်ကျမယ်ဆို မေမေတို့ စားနှင့်လိုက်ကြမယ်'

'ကောင်းတာပေါ့'

သား၏ ကောင်းတာပေါ့ကို ကျွန်မ ကောင်းကောင်း နားလည်ပါသည်။ တစ်လောက တက်တူးကိစ္စပြီးကတည်းက သားအဖနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းသိပ်မဆိုင်ဘဲ နေနေကြသည်။ တစ်ခုခုဆို ကျွန်မကို ကြားခံကာ ပြောတတ်ကြသည်။ 'အမေကြီး မင်းသားကို မင်းပဲပြောထားဦး' ဟု သူ့အဖေက ဆိုတတ်သလို၊ 'သား သွားပြီနော် စောစောပြန်ခဲ့မယ်၊ မေမေပဲ အဖေ့ကို ကြည့်ပြောလိုက်' ဟု သားကလည်း ဆိုတတ်ပါသည်။

'မေမေ အဲဒါဆို သား အလုပ်ဆက်လုပ်လိုက်ဦးမယ်နော်၊ သားကတော့ မေမေ တွေ့တဲ့အတိုင်း Become a Sandwich ဖြစ်နေပြီ၊ ကြားညပ်နေပြီ။ မသက်သာဘူး မေမေရေ၊ ချွေးတလုံးလုံးပဲ' ဟု ပြောင်ချော်ချော်ဆိုကာ နှုတ်ဆက်နေသော ပေါင်မုန့်အကြီးကြီးနှစ်ချပ်ကြားက သားကို သဘောတကျကြည့်ရယ်မောကာ အိမ်ပြန်လာခဲ့လိုက်ပါသည်။

❑

အစ။

'မင်းက ဂစ်တာဝယ်မလို့ဆို'

သူ့အဖေအမေးကို သားက ခပ်လေးလေး ခေါင်းညိတ်ပြသည်။

'ဘယ်တော့ ချောင်ထိုးထားဦးမှာလဲ'

'သား တကယ်လုပ်မှာပါ၊ ဆရာနဲ့ သေချာသင်မှာ၊ သင်တန်းတောင်အပ်ပြီးပြီ၊ မေမေ လိုက်အပ်ပေးတာ'

သားက စစ်ကူတစ်ယောက်အဖြစ် ကျွန်မကို ဆွဲထည့်လေတော့သည်။

'အေးပါ၊ မင်းအမေက တော့ မင်းဘာလုပ်လုပ် အကုန်ကောင်းနေတာပဲ'

'အိမ်မှာ တူရိယာလေးတစ်ခုရှိတော့ ကောင်းတာပေါ့ ကိုကိုရဲ့၊ အိမ်ထောင်မကျခင်ကဆို ကိုကိုပဲ ခဏခဏ ဂစ်တာတီးပြတယ်လေ၊ ကိုကို ဂစ်တာမတီးတာတောင် ဘယ်လောက်ကြာပြီလဲ၊ ခု သား ဂစ်တာဝယ်မယ်ဆိုတော့ ကိုကိုလည်း အလေ့အကျင့်ပြန်လုပ်လို့ရတာပေါ့နော်'

'ဂစ်တာတီးနေချိန် မရှိပါဘူးကွာ၊ အချိန်ကလေး ထွက်လာရင်တော့ တီးပြတာပေါ့'

ပြောလည်းပြော၊ သားဖေဖေက ၉ နာရီသတင်းကြည့်ရန် တီဗွီရှေ့ မျက်နှာအပ်လိုက်လေသည်။

သားကတော့ ပြုံးစိစိနှင့် နှာခေါင်းရှုံ့ပြတာမို့ ကျွန်မမှာ ကျိတ်ရယ်ရပါသည်။ ဘာထူးလဲ၊ သူတို့ သားအဖနှစ်ယောက်ကြား ကျွန်မမှာ အမြဲတမ်း ကြားညပ်နေရတာ။

❑

အဆုံး။

သည်နေ့တော့ ပိတ်ရက်မို့ မနက်စာကို မိသားစု သုံးယောက် ဆုံစားဖြစ်ကြသည်။ သားဖေဖေအတွက် ပဲပြုတ်ထမင်းကြော်ကို ကြက်ဥမကျက်တကျက်ကြော်လေးနှင့် လက်ဖက်ရည်ဖျော်ပေးရသည်။ သားအတွက်ကတော့ ကြက်ဥပြုတ်နှစ်လုံးရယ်၊ ပေါင်မုန့် နှစ်ချပ်ရယ်၊ ငှက်ပျောသီးဆီရီယယ်ရယ်၊ ကော်ဖီတစ်ခွက်ရယ် ဖျော်ပေးရကာ၊ ကျွန်မအတွက်တော့ ထမင်းကြမ်းအဖြူပေါ် ကြက်ဥကလေး တစ်လုံးကြော်ကာ ဗာလချောင်ကြော်၊ ချဉ်ပေါင်ကြော်၊ ရေနွေးကြမ်းတို့နှင့် စားဖြစ်ပါသည်။ မျက်နှာချင်း၊ မျက်လုံးချင်း သိပ်မဆိုင်ကြသေးသော သားအဖကို ကြည့်ကာ ရယ်ချင်လျက်နှင့်ပင် သားကို မျက်နှာရိပ်မျက်နှာကဲပြကာ သူ့အဖေ ပန်းကန်ထဲ ရေနွေးကြမ်း ဖြည့်ခိုင်းရသည်။

စားနေဆဲမှာ ညက အိပ်မက်ကို ပြန်သတိရခိုက် သားကိုကြည့်ကာ ပြုံးမိသည်။ 'အိပ်မက်ထဲမှာလေ မေမေရယ်၊ ချိုရယ် ပြီးတော့ ရုံးက Monica ရယ်ပေါ့၊ လမ်းတွေပေါ် လျှောက်သွားတာ သွားတာလေ၊ သွားနေကြရင်းနဲ့ မေမေတို့ သုံးယောက်လုံးရဲ့ မျက်နှာတွေဟာ Sandwich တွေ ဖြစ်သွားလို့တဲ့ ...။ လမ်းပေါ်က လူတွေကို ကြည့်လိုက်ပြန်တော့ သူတို့အားလုံးလည်း Sandwich မျက်နှာတွေချည်းပဲ ဖြစ်နေသတဲ့ သားရယ်'။ ကျွန်မအိပ်မက်ကို သတိရပေမဲ့ သားအား အိပ်မက်အတိုင်း ပြန်မပြောပြဖြစ်ပါ။ ပြုံးချင်စိတ်သာ တလိပ်လိပ်တက်လာရသည်။

ဘာကြောင့် ကျွန်မပြုံးရတာလဲ ဆိုသည့်ပုံနှင့် သားက ကော်ဖီခွက်ကို လက်ကဆ,ရင်း၊ ကော်ဖီနံ့ကို မွှေးနေသလိုနှင့် ကျွန်မမျက်နှာကို ကြည့်နေကာ၊ ကျွန်မ စကားအစကို စောင့်နေတာ။

'သား... အင်း...၊ မေမေလေ ခုတလော လမ်းထွက်ရင် လူတွေကို Sandwich တွေချည်းပဲလို့ မြင်မြင်နေလို့ပါ သားရယ်'

'အင်း မေမေ ပင်ပန်းမှာပဲနော်၊ အလယ်မှာညပ်ပြီး ချွေးတလုံးလုံးနဲ့ သား သိတယ်'

သားက လက်ထဲက ကော်ဖီခွက်ကို စားပွဲပေါ်ချလိုက်ရင်း သဘောပေါက်စွာနှင့် တဟားဟားရယ်လေသည်။ သားဖေဖေကတော့ သည်သားအမိ ဘာတွေပြောပြီး ဘယ်လိုတွေတောင် ရယ်နေကြပါလိမ့်ဟု ထင်မည်။

ကျွန်မနှင့် သားကလည်း ထိုအကြောင်းကို သားဖေဖေအား မပြောပြကြေးဟု တစ်ယောက်နှင့်တစ်ယောက် ကတိပေးရန်မလိုဘဲ သဘောတူကြပြီး ဖြစ်သည်။ သားက ကျွန်မနား တိုးတိုးကပ်ကာ 'ခဏနေရင် သား Facebook မှာ ငါတို့သည် Sandwich များသာလို့ စတေးတပ်တင်လိုက်မယ်။ မေမေ လာ Like ပေးဦးနော်'

သည်တစ်ခါတော့ သားနှင့်အတူ ကျွန်မပါ နှစ်နှစ်ခြိုက်ခြိုက်ရယ်မိရလေသည်။

■

**ချစ်ကြည်အေး**



www.burmeseclassic.com

www.burmeseclassic.com



# မြန်မာနိုင်ငံ တော်ဝင်အနွယ်တော်များအဖွဲ့ချုပ်

မောင်သန်းဆွေ

'မြန်မာနိုင်ငံ တော်ဝင် အနွယ်တော်များ အဖွဲ့ချုပ်'ဝင်တစ်စုသည် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သလ္လာဝတီလမ်းရှိ စာရေးသူ၏ နေအိမ်သို့ (၂၈-၇-၁၈)ညနေပိုင်းတွင် ရောက်လာကြပါသည်။ သူတို့က(၂၉-၇-၁၈)နေ့တွင် ရန်ကုန်မြို့၊ သဒ္ဓမ္မဇောတိကာရုံကျောင်း၌ ဝါဆိုသင်္ကန်းကပ်မည်ဖြစ်၍ ကြွရောက်ပါရန် ဖိတ်ကြားပါသည်။ တနင်္ဂနွေနေ့ ဖြစ်နေသဖြင့် စာရေးသူ၏ ကားမောင်းသူ လာမည်မဟုတ်ကြောင်း ပြောသဖြင့် သူတို့ လာကြိုပါမည်ဟု ပြောကြသည်။

သူတို့အဖွဲ့ချုပ်ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် စတင်တည်ထောင်သည်ဟု ဆိုပါသည်။ အဖွဲ့ချုပ်တည်နေရာမှာ မန္တလေးမြို့၊ မေတ္တာနန္ဒမမ္မဒူတကျောင်းတိုက်တွင်ဟု ဆိုပါသည်။ ယခုကဲ့သို့ 'မြန်မာနိုင်ငံ တော်ဝင် အနွယ်တော်များအဖွဲ့ချုပ်'ဟု တည်ထောင်ရခြင်း ရည်ရွယ်ချက်များမှာ-

၁။ အနွယ်တော်၊ ဆွေတော်မျိုးတော်များ၏ မျိုးရိုးဂုဏ်သိက္ခာနှင့် မွန်မြတ်သောပုံရိပ်ကို အများပြည်သူနှင့် နိုင်ငံတကာမှ မှန်ကန်စွာ သိမြင်နားလည် အသိအမှတ်ပြုနိုင်ရန်အတွက် ကူညီပါဝင်ရန်။

၂။ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အစဉ်အလာ ယဉ်ကျေးမှုများကို ပြန်လည် ဖော်ထုတ်ရန်။

၃။ ဆွေတော်မျိုးတော်၊ အနွယ်တော်များအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အပြန်အလှန် လေးစားကြပြီး ရိုင်းပင်းကူညီကာ ကုသိုလ်ကောင်းမှုများ စုပေါင်းလုပ်ဆောင်ရန်။

၄။ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို သိရှိနားလည်စေပြီး သားစဉ်မြေးဆက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၏။

ဟူ၍ ဖြစ်ပါသည်။

သူတို့၏ ရှေ့လုပ်ငန်းစဉ်များ-

၁။ တရားဝင်မှတ်ပုံတင်၊ အဖွဲ့ချုပ်အဖြစ် ရပ်တည်နိုင်ရန်။

၂။ အလောင်းမင်းတရားအပါအဝင် မင်းတုန်းမင်း၊ ကနောင်မင်း၊ သီပေါမင်းတို့၏ မတကာဘတ်ဆွမ်း နှစ်စဉ် လှူဒါန်းခြင်းများတွင် ကုသိုလ်ပါဝင်ရန်။

၃။ ဝါတော်၊ သက်တော်ကြီးသော ဆွေတော်မျိုးတော်များအား ပူဇော်ကန်တော့ခြင်း၊ ကူညီထောက်ပံ့ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ရန်။

၄။ နာရေးကူညီမှုလုပ်ငန်း။

၅။ ပညာထူးချွန်သူများနှင့် ယဉ်ကျေးမှု သမိုင်းအမွေအနှစ်များကို သုတေသနပြုဖော်ထုတ်ရန်အတွက် တက္ကသိုလ်များတွင် ပညာဆည်းပူးနေသူများကို ပညာသင်ဆုများ ချီးမြှင့်ရန်။



www.burmeseclassic.com

www.burmeseclassic.com



၂၉-၇-၁၈ နေ့ သဒ္ဓမ္မဇောတိကာရုံကျောင်းတွင် ကျင်းပသော ပါဆိုသင်္ကန်းကပ်လှူပွဲသို့ ကြွရောက်သူများ

၆။ ရှေးဟောင်းအမွေအနှစ်များ၏ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အားပေးကူညီဆောင်ရွက်ရန်။

တို့ ဖြစ်ပါသည် ဆို၏။

သူတို့အဖွဲ့ချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်များတွင် စာရေးသူအား ပါဝင်ဆောင်ရွက်ပါရန် ပြောကြသည်။ စာရေးသူနှင့်အတူ အောက်ပါပုဂ္ဂိုလ်များလည်း အထူးအကြံပေးပုဂ္ဂိုလ်များအဖြစ် ပါဝင်မည်ဟု ပြောသည်။

၁။ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

၂။ ဒေါက်တာ သန့်မြင့်ဦး(ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဦးသန့်၏မြေး) (Special Advisor to the Myanmar Peace Center and Chairman of the Yangon Heritage Turst)

၃။ ဦးဝေလင်းစော (Special Advisor to UN Under Secretary General- Retired)

၄။ ပါမောက္ခ ဦးခင်မောင်ချို (အငြိမ်းစား- တွဲဖက်ပါမောက္ခချုပ်၊



www.burmeseclassic.com

www.burmeseclassic.com

ဟာသ်ာတတက္ကသိုလ်)

စာရေးသူအနေဖြင့် 'ကုန်းဘောင်ဆက် ဆွေတော်မျိုးတော်များ အောက်မြန်မာပြည်(ရန်ကုန်)'တွင်လည်း အကြံပေး ပုဂ္ဂိုလ်အဖြစ် လက်ခံထားသဖြင့် သူတို့၏အဖွဲ့ချုပ်တွင် အကြံပေးပုဂ္ဂိုလ်အဖြစ် လက်ခံလိုက်ပါသည်။ စာရေးသူသည် စာရေးဆရာတစ်ဦးအနေဖြင့် ကုန်းဘောင်ဆက်အကြောင်းများကိုလည်းကောင်း၊ ကုန်းဘောင်ဆက် ဆွေတော် မျိုးတော်များအကြောင်းကိုလည်းကောင်း အမြဲလိုလို ရေးနေသဖြင့် ယခုကဲ့သို့ လာရောက်ပြောဆိုကြခြင်းဖြစ်ပါသည်။

သူတို့က သူတို့၏ 'မြန်မာနိုင်ငံတော်ဝင်အနွယ်တော်များအဖွဲ့ချုပ်'မှ သြဝါဒါစရိယ ဆရာတော်များ၊ ဂုဏ်ထူးဆောင်နာယကများ၊ နာယကလူကြီးများ၊ အလုပ်အမှုဆောင်အဖွဲ့နှင့် အမှုဆောင်အဖွဲ့ဝင်များ စာရင်းကို ပေးပါသည်။ ၄င်းတို့မှာ အောက်ပါအတိုင်းဖြစ်၏။

**သြဝါဒါစရိယ ဆရာတော်များ**

၁။ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီး(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ)

၂။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ(မြကျောက်ဆရာတော်)

၃။ ဘဒ္ဒန္တနာဂသေန၊ သဒ္ဓမ္မဇုတ္တိုင်ဆရာတော်

၄။ ဘဒ္ဒန္တထုတိဝရ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)(မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး ဆရာတော်)

၅။ ဒေါက်တာ အရှင်ဓမ္မပီယ(ငါးကျမ်းပြန် သာသနာ့ရိပ်သာ)

**ဂုဏ်ထူးဆောင် နာယကများ**

၁။ ထိပ်စုဘုရားကြီး(သီပေါမင်းတရားကြီး၏ မြေးတော်)

၂။ တော်ဘုရား(သီပေါမင်းတရားကြီး၏ မြေးတော်)

၃။ သမီးတော်ကြီး(မိတ္ထီလာစုဘုရား၏ မြေးတော်)

၄။ ပျဉ်းမနားခေါင်ဘုရားတော်(ပျဉ်းမနားမင်းသားကြီးနှင့် ထရဲဂံထိပ်ခေါင်တင်၏ မြေးတော်)

၅။ ဟင်္ဂမော်ထိပ်တင်မွန်(ဟင်္ဂမော်မင်းသမီး၏ မြေးတော်)

၆။ အဂ္ဂမဟာသီရိသုဓမ္မဇောတိဇော တခရ ဒေါက်တာ ဦးကျော်ဝင်း(မန်းမြေရာဇာကုမ္ပဏီ)

၇။ သီဟသုဓမ္မသီဂီ ဒေါက်တာ ငွေငွေခိုင်(မောရိယ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

**နာယကလူကြီးများ**

၁။ မုက္ခရာကိုကို (ခ) ထိပ်တင်ရွှေဘို(မုက္ခရာမင်းသားကြီး၏ မြစ်တော်)

၂။ ရှင်းလိန်းထန်း(ချင်းအနွယ်တော်၊ Chairman of Myanmar Pulp & Paper Indusrty Association)

၃။ နန်းအိအိဇာ(သိန္နီအမတ်ချုပ်အနွယ်တော်)၊ (သရဖူမဂ္ဂဇင်း)

၄။ ဦးဉာဏ်ဝင်း(ဥက္ကဋ္ဌ- မေတ္တာနန္ဒ ဖောင်ဒေးရှင်း)

**အလုပ်အမှုဆောင်အဖွဲ့**

၁။ ဥက္ကဋ္ဌ- ဦးဘုန်းမြင့်အောင်(နောင်တော်ကြီးမင်းအနွယ်တော်)

၂။ ဒုဥက္ကဋ္ဌ- ဦးစိုးတင့်(တောင်သမန် မောင်ဖေယယ်အနွယ်တော်)

၃။ အတွင်းရေးမှူး- မုက္ခရာသီဟ(မုက္ခရာမင်းသားကြီးအနွယ်တော်)

၄။ တွဲဖက်အတွင်းရေးမှူး- ထိပ်တင်ဝဏ္ဏစိုး(ဟင်္ဂမော်အိမ်တော်)

၅။ ဘဏ္ဍာရေးမှူး- တော်မိုးမိုး(မိတ္ထီလာ စုဖုရား၏ မြစ်တော်)

၆။ တွဲဖက်ဘဏ္ဍာရေးမှူး- မြဒါလီအောင်(တော်ဘုရား၏ မြေးတော်)

၇။ စာရင်းစစ်- ချောစန္ဒီအောင်(တော်ဘုရား၏ မြေးတော်)

၈။ တွဲဖက်စာရင်းစစ်- မအေးစန္ဒာမျိုး(စကုအနွယ်တော်)

**အမှုဆောင်အဖွဲ့ဝင်များ**

၁။ ဦးမျိုးနိုင်(သီပေါဘုရင်၏ မြစ်တော်)

၂။ ဒေါက်တာ အေးကျော်(ဝါးနွယ်ကုန်းအိမ်တော်)

၃။ ဒေါ်ခင်မြမြ(မိုးမိတ်မင်းသားအနွယ်တော်)

၄။ ပီတာ ထိပ်တင်(နဂါးဘိုထိပ်တင်ဒွေး၏ မြေးတော်)

၅။ ထိပ်တင် ခင်ဆွေမြင့်(နဂါးဘိုထိပ်တင်ဒွေး၏ မြေးတော်)

၆။ ဒေါက်တာ ဂျင်းနီကိုကြီး(ထိပ်ခေါင်တင်အုံ အနွယ်တော်)

၇။ ထိပ်တင်ဖြူ(မင်းတပ်အနွယ်တော်)

၈။ ဦးခင်ငြိမ်း(ထိပ်ခေါင်တင်နှစ်အနွယ်တော်)

၉။ ထိပ်တင်မင်း(မင်းတပ်အနွယ်တော်)

၁၀။ ဒေါ်ဇီဝါဦး(ညောင်အုပ်တောအနွယ်တော်)

၁၁။ ဒေါ်ခင်ခင်ထွေး(မုက္ခရာမင်းသား၏ သမီးတော်)

၁၂။ ကိုနေမျိုးဦး(မင်းတပ်အနွယ်တော်)

၁၃။ ကိုကျော်သီဟ(တော်ဘုရားလေး၏ မြေးတော်)

၁၄။ ကိုအောင်မျိုးထွန်း(ထိပ်ခေါင်တင်နှစ် အနွယ်တော်)

၁၅။ ထိပ်တင်မမ(အိမ်ရှေ့တော်ဆက်)

၁၆။ ဒေါ်ဥမ္မာကျော်(အိမ်ရှေ့တော်ဆက်)

၁၇။ ကိုကိုမျိုး(အိမ်ရှေ့တော်ဆက်)

၁၈။ စန္ဒာနိုင်(တော်ဘုရားကြီး၏ မြေးတော်)

၁၉။ ဆုလင်းနိုင်(တော်ဘုရားကြီး၏ မြေးတော်)

၂၀။ ဒေါက်တာ ပြည့်ဖြိုးသာလှ(မိုးမိတ်မင်းသား အနွယ်တော်)

၂၁။ ဦးတင်သက်နိုင်(မြင်းခုံတိုင်အနွယ်တော်)

၂၂။ ကျော်ထက်လှ(မိုးမိတ်မင်းသား အနွယ်တော်)

၂၃။ ဉာဏ်ကြီးထွန်း(တော်ဘုရား၏ မြေးတော်)

၂၄။ အောင်ဟိန်း(သီပေါစော်ဘွား



www.burmeseclassic.com

www.burmeseclassic.com

အနွယ်တော်)

၂၅။ မှဗ္ဗရာ ကျော်ထွေး(မှဗ္ဗရာမင်းသား၏ သားတော်)

၂၆။ ကိုကိုမြင့်(ဘိုးတော်ဘုရားအနွယ်တော်)

Organizer- ဦးစိုးဝင်း

Coordinator- ဦးချိုလေး

၂၉·၇·၁၈ ရက်နေ့၊ နံနက်တွင် စာရေးသူအား ကားဖြင့် လာကြိုကြပါသည်။ ဝါဆိုသင်္ကန်းကပ်လှူမည့် သဒ္ဓမ္မဇောတိကာရုံကျောင်းသို့ သွားကြသည်။ သဒ္ဓမ္မဇောတိကာရုံကျောင်း ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် 'ကုန်းဘောင်ဆက်ဆွေတော် မျိုးတော်များ အောက်မြန်မာပြည် (ရန်ကုန်)'မှ နာယကအဖွဲ့ဝင်၊ ညောင်ရမ်းထိပ်တင်ဌေး၊ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ တော်ထွေးထွေးသိန်းတို့လာသည်ကို တွေ့ရပါသည်။ သီပေါမင်းတရား၏ မြစ်တော် ဦးစိုးဝင်းနှင့် ဇနီးတို့ကိုလည်း တွေ့ရ၏။ လာသည့်ဧည့်သည်များ စုပေါင်း ဓာတ်ပုံရိုက်ကြပါသည်။

ယခုကဲ့သို့ အထက်မြန်မာနိုင်ငံတော်ဝင်အနွယ်တော်များအဖွဲ့ချုပ်နှင့် ရန်ကုန်မှ ကုန်းဘောင်ဆက်ဆွေတော်မျိုးတော်များ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။

စာရေးသူတို့ငယ်စဉ်အခါက မြန်မာနိုင်ငံတွင် မင်းတုန်းမင်းတရားကြီးနှင့် အိမ်ရှေ့စံ ကနောင်မင်း၏ အနွယ်တော်များ ဦးစီးသော 'နန်းတော်ကြီးဆက်'များ၏ 'မဟာဆွေတော်မျိုးတော်များအဖွဲ့ချုပ်'ဟု ရန်ကုန်တွင် ရှိခဲ့သည်။ မန္တလေး၌ 'အိမ်ရှေ့တော်ဆက်အသင်း'ဟု ရှိသည်။ 'သီပေါမင်းအနွယ်တော်များ ဦးသျှောင်အဖွဲ့' ဆိုသည်က ရန်ကုန်တွင် ရှိသည်။ လူဦးရေနည်း၏။ နှစ်များ ကြာလာသောအခါ သက်ကြီးဝါကြီးသူများ ကံကုန်တော်မူသွားကြသဖြင့် တဖြည်းဖြည်းချုပ်ငြိမ်းသွားသည်။ ကွယ်ပျောက်သွားသည် မဟုတ်ပါ။ လှုပ်ရှားမှုနည်းသွားခြင်း ဖြစ်၏။


၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် မန္တလေးမှ လူငယ်အနွယ်တော်များက 'ကုန်းဘောင်ဆက် မောင်နှမများ'ဟူ၍ ဖွဲ့ခဲ့သည်။ အားလုံး ၁၂ ယောက်ခန့်ရှိသည်ဟု ထင်ပါသည်။ ရန်ကုန်မြို့၌ 'ကုန်းဘောင်ဆက် ဆွေတော်မျိုးတော်များ အောက်မြန်မာပြည်(ရန်ကုန်)' ပေါ်လာသည်။ ယခုအခါ 'မြန်မာနိုင်ငံ တော်ဝင် အနွယ်တော်များအဖွဲ့ချုပ်' (Myanmar Royal Descendants Association) ဟူ၍ မန္တလေး၌ ပေါ်လာပြန်သည်။ တော်ဝင်အနွယ်တော်များဟု အမည်တပ်ထားသဖြင့် ဘုရင့်အနွယ်တော်များသာမက ဘဲ စော်ဘွားဆက်အနွယ်များပါ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာသည်ကို တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ အသင်းအဖွဲ့များ အချင်းချင်း ညီညီညွတ်ညွတ်နှင့် မိမိတို့ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်ကြရန် လိုပါသည်။ အဓိကမှာ 'အမျိုးကိုစောင့်ထိန်းခြင်း၊ အမျိုးကိုစောင့်ရှောက်ခြင်း' သာ ဖြစ်၏။

■

**မောင်သန်းဆွေ**

၊ထားဝယ်၊







www.burmeseclassic.com

www.burmeseclassic.com

# မြေ မသိတာ(စမ်းချောင်း)

(က)

မြေကိုလွမ်းသော တမ်းတစိတ်သည် မြေနှင့်ဝေးရာ ရေကမ္ဘာ၊ လေကမ္ဘာသို့ ရောက်လေတိုင်း ပေါ်လာတတ်လေသည်။ သင်္ဘောပေါ်မှာ၊ လှေထဲမှာ၊ လေယာဉ်ပျံပေါ်မှာ၊··· ပေါ်မှာ လိုက်ပါခရီးနှင်ရင်းမှ ဝမ်းနည်းအားငယ်စိတ်သည်





www.burmeseclassic.com

www.burmeseclassic.com

ရင်၌ရှိနေလေသည်။ မလှမ်းမကမ်း သို့မဟုတ် ကွာကွာလှမ်းလှမ်း နေရာမှ မြေပြင်သို့ငေးရင်း မြေကြီးနှင့် ဝေးရခြင်းကို မလုံခြုံ သလိုလို ဆေးငယ်သွားလိုလို ခံစားရခြင်းမှာလည်းအကြိမ်ကြိမ်။

နွားခြေရာခွက်မှ ဗားသူငယ်ဟု ပုံပြုနိုင်းနိုင်းစေဦးတော့ မိမိနှင့် နီးကပ်ထိစပ်ရာ၊ နေ့စဉ်နှင့်အမျှ ထိတွေ့ဆက်ဆံ ကျင် လည်ရင်းနှီးရာ၊ ဤမြေပြင်အဝန်းကိုပင် အကျယ်ပြန့်ဆုံးသော လုံခြုံမှုပေးရာ အစစအရာရာ ပြည့်စုံမှုတွေကို ဖန်တီးပေးရာ ဘူမိနက်သန်အဖြစ် စွဲမြဲယုံကြည်နေမိလေသည်။

(၈)

ပြောရမည်ဆိုလျှင် မိမိတို့၏မြေနှင့် ရင်းနှီးကျွမ်းဝင်မှု



www.burmeseclassic.com

www.burmeseclassic.com

သည် မိမိတို့၏ အသက်နှင့်အမျှဟုပင် ဆိုရပေမည်။ မိမိတို့၏ ခြေအစုံ သို့မဟုတ် ခန္ဓာကိုယ်ကို မြေပေါ်မှ ထိန်းမတ်ထားတတ်သည့် ကာလမှစ၍ မိမိတို့သည် မြေပေါ်မှာ ရပ်တည်ခဲ့ကြသည်။ မြေပေါ်မှာ ရှင်သန်ခဲ့ကြသည်။ မြေပေါ်မှ လှုပ်ရှားသက်ဝင်ခဲ့ကြသည်။ ယနေ့တိုင်လည်း မြေပေါ်မှ ကျင်လည်ကျက်စားနေမြဲသာ ဖြစ်သည်။

သို့လျှင် မြေအကြောင်းသည် မိမိတို့၌ ပြောစရာ အတော်များများရှိနေပြီး ပြောခဲ့ကြ၊ ပြောကြဆဲ၊ ပြောနေကြဦးမည့် အကြောင်းသည်သာ ဖြစ်သည်။

မိမိ၌လည်း မြေနှင့်ပတ်သက်၍ ပြောစရာရှိနေပါလေသည်။

❑

၁။

မိမိတို့၏ 'မေ့ရင်ခွင်ကျောင်းတော်ကြီး' သည် မိမိတို့ကို အိပ်ရာဝင်ပုံပြင်များမှတစ်ဆင့် မြေနှင့်စတင်ကျွမ်းဝင်စေခဲ့ပါသည်။

မြေကြွက်မလေး ကြင်ရာရှာသည့်ပုံပြင်မှ ဖွဲ့ခတ်ကာ သင့်ရာကြင်ရာလောင်းကို ရေခြားမြေခြား မျိုးနွယ်ခြားတွေကြားမှာ ရှာဖွေခဲ့သော်လည်း မတွေ့ရလေဘဲ နောက်ဆုံးမှာ ရေမြေတူ မျိုးနွယ်ရင်း မြေကြွက်မင်းသားလေးနှင့် စုလျားရစ်ပတ် လက်ထပ်ဖြစ်ပုံတွေကို သိရကာ မျိုးရိုးမာန်ဇာတိကို စုံမက်တတ်လာသည့် မြေကြွက်မလေးအား စွဲမှတ်သွားတော့သည်။

ကျားဘုရင်ကို တစ်မျိုး၊ သားသမင်ကို တစ်ဖုံနှင့် ကလိမ်စေ့ငြမ်းဆင်ကာ ဝမ်းစာရှာတတ်သော ခွေးအနွယ်ဝင် မြေခွေး၊ စပျစ်သီး ချဉ်ပါတယ်ဆိုသော မြေခွေးတို့ကိုလည်း သည်မြေပြင်ပေါ် ကျင်လည်ကြီးပြင်းသည့် တိရစ္ဆာန်ချင်းတူတူ အကျင့်တန်သူ၊ မြေ၏ခန္တီစကိုပင် လျစ်လျူရှုရက်သူများအဖြစ် စွဲလမ်းတတ်ခဲ့ရလေသည်။

ဇော်ဂျီဖိုဝင်သား စားပြီးနောက် မြေလျှိုးမိုးပျံနိုင်စွမ်းရသော ဗျတ်ဝိဗျတ္တ ညီအစ်ကိုနှစ်ယောက်၏ အစွမ်းအစသာမက အသက်ဘဝပါဆုံး၍ နိဂုံးမလှခဲ့သော ကြေကွဲနာကြည်းဖွယ်ဇာတ်ကြောင်းကြောင့် မြေလျှိုးမိုးပျံနိုင်စွမ်းကို တောင့်တလိုစိတ်တွေ မြေလျှိုးငုပ်ဝင်ခဲ့တော့သည်။

ဒေဝဒတ် မြေမျိုသည့် နိဂုံးကိုတော့ စွဲလမ်းနေကာ မြေသည် သစ္စာမဲ့သူ၊ အမှန်တရားနှင့် ဗီလာဖြစ်သူ၊ ကျေးဇူးရှင်

a'0'wfvh awG nfajrr dcHv bJv y&S&Sfo ef
aewm aw&av awmhajr u pdwfq kpdwfuGfv if
ajri v ifv yf onfq kom r , kb nfpum;yjif u if
v uawGb0x Jq G lum t&Sfv wfv wfajrjrSif
o *Ø[ fv kbo Wu u G fu G fí u awGap v w S nh
pdwfawG v nf t u ifwepfGay: v mjyef v o nf

အပေါ် မကောင်းကြံသူ၊ အယောင်ဆောင်လှည့်ဖြားသူ၊ မတရားကြံစည်သူ၊ ထိုသူတို့ကို အရှင်လတ်လတ် မြေမြှုပ်သင်္ဂြိုဟ်တတ်သည်အထိ သစ္စာ၏ ပကတိဘက်တော်သားအဖြစ် မြင်ယောင်ခဲ့ပေသည်။

သို့နှင့် 'မေမေ့ရင်ခွင်' မှတစ်ဆင့် မိမိတို့မြေ၏ အကြောင်း၊ မြေပေါ်မှ လူ၊ တိရစ္ဆာန်တို့အကြောင်းကို ရင်းနှီးကျွမ်းဝင်သင်ခန်းစာတွေ အပုံအပင်ရခဲ့လေသည်။

❑

၂။

'မေမေ့ရင်ခွင်ကျောင်းတော်' မှ 'ဆရာမရင်ပြင် ကျောင်းတော်' သို့ ပြောင်းရွှေ့ခဲ့သော်လည်း မိမိတို့သည် မြေနှင့် မလွတ်တတ်သေး။

ကျွဲနှစ်ကောင်ခတ်သည့်ကြားတွင် အချောင်အသားနာရသော မြေစာမြက်များကို စကားပုံမှတစ်ဆင့် သနားစာနာရပါသည်။ ထို့အတူ ကဗျာမှတစ်ဆင့် ပန်းသဇင်၏ မြေနှင့်လားလားမျှ မဆိုင်၊ တော်ဝင်နန်းထိုက်စွာ ပင်မြင့်မှာ အဆာကျယ်နေသော်လည်း တကယ့်တကယ်မှာမူ မြေဆီဩဇာတို့ကို ကပ်ပါးဘဝနှင့် လက်ဝေခံ သုံးစွဲနေရသည့် အဖြစ်များကိုလည်း ပြုံးမဲ့မဲ့ သိခဲ့ရပြန်ပါလေသည်။

ပတ်ဝန်းကျင် ဘာသာရပ်ထဲက မြေကျစ်တီကောင်၏ မြေပေါ် သစ္စာရှိသော သဘောပေလား၊ သဘာဝ သဘောပေလား မသိ၊ စားပြီးသား မြေစိုင်ခဲတို့ကို မြေကျစ်စာ မြေဆီဩဇာအဖြစ် ပြန်လည်ထွေးထုတ်ပေးချေတတ်သော အကြောင်းများကိုလည်း သနားစာနာ အလေးထားဖွယ်ရာ သင်အံ ကျက်မှတ်ရလေသည်။

မြေပေါ်မှာ ဘဝကို မြှုပ်နှံရင်းတည်ကာ ကျွဲသဖွယ် နွားအမျှ ရုန်းကန်ခဲ့ကြရပြီးမှ ရလာသော မြေသီးမြေပွင့်တွေကို မြေရှင့်လက်ရောက်အပ်နှံလိုက်ရပြီး ကျားသနားမှ နွားချမ်းသာဆိုသလို ကျေနပ်တင်းတိမ်နေကြရသည့် မြေကျွန်တို့အကြောင်း သမိုင်းစာမျက်နှာများတွင် တွေ့ရလေတော့သည်။ စိတ်မကောင်းခြင်းကြီးစွာ ခံစားရင်နာရမိပြန်လေသည်။

မြေခွန်၊ ရေခွန်၊ လူခွန် စသည့် ဝေါဟာရတို့ကို ဖတ်မှတ်ရပြန်သည့်အခါတွင်လည်း ရေမြေ့သနင်း ပြည့်ရှင်မင်းရယ်လို့ ဝေါဟာရအတိုင်းလိုက်ကာ သူပိုင်မြေ ဆိုလေပြီး စိတ်ကြိုက်အသုံးချရုံနှင့်အားမရဘဲ လောဘဇောတက်လေခြင်းဟု အလယ်တန်း ကျောင်းသားဦးနှောက်နှင့် အတွေးတွေ ကယောက်ကယက် ဖြစ်ခဲ့ဖူးလေသည်။

သည်ပဒေသရာဇ်စနစ်ကို မြေလှန်နိုင်ခဲ့သော်လည်း အရင်းရှင်နယ်ချဲ့လက်အောက် ကျရောက်ရပြန်ကြောင်း၊ သင်းတို့

www.burmeseclassic.com

www.burmeseclassic.com

လက်မှ မိမိတို့မြေအား အသက်ပေါင်းများစွာ ဘဝပေါင်းများစွာ နှစ်ပေါင်းများစွာနှင့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာ အချို့ကို စတေးမြှုပ်နှံပြီး ပြန်လည်ရယူထားကြောင်းတို့ကို သင်အံမှတ်မိပြီး နောက်တွင်မူ လွတ်လပ်သော မြန်မာ့မြေပေါ်က မိမိသည် လွတ်လပ်သော မြန်မာမြေပုံကို လက်လွတ်စပယ် ခပ်လွယ်လွယ် မဆွဲရဲတော့ချေ။ နယ်မြေသတ်မှတ်မျဉ်းကို စာရွက်တစ်ရွက်ပေါ်မှာ ပုံတူကူးရခြင်းသည် သည်နယ်မြေ သတ်မှတ်မျဉ်းတောင်ကြီးတစ်လက်မမှ မလျော့ပါးရအောင် စောင့်ရှောက်ရခြင်းနှင့် မနိုင်းအပ်သော်လည်း မိမိကတော့ မြေပုံတစ်ပုံဆွဲရခြင်းကို တာဝန်တစ်ခု ထမ်းဆောင်ရခြင်းသဖွယ် စွဲမြဲယုံကြည်နေဆဲ။

❑

၃။

နံရံလေးဖက်မှ ခွာလာပြီးသည့်နောက်တွင်တော့ မိမိတို့သည် ငယ်ငယ်က ပုံပြင်ကမ္ဘာ၊ ကျောင်းတုန်းက သင်ရိုးကမ္ဘာကို ပြင်ပမှာ လက်တွေ့ကြုံကြိုက်ပါလေတော့သည်။

ပုံပြင်ထဲက မြေကြွက်မလေးလို လူမျိုးကိုတော့ ရှားရှားပါးပါး တစ်ခါတစ်ရံ ကြုံရတတ်ပြီး တွေ့ရသော မြေကြွက်မလေးကလည်း မျိုးနွယ်ရင်းကို တတ်နိုင်သလောက် အကျဉ်းချုံးလိုက်သူသာ ဖြစ်နေလေသည်။ စပျစ်သီးချဉ်သော မြေခွေးတို့ကား အများသားပင်။ သို့သော် ဉာဏ်သမား မြေခွေးတို့သည် ပုံပြင်ထဲကလို ကျားအစားမခံရ၍ ဆက်လက်မျိုးပွားရှင်သန်နေလိုက်သည်မှာ မြေခွေးမျိုးနွယ်စုကြီးတစ်ခု ပီပီသသ ပေါ်ပေါက်နေသည်ထိပင်။

ထို့ထက်တစ်ဖန် ဗျတ်ဝိဗျတ္တညီနောင်လို အစွမ်းအစကြောင့်ပင် ဘဝပျောက်သူတွေ တွေ့ရပြန်တော့ မြေလျှိုးမိုးပျံစိတ်တွေ တစ်စတစ်စ ကုန်ခန်းလာရပေသည်။ သို့သော်လည်း ဒေဝဒတ်လိုလူတွေသည် မြေမျိုမခံလေဘဲ လူ့ပ်ရှားရှင်သန်နေတာ တွေ့ရလေတော့ မြေကြီး စိတ်ဆိုး၊ စိတ်ကွက်လျှင် မြေလျှင်လှုပ်ပါသည်ဆိုသော မယုံခဲ့သည့် စကားပုံပြင်ကိုပင် လက်တွေ့ဘဝထဲ ဆွဲယူကာ အရှင်လတ်လတ် မြေမြှုပ်သင်္ဂြိုဟ်လို သူတို့ကို ကွင်းကွက်၍ ကြုံတွေ့စေလိုလှသည့် စိတ်တွေကလည်း အကျင့်တန်စွာ ပေါ်လာပြန်လေသည်။

မြေစာမြက်နှင့် မြေကျစ်တီကောင်တွေကတော့ ပြင်ပကမ္ဘာမှာ အတန်ငယ် ရှားလေသည်။ သို့သော်လည်း ကျွဲတွေကတော့ ရှားလှသည့် မြေစာမြက်တွေကိုမှ ခုံမင်ဆဲ။ သည်မြေစာမြက်တွေကိုမှ ရွေးချယ်ဒုက္ခပေးမြဲ၊ မြေကျစ်တီအချို့သည်လည်း အချို့အဝက်မျှသော မြေမှုန်မြေဆွေးကို မြေစာမြို့ပြန်ခံအဖြစ် တန်ရာတန်ကြေး ယူစားဝါးမျိုတတ်လာလေသည်။

ပန်းသဇင်လို ကပ်ပါးဂုဏ်မောက်လို့ သွေးနားထင်ရောက်ကာ အခြောက်တိုက် ဘဝင်မြင့်နေသူမျိုးကတော့ မရှားလှ။ ပန်းသဇင်ကမှ ခိုကပ်မှီတွယ်ရာ ပင်မြင့်တို့ကို အလှပသာဒဆင်ခြင်းတည်းဟူသော ဝန်အား ထမ်းပေးခဲ့ကြသေးသော်လည်း နန်းထိုက်သဇင်လို မောဟအမြိုက်နှင့် လောဘဇောတိုက်ရက်သူတို့ကမူ ဥပေက္ခာပါရမီကို ပီပီသသကြီး ဖြည့်ဆည်းရင်းဖြင့်သာ ရှင်သန်ကြီးထွားနေကြသည်ကို ကြုံတွေ့ရပေတော့သည်။

မြေကျွန်ရယ်လို့ မရှိသော်လည်း မြေရှင်လို လူစားတွေနှင့် သူတို့အကျိုးဆောင်ကာ ကိုယ့်အကျိုး ချို့ရှာလေသည့် မြေအလုပ်သမားတွေကတော့ များပြားကျန်ရစ်ခဲ့နေပေသေးသည်။

မြေပုံဆွဲမရတော့ဘဲနှင့် မြေပေါ်မှာ ကျင်လည်ရသောအခါ မြေကြောရှုံ့သလို ဘဝအောင်မြင်မှုစည်းစိမ်တွေကို ချက်ချင်းလက်ငင်း နီးစပ်အောင် ခရီးတာအချိန်ရှုံ့ပစ်သူတွေ၊ မြေတစ်ကွက် တစ်နေရာအတွက် ယှဉ်ပြိုင်ရင်ဆိုင်ရင်း ဘဝအသက်တွေ မြှုပ်နှံခဲ့ရာ သံသရာခရီးတစ်ပတ်အတွက် မြေပုံတစ်ကွက်စာနှင့် တင်းတိမ်သွားရသူတွေ(အချို့မှာတော့ ပြာအဖြစ်သာ မြေပေါ် တင်ကျန်ရစ်ခဲ့ရလေသည်) မြေသီးမြေပွင့်တွေကို ခူးခပ်စားသုံးရင်း မြေ့ဝန်ကို ဘာတစ်ခုမျှ မကျေပွန်ဘဲ မိမိဝန်ကိုသာ မြေအား ထမ်းပိုး လေးပင်စေသူတွေ အစကနဦးမှာ မြေတောင်မြှောက်သည်ဆိုပြီး နောက်ပိုင်းမှာ မြေပေါ်ပေါက်သည်နှင့် ရိတ်လှီးသိမ်းဆည်းပစ်သူတွေ သည်နယ် မြေနှင့်လုပ်စားသူတွေ များစွာကို ကြုံတွေ့လာခဲ့ရပေသည်။

(၈)

မြေအကြောင်းကို စာနှင့်ပေနှင့် စသင်ခွင့်ရခဲ့စဉ်က မိမိမှတ်မိနေသော ဝါကျတစ်ကြောင်း ရှိပါသည်။

*'မြေကြီး၏ လေးပုံသုံးပုံသည် ရေအပိုင်းဖြစ်၍ ကျန်လေးပုံတစ်ပုံသည် ကုန်းအပိုင်း(သို့မဟုတ် မြေအပိုင်း)ဖြစ်ပါသည်'* တဲ့။

မြေသည် ကမ္ဘာနှင့်စာလျှင် သေးငယ်နေမှန်း၊ ကျဉ်းမြောင်းနေမှန်း မိမိ စာတွေ့အရတော့ သိနေပေပြီ။

သို့သော် မိမိ၏ လက်တွေ့ဘဝ၌မူ မြေသည် အကျယ်ကြီး ကျယ်နေပေတော့သည်။ မိမိသိသော၊ မိမိနှင့် ပတ်သက်သော၊ မိမိဆက်ဆံနေရသော မြေ၏သားရင်း၊ မြေးနှစ်များသည်ပင် အတော်ကြီး များပြားလှပေပြီ။ သို့လျှင် သူတို့၏ ဘဝတည်ရာ ဤမြေကြီး (ဝါ) မြေသည် မည်သည့်နည်းနှင့်မဆို ကြီးမားကျယ်ပြန့်နေမည်ဟု မိမိ ယုံကြည်နေလေသည်။

တစ်ဖန် မိမိ၏အရင်းမြစ်စိတ်ကပင် ရေထဲလေထဲမှာ နေရခြင်းကို ဝမ်းနည်းအားငယ်တတ်ပြီး မြေပေါ်မှာ ခြေချရသည်နှင့်ကြည်နူးစိတ်ဖြင့် လုံခြုံအားတက်လာတတ်နေပြန်လေသည်။

ကမ္ဘာကို ကမ္ဘာ့အပြင်ဘက်မှ မတွေ့ဖူးသေးသော မြေပေါ်မှာ အနေများ၍ ရံဖန်ရံခါမျှသာ ရေထဲလေထဲ ရောက်ဖူးသော မိမိသည် မြေကို ကြီးမားကျယ်ပြန့်သည်ဟု စွဲမြဲယုံကြည်နေခြင်းသည်သာ သေးငယ်ကျဉ်းမြောင်းလှသော အတ္တဟု ဆိုလာလျှင်တော့···

အတ္တ၏ မိမိသည် ကြီးမားကျယ်ပြန့်လှသော မြေချစ်စိတ်ဟု ပြန်လည်ပြောင်းလဲခေါ်ဝေါ်ဖို့ ဝသုန်မြေသက်သေတည်ကာ တောင်းဆိုမိမှာ အမှန်ပင် ဖြစ်ပါလေတော့သည်။ ■


**မသီတာ၊စမ်းချောင်း၊**

၁၉၈၈၊ ဇူလိုင်၊ သဘင်မဂ္ဂဇင်း။



www.burmeseclassic.com

www.burmeseclassic.com




# ဂျူးရဲ့ရသကြိုးလွှာကို ခံစားဝေဖန်ခြင်း

**သင့်အေးရိပ်**

၁။ စာအုပ်အမည် =
**သက်တံတို့ဖြင့်ရက်ဖွဲ့ ချစ်သူရဲ့ခြုံလွှာ**
စာရေးသူအမည် = ဂျူး
ထုတ်ဝေခြင်း =
ဂျူးစာပေ၊ ၂၀၁၈ ခုနှစ်၊ ဖွန်လ
တန်ဖိုး= ၄၅၀၀ ကျပ်၊
စာမျက်နှာပေါင်း ၃၅၄ မျက်နှာ။

၂၀၁၈၊ ဖွန်လထုတ်(…လို့ ပုံနှိပ်မှတ်တမ်းမှာ ရေးထားပေမဲ့ ဇူလိုင်လထဲမှာမှ ဆိုင်ပေါ်ရောက်တဲ့) ဆရာမ ဂျူးရဲ့ '**သက်တံတို့ဖြင့်ရက်ဖွဲ့ ချစ်သူရဲ့ခြုံလွှာ**' အမည်ရှိ စာအုပ်သစ်အကြောင်း နည်းနည်းပြောပါမယ်။

စကားမကျန်အောင် ကြိုရှင်းပြရရင် စာပေလောကမှာ Book Review (စာညွှန်း)နဲ့ Literary Criticism (စာပေဝေဖန်ရေး)ဆိုတာ မတူကွဲပြားတဲ့ ဖန်တီးမှုများ ဖြစ်ကြောင်း ကျွန်တော်မောင်သင့် သိသလို၊ အားလုံးလည်း သိပြီးဖြစ်ပါတယ်။ စာညွှန်းက ပေါ့ပေါ့ပါးပါး ညွှန်းဆိုပြတာလောက်ပဲဖြစ်ပြီး စာပေဝေဖန်ရေးကတော့ ပညာရပ်ဆန်သော၊ လေးနက်ကျယ်ပြန့်သောသဘော ရှိပါတယ်။ စာပေဝေဖန်ရေးဆိုတဲ့ နယ်ပယ်ထဲကနေ စာအုပ်၊ စာပေတွေကို ဝေဖန်မယ်ဆိုရင် ဝေဖန်သူဆီမှာ မလွဲမသွေရှိရမယ့် အရည်အချင်းကတော့ 'စာပေဝမ်းစာ' ဖြစ်ပါတယ်။ ဒါ့အပြင် အနုပညာကို ခံစားသက်ဝင်နိုင်စွမ်း ခပ်မြင့်မြင့်ရှိဖို့ လိုအပ်သလို စာပေအနုပညာပစ္စည်းတွေကို အကဲဖြတ်သတ်မှတ်ဖို့ရာ စာပေသဘောတရားတွေ၊ အခြေခံ စံစနစ်၊ သီအိုရီတွေနဲ့ ကိုးကားသိုင်းဝိုင်းပြီး ချိန်ဆဝေဖန်နိုင်ဖို့လည်း လိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်လို စာပေလောကထဲမှာ ဘာမှမဟုတ်သေးတဲ့ ငချောင်ငချွတ်လေးကတော့ စာပေဝေဖန်ရေးအထိလည်း မသွားနိုင်၊ စာညွှန်းထက်လည်း ပိုပြောချင်သမို့ ဒီဆောင်းပါးကို 'ခံစား၊ ညွှန်းဆို၊ ဝေဖန်ခြင်း' အနေနဲ့ပဲ တို့ထိရေးသားပါရစေ။ Book Review လည်းမက၊ Literary Criticism လည်းမကျတဲ့ ဆောင်းပါးဖြစ်နေလိမ့်မည် ဖြစ်ပါကြောင်း။ ဘာပဲဖြစ်ဖြစ် လက်ရှိဖျားနာနေတဲ့ ရသစာပေလောက အခြေအနေအရဆိုရင် စာအကြောင်း ပေအကြောင်းကို ကကြီးလေးတစ်လုံးပဲဖြစ်ဖြစ် ပြောဆိုတာဟာ စာပေလောက စည်ကားဖို့ တစ်ထောင့်တစ်နေရာက ဝင်သယ်ပိုးရာ ရောက်လိမ့်မယ် ထင်ပါကြောင်း။

❑

၂။ ဇာတ်လမ်းကို အရင်မိတ်ဆက်ပြီးမှ ကျန်တဲ့အပိုင်းတွေကို ဆက်ပြောပါရစေ။ နွားထိုးကြီးမြို့နယ်အနီး 'မြဝတီ' ဆိုတဲ့ ရွာကလေးထဲမှာ နေကြတဲ့ အသိုက်အဝန်းတစ်ခုထဲမှာ ဖြစ်ပျက်သွားတဲ့ အချစ်နဲ့ဘဝ သရုပ်ဖော်ဇာတ်လမ်းရယ်လို့ ဆိုကြပါစို့။ ဒေါ်လွန်းမယ်၊ ခင်လွန်းမြတ်၊ ခင်လွန်းဆက်၊ မကြေးမုံ၊ နေရီဘုန်းကျော် စတဲ့ အမျိုးသမီးတွေရဲ့ ခံစားမှုကိုမှ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာ တစ်ခုနဲ့ ပေါင်းစပ်တင်ပြထားတာပါ။ ဆရာမ ဂျူးရဲ့ အားထုတ်ဖန်တီးနေကျ ထုံးစံအတိုင်း အကြောင်းအရာ အချက်အလက်တစ်ခုကို အခြေခံထားပြီး အဲဒီအချက်အလက်ကို ပြည့်စုံနေအောင် သေချာ

လေ့လာပြီးမှ သိုင်းဝိုင်းတင်ပြနေကျ ဂျူးရဲ့ ပုံမှန်လက်ရာတစ်ခုပါပဲ။ **မရှိမဖြစ်မိုး** စာအုပ်မှာတုန်းက ရေညှိ၊ **'ကြယ်စင်တံတား ကမ်းပါးနှင်းဖြူ'** တုန်းက လိပ်ပြာတွေ၊ **ချစ်သူလား စကားတစ်ပွင့် ပွင့်ခဲ့တယ်** တုန်းက စံကားပင်တွေ၊ **ချစ်သူရေးတဲ့ ကျွန်မရဲ့ညတွေ** ထဲမှာ ပန်းချီကားတွေ၊ **တိမ်နဲ့ ချည်တဲ့ကြိုး** မှာတော့ ဆေးဖက်ဝင် ဂမုန်းပင်တွေအကြောင်း…စသည်ဖြင့် တဝကြီး ဖတ်ရအောင် ရေးဖွဲ့ခဲ့သလိုပါပဲ။

အခု **သက်တံတို့ဖြင့် ရက်ဖွဲ့ချစ်သူရဲ့ ခြုံလွှာ** မှာတော့ မြန်မာ့ရိုးရာလက်မှု အနုပညာတစ်ခုဖြစ်တဲ့ ရက်ကန်းခတ်ခြင်း အတတ်ပညာနဲ့ ချည်ထည်ရက် ခြုံလွှာလေးတွေ အကြောင်းကို အတော်အသင့် ပြည့်စုံအောင် ထည့်ရေးထားပါတယ်။ ရသထဲမှာ သုတ ထည့်ပြထားတဲ့သဘော။ လက်ရက်ချည်ထည်လေးတွေကို တန်ဖိုးထားတတ်စေချင်တဲ့ စေတနာကိုလည်း အထင်းသား မြင်ရပါတယ်။ အဲဒီလက်ရက် ချည်ထည် ခြုံလွှာလေးတွေရဲ့နောက်ကွယ်က ယုံကြည်လက်ခံထားတဲ့ ဓလေ့ထုံးတမ်းစဉ်လာ အယူအဆတစ်ခုကိုလည်း ဖော်ပြထားပါတယ်။ အဲဒီဒေသမှာ မင်္ဂလာဆောင်တော့မယ့် သတို့သမီးဟာ 'မင်္ဂလာခြုံစောင်'ဆိုတာကို ကိုယ်တိုင် ရက်ပြီး မင်္ဂလာဦးမှစ,ကာ နှစ်ယောက်အတူ ခြုံရတယ်။ (သတို့သမီးက ရက်ကန်း မခတ်တတ်ရင်တောင် အမေဖြစ်သူကဖြစ်စေ ရက်လုပ်ပေးပြီး သတို့သမီးကတော့ အနားသတ် အစကလေးတွေကို အောက်နားသိမ်း ကျစ်လိုက်ရင် ရတယ်တဲ့။)

အဲဒီဇနီးမောင်နှံထဲက တစ်ယောက်ယောက် သေဆုံးသွားချိန်မှာတော့ ခြုံစောင်ကို တစ်ပိုင်းဖြတ်၊ သေသူကိုလွှမ်းခြုံပေးပြီးမှ သင်္ဂြိုဟ်။ ကျန်ရစ်သူ သေဆုံးရင်လည်း ကျန်တဲ့တစ်ပိုင်းကို ခြုံလွှမ်းပြီးမှ သင်္ဂြိုဟ်ခြင်းအားဖြင့် အဲဒီဇနီးမောင်နှံဟာ နောင်လာမယ့်ဘဝဆက်တိုင်း ဖူးစာဆုံပြီး ပြန်လည် ပေါင်းဖက်ရလိမ့်မယ်လို့ ယုံကြည်ထားကြတယ်။ (တစ်လင်တစ်မယားစနစ်နဲ့ သူချစ်ကိုယ်ချစ် နှစ်ကိုယ်တူချစ်လို့ လက်ထပ်ကြတဲ့ စုံတွဲတွေအတွက်တော့ အတော်စိတ်ကူးယဉ်လို့ ကောင်းမယ့် အယူအဆဖြစ်ကြောင်း ကျွန်တော် ကြားဖြတ် တွေးမိတဲ့) အဲဒီယုံကြည်မှု ဓလေ့ထုံးစံကလေးကို ဇာတ်ကောင် အမျိုးသမီးလေးတွေရဲ့ ဘဝနဲ့အချစ်ထဲမှာ ရောစပ် ဖော်ပြလိုက်တော့ စိတ်ဝင်စားဖွယ်ရာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်သွားတယ် ဆိုပါတော့။

မြေးဖြစ်သူ နေရီဘုန်းကျော်ရဲ့ စိတ်ခံစားမှုတွေကနေ စတင်ဇာတ်ဖျိုးလိုက်ပြီး လက်ရှိရောက်နေတဲ့ ၂၀၁၇၊ ၂၀၁၈ ခေတ်ကာလဆီကနေ တစ်ကွက်ချင်း ရွှေ့ပြသွားလိုက်တာမှ နေရီဘုန်းကျော်ရဲ့ အဘွားဖြစ်သူ ဒေါ်ရှင်လွန်းမယ် ငယ်စဉ်ဘဝ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်ကာလတွေအထိ။ ဒေါ်ရှင်လွန်းမယ်ရဲ့ ငယ်ချစ်ဦးနဲ့ ဆုံတွေ့ပုံ၊ လွဲချော်ပုံတွေကို အသေးစိတ် သရုပ်ဖော်ပြီး၊ မြေးဖြစ်သူ နေရီဘုန်းကျော်တို့ရဲ့ လက်ရှိခေတ်ကာလဆီကို ပြန်လည်ဦးတည်၊ ဒေါ်ရှင်လွန်းမယ်ရဲ့ နောက်ဆုံး နေဝင်ချိန်မှာ အဆုံးပြန်သတ်။ အဆုံးသတ်စာမျက်နှာကို ရောက်ချိန်မှာ စာရေးဆရာက ဝင်ရောက်မှတ်ချက်ချလိုက်သလိုမျိုး မှတ်ချက်တစ်ခုနဲ့ အဆုံးသတ်။ ဒါပါပဲ။

*'သူတို့အားလုံးသည် စောင့်ဆိုင်းခြင်း မျက်နှာကြက်တစ်ခုချင်း အောက်မှာ တစ်ယောက်ချင်းစီ သီးသန့်ဖြစ်တည်လျက်ရှိကြသည်။ တစ်ယောက်က အချစ်ဆိုသည်မှာ အဆုံးမသတ်ရသေးသော ကဗျာတစ်ပုဒ်ဟု သတ်မှတ်သည်။ တစ်ယောက်က အချစ်ဆိုသည်မှာ အရှိန်ပြင်းစွာ ထွင်းဖောက်လျက် ရင်သို့စိုက်ဝင်သော မြားတစ်စင်းဟု သတ်မှတ်သည်။ တစ်ယောက်အဖို့တော့ အချစ်သည် မှန်ကဲ့သို့၊ ရေကဲ့သို့ ရောင်ပြန်ဟပ်ရမည့် မျက်နှာပြင်ကို ပါးနပ်စွာ လိုက်ရှာနေသော လ,တစ်စင်းဖြစ်သည်။ တစ်ယောက်အတွက် အချစ်ဆိုသည်မှာ ကိုယ်မရောက်နှင့်မီ ထွက်သွားနှင့်သော လှေငယ်တစ်စင်းဖြစ်သည်။ တစ်ယောက်အတွက် အချစ်ဆိုသည်မှာ မီးလောင်နေသော လှောင်အိမ်တစ်ခုဖြစ်သည်။'*

အဲဒီလို အဓိပ္ပာယ်ဖွင့်ဆိုပြီး ဇာတ်သိမ်းလိုက်တဲ့အခါ ကျွန်တော်တို့ စာဖတ်သူတွေ



www.burmeseclassic.com

www.burmeseclassic.com

ဆက်တွေးရမှာက ဒီဇာတ်ကောင်တွေထဲမှာ ဘယ်သူက အချစ်ကို မီးလောင်နေတဲ့ လျှောင်အိမ်တစ်ခုလို ခံစားနေရသူလဲ၊ ဘယ်သူက အချစ်ကို ထွက်သွားနှင့်တဲ့ လေယာဉ်တစ်စင်းလို ခံစားနေရလဲ၊ ဘယ်သူက အချစ်ကို အဆုံးမသတ်ရသေးတဲ့ ကဗျာတစ်ပုဒ်လို သတ်မှတ်တာလဲ စသည်ဖြင့်။ ဒါပေမဲ့ ဒါပဲလား၊ ဇာတ်လမ်းက ဒါပဲလားလို့ စာဖတ်သူ ကျွန်တော်တို့ ဆက်လက်တွေးနေမိပါကြောင်း။

❑

**၃။** ဇာတ်လမ်းအကြောင်း အကျဉ်းချုံး ပြောလို့အပြီးမှာ အဲဒီဇာတ်လမ်း (အဲဒီစာအုပ်)ကို တင်ပြ(ဖန်တီး)ထားတဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ကျွန်တော့် စိတ်ခံစားမှုထဲက ပြောချင်လာတဲ့ ကျွန်တော့် အမြင်တွေကို ပွင့်ပွင့်လင်းလင်း ပြောပါရစေ။

ဇာတ်လမ်းတစ်လျှောက်မှာ ဒီဘက်ခေတ်လူငယ်တွေကြား ပျံ့နှံ့နေတဲ့ အဆိုတော် ဝေလရဲ့ *မချစ်ရဘူးတဲ့လား* သီချင်း၊ ထူးအယ်လင်းရဲ့ *အချစ်လို့ခေါ်သလား* သီချင်း၊ Charli Puth ရဲ့ *One Call Away* စတဲ့ သီချင်းတွေတင်မက နောက်ကြောင်းပြန်တဲ့ ဇာတ်ကွက်တွေအထိ ဆွဲခေါ်သွားပြီး အရင်ခေတ်ကာလတုန်းက နာမည်ကြီး ဂစ်တာစိမ်းမောင်ရဲ့(ကျွန်တော်ကတော့ 'မြန်မာပြည်သိန်းတန်' ဆိုထားတာကိုပဲ ကြားဖူးခဲ့တဲ့) ရွှေစံပယ်ရုံလို မြန်မာသံသီချင်းကြီးတွေအထိ သီချင်းပေါင်းများစွာကို ထည့်သွင်းဖော်ပြထားတာ တွေ့ရပါတယ်။ စာအုပ်ဖတ်နေရင်းနဲ့ Charli Puth ရဲ့ *One Call Away* ကိုလည်း Youtube မှာ ရှာပြီး နားထောင်ကြည့်မိပါရဲ့။ ချစ်သူရဲ့ခြံလွှာထဲက ကိုလူမောင်တစ်ယောက် မလွန်းမယ်လေးတို့ အိမ်နားမှာ ရွှေစံပယ်ရုံ သီချင်းဆိုပြနေတဲ့ နေရာရောက်တော့လည်း ဝတ္ထုစာအုပ်ကိုဘေးချပြီး လက်တွေ့လောကထဲ ဝင်၊ ရွှေစံပယ်ရုံ သီချင်းကို ရှာဖွေ နားထောင်လိုက်မိလေတော့ ကျွန်တော့်မှာ ဝတ္ထု

o u fw W ; i f& u f G
c ;p fo &u ;cH v T
r S a w m h
jref m h & m v u f l
t E y n m w p f ; p f w d
& u fu ef c w f c i f
t w w f y n m e Y
c n fx n & u f
cH v T a v ;a w G
t a u m i f u d
t a w m f t o i f
jy n f p k d t m i f
x n f a &; x m ;y ;w , f
& o x J S
o k v
x n f y x m ;w d
o a b m

ဖတ်ရင်းရသတွေ စုံလို့ပါ။

**၄။** Feminist တစ်ယောက်အဖြစ် သတ်မှတ်/ဝေဖန်ခံထားရတဲ့ ဆရာမဂျူးရဲ့ စာအုပ်တွေထဲမှာ အမြဲလိုလို မြင်တွေ့နေကျ Feminism အငွေ့အသက်လွှမ်းသော စကားလုံးတွေကိုလည်း ထုံးစံအတိုင်း ပါမြဲပါနေတာကို မြင်ရပါတယ်။ ဥပမာ- စာမျက်နှာ ၁၄၅၊ '*မိန်းမတစ်ယောက်ဖြစ်ပေမဲ့ ယောကျ်ားတစ်ယောက်လို တန်းတူ ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ။ ငါ လုပ်မှာပေါ့*' (ခင်လွန်းဆက်)။ စာမျက်နှာ ၁၄၇၊ '*အားကိုးဖို့ သက်သက်ဖြင့်တော့ ယောကျ်ား မယူချင်ပါ။ အချစ်ဆိုတာ လည်းလို သေးတယ်မဟုတ်လား*' (ခင်လွန်းဆက်)။ စာမျက်နှာ ၂၄၅၊ '*ယောကျ်ားဆိုတာ ဘယ်လောက်အသက်ကြီးကြီး မယုံနဲ့၊ စိတ်ချမထားနဲ့၊ ဖွဲတစ်ဆုပ်ကိုပဲ နိုင်တော့တဲ့ အရွယ်အိုရောက်ရင်တောင် သူတို့က မိန်းမနဲ့ နီးစပ်ရင် ဟိုစိတ်ဒီစိတ်တွေ ပေါ်လာတတ်တယ်*' (မလွန်းမယ်ရဲ့မိခင် ဒေါ်လှပွင့်ပြောစကား)။ (ဒီစကားပြော၊ ဒီအယူအဆကိုတော့ ကျွန်တော်မောင်သင့် ရယ်မောပါရစေ။ ငြင်းခုံရမှာ ပျင်းလို့ ရယ်သာ ရယ်နေလိုက်တာပါ။)

ဂျူးရဲ့ထုံးစံအတိုင်း မိန်းမတွေကို ခံနိုင်ရည် မြင့်မားစေလိုမှုတွေ၊ အောက်ကျမခံ အရှုံးမပေး ရပ်တည်နေစေလိုမှုတွေ၊ မိန်းမဖြစ်နေရုံ/ယောကျ်ားက ပစ်ခွာသွားရုံနဲ့ ရပ်တည်လို့မရဘဲ ပြိုလဲပျက်စီးသွားစရာမလိုဘူးဆိုတဲ့ သဘောထားတွေ စသည်ဖြင့် မြင်ရပြန်တာပါပဲ။

**၅။** ဆရာမ ဂျူးရဲ့ ရေးဟန်အတိုင်း စကားပြေစီးကြောင်းနဲ့ ဖတ်နေရတာကနေ ရင်တွင်းအတွေး ခံစားချက်တွေကို ဖျတ်ခနဲဖျတ်ခနဲ စကားပြောဟန်နဲ့ ရေးသွားတဲ့ 'ဂျူး ရေးဟန်' ကိုလည်း အခုစာအုပ်မှာ မြင်ရဆဲ ဖြစ်ပါတယ်။ ဂျူးရေးဟန်ကို ကျွန်တော် အသိအမှတ်ပြု ကြိုဆိုပါတယ်။ ဒါပေမဲ့ ဒီစာအုပ်ထဲမှာတော့ အရင်လို 'ကျွန်မ' ဆိုတဲ့ နာမ်စားသုံးပြီး အဓိကဇာတ်ကြောင်းပြောသူက မပြောဘဲနဲ့ Narrator တွေ တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျ ပြောပြနေသလို တင်ပြထားတာကိုလည်း သတိထားမိပါတယ်။

နိဒါန်းမှာ ဇာတ်ကြောင်းပြောသူက ဒေါ်ခင်လွန်းမြတ်၊ အပိုင်း(၁)ရဲ့ အခန်း(၁)နဲ့ (၂)မှာတော့ ဇာတ်ကြောင်းပြောသူက ဒေါ်ခင်လွန်းမြတ်ရဲ့သမီး နေရီဘုန်းကျော်ဖြစ်သွားပြီး အခန်း(၃) ရောက်သွားတော့ Narrator က ဒေါ်ခင်လွန်းမြတ်ရဲ့ ခင်ပွန်း ဦးဘုန်းကျော် ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com

တာကို တွေ့ရတယ်။ အဲဒီလိုပဲ အခန်းခွဲ ရင်းနဲ့ Narrator တွေ တစ်ယောက်ချင်းစီရဲ့နေရာကနေ ခံစားတင်ပြနေတာမို့လို့ ပါဝင်သမျှ ဇာတ်ကောင်တွေရဲ့ ခံစားချက်၊ အတွေးအမြင် အယူအဆ၊ သဘောထားတွေကို စုံစုံလင်လင် ထည့်ပြသွားနိုင်ပါတယ်။ စာဖတ်သူ အနေနဲ့ကျတော့ ဇာတ်ကောင်တစ်ယောက်ချင်းစီကို ဘက်ပေါင်းစုံက မြင်ရပြီး လိုက်ပါခံစားလိုက်နိုင်တယ်။ ဂျူး ရဲ့ ရေးနေကျဟန် 'ကျွန်မ'၊ 'ကျွန်တော်' ဆိုတဲ့ နာမ်စားတစ်ခုတည်းနဲ့ အစ အဆုံး ရေးတာထက် အခုလို တင်ပြပုံမျိုးကို ပိုနှစ်သက်မိပါတယ်။

၆။ ခေတ်ဟောင်း သီချင်းစာသားတွေကို ခပ်စိပ်စိပ် ရေးထည့်ထားတာရယ်၊ အညာဒေသရဲ့ တောသူတောင်သားတွေရဲ့ လေယူလေသိမ်းကအစ စကားပြောအပိုဒ်တွေမှာ ပီပြင်အောင် ဖော်ပြထားတာရယ်က သဟဇာတ ဖြစ်ပါတယ်။ ကျေးလက်ဒေသ အခင်းအကျင်းထဲက အဖြစ်အပျက်တွေကို အသေးစိတ် ဖွဲ့နွဲ့သီကုံးထားတာကြောင့် ချည်စောင်လေးက အစ ကိုယ့်မျက်စိရှေ့မှာ လာချပြနေသလို မြင်လာတယ်။ ဆို တော့ ဒီစာအုပ်မှာ စာရေးဆရာတစ်ယောက်ရဲ့ 'သရုပ်ဖော်မှုတာဝန်'ကို ဆရာမ ဂျူး ကျေပါတယ်။

၇။ ချည်ထည်ခြုံလွှာကလေး ဖြန့်ခင်းပြထားတဲ့ စာအုပ်မျက်နှာဖုံး ဖန်တီးမှုကလည်း စာအုပ်ပါ အကြောင်းအရာကို တစ်စိတ်တစ်ဒေသ ပံ့ပိုးထားသလို ဖြစ်ပါတယ်။ စာမျက်နှာပေါင်း ၃၅၄ မျက်နှာပါဝင်တဲ့ ဒီစာအုပ်ရဲ့ စာရွက်သားကတော့ ကြာရှည်သိမ်းထားလည်း အစက်အပြောက် ဖြစ်မလာနိုင်တဲ့ ဂျပန် ဝူဖီးဆိုတဲ့ စက္ကူသားတစ်မျိုးဖြစ်ကြောင်း သိရပါတယ်။ မြန်မာ့ရေးမှု အစဉ်အလာတွေ၊ ပညာရပ်တွေနဲ့ ထုံးတမ်းဓလေ့တွေ၊ မှတ်သင့်မှတ်ရာလေးတွေကို ဖွယ်ဖွယ်ရာရာ ထည့်ပေးထားတဲ့ စာအုပ်တစ်အုပ်ဖြစ်တာကြောင့် ခေတ်တွေ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းသွားရင်တောင် သိမ်းဆည်းသင့်တဲ့ လက်ဆောင်တစ်ခုရယ်လို့ အကောင်းမြင်ပေးလို့ ရပါတယ်။ ဒါပေမဲ့ အခုစာအုပ်ထဲက ဇာတ်အိမ်တည်ဆောက်ပုံက ရိုးရှင်းလွန်းတာကြောင့်(ကျွန်တော်တို့အနေနဲ့ ဂျူးရဲ့ စာအုပ်သစ်ကို ၄ နှစ်ကျော် စောင့်စားပြီး ဒီ့ထက်ပို မျှော်လင့်နေတာကြောင့်) အရင်စာအုပ်တွေလောက် အားရနှစ်သက်မှုမဖြစ်ကြောင်း ပြောဆိုဝေဖန်တာတွေတွေ့နေရပါတယ်။

'Pm tkyf[m
4 ESpf u mf
t cdkf, lyD
t a o;pdwf
zGJUzdkufcsKd m;wJh
pm tkyfrdS
ylpD vGf
r [kwfbJ
odomwJh jyif
**yifv , fEJYwlaom**
**rdefrrsm;**
pm tkyfwkefu v dkJ
'Pm tkyfx J
Zmwfaumif;wGu
u v nf;
pmzwfol
&ifxJrS
t wdkif;t wmwpfckxd
pGJusefae vdrfh , f
x ifyg;w , f

ကျွန်တော် မောင်သင့် သဘောအရ ဆိုရင်တော့ စာပေအနုပညာရှင်တစ်ယောက်ရဲ့ဖန်တီးမှုတိုင်းဟာ တစ်ခုပြီးတစ်ခု အရင်ဟာတွေထက် ပိုကောင်းနေရမယ်ဆိုတဲ့ သတ်မှတ်ချက်မျိုးကို 'အနုပညာသမားဘက်က' ရပ်တည်ပြီး 'လက်မခံ'နိုင်ကြောင်းနဲ့ အရင်စာအုပ်တွေလောက် မကောင်းဘူးလို့ ပြောကြဆိုကြတာကိုလည်း စာရေးဆရာနေရာကနေ ခံစားပြီး 'လက်လန်'ပါကြောင်း။ စာပေဖန်တီးသူမှာ အရင်လက်ရာထက် ပိုကောင်းတာကို ဖန်တီးခွင့်လည်း ရှိသလို ညံ့ခွင့်လည်း ရှိပါတယ်။ ဒီစာအုပ်ဟာ ၄ နှစ်ကျော် အချိန်ယူပြီး အသေးစိတ် ဖွဲ့နွဲ့သီကုံးထားတဲ့ စာအုပ်မို့ ပြီးစလွယ်မဟုတ်မှန်း သိသာတဲ့အပြင် **ပင်လယ်နဲ့တူသော မိန်းမများ** စာအုပ်တုန်းကလိုပဲ ဒီစာအုပ်ထဲက ဇာတ်ကောင်တွေကလည်း စာဖတ်သူ ရင်ထဲမှာ အတိုင်းအတာတစ်ခုထိ စွဲကျန်နေလိမ့်မယ် ထင်ပါတယ်။

၈။ (လူနဲ့စာကို ရောထွေး မဝေဖန်သင့်တာကို သိပေမဲ့) ဆရာမ ဂျူးရဲ့ လက်ရှိ အသက်အရွယ်နဲ့ ဒီဘက်ခေတ်ကို မျက်ခြည်မပြတ်ဘဲ၊ စာနုစာပျိုလေးတွေ၊ ချစ်ခြင်းမေတ္တာအကြောင်းကို ခုံခုံထည်ထည် ရေးသားနေတာလေးတွေ မြင်ရတဲ့အတွက် ကျေနပ်ဝမ်းသာခြင်းဖြစ်မိတဲ့အပြင် ဆရာမ ဂျူး တစ်ယောက် ရာဇဝင်ထဲမှာ ကျန်မနေရစ်ခဲ့တာကို အသိအမှတ်ပြုလိုက်ပါကြောင်း။

၉။ ဓူလိုင်လရဲ့ မိုးစက်တွေနဲ့အတူ ရောက်လာတဲ့ ဆရာမဂျူးရဲ့ စာအုပ်ကို 'ရသခြုံလွှာ'လို့ မှတ်ယူချင်သူများ မှတ်ယူနိုင်ပါတယ်။ ရသခြုံလွှာတစ်ထည် ရက်လုပ်ပြီး စာဖတ်သူတွေကို နွေးထွေးစေခဲ့တဲ့ ဆရာမ ဂျူးကို ဒီ့ထက်ပို မျှော်လင့်မိတာကတော့ ဒီထက်ပိုမို အရောင်အသွေးစုံလင်လှပတဲ့ ရသခြုံလွှာတွေ အဆက်မပြတ် ရက်လုပ်ပြီး မြန်မာ့ရသစာပေလောကကို လက်ဆောင်အဖြစ် ထပ်မံပေးပို့နိုင်ပါစေကြောင်း။ ။

လေးစားစွာ…

■

**သင့်အေးရိပ်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အတ္တမကောင်းတဲ့ လက်တစ်စုံ

ထွန်းတောက်ထွန်း၊ သချ်ာ။

၁။

ရှိက်ကြီးတငင်
ငိုကြွေးနေတဲ့ အမေ့
မျက်နှာကို ကြည့်ပြီး
ကျုပ်ဒေါသတွေ
တလိမ့်လိမ့် တက်လာတာ
သေချာပါတယ်။
မုန်းယစ်ရီဝေပြီး ကိုယ့်
ခန္ဓာကိုယ်တောင်
မထိန်းနိုင် မသိမ်းနိုင်၊
ယိုင်လုလု ပထွေးကတော့
တောင်စဉ်ရေမရ
စကားတွေနဲ့ မြည်တွန်
တောက်တီးရင်း အမေ့ကို
ရန်လိုနေဆဲပါပဲ။
ကုန်တင်ကား
မောင်းတဲ့
ဒရိုင်ဘာ
တစ်ယောက်ဟာ
ဒီလောက်အထိ
သောက်တာတောင်
ကားမှောက်ပြီး
မသေသေးဘူးတဲ့လား။
လေဖြတ်ပြီး
ဦးနှောက်ကြော
မပြတ်သေးဘူးတဲ့လား။
မုဆိုးမတစ်ယောက်ကို
မရခင်က ဂရုတစိုက်
ရှိတဲ့ပုံစံမျိုးနဲ့
အားကိုးစေချင်ခဲ့တာဟာ
ခုလိုမျိုး အချိုးတွေ
ချိုးချင်တာကြောင့်လား။
ငါပေးတာယူ၊
ငါကျွေးတာစား၊
ငါပြောသလိုလုပ်၊
ငါ့စကားနားထောင်၊ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com

ပြန်မလှန်နဲ့ ဆိုတဲ့ ပုံစံမျိုးနဲ့ ဝင်္ကြွေးတစ်ခုကို ထပ်ယူခဲ့တဲ့ အမေ့ကြောင့် ဒေါသမီး တောက်နေရတဲ့ ကျုပ် အဲဒီ ပထွေးယုတ်ကို ဘာလုပ်နိုင်မှာတဲ့လဲ။ အသက်လေးဆယ် အရွယ် အလုံးအထည်တောင့်တင်းကြံ့ခိုင်သလောက် ရုပ်မဖြောင့်၊ အတွင်းစိတ်ကောက်လွန်းတဲ့ ပထွေးကို ကျုပ်ဘက်က ဘယ်လိုနည်းမျိုးနဲ့ အနိုင်ယူရင်ကောင်းမလဲ။ ခုနစ်တန်းပညာ မတောက်တခေါက်၊ အသက်ဆယ့်လေးနှစ်အရွယ် လူပျိုပေါက်တစ်ယောက်အနေနဲ့ ကြောက်တတ်တဲ့စိတ်ကို ဘယ်လိုနည်းတွေနဲ့တော်လှန်၊ ပုံစံပြောင်းရမှာတဲ့လဲ။ သေချာတာတစ်ခုကတော့ ကျုပ်ဘက်က ပထွေးကို သတ်ချင်ခဲ့တာ အမေနဲ့ စ,ညားကတည်းကပဲဆိုပါတော့။

‘ကျွန်မကိုယ်တိုင်ကလေးတစ်ယောက်အမေမုဆိုးမပါဆိုပြီး ကြိုပြောခဲ့တာပါ ကိုဖိုးထင်ရယ်။ ရှင်ကိုယ်တိုင် လိုလိုလားလားနဲ့ ကျွန်မတို့သားအမိကို စောင့်ရှောက်ပေးမယ်လို့ ပြောခဲ့တာလေ။ ခုမှ တဏှာမီးကြွပြီး မယားငယ်ထားချင်ရသလား ကိုဖိုးထင်ရဲ့။ ကွာမပေးနိုင်ဘူး။ မယားပြိုင်လည်း မထားနိုင်ဘူး။ ဒီအိမ်ပေါ် ခေါ်ရဲရင် ခေါ်လာကြည့်၊ ရှင်တို့နှစ်ယောက်စလုံး ကျွန်မအကြောင်း သိစေရမယ်’

‘ဟား… ဟား… ဟား…။ တော်တော်တရားကျဖို့ကောင်းတဲ့ မုဆိုးမ။ လူပျိုစစ်စစ်ဘဝနဲ့ ငါရခဲ့တာ ကလေးတစ်ယောက်အမေ မုဆိုးမလေ။ အေ့… မင်းဟာမင်း ဘယ်လောက်အထိ ငယ်ငယ်၊ လှလှ မုဆိုးမဟာ မုဆိုးမပဲ နန်းခင်ရေ။ အေ့… ငါ့ဘက်က မင်းတို့သားအမိအပေါ် စာနာစိတ်နဲ့ ငါးနှစ်ကျော်ကျော် ကျွေးမွေးစောင့်ရှောက်ခဲ့တာတွေ ကျေးဇူးကန်းဖို့ မစဉ်းစားနဲ့။ ကဲ… အခု ငါ တကယ်လိုချင်တဲ့၊ ငါ့ကိုလည်း တကယ်ချစ်တဲ့ အပျိုစစ်စစ်တစ်ယောက်က ငါ အိမ်ထောင်ရှိမှန်း သိသိကြီးနဲ့ ယူပါမယ်ဆိုပြီး ပြောလာတော့ ဘယ်လောက်အထိ အားနာစရာကောင်းသလဲ။ သူ့ခမျာ အားကိုးမဲ့နေရှာတာလေ။ ဟင်း… ဟင်း၊ ဒါကိုများ မင်းမို့လို့ မစာမနာ ခါးခါးသီးသီးလုပ်နေတယ်။ အပြိုင်မပေါင်းချင်ရင် မင်းဘက်က ကွာပေးလိုက်လေ။ ဒီအိမ်ပေါ်က ဆင်းသွားလိုက်လေ။ အေ့… ယောကျ်ားကောင်းရင် မောင်းမတစ်ထောင်တဲ့ဟေ့၊ မှတ်ထား။ ဒါ ငါ့အိမ်။ မင်းတို့သားအမိကို ရှာကျွေးနေတာ ငါ့စီးပွား။ မယားကြီးနေရာမှာ အသာနေပြီး ငါရှာကျွေးတာ အေးအေးစားစမ်းပါ နန်းခင်ရာ။ အေ့… အခန်းတစ်ခန်းသာ သေချာရှင်းထားလိုက်။ နောက် တစ်ရက်၊ နှစ်ရက်ဆိုရင် သူ ဒီမှာ လာနေလိမ့်မယ်။ ဟား… ဟား… ဟား… ဟား’

‘လုံးဝ ရှင်းမပေးနိုင်ဘူး၊ ကွာလည်းမပေးနိုင်ဘူး။ ဒီအိမ်ပေါ်ကလည်း ဆင်းမပေးနိုင်ဘူး။ ကြီးကြီးငယ်ငယ် တစ်အိမ်တည်း အတူနေပြီး မယားပြိုင်လည်း မပေါင်းနိုင်ဘူး။ အဲဒီကောင်မ လာရဲလာကြည့်၊ ကျွန်မအကြောင်းသိစေရမယ်’

‘အာ… ပြောရဆိုရခက်ပြီး အပေါက်ဆိုးတဲ့ မိန်းမ၊ ကိုင်းကွာ’

‘ဖောင်း… ဖောင်း’

ပထွေးကို အာခံ၊ ပြန်ပက်နေတဲ့ အမေ့ရဲ့စကားတွေကြောင့် အရက်ခိုးထ,နေတဲ့ ပထွေးရဲ့ဒေါသတွေက အမေ့ခန္ဓာကိုယ်ကို ဖူးရောင်၊ နီရဲ၊ ညိုမည်းစေခဲ့ပြီးနောက်မှာတော့ ကျုပ်ခန္ဓာကိုယ်ထဲက သွေးတွေ ပွက်ပွက်ဆူလာခဲ့တာပါပဲ။ ကျုပ်တို့သားအမိကို ရှာဖွေကျွေးမွေးခဲ့တယ်ဆိုတဲ့လူတစ်ယောက်ဟာ ကျွန်သပေါက်သာသာ ဆက်ဆံမှုမျိုးနဲ့ သူ့ဘက်သူကြည့်ပြီး ကိုယ်ထိလက်ရောက် စော်ကားမှုတွေများလာတဲ့အတွက် ကျုပ်အဖေ မဟုတ်ဘူးဆိုတဲ့ အသိနဲ့အတူ သတ္တိတွေ ဘယ်က ပေါ်လာသလဲ မပြောတတ်ပါဘူး။ ကျစ်ကျစ်ပါအောင်ဆုပ်ထားတဲ့ ကျုပ်လက်သီးတွေကို ခပ်မြန်မြန်ဖြေချပြီး တွေ့ကရာ တုတ်ပိုင်းနဲ့ ပထွေးခေါင်းကို ရိုက်ခွဲမိခဲ့တာပါပဲ။ နဖူးပြင်တင်မက မျက်နှာပေါ်အထိ စီးကျလာတဲ့ သွေးတွေနဲ့အတူ ခွေခေါက်လဲကျသွားတဲ့ ပထွေးနဲ့ အထိတ်တလန့် အော်ဟစ်လိုက်တဲ့ အမေ့ရဲ့အသံတွေကြောင့် ကြောက်စိတ်ပြန်ဝင်လာခဲ့ပြီးနောက်မှာတော့ ကျုပ် အိမ်ပေါ်က ပြေးဆင်းလာခဲ့မိတယ်။ ပထွေးသေသွားရင် ကျုပ်အဖမ်းခံရမလား၊ ထောင်ထဲများရောက်မလား။ မသေခဲ့ရင်လည်း ပထွေးက ကျုပ်ကိုပြန်သတ်မှာ စိုးရိမ်စိတ်နဲ့ ဟိုနား၊ ဒီနား၊ ပုန်းအိပ်ရင်း တစ်ရက် ပြည့်သွားပြီးနောက်မှာတော့ ပထွေး မသေဘူးဆိုတဲ့ သတင်းကြောင့် ကျုပ်စိတ်သက်သာရာရသွားခဲ့ပါတယ်။ ဒါပေမဲ့ ပထွေးနဲ့ ကျုပ်က ကမ္ဘာ့ရန်တွေဖြစ်သွားခဲ့ပြီလေ။ ပထွေးအရိပ်ကိုခိုပြီး ဝဋ်ဆက်ခံချင်နေတဲ့ တိုင်းရင်းသူ အမေကလည်း အသက်ရှင်စဉ်က လက်ရဲဇက်ရဲရှိခဲ့တဲ့ အဖေ့ရဲ့လုပ်ပေါက်ကြောင့် ကျုပ်ကိုယ်ထဲက သွေးတစ်ဝက် ဖောက်ထုတ်ပစ်ချင်နေသူဆိုတော့ ‘ကျေးဇူးရှင်ကို စော်ကားတဲ့ကောင် အိမ်ပြန်မလာနဲ့တော့’ တဲ့။

ဘာပဲဖြစ်ဖြစ် ‘ကျုပ်အမေကို နာအောင်လုပ်တယ်’ ဆိုတဲ့စိတ်ကြောင့် သူတစ်ပါးကို သွေးထွက်စေခဲ့တဲ့ ကျုပ်လက်ကို မကြာမကြာ ကြည့်ရင်း မျက်ရည်ကျရတာတော့ အမှန်ပါပဲ။ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ နှစ်ရက်တိတိ ထမင်းငတ်ခဲ့ပြီးနောက်မှာတော့ ကယ်တင်ရှင်တစ်ယောက်ကို ကျုပ်တွေ့ခဲ့ရပါတယ်။ ကျုပ်ကိုကယ်တင်ခဲ့သူက ညိုညိုထွားထွားနဲ့ အသက်သုံးဆယ်အရွယ် လူကြီးတစ်ယောက်ပါ။ နေစရာ၊ ဝတ်စရာ၊ စားစရာ ဘာမှမပူနဲ့၊ အကုန်အဆင်ပြေတယ်တဲ့။ တိုင်းပြည်အတွက် မင်းတို့လို လူငယ်လေးတွေ အများကြီး လို



www.burmeseclassic.com

www.burmeseclassic.com

အပ်နေတယ်တဲ့။ ပြည်တွင်းရန်ကော ပြည်ပရန်ပါ ကာကွယ်ရမယ်တဲ့။ သူပြောတာတွေက အများကြီးပါ။ တချို့ဟာ ကျုပ်နားမလည်ခဲ့ဘူး။ ဘာပဲဖြစ်ဖြစ် စားဝတ်နေရေး အကုန်ငြိမ်းပြီး သေနတ်ပါကိုင်ရမယ်ဆိုတော့ ကျုပ်လည်း အဲဒီလူကြီးခေါ်တဲ့နောက်ကို လိုက်သွားခဲ့တာပါပဲ။ ဘဝမီးမငြိမ်းတဲ့ ကျုပ်ငြိမ်းချမ်းမှုဖြစ်တော့မယ်လေ။ အိမ်မရှိ၊ ယာမရှိ၊ စားစရာမရှိ၊ ဝတ်စရာအပိုမရှိတဲ့ တစ်ကောင်ကြွက် ကျုပ် ကိုယ့်ဘဝကိုယ် ပြန်တွေးကြည့်ရတော့မယ်လေ။ ပြီးတော့ ခဲတံ၊ ပေတံ၊ ခဲဖျက်၊ ဖောင်တိန်တွေ ကိုင်ခဲ့ဖူးတဲ့ ကျုပ်လက်က သွေးဆာတတ်သွားခဲ့ပြီဥစ္စာ။

❑

၂။

လက်ညှိုးတစ်ချောင်းကွေးလိုက်တာနဲ့ ဖောက်ခနဲ၊ ဒိုင်းခနဲ အသံတွေ ပေါ်လာတတ်သလို ပုံလဲကျသွားတဲ့ ခန္ဓာကိုယ်တွေ။ ပစ်လဲကျသွားတဲ့ အတ္တဘောတွေ။ မသေမရှင်တွန့်လိမ်၊ အကြောဆွဲ၊ ညည်းညူနေတဲ့ ပုံဟန်၊ အသံတွေ။ နီရဲရဲ၊ ညှီညစ်ညစ်သွေးတွေဟာ ပွက်ပွက်ဆူလာတဲ့စိတ်နဲ့အတူ ကျုပ်ရင်ကို လှုပ်ခနဲ လှုပ်ခနဲဖြစ်စေတာပါပဲ။ ကျေနပ်ခြင်း၊ အားရခြင်း၊ ပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်း၊ ပင်ပန်းစိတ်မောရခြင်းတွေနဲ့ ပြည့်နှက်နေတဲ့ကာလတစ်ခုမှာ နေစရာ၊ ဝတ်စရာနဲ့ ဝမ်းစာအတွက်ကြောင့်သာ ဝါသနာပါသလိုလို ဖြစ်ခဲ့ရပေမဲ့ နောက်တန်းပြန်ရောက်လို့ စိတ်ဖြောင့်တဲ့ညတွေမှာတော့ ကြုံဆုံခဲ့ရသမျှ သွေးအေးအေးနဲ့ ထိုင်စဉ်းစားတိုင်း ပူလောင်စိတ်နဲ့အတူ အိပ်မရညတွေလည်း ရှိခဲ့ပြန်ပါတယ်။ အိပ်ရတဲ့ အိပ်မက်ညတွေမှာတော့ ပြုခဲ့သမျှအရာတွေက ထိတ်လန့်တုန်လှုပ်စရာ ရုပ်ရှင်ဇာတ်ကားတစ်ကားလို မကြာမကြာ ခြောက်လှန့်တတ်တာလည်း အမှန်ပါပဲ။

ရှေ့တန်းရောက်သွားတဲ့အခါတိုင်း အချိန်ပြည့်သွေးဆာနေတဲ့ ဖုတ်ကောင်တစ်ကောင်လို။ အစာအရှင်ရဖို့အတွက် ကောင်းကင်ယံက ထိုးပျံဆင်းလာတဲ့ စွန်ရဲတစ်ကောင်လို အဆင်သင့်ဖြစ်နေတတ်ပြီး သတ်ခဲ့မိသမျှ နောင်တ ,ဆိုတာတွေလည်း စိုးစဉ်းမျှမရှိခဲ့ပါဘူး။ ရဲဘော်မသေ၊ သေသော်ငရဲမလား ဆိုတဲ့စကားတွေအောက်မှာ သွေးမြောက်ခဲ့သူပီပီ၊ အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးဆိုတဲ့ ခံယူချက်နဲ့ 'တရားသောစစ်ပွဲကို ဆင်နွှဲနေသူတစ်ယောက်' လို့ ခံယူထားသူပီပီ၊ အဲဒီ တဒိုင်းဒိုင်း၊ တဖောက်ဖောက် အသံတွေကို နားဝင်ချိုခဲ့ရတာလည်း ဝန်ခံပါတယ်။ အချိန်တန် အိမ်ပြန်ရေးနဲ့ ရှေ့ရေး၊ နောက်ရေးဆိုတာတွေ ဖိစီးလာပြန်တော့ တန်းမြင်မိတာက ခင်ကြီးနဲ့ သားနှစ်ယောက်ရဲ့ မျက်နှာပါ။ အသားမာတက်နေတဲ့ ကျုပ်လက်နှစ်ဖက်က 'လက်နက်သာပြောင်းသွားတယ်။ သွေးဆာနေဆဲ' ဆိုတာ သေချာသလို 'သေရွာကို ကိုယ်တိုင်ရောက်သွားနိုင်တယ်' ဆိုတဲ့အတွေးဝင်လာခဲ့စဉ်မှာတော့ ခင်ကြီးထည့်ပေးလိုက်တဲ့ ၁၀၈ လုံးသောစိပ်ပုတီးက ရေတွက်လို့မပြီးခင်မှာပဲ တဒိုင်းဒိုင်းအသံတွေကြောင့် လုံခြုံရာရောက်သွားခဲ့ရပြန်တာမျိုးပါ။

ဘာကြောင့် ရန်စောင်နေကြရတာလဲ။ ဘယ်လို အကြောင်းတရားတွေကြောင့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ညီအစ်ကိုမောင်နှမတွေ အတ္တခပ်ပြင်းပြင်းနဲ့ စစ်ခင်းနေကြရတာလဲ။ အင်္ဂလိပ်ခေတ်ကတည်းက သွေးခွဲခဲ့လို့ ပြည်နယ်၊ ပြည်မ မညီမျှခဲ့ဘူးလို့ဆိုရင်လည်း လွတ်လပ်ရေးရခဲ့တာတောင် အတော်ကြာပြီဆိုတော့ ဘယ်လိုအတ္တမျိုးတွေကြောင့် တဖောက်ဖောက် အသံတွေ မစဲကြသေးတာလဲ။ စစ်တလင်းမှာ ပစ်ခွင်းပြီး သွေးညှီနံ့တွေ လှိုင်နေသေးတာလဲ။ ပူဆွေးသောက၊ အနာ၊ ဒဏ်ရာဗရပွနဲ့ မျက်ရည်ချောင်းစီးနေရတာလဲ။ အမှောင်ထဲမှာ ဆွေရိပ်မျိုးရိပ် မကင်းသူတွေရှိနိုင်သလို အလင်းထဲမှာလည်း အပြန်အလှန် ရှိနေနိုင်တာကြောင့် အဲဒီလို အတွေးဆန်းဆန်းတွေ ကျုပ်ဦးနှောက်ထဲ ရောက်လာခဲ့ရင်တော့ ကိုယ့်ခန္ဓာကိုယ်မခံ့မင်၊ သတ်သေချင်တဲ့အထိ ဖြစ်ရတာလည်း သေချာပါတယ်။ အမှောင်ထဲက လူတွေအားလုံး အတွေးအမြင်၊ အယူအဆ၊ အသိတရား တကယ်မှောင်မိုက်နေနိုင်ပါ့မလား။ အလင်းထဲက လူတွေအားလုံး အတွေးအမြင်၊ အယူအဆ၊ အသိတရား ဖြူစင်နေမယ်လို့ အာမခံနိုင်ပါ့မလား။ တရားသောစစ်ပွဲဆိုတာတွေကရော တကယ်တရားမျှတမှုရှိပါရဲ့လား။ ငါ့သား၊ ငါ့မယား၊ ငါ့အိုး၊ ငါ့အိမ်၊ ငါ့မြို့၊ ငါ့ရွာ၊ ငါ့လူမျိုး၊ ငါ့ဘာသာ၊ ငါ့ပြည်နယ်၊ ငါ့နိုင်ငံဆိုပြီး ငါတကောကောနေကြတဲ့ အတ္တတွေကြားထဲမှာ အားလုံးအတူတူ နေထိုင်ရှင်သန်၊ လှုပ်ရှားသွားလာရှာဖွေနေကြတာမျိုးပဲ မဟုတ်ဘူးလား။ အားလုံးငြိမ်းချမ်းဖို့အတွက် ငါတကောကောနေတဲ့ အတ္တတွေကို လျှော့ချ၊ ညှိနှိုင်း၊ ချိန်စက်ကြည့်ကြရမှာမျိုး မဟုတ်ဘူးလား။ ဘာပဲဖြစ်ဖြစ် နောက်တန်းပြန်နားစဉ် ခဏတာကာလ ဆရာတော်တစ်ပါး ဟောပြခဲ့တဲ့ တရားနာမိပြီး အတ္တစီးမိုးထားတဲ့ ကျုပ်လက်တွေနဲ့ ကျုပ် ဖိစီးခဲ့ရတာလည်း အမှန်ပါပဲ။

'တပ်ကြပ်ကြီးဆိုတာ အငြိမ်းစားယူတဲ့အခါ ရလာမယ့် ပင်စင်လစာကလေးနဲ့ အိမ်ခြံမြေ ကျန်ဖို့မပြောပါနဲ့ဦး။ အိမ်ခန်းကလေးငှားပြီး မတ်တတ်စာအတွက်တောင် အတော်ရုန်းကန်ရမှာဆိုတော့ ခုကတည်းက ကျွန်မကိုယ်တိုင် အလုပ်မလုပ်ရင် မဖြစ်တော့ဘူး ကိုကျော်။ သားနှစ်ယောက်ကလည်း အချိန်တန် အရွယ်ရောက်လူလားမြောက်လာမှာဆိုတော့ ပံ့ပိုးပေးရမှာတွေ အများကြီးပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်မနည်း၊ ကျွန်မဟန်နဲ့ အပိုဝင်ငွေရှာမှ ဖြစ်တော့


www.burmeseclassic.com

မယ်။ ရှင်သာ ရှေ့တန်းမှာ ကော နောက်တန်းမှာပါ အသောက်အစား၊ လောင်းကစားလျှော့ပါ ကိုကျော်ရယ်'

ခင်ကြီးစကားအတိုင်း ကျုပ်ဘက်က တတ်နိုင်သမျှ ဆင်ခြင်ခဲ့ပေမဲ့ ရဲဆေးတင်တယ်ပဲပြောပြော၊ ကျန်းမာရေးအတွက်ပဲဆိုဆို၊ မိတ်ဖြစ်ဆွေဖြစ်ပဲ သတ်မှတ်သတ်မှတ် အသောက်အစားကလေး ဖက်မိတာတော့ ဝန်ခံပါတယ်။ ဆေးပင်စင်နဲ့ တပ်က ထွက်ပြီး ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာ အိမ်ငှားဘဝနဲ့ အသစ်က ပြန်စ, ကြတဲ့အခါမှာတော့ ကျုပ်သားနှစ်ယောက်စလုံး ဆယ်တန်းအောင်လို့ မလေးရှားရောက်သွားခဲ့ကြပါပြီ။ မပိုင်ဝက်မွေး တက္ကသိုလ်ပညာ တစ်ပိုင်းတစ်စနဲ့ပဲ ပြောပါတော့။ ဒါကလည်း တတ်နိုင်လို့ ပို့ပေးခဲ့တာမျိုးမဟုတ်သလို သူတစ်ပါးနိုင်ငံမှာ ခါးကျိုးအောင်လုပ်မှ သွားလာကြေးက အကြွေးကျေရတဲ့ အဖြစ်မို့ ခင်ကြီး စ,ထားတဲ့ မြန်မာမုန့်မျိုးစုံအသည်ဘဝနဲ့ အနေလှခဲ့ကြတာမျိုးပါ။ ဟလဝါထိုးရပြန်တဲ့လက်၊ မုန့်ကျွဲသည်းမွှေရပြန်တဲ့လက်၊ ထင်းခွဲ၊ ရေခပ်၊ မီးမွှေးရပြန်တဲ့လက်အစုံက သေနတ်ကိုင်တာထက်စာရင် ကျေနပ်စရာပဲလို့ ကျုပ်ခံယူခဲ့ပါတယ်။ ဟိုမရောက်၊ ဒီမရောက် သားနှစ်ယောက်ကတော့ အခြေကျလို့ အိမ်ထောင်သည်ဘဝရောက်တာတောင် အိုးပိုင်အိမ်ပိုင် မထူထောင်နိုင်ခဲ့ကြသလို ကျုပ်နဲ့ ခင်ကြီးကိုလည်း လှည့်မကြည့်နိုင်ကြပါဘူး။

ဒီလိုနဲ့ပဲ ကျုပ်တို့လင်မယား အိမ်ငှားဘဝနဲ့ အသက်ခြောက်ဆယ်ကျော်ရပြန်တော့ လွတ်လပ်ရေးရတာ နှစ် ၇၀ နီးလာခဲ့ပြီဖြစ်သလို 'ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေး' ဆိုပြီး အသံတွေ ပိုဆူလာသလောက် တကယ့်ငြိမ်းချမ်းရေးအစစ်က အိတ်ပေါက်နဲ့ ဖားကောက်နေကြတုန်းပါ။ အေးပေါ့လေ၊ သေရည်ကလေး တမြမြနဲ့ ချိုကြွခဲ့ဖူးတဲ့ ကျုပ်တောင် ပြောင်းမှ မပြောင်းလဲသေးတဲ့ ဥစ္စာ။ တရားပြဆရာတော်တစ်ပါးရဲ့ စကားအရ ခန္ဓာ ဝေဒနာ ဆိုတာ ခန္ဓာမှာသာရှိသလို ဝေဒနာအသိ၊ ခန္ဓာအသိနဲ့ အရှိကို အရှိအတိုင်း တရားရှုမှတ်ကြည့်ပြန်တော့ အတိတ်ဝေဒနာတွေက တရားရဖို့ ဝေလာဝေး။ ကျုပ်ဖော်ခဲ့တဲ့ ဆေးနဲ့ပဲ ကျုပ် အဆိပ်မိနေတာမျိုးပါ။ ဘာပဲဖြစ်ဖြစ် ခြောက်ဆယ်ကျော်တစ်ခုသောကာလမှာ မြေးရနေတဲ့ ကျုပ်တစ်ယောက် သားဓောမှောက်ပြီး 'မသိတတ်လိုက်ကြလေခြင်း' ဆိုတဲ့ ယူကျုံးမရစိတ်နဲ့ သေရည်လစ်မစ်တက်ခဲ့ သမျှ အနာကြီး နာရတာပါပဲ။ သိသလိုလို၊ မသိသလိုလိုနဲ့ ခံယူချက်တွေ ပြင်းထန်ခဲ့ဖူးပါတယ်။ နပ်သလိုလို မနပ်သလိုလိုနဲ့ စိတ်အလိုလည်း လိုက်ခဲ့ဖူးပါတယ်။ တတ်သလိုလို၊ မတတ်သလိုလိုနဲ့ တရားသံဝေဂနဲ့ နောင်တတွေလည်း ရခဲ့ဖူးပါတယ်။

အလောင်းစည်သူမင်းလို 'ငါ မအိုသေး' ဆိုတဲ့ စိတ်တန်ခိုးနဲ့ သွေးတိုး၊ ဆီးချိုဖြစ်တဲ့အထိ သောက်စားခဲ့မိပါတယ်။ အချိန်တန် ပြန်ရခဲ့တာက ကိုယ်တစ်ခြမ်း လှုပ်လို့မရတဲ့ ဘဝပါ။ ဟန်တော့သိပ်မကျလှပါဘူး။

တကယ်တော့ သေချာပြန်စဉ်းစားကြည့်ရင် ဒီအတ္တလက်တစ်စုံကို စိတ်ကုန်နေတာ ကျုပ်ဆန္ဒအမှန်ပဲ မဟုတ်လား။ လူ့လောကထဲမှာ အသက်ရှင်သန်နေသရွေ့ လက်လှုပ်မှ ပါးစပ်လှုပ်ကြရတဲ့ ဘဝတွေမို့ အတ္တပုံပိုးထားတဲ့လက်တစ်စုံဟာ အသက်မကုန်ဖို့အတွက် အထောက်အကူများလား။ ဩော်… ကံတရားက ထားသမျှ ရှင်လျက်နဲ့ တစ်ဝက်သေနေသူ တစ်ယောက်လို ကျန်လက်တစ်ဖက်နဲ့ အသက်ဆက်ရဦးမှာပါလေ။

❑

၃။

ကြွေရည်သုတ်ဇလုံကလေးထဲ တစ်လွှာပြီးတစ်လွှာကျနေတဲ့ ဖြူဖြူဖွေးဖွေး အုန်းသီးဖတ်ရှည်ရှည်ကလေးတွေကို ကြည့်ပြီး ကျုပ်ပျော်နေတာ သေချာပါတယ်။ ခင်ကြီးဝယ်ထားပေးတဲ့ လက်ကိုင်အုန်းခြစ်အသစ်ကလေးက သိပ်ပြီးတော့ အားစိုက်စရာတောင် မလိုပါဘူး။ အုန်းသီးအသားနုတာကြောင့်လည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ။ ကျုပ်ခွန်အားက ဘာရှိမှာမို့လို့တုံး။ ကျုပ်ခြစ်ထားတဲ့ အုန်းသီးဖတ်ကလေးတွေကို ကောက်စားချင်စိတ် ပေါ်လာခဲ့ပေမဲ့ မဖြစ်ဘူးဆိုတဲ့ အသိနဲ့အတူ ခင်ကြီး လှမ်းဆူမှာကိုလည်း ကြောက်ရသေးတယ်။ ခင်ကြီးဘက်က ကျုပ်လုပ်ကိုင်နေသမျှ စိုးရိမ်တကြီး ပုံစံနဲ့ မကြာမကြာ လှည့်ကြည့်နေတယ်ဆိုတာ ကျုပ်သိတာပေါ့။ သေနေတဲ့ ကျုပ်လက်တစ်ဖက် ပြန်ကောင်းလာတာမှ မကြာသေးတာပဲ။

အသက်နှစ်ဆယ့်ငါးနှစ်ကတည်းက အတူပေါင်းသင်းလာခဲ့တဲ့မိန်းမ။ သူတတ်သလောက် မှတ်သလောက် နည်းကလေးတွေနဲ့ ကျုပ်ကို ရှာကျွေးနေဆဲမိန်းမ။ လေတစ်ခြမ်းဖြန်းသွားခဲ့စဉ်က သမ္ဘူလမင်းသမီးလို ဈေးကလူ သေးကလူ ပြုစုယုယခဲ့တဲ့ မိန်းမ။ ဒီမိန်းမရဲ့အထာမှ မသိရင် ခုလောက်ထိလည်း အိမ်ထောင်သက်ရှည်ခဲ့မယ် မထင်ပါဘူးလေ။ ဘာပဲဖြစ်ဖြစ် ခင်ကြီးဘက်က ဘယ်လိုပဲကြည့်ကြည့် ကျုပ် မသိချင်ဟန်ဆောင်နေလိုက်တယ်။ မုန့်ဆိုင်ကလေးမှာ လူကျနေတာဆိုတော့ သူလည်း ကျုပ်ကို အကြာကြီးဂရုစိုက် မနေနိုင်ပါဘူး။ မုန့်ကျွဲသည်း လှီးလိုက်၊ သာဂူပြင်လှီးလိုက်၊ ရွှေချီဟလဝါလှီးလိုက်၊ ထုပ်ပိုးရောင်းချပေးလိုက်နဲ့ အလုပ်ရှုပ်နေတာပါပဲ။ ဒီနေ့ တနင်္ဂနွေနေ့ဆိုတော့ ဈေးထဲမှာ လူစည်ကားတယ်ပဲ ပြောပါတော့။ ခင်ကြီး ကိုယ်တိုင်လုပ်ထားတဲ့ မုန့်တွေကလည်း တော်တော် ရောင်းရပါတယ်။ မနက်ရှစ် နာရီမထိုးသေးဘူး၊ မုန့်ဗန်းတွေက တစ်ဝက်ကျိုးနေပြီ။ ဆီထမင်းအသားနဲ့ ချိုးကိုမှုတအောင် ကြွပ်ကြွပ် အိတ်ထဲထည့်၊ ကျုပ်ခြစ်ထား



www.burmeseclassic.com

www.burmeseclassic.com

တဲ့ အုန်းသီးနုနုကလေးတွေ အုပ်၊ ဆားနှမ်းထောင်းဖြူး၊ ပဲပြုတ်ပါ အဆစ်ထည့်ပေးလိုက်တဲ့ ခင်ကြီးတစ်ယောက် လက်အိတ်ချွတ်ပြီး ပိုက်ဆံပြန်အမ်းဖို့ အလုပ်ရှုပ်သွားတာနဲ့ ကျုပ်လည်း-

'ကဲပါကွာ၊ မုန့်ထည့်၊ မုန့်လှီးတာပဲ မင်းလုပ်စမ်းပါ။ ပိုက်ဆံ ငါအမ်းပေးပါ့မယ်။ ပေး… ပေး'

ခင်ကြီးလက်ထဲက တစ်ထောင်တန်တစ်ရွက်ကို ဆတ်ခနဲယူပြီး ဝိုင်းကူရတာပါပဲ။ ဆီထမင်းတစ်ထုပ် နှစ်ရာ။ ရွှေချီဟာလဝါက တစ်ရာတန်သုံးတုံး။ မုန့်ကျွဲသည်းက နှစ်ရာဖိုးဆိုတော့ သုံးရာ ပြန်အမ်းရမှာပေါ့။

'ဒီမနက် ရှင် ဆေးသောက်ပြီးပြီလား။ မသောက်ရသေးရင် အိမ်ပြန်သောက်လိုက်ဦး။ မုန့်လည်း သိပ်မကျန်တော့ပါဘူး။ နေတောင်မြင့်စ,ပြုလာပြီ။ ရှင်ပြန်နားချင်နားတော့လေ။ အိမ်ရောက်ရင် တောက်တောက်၊ တောက်တောက်နဲ့ ဟိုဟာ ဒီဟာ လျှောက်လုပ်မနေနဲ့ဦး။ မနိုင်မနင်းကိစ္စတွေဆို ဘေးအိမ်က ဖိုးထူးကို ခေါ်ခိုင်း။ ဒါကုန်တာနဲ့ ကျွန်မ ဆိုင်သိမ်းပြီး ပြန်လာခဲ့မယ်။ ရှင် ဘာဟင်းစားချင်သလဲ ပြော'

စိုးရိမ်ပူပန်တဲ့မျက်နှာနဲ့ မှာမဆုံးဖြစ်နေတဲ့ ခင်ကြီးကို ကြည့်ပြီး ကျုပ်လည်း စ,ချင်သလိုလို ဖြစ်သွားခဲ့ပါတယ်။

'ငါးသလောက်ပေါင်းနဲ့ ငါးပိရည်၊ တို့စရာ စုံရင် ရပါပြီ'

'လုပ်ပြီ၊ နည်းနည်းပါးပါး လှုပ်လို့ပြုလို့ရ၊ နာလန်ပြန်ထ,တာနဲ့ မတည့်တာက စ,ပြီ။ ကဲပါ၊ ရှင့်ကိုမေးနေရင်လည်း ရှင်နဲ့ မတည့်တာတွေချည်းပဲ စားချင်နေမှာဆိုတော့ ကျွန်မဟာ ကျွန်မ အဆင်ပြေတာဝယ်ပြီး ပြန်လာခဲ့မယ်။ ဩော်… ကိုကျော်၊ သွေးကျဆေးနဲ့ မက်ဖော်မင်က ဒီနေ့ တစ်ရက်စာပဲရှိတော့တာနော်။ ဈေးထဲကဆေးဆိုင်မှာ တစ်ခါတည်းဝယ်သွားလိုက်။ ကဲရော့ ပိုက်ဆံ။ ဟိုဆိုင် ဒီဆိုင် ဝင်ပြီး မတည့်တာတွေ ဝယ်မလာခဲ့နဲ့ဦး။ ရှင်လည်း စားလို့မဖြစ်၊ ကျွန်မလည်း မကြိုက်နဲ့ အကုန်အလဟဿဖြစ်ကုန်မယ်'

'အေးပါ ခင်ကြီးရာ၊ မင်းမလည်း ငါ့များ ကလေးကျနေတာပဲ၊ မှာလို့ကို မဆုံးတော့ဘူး။ တစ်ခါတလေ ငါ့စိတ်နဲ့ငါ လွှတ်ထားပေးလိုက်ပါတော့လား။ အတော်ပစီပစပ်များတဲ့ မိန်းမ'

ကျုပ်စကားကြောင့် ခင်ကြီးတစ်ယောက် ခပ်ပြုံးပြုံး ဖြစ်သွားခဲ့ပါတယ်။

'ရှင့်စိတ်တိုင်းကျ လွှတ်ထားပေးခဲ့တာ အနှစ်လေးဆယ်ကျော်ခဲ့ပြီလေ။ ရှင့်စိတ်နဲ့ ရှင့်ခန္ဓာကိုယ်တောင် အဆင်ပြေခဲ့လို့လား ကိုကျော်ရဲ့။ ဟင်း ဟင်း ဟင်း'

'အာ… ဒီမိန်းမတော့ ဟား ဟား ဟား'

ခင်ကြီးရော ကျုပ်ပါ အားရပါးရရယ်မောလိုက်ကြပြီးနောက်မှာတော့ ခင်ကြီးပြောခဲ့တဲ့စကားတွေက ကျုပ်နားထဲ ပဲ့တင်ထပ်ပြီး ကျန်ရစ်ခဲ့တာပါပဲ။ 'ရှင့်စိတ်နဲ့ ရှင့်ခန္ဓာကိုယ်တောင် အဆင်ပြေခဲ့လို့လား'တဲ့။ ဟုတ်ပါတယ်လေ။ စိတ်သွားတိုင်း ကိုယ်ပါခဲ့စဉ်မှာတောင် နောင်တတွေနဲ့ မပျော်ရွှင်ခဲ့တာတွေ။ စိတ်သွားတိုင်း ကိုယ်မပါတဲ့ နှစ်ကာလတချို့မှာ အလိုမကျခြင်းတွေနဲ့ အဆင်မပြေခဲ့တာတွေ။ ယုတ်စွအဆုံး စိတ်ရောကိုယ်ပါ အဆုံးသတ်ဘဝတစ်ခန်း ရပ်ခါနီးအချိန်အထိ ခဏခဏ ပြန်ကြည့်မိနေခဲ့တာက ကျုပ်ရဲ့ အတ္တမကင်းတဲ့စိတ် ပံ့ပိုးထားတဲ့ လက်တစ်စုံကိုပါ။ ပထွေးကို သွေးစွန်းအောင် လုပ်ခဲ့ဖူးတဲ့လက်။ တရား၏၊ မတရား၏သေချာမစဉ်းစားဘဲ အထက်ကပေးတဲ့ တာဝန်အရ အသက်ပေါင်းများစွာကို ဓိဝိန်ခြွေခဲ့တဲ့လက်။ သားသမီးအကျိုး မခံစားရတဲ့အတွက် ခုလက်ရှိအုန်းသီးခြစ်ပြီး အသက်ဆက်နေရတဲ့ လက်အထိ ပကတိအရှိတရားနဲ့ ပြန်တွေးကြည့်မယ်ဆိုရင် သံသရာမှာ ကျင်လည်နေသရွေ့ အတ္တမကင်းတဲ့ လက်တစ်စုံဖြစ်နေဦးမှာ မလွဲပါဘူး။ ဒါပေမဲ့ မလွဲတရားကို နည်းပါးအောင်လုပ်ရမှာလည်း အသေအချာပါပဲ။ အတ္တနည်းမှ ငြိမ်းချမ်းကြမယ်။ ငြိမ်းချမ်းမှ စိမ်းလန်းတဲ့ တောအုပ်ကြီးထဲကို ချိုးဖြူငှက်တွေ လွှတ်နိုင်မယ်။ ပဝါဖြူဖြူတွေကိုယ်စီ ကိုယ်စီ ဝှေ့ယမ်းနိုင်မယ်။ အဖြူရောင် မိုးပျံပူဖောင်းတွေ ကောင်းကင်ယံမှာ လွင့်ပျံနေမယ်လေ။

ဘာပဲပြောပြော ဆောင်းမပီ၊ နွေမပီတဲ့ ရာသီဥတုမို့ ချွေးစို့နေတဲ့ ခင်ကြီးရဲ့မျက်နှာကို ကျုပ် ပခုံးပေါ်တင်ထားတဲ့ ပဝါနဲ့ သုတ်ပေးချင်စိတ်ပေါ်လာခဲ့ပေမဲ့ 'ဒီအဘိုးကြီး ဒီအသက်အရွယ်ရောက်မှ ကလေးကလားတွေ'ဆိုတဲ့ စကားနဲ့ ခင်ကြီး ဟားမှာစိုးတာနဲ့ပဲ မလုပ်ပေးဖြစ်ပါဘူး။ ခင်ကြီးနဲ့ ပတ်သက်ပြီး ဒါမျိုး အနုအရွ၊ အယုအယတွေ ကျုပ် ဘယ်တုန်းကမှ မလုပ်ပေးခဲ့ဖူးပါဘူး။ ကျုပ်က စစ်သားလေ။ ပြတ်သားတာကို ကြိုက်တဲ့ မိုက်ကန်းကန်းလူတစ်ယောက်ဖြစ်ခဲ့တာပဲဥစ္စာ။ ခင်ကြီးဘက်ကလည်း အဲဒီလို လုပ်ပေးဖို့ တစ်ခါမှ မတောင်းဆိုခဲ့ဖူးပါဘူး။ လေဖြတ်ပြီးမှ နည်းနည်းပါးပါး သန်စွမ်းသက်သာလာတဲ့ ကျုပ်လက်ကလေးတွေကို အသုံးချကြည့်ချင်ရုံသက်သက်ပါ။ ငါ့မယားဆိုတဲ့ အသိနဲ့ ယုယချင်တဲ့လက်တစ်စုံက အတ္တပါကောင်းပါနိုင်ပေမဲ့ မများလောက်ဘူးလို့ ထင်တာပါပဲ။ သူတစ်ပါး အကျိုးစီးပွားလည်း ထိခိုက်နိုင်မယ်မထင်ပါဘူးဗျာ။ ကျုပ်တို့က ငယ်လင်ငယ်မယားပဲ ဥစ္စာ။

ဘာပဲဖြစ်ဖြစ် ကျုပ်ဖြစ်ချင်တဲ့ အတွင်းစိတ်ကို ရိပ်မိသွားသလား၊ သူ့ဘာသာသူပဲ အလိုလို သိသွားသလား မပြောတတ်ပါဘူး။ ကျုပ်ပခုံးပေါ်က ပဝါကို ဆွဲယူပြီး ချွေးသုတ်မလို့ ဟန်ပြင်လာတဲ့ ခင်ကြီးကို ကျုပ်… ကျုပ်လေ။ ■

**ထွန်းတောက်ထွဋ်(သချာ)**



www.burmeseclassic.com

www.burmeseclassic.com

# ကိုဖြိုး (မွန်ရွေး)

# ဖြေးဝါကြော့

အခုကျတော့လည်း လူသားအားလုံးဟာ ဘာကြောင့်မှ မွေးဖွား လာကြတာမဟုတ်ဘဲ၊ မထင်မှတ်ဘဲ အားလုံး နိဂုံးချုပ်ကုန်ကြတယ်။ ဈူကလီးယား စစ်ပွဲကြီး ပြီးဆုံးစ လူ့ကမ္ဘာဆိုတာ လုံးဝလုံးဝ တစပြင်။ သစ်ပင်မရှိ၊ မြစ်မရှိ၊ ချောင်းမရှိ။ ရှိတာက ပြိုပျက်တဲ့ တောင်ကုန်းတွေ၊ တောင် တန်းတွေ၊ အဆောက်အဦ ပျက်နဲ့ အုတ်ပုံကြီးတွေ။ စစ်ပညာရှင်တွေရဲ့ အဆိုအမိန့်တွေက အလွန်မှန်ကန်ခဲ့ပြီလို့ ဆိုရမယ်။ ပထမ ကမ္ဘာစစ်အပြီး ကျန်ရစ်ခဲ့တဲ့ ကမ္ဘာနဲ့၊ ဒုတိယကမ္ဘာ စစ်ကြီးအပြီး ကျန်ရစ်ခဲ့တဲ့ ကမ္ဘာဟာ မတူဘူး။ ဒုတိယ ကမ္ဘာစစ်က ကမ္ဘာကြီးကို ပိုပြီး အသိနာစေခဲ့တယ်။ ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့ကြတဲ့ လက်နက် အဖျက်စွမ်းအားက ဖျက်အားပိုကြီးမား

ပြင်းထန်လို့ပါပဲ။ ဒီပညာရှင်တွေကပဲ ဆက်ပြီး တကယ်လို့ တတိယကမ္ဘာစစ် ဖြစ်ခဲ့ရင်တော့ ဖျက်အားပြင်း ဈူကလီးယားလက်နက်တွေ အသုံးပြုကြတော့မှာမို့ ဈူကလီးယားစစ် ပွဲကြီးပြီးတဲ့အခါ အပျက်အစီး အလွန်များပြီး အရာရာ ဆိတ်သုဉ်းကုန်မှာ ဖြစ်တယ်လို့ ဆိုကြတယ်။ ဒီအထဲကနေ စစ်ပွဲကိုကြိုက်ပြီး တော့ထွာကမ္ဘာစစ်ပါ





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဆင်နွှဲကြဦးမယ် ဆိုရင်တော့ ကျောက်ခေတ်တိုက်ပွဲမျိုးနဲ့သာ တိုက်ခိုက်ကြရမှာဖြစ်ကြောင်း ပညာရှင်များ ခန့်မှန်းပြောဆိုကြပါတယ်။

အခုတော့ တတိယကမ္ဘာစစ်လို့ခေါ်ရမယ့် နျူကလီးယားစစ်ပွဲကြီး ပြီးဆုံးသွားပြီဖြစ်ပါတယ်။

မြင်ကွင်းတစ်ဆုံး အုတ်ပုံကမ္ဘာပေါ့။ သက်ရှိဆိုလို့ ဘာသတ္တဝါမှမရှိတော့။ အုတ်ပုံအုတ်ပျက်တွေကြားမှာ မီးတောင်ဟောင်းတွေနဲ့ ချော်ရည်ပူတွေ အရောင်တဖျပ်ဖျပ် လူးဆဲလွန့်ဆဲ။ အချို့ခြောက်သွေ့စပြုဆဲ။ ပြီးတော့ ရွှံ့ညွန်သဖွယ် မြေစေးအိုင်များ။ မြေစေးအိုင်အချို့က နဂါးပွက်အိုင်မှ စေးပျစ်ပျစ်အရည်တွေ တဗွက်ဗွက်မြည်ကာ ထိုးအန်တော့မည့်အတိုင်း ပျို့,ပျို့တက်နေ။ ဒါ့အပြင် သက်ငြိမ်ရွှံ့ညွန်အိုင်တွေကလည်း ဟိုနေရာမှာရှိ၊ ဒီနေရာမှာရှိနဲ့ ရှိနေကြတယ်။

အချို့ ရှေးဟောင်းအယူအဆတွေမှာ ကမ္ဘာကြီးကို မြေကြီးကစ,တယ်လို့ ခန့်မှန်းပြောဆိုမှုတွေ ရှိခဲ့ကြတယ် မဟုတ်လား။ အခုပဲ သက်ငြိမ်ရွှံ့ညွန်အချို့ မြေကြီးဖြစ်မယ့်လက္ခဏာ ပြနေပြီမဟုတ်လော။ မြေကြီးဟာ ဂေဟစနစ်ရဲ့ ဗဟိုချက်ပဲမဟုတ်လား။ ထင်တဲ့အတိုင်းပါပဲ။ မြေကြီးက ဂေဟစနစ်ကို ပြန်လည်ထူထောင်ဖို့ ကြိုးစားတော့တာပဲ။

သက်ငြိမ်ရွှံ့ညွန်သွင်ပြင်တစ်နေရာမှာ အပေါ်ရည်တင်းနေရာက တဖြည်းဖြည်းချင်း ကွဲအက်လာနေတဲ့ မြင်

'Dpdöu kd
umawmh
rdJacifu
rcEkdawmbJ
a&Tif&Gwem
vkd&Saewmvm;
&wemoku f
awGvkawmh
'Drnyufay:rS
bmrm;
tokurSrSwJ
rdJt xifawmh
zjzLu
'Dmr[kvfwd
wpfck
&Sazkt ay:
0ómr[
pkdufvGfw,fay;h

ကွင်းတစ်ခု ရှိနေတယ်။ သေနေတဲ့ ကမ္ဘာမြေကြီးတစ်နေရာမှာ အသက်ဓာတ်တစ်ခု ရှိကျန်နေသလား။ တစ်ခုခု။ အဲဒီနေရာလေးဟာ ငြိမ်သက်ရွှံ့ညွန်အတွင်းမှာ တလှုပ်လှုပ်လှုပ် လှုပ်ခတ်နေတာ တွေ့ရတယ်။ ပထမတော့ ဖြည်းဖြည်းသာ လှုပ်ပြီး နောက်တစ်စတစ်စ လှုပ်တာ မြန်လာတယ်။ ပိုမြန်လာတယ်။

နောက်ဆုံး ဒီရွှံ့ညွန်ထဲကနေ ခပ်မည်းမည်းသတ္တဝါတစ်ကောင် ကုန်းထ,ဖို့ ကြိုးစားနေတာကို တွေ့လိုက်ရတော့တာပါပဲ။ ဒီခပ်မည်းမည်းသတ္တဝါဟာ ပထမတော့ တွားသွားတစ်ကောင်လို့ ထင်ရတယ်။ ဘယ်လိုသတ္တဝါဆိုတာတော့ ပြောဖို့ မလွယ်သောက်ဘူး ဖြစ်နေတယ်။ ဒါပေမဲ့ ဒီသတ္တဝါ ငြိမ်ငြိမ်သက်သက် မရှိလှဘူး။ ကြိုးစားပြီး လှုပ်ရှားနေတဲ့ သဘောမျိုးလည်း တွေ့နေရတယ်။ နောက်ဆုံးတော့ သူ့ကိုယ်ပေါ်က ရွှံ့ညွန်တွေ ခြောက်သွေ့ ကွာကျကုန်တော့မှ ဒီသတ္တဝါဟာ လမ်းလျှောက်သတ္တဝါအဖြစ် စတင်ပုံပေါ်လာတော့တယ်။

ဒီလမ်းလျှောက်သတ္တဝါဟာ ဒီကမ္ဘာပျက်ကြီးရဲ့ ပထမဆုံး သက်ရှိလူသားဖြစ်လာမယ့် သတ္တဝါပေလား။ ဒါဆို သူဟာ ကမ္ဘာဦးလူသား။ ပြီးတော့ သူဟာ နျူကလီးယားစစ်လက်ကျန် ကမ္ဘာဟောင်းက လူတစ်ဦးလည်း ဖြစ်ချင်ဖြစ်မည်။ ကမ္ဘာဟောင်းတုန်းက သည်လူဟာ သတ္တုတွင်းလိုနေရာမျိုးမှာ ရောက်နေခဲ့လို့၊ ရှိနေခဲ့လို့ ကျန်ရစ်ခဲ့တာလည်း ဖြစ်ကောင်းဖြစ်မည်။ သေချာစွာတော့မသိ။

ရက်အနည်းငယ်ကြာသောအခါ ထိုသတ္တဝါဟာ လူးမည်းအမျိုးသမီးတစ်ဦးအဖြစ် ပေါ်လွင်လာခဲ့ပါတော့တယ်။

သူမမှာ ဒဏ်ရာအနာတရ အထူးမရှိပေတဲ့ ဆာလောင်ခြင်းဒဏ်ကိုတော့ အပြင်းအထန် ခံစားနေတယ်။ သည်တော့ အစာရဖို့ သူမ လှုပ်ရှားရတော့တာပေါ့။ ချောင်းကောမြစ်ကောတွေဆီသွား အစာရှာတဲ့အခါရှာ၊ တိုက်တာအပျက်အစီးတွေကြား မွှေနှောက်အစာရှာတဲ့အခါရှာ။ ဆီသွတ်ဘူးအပိန်တွေ ခက်ခက်ခဲခဲဖောက်၊ ဖောက်လို့ရပေမဲ့ အထဲအစာက မီးသွေးခဲတွေ ဖြစ်နေတာမျိုး။ ဒီလိုရှာရင်း နည်းနည်းပါးပါး စားလို့ဖြစ်တဲ့အစာတွေ့တဲ့အခါ စားပေါ့။ အဖြစ်က လူဖြစ်ပြီး ပိုင်ရှင်မဲ့ ခွေးလေခွေးလွင့်နဲ့ တူလှတယ်။ ဘဝများ…။

သူမဟာ အဲသလိုတွေ ခက်ခက်ခဲခဲ ရှာဖွေစားသောက်နေရင်း တစ်ရက်မှာ ပေါင်မုန့်ဖို အပျက်ကြီးတစ်ခုကို အဝေးက လှမ်းမြင်လိုက်ရတယ်။ ဒီမှာတင် သူမ ပေါင်မုန့်ဖိုဆီ သုတ်ခြေတင်တော့တာပေါ့။ ပေါင်မုန့်တူးနံ့သင်းသင်းကလည်း သူမကို ပိုပြီး ခြေလှမ်းသွက်စေပြီလေ။ နျူကလီးယားစစ်ပွဲကြီး ပြီးတဲ့နောက် ဒီလောက် သင်းမြပြီး မွှေးရနံ့ကြွယ်လှတဲ့ အနံ့မျိုး ရှူရှိုက်ခွင့်ရတာ ဒါ ပထမဆုံးလေ။ သူမ အပြေးတစ်ပိုင်း ခြေလှမ်းတွေနဲ့။ ဒါပေတဲ့ မုန့်ဖိုနဲ့ မလှမ်းမကမ်းအရောက်မှာ သူမ ခြေထောက်တွေ တုံ့ခနဲရပ်သွားတယ်။ အံ့သြလွန်းမကလည်း သူမ အံ့သြသွားတယ်။ သူမရင်ဘတ်တွေ တဒိန်းဒိန်းမြည်ကုန်တယ်။

မုန့်ဖိုပျက်မှာ ပေါင်မုန့်အတူးတွေ ခွာစားနေတဲ့ လူဖြူယောကျ်ားတစ်ယောက်။ လူဖြူယောကျ်ားဟာ ဘာမှသတိထားမိပုံမရ။ ပေါင်မုန့်အတူးတွေကိုသာ မဲပြီး ခွာနေတော့တယ်။ သူမလည်း စားချင်စိတ်ထိန်းမရ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

မလှုပ်ရဲ။ ဒီလူဖြူရဲ့ လှုပုံ ကြည့်ရတာကလည်း ကြမ်းကြမ်းတမ်းတမ်းဆက်ဆံမယ့်ပုံမျိုး ပေါ်နေတယ်လို့ သူမ ထင်တယ်။ အရပ်က ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးက တုတ်၊ ပခုံးက ကျယ်၊ ဦးခေါင်းက လေးထောင့်ကျကျ၊ နဖူးက မောက်၊ မျက်လုံးက စူးရှတောက်ပြောင်မယ့်ပုံရှိပြီး ကြီးမားတဲ့လက်ချောင်းတွေက မီးခြစ်ဘူးလို လေးထောင့်ကျကျ တိုတုတ်လို့။ တကယ်လို့များ သူမကို ရုတ်တရက် တွေ့သွားရင် သူက အစာလုဘက်အဖြစ် မြင်က သူမကို ချေမှုန်းပစ်လိုက်မှာလား။ သူမ ထိတ်လန့်နေတယ်။ ရှေ့မတိုးရဲသေးဘူး။

တကယ်တော့ လူသားတစ်ဦးတည်းရှိတဲ့ ကမ္ဘာကြီးမှာ နောက်ထပ်လူသားတစ်ဦး ထပ်တွေ့လိုက်တယ်ဆိုတာ ဧရာမမျှော်လင့်ချက်ကြီးတစ်ခု မဟုတ်လား။ ဒါပေမဲ့ ဒီလူဖြူမှာ ဒီလိုအတွေးမျိုးရှိရဲ့လား။ သူမ ပူပန်တယ်။ ဒါပေမဲ့ ကမ္ဘာဟောင်းက အဖြစ်အပျက်တွေ၊ ပြီးတော့ အသားအရောင်ခွဲခြားတာတွေဆိုရင် သူတို့လူဖြူတွေက စတင်ခဲ့တာချည်းပဲ မဟုတ်လား။ တကယ်လို့ ဒီလူဖြူဟာ ကမ္ဘာဟောင်းရဲ အတွေးအခေါ်ဟောင်းတွေနဲ့ ဂျိုး(ချိုး) တက်နေတဲ့သူဖြစ်ရင် သူမ သေဖို့ရှိတော့တယ်လို့ သူမ တွေးပါတယ်။

သာမန်အခြေအနေမျိုးဆိုရင် ဒီလူကြည့်ပြီး ဟိုသီချင်းတစ်ပုဒ်ထဲကလို "ကြွက်သားအဖုဖု··· ထုထုပြီး ခရောချင်စရာ···" လို့ ချဲ့ရမယ့် ခန္ဓာကိုယ်ပိုင်ရှင်ပေါ့။ ဒီအချိန်ကလေးမှာ ဒါမျိုးကိုလည်း သူမ တွေးမိလိုက်တာပဲ။ ဒါပေမဲ့ ဒီအတွေးကို သူမ ချက်ချင်းပဲ ထုတ်ပစ်လိုက်တယ်။ လူဖြူတွေရဲ့ ကြင်နာမှုဆိုတာက ဘာလဲ။ ဗိုက်ကြီးနေတဲ့ နီဂရိုးမကို ဗိုက်အောက်တွင်းတူး မှောက်ခိုင်းပြီး အပေါ်က ကျာပွတ်နဲ့ ရိုက်တဲ့ ကြင်နာမှုမျိုးလား။ သူတို့ဆီက ဒီလိုကြင်နာမှုမျိုးပဲ ရနိုင်မယ်။

ဒါတွေက လူဖြူ ယောကျ်ား မသိအောင် သူမ တစ်ယောက်တည်း တစ်ဖက်သတ်တွေးနေတဲ့ အတွေးတွေပါ။ ဟို လူဖြူကတော့ သူမ ရောက်နေတာလည်း မသိ၊ သူ့အစာ သူမဲစားရင်း ကမ္ဘာကြီးပျက်ခဲ့တာတောင် မေ့လျော့နေပုံပါ။ ဒါနဲ့ ကြာတော့ သူမအနေနဲ့ ဒီလိုဆက်နေလို့ မဖြစ်မှန်း သူမ သိလာတယ်။ သူမ ဒီလို ရန်လိုနေရဲ၊ သွားရည်ယိုနေရုံနဲ့ ဘာမှဖြစ်မလာနိုင်မှန်း သူမ သဘောပေါက်စပြုလာတယ်။ ဒါဆို ဘယ့်နှယ်လုပ်ရမလဲ။ သူမ စဉ်းစားတယ်။ ခုန်အုပ်လိုက်ရရင် အခြေအနေကောင်းပါ့မလား။ သူမ စဉ်းစားတယ်။ ယောကျ်ားအားနဲ့ မိန်းမအား။ နောက်ဆုံးတော့ သူမဟာ အဲသလို မစွန့်စားဘဲ အဝေးက အသံပြုရုံသာပြုဖို့ သူမ ဆုံးဖြတ်လိုက်တယ်။ အင်း··· အဝေးက အသံပြုတာပဲ အန္တရာယ်ကင်းတယ်ပေါ့။ ဆုံးဖြတ်ချက်အတိုင်းပဲ-

'အဟမ်း··· အဟမ်း'

ဟို လူဖြူ မိုးကြိုးပစ်ခံရသလောက် လန့်ပြီး ထ,ခုန်လိုက်တော့တာပဲ။ ပြီးတော့ လူဖြူက အင်မတန်အံ့သြတဲ့ အကြည့်နဲ့ သူမကို စိုက်ကြည့်နေပါတယ်။ သူမကလည်း မတုန်မလှုပ်။ သူမရဲ့ မျက်လုံးထဲမှာ လူဖြူရဲ့ အကြည့်က အတော်ကို ဝေခွဲရခက်နေတယ်။ အကြည့်တစ်ခုတည်းမှာကို မျက်လုံးအမျိုးမျိုး ပြောင်းကြည့်နေသလား ထင်နေမိတယ်။ သူ့မျက်လုံးအကြည့်တွေက ပန်းချီသဘောဆိုရင် အရောင်စုံတယ်လို့ ပြောရမှာ။ ဒါပေမဲ့ ကြည့်ရင်းကြည့်ရင်း အရောင်မျိုးစုံကနေ အပြာရောင်ဘက် ရွေ့လာနေတာကို သူမ မြင်လိုက်ရတယ်။ လူဖြူဟာ ထိုင်ရာကနေ တဖြည်းဖြည်း မတ်တတ်ရပ်လိုက်တယ်။ သူမမျက်လုံးထဲမှာတော့ ဒီလူဖြူ သူ့ခန္ဓာကိုယ်ကြီး ထိုင်ရာက ထ,လာပုံက ဖုထစ်ရွတ်တွနေတဲ့ သစ်ပင်တစ်ပင် တဖြည်းဖြည်း ထ,ပေါက်လာပုံနဲ့ တူသလိုလို။ ရင်ဖိုဘိ။

ဒီအချိန်မှာ လူဖြူက ဘာလုပ်လိုက်သလဲဆိုတော့ သူ့လက်ထဲက ပေါင်မုန့်ခြောက်အတုံးကို လှမည်းအမျိုးသမီးဆီ ပစ်ပေးလိုက်တာပါပဲ။ သူမကလည်း ပေါင်မုန့်ခြောက်ကို ဖတ်ခနဲဖမ်းယူလိုက်တယ်။ နောက် သူမဟာ ပေါင်မုန့်ခြောက်ကို တစ်ကိုက်ဝါးပြီး-

'ကျေးဇူးပဲ ကိုဖိုးဖြူ'

ဩော်··· မိန်းမများ ကျဉ်းထဲကျပ်ထဲမှာတောင် နာမည်က ပေးဖြစ်အောင်ပေးလိုက်သေးတယ်။ ဟို လူဖြူကလည်း သူ့နာမည်သူ အခုမှ သိလိုက်ရလို့ ကျေနပ်သွားတဲ့ပုံ။ ပြီးတော့ သူကလည်း နာမည်နဲ့ တုံ့ပြန်တယ်။

'လူသားအချင်းချင်းပဲ ကျေးဇူးတင်စရာ မလိုပါဘူး မိမဲ(မည်း)ရာ'

အခုတော့ သူတို့ဟာ ကမ္ဘာ့အသစ်မှာ နာမည်အသစ်ကိုယ်စီနဲ့ပေါ့။

ပြီးတော့ သူတို့နှစ်ဦးဟာ ပေါင်မုန့်ဖိုက ပေါင်မုန့်အတုံးတွေကို အတူတူခွာစားကြတယ်။ ပျော်စရာကြီး။ ဒီလိုနဲ့ ကမ္ဘာ့ပျက်ကြီးဟာ ဖိုးဖြူ မိမဲတို့နဲ့ပဲ စတင်လည်ပတ်ပါတော့တယ်။

ဒါနဲ့ သူတို့နှစ်ယောက်ဟာ ဒီကမ္ဘာ့ပျက်ကြီးပေါ်မှာ အစားအစာကို အတူတူရှာဖွေစားသောက်ကြဖို့ သဘောတူလိုက်ကြပါတယ်။ ပြီးတော့ မိမဲရဲ့ တောင်းဆိုမှုကြောင့် လိင်ကိစ္စကိုတော့ သူတို့နှစ်ဦး ကင်းကင်းရှင်းရှင်း၊ သန့်သန့်ရှင်းရှင်းနေကြဖို့ သဘောတူလိုက်ကြတယ်။ ကတိတွေထားကြတယ်။

'ကတိနော် ဖိုးဖြူ'

'ကတိပါ မိမဲ'

ဒီမှာ သူတို့ သူငယ်ချင်းဖြစ်သွားကြတယ်။ သူတို့နှစ်ဦးလည်း ပိုပြီးရင်းနှီးလာကြတယ်။ ဒီပုံစံနဲ့ အနေကြာလာတဲ့အခါ သူငယ်ချင်းမက ရည်းစားမကျပုံစံလေးကို သာသာလေးကူးလာကြတယ်။ အကြင်လင်မယားအဆင့်ကတော့ သူတို့အဖို့ အဝေးကြီး


www.burmeseclassic.com

www.burmeseclassic.com

မှာပဲရှိသေးတယ်။ နှစ်ယောက်လုံးက ကိုယ်ကျင့်သိက္ခာကို အလေးထားကြတယ်။ ဒီလိုအနေအထားမျိုးနေရတာ ဖိုးဖြူရော၊ မိမဲရော ကျေနပ်ကြတယ်။ နှစ်ဦးလုံးကလည်း ဘာပိုင်ဆိုင်မှုမှ မရှိကြတော့ ဆုံးရှုံးမှုဆိုတာလည်း မရှိကြတော့။ 'မပိုင်ဆိုင်မှုတန်းတူဘဝ'ဟာ အင်မတန်လှပတဲ့ ဘဝတစ်ခု မဟုတ်လား။

ပြောသာပြောရတာ သူတို့နှစ်ဦးရဲ့ 'မပိုင်ဆိုင်မှုတန်းတူဘဝအပျော်'ဟာ ပိုင်ဆိုင်မှုဝင်လာတာနဲ့ စိတ်ဝမ်းကွဲပြားမှု စတင်တော့တာပဲ။

တစ်ရက်သားမှာတော့ ဖိုးဖြူက 'ကြေးဝါသော့တံ'လေးတစ်ချောင်း ကောက်ရတယ်။ အဲဒီကြေးဝါသော့တံလေးကပဲ သူတို့ဆီက အပျော်ကို ဖယ်လိုက်တယ်။ ကြေးဝါသော့တံလေး ကောက်ရတာနဲ့ပဲ ဖိုးဖြူ မျက်နှာ အဆမတန်ဝင်းထိန်သွားတယ်။ ထူးဆန်းတာက ကြေးဝါသော့တံကောက်ရတာကို ဖိုးဖြူက မိမဲ သိအောင် မပြောတဲ့အပြင် သော့တံကို မိမဲ မမြင်အောင် ဝှက်ထားလိုက်သေးတယ်။ ဒါကို မိမဲ သိတယ်။ သော့တံ ကောက်ရတာလည်း မိမဲ သိတယ်။ သော့တံကိစ္စ လျှို့ဝှက်ထားတာလည်း မိမဲ သိတယ်။ ဒီကိစ္စ ဖိုးဖြူအပေါ် မိမဲ လုံးဝမကျေနပ်ဘူး။ မိမဲ စဉ်းစားတာကတော့ သော့တံဆိုတာ သူ့ချည်းပဲဆိုရင် ဘာမှ အဖိုးတန်တာ မဟုတ်၊ သော့တံဆိုတာ သော့အိမ်ရှိမှ အသုံးဝင်တဲ့ပစ္စည်း။ နှစ်ခုပေါင်းဆက်မိမှ တန်ဖိုးတစ်ခု

vlrnft rdbrD
wpfDt aeeY
urqa [mifu
&&Stwd
emu nfrawGHkd
'Duf
urqopfqD
rdJ
,lrvmc:ifbJ
urqa [mifu
rdwWkd
vbm;awGf wGHf
pkvfywfb wfaewbd
urqyJ
zEdSci;
q ufqebwd
urqyJ

ဖြစ်မှာ။ ဒါကိုပဲ ဖိုးဖြူက သူပိုင်ပစ္စည်းလုပ်ပြီး မရိုးမသားလုပ်တာကို မိမဲ လုံးဝမကျေနပ်။ ဒီသော့တံကိစ္စနဲ့ ပတ်သက်ပြီး မိမဲအဖို့ ဖိုးဖြူနဲ့ ရာသက်ပန်ပေါင်းဖို့ဆိုတာ အတော်စဉ်းစားရမယ့်အခြေအနေ ဖြစ်သွားပြီ။

ဒါပေမဲ့ ဖိုးဖြူကတော့ သော့ဝှက်ထားတဲ့ကိစ္စကလွဲရင် မိမဲအပေါ် အားလုံး ပွင့်လင်းပါတယ်။ သူ ဘာမှလုပ်မထားသလို မိမဲကို ဆက်ဆံမြဲ ဆက်ဆံတယ်။ ဖိုးဖြူဟာ မိမဲကို ပြုံးမြဲ၊ မိမဲကလည်း ဖိုးဖြူကို မပြုံးမြဲ။ ဖိုးဖြူက မျက်နှာချင်းဆိုင်မြဲ၊ မိမဲက မျက်နှာလွှဲမြဲ။ ဖိုးဖြူ ဘယ်လောက်ဂရုစိုက်စိုက် မိမဲကတော့ သွေးအေးမြဲ။ သော့ကိစ္စကို နှစ်ဦးလုံး ပွင့်ပွင့်လင်းလင်း မပြောကြ။

ဒီလိုအခြေအနေမှာ မိမဲ စိတ်ထဲ ဘယ်လိုစိတ်မျိုး ဝင်လာသလဲဆိုတော့-

'ငါ ပစ္စည်းတစ်ခုခု ကောက်ရရင်လည်း အဲဒီပစ္စည်း ငါတစ်ယောက်တည်း ပိုင်တယ်။ ဒီကောင့် မပြဘူး။ မပေးဘူး။ အဲဒါကို မသိအောင် ဝှက်ထားမယ်'

'တစ်ခုမပြည့်တဲ့ ပိုင်ဆိုင်မှုလေး'ကြောင့် လူသားနှစ်ဦး စိတ်ဝမ်းကွဲကြပါပြီ။ ဒီလိုနဲ့ စိတ်ဝမ်းကွဲတဲ့ရက်တွေ ကြာလာပေတဲ့ ဖိုးဖြူကတော့ သူဝှက်ထားတဲ့ သော့တံကိစ္စ တစ်ခွန်းမှ မဟ။ မိမဲကလည်း သောက်ရေးလုပ် မမေး။ ဒါပေမဲ့ မေးထူးခေါ်ပြောအဆင့်။ စကားများ ရန်ဖြစ်ကြတဲ့ အဆင့် လည်း မဟုတ်။ သူမသိ ငါစိတ်ဆိုး အခြေအနေ။ တစ်ရက်တော့ ဖိုးဖြူမပါဘဲ မိမဲတစ်ယောက်တည်း ဟိုနား ဒီနား လမ်းလျှောက်နေတုန်းမှာ သူမ ပစ္စည်းလေးတစ်ခု ကောက်ရလိုက်တယ်။

'အဲတော့... ကြေးဝါသော့အိမ်ကလေး'

ပြဿနာကြီးချင်တော့ အဲဒီက စ,တာပါပဲ။ မိမဲ သူကောက်ရတဲ့ ကြေးဝါသော့အိမ်လေးအတွက် အရမ်းပျော်၊ အရမ်းကျေနပ်သွားတယ်။ ပြီးတော့ ကြေးဝါသော့အိမ်ကလေးကိုလည်း ဖိုးဖြူ မသိအောင် လုံခြုံတဲ့တစ်နေရာမှာ ဝှက်ထားလိုက်တယ်။ ဟိုသေခြင်းဆိုး မသိအောင်...။

'ဒင်း... သော့တံက ငါ့သော့အိမ်နဲ့ ပေါင်းမှ အသုံးကျတဲ့ပစ္စည်းတစ်ခုဖြစ်မှာ။ အဲဒီသော့တံကို ဘယ်တော့မှ အသုံးကျတဲ့ပစ္စည်း မဖြစ်စေရဘူး'

မိမဲ ကျေနပ်တယ်။ ကျေနပ်ဆို သူတို့နှစ်ယောက်က တန်းတူရည်တူ ပစ္စည်းရှင်တွေ ဖြစ်သွားကြပြီလေ။ သူတို့နှစ်ယောက်ကို လင်နဲ့မယား လျှာနဲ့သွားလို့ ပြောရအောင်လည်း ခုထိ သူတို့က လက်မထပ်ကြသေး။ ဒါပေမဲ့ လျှာနဲ့သွားသဘောကတော့ ဖြစ်နေပြီ။ ပြဿနာရှာသူ၊ စ,သူက မိမဲ။ သူတို့နှစ်ယောက် အတူနေတာကြာပြီဖြစ်ပေမဲ့ ဖိုးဖြူက သူကောက်ရတဲ့ ကြေးဝါသော့တံ အခုထိ ဘာတစ်ခွန်းမှ မဟ။ မဟ,ဆိုမေ့တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါပေမဲ့ မိမဲက ဒီလိုတစ်ခါမှ မတွေးဘူး။ ဖိုးဖြူကတော့ မိမဲ ဘာကိုစိတ်ကောက်နေမှန်းလည်း မသိဘူး။ မိမဲ ကြေးဝါသော့အိမ်ကလေး ကောက်ရတာလည်း မသိဘူး။ ဖိုးဖြူက နေ့တိုင်း သူ့အလုပ်ကိုပဲ သူလုပ်နေတာ။

အဲ... ဖိုးဖြူအလုပ်ဆိုတာကလည်း နေ့တိုင်းနေ့တိုင်း တစ်ခုခုကို ရှာနေတဲ့အလုပ်။ မိမဲကတော့ ဖိုးဖြူ ဘာတွေရှာနေမှန်း မသိဘူး။ သော့တံကိစ္စအပြင် တခြားကိစ္စတွေမှာလည်း ဘာမှ ပွင့်ပွင့်လင်းလင်း မရှိတော့။ မိမဲ ဖိုးဖြူကို ပိုစိတ်ကုန်လာ



www.burmeseclassic.com

www.burmeseclassic.com

တယ်။

ဝှက်ထားတာ ကြေးဝါသော့တံ၊ ရှာနေတာ ပစ္စည်းတစ်ခုခု။

ဒီကိစ္စကို ကြာတော့ မိမဲခေါင်းက မခံနိုင်တော့ဘူး။ ရွှေငွေရတနာ လိုက်ရှာနေတာလား။ ရတနာသိုက် တွေ့လို့ကတော့ ဒီကမ္ဘာပျက်ပေါ်မှာ ဘာများအသုံးကျမှာမို့လဲ။ မိမဲအထင်တော့ ဖိုးဖြူက ဒီဘာမဟုတ်တဲ့ တစ်ခုခု ရှာဖွေမှုအပေါ် ဥဿာဟစိုက်လွန်းတယ်ပေါ့။ ကြာတော့ မိမဲ မနေနိုင်တော့ဘူး။

'နေစမ်းပါဦး၊ တော့်ပစ္စည်းက ဘာပစ္စည်းမို့ ဒါလောက် သဲကြီးမဲကြီး လိုက်ရှာနေတာလဲ'

ဖိုးဖြူက ချက်ချင်းမဖြေဘဲ သူ့အလုပ်သူလုပ်ရင်း-

'မိမဲကလည်းကွာ မင်းနောက်တော့ သိမှာပေါ့'

မိမဲ စိတ်တိုသွားတယ်။ သူ့ကို အဖက်လုပ်မပြောချင်တဲ့ ဖိုးဖြူကိုလည်း ဆဲချင်စိတ်ပေါက်သွားတယ်။

'ဒီမယ် ဖိုးဖြူ ဒီကမ္ဘာပေါ်မှာ နင်နဲ့ငါ နှစ်ယောက်တည်းရှိတာ နင်က ဘာတွေရှာနေတာလဲ ပြော'

ဖိုးဖြူခမျာလည်း အလုပ်,လုပ်လို့ ပင်ပန်းတာတစ်မျိုး၊ နားငြီးနေအောင် နားဒုက္ခပေးသူကလည်း တစ်မျိုးဆိုတော့ သည်းမခံနိုင်တော့ဘူး။

'မျိုးစေ့ဟေ့… မျိုးစေ့။ သီးနှံမျိုးစေ့တွေ ရှာနေတာ ရှင်းပြီလား'

ဒီမှာတင် ဖိုးဖြူ့စကားကို မိမဲက အသေအော်,အော်ရယ်တော့တာကိုး။

'အောင်မယ်လေး မျိုးစေ့ လိုက်ရှာနေတာတဲ့တော်။ ဖိုးဖြူ နင်ရူးသွားပြီလားဟဲ့။ ဒီလိုမြေပေါ် မျိုးစေ့လိုက်ရှာနေတယ်။ ဟုတ်လား။ လဲသေလိုက်၊ လဲသေလိုက်'

အပြက်အပြက်နဲ့ ဖိုးဖြူနဲ့ မိမဲတို့ စကားလုံးတိုက်ပွဲက ပွဲကြမ်းဘက်ကို ဦးတည်လာတော့တယ်။

'ငါ လဲမသေဘူး၊ နင်လဲသေလိုက်။ ဒီမြေပေါ် သီးနှံမစိုက်နိုင်ဘူးဆိုရင် နင်ရော၊ ငါရော သေမယ်။ ငါတော့ အသေမခံနိုင်ဘူး၊ ဒီမြေပေါ် သီးနှံစိုက်နိုင်အောင် ကြိုးစားမှာပဲ'

ဒါလောက်ဖွဲကြီးနေမှတော့ မိမဲ လက်လျှော့လိုက်တယ်။ ဖိုးဖြူကိုလည်း သနားသွားတယ်။ ဒါနဲ့ ဖြစ်နိုင်ခြေအကြောင်းတရား ရှိ၊ မရှိ ဖိုးဖြူကို လေသံလျှော့ပြီး မေးတယ်။

'ကိုဖိုးဖြူရယ် ဒီပေါ်မှာ သီးနှံမျိုးစေ့ရှိတယ်ဆိုတာ ရှင့်မှာ ဘာအထောက်အထား ရှိလို့လဲ'

ဖိုးဖြူကလည်း မခံချင်စိတ်နဲ့-

'ရှိတယ်၊ ရှိတယ်။ ရှိတာမှ အထောက်အထား ခိုင်ခိုင်မာမာကိုရှိတယ်'

အထောက်အထားတဲ့။ ပြီးတော့ ခိုင်ခိုင်မာမာကို ရှိတာတဲ့။ မိမဲ အရမ်းစိတ်ဝင်စားသွားတယ်။ မိမဲက ဒါဆို အထောက်အထားပြပါဦးဆိုတော့ ဖိုးဖြူက ပြမယ်, ပြမယ်ပြောပြီး သူ့ကိုယ်ကို နေရာအနှံ့ တစ်ခုခုကို ရှာတော့တာပဲ။ ခဏကြာတော့ ဖိုးဖြူက သူရှာနေတဲ့ အထောက်အထားဆိုတဲ့ပစ္စည်း တွေ့သွားပါတယ်။ ဒီတော့ ဖိုးဖြူဟာ သူ့ပစ္စည်းလေးကို လက်ထဲ မမြင်အောင် ဆုပ်ကိုင်ပြီး မိမဲမျက်နှာရှေ့ရောက်မှ သူ့လက်ဝါးကို ဖြန့်ပြလိုက်တယ်။

'ဟယ်… ကြေးဝါသော့တံလေး'

ဘာပဲဖြစ်ဖြစ် ကြေးဝါသော့တံလေး ပြန်ပေါ်လာတာကို မိမဲ ကျေနပ်သွားတာအမှန်။ သော့တံလေး အရေးပါမယ်လို့တော့ မိမဲ ထင်တယ်။ ဒါပေမဲ့ သီးနှံမျိုးစေ့တွေနဲ့ ဒီသော့တံ ဘယ်လိုပတ်သက်သလဲတော့ တွေးလို့ မရခဲ့။ ဒါနဲ့ တွေးမယ့်အစား မေးကြည့်လိုက်တာ ပိုကောင်းမယ်လို့ ထင်မိတာကြောင့်-

'ကိုင်း… ဒီသော့တံနဲ့ သီးနှံမျိုးစေ့က ဘယ်လိုဖြစ်ရတာတုံး၊ ရှင်းစမ်းပါဦး'

ပူးပေါင်းကူညီမှုရဖို့ အခြေအနေက ရှင်းပြမှဖြစ်တော့မယ်လို့ ဖိုးဖြူ နားလည်တာကြောင့်-

'ဒီသော့တံက မျိုးစေ့သေတ္တာကို ဖွင့်ရမယ့်သော့တံ။ ကမ္ဘာကြီး တုန်ခါပေါက်ကွဲသွားလို့ ဒီသော့တံက အနီးအနား လွင့်စဉ်ခဲ့တာဖြစ်မယ်။ သော့တံ ကောက်ရတုန်းက သော့တံအနားမှာ သီးနှံမျိုးစေ့အချို့ တွေ့ခဲ့ရတယ်။ ဒါကြောင့် ဒီနေရာမှာ မျိုးစေ့သေတ္တာ ရှိကိုရှိရမယ်လို့ ငါပြောနိုင်တာပေါ့'

သူရှင်းပြတာတွေ နားထောင်ရင်း မိမဲက သူဝှက်ထားတဲ့ ကြေးဝါသော့အိမ်လေးကို ဖိုးဖြူ မမြင်အောင် လက်နဲ့စမ်းလိုက်တယ်။ ဖိုးဖြူပြောသလိုဆိုရင် သူ့ရဲ့ ကြေးဝါသော့အိမ်ကလေးဟာလည်း မျိုးစေ့သေတ္တာဆီက ပြုတ်ထွက်လွင့်စဉ်လာတဲ့ သော့အိမ်ကလေး မဖြစ်နိုင်ဘူးလား။ ဖိုးဖြူ ဒီကောင်က အတော်ရယ်ရတယ်။ သော့ခတ်ထားတဲ့ သေတ္တာဖွင့်ဖို့ အသုံးမကျတဲ့ သူ့သော့တံကို အမွှမ်းတင်နေလိုက်တာများ။ မိမဲ နည်းနည်းပြုံးတယ်။

ဒါပေမဲ့ မြှုပ်ထားတဲ့ သီးနှံမျိုးစေ့သေတ္တာဆိုတာ ဘာလဲ။ မိမဲ နားမလည်ဘူး။ သူပြောပုံက နျူကလီးယားစစ်ပွဲကြီး မဖြစ်ခင်တုန်းက လူတချို့ကပဲ ဒီနေရာ လာပြီး မျိုးစေ့သေတ္တာ မြှုပ်နှံခဲ့တာလိုလို ဘာလိုလို။ ဒါက မိမဲ တွေးလို့ရတာ။ တကယ်ဟုတ်,မဟုတ်တော့ ဖိုးဖြူပဲ သိမှာ။ နောက် ဖိုးဖြူ ရှင်းပြတဲ့အခါ မိမဲရဲ့ အတွေး မှန်ကန်တယ်ဆိုတာ မိမဲ သိလိုက်ရတယ်။ ဖိုးဖြူ ရှင်းပြပုံက-

'မိမဲရေ ငါတို့ အခု ရပ်နေတဲ့နေရာက နျူကလီးယားစစ်ပွဲကြီး မဖြစ်ခင်တုန်းကတော့ ဗားလ်ဘတ်ဆိုတဲ့ ကျွန်းကလေးရှိခဲ့တဲ့နေရာပေါ့။ မြောက်ဝင်ရိုးစွန်းနဲ့ ကီလိုမီတာ တစ်ထောင်လောက် ဝေးတဲ့နေရာလေးပေါ့'

ဖိုးဖြူက ဒီလို ကီလိုမီတာအကွာအဝေးတွေ ဘာတွေနဲ့ တိတိကျကျကြီး ပြော



www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့ မိမဲ ယုံဖို့ ခက်သွားတယ်။

'ဟဲ့… ဖိုးဖြူ နင့်ဟာ သေချာလို့လား'

သံသယဝင်သူကို ဖိုးဖြူက ထပ်ရှင်းပြတယ်။

'သေချာလိုက်သမှ သူ့ထက်သေချာရင်တောင် သူ့လောက် သေချာမယ် မထင်ဘူး'

ဖိုးဖြူက သူ့စကားကို ခဏနားပြီးမှ ဒီလိုဆက်ပြီး ရှင်းပြပြန်တယ်။

'နျူကလီးယားစစ်ကြီး မဖြစ်ခင်တုန်းကတော့ ဒီကျွန်းကလေးဟာ နော်ဝေနိုင်ငံ ပိုင်တဲ့ ကျွန်းကလေးပေါ့။ လောင်းယားဗျန်းဆိုတဲ့ မြို့ကလေးနဲ့ နီးတယ်'

ဒါလောက်ကြီး တိကျတော့ မိမဲ ယုံဖို့တောင် ပိုခက်သွားတယ်။ မဖြစ်နိုင်ဘူးပေါ့။ ဒါလောက်အထိတော့ မိမဲ သည်းမခံနိုင်တော့ဘူး။

'ဟဲ့ အရူး… ဒါတွေ ဘယ်သူပြောလဲ၊ ဘယ်ကောင်က ပြောတာလဲ'

ကိုယ့်ဘက်က မှန်ကန်တယ်လို့ ယူဆထားတာကို တစ်ဖက်က လက်မခံတော့ ဖိုးဖြူ စိတ်တိုတိုနဲ့-

'ဒီကောင် ပြောပြတာ။ ဒီကောင်ပြောပြတာ' လို့ ပြောရင်း သူ့ဆီက ပစ္စည်းလေးတစ်ခုကို မိမဲမျက်နှာနား ကပ်ပြီး ပြလိုက်တယ်။

'အဲတော့ ကြေးဝါသော့တံလေး'

မိမဲ စိတ်ထဲမှာတော့ 'အင်း… ဒီကြေးဝါသော့တံကဖြင့် ခက်နေပြီ။ တစ်ဆိတ်ရှိ ကြေးဝါသော့တံ၊ ကြေးဝါသော့တံနဲ့'။ ဖိုးဖြူမှာ ကြေးဝါသော့တံရှိသလို သူ့မှာလည်း ကြေးဝါသော့အိမ် ရှိတာပဲ။ ဒါပေမဲ့ ကြေးဝါသော့အိမ်က မိမဲရဲ့ ဝှက်ဖဲလေ။ အချိန်တန်ရင်တော့ ဝှက်ဖဲကို ထုတ်သုံးဖို့ မိမဲ ကြံစည်ပြီးသား။ ခွင်မဝင်သေးလို့သာ။ ဒါပေမဲ့ ဒီအကြံအစည်ကို ခေတ္တတော့ သိမ်းဆည်းထားရဦးမယ်ဆိုတာ မိမဲ နားလည်တယ်။ ဘာကြောင့်လဲဆိုတော့ ဖိုးဖြူဆီက 'ရှင်းပြချက်အသစ်' တွေကို မိမဲ နားထောင်လိုသေးတယ်။ ဖိုးဖြူဆီမှာ သူသိချင်တာတွေနဲ့ သူမသိသေးတာတွေ ရှိဦးမယ်လို့ ယူဆထားတယ်လေ။ ဖိုးဖြူဘက်လည်း 'ပြေးကြည့်မှ ဒီနှစ်ယောက်' လေ။ အခြေအနေတိုးတက်ကောင်းမွန်ဖို့ဆိုတာ မောင်တစ်ထမ်း၊ မယ်တစ်ရွက်စနစ်နဲ့ သွားမှ ဖြစ်နိုင်မှာ။ ဒါကြောင့်လည်း ဖိုးဖြူက သိသင့်တဲ့အချက်၊ အရေးပါတဲ့အချက်တွေကို တစ်ချက်ပြီးမှတစ်ချက် ရှင်းအောင်ရှင်းပြတယ်။ ရှင်းပြပုံက-

'မိုးမပြိုဘူး၊ ပြိုခဲ့သော်။ နျူကလီးယားစစ်ပွဲကြီးကြောင့် ကမ္ဘာကြီးမပျက်ဘူး၊ ပျက်ခဲ့သော်ပေါ့။ ဒီစိုးရိမ်စိတ်တွေကြောင့် နှစ်ပေါင်း ရာထောင်ကြာပေမဲ့ ပျက်စီးခြင်းမရှိမယ့် ကမ္ဘာ့ကောက်ပဲသီးနှံပေါင်း သုံးသန်းကို စုဆောင်းထားခဲ့ကြကြောင်း။

အဲဒီ စုဆောင်းထားတဲ့ မျိုးစေ့တွေကို ၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့က မြောက်ဝင်ရိုးစွန်းနဲ့ ကီလိုမီတာ တစ်ထောင်ခန့်မှာရှိတဲ့ နော်ဝေနိုင်ငံပိုင် ဗားလ်ဘတ်ကျွန်းပေါ်က လောင်းယားဗျန်းမြို့ငယ်ကလေးအနီးရှိ ရေခဲပြင်အောက် မြှုပ်နှံထားကြောင်း။

အဲဒီလို မြှုပ်နှံကြတဲ့ အခမ်းအနားမှာ ဖင်လန်၊ နော်ဝေ၊ ဆွီဒင်၊ အိုက်စလန်နဲ့ ဒိန်းမတ်နိုင်ငံတွေက ဝန်ကြီးချုပ်တွေပါ တက်ရောက်ခဲ့တဲ့အကြောင်း။

ဖိုးဖြူက ခဏနားလိုက်တယ်။ မိမဲ နားထဲကို ဝင်အောင် ဆက်ရှင်းပြတယ်။ ဆက်ရှင်းပြတာက သီးနှံတွေ မြှုပ်ရတဲ့ ရည်ရွယ်ချက်ကိုပေါ့။

'…အကြောင်းကြောင်းကြောင့် ဥပမာ နျူကလီးယားစစ်ပွဲကြီး၊ ရာသီဥတုအပြောင်းအလဲ၊ ကောက်ပဲသီးနှံ ပိုးကျပြီး မျိုးတုံးအောင်ပျက်စီးခြင်း စတဲ့ ဖြစ်ရပ်တစ်ခုခုကြောင့် ကမ္ဘာ့ကောက်ပဲသီးနှံအားလုံး မျိုးတုံးကုန်ရင် အခု သိုလှောင်ထားတဲ့ မျိုးစေ့တွေ ပြန်လည်ဖော်ထုတ်ပြီး အသုံးပြုကြဖို့ ရည်ရွယ်ထားကြတဲ့အကြောင်း စသဖြင့်… စသဖြင့်။

မိမဲ ခုမှ သက်ပြင်းကြီးဟင်းခနဲ ချနိုင်တော့တယ်။ သီးနှံသိုလှောင်ပြီး ကမ္ဘာကြီးအတွက် ပူပန်ခဲ့သူများကိုလည်း မိမဲ ကျေးဇူးတင်လေးစားမိတယ်။ ဖိုးဖြူအပေါ် ယုံကြည်မှုပိုရှိလာတယ်။ ဖိုးဖြူနဲ့အတူ ပူးပေါင်းဆောင်ရွက်လိုစိတ်တွေလည်း မိမဲမှာ ထပ်ပြီး ခိုင်မြဲလာနေတယ်။ ဒါပေမဲ့ မိမဲ သူ့'မိန်းမစိတ်' ကိုတော့ သူချိုးနှိမ်မရ။ သူကိုင်ထားတဲ့ ဝှက်ဖဲလေး ကြေးဝါသော့အိမ်လေးက သူ့ဝှက်ဖဲ။ ဒါကို သူက ဝှက်ဖဲနေရာမှာပဲ ဆက်ထားဖို့ ဆုံးဖြတ်ထားတယ်။ ဒါကလည်း 'ချစ်စရာ မိန်းမစိတ်' လို့ ပြောရမယ် ထင်တယ်။ ဒီဝှက်ဖဲကလေးနဲ့ ဖိုးဖြူကို အံ့သြစေမယ်၊ ကြည်နူးစေမယ်၊ ပျော်ရွှင်စေမယ်ဆိုတာတွေ။

'ကိုင်း… ဖိုးဖြူ နင်နဲ့ငါ မျိုးစေ့သေတ္တာ ဖော်ကြစို့'

အခုတော့ သူတို့နှစ်ယောက် ကျားမ မခွဲ အလုပ်လုပ်ကြပြီ။ ကမ္ဘာ့အသစ်တစ်ခု တည်ဆောက်မယ့်လက်တွေ မခိုတမ်း မကပ်တမ်း။ ပင်ပန်းလို့မှ အချစ်ပန်း နမ်းခွင့်မရှိသူနှစ်ယောက် အလုပ်ကိုသာမဲရင်း၊ ထူးထူးဆန်းဆန်း ဆန့်ကျင်ဘက်လိင်တွေ သဖွယ်…။ ပြီးတော့ ပြိုင်တူ အော်ဟစ်လိုက်တဲ့ အသံ။

'ဝိုး… မျိုးစေ့တွေ… ဟေး… မျိုးစေ့ မျိုးစေ့တွေ…'

ဒီအချိန်မှာ ဖိုးဖြူက မိမဲ လုံးဝမထင်တာတစ်ခု ပြုလုပ်လိုက်တယ်။ မျိုးစေ့တွေကို လက်တစ်ဆုပ်စာ ကိုင်ယူပြီး မိမဲရှေ့မှာ ဒူးထောက်ထိုင်ချလိုက်တယ်။ ပြီးတော့ မျိုးစေ့တွေ မိမဲလက်ထဲထည့်ပြီး မိမဲကို လက်ထပ်ခွင့်တောင်းလိုက်တယ်။ ဖိုးဖြူရဲ့ အပြုအမူက လှလည်းလှ၊ လန်းလည်းလန်းတာမို့ မိမဲ ကျေနပ်သွားတယ်။

ဒါပေမဲ့ လူမည်းအမျိုးသမီးတစ်ဦးအနေနဲ့ ကမ္ဘာဟောင်းကရရှိခဲ့တဲ့ နာကြည်း



www.burmeseclassic.com

www.burmeseclassic.com

မှုတွေကို ဒီဘက်ကမ္ဘာသစ်ဆီ မိမဲ ယူမလာချင်ဘူး။ ကမ္ဘာဟောင်းက မိမိတို့လို လူသားတွေအတွက် စုတ်ပြတ်သတ်နေတဲ့ ကမ္ဘာပဲ၊ ဖိနှိပ်ခွဲခြားဆက်ဆံခဲ့တဲ့ ကမ္ဘာပဲ။ ဒါကြောင့် သူတို့ကမ္ဘာသစ်ဖို့၊ သူတို့ကမ္ဘာ သန့်ရှင်းဖို့၊ သူတို့ကမ္ဘာ ယဉ်ကျေးမှုအထက်တန်းကျဖို့ မိမဲက ဖိုးဖြူနဲ့ ညှိနှိုင်းတိုင်ပင်၊ အပေးအယူတွေ လုပ်ကြတယ်။ အပေးအယူဆိုပေမဲ့ မိမဲက တောင်းဆိုသူသာ။ ဖိုးဖြူက လည်း အားလုံး လိုက်လျောနေသူသာ။

'အသားအရောင် မခွဲခြားကြေး'

'ရတယ်'

'လူမျိုးဘာသာ မခွဲခြားကြေး'

'ရတယ်'

'ဇာတ်နိမ့်၊ ဇာတ်မြင့် မခွဲခြားကြေး'

'ရတယ်'

'လူ့အခွင့်အရေးကို လေးစားလိုက်နာကြေး'

'ရတယ်'

အဲဒီလို မိမဲ တောင်းဆိုသမျှ ဖိုးဖြူ လိုက်လျောနေပေတဲ့ မိမဲစိတ်ထဲမှာ ကမ္ဘာဟောင်းကရရှိခဲ့တဲ့ နာကြည်းမှုတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ဆိုသလို ပေါ်လာတော့ တာမို့-

'လူကြီးဖြစ်လာရင် လူငယ်ကို ငါ့လောက် မတတ်ဘူးလို့ မထင်ကြေး'

'ရတယ်'

'အင်အားကြီးသူက အင်အားနည်းသူကို အနိုင်မကျင့်ကြေး'

'ရတယ်'

'အစိုးရတစ်ရပ် ဖြစ်လာရင် အဲဒီအစိုးရ ပြည်သူကို ကျွန်မခံကြေး'

'ရတယ်'

အဲဒီလို အပေးအယူတွေနဲ့၊ နားလည်မှုတွေ ရသွားတဲ့အခါ နှစ်ယောက်လုံးရဲ့ ရင်ထဲမှာ ပေါ့ပါးအေးမြသွားတယ်။ ဒါကြောင့် ဖိုးဖြူက မျှော်လင့်တကြီးနဲ့-

'မိမဲရယ် ငါ နင့်ကို လက်ထပ်ခွင့်တောင်းထားတယ်လေ။ နင့်သဘောလေး ပြောပါဦး'

ဖိုးဖြူရဲ့ အဖြေတောင်းခံမှုအပေါ် မိမဲ ကြည်နူးကျေနပ်ပေမဲ့ မိမဲ ဘယ်လိုပြန်ဖြေရမှန်းမသိဘူး။ အဖြေရှိပြီးဖြစ်ပေမဲ့ အဖြေခက်နေတယ်။ ဒီအချိန်မှာ မိမဲဟာ သူ့ဝှက်ဖဲလေးကို သတိရလိုက်တယ်။ စိတ်ထဲကလည်း 'ဇာတ်လမ်းရဲ့ ပထမပိုင်းသာ ပြီးတောင်ပြီးတော့မယ်။ ဝှက်ဖဲက အခုထိ မသုံးရသေးဘူး' လို့ တွေးမိတယ်။ ဒါနဲ့ မိမဲလည်း သူကိုယ်တိုင် တယုတယနဲ့ တန်ဖိုးထား ထိန်းသိမ်းခဲ့တဲ့ 'ကြေးဝါသော့အိမ်လေး' ကို မျက်နှာပူစွာနဲ့ပဲ ဖိုးဖြူဆီကို လှမ်းပစ်ပေးလိုက်တယ်။

ဖိုးဖြူကလည်း သူ မမြင်ဖူးတဲ့ မိမဲရဲ့ ကြေးဝါသော့အိမ်ကလေးကို ဂရုတစိုက် ပွတ်သပ်ကိုင်တွယ်ရင်း သူ့မှာ ရှိတဲ့ ကြေးဝါသော့တံကလေးကို သတိရပြီး ထုတ်ယူလိုက်တယ်။

ဖိုးဖြူက သော့တံကို သော့အိမ်ထဲ ထည့်လှည့်၊ သော့အိမ်က 'ဂျောက်' လို့ မြည်တော့ မိမဲ လန့်သွားတယ်။

သီးနှံမျိုးစေ့တွေ၊ သားမျိုးစေ့တွေ ရှင်သန်ခြင်းအလို့ငှာ 'ကမ္ဘာဦးမိုး' ကလည်း တဝေါဝေါ ရွာလေပြီ။ ■

**ကိုငြိမ်း၊ မန္တလေး၊**

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဇွန်း(သချာ)



၁။

ပုစွန်လေးဖြင့် နှစ်ကောင်၊ သုံးကောင်။
ကင်းမွန် ငါးက ပါရုံဆိုသာ
ရေညှိလည်း လေးငါးဖတ်လောက်။
မုန်လာဥနီ၊ ဗိုလ်စားပဲတို့က
ခပ်ပါးပါး။ ပြောင်းဖူးငယ်နဲ့
ပေါင်းရင်တောင် ငါးကျပ်
သားမပြည့်ချင်။ ဒီကြားထဲ
ကြက်ဥတစ်လုံးရဲ့ ချွေတာရေး
ပုံစံကို မြင်ရသေး။ ပုံမှန်
ယန်းကန်တစ်ပြားစာထက်
လျော့နေတဲ့ အင်္ဂလိပ်အခေါ်
ဆီးဖုဒ်ထမင်းကြော်ကို မှာစားပြီးခါမှ
နောင်တရချင်သလိုနဲ့။
အာခေါင်ထဲမှာလည်း ခြောက်ကပ်လို့။
မြည်းစမ်း အားပေးချင်တဲ့အတွေးက
အမှားအယွင်းသေးနားကပ်ပြီး
အနှောင့်အယှက်ပေးနေလိုက်တာ
လှတောင် မတည်မငြိမ် ဖြစ်သွားတယ်။
အကြွေရှားပါးမှု ပြဿနာနဲ့
တံဆိပ်ခေါင်းငယ်ကြောင့်
အစွန်းထွက်လျှော့(ရော့)ပေးလိုက်ရတဲ့
အပြင် မလိုအပ်ဘဲ ရေသန့်ဘူးကို
ရင်ဝယ်ပိုက်မိသွားခဲ့ရပြီလေ။
ထမ်းပိုးခြင်းခံမိတဲ့ ဝေဒနာဟာ
မတန်ရာ မတန်ကြေး ဈေးကွက်ထဲမှာ
ကျုပ် အစာအိမ်ကို ကျူးဝင်စေခဲ့တယ်။
ချင်ခြင်းတစ်ခုအတွက်
ကျုပ်အိတ်ကပ်ဆီက
အနီတစ်ရွက်လွင့်ပါးရင်း
ပါးစပ် အကျည်းအကျယ်အလိုက်
စီးဝင်သွားကြတဲ့ ငွေသားများဟာ
အမှန်တကယ် အကျိုးပြုရဲ့လားလို့
ကျုပ် မရဲတရဲ စဉ်းစားမိတယ်။
'မကောင်းဘူး ထင်တယ်'
လစာရဲ့ တစ်ဆယ့်ငါးပုံထဲက
နုတ်ယူရတဲ့ တစ်သောင်းတန်
နှစ်ရွက်ဟာ နည်းသတဲ့လား။
မီးဖိုချောင်ထဲမှာ ခုနစ်ရက်လောက်
လည်ပတ်လို့ ရတယ်ဆိုတာ
သိနေတာပဲ။ အလုပ်ခွင်မှာ
ကျုပ်တို့ ဦးနှောက်တွေ
ရင့်ကျက်နေပေမဲ့ ရက်ခွဲတစ်ခု
ခုဂဏန်းကနေ ဆယ်ဂဏန်း
ပြောင်းလဲလာတိုင်း ပြေးလွှား
ပျာယာခတ်ကြတာ ကျင့်
သားရနေပြီလေ။ ကိုယ့်ပတ်
ဝန်းကျင်ဆီ ကြည့်ပြန်တော့
ကိုယ့်ဝမ်းအစား နာပေးမယ့်
သူဆိုလို့ ကိုယ်ပဲရှိတာ။ ဘဝ
တူတွေကြားက တောင်မင်း
မြောက်မင်းစာတ်လမ်းဟာ
လည်း မရိုးနိုင်တဲ့ ဇိုပွဲပေါ့။
တစ်ခါတစ်ရံမကတဲ့ ရာသီ
ခွင် အရွှေများက ကျုပ်တို့
စိတ်ကို ဒုက္ခပေးတတ်ကြ
တယ်။ ကိုယ့်ပိုက်ဆံနဲ့ကိုယ်
နည်းခြင်း၊ များခြင်းအပေါ်
လွန်ဆွဲမှုတွေ၊ ဒွိဟဖြစ်ခြင်း
တွေ ကြုံနေရလို့ လှုပ်ရှားနယ်
ပယ်မှာ အဆင်းအတက်တွေ
ရှိရတာလည်း အခါခါမက
ဘူး။ အထက်မကျ အောက်
မရောက်နဲ့ ကျုပ်ရာထူးက
လည်း ကန့်လန့်ဖယားထဲမှာ
အမည်အထင်းသား ရှိနေပြန်
တော့ ကျုပ်အဖို့ သာရေးရော၊
နာရေးပါ ခက်ချေလှတယ်။
'ဒီလောက်ဆို သင့်ပါ
တယ်ကွာ'
စာအိတ်ကိုပိတ်၊ လက်
ရေးလှလှရေးပြီး ကားကြို
စောင့်နေချိန်ထိ ထ၊သွား၊ထ၊
လာအကြောင်း ကျုပ်နဲ့ မိန်းမ
မဆွေးနွေးဖြစ်တာ ပါရမီပြည့်
သူတွေရဲ့ အားသာချက်ပေါ့
ဗျာ။ တစ်လတာ အလျဉ်မီ
ရန်အတွက် ချင့်ချိန်သုံးစွဲနေရ
တဲ့ အခြေအနေကို ဘယ်သူ
က အားရချင်ပါ့မလဲ။
❑

၂။

တကယ်ဆို ကျုပ်က
ချည့်ပရိသတ်။
လင်းလက်ပြိုးပြက်
နေတဲ့ အရောင်တွေကို ခွဲခြမ်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဖြာ အကဲဖြတ်ဖို့ လာခဲ့တာ မဟုတ်ဘူး။ ရုပ်ပစ္စည်းနဲ့ အဆင်းတန်ဆာပြိုင်ပွဲမှာ စိတ်မဝင်စားခြင်းတွေကို အကြောင်းမဲ့ မျက်ကွယ်ပြုထားတာ မဟုတ်ဘူး။ အပေါ်ယံအရည်ကြည်အောက်က နောက်ကျုမှုအနည်များအကြောင်း ကျုပ်သက်တမ်းမှာ ကောင်းကောင်းသိနေပြီပဲ။ အသိအမှတ်ပြုခြင်းဆိုင်ရာနဲ့ ပျော်ရွှင်ကြည်နူးမှုကို မျှဝေခံစားဖို့ ရည်ရွယ်ထားသူ ကျုပ်ဟာ နှစ်နှာရီမျှ နေရတဲ့ ခန်းမထဲမှာ အထိုင်ကျဖို့ မလွယ်ကူဘူးဖြစ်နေတယ်။ စိတ်တွေလည်း သတို့သား၊ သတို့သမီးဆီရောက်လိုက်၊ ဝင်ပေါက်ဝနား ရောက်လိုက်နဲ့ စုန်ဆန်ပြေးနေတယ်။

ကျုပ်မိန်းမ သတိပေးခဲ့တဲ့စကားကို ကြားယောင်ရင်း တစ်ခါက အချိန်ကို အမှတ်ရနေမိတယ်။ ဖွန်းတစ်ချောင်း လက်ဖွဲ့မိသူက ဒံပေါက်နှစ်ပွဲစားခြင်းမှာ မငြိုငြင်ခဲ့သော၊ အပျိုခေါင်း လူပျိုခေါင်းများကို စားပွဲတစ်လုံး ငွေဖလားနှင့် ယုံကြည်စွာ အပ်နှင်းထားသော၊ နှစ်ကိုယ်တူ ရှေ့ခရီးအစ မင်္ဂလာဦးအလှူအဖြစ် လက်ခံထားလျက် ရလဒ်မသေချာမှုကို မတွေးထားသော ဧည့်ခံပွဲက ရောင်စုံပူဖောင်းဖဲကြိုးလိပ်များနဲ့ လှပခဲ့တယ်လေ။

'အစ်ကို စားလေ'

အချိုမစူးတဲ့ ရေခဲမုန့်ကလည်မျိုမှတစ်ဆင့် နှလုံးသားထိတိုင် ပူလောင်ခါးသက်မှုများပေးခဲ့မှန်း ကျုပ်မိန်းမ မသိရှာဘူး။ အိမ်ပြန်ရောက်တဲ့အထိ ကျုပ်နှုတ်ဆိတ်နေခဲ့တယ်။ ကျုပ်ကိုက စွဲမိတဲ့ အာရုံကို ဖျောက်လွယ်သူ မဟုတ်မှန်းသိလျက်နဲ့ မြင်မိခဲ့တာကို။ ကျုပ်မှားသွားတယ်၊ တချို့တွေလို ဂရုမစိုက်ခဲ့ရင်ကောင်းသား။

ကျုပ် စာအိတ်ပေါ်က လက်ရေးနဲ့ အတွင်းက ငွေသားပမာဏကို ကြည့်ပြီး လက်ဖွဲ့မှတ်တမ်းရေးသူကလေးမရဲ့ အံ့သြဟန်မျက်နှာထားဟာ တိုက်ရိုက်ပတ်သက်သူဆီက တုံ့ပြန်မှုဆိုလည်း ကျုပ်ခံသာသေးတယ်။ ခုတော့ ဒီလိုမှ မဟုတ်ဘဲ။ အဲဒီကလေးမ ရေးထိုးလိုက်တဲ့ မှတ်တမ်းဟာ ကျုပ်ဘဝအစိတ်အပိုင်း ဖြစ်သွားလိမ့်မယ်လို့ ကျုပ်လည်း မထင်ခဲ့ဘူး။

❑

၃။

အဲဒီနောက်ပိုင်း ကျုပ်ကို မင်္ဂလာဆောင်တွေမှာ မတွေ့ဖြစ်လို့ အသိတွေက မေးကြတယ်လေ။ ကျုပ်လည်း လိမ်လည်ခြင်းစကားတွေနဲ့ ရှောင်တိမ်းခြင်းပညာတွေလည်း တစ်ဆင့်ပြီး တစ်ဆင့်တက်လာတာအမှန်ပဲ။ မဖြစ်မနေကလွဲရင် ခါတော်မီဖိတ်စာတွေရောက်တဲ့အခါ လက်ဖွဲ့ကို အကြံ့နဲ့ ပေးလွှတ်လိုက်တော့တယ်။ ကျုပ်အတွေးတွေ မကောင်းတဲ့ဘက်ရောက်သွားမှာ စိုးရိမ်တာလည်း ပါတာပေါ့။ ကျုပ်စာအိတ်ပေါ်မှာ ဘာမှမရေးတော့ဘူး။ စေတနာဟာ ရာထူးနဲ့ မသက်ဆိုင်ဘူး မဟုတ်လား။

ကျုပ်တို့ မသွားဖြစ်တဲ့အခါ အချိန်ရယ်၊ ငွေရယ်တွေက ပိုလာတော့တာပဲ။ မင်္ဂလာဆောင်တစ်ခုသွားဖို့ ကြိုတင်ပြင်ဆင်ခြင်းကာလမှာ အလိုမကျမှုတွေက ကျုပ်တို့ထက် အမျိုးသမီးတွေကပို များမယ်ထင်ပါရဲ့။ ပန်ဖို့ပန်းကအစ လိုအပ်မှုတွေနဲ့ ဗာဟီရကိစ္စများတတ်တဲ့ သဘာဝကို ကျုပ်တို့ အပြစ်တင်နေလည်း ပျောက်သွားမယ့် အရာတွေမှ မဟုတ်တာ။ မသိဟန်ဆောင်တာကပဲ စိတ်ချမ်းသာမှုကို ပေးတယ်လေ။ အပြန်အလှန်နားလည်မှုတွေ ရှိနေရင် လောကကြီးဟာ ပျော်စရာပေါ့။

'အစ်ကို ဒီအတိုင်းသွားနေရင် အသိုင်းအဝိုင်းကျဉ်းသွားလိမ့်မယ်။ ညီမတို့ဆီမှာ သားရှိနေတာကိုလည်း စဉ်းစားဦးနော်'

ကျုပ် ဘာကို ထည့်တွက်ရမှာလဲ။ ယောကျာ်းလေးကြောင့် သမီးရှင်တွေ ဂုဏ်မငယ်တဲ့ မင်္ဂလာပွဲကို ကျုပ်တက်ဖူးနေတာပဲ။ ကျုပ်သားဆီမှာ အဲဒီလိုအင်အားတွေ ရှိတယ်လေ။ အချိန်တန်ရင် စက်ဝိုင်းတစ်ခု လည်ပတ်ရောက်လာမယ်လို့ ကျုပ်မျှော်လင့်ပြီးသားပါ။ ကျုပ်မစိုးရိမ်ဘူး။ မိဘဆိုတာက သူ့ရင်ထဲက သားသမီးအကြောင်း အမြဲရှိနေတတ်သလို ကိုယ် ဘယ်လောက်ပဲ နိမ့်ပါးပါး ဆွဲတင်လိုတဲ့စိတ်နဲ့ ကြီးပြင်းလာသူတွေလို့ ကျုပ် မြင်မိတယ်။ အဆင့်ဆင့်တိုင်းမှာနေတဲ့ မိဘတွေကလည်း ဆန္ဒတစ်ပြေးတည်း ရှိကြမှာ သေချာတယ်။

'အစ်ကို ဘာတွေတွေးနေတာလဲ'

'သားအကြောင်းပါ'

ကျုပ်သားလေး။ လှိုင်းလေထဲက ဝန်ထမ်းမိသားစုမှ ပေါက်ဖွားလာသူပေါ့။ မနစ်မြုပ်အောင် သူကြိုးစားနိုင်ခဲ့တယ်။ ရှန်းကန်ကြရင်း သူ့ပန်းတိုင်ဆီမှာ အလံလွှင့်နိုင်ခဲ့တာမို့ ကျုပ် ပီတိဖြစ်ရတယ်လေ။ သူ့ရဲ့ သိတတ်မှုကို ကျုပ် မလိုလားတာကလည်း ကိုယ့်အကြောင်းနဲ့ကိုယ်ပဲ။ ရယူလိုတဲ့စိတ်နဲ့ ကျုပ် လူဖြစ်ခဲ့ရင်တော့ ကျုပ်ဘဝဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့တာ ကြာပြီပေါ့။ ပေးဆပ်ခြင်းအပြည့်အဝ မလုပ်နိုင်ခဲ့ပေမဲ့ ကျုပ်အတ္တကိုတော့ လျှော့ထားမိပါရဲ့။

❑

၄။

ကျုပ် အရမ်းအံ့သြခဲ့ရပြီ။

နာမည်က ခင်ထည်ဝါဆိုပဲ။ သားဆီက ဓာတ်ပုံလေးကိုကြည့်ပြီး မေ့မရတဲ့ မျက်နှာထားတစ်ခုဟာ သားချစ်သူတဲ့လား။ ချစ်ခြင်းမေတ္တာတွေအလုံးစုံ ပုံနှင်းထားတဲ့ ဖခင်တစ်ယောက်ရဲ့ နှလုံးသားထဲမှာ မြားတစ်ချောင်းစိုက်ဝင်နေတာ ကျုပ် ဒီအတိုင်းပဲထားရတော့မှာလား။ ဆွဲနုတ်ဖို့ရော ရနိုင်မှာလား။ မြန်မာနိုင်ငံထဲမှာတောင် နေရာအနှံ့ မရောက်ဖူးသူ ကျုပ်က ကမ္ဘာကြီးကို ကျဉ်းတယ်လို့ ဆုန်သင်းပါရဲ့ သီချင်းနဲ့အတူ လိုက်ညည်းရမလို ဖြစ်နေပြီလေ။ ခုခေတ်လူငယ်တွေရဲ့ ချစ်ခြင်းကလည်း ဘယ်လိုလဲ မသိဘူးဗျာ။ သူတို့အကြောင်းအရာကလွဲရင် အားလုံးကိုမေ့ထား



www.burmeseclassic.com

www.burmeseclassic.com

ကြတာ။ သိုသိပ်မှုနဲ့ ထိမ်ချန်ခြင်းကိုလည်း မကွဲပြားကြဘူး။

‘အစ်ကို မကြည်ဖြူရင် ညီမလည်း လက်မခံဘူး။ စာထဲမှာတော့ သားက ဒီတစ်ခါ ပြန်လာရင် စေ့စပ်ထားချင်တယ်တဲ့ အစ်ကို’

ကျုပ် မိန်းမစကားကြောင့် ခေါင်းထဲမှာ ပိုကျုပ်ကုန်တယ်။

ကျုပ် ဆုံးဖြတ်ချက်ဟာ ဒါဆို အခရာပေါ့လေ။ ကျုပ် ငြင်းဆန်လို့ ငြိမ်မနေဘဲ ရှေ့တိုးလာကြခါမှ ရေရှည်မှာ တွဲမယ့်လက်တွေ ကြမ်းတမ်းကုန်ရင် ကျုပ် တရားခံပြန်ဖြစ်မှာပဲ။ ဒါမှမဟုတ် မလွှဲသာတဲ့ အခြေအနေကြောင့် ရပ်တန့်သွားတယ်ထားဦး။ အမြဲတမ်း ပေါက်ကွဲနေရမယ့် ရင်ခွင်နှစ်ခုကိုလည်း ကျုပ် ယုံကြည်ဖို့ ခက်မယ်။ ပြီးတော့ သား…။ သူက ဝေးတစ်မြေမှာ ဘဝကို တည်ဆောက်နေသူလေ။ ကိုယ်ပျိုးထောင်ခဲ့တဲ့ အပင်ရဲ့ စိမ်းလန်းဝေဆာမှုကို မြင်နေရင်ပဲ ကျေနပ်ခြင်းက ပေးနေတော့လည်း သားမျက်နှာ မညှိုးစေချင်ဘူး။

ကျုပ် အခုမှ တွေပြားရပြီလေ။

‘သားလည်း မငယ်တော့ဘူး အစ်ကို၊ နှမြောနေလို့လား’

‘မဟုတ်ပါဘူးကွာ၊ ဒီတစ်ခါ ဖုန်းဆက်လာရင် ကြည့်ကောင်းအောင်ပဲ ပြောလိုက်ကွာ’

ကျုပ် ထားရစ်ခဲ့ရမယ့် အရာတွေ၊ ယူသွားရမယ့် အရာတွေကို တွေးမိနေတယ်။ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဗီဒီယိုဖိုင်တစ်ခုမှာ မွေးကင်းစ ကလေးတစ်ယောက် ကမ္ဘာမြေပေါ် လွင့်စဉ်လာပြီး လေထဲမှာပဲ အရွယ်ရ ကြီးပြင်းပြီးတဲ့နောက် ကိုယ်တုံးလုံးလေးနဲ့ သချိုင်းတစ်ခုထဲ ထိုးဆင်းသွားတာကို ကျုပ် ကြည့်ခဲ့ဖူးတယ်။ ဘဝဟာ တိုလွန်းသတဲ့လေ။ ကျုပ်တို့ ကြုံတွေ့ကြတဲ့ ပြဿနာတွေက အချိန်တန်ရင် ပြီးစီးသွားမှာပဲ။ ကျုပ် ကြောင့်ကြနေစရာမှ မလိုတာ။ ကျုပ်သား ဘဝထဲ ဝင်လာမယ့်သူကို ကျုပ် ကြိုဆိုရမှာပေါ့။

❑

၅။

ကျုပ်ကိုမြင်ရင် ခင်ထည်ဝါ မှတ်မိနိုင်တယ်။

သားနဲ့ ပတ်သက်ပြီး ကျုပ်ကို ဘယ်လိုဆက်ဆံမလဲဆိုတာ စိတ်ဝင်စားမိရဲ့။ သားကို ချစ်တဲ့ အမေကရင်တမမဖြစ်နေလား မသိဘူး။ နဂိုထက် ပိုရင့်ကျက်လာသူ သားကတော့ သူ့သတ္တိနဲ့သူ အသင့်ဖြစ်နေပြီလေ။ ကျုပ်တို့ ခင်ထည်ဝါကို စောင့်နေတာ ဆယ့်ငါးမိနစ်လောက်ရှိတော့မယ်။

‘အဖေတို့ တစ်ခုခု သောက်နှင့်ပါလား’

‘ရပါတယ် ငါ့သားရာ’

‘ဟော… အဖေ ထည်ဝါ လာပြီ’

အဲဒီကလေးမ။ အပြင်ပန်းကြည့်ရင် နာမည်နဲ့ လိုက်သလို ကျုပ်သား ရွေးချယ်မှုက မှန်တယ်လို့ သုံးသပ်ရမှာပဲ။ ကျုပ် လူကြီးပီပီ အဝေဖန် မစောသင့်ဘူး။ ကျုပ်သားက တော်ရှာတယ်။ မိတ်ဆက်ပေးရင်း ကျုပ်နဲ့ မိန်းမကြားမှာ ခင်ထည်ဝါကို ထိုင်ခိုင်းလို့။

‘အန်ကယ့်ကို သမီး သိပါတယ်’

ကျုပ် အလန့်တကြားဖြစ်သွားမိရဲ့။ ဟိုတစ်ခါက တွေ့ခဲ့ကြတာ သူ့အစ်ကို ဝမ်းကွဲ မင်္ဂလာဆောင်တဲ့လား။ ဒါဆို သတို့သားဖခင်ဟာ သူ့ဦးလေး ကျုပ်တို့ ဌာနမှူးပေါ့။ ခင်ထည်ဝါနဲ့သားက ဘယ်လိုတွေ့ခဲ့ကြတာလဲ မသိဘူး။ သားဘွဲ့ရတဲ့အထိ ချစ်သူရှိတယ်လို့လည်း ကျုပ် မကြားမိဘူး။

‘သားနဲ့ ထည်ဝါက သင်တန်းတစ်ခုမှာ စ,တွေ့တာ ဖေဖေ။ သား နိုင်ငံခြားထွက်သွားပေမဲ့ သူက ဒီမှာပဲ အလုပ်လုပ်နေခဲ့တာ’

‘သြော်… အင်း’နဲ့ ကျုပ်အသံလိုက်ပုံက ဆရာဝန်ရှေ့မှာ လူနာညည်းပြနေသလိုပဲ။ ကျုပ်မိန်းမလေ…၊ သူ့ချွေးမလောင်းကို တစိမ့်စိမ့်ကြည့်လို့။

‘အန်ကယ့်ကို သမီး တောင်းပန်စရာရှိတယ်။ အထင်မှားခဲ့တာကိုပါ။ ကိုကို ပြောမှ အန်ကယ်တို့ကို ပိုလေးစားမိသွားတယ်။ အစကတော့ အန်ကယ့်ရာထူးနဲ့ လက်ဖွဲ့တာကို အံ့သြသွားတာပေါ့။ သမီးကို ခွင့်လွှတ်ပါ။ ပြီးတော့ သမီးကိုလည်း သမီးတစ်ယောက်လို ချစ်ပေးပါ။ ဆုံးမလမ်းညွှန်ပေးပါ အန်ကယ်’

‘ဟင်’

ခင်ထည်ဝါရဲ့ ပွင့်လင်းရိုးသားမှုနဲ့ အမှားကို ဝန်ခံတောင်းပန်တတ်တဲ့စိတ်က ရင်ထဲမှ လာတယ်ဆိုတာ ကျုပ်သိတယ်။ သားအတွက် ကျုပ် မျက်ရည်ဝဲနေမိတယ်လေ။ ခင်ထည်ဝါကိုလည်း ကျုပ်ချီးကျူးမိတယ်။ ပကတိ အမှန်တရားကို ရှာဖွေပြီး အမှားစွန့်လွှတ်တတ်တဲ့ လူငယ်တွေရဲ့ ခံယူမှုမှာ ကျုပ် ဝမ်းသာခဲ့ရပြီပဲ။ ကျုပ် လက်ဖွဲ့ခဲ့တာ နည်းသလား၊ များသလား ဆိုပြီး မတွေးဖြစ်တော့ဘူး။ အကယ်၍ များခဲ့ရင်တောင်မှ အံ့သြဟန်မပြမယ့် ခင်ထည်ဝါရဲ့ မျက်နှာထားကို ကျုပ် လိပ်ပြာမလုံဘဲ ရှိခဲ့မှာလေ။ ကျုပ်ရဲ့ နေထိုင်မှုစနစ်ပုံစံကြီးထဲမှာ ကျုပ်သား ပျော်မွေ့ စိတ်သောက မရောက်ခဲ့တာနဲ့တင် ကျုပ် ခြစ်ခြုတ်နေရကျိုးနပ်ပြီ မဟုတ်လား။

‘မသိလို့ သမီးမှားခဲ့တာပဲ၊ ရပါတယ် သမီးရယ်’

‘ကိုကို အဖေတို့စားဖို့ မှာဦးလေ’

ပုစွန်လေးဖြင့် နှစ်ကောင်၊ သုံးကောင်။ ကင်းမွန်ငါးက ပါရုံမျှ။ ရေညှိလည်း လေးငါးဖတ်လောက်။ မုန်လာဥနီ၊ ဗိုလ်စားပဲတို့က ခပ်ပါးပါး။ ပြောင်းဖူးငယ်နဲ့ ပေါင်းရင်တောင်မှ ငါးကျပ်သားမပြည့်ချင်။ ဒီကြားထဲ ကြက်ဥတစ်လုံးရဲ့ ချွေတာရေးပုံစံကို မြင်ရသေး။ ပုံမှန်ပန်းကန်တစ်ပြားစာ အင်္ဂလိပ်အခေါ် ဆီးဖုဒ်ထမင်းကြော်ခြောက်ကပ်ကပ်ကို အားပါးတရစားရင်း ငွေရှင်းဖို့ စားပွဲထိုးလေးအား အလျင်စလိုခေါ်လိုက်မိချေတော့သည်တဲ့တကား။ ■

ပိုင်ဒွေး၊သချာ၊



www.burmeseclassic.com

www.burmeseclassic.com



# ကန္တာရချုံ သာလွန်စေပါ

‘အောင်မလေး သေပါပြီဗျ’

စံအေး၏ အလန့်တကြား အော်သံကြောင့် ကန္တာရသား ထင်းခုတ်နေကြသည့် တိုးရီနှင့် နိုင်အေးတို့ ပြေးလာကြသည်။ တိုးရီက ညာခြေတစ်ဖက်ကိုဆုပ်၍ ထိုင်နေသော စံအေးကို ငုံ့ကြည့်ရင်း–

‘စံအေး ဘာဖြစ်သာလဲ၊ ပိုးထိလို့လား’ဟု မေးလိုက်၏။

‘မဟုတ်ပါဘူး၊ ဘီလပ် ထနောင်း ဆူးသာပါဟ၊ နင်ကလည်း’

‘သြော်… မင်းကလည်းကွာ အသည်း ယယ်လိုက်သာ၊ ကန္တာရဆူး စူးသာများ’


‘ဟ၊ ဆူးက အတော်ကြီးကွ နိုင်အေးရ၊ ပြီးတော့ ခြေဖဝါးကို ထုတ်ချင်းခပ် သွားသာဟ’

ကန္တာရဆူးပင်များသည် အညာဒေသတွင် အလေ့ကျပေါက်၍ ဘီလပ် ထနောင်းဆူးသည် တစ်လက်မခွဲသံခန့်ရှိပြီး စူးမိလျှင် မသက်သာ၊



www.burmeseclassic.com

www.burmeseclassic.com



'အရှင်ရှကဒ္ဒစိုးနတ်မင်း တော့်၊ အမိုက်အမဲလေးတွေကို
ဖွေမယူပါနဲ့တော့်၊ ဤပွဲတော်စာ၊ သောက်တော်ရေ
ပန်းဆီမီး၊ အမွှေးနံ့သာတို့ကို သုံးဆောင် ခံယူတော်မူပါတော့်
အဂ်ါသား မောင်စံအေး မိမွေးတိုင်း၊ ဖမွေးတိုင်း
ကျန်းမာချမ်းသာပါရစေတော့်'



www.burmeseclassic.com

www.burmeseclassic.com

အောင့်နေတတ်၏။ အဆိပ်လည်း အလွန်ပြင်းသည်။

နိုင်အေးက ခြေဖဝါး ဘက်စူးဝင်မှ ဝင်နေသော ဆူးခက်ကို ဆွဲနုတ်ပေးလိုက်သည်။ သွေးများက ဝေါက်ခနဲ ပန်းထွက်လာ၏။

‘အား… အမယ်လေး၊ နာလိုက်သာဗျာ’

‘ဟယ်… သွေးတွေ ထွက်လာပြီ။ နေနေ ငါ ဖုန်နဲ့ သိပ်ပေးမယ်’

တိုးရီသည် ပြောရင်းဆိုရင်း မြေတစ်ဆုပ်ယူ၍ စံအေး၏ ခြေဖဝါးပေါ် ဖြူးလိုက်သည်။ ပြီးလျှင် သူစီးထားသော ကားတာရာဖိနပ်ဖြင့် တဖျပ်ဖျပ်ရိုက်လေသည်။ စံအေးသည် ‘တအင်းအင်း’ ညည်းညူရင်း အောင့်ခံနေလေ၏။

‘ငါ့သံစူးတုန်းကလည်း မင်းလိုပဲ၊ ခြေဖနောင့်မှာ နစ်ဝင်သွားသာ၊ အဲသာ နွားချေးခြောက်ပြာချပြီး ကားဘီးဖိနပ်နဲ့ ရိုက်လိုက်သာပဲ၊ လေးငါးရက်ဆို ပျောက်သွားရော’

ဟု နိုင်အေးက မျက်နှာရှုံ့မဲ့နေသော စံအေးကို အားပေးစကား ဝင်ပြောလိုက်သည်။

သူတို့ ‘ထူးကြီးရွာ’ လေးသည် အိမ်ခြေသုံးလေးဆယ်ခန့်သာရှိပြီး မြို့နှင့်ဝေး၍ အလွန်ခေါင်၏။ ပခုက္ကူနယ်ဆုံးဖြစ်၍ ရွာ၏ အနောက်ဘက် လှည်းလမ်းကျော်လျှင် ပေါက်နယ်ဖြစ်၏။ ယာလုပ်သူ ဆယ်ဦးခန့်သာရှိ၍ ကျန်အိမ်ထောင်စုများမှာ ထင်းခုတ်၊ မျှစ်ချိုး ကြုံရာကျပန်းလုပ်ကြရသူများဖြစ်သည်။ ရွာတွင် ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းလည်း မရှိချေ။ လူကြီးများက သံကျောက်တောင် သွား၍ ဝါးခုတ်ပြီး ထွန်ကိုင်း၊ ထွန်သံ၊ နင်တံ၊ ထမ်းပိုးကျည်း စသည်ဖြင့် လုပ်ရောင်းကြ၏။ အချို့က ရှားပင်ကို ခုတ်၍ ထွန်တုံး၊ ထွန်သွား လုပ်ရောင်းရ၏။ ငယ်ရွယ်သူတို့ကမူ ကန္တာရသားဟု ခေါ်သော အလေ့ကျပေါက်သည့် ဆူးဖြူ၊ ဘိလပ်ထနောင်း စသော ဆူးပင်များကို ထင်းအဖြစ်ခုတ်ကြရ၏။ ထိုကန္တာရပင်များသည် လက်ကောက်ဝတ်ခန့်တုတ်ပြီး ပင်စည်တစ်လျှောက် ဆူးအပြည့်နှင့်ဖြစ်၏။ ဆူးဖြူ ဆူးသည် သေးသော်လည်း ဘိလပ်ထနောင်းဆူးမှာ သံချောင်းခန့် တုတ်သည်။ သတိထား ခုတ်သော်လည်း လက်ကို ဆူးမထိသောနေ့ဟူ၍ မရှိချေ။

စံအေး ကန္တာရဆူး စူးသောကြောင့် ဆက်မခုတ်နိုင်။ တိုးရီနှင့် နိုင်အေးတို့က ကူခုတ်ပေးရ၏။ သူ၏ ထင်းစည်းကို နိုင်အေးက ဝါးချွန်ထမ်းပိုးဖြင့် ရှေ့နောက်ထမ်း၍ ကူသယ်လာပြီး ရွာသို့ ပြန်ခဲ့ကြလေသည်။ စံအေးသည် ညာခြေထောက် ထော့နဲ့ထော့နဲ့ဖြင့် နောက်မှ လိုက်ပါလာလေတော့၏။

❑

ညနေစောင်းတွင် ‘စံအေး ဖျားနေလို့’ ဟု တိုးရီလာခေါ်သဖြင့် နိုင်အေးသည် စံအေးတို့အိမ်ရှိရာ ရွာအရှေ့တောင်ချောင်သို့ လိုက်လာခဲ့၏။ စံအေးသည် နွေခေါင်ခေါင်မှာပင် ခေါက်ချိုးစောင်ပိုင်းလေးခြုံရင်း ‘တဟင်းဟင်း’ ညည်းနေ၏။ စံအေး မိခင် မနက်လှက–

‘နိုင်အေး၊ မင်းတို့မနက် ထင်းခုတ်ကအပြန်၊ ရွာထိပ်က ညောင်ပင်ကြီးအောက်မှာ စံအေး သေးပေါက်ခဲ့တယ်ဆို’

‘အင်း… အဲဒါ သူက နောက်ကလိုက်လာသာဆိုတော့ ကျုပ်လည်း သတိမထားမိပေါင်’

‘သတိမထားမိဘူး မလုပ်နဲ့၊ အခု စံအေး ကိုယ်တွေ ချစ်ချစ်တောက်ပူနေလို့ ဦးကံကောင်းဆီ ဗေဒင်သွားမေးသာ ရက္ခစိုး ဖမ်းစားလိုက်သာလို့ ပြောတယ်။ အခု ညောင်ပင်သွားပြီး ရက္ခစိုးနတ် သွားတင်မလို့၊ နင်တို့လိုက်ခဲ့ကြစမ်း’ ဟု အဖော်ခေါ်သဖြင့် တိုးရီက ထန်းလျက်ခဲနှင့် ထမင်းဖြူပန်းကန်ကိုကိုင်လိုက်၏။ နိုင်အေးက ဝါးကပ်ချပ်နှင့် ဝါးလုံးတိုကို ကူ၍ သယ်ပေးသည်။ မနက်လှက ရေဖန်ခွက်နှင့် နွယ်သာကီပန်းအနည်းငယ်ထိုးထားသော ညောင်ရေအိုးဗန်းကို ရွက်လာ၍ ခွေးတစ်ဟောင်ခန့်ဝေးသော ရွာထိပ်ညောင်ပင်သို့ သုံးဦးသား ထွက်ခဲ့ကြသည်။

ညောင်ပင်အောက်ရောက်လျှင် မနက်လှက ထန်းစစ် တံမြက်စည်းဖြင့် ညောင်ပင်ခြေရင်းကို လှည်းကျင်းလိုက်၏။ နိုင်အေး ဝါးတိုင်ငုတ်စိုက်လိုက်ပြီး ပါလာသော ဝါးကပ်ချပ်ကို လေးစိတ်ကွဲဝါးတိုင်ထိပ်၌ အံကျစွပ်ပြီး တင်ပေးလိုက်သည်။ ထိုဝါးကပ်ချပ်လေးပေါ်သို့ မနက်လှက ပါလာသော ထမင်းပန်းကန်၊ ထန်းလျက်ခဲ၊ ဖန်ခွက်နှင့် ညောင်ရေအိုးတို့ကို စီ၍ တင်လိုက်၏။ ပြီးသော် ဖယောင်းတိုင်နှင့် အမွှေးတိုင်တို့ကို ထွန်းညှိပြီး ညောင်ပင်ကို ဝတ်ပြုလေတော့၏။

‘အရှင်ရက္ခစိုးနတ်မင်းတော့်၊ အမိုက်အမဲလေးတွေကို ဗွေမယူပါနဲ့တော့်၊ ဤပွဲတော်စာ၊ သောက်တော်ရေ၊ ပန်းဆီမီး၊ အမွှေးနံ့သာတို့ကို သုံးဆောင်ခံယူတော်မူပါတော့။ အင်္ဂါသား မောင်စံအေး မိမွေးတိုင်း၊ ဖမွေးတိုင်း ကျန်းမာချမ်းသာပါရစေတော့်’ ဟု သူတတ်သမျှနှင့် တတော့်တည်းတော့်ကာ ရက္ခစိုးနတ်မင်းကို တိုင်တည်နေလေ၏။

တိုးရီနှင့် နိုင်အေးတို့က မနက်လှလုပ်နေသမျှကို စိတ်ဝင်တစားကြည့်နေကြလေ၏။ ကိစ္စပြီးလျှင် သူတို့သည် ရက္ခစိုးတင်ထားသော ထန်းလျက်ခဲတို့ကို ခွန့်၍ စားလိုက်ကြသည်။ ဖန်ခွက်ထဲမှ ရေကိုလည်း မျှ၍ သောက်လိုက်ကြသေး၏။ သူတို့သုံးဦး အိမ်ပြန်ရောက်ချိန်တွင် စံအေးသည် အနာရှိန်တက်သဖြင့် အိပ်ပျော်နေလေ၏။

❑

နောက်ရက်များတွင်လည်း စံအေး ကိုယ်ပူတက်၍ အဖျားကြီးနေသောကြောင့် ထင်းခုတ်မလိုက်နိုင်။ တိုးရီနှင့် နိုင်အေးသည် ထင်းခုတ်အပြန် သူငယ်ချင်းထံ အခြေအနေသွားကြည့်ရန် တိုင်ပင်ထား၏။ အိမ်ပြန်ရောက်လျှင် ထင်းစည်းကိုပစ်ချ၍ စံအေးတို့ အိမ်သို့ ထွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

စံအေးသည် အိပ်ရာထက်မှ ယဲ့ယဲ့ကလေး ပြုံးပြလိုက်သည်။

'နင်တို့က အမေ့ကို မေ့ထားသာကိုးဟဲ့၊ အမေက နင်တို့သားကို လုပ်ထားတဲ့ ရွာသူကို ယောဒီထဘီနဲ့ ယမ်းပစ်လိုက်မယ်ဟဲ့'

အမေဂျမ်းဝင်ပူးနေသော နတ်ကတော် ဒေါ်ငွေတင်၏ အယုတ္တ အနတ္တ အသံတို့ကို လူမမြင်ရမီကပင် ကြားလိုက်ရလေ၏။ စံအေးသည် အိမ်ခေါင်းရင်း၌ စောင်ကိုခေါင်းမြီးခြုံ၍ 'တဟီးဟီး' ညည်းညူနေရှာလေသည်။ သူ၏ ခြေရင်းတွင် အမဲအူစုံ အသည်းစုံ ချက်ပြီး ထည့်ထားသော စတီးဇလုံလေးလုံးကို တွေ့ရ၏။ ဇလုံတစ်လုံးစီ၏ ဘေး၌ မီးညှိထားသော ပြောင်းဖူးဖက်ဆေးလိပ်လေးလိပ်ကို ကပ်၍ ချထားသည်။ ရေထည့်ထားသော နီးခွက်လေးလုံးလည်း ရှိ၏။ အမဲအူချက်ရနံ့သည် အငွေ့တထောင်းထောင်းဖြင့် သူတို့နှာခေါင်းအတွင်း ပျံ့လွင့်လာသည်။ နှစ်ဦးသားတံတွေးကိုသာ မျိုချနေကြရလေ၏။ မျက်လုံးများကလည်း နန္ဒင်းရောင်ထိန်နေသော အမဲအူချက်ခွက်ကိုသာ တရစ်ဝဲဝဲရှိနေ၏။

စံအေးကို 'ရွာသူက ပြုစားထားသည်၊ မိဆိုင်ဖဆိုင်ကို မေ့လျော့ထား၍ အမေဂျမ်းက မစောင့်ရှောက်ဘဲ ဒဏ်ခတ်ထားသည်။ အမဲအူချက်ဖြင့် စားတော်တိုက်မှသာ စံအေးကို ရွာသူအန္တရာယ်မှ လွတ်မြောက်အောင် ကယ်မ,မည်ဟု နတ်ကတော် မငွေတင်က အဟောထွက်သောကြောင့် ဖခင်ဖြစ်သူ ကိုထွန်းရှင်က မနက်မလင်းမီကပင် လေးငါးမိုင် ဝေးသော အမဲပေါ်သည့် သစ်ပုလွေကုန်းရွာပြေးကာ အမဲအူစုံဝယ်လာပြီး ဆားနနွင်း၊ ငါးပိတို့ဖြင့် နယ်ကာ ချက်ထားခြင်းဖြစ်သည်။ သူတို့ရွာတွင် တော်ရုံလူဆိုလျှင် အမဲဝက် ဝယ်မစားနိုင်၊ ဟင်းရွက်ပြုတ်၊ ငရုတ်သီးနှင့် ငါးပိဖုတ်ရှိလျှင် ဟင်းကိစ္စပြီး၏။ လက်လုပ်လက်စား အိမ်ထောင်စုများအနေဖြင့် ကောက်ဆန်ထမင်းကိုပင် အိမ်တိုင်းစေ့ မစားနိုင်။ ပဲနီနှင့် ပြောင်းဖူးစေ့ ရောပြုတ်ပြီး စားကြရရှာ၏။ ယခုလည်း အနောက်ကတော်တင်ရန်အတွက်မို့ ရှိစုမဲ့စုငွေလေးနှင့် ဝယ်ချက်ထားရခြင်း ဖြစ်လေသည်။ ရွာဘုရားပွဲရှိသော နေ့မျိုးမှသာ ဟင်းလျာကောင်းစားနိုင်ကြ၏။

မငွေတင်က ပြောင်းဖူးဖက်ဆေးလိပ်ကို အခိုးထွက်အောင် ဖွာရှိုက်ရင်း 'ဟင် နင်တို့က ဘယ်ဆရာအားကိုးလို့ ငါ့ကို မေ့ထားသတုံးဟဲ့၊ နင်တို့ မေ့လည်း အမေက စောင့်ရှောက်ရမယ့်တာဝန် ရှိသဟဲ့။ နင်တို့သားကို လုပ်ထားတဲ့ အဲဒီသောက်ကောင်မကို ပေါင်နှစ်ချောင်း ဆွဲဖြဲပစ်လိုက်မယ်ဟဲ့။ အမေ့ဥစ္စာနဲ့ ပွတ်လိုက်မယ်ဟဲ့' ဟု ကိုယ်ကို ယိမ်းထိုးကာ အသံတုန်တုန်ဖြင့် တိုင်းထွာပြီး ဆဲဆိုနေလေ၏။ ပြီးလျှင် အမဲအူချက်ကို ဇွန်းဖြင့်ကော်၍ ရှူးခနဲ သောက်လိုက်ပြန်၏။ တိုးရီနှင့် နိုင်အေးသည် နတ်က,ရာကျီးမော ဆိုသလို မငွေတင် ဟောလိုက် ပြောလိုက်၊ ဆဲလိုက်ဆိုလိုက်၊ သောက်လိုက်စားလိုက်လုပ်နေသည်ကို သွားရည်တမျှားမျှားဖြင့် မျှော်နေကြလေ၏။

အမေဂျမ်းသည် အမဲအူချက် လေးဇလုံနှင့် ပြောင်းဖူးဖက် လေးလိပ်လုံး ကုန်အောင် သောက်စားပြီးမှ ဝါးခနဲ သမ်း၍ ထွက်သွားလေတော့၏။ ကိုထွန်းရှင်နှင့် မနက်လှတို့သည်လည်း စံအေးအတွက် စိတ်လက်ပေါ့ပါးသွားလေ၏။ မငွေတင်လည်း အမေဂျမ်း ထဘီဖိုး၊ ဆေးလိပ်ဖိုး တင်ထားသော ငွေတစ်ထောင်ကို လိပ်၍ ဘော်လီအင်္ကျီ ချွေးခံအိတ်ထဲ ထိုးထည့်ကာ ပြန်သွားလေ၏။ နိုင်အေးနှင့် တိုးရီတို့သည်လည်း မငွေတင်နှင့် ရှေ့ဆင့်နောက်ဆင့်ပင် အတွေးကိုယ်စီနှင့် ပြန်ခဲ့ကြလေတော့၏။ အမဲအူချက်နံ့သည် သူတို့နှာဝတွင် ရစ်ဝဲ၍ ပျံ့လွင့်နေဆဲပင်တည်း။

တစ်ပတ်ခန့်ကြာပြီး တစ်ညနေ၌ ကိုထွန်းရှင်သည် နိုင်အေး၏ အဘိုး ဦးကြာလှိုင်ထံသို့ အရေးတကြီးရောက်လာလေသည်။

'ဘကြာ စံအေးတော့ မသက်သာဘူးဗျာ၊ စကားမေးတောင် မရတော့ဘူး။ အဲသာ ခေါ်ပန်းတောင်းပစ်ရမှာလား၊ တစ္ဆေစာ ကျွေးရမှာလား၊ တွက်ချက်ပေးပါဦးဗျာ'

နိုင်အေးတို့ မြေးအဘိုးသည် ရွာအနောက်မြောက်ထောင့် စည်းရိုးစပ်တွင် နေကြ၏။ နိုင်အေး၏ မိဘနှစ်ဦးလုံး ကွယ်လွန်ခဲ့သောကြောင့် မြေးအဘိုးနှစ်ယောက်တည်း ထန်းလက်တဲလေးဖြင့် နေကြရသည်။ သင်္ချိုင်းနားနီးသဖြင့် နေချင်သူမရှိသောမြေကွက်ကို တဲထိုးနေရသည်။ ဦးကြာလှိုင်က ထွာဆိုင်ခန့်တုတ်သော ရှားပင်၊ ထနောင်းပင်တို့ကို ရှာ၍ ခုတ်ပြီး အိမ်ရောက်လျှင် တူ၊ ဆောက်တို့ဖြင့် ထွင်းကာ ထွန်တုံး၊ ထမ်းပိုးတုံး လုပ်ရ၏။ ဓားမဖြင့် ထွန်သွားခုတ်ရ၏။ နိုင်အေးက ကန္တာရဆူးသား ထင်းခုတ်ရ၏။ ပေါက်ရွှေပေါင်လောင်ပွဲ၊ ရေမျက်ဂေါတမပွဲ၊ ပခုက္ကူ သီဟိုဠ်ရှင်ပွဲနီးလျှင် မြို့ပေါ်မှ ထွန်တုံး၊ ထွန်တံသမားများက ရွာအထိ ဆင်းဝယ်ကြ၏။ ထိုအချိန်မှသာ ငွေကိုင်ရ၏။ ကောက်ဆန်ထမင်းစားကြရ၏။ ကျန်အချိန်များတွင် ပဲနီနှင့် ပြောင်းဖူးစေ့ကို ရောပြုတ်ကာ ထမင်းအဖြစ် ဟင်းမပါဘဲ စားကြရသည်။

ဦးကြာလှိုင်သည် မုတ်ဆိတ်ကျင်စွယ်ရှည်ပြီး အသားမည်းကာ၊ မျက်လုံး မျက်ဆန်နီသဖြင့် အကြည့်တန်လှ၏။ သင်္ချိုင်းအနီး မကြောက်မရွံ့နေရဲသောကြောင့် ပယောဂအောက်လမ်းပညာတတ်သည်ဟု ဆိုကြ၏။ အရေးကိစ္စကြီးငယ်မရှိလျှင် သူ့ကို မဆက်ဆံရဲကြပေ။ ကလေးများကဆိုလျှင် မျက်နှာချင်းပင် မဆိုင်ဝံ့ကြချေ။

'အင်း… အင်္ဂါသားဆိုတော့ ခန္ဓာပျက်ကိန်းတောင်ရှိသဗျား။ ပြီးတော့ တောထဲက လန့်လာပုံရတယ်။ တစ္ဆေနီဖမ်းစားခံထားရသာပဲ။ အဲဒီတော့ မနက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com

အဂ်ါနေ့ နေဝင်စ ရွာအနောက် သင်္ချိုင်းဇရပ်က ပုန်းမဲစာပင်အောက်ကို သွားပြီး အမဲသားချက်နဲ့ တစ္ဆေစာကျွေးရလိမ့်မယ်။ အမဲသား ငါးဆယ်သားကိုလည်း ပုန်းမဲစာပင်မှာ ချိတ်ဆွဲပြီး အစိမ်းသရဲစာကျွေးခဲ့ရမယ်'

ကိုထွန်းရှင်သည် ဦးကြာလှိုင်ပြောသမျှ သေသေချာချာ နားထောင်မှတ်သား၍ ပြန်သွားသည်။ နိုင်အေးက သူ့အဘိုး ဟောနေစဉ်က တံတွေးသီးနေလေပြီ။ ရွာစည်းရိုးကိုကျော်၍ ကြည့်လိုက်သောအခါ မှောင်မည်းတိတ်ဆိတ်နေသော သင်္ချိုင်းကို ကြက်သီးထ,စဖွယ် တွေ့လိုက်ရ၏။ အဝေးတစ်နေရာမှ တောခွေးတစ်သိုက်၏ ဆွဲဆွဲငင်ငင် အူလိုက်သည့်အသံကိုလည်း ရင်ဖိုဖွယ်ကြားလိုက်ရချေသေး၏။ 'နောက်ရက်မြန်မြန်ရောက်ပါစေ'ဟု စိတ်ထဲမှ ဆုတောင်းနေမိလေ၏။

❑

ကိုထွန်းရှင်သည် သားအဖြင့် နံနက်ဝေလီဝေလင်းကပင် သစ်ပုလွေကုန်းရွာသို့ အမဲဝယ်ထွက်သွားသည်။ ပြန်ရောက်လျှင် တစ်ဝက်ခွဲ၍ လက်မခန့်တုံးတစ်ပြီး ဆန်ဘူးဝက်ခန့်ဖြင့် မြေအိုးတစ်လုံးတွင် ထည့်ကာ အမဲဆန်မနဲ ကျိုသည်။ တစ်ဝက်ကို ထန်းလျှော် ဖြင့်တွဲလိုက်၏။ နွားရိုင်းသွင်းချိန်တွင် သာဟန်နှင့် ကျင်မောင်တို့ကို ချော့၍ သင်္ချိုင်းသို့ သွားပြီး တစ္ဆေစာကျွေးခိုင်းလေသည်။ သူတို့သည် ကာလသားခေါင်း ဝတ္တရားရှိသဖြင့် ကြောက်ကြောက်နှင့်ပင် ထွက်ခဲ့ကြရ၏။ သာဟန်သည် အမဲမနဲအိုး ထည့်ထားသောခွဲတောင်းကို ပခုံးပေါ်ထမ်း၍ လက်တစ်ဖက်က ယောက်မကို ကိုင်ထား၏။ ကျင်မောင်က အမဲသားတွဲကို တစ်ဖက်က ဆွဲ၍ တစ်ဖက်က ဓားမတိုကို ကိုင်ထားသည်။

လုပ်တိုင်းသို့ရောက်သော် မှောင်စပျိုးနေပေပြီ။ ကျင်မောင်က အမဲသားတွဲကို ပုန်းမဲစာပင်တွင် ချိတ်ဆွဲလိုက်၏။ မြေပြောင်ပြောင်တွင် ပါလာသော ဓားဦးချွန်ဖြင့် လေးထောင့်အင်းကွက် ရေးခြစ်လိုက်၏။ ပြီးလျှင် ပါလာသော အင်ဖက်ခုနစ်ရွက်ကို ဖြန့်ခင်းလိုက်သည်။ သာဟန်က အိုးထဲမှ အမဲမနဲကို ယောက်မဖြင့် ကော်ခပ်ပြီး အင်ဖက်များပေါ်တွင် ခုနစ်ပုံပုံလိုက်သည်။ လူသေများ မြှုပ်နှံထားသော မြေပုံများရှိရာဘက် လှည့်ကာ-

'အဂ်ါသား မောင်စံအေးကို ဖမ်းစားထားသော ဤအရပ်၊ ဤဒေသရှိ အစိမ်းသရဲတို့ဗျား၊ မောင်စံအေးကိုယ်စား ကျွန်ုပ်တို့ကျွေးမွေးသော ဤအမဲစိမ်းတွဲနှင့် အမဲထမနဲကို လာရောက်သုံးဆောင်တော်မူပါ။ ဗဟိ ဗဟိ ဘုဇ္ဇာဟိပါဗျား၊ အဂ်ါသား မောင်စံအေးအသား ခါးပါတယ်၊ အမဲစိမ်းသား ချိုပါတယ်၊ မောင်စံအေးအသက် လွှတ်ပေးပါ'ဟု ခွဲတောင်းဖင်ကို ယောက်မဖြင့် တဖုန်းဖုန်း ရိုက်၍ တစ္ဆေသရဲခေါ်ကာ အစာကျွေးလေ၏။ မည်သည့် အစိမ်းသရဲတစ်ကောင်တစ်မြီးမှ ထွက်ပေါ်မလာချေ။ သုသာန်သည် တိတ်ဆိတ်ခြင်းဖြင့် သူတို့၏ စိတ်ကို ချောက်ချားခြင်းဖြစ်ပေါ်စေ၏။ ထို့နောက် သူတို့နှစ်ယောက်သည် ဘေးဘီကို အကဲခတ်၍ မြေကြီးပေါ်တွင် မျက်နှာချင်းဆိုင် ဖင်ချထိုင်ပြီး ဖက်ပေါ်မှ အမဲထမနဲကို ကုန်း၍ အားပါးတရ ခေါင်းမဖော်တမ်း စားလိုက်ကြ၏။ ကုန်သောအခါ အိုးကိုတောင်းထဲ ကပျာကယာထည့်၍ နောက်လှည့်မကြည့်ဘဲ ရွာဆီသို့ သုတ်ခြေတင်ခဲ့ကြလေတော့၏။

ရွာအဝင်တွင် 'ဖတ်ဖီဖတ်ဖီ'ဟု နောက်ပြန်တံတွေးထွေးလိုက်ကြ၏။ အိမ်ပေါက်ဝ,သို့ ရောက်သောအခါ နှစ်ယောက်လုံးက 'အဂ်ါသား မောင်စံအေး လွှတ်ပြီလား၊ ကျွတ်ပြီလား'ဟု ပြိုင်တူအော်မေးလိုက်သည်။ အိမ်ပေါ်မှနေ၍ ကိုထွန်းရှင်က 'အဂ်ါသား မောင်စံအေး လွှတ်ပြီ၊ ကျွတ်ပြီ'ဟု ပြန်ဟစ်အော်လိုက်လေသည်။ သူတို့ပင် အိမ်ပေါ်မရောက်တတ်သေး။ 'အမယ်လေး လူကလေး စံအေးရဲ့ အဖြစ်ဆိုးလှချည်လားဟဲ့'ဟူသော မနက်လှ၏ ခပ်အုပ်အုပ် အော်ဟစ်ငိုလိုက်သံကို တုန်လှုပ်ဖွယ် နားဆင်လိုက်ရပေတော့သတည်း။

❑

သာဟန်နှင့် ကျင်မောင် ပြန်သွား၍ ရွာဝင်ပေါက်ရောက်သည့်အချိန်လောက်၌ ဦးကြာလှိုင်သည် ဆူးစည်းရိုးအောက်ခြေမလွယ်ပေါက် (ခွေးတိုးပေါက်)ကို ဆူးရင်းခွဖြင့် ကလော်၍ ဆို့ထားသော ဆူးခက်အချို့ကို ဖယ်လိုက်သည်။ မလွယ်ပေါက်အောက်မှ လေးဖက်ထောက်၍ တိုးဝင်လိုက်ပြီး ရွာပြင်သို့ ထွက်လိုက်၏။ နိုင်အေးသည်လည်း သူ့အဘိုးနောက်မှ လေးဖက်ထောက် ထွက်လိုက်သည်။ အင်းချ၍ တစ္ဆေစာကျွေးထားသည့် နေရာတွင်တော့ ဖက်ရွက်ချည်းသာ ကျန်လေ၏။ နိုင်အေးက ဖက်များကို တစ်ရွက်ချင်းကောက်၍ အကပ်အသပ်ကို လက်ဖြင့်ကော်ပြီး လျက်နေလေ၏။

'ဟာကောင်လေး ငတ်မနေနဲ့၊ လာ အမဲသားတွဲရှိသေးတယ်။ အိမ်ရောက်မှ ချက်စားရအောင်'ဟု ဦးကြာလှိုင်က ပုန်းမဲစာပင်တွင် ချိတ်ဆွဲထားသော အမဲသားတွဲကို ဆွဲယူ၍ ရွာထဲသို့လာ လမ်းအတိုင်း ဆူးစည်းရိုးကို ငုံ့ဝင်သွားသည်။ နိုင်အေးသည် ကပျာကယာပြေးလိုက်ပြီး လေးဖက်တွား၍ ဆူးတာပေါက်မှ ငုံ့ဝင်လိုက်၏။ ရွာအတွင်းရောက်လျှင် ဖယ်ထားသော ဆူးခက်များကို ဆူးရင်းခွဖြင့်ကော်ပြီး မလွယ်ပေါက်ကို ပြန်ဆို့လိုက်သည်။ နောက်လှည့်၍ တဲအိမ်ဆီသို့ အပြေးတွင် ညာခြေဖဝါးအောက်မှ ပူခနဲဖြစ်သွား၏။


'အောင်မလေး သေပါပြီဗျ' ဟု အော်ဟစ်ကာ သူ့ခြေဖဝါးတွင် စူးဝင်နေသော ကန္တာရဆူးကို ဆွဲနုတ်လိုက်လေ၏။ ထို့နောက် သွေးထွက်နေသော သူ၏ခြေဖဝါးကို ဖုန်သိပ်၍ ကားတာရာဖိနပ်ဖြင့် တဖျပ်ဖျပ် ရိုက်နေလေတော့သတည်း။ ■

သာလွန်ကျော်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နေပင်ညယ်ပြာ ညမြေး

ချာတိတ်မလေးက သူချစ်သူ၏ လက်မောင်း တစ်ဖက်ကို မှီတွယ်ရင်း စိတ်လှုပ်ရှားမှုကို ဖြေဖျောက်နေသည်။ ဘော်ဒါဆောင်သည် ညအမှောင်တွင် ငြိမ်တိတ်လျက်။ ဘေးဘက် ပြတင်းပေါက်မှ တွဲကျနေသော ဇောင်ရှည်က လေတွင် လှုပ်ယမ်းရင်း ကျန်ခဲ့သည်။ ပြတင်းပေါက်တိုင်မှာ တင်းတင်းကျပ်ကျပ် ချည်ထားပြီး အရှည်လိုက် ဆက်ထားသော ဇောင်ပါးသုံးထည်။ ချာတိတ်သည် ညနေ ကတည်းကပင် ဇောင်များကို

BURMESE CLASSIC .com

သူစားပွဲအောက်တွင် သိမ်းဆည်းထားခဲ့သည်။ သစ်သားနှစ်ထပ်အိမ် ဘော်ဒါဆောင်သည် ပျဉ်းကတိုး တိုင်များဖြင့် အတန်ငယ်မြင့်ရာ သူသည် ယောကျာ်းလေးများနေရာ အပေါ်ထပ်မှ အောက်သို့ ရောက်ရန် ဇောင်သုံးထည်ကို ဆက်ချည်ခဲ့ရသည်။ 'မဆရာ' ဟု သူတို့ခေါ်ကြသော ဘော်ဒါဆောင်မှူး ဆရာကြီးနှင့် နောက်ဆုံး စာကျက်သမားတို့ မီးမှိတ် အိပ်စက်ကြပြီး တစ်နာရီတိတိအကြိမ်တွင် ချာတိတ်သည် ဇောင်ရှည်ကို တွဲခိုကာ





www.burmeseclassic.com

www.burmeseclassic.com

အောက်သို့ ဆင်းလာသည်။ အတွင်းလှေကားကို မသုံးဘဲ အောက်သို့ရောက်ရန် သူ့အတွက် တစ်နေ့ကုန် စာကျက်နေရခြင်းလောက် မခက်ခဲလှပေ။ သူ့တွင် နည်းလမ်းများစွာရှိသည်။ သို့သော် ထိုနည်းကိုပင် သုံး၍ တွဲခိုဆင်းခဲ့သည်မှာ သုံးကြိမ်ရှိပြီ။ မနက်တုန်းကတော့ အပေါ်ပြတင်းပေါက်နှင့် အောက်ပြတင်းပေါက်ကြားရှိ ရေနံချေး၀,နေသော သစ်သားပျဉ်ချပ်များပေါ်တွင် သူ့ဖိနပ်ရာများ ထင်ကျန်နေသည်ကို စိတ်မသက်မသာ ကြည့်နေခဲ့ရသည်။ ဖေဆရာသည် ထင်ထားသည်ထက် အကင်းပါးကြောင်း ယခင်အဖြစ်အပျက်များကို ကြည့်၍ သူသိခဲ့ပြီးပြီ။ ပါ၀ါမျက်မှန်ထူကိုဖောက်၍ မြင်ရသော သူ့မျက်လုံး အသေးလေးများသည် အရာရာကို ထွင်းဖောက်မြင်နေရသကဲ့သို့ ရှိသည်။ ထိုမျက်လုံးများသည် 'မင်းတို့သောက်ချိုးတွေကိုပြင်'ဟု အချိန်တိုင်း ပြောနေသယောင်ရှိသည်။ ချာတိတ်သည် ထိုမျက်လုံးများကို ရင်ဆိုင်ကြည့်မိတိုင်း မလုံမလဲစိတ် ဖြစ်ရသည်။ နောက်အခါများတွင် ညပြေးရန် စောင်ဖြင့် တွဲခိုဆင်းခြင်းထက် အခြားနည်းလမ်းများကို သုံးရမည်ဟု တွေးသည်။ ဖေဆရာသည် ဖိနပ်ရာများကို မြင်ပြီး ဘော်ဒါနေ ကျောင်းသားအားလုံး၏ ဖိနပ်များကို တိတ်တဆိတ် လိုက်လံတိုက်စစ်ကြည့်နိုင်သည်။ သို့သော် ချာတိတ်သည် သူ့ကိုယ်သူ ယုံကြည်မှုရှိသည်။ ပြီးခဲ့သော တစ်နှစ်လုံး အကြိမ်ပေါင်း

ydkvfx m;aom
tzkt em;wGif
oYuESuk
teDqkpf tmif
uyf&if
"m;cefzif
tzkuk
at;at;aq;aq;
yif
uavmfzGifonf
cmwdvfu
tcdkfum&Sdf
ydkvfx m;aom
aumfykS
yxrqkH
teMuk
½S&onfuk
ESpfo ufonf

များစွာ ညပြေးခဲ့ပြီးပြီ။

သူ့ချစ်သူနှင့် ပြေးခဲ့သည်မှာ သုံးကြိမ်ရှိပြီ။ သူ့အောက် တစ်နှစ်ငယ်သော ချစ်သူမှာ ပထမအကြိမ် ပြေးတုန်းက အပြန်တွင် စိုးရိမ်စိတ်ဖြင့် ငိုသည်။ သို့သော် သူ့လိုပင် ချစ်သူ ကောင်မလေးသည် အသစ်ကို မွေ့လျော်လင့်နှစ်သက်သူဖြစ်သည်။ စာကျက်ရသည်ကို သေမလောက်ပျင်းရိသူဖြစ်သည်။ အမှတ်များများရလျှင် တက္ကသိုလ်ကောင်းကောင်း တက်ရမှာပေါ့ဟု ပြောသည်များကို စိတ်မ၀င်စားသူ ဖြစ်သည်။

ဒုတိယအကြိမ်တွင် လသာသောညကို ရွေး၍ မြတောင်ဘုရားသို့ သွားခဲ့ကြသည်။ မြတောင်အပေါ်စီးမှနေ၍ သေးငယ်မှိန်ဖျော့သော ဘော်ဒါဆောင်ကို ငေးကြည့်ရသည့် အရသာကို သူတို့မမေ့။ သူတို့ လက်တစ်ဆုပ်စာပင် မရှိတော့သော ဖေဆရာ၏ ဘော်ဒါဆောင်။ သူတို့အတွက် မွန်းကျပ်စရာ အကျဉ်းထောင်တစ်ခု။ ပျဉ်းကတိုးတိုင်လုံးတွေဘေးမှာ ထောင်ထားသော ၀ါးကပ်တုတ်တွေကိုမြင်ပြီး ခြေသလုံးသားတို့ ကျိန်းစပ်စပ်ဖြစ်လာစမြဲ။ အ၀င်၀ တံခါးမကြီးဘေးက ကျောက်သင်ပုန်းကြီးပေါ်တွင် မြေဖြူခဲနှင့် ရေးမှတ်ထားသော ကျောင်းသားအားလုံး၏ လစဉ် စာမေးပွဲရမှတ်စာရင်း။ ဘာသာစုံပေါင်း နှစ်ရာ့လေးဆယ် မပြည့်သော ရမှတ်များနှင့် ကျောင်းသင်ပုန်းအောက်ခြေက သူတို့နှစ်ယောက်၏ နာမည်။

အပြင်ကိုရောက်လျှင်တော့ ထိုအကြောင်းများကို သူတို့ မတွေးချင်။ သူတို့သည် ကောင်းကင်ကို မော့ကြည့်ကာ လွတ်လပ်စွာအော်ဟစ်ချင်သည်။ ဘုရားအနီးက ခွဲဖြတ်ထားသော ကျောက်တုံးများပေါ်တွင် သူတို့ထိုင်ကြသည်။ ချစ်သူသည် ညဘက် တစ်ကြိမ် တစ်ခါမျှပင် လကိုကြည့်၍ ထိုကဲ့သို့ မနေဖူးကြောင်း ၀န်ခံသည်။ ထို့နောက် ကျောက်တုံးမှ ခုန်ဆင်းကာ ပန်းရန်ဆရာများ ညနေကမှ လောင်းထားပုံပေါ်သော မခြောက်သွေ့သေးသည့် အင်္ဂတေများပေါ်တွင် သူ့ဖိနပ်ရာများကို နင်းနှိပ်ကာ တခစ်ခစ်ရယ်သည်။ ချာတိတ်သည် ကျောက်တုံးပေါ်တွင် ထိုင်ရင်းပင်ပါလာသော စီးကရက်ကို ဖွာရှိုက်ရင်း ချစ်သူလုပ်သမျှကို အားပေးအားမြှောက်ပြုသည်။ ထို့နောက် ချစ်သူကိုခေါ်ကာ သူ့စီးကရက်ကို တစ်ရှိုက်နှစ်ရှိုက် ဖွာစေသည်။ တိတ်ဆိတ်သော ညလယ်တွင် ချာတိတ်မလေးသည် ချောင်းတဟွတ်ဟွတ်ဆိုးသည်။ သို့သော် လိုချင်စိတ်ရှိစွာပင် ကြိုးစားဖွာရှိုက်သည်။ မီးခိုးငွေ့များကို နှာခေါင်းမှ သက်သက်သာသာ မှုတ်ထုတ်နိုင်သောအခါ ချာတိတ်မလေးသည် သူ့အတွက် နောက်ထပ် စီးကရက်တစ်လိပ်ပေးရန် တောင်းသည်။ ထို့နောက် ချာတိတ်၏ ရင်ခွင်ထဲ၌ မှိကာ လရောင်ကိုငေးရင်း ဆေးလိပ်အတူဖွာကြသည်။ ချာတိတ်၏ ရုပ်အင်္ကျီထဲသို့ လက်လျှိုသွင်းကာ ခန္ဓာကိုယ်ကို စူးစမ်းသည်။ ထို့နောက် နမ်းရှုပ်ရှုံ့သာ ပြုကြသည်။

ယခုမူ သုံးကြိမ်မြောက် ညပြေးဖြစ်ခဲ့ပြန်ပြီ။ ညနေတုန်းက အနောက်အိမ်သာနားတွင် ခဏတွေ့ကြရင်း ညပြေးမည်ဟု ပြောသဖြင့် ချာတိတ်မလေးသည် တစ်ညလုံး စိတ်လှုပ်ရှားနေရသည်။ ရေနန်းသီးကို ၀ယ်ထားရသည်။ ညဆယ်နာရီခွဲကတည်းက ရင်တထိတ်ထိတ်ဖြင့် လူးလိမ့်ကာ လုံ့အိပ်နေပြီးနောက် တစ်နာရီထိုးခါနီးတွင် အမှောင်ထဲ၌ပင် ထ,ထိုင်လိုက်သည်။ ထို့နောက် ရေနန်းသီးများကို အနွေးထည်အင်္ကျီရှည်အိတ်ကပ်ထဲ၌ အသေအချာထည့်



www.burmeseclassic.com

www.burmeseclassic.com

ကာ အောက်ထပ် နောက်ဖေး ပေါက်တံခါးကို အသံမမြည်အောင် တွန်းဖွင့်ရင်း ထွက်လာသည်။

'အဲဒီခွေးက ပေါင်မုန့် မကြိုက်ဘူး၊ ရေခဲသီးဆို အသေပဲ'

ချာတိတ်မလေးက သူ့ချစ်သူ၏စကားကို ပြန်ကြားယောင်မိသည်။ သူတို့သည် ရေခဲသီးဖြင့် ခွေးနက်မှောင်ကို မိတ်ဖွဲ့ခဲ့ပြီးပြီ။ ပြီးခဲ့သောအခေါက်က ပေါင်မုန့်ကိုသာ ယူသွားမိသဖြင့် ခွေးနက်မှောင်သည် သူတို့ကို မာန်ဖီချင်သည်။ ဟောင်မည်တကဲကဲလုပ်ရင်း ပေါင်မုန့်ကို မစားချင်စားချင် စားသည်။

ချာတိတ်မသည် တစ်နာရီတိတိတွင် ရေတွင်းအနီးရှိ သရက်ပင်အောက်သို့ စမ်းတဝါးဝါး ရောက်လာသည်။ သူတို့နှစ်ဦး ထိုနေရာ၌ ဆုံကြချိန်တွင် သစ်လုံးခုံတန်းအောက်တွင် လှဲအိပ်နေသော ခွေးက အမြီးလှုပ်ရင်း အသံတိတ်ကြိုဆိုသည်။

ခြံစည်းရိုးရှိ ပိတ်ထားသော သံပန်းတံခါးနားရောက်လာတော့ ချာတိတ်က အသင့်ယူလာသည့် လက်နှိပ်မီးကို အလင်း သိပ်မထွက်အောင် လက်ဖြင့်အုပ်ထားရင်း ထိုးကြည့်သည်။ ပုံမှန်ထက် မြင့်အောင်လုပ်ထားပြီး အပေါ်တွင် သံချွန်အတက်များ တပ်ထားသော ခြံတံခါးကို သံကြိုးဖြင့်ပါ သော့နှစ်ထပ်ခတ်ထားသည်။ ချာတိတ်မလေးက တံခါးအပေါ်ထိပ်ရှိ သံချွန်အတက်များရှိရာသို့ တစ်ချက်ကြည့်ရင်း သက်ပြင်းချသည်။ နောက်မှကပ်ပါလာသော ခွေး

t eM
r x G f o G a t m i f
t ay u fu k
v u f z i h
cy f r e f r e f
y d v & i f
o Y S a c i f u k
x k ay u f w G f
a w h u y f y D
z n f z n f ½ S o n f
t w e f u m a t m i f
i d f u o G y D e m u f
u k f u k
y e f w f u m
t ay u fu k
v u f z i h
y e f y d v f x m ; o n f

နက်မှောင်သည် သူ့ခြေသလုံးကို လာနမ်းရင်း အသံပြုသည်။

'ဟောင်တော့မလား မသိဘူး'

'ရေခဲသီးပါတယ် မဟုတ်လား'

ချာတိတ်မလေးက အိတ်ကပ်ထဲက ရေခဲသီးကို နှိုက်ယူသည်။

'အခွံနွှာလိုက်ဦး'

ခွေးနက်မှောင်သည် ရေခဲသီးကို ခပ်မြန်မြန်ပင် စားပြီး အစေ့ကိုထွေးထုတ်သည်။ ထို့နောက် အမြီးတလှုပ်လှုပ်ရှိပြန်သည်။ ချာတိတ်မလေးက တစ်လုံးပြီးတစ်လုံး ပစ်ချပေးသည်။ ချာတိတ်က လက်နှိပ်မီးကို ပါးစပ်တွင် ကိုက်ရင်း ခါးတောင်းကျိုက်သည်။ 'စိုးကရော'ဟု ချာတိတ်မလေးက သူ့ထဘီကို ဆွဲကိုင်ရင်း အသံညှညှဖြင့် မေးသည်။ ချာတိတ်က လက်နှိပ်မီးကို လက်ဖြင့် ပြန်ယူရင်း 'စိုးက ထဘီချွတ်ပြီး တက်လေ'ဟု ရယ်ကျဲကျဲဖြင့် ပြောသည်။ ချာတိတ်မလေးက ပြုံးရင်း အမှောင်တွင်ပင် မျက်စောင်းထိုးသည်။ ထို့နောက် တစ်စစ်ခစ်ရယ်ပြန်သည်။ ထဘီကိုတော့ မချွတ်ဘဲ အရင်နေ့တွေလိုပင် လိပ်တင်ကာ ခါးတွင်ထိုးချည်သည်။

ခြံအပြင်ဘက် ရောက်တော့ ခွေးနက်မှောင်က သံပန်းတံခါးပေါက်မှာ သူ့ခေါင်းကို ထိုးထည့်ရင်း ငေးကြည့်ကျန်ခဲ့သည်။ နောက်ဆုံးကျန်သော ရေခဲသီးကို တံခါးပေါက်မှတစ်ဆင့် ပစ်ပေးတော့ မျှော်ကြည့်နေသော ခွေးက ချက်ချင်းပင် ရေခဲသီးရှိရာကို ပြေးသည်။

အပြင်ရောက်တော့ လုံချည်ကို သေချာပြင်ဝတ်ကြသည်။ အသက်ကို တဝကြီး ရှူကြသည်။ လေသည်ပင် သူတို့အတွက် ကွာခြားလွန်းလှသည်။ ထိုခဏတွင် သူတို့နှင့် ဘော်ဒါဆောင်သည် နည်းနည်းမှ မသက်ဆိုင်တော့ဟု ခံစားရသည်။ ချာတိတ်သည် ထိုခံစားချက်ကို သေမလောက်စွဲလမ်းနေရပြီ။ ဖေဆရာ၏ မျက်လုံးများကို လှည့်စား၍ ပြေးထွက်နိုင်ခြင်းပင်လျှင် အကြီးမားဆုံး အောင်မြင်မှုဟုလည်း မှတ်ယူသည်။ ဖေဆရာကို အနိုင်ရသည်ဟု တွေးမိလျှင် ဝမ်းသာစိတ်က ထိန်းမရ။ တစ်ကြိမ် ညပြေးပြီးတိုင်း ချာတိတ်သည် သူ့ကိုယ်သူ အထင်ကြီးစိတ်ဝင်မိသည်။ နောက်မှ မွေးထားသော ဖေဆရာ၏ ခွေးနက်မှောင်ကိုပင် အပေါင်းအဖော်ပြုနိုင်ခဲ့ပြီ။ စိတ်တူညီသော ချစ်သူကိုလည်း ရခဲ့ပြီ။

'ဒီတစ်ခါ ဘယ်သွားမလဲဟင်'

ချာတိတ်မလေးသည် ချွေးစေးပြန်နေသော လက်များကို တင်းတင်းဆုပ်ထားရင်း မေးသည်။ 'အသစ်ရှိတယ်'ဟု ပြောရင်း သူ့ကိုယ်တိုင် စိတ်လှုပ်ရှားရသည်။

ခွေးရှိသော လမ်းများကို ရှောင်ဖယ်သွားကြသည်။ တစ်ချက်တစ်ချက် ကြားရသော အဝေးက ခွေးဟောင်သံများကလွဲ၍ တစ်မြို့လုံး တိတ်လျက်။ ချာတိတ်မလေးသည် အသံတိုးတိုးဖြင့် စကားတတွတ်တွတ် ပြောလာသည်။ စစ်ဆေးရေးဂိတ်ရှိရာနှင့် အဝေးဆုံးလမ်းအတိုင်း လျှောက်လာပြီး တောင်ကုန်းနားရောက်လာတော့ 'စက်ရုံဘက်သွားဖို့ မဟုတ်လား'ဟု ချာတိတ်မလေးက မေးသည်။ ချာတိတ်က ခေါင်းညိတ်ပြရင်း ခပ်သွက်သွက်လျှောက်သည်။ လူတစ်ယောက်သွားသာရုံ ကျယ်သောလမ်းဖြစ်၍ သူတို့နှစ်ယောက် ဘေးချင်းယှဉ်ကပ်၍ လျှောက်မရတော့။ ချာတိတ်မလေးသည် ချစ်သူ၏ အင်္ကျီအနားစကို ဆွဲကိုင်ရင်း နောက်မှ အမီလိုက်သည်။ ချုံနွယ်မြက်ပင်တွေကြားမှာ မြွေရှိန်၊ ကင်းရှိန်ကိုတော့ သူတို့



www.burmeseclassic.com

နှစ်ယောက်လုံး ကြောက်ကြသည်။

စစ်ဆေးရေးဂိတ်မှနေ၍ ပုံမှန်အတိုင်းသွားလျှင် စက်ရုံနယ်မြေရှိရာဘက်သို့ မိနစ်နှစ်ဆယ်ခန့် လမ်းလျှောက်ရမည်။ ထိုနယ်မြေတစ်ခုလုံးတွင် တစ်ဖက်နိုင်ငံပိုင် စက်ရုံများ အစီအရီရှိသည်။ မန်နေဂျာနှင့် အလုပ်သမားခေါင်းဆောင်များက တစ်ဖက်နိုင်ငံသားများ။ မနက်တိုင်းပင် စစ်ဆေးရေးဂိတ်ကို ဖြတ်၍ စက်ရုံများဆီ အလုပ်ဆင်းသော မြို့နေအလုပ်သမားများမှာ ထောင်ကျော်ရှိသည်။

'ပင်ကီစက်ရုံက ပိတ်ထားတာ တစ်လကျော်တော့မယ်။ လစာတိုးမပေးလို့ အလုပ်သမားတွေ အလုပ်မဆင်းဘဲ ဆန္ဒပြကြတာ ညဘက်တွေတော့ တချို့လူတွေ ဒီလမ်းအတိုင်းပဲ စက်ရုံကို သွားကြတယ်။ ယောကျ်ားလေးသုံးလေးယောက်ပါပဲ။ ခုညတော့ သူတို့ကို ဒီနားမှာ မတွေ့ရပြန်ဘူး'

ချာတိတ်က လမ်းအတိုင်း တခြားမီးရောင်တွေ့မလားဟု စူးစမ်းကြည့်ရင်း ပြောသည်။

'အဲဒါဆို လာတဲ့လူတွေက ညဘက် အလုပ်လာဆင်းကြတာလား'

'မဟုတ်ဘူး'

'အဲဒါဆို ဘာလာလုပ်တာလဲ၊ စက်ရုံက ပိတ်ထားတာကို ပစ္စည်းလာခိုးတာလား'

'မဟုတ်ဘူး၊ ဟိုရောက်ရင် အကြောင်းစုံ သိရမှာပေါ့'

ချာတိတ်မလေးသည် ပို၍ပင် စိတ်လှုပ်ရှားမိသည်။ နာမည်ကြီးသော ပင်ကီစက်ရုံ။ ပင်ကီစက်ရုံသည် စက်ရုံနယ်မြေ၏ အစွန်းဘက်အကျဆုံး ကုန်းမြင့်ပေါ်တွင် ရှိသည်။ စက်ရုံနယ်မြေအတွင်းတွင် တစ်ခုတည်းသော ရှူးဖိနပ်စက်ရုံ ဖြစ်သည်။ စက်ရုံအနောက်ခြမ်းသည် နယ်နိမိတ်မြောင်းရှိရာနှင့် ကပ်လျက်ဖြစ်ပြီး မြောင်းတစ်ဖက်စီရှိ သံဆူးကြိုးနှစ်ထပ်ကို လျှိုဝင်ရုံဖြင့် စက်ရုံအနောက်ပေါက်ကို ရောက်နိုင်သည်။ ထိုအနောက်တံခါးသည် စက်ရုံ ပုံမှန်လည်ပတ်စဉ်က အတွင်းမှနေ၍ အသေပိတ်ထားတတ်သည်။

cmwdwfav;u
oYpfol
vkyfor ukd
pkdufunkif
vkdufvH
rSwfom;onf
ukdjfwkdf
½SKrnfukdvnf
pdwf
vy&Saeonf
oY
vufm;yif
ac;ap;wkdif
pkdmjyefonf
xkd eHkd
ol
ukdufEkdyfhvm;
[kvnf
pkdcdpdwf&Sonf

အနောက်တံခါးသို့ သူတို့ရောက်လာသောအချိန်တွင် သံတံခါးသည် လူတစ်ကိုယ်ဝင်လောက်စာ အနည်းငယ်ဟ၊ထား၍ ထိုနေရာမှ မီးရောင်များ ထွက်နေသည်။ တံခါးအပြင်ဘက်က ချောင်းကြည့်တော့ အတွင်းဖော့စက်ခုံများကြားတွင် လူနှစ်ယောက် အလုပ်ရှုပ်နေသည်။ သူတို့နှစ်ယောက် ခပ်မြန်မြန်ပင် စက်ရုံထဲဝင်ကြပြီး တံခါးကို ပြန်စေ့ပိတ်သည်။

'ကောင်မလေးကို ညဘက်ကြီး ခေါ်လာစရာလားကွာ'

စက်ရုံ ညစောင့်သည် အရှေ့တံခါးမှ ခပ်သွက်သွက်လျှောက်လာရင်း ချာတိတ်ကို အသံကျယ်ကျယ်အပြစ်တင်သည်။ ချာတိတ်က အင်္ကျီအိတ်ကပ်ထဲမှ ပိုက်ဆံကို ထုတ်ရင်း 'နှစ်ယောက်စာပေးရင် ပြီးတာပဲ မဟုတ်လား' ဟုပြောသည်။ ညစောင့်သည် သူ့လက်ထဲမှ ပိုက်ဆံကို ခပ်မြန်မြန်ပင် ဆွဲယူသည်။

'မြန်မြန်လုပ်ကြ၊ နောက်လည်း မင်းတို့ လာလို့ရမှာ မဟုတ်တော့ဘူး။ စက်ရုံက ပြန်ဖွင့်ရတော့မှာ၊ အလုပ်သမားတွေ ထမင်းငတ်နေပြီ ငါသိတယ်။ သူတို့ ကြာကြာ တင်းမခံနိုင်တော့ဘူး။ ရတဲ့လစာနဲ့ အလုပ်လာဆင်းတော့မှာ'

ညစောင့် အဘိုးကြီးသည် ပိုက်ဆံကို ထိုးထည့်ရင်း တဖျစ်တောက်တောက် ပြောသည်။

'နောက်ပြီး မင်းတို့ကို ပြောရဦးမယ်။ ပုံးအသစ်တွေချည်း လိုက်ဖွင့်မနေကြနဲ့။ အသစ်အဟောင်း အကုန်အတူတူပဲ။ ခုတောင် မင်းတို့ဖွင့်ထားတာတွေများနေပြီ။ မန်နေဂျာ လာကြည့်လို့ တွေ့ရင် အားလုံးပေါ်ကုန်မယ်။ ဟိုကောင်တွေလည်း ဘယ်လိုပြောပြော နားမပေါက်တဲ့ကောင်တွေ'

ဖော့စက်ခုံများကြားမှ သူတို့ထက် အရင်ရောက်နေသော သုံးယောက်က အဘိုးကြီးပြောသမျှကို ဂရုမစိုက်ကြ။ တစ်ယောက်က စက်ခုံအောက်က ဖော့တုံးများကြားတွင် အရုပ်ကြီးပြတ်ကျသလို ခွေလှဲနေသည်။ ချာတိတ်နှင့် ရင်းနှီးပုံရသော တစ်ယောက်က ခေါ်ပြောနှုတ်ဆက်ပြီး ချာတိတ်မလေးဘက်သို့ တစ်ချက် စူးစမ်းကြည့်နေသော်လည်း သူတို့မှာ သေချာမအားလပ်ကြ။ စတိုခန်းမှ ထုတ်ယူထားပုံရသော ပုံးတစ်ပုံးကို သူတို့ကိုယ်လုံးဖြင့် ကွယ်ထားရင်း ခိုးကြောင်ခိုးဝှက်ပုံစံ ဖြစ်နေကြသည်။ အဘိုးကြီးအလစ်တွင် ထိုပုံးကို အပြင်ကိုခိုးထုတ်ရန် ကြံစည်ထားပုံရသည်။

'မင်းတို့ ဝင်တော့လေ'

တစ်ယောက်က ပြောရင်း သူ့လက်ထဲက ဓားချွန်ကို ကမ်းပေးသည်။

'မင်းတို့ ပြန်ရင် စက်ခုံပေါ်မှာပဲ တင်ထားလိုက်'

သူတို့သည် အရှေ့ဝင်ပေါက်တံခါးဘက်မှ ရပ်ကြည့်နေသော အဘိုးကြီး အလစ်ကို စောင့်နေကြသည်။

'ပုံးအသစ်ပဲ ဖောက်ကွ၊ ငါတို့ဆို ပုံးအသစ်ပဲကြိုက်တာ'

ချာတိတ်က သူ့ချစ်သူ၏ လက်ကို ဆွဲပြီး စတိုခန်း



www.burmeseclassic.com

www.burmeseclassic.com

ထဲသို့ ဝင်သည်။ အခန်းထဲက မီးလုံးက လင်းလိုက်မှိန်လိုက် ဖြစ်နေသည်။ ချာတိတ်က တံခါးကို ပြန်ပိတ်ထားလိုက်သည်။

'ကော်ရှုမလို့ ရှုကြည့်လေ'

ချာတိတ်က စတိုခန်းထောင့်တွင် ထပ်စီထားသော ကော်ပုံးများကို ကြည့်ရင်း ပြောသည်။ ဖိနပ်သားရေပြားများ ကပ်ရာတွင် သုံးသော ကော်ပုံးများ။ လီတာနှစ်ဆယ် ဝင်သံပုံးများပေါ်တွင် အဖုံးဝိုင်းလေးဖြင့် ပိတ်ထားသော ကော်ရည်များ။ ပြန်ထပ်တင်ထားပုံရသော အပေါ်ဆုံးပုံးတစ်ပုံးမှ အဖုံးက ပွင့်လျက်ရှိသည်။ အခန်းတစ်ခုလုံး ကော်နံ့များဖြင့် လှောင်ပိတ်နေသည်။

ချာတိတ်က အသစ်စက်စက် ကော်ပုံးတစ်ပုံးကို ရွေးယူပြီး သမံတလင်းကြမ်းပြင်ပေါ် အသေအချာထိုင်သည်။ ပိတ်ထားသော အဖုံးအနားတွင် သူ့မျက်နှာကို အနီးဆုံးဖြစ်အောင်ကပ်ရင်း ဓားချွန်ဖြင့် အဖုံးကို အေးအေးဆေးဆေးပင် ကလော်ဖွင့်သည်။ ချာတိတ်က အချိန်ကြာရှည် ပိတ်ထားသော ကော်ပုံးမှ ပထမဆုံးအနံ့ကို ရှူရသည်ကို နှစ်သက်သည်။ ဒေါက်ခနဲ မြည်သံနှင့်အတူ သံအဖုံးဝိုင်း ပွင့်ထွက်သည်နှင့် အနံ့မထွက်သွားအောင် အပေါက်ကို လက်ဖြင့် ခပ်မြန်မြန်ပိတ်ရင်း သူ့နှာခေါင်းကို ထိုအပေါက်တွင် တေ့ကပ်ပြီး ဖြည်းဖြည်းရှူသည်။ အတန်ကြာအောင် ငြိမ်ကျသွားပြီးနောက် ကိုယ်ကို ပြန်မတ်ကာ အပေါက်ကို လက်ဖြင့် ပြန်ပိတ်ထားသည်။ သူ့မျက်လုံးများကို မှိတ်ထားရင်း လေကို ပါးစပ်ဖြင့် ခဏရှူသည်။ ထို့နောက် ကော်ပုံးနား ကပ်၍ အကြိမ်များစွာ ထပ်ရှူသည်။ ချာတိတ်မလေးက သူ့ချစ်သူ လုပ်သမျှကို စိုက်ကြည့်ရင်း လိုက်လံမှတ်သားသည်။ ကိုယ်တိုင်ရှူရမည်ကိုလည်း စိတ်လှုပ်ရှားနေသည်။ သူ့လက်များပင် ချွေးစေးတို့ဖြင့် စိုလာပြန်သည်။ ထိုအနံ့ကို သူကြိုက်နိုင်ပါ့မလားဟုလည်း စိုးရိမ်စိတ်ရှိသည်။

ချာတိတ်က အကြိမ်များစွာ ရှူပြီးနောက် စိတ်ကျေနပ်သွားဟန်ဖြင့် အဖုံးကို ပြန်ပိတ်ပြီး မတ်တတ်ရပ်လိုက်သည်။

'ဒီပုံးပဲ ဆက်ရှူလိုက် ပုံးအသစ်ဆို တော်တော်ပြင်းတယ်'

စကားမဆုံးခင်ပင် ချာတိတ်မလေးသည် ဒူးထောက်ထိုင်ချရင်း ကော်ပုံးရှေ့တွင် အသင့်ဖြစ်နေပြီ။ ကော်ပုံးပေါ်က သူ့လက်တို့သည် မသိမသာ တုန်ယင်နေကြသည်။ အဖုံးကို ခပ်မြန်မြန်ဖွင့်ရင်း သူ့ခေါင်းကို အပေါက်ဆီသို့ ငုံ့ရှူလိုက်သည်။ ချက်ချင်းပင် ချာတိတ်မသည် တစ်ချက် ရှူးရှူးအော်ရင်း ဆတ်ခနဲ ပြန်ခွာသည်။ သမံတလင်းပေါ်တွင် ခြေဆင်းထိုင်ချမိသည်။ သူ့ငယ်ထိပ်ကို လက်ဖြင့် ရိုက်ထုသည်။ ထို့နောက် နေရခက်စွာဖြင့် သူ့ခေါင်းကို မော့လိုက်ငုံ့လိုက် လုပ်နေသည်။ ကော်ပုံးကို ပြန်ကြည့်ရင်း ပြင်းထန်စူးရှလွန်းသော ထိုအနံ့ကို တအံ့တဩဖြစ်လျက်ရှိသည်။ နှာခေါင်းမှနေ၍ သူ့ခေါင်းထဲသို့ အချွန်ဖြင့် ထိုးလိုက်သလို ခံစားလိုက်ရသည်။ ချာတိတ်က သူ့ချစ်သူကို ကြည့်ရင်း အသံထွက်အောင် ရယ်သည်။

'နောက် နှစ်ခါ၊ သုံးခါလောက် ရှူကြည့်လိုက်ဦး'ဟု ပြောသည်။ ချာတိတ်မလေးက တစ်ချက်ငြိမ်သွားပြီး မဝံ့မရဲပုံစံဖြင့် ကော်ပုံးနားကပ်ပြန်သည်။ အဖုံးကို ဖွင့်ထားလိုက်ပြီး အချိန်ခဏစောင့်သည်။ အသက်အောင့်ထားပြီးမှ နှာခေါင်းတေ့သည်။ ထို့နောက် ခပ်ဖြည်းဖြည်း မရဲတရဲရှူသည်။ သုံးလေးခါ ရှူပြီးသည့်နောက် ချာတိတ်မလေးက မတ်တတ်ရပ်လိုက်ရင်း ကော်ပုံးဘက်ကို လှည့်မကြည့်တော့။ သူ့နားသယ်နှစ်ဖက်တွင် ချွေးများ စီးကျနေသည်။ သူ့ဆံပင်က ကပိုကရိုဖြစ်လျက်။ 'ခေါင်းမူးတယ်'ဟုလည်း ပြောသည်။ ချာတိတ်က သူ့ချစ်သူကို ဆွဲဖက်ရင်း နှုတ်ခမ်းကို တစ်ချက်နမ်းသည်။ တင်ပါးကို ပွတ်သပ်သည်။ ထိုအချိန်တွင် စက်ရုံနာရီမှ မနက်သုံးနာရီထိုးသံကို ကြားရသည်။ သူတို့နှစ်ယောက် ချက်ချင်းပင် ပူးကပ်နေရာမှ ခွာလိုက်ကြသည်။

သူတို့သည် စကားပင် မပြောကြတော့ဘဲ စက်ရုံအနောက်တံခါးဆီသို့ အပြေးထွက်လာကြသည်။ ဖော့စက်ခုံများကြားတွင် ဝှက်ထားသော ကော်ပုံးတစ်ပုံးနှင့် အရင်ရောက်နေသော သုံးယောက်လည်း မရှိတော့။ ညစောင့်အဘိုးကြီးသည် သူတို့ပြေးသွားသည်ကို မြင်ပြီး အနောက်တံခါးကို အတွင်းမှ ပိတ်ရန် ပြေးလာချိန်တွင် သူတို့မှာ နယ်နိမိတ်မြောင်းကို ဖြတ်ကျော်နေပြီ။ အမှန်ဆို နှစ်နာရီခွဲလောက်ကတည်းက ပြန်သင့်သည်။ အပြေးမြန်လျှင်ပင် ဘော်ဒါဆောင်သို့ ရောက်ရန် မိနစ်လေးဆယ်လောက် ကြာလိမ့်မည်။ လေးနာရီထိုးလျှင် စာထ, ကျက်သူများ ရှိမည်။ ဖေဆရာသည် မနက်တိုင်း လေးနာရီခွဲတိတိတွင် နိုးမြဲ ဖြစ်သည်။ မိုးမရွာခဲ့လျှင် လေးနာရီတွင် ဝရန်တာ၌ စာထွက်ကျက်သူများမှ မီးရောင်များ လင်းနေလိမ့်မည်။

သူတို့သည် တောင်ကုန်းတစ်ဖက်ရှိ တခြားဖြတ်လမ်းဆီမှ ပြေးလာကြသည်။ ချုံနွယ်များပြည့်နေသော လမ်း။ မြွေတွန်သံကိုပင် ကြားရသလိုရှိသည်။ ချာတိတ်မလေးသည် မောလွန်း၍ အသက်ပြင်းပြင်း ရှူနေရသည်။ ခေါင်းကိုက်မူးဝေခြင်းကိုလည်း ခံစားနေရသည်။

ဘော်ဒါဆောင်ခြံဝင်းတံခါးသို့ သူတို့ရောက်ချိန်တွင် အဆောင်တစ်ခုလုံး မှောင်နေဆဲ။ အသံမကြားရသေး။ ချာတိတ်က သက်ပြင်းချသည်။ သူ့ချစ်သူကို သံပန်းတံခါးပေါ် အရင်တက်စေသည်။ ချာတိတ်မလေးက ထဘီကို လိပ်တင်ကာ ခါးတွင် ထိုးလိမ်ရင်း တံခါးပေါ် တက်သည်။ မောလွန်း၍ သူ့တစ်ကိုယ်လုံး တုန်နေသည်။ သူ့နှာခေါင်းတစ်ခုလုံး ကော်နံ့များစွဲကာ ထိုအနံ့ကိုပင် အချိန်တိုင်း ရှူနေရသလို



www.burmeseclassic.com

www.burmeseclassic.com

တွေးထင်လာသည်။ ရင်ဘတ်တစ်ခုလုံး နာနေသည်။ တံခါးအပေါ်ထိပ်ရောက်လျှင် သံတိုင်များကို ခွထားပြီး သူ့ခြေထောက်တစ်ဖက်ကို ခြံဝင်းဘက်ခြမ်းသို့ မကျော်နိုင်တော့။ သံတန်းကို ကိုင်ထားသော သူ့လက်များက အားပျော့လာသည်။ လွှတ်ချလိုက်ချင်ပြီ။ ချာတိတ်မလေးသည် ထိုအပေါ်တွင် တရိပ်ရိပ်မှုးလာကာ ကိုယ်ကို ပစ်လှဲချင်စိတ်ပင် ဖြစ်လာသည်။

ချာတိတ်က လက်နှိပ်မီးဖြင့် မျက်နှာကို ထိုးကြည့်တော့ အခြေအနေကို ရိပ်စားမိသည်။ ချက်ချင်းပင် သူ့ချစ်သူကို ထိန်းရန် တံခါးပေါ်သို့ တက်သည်။ လူနှစ်ယောက်အားကြောင့် တံခါးသည် ပို၍ လှုပ်ယမ်းပြီး သော့ခလောက် တွဲချည်ထားသော သံကြိုးမှ အသံမြည်လာသည်။ ရုတ်တရက် ခြံနောက်ဘက်ဆီမှ ပြေးလာသော ခွေးနက်မှောင်သည် အသံကုန် ထိုးဟောင်လိုက်သည်။ ခွေးဟောင်သံသည် ညအမှောင်တွင် ဟိန်း၍ သူတို့နှစ်ယောက် တစ်ကိုယ်လုံးပင် တုန်သွားသည်။ နက်မှောင်သည် တံခါးနားထိ ရောက်လာကာ အဆက်မပြတ် ထိုးဟောင်သည်။ ချာတိတ်က တံခါးပေါ်မှ ပြန်ဆင်းသည်။

'နက်မှောင် ငါတို့လေ၊ ငါတို့လေ'

ဟောင်သံက ရပ်မသွား။ ချာတိတ်မလေးက တံခါးထိပ်တွင် တုန်ယင်ပြီး ဘာလုပ်ရမှန်းမသိသေး။ တံခါးထိပ် သံချွန်များကို ခွထားဆဲ။

'ရေဝင်းသီး… ရေဝင်းသီး ရှိသေးလား'

သူတို့သည် အင်္ကျီအိတ်ကပ်များကို ယောင်ယမ်းစမ်းကြသည်။

'မြန်မြန်ဆင်းလာတော့၊ မြန်မြန် မြန်မြန် ဒီဘက်ကိုဆင်း'

အဆောင်အောက်ထပ်မှ မီးပွင့် နှစ်ပွင့်၊ သုံးပွင့် ဆက်တိုက်လင်းလာသည်။ မီးခလုတ်ကို ဖွင့်လိုက်၍ အပေါ်ထပ်တစ်ခုလုံး လင်းထိန်သွားသည်။ မီးရောင်ကြောင့် သူတို့ရှိရာကို မသဲမကွဲ မြင်နိုင်သည်။ ချာတိတ်မလေးသည် သူ့ခြေထောက်တစ်ဖက်ကို ခပ်မြန်မြန်လှုပ်ရှားပြီး ခြံအပြင်ဘက်သို့ဆင်းရန် ကြိုးစားသည်။ ခါးထက်မှ ထိုးလိပ်ထားသော ထဘီသည် ပြေကျပြီး အနားစများက သံတိုင်များကြားတွင် ချိတ်နေသည်။ ချာတိတ်မသည် သံချွန်မှ ထဘီသားများကို ခက်ခက်ခဲခဲ ဆွဲဆုတ်သည်။ တံခါးသည် လှုပ်ခါယမ်းနေသည်။

အဆောင်ဘက်မှ လူရိပ်သုံးလေးခု။ ထို့နောက် အော်သံများ။

'ပြေးတော့… ပြေးတော့ မရတော့ဘူး'

ချာတိတ်မလေးက သူ့ချစ်သူကို တစ်ယောက်တည်း ထွက်ပြေးရန် အော်သည်။ ချာတိတ်က တံခါးနားသို့ ပို၍ပင် တိုးကပ်လိုက်သည်။

ဖေဆရာသည် လေ၏အလျင်မျိုးဖြင့် ပြေးထွက်လာသည်။ လက်နှိပ်ဓာတ်မီး အလင်းစူးစူးက သူတို့ကိုယ်ပေါ်သို့။ ထို့နောက် တက်ခေါက်သံပြင်းပြင်းတစ်ချက်။

ခွေးနက်မှောင်က ထိုးဟောင်ဆဲ။

■

နေ၊ပင်လယ်ပြာ၊

ကြော်ငြာ



www.burmeseclassic.com

# စွမ်းမှဆောင်နိုင်မယ်

ဦးစန္ဒိမာ (ဓလင်း)

တစ်လောက အသက် ၅၀ ကျော်အရွယ် ဒကာတစ်ဦးနဲ့ ၁၄ နှစ်အရွယ် ဒကာမလေးတစ်ဦး စာရေးသူဆီ ရောက်လာတယ်။

‘ဒါ တပည့်တော်သမီးလေးပါ ဘုရား၊ န၀မတန်း တက်နေပါတယ်။ သူ့အတွက် **လွတ်လပ်ရေးနေ့** ကဗျာ ရေးပေးဖို့ ဘုန်းဘုန်းဆီလာပြီး အကူအညီတောင်းတာပါဘုရား’

စာရေးသူ ထောင်းခနဲ စိတ်တိုသွားရဲ့။ နို့ပေမဲ့ ဒေါသကို အပြင်မထွက်ရလေအောင် တားဆီးသိုဝှက် ပိတ်ပင်ထားလိုက်နိုင်တယ်။

‘အထကကျောင်းမှာ **လွတ်လပ်ရေးနေ့** ကဗျာပြိုင်ပွဲအတွက်ပါဘုရား’

သူတို့ကို ပြုံးကြည့်ပြီး စိတ်ကိုလည်း ထိန်းရင်း မကြမ်းတမ်းတဲ့စကားလုံး ပြောလိုက်ရတယ်လေ။

‘နံပါတ်တစ်က ကဗျာရေးနည်းကို အရင်လေ့လာရမှာရယ်၊ ဒီနောက် လွတ်လပ်ရေးနေ့နဲ့ပတ်သက်ပြီး ဖတ်ရမှတ်ရမယ်၊ လေ့လာရမယ်၊ ကဗျာအဖြစ် ရေးရမယ်ပေါ့။ ကဗျာဆိုတာ စကားပြေလို ရှည်ရှည်ဝေးဝေး ရေးခွင့်မရှိဘူးရယ်။ ကျစ်ကျစ်လျစ်လျစ်၊ လှလှပပ၊ ထိထိမိမိ အဓိပ္ပာယ်ပေါ်လွင်အောင် ကာရန်နဲ့ အလှဆင်ရမယ်လေ။ ရေးတတ်အောင်လည်း လေ့လာရမယ်၊ တွေးတတ်အောင် ဖတ်ရမှတ်ရမယ်ပေါ့။ ဆရာ့ဆရာတွေ ဘယ်လိုဖွဲ့ဆိုသီကုံးထားသလဲ၊ ဘယ်လို တင်စားထားသလဲဆိုတာတွေနဲ့ နိမိတ်ပုံနဲ့သင်္ကေတတွေ၊ ဥပမာ ဥပမေယျတွေ၊ တင်ပြပုံတွေ စေ့ငုရပါမယ်။ ဘယ်သူမှ အမေမွေးကတည်းက တတ်မြောက်လာခဲ့တာ မဟုတ်ဘူးရယ်။ ဒီလိုပဲ သင်ယူလေ့လာကြရတယ်၊ ဆည်းပူးအားထုတ်ကြရတယ်။ ဒီတော့ ပြောချင်တယ်၊ ကိုယ့်ဘာသာပဲ ရေးပါ၊ ရှဲဒိုး မလုပ်ချင်ပါနဲ့’

အဲဒီအခါမယ် ဖခင်ဖြစ်သူက အတွန့်တက်လာပြန်တယ်။

‘အတန်းပိုင်ဆရာမ ဒေါ်..... ကိုယ်တိုင် ဘုန်းဘုန်းဆီ သွားအရေးခိုင်းပါလို့ ပြောလိုက်လို့ပါ ဘုရား’

‘ဒါဆိုရင် ခင်ဗျားတို့ မရိုးသားဘူးရယ်။ **လွတ်လပ်ရေးနေ့** ကဗျာ ကျုပ်ကို အရေးခိုင်းမယ်၊ ပြီးတော့ ခင်ဗျားသမီးနာမည်နဲ့ ပြိုင်မယ်။ ဘာအနှစ်သာရ ရှိတော့မှာလဲ၊ ဘယ်လိုလုပ် ရိုးသားခြင်း ရှိတော့မှာလဲ။ အဲဒီလိုလုပ်လို့ရမှန်းသိရင် ခင်ဗျားသမီး တစ်သက်လုံး အချောင်စိတ်၊ အသာစံစိတ်နဲ့ မသမာစိတ်တွေ ဝင်သွားတော့မှာပေါ့နော့။ ကဲ... ကျုပ်က ရေးပေးလိုက်ပါပြီတဲ့၊ ဆုရသွားပါပြီ တဲ့။ ဒိုင်လူကြီးအကဲဖြတ်ဆရာတွေက ဒီကဗျာ ဘယ်လိုရေးထုံးရေးနည်းပုံစံနဲ့ ရေးသလဲ၊ ဘယ်လိုကာရန်တွေ ယူထားသလဲလို့မေးရင် ခင်ဗျားသမီး ဘယ်လို ဖြေမလဲ။ အဲဒီအခါမှာ ခွေးအ,ကြီး လှည်းနင်းသလို ဖြစ်မသွားနိုင်ဘူးလား၊ မတော် အရှက်တကွဲ ဖြစ်မသွားနိုင်ဘူးလား။ အာဇာနည်နေ့လို၊ ပြည်ထောင်စုနေ့လို၊ မွေ့စကြာနေ့တို့လို အရေးခိုင်းရင်ကော အဲဒီအချိန်မှာ ရေးပေးမယ့်လူ နေထိုင်မကောင်းတာတို့၊ ခရီးဝေးရောက်နေတာတို့ဆိုရင် ဘယ်လိုလုပ်မလဲ။ ဘာပဲလုပ်လုပ် လိပ်ပြာသန့်ဖို့ လိုတယ်



www.burmeseclassic.com

www.burmeseclassic.com

နော်၊ အမှန်အတိုင်းမြင်ဖို့လိုတယ်နော်။

'အလုပ်တစ်ခုမှာ ရင်းနှီးလိုက်စမ်းပါ၊ အနာခံလိုက်စမ်းပါ။ ကဲ အခု လွတ်လပ်ရေးနေ့ကို အကြောင်းပြုပြီး ရေးနည်းလေ့လာပြီး ရေးတတ်သွားမယ်ဆိုရင် အခြားနေ့ထူးနေ့မြတ်တွေအကြောင်းပါ မရေးတတ်ပေဘူးလား၊ အဲဒါဂုဏ်ယူစရာ မဟုတ်ပေဘူးလား'

အဲဒီနေ့က စာရေးသူနဲ့ သူတို့သားအဖ အရောင်းအဝယ် တည့်မသွားပါဘူး။ စာရေးသူပြောတာတွေကိုလည်း သူတို့ နားမလည်ပါဘူး။ မကြည်မလင်နဲ့ ပြန်သွားကြပါလေရော။ စာရေးသူက ဒါမျိုးတွေ မကြာခဏ တွေ့တွေ့နေရတယ်လေ။ ကဗျာသာမက စာစီစာကုံးတွေလည်း လာလာအရေးခိုင်းကြတာပါပဲ။ ဘယ်သူ့မှ ရေးမပေးပါဘူး။ နည်းနာနိဿယပေးပြီး ပြန်လွှတ်လိုက်တာချည်းပါပဲ။ ဒါ စေတနာအမှန်ပါပဲ။ ခက်တာက စာရေးသူရဲ့စေတနာကို အများစုက နားမလည်ကြပါဘူး၊ လက်မခံကြပါဘူး။

ရေးပုံရေးနည်း လေ့လာပြီး ကိုယ်တိုင်ရေးတဲ့လူက ၁၀ ယောက်မှာ ၃ ယောက် မရှိပါဘူး။ တပ်လှန်ပြန်သွားကြတာချည်းပါပဲ။ ဒီဘုန်းကြီးက မာနကြီးတယ်ဆိုတဲ့ ပုဒ်မတောင် ကွယ်ရာမှာ ပြောဆိုတပ်လိုက်ကြပါသေးတယ်။ ပိုဆိုးတာက စာစီစာကုံးကို ဆရာ ဆရာမတွေက သူတို့တပည့်တွေကို အာဂုံဆောင် အလွတ်အကျက်ခိုင်းခြင်းပါပဲ။ ဒါမျိုးဆိုတာ အလွတ်ကျက်ရတာ၊ အာဂုံဆောင်ရတာမှ မဟုတ်ဘဲကလား။ သဘောတရားရေးရာတွေ နားလည် ခံစားတတ်အောင် လေ့လာရမှာလေ။

ဥပမာ ဆိုကြပါစို့။ နွေအကြောင်း စာစီစာကုံးရေးပါပြီတဲ့။ နမူနာစာတစ်ပုဒ်ကို အာဂုံဆောင်ပြီး ပုံတူကူးချ ရေးသားလိုက်ပါပြီတဲ့။ ဘယ်မလဲ ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်အတွေး။ အဲ 'ဆောင်း' အကြောင်း၊ 'မိုး'အကြောင်း စာစီစာကုံး ရေးဖို့ကြုံလာရင် ဘယ်လိုလုပ်မလဲ။ အာဂုံဆောင်ထားတဲ့ နွေအကြောင်း ပြန်လည်တွေးတောလို့လည်း နောက်ခံကားချပ် ရုပ်ပုံလွှာချင်းမှ မတူဘဲကိုး။ ခေါင်းစီးချင်း ကိုယ်ထည်ချင်းမှ မတူဘဲဟာ ကိုး။ အဲဒီနေရာမှာ နွေအကြောင်း အရေးခိုင်းစဉ်ကတည်းက ဆောင်းဆိုရင် နှင်းတွေ၊ သဇင်တွေ၊ ခွာညိုတွေ၊ ကောက်ညှင်းပေါင်းတွေ၊ လယ်ကွင်းစိမ်းစိမ်းစိုစိုတွေ ပါမယ်။ မိုးဆိုရင် မိုးစက်တွေ၊ ရာသီပေါ်ပန်းတွေ၊ သစ်သီးဝလံတွေ၊ မိုးချုန်းသံတွေ၊ လျှပ်စီးလက်တာတွေ၊ ပူလိုက် အေးလိုက် ရာသီဥတု မညီမျှတာတွေပါမယ်။ ရာသီဥတုပေါ်မှီတည်တဲ့ စိတ်ခံစားမှုတွေပါမယ်။ ဘယ်လိုပေါ်လွင်သိသာအောင် ရေးရမယ်ဆိုတာ သင်ပေးခဲ့ရင် ဘာအခက်အခဲရှိတော့မှာလဲ၊ မရေးတတ်စရာ ဘာအကြောင်းရှိတော့မှာလဲ။ ပဲ့ကိုင်ရှင် အရေးမကြီးပေဘူးလား၊ လမ်းပြရှေ့ဆောင် အခိကမကျပေဘူးလား။

တွေ့ရပါသေးတယ်။ ဖေ့စ်ဘွတ်ခ်မှာ ကဗျာဆောင်းပါး၊ ဝတ္ထုတိုတွေ ရေးနေသူတွေ မြှောက်ပင့်ပြောရင်ရေးရင်ကြိုက်တယ်။ အမှန်အတိုင်းဝေဖန်ပေးတဲ့လူဆိုရင်မုန်းတယ်။ ဖေ့စ်ဘွတ်ခ်မှာက အကဲဖြတ် အယ်ဒီတာ မရှိဘူးလေ။ သတ်ပုံသတ်ညွှန်းကအစ ဝေဖန်ထောက်ပြမယ့်သူ မရှိဘူးလေ။ ဒီတော့ ပြိုင်ဘက်မရှိ တစ်ယောက်တည်း အပြေးပြိုင်တာ ပထမရနေသလို ဖြစ်မနေဘူးလား။ မဂ္ဂဇင်းမှာ ဝင်တိုးပါလားဆိုတော့လည်း သတ္တိမရှိဘူး။ မဂ္ဂဇင်းမှာ ဝင်တိုးမှ အယ်ဒီတာ မှတ်ကျောက်အတင်ခံနိုင်မှာ ဟုတ်လား။ ဘာမှမတတ်မသိ နားမလည်တဲ့လူ ၁၀ ယောက် ချီးမွမ်းတာထက် တတ်သိနားလည်တဲ့ပညာရှင်တစ်ယောက် ကဲ့ရဲ့ဝေဖန်ထောက်ပြတာ မနာခံသင့်ဘူးလား။ လောကမှာ ဆရာနဲ့ကော ကင်းကွာလို့ ရကောင်းသလား။

ပြောချင်တာက နာမည်ကြီးရုံသက်သက်၊ ထင်ပေါ်ကျော်စောရုံသက်သက်၊ ကဗျာဆရာ စာရေးဆရာ အမည်ခံ မည်ကာမတ္တ သက်သက်နဲ့တော့ ကဗျာမရေး၊ စာမရေးချင်ပါနဲ့လို့ ဆိုချင်တယ်။ ကိုယ်သိသလို၊ ကိုယ်ခံစားရသလို အများသိပါစေ၊ ခံစားရပါစေဆိုတဲ့
စေတနာနဲ့ရေးပါ။
နည်းနာနိဿယ
မှန်ကန်စွာလေ့လာပါ။
ထင်ပေါ်ရင် စင်တော်က
ကောက်မယ်ဆိုတာပါပဲ။
လောကမှာ ဘယ်အရာမဆို
ရင်းနှီးမြှုပ်နှံမှုရှိရမှာ၊
စွန့်စားရမှာ၊ အနာခံရမှာ၊
ပျိုးသန်းရမှာ၊ သင်ယူရမှာတွေ
အများကြီးပါ။ ဘယ်အရာမှ
ဥုံဖွအပ်ချလောင်း
ဆိုပြီး တစ်မဟုတ်ချင်း
ဖြစ်ပေါ်လာတာ မဟုတ်ပါဘူး။
'စွမ်းဆောင်'ဆိုတဲ့
မြန်မာစကားရှိတယ် မဟုတ်လား။
စွမ်းက ရှေ့ကပါ။ စွမ်းမှ
ဆောင်နိုင်တာပါ။ တာဝန်သိခြင်း၊
တာဝန်ယူခြင်းဆိုတဲ့ အလုပ်ဟာ
စွမ်းဖို့က အဓိကကျတယ်လေ။
စွမ်းတယ်ဆိုတာ စွမ်းရည်ကို
ပြောတာပါ။ အဲဒါသတ္တိပဲ။
ဗျတ္တိကျတော့ ကျွမ်းကျင်မှု။
သတ္တိကအကြောင်း၊ ဗျတ္တိက
အကျိုး။ သတ္တိက
မမြင်နိုင်တဲ့ စွမ်းရည်၊
ဗျတ္တိက မြင်နိုင်တဲ့စွမ်းရည်။
သတ္တိက အတွင်းမှ ငုပ်လျှိုးနေတာ၊
ဗျတ္တိက အပြင်သို့ ပေါ်ထွန်းလာတာ။
သတ္တိ ဆိုတာ အရည်အချင်း၊
အရည်အသွေး။သတိပြုရမှာက
သတ္တိမရှိဘဲ ဗျတ္တိမရှိနိုင်
ဖြစ်မလာနိုင်ဘူးဆိုတာပါပဲ။
ဒီတော့ သတ္တိကို
မွေးမြူကြပါလို့ပြောချင်တယ်။
သတ္တိရှိမှ စွမ်းနိုင်မှာ။
စွမ်းမှ ဆောင်နိုင်မှာဟုတ်လား။
သာမညနဲ့ အဓိက မတူပါဘူး။
အရိပ်ရှိမှ အရောင်ထွက်မှာမို့
ဒါလေးတွေ
သတိပြုစေချင်တယ်လေ။

■

**ဦးစန္ဒိမာ၊စလင်း၊**



www.burmeseclassic.com

၁။

နေသည်
ရှိမှန်းသိနေရသော်လည်း
ပူသည့်အလင်းကို
ပိတ်ကာထားသော အပင်
ကြီးများနှင့် နှင်းကဲတတ်
သော ရာသီသဘာဝတို့
ကြောင့် မြို့ကြီးအတွင်း
အပူကင်းလို့နေသည်။
မြို့၏အတွင်းလမ်း
တစ်လျှောက်တွင်
သစ်ပင်ကြီးများ စီတန်း
ဆိုင်းအုပ်လို့နေရင်း
ထိုသစ်ပင်ကြီးတို့၏
အပေါ်တွင်လည်း သဘာဝ
အတိုင်း ဖြစ်စေရန်အတွက်
တွယ်ကပ်စိုက်ပျိုးထားသော
သစ်ခွရောင်စုံတို့
ရှိနေသည်။

# ဖုံ

## ရွှေသင်


အမှတ် ၃၄၆၊ စက်တင်ဘာ၊ ၂၀၁၁
ရုပ်စုံမဂ္ဂဇင်း၊
ဝတ္ထုရှည်၈/ဆုံး

သစ်ခွသစ်ပင်တန်းမှ
သစ်ခွရောင်စုံတို့ကို
ငေးမောရင်း
လျှောက်ခဲ့သည့် နွေး
နောက်မှ ဟက်ပီသည်
အမြီး တယမ်းယမ်းဖြင့်
တကောက်ကောက်
လိုက်သည်။ အချို့သော
သစ်ပင်ကြီးများ၏
အောက်ခြေနားဆီ၌
သစ်သားခုံတန်းလျားတို့
ရှိသည်မို့ လျှောက်ရင်းက
ညောင်းခဲ့လျှင်
ခုံတန်းလျားအပေါ်တွင်
ထိုင်၍ တစ်မြို့လုံးအားငေး
သည်။ သည်မြို့ကြီးသို့
မနေ့ကမှ နွေး
ရောက်ခဲ့သည်။
အမျိုးသမီးကြီးသည်
သူနှင့် အတူတကွ
နေထိုင်ရန်
ရောက်လာသော
နွေးကို လာကြိုခဲ့သည်။
နွေး၏ လက်တစ်ဖက်ကို
မလွှတ်တမ်း
ဆုပ်ကိုင်ရင်းကလည်း
အမျိုးသမီးကြီး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပျော်နေခဲ့သည်။ နွေးကတော့ အာရုံနိုးကြားမှုမဲ့သူလို။ အချိန်တွေသည် နွေးကို ကြီးပြင်းစေခဲ့ပြီးဖြစ်သော်လည်း အမြစ်တွယ်ခဲ့သော စိတ်တစ်ခုနှင့် စိမ်းသည်ဟူသော ခံစားသိမှုကိုတော့ နွေး မပြောင်းလဲနိုင်သေး။ နွေးအတွက်တော့ အရင်က မနီးခဲ့သော အရာတို့သည် ခုထိလည်း ဝေးမြဲဝေးဆဲပင်။

ရှေ့က ပြေးနှင့်သော ဟက်ပီသည် ခပ်လှမ်းလှမ်း အရောက်တွင် နွေးကို လည်ပြန် လှည့်ကြည့်ရင်းက ရပ်စောင့်သည်။ နွေး ရောက်ရောက်ချင်းနေ့က ဟက်ပီ့ကို မြင်သည်နှင့် မျက်လုံးစုံမှိတ် အော်ဟစ်ရင်း အားအင်မဲ့ ခွေကျသွားခဲ့၍ အမျိုးသမီးကြီးနှင့် အိမ်အကူ ဒေါ်ကြီးတို့မှာ ထိတ်လန့်တကြီး ဖြစ်ခဲ့သည်။ ဟက်ပီ၏ ကြည်သော၊ ယဉ်သော မျက်လုံးအကြည့်သည် နွေးကို သွေးစိုသော မြင်ကွင်းတို့ကို အမှတ်ရစေခဲ့သည်။ နွေးနေမကောင်းသေးဘူးလားဟုပင် ကိုယ့်ကိုယ်ကို သံသယဖြစ်ရရင်းက ဆရာဒေါက်တာကို သတိရသည်။ အချို့သော အတိတ်တို့သည် ချက်ချင်းမေ့ပျောက်ရန် ခက်ခဲတတ်သော်လည်း အချိန်ကာလ ကြာသည်နှင့်အမျှ တဖြည်းဖြည်း မှိန်၍သွားမည်ဟု ဆရာဒေါက်တာက ဆိုခဲ့သည်။

ရပ်စောင့်နေသော်လည်း ဆက်လျှောက်မလာသည့် နွေးကြောင့် ဟက်ပီသည် နွေး ထိုင်နေရာ သစ်သား ခုံတန်းလျားဆီသို့ ပြန်လှည့်လျှောက်လာသည်။

rifwWk
tm;vJk
vli,fawGnfyJ
vli,fqkvm
wufu&r,f
ajym&Jqkd&r,f
vli,fb0rS
uwnfukd
alumufvef
wefqkvf
aer,fqkif
aemifrifwWJ
tem*wfS
b,fvkd
vkfurvJ

နွေးရှေ့ ရောက်လာသည့် ဟက်ပီ့ကို နွေး ဖွဖွပွတ်သပ်သည်။ ခုချိန်တွင်တော့ ဟက်ပီသည် ဟက်ပီမှန်း နွေး လက်ခံနိုင်ခဲ့ပြီ။ ထိုနေ့က အမျိုးသမီးကြီးသည် နွေး အဖြစ်ကြောင့် ဆရာဒေါက်တာကို ခေါ်ခဲ့သည်။ နွေး နေကောင်းသွားတာ သေချာရဲ့လားဟု မေးမိချိန်တွင် စဉ်းစားတွေးတောခြင်း အလျှင်းမရှိဘဲ ဆရာက ခေါင်းညိတ်သည်။ ထို့နောက်တော့ ဆရာသည် နွေးကို ခြံထဲသို့ခေါ်ခဲ့သည်။ ကြိုးချည်ထားသော ခွေးကြီး ဟက်ပီရှိရာသို့ ဦးတည်သည်။ အနည်းငယ်တွန့်ဆုတ်နေသော နွေးကို ဆရာက စောင့်ခေါ်သည်။ ခွေးကြီး ဟက်ပီနှင့် နီးလာချိန်တွင် ဝမ်းနည်းခြင်း၊ စိတ်မကောင်းဖြစ်ခြင်းနှင့် ကြောက်ရွံ့တုန်လှုပ်မှုတို့ကို နွေး ခံစားရခဲ့သည်။ အရုပ်ကြိုးပြတ်ကျဆင်းသွားသော ပုံရိပ်၊ အိုင်ဆင်းလာသော သွေးများ၊ နောက်ဆုံးအချိန်တွင်ငေးခဲ့သည့် သနားစဖွယ်မျက်ဝန်းတစ်စုံ။ နွေး ခြေစုံရပ်ခဲ့မိသည်။ ဆရာသည် နွေးကို ဟက်ပီမှာ နွေး၏ ခွေးကြီးဘိုနီ မဟုတ်ကြောင်း သေချာစွာ ရှင်းပြပြီးနောက် ဟက်ပီ့ကို ပွတ်သပ်ကိုင်တွယ်ကြည့်စေခဲ့သည်။

ရုတ်တရက် ကြည့်လျှင်တော့ ဟက်ပီသည် နွေး၏ အနီးဆုံးအဖော်ဖြစ်ခဲ့သော နွေး၏ ခွေးကြီးဘိုနီနှင့် အတော်လေးပင် ဆင်တူသည်။ အသေအချာကြည့်မှပင် ဟက်ပီက ပို၍အရောင်ရင့်မှန်း နွေး သိလာခဲ့သည်။ ဟက်ပီသည် နွေးကို နှစ်လိုဟန်ရှိသည်။ ယဉ်သော မျက်လုံးတို့ဖြင့် နွေးကို စိုက်ကြည့်ရင်းက သူ၏အမြီးအား ယမ်းခါပြခဲ့သည်။ သူ့ဆီသို့ တရွေ့ရွေ့ တိုးလာသည့် နွေးကို နှာခေါင်းဖြင့် တို့ထိ၍ တရှုံ့ရှုံ့ အနံ့ခံဟန်ပြုသည်။ ဘိုနီနှင့်ဆုံလျှင် နွေး လုပ်နေကျအတိုင်း ယောင်ယမ်းလက်ဖဝါးဖြန့်မိတော့ နွေး လက်အတွင်းသို့ ဟက်ပီက သူ၏ ရှေ့ခြေတစ်ဖက်အား တင်ပေးလာ၍ အံ့သြစိတ်နှင့်အတူ နွေး လိုက်ခနဲဖြစ်ရသည်။ ဘိုနီ့ကို သတိရစိတ်ဖြင့် နွေးမျက်ရည်ကျခဲ့သည်။ ခွေးကြီး ဟက်ပီကို နွေး အသာပွတ်သပ်မိစဉ်တွင် ဆရာက နွေးကို ပြုံး၍ကြည့်နေခဲ့သည်။ ဆရာ့ကို အပြန်လိုက်ပို့ခဲ့ချိန်တွင်တော့ ဆရာက အမျိုးသမီးကြီးကို နွေးနှင့်ပတ်သက်၍ စိတ်မပူရန်နှင့် နွေး အမှန်ပင် နေကောင်းနေပြီဟုဆိုခဲ့သည်။ နွေးကိုတော့ 'ဆရာလုပ်ခိုင်းတဲ့ အသက်ရှူလေ့ကျင့်ခန်းတွေ မှန်မှန်လုပ်ပေး'ဟု မှာခဲ့သည်။

အခုတော့လည်း ဟက်ပီသည် အထီးကျန်သူ နွေးအတွက် အဖော်ဖြစ်ခဲ့ပြီ။ နွေး ထ,ရပ်လိုက်သည်နှင့် ဟက်ပီသည် နားလည်ဟန်ဖြင့် နွေး ရှေ့မှ ပြေးနှင့် ပြန်သည်။ ဟက်ပီ့နောက်မှ ခပ်ဖြည်းဖြည်း နွေး လျှောက်ခဲ့ရင်းကနေ အပေါ်သို့ တစ်ဖန်မော့ငေးမိသည်။ နီးသော အထက်၌ တွဲလဲခိုနေကြသော ပန်းခိုင်ငယ်များ၊ ဝေးသော အထက်၌ ပင်ကြီးတို့၏အကိုင်းအခက်များမှ အချင်းချင်း ထိစပ်လုနီးနီးဖြစ်သော အခက်အရွက်အမိုးတန်း။ ငေးရင်း မောရင်း ခြံအနှံ့ရောက်ခဲ့ကြသည်။

နေ့လယ်စာ စားရန်အတွက် အမျိုးသမီးကြီး လာခေါ်ခဲ့မှပင် အိမ်ရှိရာသို့ ပြန်လှည့်လျှောက်ခဲ့ကြသည်။

'အတွေ့အကြုံအသစ်နဲ့ သူငယ်ချင်းအသစ်တွေ ရရအောင် သမီးအတွက် သင်တန်းတစ်ခု အပ်ထားပြီးပြီ။ လူတွေကြားထဲမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိရှိနဲ့ သမီးနေတတ်လာအောင် အဲဒီသင်တန်းက ပြောပြပေး



www.burmeseclassic.com

www.burmeseclassic.com

လိမ့်မယ်၊ နောင်ကိုလည်း သမီးဆီကို ဘယ်လိုစိတ်ပင်ပန်းစရာတွေမှ ရောက်မလာစေရဘူး၊ စိတ်ချနော် သမီး'

နွေးခေါင်းကို ပွတ်သပ်ရင်းက အမျိုးသမီးကြီးဆိုလာခဲ့သည်။ နွေးကတော့ လိုက်ခနဲသာ ဝမ်းနည်းမိသည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိလာလျှင် နွေးအတွက် ဘာတွေများ ထူးခြားလာမည်လဲ။ နွေး ဘာမှမဖြစ်ချင်၊ မလိုချင်ပါ။ အိပ်မက်ထဲတွင် နွေးမနှစ်လိုသော နွေး၏ငယ်ဘဝကိုသာ မြင်တွေ့ရလေ့ရှိတတ်သော၊ အိပ်မက်တွေထဲတွင် အမြဲတမ်းပင် အဖော်မဲ့စွာ တစ်ဦးတည်းဖြစ်တတ်သော နွေးက အိပ်မက်ဆိုးကင်း၍ နှစ်ခြိုက်စွာ အိပ်စက်နိုင်ခြင်းရှိရလျှင်ပင် အဆင်ပြေပါပြီ။ မနက်ဖြန်တို့သည် နွေးကို မည်သို့စောင့်နေသည် ဆိုသည်မျိုး နွေး မသိချင်ပါ။ စိမ်းသက်သက် ခံစားချက်တစ်ခု ဖြစ်ပေါ်ခဲ့စဉ်တွင် အမျိုးသမီးကြီး၏ လက်ဖဝါးအောက်မှ နွေး၏ ခေါင်းကို တိမ်းထွက်ခဲ့ရင်း ဟက်ပီနှင့်အတူ ရှေ့မှကြို၍ နွေး သွက်သွက်လျှောက်ခဲ့သည်။

❑

၂။

အမျိုးသမီးကြီးသည် နွေးကို မနက်စာထည့်ပေးရင်းက အရိပ်တကြည့်ကြည့်ဖြင့် ရှိသည်။ လိုချင်တာလေးတွေရှိသည်မို့ ဒေါ်ကြီးနှင့်အတူ ဈေးဝယ်လိုက်မည်ဟု နွေး ပြောထားခဲ့၍ မနက်စာကို သွက်သွက်စားသည်။ နောက်ရက်ဆို အမျိုးသမီးကြီး အပ်ပေးထားသည်ဆိုသော သင်တန်း စ,တက်ရမည်။ လူတွေကြားထဲတွင် နွေး အဆင်ပြေပါမည်လား။

ဈေးခြင်းတောင်းဆွဲ၍ ထွက်သွားသော ဒေါ်ကြီးနောက်မှ နွေး လိုက်ခဲ့သည်။ ခြံစောင့်လည်းဖြစ်၊ ဒရိုင်ဘာလည်းဖြစ်သော ဦးကြီးက ဈေးနှင့်မဝေးလှသောနေရာတွင် နွေးတို့ကို ကားရပ်ပေးကာ စောင့်ကျန်ရစ်သည်။ ဒေါ်ကြီးကို ဈေးခြင်းတောင်းကူဆွဲပေးရင်း ဈေးထဲက ထွက်ခဲ့မှ နွေး သတိရသည်။ နွေးအတွက် စာအုပ်၊ ဘောပင်အစရှိသည့် စာရေးကိရိယာများ လိုသည်မို့ ပတ်ဝန်းကျင်ကို နွေး ကြည့်သော်လည်း ကားအနားရောက်သည်အထိ ဆိုင်မတွေ့။ အပြန်လမ်းတွင်မှ ဆိုင်လေးတစ်ဆိုင်တွေ့သည်မို့ ဦးကြီးကို ကားခဏရပ်ခိုင်းရသည်။ Half Way Shop ဟူသော ချစ်စရာကောင်းသည့်အမည်နှင့် ဆိုင်ကလေးအတွင်းသို့ နွေး ဝင်ခဲ့သည်။ ဆိုင်ကလေးသည် အတွင်းရောက်မှ စာရေးကိရိယာ သီးသန့်ရောင်းသောဆိုင် မဟုတ်မှန်း နွေး သိရသည်။ အများဆုံးမြင်ရသည်က စုတ်တံများ၊ ရောင်စုံခဲတံများ၊ ရောင်စုံရေဆေး၊ ဆီဆေးများ၊ ပုံဆွဲစက္ကူ၊ ပုံဆွဲစာအုပ်များ။ ဆိုင်ခန်းနံရံများပေါ်တွင်လည်း ပေါင်သွင်းထားသော ပန်းချီကားများရှိနေသည့်အပြင် ပန်းချီကားတိုင်း၏အောက်တွင် ဈေးနှုန်းပါသော စာတန်းလေးများကပ်ထား၍ ရောင်းရန်ဖြစ်သည်ဟု နွေး နားလည်လိုက်သည်။ ဆိုင်၏ထောင့်တစ်နေရာတွင် ထောက်တိုင်ဖြင့်ထောင်ထားသော ဈေးနှုန်းကပ်မထားသည့် ပန်းချီကားတစ်ချပ်ကို နွေး ငေးမိသည်။ ထိုပန်းချီပုံကိုမြင်တော့ နွေးကိုယ်နွေး ပြန်မြင်ရသလိုပင် ထင်မိကာ မှိုင်းမှိုင်းပျပျ ခံစားရသည်။ ထိုပန်းချီပုံကို ပုံနှိပ်ကားချပ်အဖြစ် နွေး မြင်ဖူးသည်။ အခု နွေး မြင်နေရတာက ရေဆေးပန်းချီအစစ်ဖြစ်သည်။ မြင်ဖူးတာသေချာသော်လည်း တစ်ခုခု မတူသလိုလည်း ခံစားရပြန်သည်။ ဘာကိုမှန်း နွေး ရေရေရာရာ မသိ။ ပန်းချီကားအတွင်းတွင် ကျောခိုင်း၍ ကိုယ်တစ်စောင်းလဲလျက်ဟန်ဖြင့်ရှိသော အမျိုးသမီးငယ်သည် ခပ်လှမ်းလှမ်းတွင် ထီးထီးကြီး မှုန်မှိုင်းစွာ ရှိနေသည့် အိမ်ကြီးဆီသို့ ငေးမျှော်နေခဲ့သည်။ ထိုအမျိုးသမီးငယ်၏ဘေးတွင် ခွေးကြီးတစ်ကောင်က အဖော်အဖြစ်ရှိနေခဲ့သည်။ နွေး ငေးနေစဉ်မှာပင် ဆိုင်ရှင်ဖြစ်ဟန်တူသော အဘိုးအိုတစ်ဦးသည် ဆိုင်၏ထောင့်တစ်နေရာမှ ထွက်လာခဲ့သည်။ နွေးကို စူးစမ်းနေဟန်ရှိသည့် အဘိုးအိုကို လှည့်ကြည့်ကာ ပန်းချီကားအား နွေး မြင်ဖူးသလိုပါပဲဟု ပြောဖြစ်သည်။ နွေး၏ စကားအဆုံးတွင် အဘိုးအိုက ပြုံးသည်။

'သမီး မြင်ဖူးမှာပေါ့၊ ဒါက အန်ဒရူးဝိုင်းယက်ရဲ့ ခရစ္စတီးနားရဲ့ကမ္ဘာ ကားကို ထပ်တူကူးဆွဲထားတဲ့ ပန်းချီကားပဲကိုး။ ဒါပေမဲ့ ဒီကားထဲမှာ ခရစ္စတီးနားရဲ့ကမ္ဘာမှာ မပါတာတစ်ခု အပိုပါနေတယ်။ သမီး သတိထားမိလား'

ပန်းချီတွေကို နွေး ချစ်တတ်သော်လည်း ပန်းချီနှင့်ပတ်သက်တာတွေကိုတော့ နွေး နားမလည်ပါ။ ဖြတ်သွားဖြတ်လာ ငေးမောတတ်သည်ကလွဲ၍ နွေးနှင့်စိမ်းလှသည်။ ဘာပိုနေသည်လဲ နွေး မသိ။ ခုမှပင် ကားပေါ်တွင် နွေးကို စောင့်ကျန် နေရစ်ကြသူများကို သတိရသွားသည်မို့ ဝယ်စရာရှိသည်ကို ဝယ်၍ အဘိုးအိုအား နှုတ်ဆက်ကာ နွေး ပြန်ထွက်ခဲ့သည်။ နောက်ပြန်လှည့်ငေးရင်းက သည်ဆိုင်ကလေးသို့ ထပ်၍လာဦးမည်ဟု နွေး မှတ်ထားလိုက်သည်။

❑

၃။

နွေး၏ သင်တန်း တတိယမြောက်နေ့။

နွေးတွင် အမျိုးသမီးကြီး ဝယ်ပေးသော စက်ဘီးအသစ်လေးတစ်စီးရှိလာခဲ့ပြီ။ ဦးကြီးနှင့် သွားစေလိုဟန်ရှိသော်လည်း နွေး၏ ဆန္ဒကို အမျိုးသမီးကြီးက လိုက်လျောပေးခဲ့သည်။ သင်တန်းကို ကိုယ်တိုင် စက်ဘီးနင်း၍ နွေး တက်သည်။ စက်ဘီးကို ဖြည်းဖြည်းချင်း နင်း၍ ပတ်ဝန်းကျင်ကို ငေးမောရင်း နွေး အသွားအပြန်လုပ်တတ်သည်။

သည်နေ့တော့ အိပ်ရာထ နောက်ကျခဲ့တာမို့ နွေး ကျောင်းနည်းနည်း နောက်ကျသည်။ အပြေးအလွှားဖြင့် အတန်းတွင်းသို့ ဝင်မည်ပြုချိန်တွင် တစ်စုံတစ်ယောက်ကို နွေး ဝင်တိုက်ခဲ့သည်။ နွေးကြောင့် သူ့လက်ထဲက စာအုပ်အချို့ ပြုတ်ကျချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com

နွေး ကြောင်ငေးကြည့်မိသည်။ သူက သွက်စွာပင် စာအုပ်တွေ ပြန်ကောက်၍ နွေးကို မော့ကြည့်လာသည်။ ထိုကောင်ကလေး၏ မျက်လုံးနက်နက်တို့ကိုကြည့်ရင်း နွေး လက်ဖျားတွေ အေးလာသလို ခံစားရသည်။ သူ့အကြည့်တွေက တောင်းပန်ခိုင်းနေမှန်း နွေး နားလည်လိုက်သော်လည်း ဘာကြောင့် ရယ်မသိ နွေး နှုတ်ခမ်းတို့က စေ့ကပ်နေခဲ့သည်။ သူ့လက်ထဲတွင် ကိုင်ထားသည့် အပေါ်ဆုံး စာအုပ်ကိုမြင်မှပင် စက်ဘီးခြင်းထဲ၌ နွေး စာအုပ် ကျန်ခဲ့မှန်း သတိရကာ ချာခနဲလှည့်၍ နွေး ပြန်ပြေးခဲ့သည်။ စာအုပ်ကိုယူ၍ အတန်းထဲဝင်ခဲ့ချိန်တွင် ဆရာစာသင်စပြုပြီ။ နေရာလွတ်တစ်နေရာရှာ၍ ဝင်ထိုင်ပြီးချိန်တွင်မှ သက်ပြင်းမောချရသည်။ ဘေးမှကျောင်းသားမှာ နွေး ဝင်တိုက်မိခဲ့သူဖြစ်နေမှန်း သိလိုက်ရချိန်တွင် စိတ်တို့ ရှုပ်ထွေးသွားရသော်လည်း မသိယောင်ဆောင်ရင်းက သင်ရိုးစာအုပ်ကို နွေး ဖွင့်သည်။

'Expressing Yourself (ကိုယ့်ကိုယ်ကို ဖော်ပြခြင်း) ခေါင်းစဉ်အောက်မှာ ဆရာအသေးစိတ်ထပ်ပြောချင်တာက Gesture(ဟန်ပန်အမူအရာ) နဲ့ Move(လှုပ်ရှားမှု)ပဲ။ ကဲ နောက်ဆုံးမှ အတန်းထဲဝင်လာတဲ့ ကျောင်းသူ…'

ရုတ်တရက်မို့ ဒိန်းခနဲ။ နွေးကိုခေါ်နေမှန်း သတိပြန်ဝင်လာမှ ဟုတ်ကဲ့…ဟုဆိုကာ ထိုဆရာသင်ထားသည့်အတိုင်း ရှိပါသည်ဟူသည့်

> uk| a|ymr ,h
> t a umift &m uk|
> aumif;aumif
> u rfu:if
> ykEkaer ,f
> v kv mufwb
> udwif
> jyifqifawG
> &&,f
> tJ&J
> aemufq ufwG
> uk| fuk| fuk|
> ,kd nfl
> &&er ,fqdif
> tJD
> taumufw&m;u
> t vk|k
> t a0;
> a&mufoGy| vdh
> r ,f

အဓိပ္ပာယ်ဖြင့် အလျင်အမြန် လက်ဖဝါးထောင်လိုက်ရသည်။

'အေး အဲဒါ Gesture ပဲ။ အဲဒီလို လက်ဖဝါးထောင်ပြတာဟာ Gesture ပဲ။ ဆရာမင်းတို့ကို လက်ညှိုးမထောင်စေဘဲ ဘာကြောင့် လက်ဖဝါး ထောင်စေခဲ့သလဲဆိုရင် နိုင်ငံနဲ့လူမျိုး၊ ယဉ်ကျေးမှုနဲ့ ဘာသာဗေဒတွေ ကွာသွားတဲ့အချိန်မှာ တချို့သောနိုင်ငံတွေမှာ လက်ညှိုးထောင်ခြင်းဟာ ရိုင်းပျခြင်းနဲ့ မကောင်းတဲ့ အဓိပ္ပာယ်ကို ဖော်ပြခြင်းလို့ ယူဆကြလို့ပဲ။ ဒါကြောင့် မင်းတို့ရဲ့ လက်ဟန်၊ ခြေဟန်တွေကို အမြဲ သတိထားကြဖို့ လိုတယ်'

ခုမှပင် နွေး နလုံးခုန်သံ ပုံမှန်ပြန်ဖြစ်သည်။

'နောက်တစ်ခုကတော့ Move(လှုပ်ရှားမှု)နဲ့ ပတ်သက်တာပဲ။ လူတွေကြားထဲမှာ မင်းတို့ရဲ့ ရွေ့လျားမှုတွေဟာ အမြဲတမ်း သတိနဲ့ယှဉ်ရမယ်။ ဥပမာ… ကဲ ရှေ့ထွက်ပြီး သရုပ်ပြနိုင်ဖို့ Volunteer (ကူညီမည့်သူ) တစ်ယောက်လောက် လိုချင်ပါတယ်'

ဆရာသည် သူ၏ သင်ကြားမှုများအတွင်း၌ လိုက်ပါကူညီရန်အတွက် ခုလိုပင် မကြာခဏဆိုသလို Volunteer ခေါ်လေ့ရှိသည်။ ထိုခဏမှာပင် ဘေးမှကျောင်းသားသည် နွေးကို လှည့်ကြည့်လာရင်းက 'မင်းလက်မောင်းအောက်မှာ တစ်ခုခုပေနေတယ်' ဟုဆိုလာခဲ့၍ သူ ဘာပြောသည်မှန်း နွေး နားမလည်တာမို့ လက်မောင်းကိုကြွ၍ ကြည့်မိသည်။

'အိုကေ။ ကဲ ကျောင်းသူ ရှေ့ကိုထွက်လာခဲ့ပါ'

နွေးကို ညွှန်ပြ၍ ရှေ့ထွက်ရန် ခေါ်နေသည့်ဆရာကို ကြောင်ငေးမိစဉ်တွင် နွေး၏ ညာဘက်လက်သည် အပေါ်သို့ အတန်ငယ်မြှောက်၍ ထောင်နေလျက်သားရှိသည်။ သတိပြုမိသွားချိန်တွင် အလျင်အမြန်ပြန်ချလိုက်သော်လည်း မမီတော့။ ဆရာသည် ခေါင်းဆတ်၍ နွေးကို နောက်တစ်ကြိမ် ထပ်ခေါ်နေခဲ့ပြီ။ ကြောက်စိတ်၊ မနှစ်မြို့စိတ်၊ ငြင်းပယ်လိုစိတ်တို့နှင့်အတူ ဒေါသတို့သည် ထောင်းခနဲ ဖြစ်ရသည်။ ဒေါသမျက်ဝန်းတို့ဖြင့် ဘေးမှကျောင်းသားကို ရူးရူးရဲရဲကြည့်မိရင်း ခံပြင်းမှုနှင့် ရှက်ကြောက်မှုတို့ ပြင်းပြင်းထန်ထန် တစ်ပြိုင်တည်း ဖြစ်ပေါ်သည်။ ဆရာက တတိယအကြိမ်ခေါ်ပြီမို့ အတန်းရှေ့သို့ နွေး ထွက်ခဲ့ရသည်။ နွေးကို လူအများက ဝိုင်း ကြည့်နေခဲ့ကြပြီ။ နွေး လက်ဖျား၊ ခြေဖျားများ အေးစက်တုန်ယင်သည်။ မုန်းတီးစိတ်တို့ ဖြစ်ပေါ်သည်။ ခြေထောက်တို့ ညွတ်ခွေချင်လာချိန်တွင် နွေး ရပ်လိုက်မိသည်။ အတန်းသားတို့သည် နားမလည်ဟန်ဖြင့် နွေးကို ငေးကြသည်။ ထိုခဏမှာပင် အသက်ရှူလေ့ကျင့်ခန်း မှန်မှန်လုပ်ခိုင်းတတ်သည့် ဆရာဒေါက်တာ၏မျက်နှာကို နွေး မြင်ယောင်သည်။ နွေး အသက်မှန်မှန်ရှူသည်။ နွေး လုပ်နိုင်မှာ၊ နွေး လုပ်နိုင်တယ်ဟု တတွတ်တွတ်ရွတ်သည်။ အချိန်ခဏအကြာတွင်မှ နွေး ဆက်လျှောက်နိုင်ခဲ့သည်။

'ဆရာက ရပ်…လို့ မပြောမချင်း ဆရာ့ဆီကို မင်းလျှောက်လာခဲ့ပါ'

ဆရာ့စကားအတိုင်း နွေး လျှောက်သွားခဲ့သည်။ အတော်အတန် နီးကပ်လာခဲ့ချိန်အထိ ဆရာက နွေးကို မရပ်ခိုင်းခဲ့ပေ။ ဆရာနှင့် ထိလုထိခင် အခြေအနေအရောက်တွင် ဆရာသည် တိုက်မိမှာစိုးဟန်ဖြင့် နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားခဲ့၍ နွေးသည်လည်း ဆရာ့စကားအမိန့်မပါဘဲ ရပ်ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

'ကိုယ်က လူတစ်ယောက်အနား ရောက်သွားခဲ့ချိန်မှာ အဲဒီလူက နောက်ကို ရုတ်တရက် ခြေလှမ်းဆုတ်ပစ်လိုက်မယ်ဆိုရင် မင်းစိတ်ထဲမှာ ဘယ်လိုခံစားရမလဲ'

တစ်တန်းလုံးကို ဆရာက ထိုသို့ မေးခဲ့သည်။

'ကိုယ့်အနားကို သူများရောက်လာခဲ့တာဆိုရင် ရုတ်တရက်ကြီး အလျင်အမြန်နောက်ဆုတ်မပစ်လိုက်မိဖို့ လိုသလို၊ လူတစ်ယောက်အနား ကိုယ်က သွားပြီဆိုရင်လည်း အရမ်းကြီးကပ်မသွားစေဘဲ သင့်တင့်တဲ့ အကွာအဝေးကို ချိန်ဆတတ်ရမယ်။ ဒါဟာ Move(လှုပ်ရှားမှု)နဲ့ ပတ်သက်တာတွေထဲက တစ်ခုပဲ'

ထိုနေ့က အတန်းပြီးချိန်တွင် ဘေးမှကျောင်းသားသည် သူ့ကိုယ်သူ မိတ်ဆက်လာခဲ့သည်။

"စိတ်မဆိုးဘူး မဟုတ်လား၊ ငါ့နာမည် ခြည်သာ'

လှောင်ပြောင် အနိုင်ကျင့်ခံရသူလို ခံစားချက်က ထပ်မံဝင်ရောက်လာသည်မို့ နွေး မျက်ရည်ဝဲသည်။ သူ့မိတ်ဆက်စကားကို တစ်စုံတစ်ရာ ပြန်လည်တုံ့ပြန်ခြင်းမရှိဘဲ နွေး မျက်နှာလွှဲပစ်ခဲ့သည်။ လှည့်ထွက်သွားသော နွေးကိုကြည့်ကာ သူ ကြောင်အမ်းသွားခဲ့ရင်းက စက်ဘီးများထားသည့်နေရာအထိ နွေး၏ နောက်မှ လိုက်လာသည်။ စက်ဘီးယူကာ ထွက်လာသည့် နွေးရှေ့တွင် ပိတ်ရပ်လာရင်း တစ်စုံတစ်ရာ ပြောမည့်ဟန် ပြင်ပြီးခါမှ နောက်ပြန်ဆုတ်လိုက်ရင်းက နေရာဖယ်ပေးခဲ့သည်။ နွေး သူ့ကိုမကြည့်။ ဘယ်သူ့ကိုမျှလည်း မကြည့်ဘဲ စက်ဘီးနင်း၍ ထွက်ခဲ့သည်။

❑

၄။

သင်တန်းပိတ်ရက်မို့ နွေး လွတ်လပ်ပေါ့ပါးနေသည်။ ခြံထဲဆင်းလာသည့် နွေး အနားသို့ ဟက်ပီက အမြီးတနန့်နန့်ဖြင့် ပြေးလာသည်။ နောက်ခြေနှစ်ဖက်ကို အားပြု၍ မတ်တတ်ရပ်ပြီး ရှေ့ခြေနှစ်ဖက်ဖြင့် နွေးကို ပုတ်ခတ်သည်။ ပြီးနောက် နွေး ရှေ့မှ ပြေးထွက်သွားခဲ့သည်။ တစ်ဖန် နွေး ရှိရာသို့ ပြန်၍ပြေးလာရင်းက ရှေ့ခြေနှစ်ဖက်နှင့် နောက်ခြေနှစ်ဖက်ကို ကား၍ တိခနဲရပ်သည်။ ထို့နောက် ထပ်၍ပြေးပြန်သည်။ ဟက်ပီ နွေးကို စ,နေသည်ပဲ။ နွေးနှင့် ဆော့ချင်ပုံရသည်။ သည့်နောက်တော့ ဟက်ပီက ပြေး၊ နွေးကလိုက်။ နွေးကပြေး၊ ဟက်ပီကလိုက်နှင့် နွေးတို့နှစ်ယောက် လုံးထွေးသွားခဲ့သည်။ မောချိန်တွင် ခုံတန်းလျားတစ်ခုအပေါ်၌ ခြေပစ်လက်ပစ် ထိုင်ကာ အမောဖြေကြသည်။ ဟက်ပီကလည်း နွေး၏နံဘေး ခုံတန်းလျားပေါ်တွင် လျှာတစ်လစ်ဖြင့်ရှိသည်။ ဟက်ပီ့ကို လက်တစ်ဖက်ဖြင့် နွေး ဖက်ထားဖြစ်သည်။ ဟက်ပီ့ကြောင့် နွေးသည် အဖော်မဲ့အထီးကျန်မဟုတ်ဟု ခံစားလာရသည်ပဲ။ ဘာရယ်မသိပါဘဲ ဟက်ပီ့ကို ဖက်ထားရင်းက ခွေးတစ်ကောင်နှင့် အမျိုးသမီးငယ် ပန်းချီကားကို သတိရလာသည်။ နွေး ထ,ရပ်လိုက်သည်။

အမျိုးသမီးကြီးကို ခွင့်တောင်းပြီးနောက် စက်ဘီးဖြင့် နွေး အပြင်ထွက်ခဲ့သည်။ အင်တာနက်အသုံးပြုသော ဆိုင်ကလေးအတွင်းသို့ အရောက်တွင် ထောင့်ကျသောနေရာတစ်ခုကို ရွေးကာ နွေး ထိုင်သည်။ ခဏနေမှ Google တွင် "Christina's World"ဟု ရိုက်ကာ ရှာလိုက်သည်။ အရွယ်အစား အမျိုးမျိုးဖြင့်ကျလာသော ပုံများအတွင်းမှ အကြည်လင်ဆုံးဖြစ်မည်ထင်ရသည် တစ်ခုကို ရွေး၍ နွေး အကြီးချဲ့ကြည့်သည်။ နွေး သိရပြီ။ မူရင်းပန်းချီဆရာ အန်ဒရူးဝိုင်းယက်၏ 'ခရစ္စတီးနားရဲ့ကမ္ဘာ' အတွင်းတွင် ထင်ရှားစွာ ရှိနေသည်က ကျယ်ပြောလှသည့် အညိုရောင်ကွင်းပြင်နှင့် အဆောင်အယောင်ကင်းမဲ့သော မှုန်မှိုင်းမှိုင်းအိမ်ကြီး။ ထိုအရာတို့ကို အဝေးဆီမှ ငေးမောနေဟန်ရှိသည့် ပါးလျှသော အမျိုးသမီးငယ်။ သည်မြင်ကွင်းသည် အပြည့်စုံပင်ဖြစ်သည်။ နွေး ကြည့်ခဲ့သည့် ဆိုင်ကလေးအတွင်းမှ ပန်းချီကားထဲတွင်ပိုနေသည်က မူရင်း 'ခရစ္စတီးနားရဲ့ကမ္ဘာ'တွင်မပါသော ခွေးတစ်ကောင်။ ဆိုင်ကလေးအတွင်းမှ ပန်းချီကားအား နောက်တစ်ကြိမ် သွားကြည့်လိုစိတ်ဖြစ်ရသည်။

ကွန်ပျူတာများ တစ်လုံးနှင့်တစ်လုံး ကာရံထားသည့် သစ်သားပေါင်ပေါ်တွင် တင်ထားသော ဆိုင်တွင်းသုံး နားကြပ်တစ်ခု နွေးဘက်ဆီသို့ ပြုတ်ကျလာသည်မို့ ကောက်ယူကာ နွေး ပြန်တင်လိုက်သည်။ တစ်ဖက်ဘေးမှ အင်တာနက်အသုံးပြုသူသည် 'ဆောရီး' ဟဆိုကာ ခပ်မြန်မြန် မျက်နှာလွှဲလိုက်သော်လည်း သူ့မျက်နှာကို နွေး မှတ်မိလိုက်သည်။ သင်တန်းတွင် နွေးကို နောက်ပြောင်ခဲ့သူ။ နွေး ဝင်လာစအချိန်တွင် နွေး၏ဘေးခုံ၌ လူရှိမနေခဲ့။ နွေး ထိုင်နေရာမှ ချက်ချင်းပင် ထ,ရပ်၍ ပိုက်ဆံသွက်သွက်ရှင်းကာ ဆိုင်ထဲမှ ထွက်ခဲ့သည်။ နွေး အိမ်မပြန်ဖြစ်သေးဘဲ ပန်းချီကားများရှိရာ ဆိုင်ကလေးဆီသို့နင်းခဲ့သည်။ ဟိုရောက်တော့ ဆိုင်ကလေး ပိတ်ထားသည်ကိုတွေ့၍ နွေး မောသွားရသည်။ စိတ်လျှော့ကာ နွေး ပြန်ခဲ့ရသည်။ ခပ်ဖြည်းဖြည်း နင်းလာရင်းက အိမ်နှင့်နီးလာခဲ့ချိန်တွင် နွေး၏ ရှေ့မလှမ်းမကမ်းဆီမှ ဆိုင်ကယ်စီးလာသူသည် သူ၏ရှေ့မှ ကားငယ်ကို ရုတ်တရက် ကျော်တက်လိုက်သည်ကို တွေ့ရသည်။ ထိုခဏမှာပင် လမ်းကြားမှ အရှိန်ဖြင့် ဖြတ်ထွက်လာသော ကားတစ်စီးကြောင့် ဆိုင်ကယ်ပေါ်မှလူကြီးသည် အလျင်အမြန်ရှောင်လိုက်ရသည်တွင် သူ၏ ညာဘက်ခြမ်းရှိ သူကျော်တက်လိုက်သောကားနှင့် မလွတ်ဖြစ်ကာ ဆိုင်ကယ်ပေါ်မှ လွင့်ကျသွားခဲ့သည်။ ထိုမြင်ကွင်းအဆုံးတွင် လန့်ထိတ်စွာဖြင့် စက်ဘီးပေါ်မှ နွေး ဆင်းခဲ့သည်။ ဆိုင်ကယ်ဦးထုပ်မပါသော ထိုလူကြီးသည် လမ်း



www.burmeseclassic.com

www.burmeseclassic.com

ပေါ်သို့ ခေါင်းဖြင့်ကျခဲ့သည်။ အားယူကာ ပြန်လည်ကုန်းထ,လာသော သူ၏ခေါင်းမှ သွေးစအချို့ကို ထပ်မံ၍ မြင်လိုက်ရချိန်တွင် နွေး လက်တွင်းမှ စက်ဘီးသည် ထိန်းကိုင်မှုမဲ့သွားရင်း ပြိုလဲသွားခဲ့သည်။ မျက်လုံးများ ပြာဝေကာ နွေး ခွေကျသွားခဲ့တော့သည်။

'ခြည်နွေးနွေး'

နွေး နာမည်ကို တစ်စုံတစ်ယောက်က ခေါ်လိုက်သည်လို ကြားလိုက်ရပြီးနောက် နွေး ဘာမျှမသိတော့။ နွေး သတိရလာချိန်တွင်မှ နွေးကို ထူမ,ထားရင်း စိုးရိမ်စွာကြည့်နေသူကို တွေ့ရသည်။ နွေး မုန်းသည့် ကောင်ကလေး။

'အခု နေလို့ကောင်းရဲ့လား'

မေးမြန်းရင်းက အနီးရှိ ဆိုင်လေးတစ်ဆိုင်မှ ရေသန့်တစ်ဘူးဝယ်ကာ နွေးကို သောက်စေသည်။

'စက်ဘီးမနင်းနဲ့တော့၊ လာ ငါ့နောက်ကတက်၊ ငါ လိုက်ပို့မယ်။ ပြီးမှ စက်ဘီးကို တစ်ခေါက်လာယူပေးမယ်'

အားမရှိသူလို ဖြစ်နေသည်မို့ သူ့စကားကို မငြင်းဆန်ဘဲ သူ့စက်ဘီးနောက်မှ နွေး လိုက်ခဲ့သည်။ ခြံထဲတွင် ကတ်ကြေးတစ်လက်ဖြင့် ပန်းခိုင်အချို့ဖြတ်နေသည့် အမျိုးသမီးကြီးသည် နွေးကို မြင်သည်နှင့် အံ့ဩ၊ စိုးရိမ်သွားခဲ့သည်။ နွေးကို ခုံတန်းလျား တစ်ခုပေါ်တွင် ခဏထိုင်စေပြီး ခြေဆုံးခေါင်းဆုံး အရင်အကဲခတ်သည်။ ပြီးမှ

aEG
pma&;ciifvrrdonf
aEGv nf
olwWkd
a&;unbifbnf
[aor
jyifyonf
qE\
aemufwGf
topdwfbnf
ZwfceJ
Ekdum;vm&onf
[kvfbm;yyJ
aEGukd fbEG
arbecbonf
ckSif
ukd fukd fukd
aEG
jyefwGvm&onf

သက်ပြင်းချရင်း နွေး ခေါင်းကို အသာပွတ်သပ်သည်။ အကျိုးအကြောင်း ပြောပြရင်းက နွေး မျက်ရည်တွေ ကျလာခဲ့သည်။

'ဆိုင်ကယ်ပေါ်က ဦးလေးကြီး ဘာဖြစ်သွားမှာလဲ မသိဘူး'

နွေး၏ စကားကို ကောင်ကလေးက 'ဘာမှ မဖြစ်ပါဘူး'ဟု ဝင်ဖြေသည်။

ဟင့်အင်း၊ နွေး မယုံပါ။

'သူ...အဖေ့လို ဖြစ်သွားမှာလား'

နွေး၏ စကားအဆုံးတွင် အမျိုးသမီးကြီးက 'သမီးရယ်'ဟု ရေရွတ်ရင်း နွေးကို တင်းကျပ်စွာ ပွေ့ဖက်ခဲ့သည်။ ကောင်ကလေးက နွေးတို့ကို ငေးနေခဲ့သည်။ နွေး၏ စက်ဘီးအား ကောင်ကလေးမှ နောက်တစ်ခေါက် ပြန်လာပို့ပေးခဲ့ချိန်တွင် အိပ်ခန်းထဲသို့ နွေး ရောက်နေခဲ့ပြီ။ နွေးမုန်းသော ကောင်ကလေးကို အမျိုးသမီးကြီးက ကျေးဇူးတင်စကား ဆိုနေသံကိုကြားရသည်။ ကောင်ကလေး ပြန်သွားခဲ့ချိန်အထိ နွေး နေလို့ မကောင်းသေး။ ထိုနေ့ညက နွေး အပြင်းဖျားခဲ့သည်။ ❑

၅။

သင်တန်းတစ်ရက် ပျက်ခဲ့ပြီးနောက် နွေး သင်တန်းပြန်တက်သည့်နေ့က နွေးဘေးတွင် ကောင်ကလေး လာထိုင်ခဲ့သည်။

'ကဲ ဒီနေ့တော့ 'အများရှေ့ထွက်၍ ပြောဆိုခြင်း' ခေါင်းစဉ်အောက်ကနေပြီး မေးခွန်းလေးတစ်ခုနဲ့ စ,ကြရအောင်။ မင်းတို့တွေ အားလုံးက ကိုယ်မရင်းနှီးတဲ့ နေရာ စိမ်းတစ်ခုမှာ၊ လူအများရဲ့ရှေ့မှာ အကြောင်းအရာတစ်ခုခုကို ရှင်းလင်းပြောဆိုရမယ်ဆိုပါတော့။ အဲဒီအတွက် ဘယ်လိုပြင်ဆင်မှုတွေ လုပ်မလဲဆိုတာ တစ်ယောက်ချင်းစီ ထွက်ပြီး ကိုယ့်ရဲ့အတွေးတွေကို တခြားသူတွေလည်း သိရအောင် ပြောကြည့်ကြရအောင်။ ရှေ့ထွက်ပြီး ပြောပြတဲ့အချိန်မှာ မနေ့က သင်ခန်းစာထဲကအတိုင်း လက်တွေ့အသုံးချကြည့်ပါ'

မနေ့က သင်ခန်းစာ ။ သတိမထားမိလိုက်ပါဘဲ ကောင်ကလေးကို ဖျတ်ခနဲ နွေး ကြည့်မိသည်။

'ဘာမှမခက်ဘူး၊ ဆရာ သင်ထားတဲ့ ကိုယ်ဟန်အနေအထားအတိုင်းလျှောက်၊ အားလုံးရဲ့ရှေ့ကိုရောက်ရင် ဘယ်သူ့ကိုမှ မကြည့်သေးဘဲ ကိုယ့်မျက်စိနဲ့တစ်တန်းတည်း တည့်တည့် အဝေးကို တစ်ချက်ကြည့်၊ ခဏနေတော့မှ မျက်လုံးအကြည့်ကို ဖြည်းဖြည်းချင်း စပြီးရွှေ့၊ သတိထားရမှာက စကားပြောနေချိန်မှာ လူတစ်ယောက်တည်းကိုပဲ မျက်လုံးအသေထားပြီး မကြည့်မိစေဖို့ပဲ။ လူအများကို ကြည့်နိုင်ရမယ်၊ တစ်ယောက်ကို အများဆုံး ၃ စက္ကန့်လောက်ပဲ။ ကိုယ်နဲ့ မျက်လုံးချင်း ချိတ်ဆက်မိသူတစ်ယောက်တည်းကိုပဲ ကြည့်ပြီး ပြောနေတာမျိုး မဖြစ်ရဘူး။ ကိုယ်က လူအများကို ပြောပြနေတယ်ဆိုတာ မမေ့နဲ့။ တကယ့်လက်တွေ့အပြင်မှာ နည်းနည်းကြောက်နေခဲ့မယ်ဆိုရင် ကိုယ်နဲ့မျက်လုံးချင်း ချိတ်ဆက်လို့ရနိုင်မယ့်သူမျိုးကို အရင်ရှာ။ သူတို့နဲ့ မျက်လုံးချင်းဆုံပြီး အရင်ပြော။ ဒါပေမဲ့ မကြာစေနဲ့။ အရှိန်ရသွားပြီဆိုရင် မျက်လုံးအကြည့်ကို တခြားသူတွေဆီကို ဆက်ပြီးရွှေ့သွားရမယ်'

ရှည်လျားစွာဖြင့် နွေးကို အသေအချာရှင်းပြပြီးနောက် 'မကြောက်နဲ့'ဟု ဆိုသည်။

ရင်တုန်နေတာကို မတုန်နဲ့လို့မှ ပြောလို့မရတာပဲ။

'စဉ်းစားပြီး ပြောကြည့်၊ ဘယ်လို ပြင်ဆင်မှု



www.burmeseclassic.com

www.burmeseclassic.com

တွေ လုပ်မလဲဆိုတာ’

သူပြောမှပင် တကယ်ပြောရမည့် အကြောင်းအရာကို စဉ်းစားဖို့ သတိရသည်။

‘ကိုယ်ပြောမယ့် အကြောင်းအရာနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို သေချာပြင်ဆင်ရမယ်၊ လိုအပ်တဲ့ ဖိုင်တွေပြင်ရမယ်။ လက်ကမ်းစာစောင်လို၊ ကွန်ပျူတာနဲ့ချိတ်ပြီး ရှင်းပြရမယ့် ဖိုင်လိုမျိုးတွေ၊ မေးလာနိုင်တဲ့ မေးခွန်းတွေအတွက် ကြိုပြီး အဖြေစဉ်းစားထားရမယ်။ ကိုယ်ပြောရမယ့် အချိန်နီးမှ အစာကို ဗိုက်တင်းအောင်စားတာမျိုး၊ အိပ်ငိုက်စေမယ့် အစာမျိုးကို ရှောင်ရမယ်။ ပြီးတော့… ပြီးတော့ အချိန်ရမယ်၊ ဖြစ်နိုင်မယ်ဆိုရင် ကိုယ်ပြောရမယ့်နေရာကို တစ်ခေါက်လောက် သွားကြည့်ထားချင်တယ်။ အဲဒီနေရာမှာ လမ်းလျှောက်ကြည့်တာမျိုး လုပ်ချင်တယ်။ မဖြစ်နိုင်ရင်လည်း ခပ်စောစောသွားကြည့်တာမျိုးလောက်တော့ လုပ်လို့ရမယ် ထင်တာပဲ’

တွေးတွေးပြောပြောပြောနေသည့် နွေး၏ စကားတို့အား သူက သေချာစွာ နားထောင်သည်။

‘ကောင်းတယ်။ တကယ်ပြောတဲ့ အချိန်မှာ ထပ်ပြီးစဉ်းစားမိတာတွေ ရှိလာနိုင်သေးတယ်’

တကယ်ထွက်ပြောရမည်ပဲဟု တွေးမိပြန်တော့ လက်ဖျားများ အေးလာပြန်သည်။ နွေး ပုံစံကိုကြည့်ရင်း သူ ရိပ်မိဟန်တူသည်။

‘ခုန ပြောပြနေချိန်တုန်းက ငါ့ကို ကြောက်သလား’

‘ဘာကိစ္စ ကြောက်ရမှာလဲ’

သူ့အမေးအား ခပ်စွာစွာဖြင့် နွေး ပြန်ဖြေသည်။

‘အေး အဲဒါဆို တစ်တန်းလုံးကို ငါလို့ သတ်မှတ်လိုက်’

သူ့အပြောကြောင့် နွေး ပြုံးမိသွားရသည်။ သူ၏ ကူညီမှုကြောင့်လည်း ပါလိမ့်မည်။ ကြောက်သည်မှာ မှန်သော်လည်း ကိုယ့်ကိုယ်ကို မနှစ်မြို့သော၊ စိတ်အဟောင်းထဲမှ ထွက်ချင်သော နွေး၊ အတတ်နိုင်ဆုံး ကြိုးစားဖြစ်ခဲ့သည်။ ရင်တဒိန်းဒိန်းခုန်ရင်း၊ လက်ဖျား ခြေဖျားများ အေးစက်တုန်ယင်ရင်း နောက်ဆုံးတော့လည်း ပြီးဆုံးခဲ့သည်။ အကောင်းဆုံးမဖြစ်သော်လည်း ဟိုအရင် နွေး မဟုတ်ရအောင်တော့ အတတ်နိုင်ဆုံး ကြိုးစားခဲ့သည်။ နွေး ဦးဆုံး မျက်လုံးချင်း ချိတ်ဆက်ခဲ့သူမှာလည်း ကောင်ကလေးပင် ဖြစ်ခဲ့သည်။

‘ဟေး ခဏလေး’

အတန်းတွင်းမှ ထွက်လာသည့် နွေးနောက်မှ ကောင်ကလေး အပြေးလိုက်လာသည်။

‘ဟိုနေ့ကလို ဖြစ်မှာစိုးလို့ နင်ပြန်တဲ့လမ်းက ငါလိုက်ပြမယ်၊ ရှေ့က နင်း’

နွေး သူ့ကို ကြောင်ငေးကြည့်မိတော့ သူ ပြုံးရုံသာ ပြုံးသည်။ ထိုနေ့က နွေး၏ စက်ဘီးနောက်တွင် ကောင်ကလေးက ခပ်ဖြည်းဖြည်း နင်းလိုက်လာခဲ့သည်။ ခြံဝရောက်မှ လက်ပြရင်း ကျော်သွားခဲ့သည်။ ခြံတံခါးဝတွင်တော့ ဟက်ပီက နွေးကို စောင့်ကြိုနေခဲ့သည်။

❑

၆။

အေးသောလေနှင့် နွေးသော နေခြည်တို့၏အောက်တွင် နွေးတို့နှစ်ယောက် စက်ဘီးများယှဉ်ကာ နင်းခဲ့ကြသည်။ Half Way Shop ဟူသော ဆိုင်ကလေးသည် အရင်တစ်ခေါက်ကလိုပင် နွေးကို အေးချမ်းငြိမ်ဆိတ်စွာ ကြိုသည်။ ဆိုင်အတွင်းဝင်သည်နှင့် ဆိုင်ရှင်အဘိုးအိုသည် ကောင်ကလေးအား ရင်းနှီးနွေးထွေးစွာ ပွေ့ဖက်နှုတ်ဆက်သည်။

‘ဘကြီး၊ ဒါ ကျွန်တော့်သူငယ်ချင်း။ သူက ဘကြီးရဲ့ ဆိုင်နဲ့ ဘကြီးရဲ့ပန်းချီကားကို သဘောကျနေတာ’

ကောင်ကလေးသည် ဆိုင်ရှင်အဘိုးအိုအား နွေးနှင့် မိတ်ဆက်ပေးခဲ့သည်။

‘အဲဒီကားက ဘကြီး နောက်ဆုံးဆွဲထားခဲ့တာ’

ကောင်ကလေး၏ စကားအဆုံးတွင် ဆိုင်ထောင့်ရှိ ပန်းချီကားအနီးသို့ နွေး ရောက်သွားခဲ့သည်။ အမျိုးသမီးငယ်ဘေးမှ ခွေးကြီး၏ ရုပ်ပုံနေရာအား နွေး လက်ဖြင့် ဖွဖွကိုင်ထိသည်။ နွေးထွေးမှုကို နွေး ခံစားရသည်။ အဖော်မဲ့အထီးကျန် မဟုတ်မှု။

‘ဘကြီးက စိတ်ကောင်းရှိပြီး စာနာတတ်သူပဲ ဖြစ်ရမယ်’

ခပ်ဖြည်းဖြည်း ဆိုလိုက်သည့် နွေး၏ စကားအဆုံးတွင် ဆိုင်ရှင်အဘိုးက မျက်ခုံးပင့်ကာ ပြုံးခဲ့သည်။

‘လာခဲ့ဦး၊ ပြစရာတွေ ရှိသေးတယ်’

ကောင်ကလေးက နွေးကို လက်ပြခေါ်ရင်း ဆိုင်တွင်း တစ်နေရာဆီသို့ သွားခဲ့သည်။ ထိုနေရာတွင်တော့ ကြိုးဖြင့်ပတ်နှောင်ထားသော ပုံဆွဲစက္ကူလိပ်များကို တွေ့ရသည်။ စက္ကူလိပ်များအတွင်းမှ တစ်ခုအား ကောင်ကလေးက ဆွဲကိုင်ယူလိုက်ကာ စည်းနှောင်ထားသော ကြိုးကိုဖြေ၍ ဖြန့်ပြလာသည်။ ခဲဖြင့် ခြစ်ထားသော ပုံရိပ်တစ်ခု။ နောက်ထပ်စက္ကူလိပ်များကိုလည်း တစ်ခုပြီးတစ်ခု ဖြန့်သည်။ ရှုမျှော်ခင်းများ၊ ရုပ်ပုံများပါဝင်သော လက်ရာကောင်းမွန်သည့် ခဲပန်းချီ။ ရေဆေးပန်းချီများဖြစ်သည်။ တမေ့တမော နွေး ငေးမောယူရသည်။

‘အဲဒါတွေအားလုံး ငါ ဆွဲခဲ့တာ’

ကောင်ကလေးစကားကြောင့် နွေး အံ့သြလွန်းစွာဖြင့် သူ့ကို ဆတ်ခနဲ စောင်းငဲ့ကာကြည့်မိသည်။ သူကတော့ ပြုံးနေခဲ့သည်။ စက္ကူလိပ်တွေကို နောက်တစ်ကြိမ် ဖြန့်ကာ နွေး ကြည့်မိပြန်သည်။ အံ့သြဖွယ်ရာပင်။

‘ဘကြီးဆီမှာ လာပြီး သင်နေတာ အတော်ကြာပြီ၊ ငါ့အဖေက ငါ့ရဲ့ဝါသနာကို နည်းနည်းလေးမှ သဘောမကျဘူး။ အဲဒါတွေကို အဖေမြင်မှာစိုးလို့ ဒီမှာပဲထားရတာ။ ငါ့မှာ အပြင်းပြဆုံး ဆန္ဒတစ်ခုရှိတယ်။ အဲဒါက ပန်းချီကျောင်းတက်ချင်တာပဲ။ အနုပညာကျောင်း ငါ သွားချင်တာ၊ ပန်းချီကို အသေအချာ ဆွဲချင်တာ’


မျက်လုံးတို့ အရောင်

စာမျက်နှာ(၂၃၄)သို့…



www.burmeseclassic.com

www.burmeseclassic.com



ဆွန်း

စက်မှုတက္ကသိုလ်၊

www.burmeseclassic.com

www.burmeseclassic.com



'သည်တစ်ချီပြီးရင် မင်း ဝင်ထိုး'

လက်ရွေ့ကြိုးဝိုင်းအောက်မှာ သွေးပူ လှေကျှင့်ခန်းကို စိတ်မပါ့တပါနှင့် ဝတ်ကျေတမ်းကျေ လုပ်နေသော သူ့ကို နည်းပြချုပ်က လှမ်းပြောသည်။ သူက ခေါင်းညိတ်ပြပြီး ဘယ်ဝိုက် ညာထောက် လက်သီးတွဲလုံးတစ်စုံကို လေထဲသို့ အားပါးတရ ပစ်သွင်းလိုက်သည်။ ပြီးမှ ပတ်တီး စည်းထားသည့် သူ့လက်နှစ်ဖက်ကို အသင့် စောင့်ဆိုင်းနေသော လက်ထောက် နှစ်ယောက်ထံ ဆန့်တန်းပေး၏။ လက်ထောက်နှစ်ယောက်က သူ့လက်နှစ်ဖက်မှာ လက်အိတ်များ စွပ်လျက် ခပ်တင်းတင်းလေး ချည်ပေးသည်။ သူက ကြိုးဝိုင်းအတွင်းမှာ ဒုတိယ လှေကျှင့်ဖော်နှင့် ထိုးသတ်နေသည့်ကောင်လေးကို ငေးကြည့်သည်။

ကောင်လေးက ဒုတိယ လှေကျှင့်ဖော်ကို ကျွမ်းကျွမ်းကျင်ကျင် ဝိုင်ဝိုင်နိုင်နိုင် ဖိထိုးနေသည်။ ဒုတိယ လှေကျှင့်ဖော်က အသည်းအသန် ခုခံကာကွယ်နေရသည်။ အပြန်အလှန် ထိုးသတ်ဖို့ဆိုတာ ဝေလာဝေး။ ရှောင်လိုက် တိမ်းလိုက်၊ ကာလိုက် ကွယ်လိုက်၊ ဆုတ်လိုက် ခွာလိုက် လုပ်နေရသည်။ ထိုသို့ လုပ်နေရင်းမှ ကောင်လေး၏လက်သီးများ တစ်လုံးပြီးတစ်လုံး ထိမှန်တာ ခံနေရသေးသည်။ ကြည့်ရသည်မှာ ကြောင်က ကြွက်ကို မစားသေးမီ ကစားနေသည်နှင့်ပင် တူနေ၏။

စင်စစ် ကောင်လေးက ဒုတိယ လှေကျှင့်ဖော်နှင့် မထိုးသတ်မီ ပထမ လှေကျှင့်ဖော်နှင့် သုံးချီသုံးလား ထိုးသတ်ထားပြီးပြီ။ ယခု ဒုတိယ လှေကျှင့်ဖော်နှင့် ထိုးသတ်နေသည်မှာလည်း သုံးချီပြည့်တော့မည်။ ကောင်လေးရဲ့ လက်ရည်က မကျ။ လက်သီးချက်များက ပြင်းထန်မှန်ကန်နေတုန်း။ ခြေထောက် အဆုတ်အတက်က လျှင်မြန်သွက်လက်နေတုန်း။ ကိုယ်ခန္ဓာက လန်းဆန်းပေါ့ပါးနေတုန်း။ သည်ပွဲကို ကောင်လေးကြိုက်သည့် အချိန်မှာ သိမ်းလို့ရသည်



www.burmeseclassic.com

www.burmeseclassic.com

olvnf
aumifav;t&Gf
avmufwkefu
aumifav;vlbJ
vlt rm;
tm;ucbonf
atmifrifvSonf
b0ukd
ykdqdkcJhonf
rSbonf
wpfcdefu
olvnf
aumifav;vlbJ
a&u;pm;
vuf0SefcDH
jzpfcJhonf

ဆိုတာ လက်ဇွေ့အကြောင်း နားမလည်သူများပင် သိနိုင်သည်။ လက်ရည်က အကွာကြီး ကွာသည်လေ။ ချန်ပီယံနှင့် သူ၏ လေ့ကျင့်ဖော်တို့ လေ့ကျင့်ထိုးသတ်နေတာကိုး။

သူကြည့်နေစဉ်မှာပင် ကောင်လေး၏ အားပါပြင်းထန်သည့် ညာဝိုက်လက်သီး တစ်လုံး ဒုတိယလေ့ကျင့်ဖော်၏ အကာအကွယ်မဲ့နေသည့် ဘယ်ဘက်မေးရိုးထံ အရှိန်ဖြင့် ပြေးဝင်သွားသည်။ ပွဲသိမ်းလက်သီး။ သည်လက်သီးသာ ပစ်မှတ်ဆီသို့ မိမိရရ ရောက်သွားလို့ကတော့…။ ကြည့်နေသည့် သူ့ရင်တွေ ခုန်လာသည်။ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်လာသည်။

သို့သော် ဝါရင့်ဒုတိယ လေ့ကျင့်ဖော်က ပြေးဝင်လာသော လက်သီးကို ခေါင်းငုံ့တိမ်းရှောင်သည်။ သမ္မာရှိသော်လည်း လျင်မြန်ဖျတ်လတ်မှု ချို့တဲ့အားနည်းနေပြီဖြစ်သည့် ဒုတိယလေ့ကျင့်ဖော်၏ အရှောင်အတိမ်းကလေး လံနေးကွေးနေပြီ။ ယခင်က လို ပွဲကြည့်သူများ နှုတ်ဖျားမှ 'ဟာ'ခနဲ၊ 'ဟင်' ခနဲ စသည့် အာမေဍိတ်သံများ ထွက်ပေါ်လာစေသည့် လှပသပ်ရပ်သော နွဲ့ယိမ်းတိမ်းရှောင်မှုမျိုး ဖြစ်မလာတော့။ လက်သီးက မေးရိုးကို မထိုးမိသော်လည်း ဦးခေါင်းကိုတော့ ထိထိမိမိ ထိုးမိသွား၏။

ဒုတိယလေ့ကျင့်ဖော် 'ခါ'ထွက်သွားသည်။ ခေါင်းနှင့် နားအုံကို အကာအကွယ်ပေးထားသော လေ့ကျင့်ရေးခေါင်းဆောင်းကြောင့်သာ အောက်အခင်းပေါ်သို့ တစ်ခါတည်း လဲပြိုကျမသွားခြင်း ဖြစ်သည်။ ကောင်လေးက ယိမ်းယိုင်သွားသော ဒုတိယလေ့ကျင့်ဖော်ထံသို့ ဘယ်ဖြောင့် လက်သီးတစ်လုံး ထပ်မံပစ်သွင်းရန် ဟန်ပြင်စဉ်မှာ မောင်းသံ ထွက်ပေါ်လာသည်။ တော်သေးသည်။ တစ်ချီတစ်လား ပြီးသွားပြန်ပြီ။ မောင်းသံသာ စက္ကန့်ဝက်လောက် နောက်ကျပြီးမှ ထွက်ပေါ်ခဲ့မည်ဆိုပါက…။

အားကစားသမား ကောင်းပီပီ ကောင်လေးက ကိုယ်ရှိန်သတ်လိုက်သည်။ ထို့နောက် ဒုတိယလေ့ကျင့်ဖော်ကို စူးစူးရဲရဲတစ်ချက် ကြည့်သည်။ ဒုတိယလေ့ကျင့်ဖော်က လေးစားအထင်ကြီးဟန်ဖြင့် ခေါင်းညိတ်ပြသည်။ ကောင်လေးက ချာခနဲလှည့်ပြီး သူ့ထောင့်ဆီ ပြန်လျှောက်သွား၏။ သူ သက်ပြင်းချလိုက်မိသည်။

'အိုကေ၊ မင်း ဝင်လို့ရပြီ တိုက်မောင်း'

နည်းပြချုပ်၏အသံ ထွက်လာသည်။ မှတ်စုစာအုပ်နှင့် အလုပ်ရှုပ်နေသည့် နည်းပြဆရာက သူ့ထံလျှောက်လာပြီး နောက်ဆုံး ညွှန်ကြားချက်ကို ပြောသည်။

'ကောင်လေးရဲ့ ချန်ပီယံ ကာကွယ်ပွဲက သိပ်နီးနေပြီ။ သူ့ကို နာကျင်ထိခိုက်အောင် မထိုးနဲ့။ သူ့ရဲ့ ပွဲသိမ်းထိုးချက်တွေ မှန်ကန်ပြင်းထန်ထိရောက်ဖို့ သူ မင်းကို အဓိကထား လေ့ကျင့်လိမ့်မယ်၊ ကူညီလိုက်ပါ'

နည်းပြဆရာ၏ လိုလားချက်က တရားမျှတမှုတော့ မရှိ။ ကောင်လေးက သူ့ကို အပြင်းအထန် ထိုးကြိတ်တိုက်ခိုက်မည်ဖြစ်သော်လည်း သူက ခုခံကာကွယ်ရုံသာ ကာကွယ်ရမည်။ ကောင်လေး အလွန်အမင်း နာကျင်ထိခိုက်အောင် အကျောက်အကန် ပြန်လှန်ထိုးသတ်ခြင်း မပြုရ။ သဘောက သူသည် 'သက်ရှိ လက်ဇွေ့လေ့ကျင့်ရေး သဲအိတ်တစ်လုံး'အဖြစ် လက်ဇွေ့ကြိုးဝိုင်းအတွင်းဝင်ကာ ချန်ပီယံကောင်လေး၏ အထိုးအကြိတ်ကို ခံပေးရန်ပဲဖြစ်၏။

ဘယ်တတ်နိုင်မလဲလေ။ သူ လက်ဇွေ့ကြိုးဝိုင်းအတွင်းသို့ ဝင်ရသည့် ရည်ရွယ်ချက်ကိုက တရားမျှတစွာ သူတစ်ပြန် ကိုယ်တစ်ပြန် အပြန်အလှန် ထိုးသတ်ရန်မှ မဟုတ်တာ။ ချန်ပီယံတစ်ယောက် ချန်ပီယံဆက်ဖြစ်နေစေရေးအတွက် ကူညီလေ့ကျင့်ပေးရန်အတွက်သာ ဖြစ်၏။ သူက ကောင်လေး၏ ပြိုင်ဘက်မဟုတ်။ 'လေ့ကျင့်ဖော်' မျှသာ ဖြစ်၏။

သူက ပြုံးမဲ့မဲ့နှင့် နည်းပြဆရာကို ခေါင်းညိတ်ပြ၏။ ဝက်ဖြစ်မှတော့ မစင်ကြောက်နေ၍မဖြစ်။ ပါးစပ်ထဲသို့ 'သွားကာ'ကိုထည့်ပြီး စင်ပေါ်တက်သည်။ ထို့နောက် ကြိုးတန်းနှစ်ခုအကြားမှ ငုံ့လျှိုးကာ လက်ဇွေ့ကြိုးဝိုင်းအတွင်း ဝင်လိုက်သည်။

❑

ကောင်လေးက တက်လိုက်ဆုတ်လိုက်၊ ပူးလိုက်ခွာလိုက်နှင့် သူ့ကို လှည့်ပတ်ထိုးသတ်နေသည်။ ကောင်လေး၏ ခြေအနုတ်အသိမ်းက ပေါ့ပါးဖျတ်လတ်နေဆဲ။ သူနှင့် မထိုးသတ်မီ အခြား လေ့ကျင့်ဖော်များနှင့် ခြောက်ချီ ခြောက်လားတိတိ လေ့ကျင့်ထိုးသတ် ပြီးခဲ့ပြီဆိုသည်ကို လက်ခံယုံကြည်ရန်ပင် ခက်နေသေးသည်။ မယုံကြည်လို့လည်း မရ။ မျက်စိရှေ့မှာ ထင်ထင်ရှားရှား မြင်တွေ့နေရတာမဟုတ်လား။ သည်လို အရည်အသွေးတွေ ရှိနေလို့လည်း ချန်ပီယံဖြစ်နေတာလေ။

သူကတော့ ကောင်လေး၏ ထိုးချက်များကို ကာလိုက်ဖယ်လိုက်၊ တိမ်းလိုက်ယိမ်းလိုက်ဖြင့် ရှောင်ရှားရင်း ကောင်လေး၏ အားနည်း



www.burmeseclassic.com

www.burmeseclassic.com

ချက်များကို ဖွေရှာနေသည်။ ကောင်လေးက သူ့ကို ဗဟိုပြုလျက် စက်ဝန်းတစ်ခုပမာ လက်ယာရစ်လိုက်၊ လက်ဝဲရစ်လိုက်နှင့် တိုက်စစ်ဆင်ထိုးသတ်နေသည်။ ကောင်လေး၏ ကိုယ်ခန္ဓာ လှုပ်ရှားရွေ့လျားပုံက ဝတ်ရည်သောက်ရန် ပန်းပွင့်အနီးမှာ ဝေ့ဝဲပျံသန်းနေသည့် 'လိပ်ပြာ' အလား ကြည့်ရသည်မှာ လှပဲလှသေးတော့။ ပျို့မျှစ်နုနယ်ခြင်းနှင့် ကြံ့ခိုင်သန်စွမ်းခြင်းတို့ ပေါင်းစပ်ထားသည့် လျှင်မြန်ပြင်းထန်သော လက်သီးချက်များကမူ အလွန်အဆိပ်ပြင်းသည့် 'တောကြီးပျား'၏ အစွယ်များသဖွယ် အန္တရာယ်ကြီးလှသည်။ ချက်ကောင်းကိုသာ မိမိရရ ထိုးမိလိုက်လို့ကတော့ ကျွဲတစ်ကောင်ပင် 'ဘိုင်းခနဲ' ပစ်လဲကျနိုင်မည်။

သူက ချန်ပီယံလေး၏ အပြင်းအထန် ထိုးကြိတ်တိုက်ခိုက်ခြင်းကိုခံနေရသော်လည်း သူ့မသိစိတ်ကမူ ကောင်လေးကို သဘောကျနေသည်။ နုပျိုခြင်းနှင့် ကျွမ်းကျင်ခြင်းတို့ကြောင့် ရယူနိုင်သည့် 'ချန်ပီယံ ရွှေခါးပတ်' ပိုင်ရှင်လူငယ်လေးတစ်ယောက်။ ဘယ်လောက်လှပတဲ့ ဘဝလဲ။ ဘယ်လောက်အားကျဖို့ကောင်းတဲ့ ဘဝလဲ။ သူလည်း ကောင်လေးအရွယ်လောက်တုန်းက ကောင်လေးလိုပဲ လူအများ အားကျခဲ့ရသည့် အောင်မြင်လှပသည့် ဘဝကို ပိုင်ဆိုင်ခဲ့ဖူးသည်။ မှန်သည်။ တစ်ချိန်က သူလည်း ကောင်လေးလိုပဲ ကြေးစား လက်ဝှေ့ချန်ပီယံ ဖြစ်ခဲ့ဖူးသည်။

သူ့ချန်ပီယံသက်တမ်းက မရှည်ကြာခဲ့။ တတိယမြောက် ချန်ပီယံ ကာကွယ်ပွဲမှာပင် သူ အပြင်းအထန် ထိခိုက် ဒဏ်ရာရကာ ကြေးစားလက်ဝှေ့သမားဘဝကို ကျောခိုင်းစွန့်လွှတ်ခဲ့ရသည်။ ဆက်လက်ပြီး လက်ဝှေ့ထိုးသတ်ရန် မဖြစ်နိုင်တော့သည့် သေရာပါ ဒဏ်ရာတစ်ခု သူရခဲ့သည်။ သူ့ဆေးစစ်ချက် မှတ်တမ်းများကို စစ်ဆေးသမျှ သမားတော်တိုင်းက သူ့ကို လက်ဝှေ့ဆက်ထိုးခွင့် မပြုကြ။ သူက မကျေနပ်။ လက်မခံ။ နိုင်ငံခြားအထိသွားကာ ထပ်မံစစ်ဆေးသည်။ အဖြေက အတူတူ။ သူ့ကျန်းမာရေးသည် လက်ဝှေ့ထိုးသတ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် အဆင့်မမီတော့။ ကြေကွဲ ဝမ်းနည်းစွာ ရှိုက်ကြီးတငင် သူ ငိုကြွေးခဲ့ရသည်။

သူက ချန်ပီယံ ရွှေခါးပတ်ကို အသက်နှစ်ဆယ့်ခြောက်နှစ်ကျော်ကျော်လေးမှာ ရသည်။ ထိုသို့ဖြစ်ရန်အတွက် သူ့ဘဝတစ်ခုလုံး ပေးဆပ်ခဲ့ရသည်။ ပင်ပန်းမောပန်းခြင်းများစွာနှင့် အပြင်းအထန် ကြိုးပမ်းခဲ့ရ၏။ ထိခိုက်နာကျင်မှုပေါင်းစုံနှင့် အချိန်များကို ဖြတ်သန်းခဲ့ရ၏။ သက်တူရွယ်တူ အခြားလူငယ်လေးတွေ လွတ်လပ်ပေါ့ပါးစွာ ရယ်မောပျော်ရွှင်နေချိန်မှာ သူက လက်ဝှေ့ကြိုးဝိုင်းအတွင်း၌ အရိုင်းအစိုင်း သားရဲတစ်ကောင်လို ပြိုင်ဘက်ကို အသေအကျေ ထိုးကြိတ်သတ်ပုတ်နေရသည်။ သို့တည်းမဟုတ်၊ လေ့ကျင့်ဖော်များနှင့် သွေးထွက်နည်းအောင် ချွေးထွက်များစေလျက် ရေကုန်ရေခန်း လေ့ကျင့် ထိုးကြိတ်နေရသည်။ သို့တည်းမဟုတ် ကိုယ်ကာယ လေ့ကျင့်ခန်းများကို ပင်ပင်ပန်းပန်း အားစိုက်ပြုလုပ်နေရသည်။ မစားချင်လည်းစား၊ မအိပ်ချင်လည်းအိပ်။ ခံစားမှုများ ဖယ်ရှားထား။ သူ့ လူငယ်ဘဝသည် စက်ရုပ်တစ်ရုပ်ပမာ ခြောက်သွေ့ ငြီးငွေ့စွာ ကုန်ဆုံးကွယ်ပျောက်ခဲ့ရသည်။

လူတွေက ထင်ကြသည်။ ငယ်ရွယ်နုပျို သန်စွမ်းသော ချန်ပီယံတစ်ယောက်၏ ဘဝသည် အင်မတန် လင်းလက်တောက်ပပျော်ရွှင်ရလိမ့်မည်ဟု။ အလွန်ပင် သာယာလှပ စိတ်ချမ်းမြေ့ရလိမ့်မည်ဟု။ သူလည်း ထိုအတိုင်းပဲ ထင်ခဲ့၏။ သူနှင့်အတူ လူတွေ မတွေးမထင် မမြင်မိခဲ့တာက ချန်ပီယံ ရွှေခါးပတ်နောက်ကွယ်က ခက်ခဲကြမ်းတမ်းမှုများ၊ ရက်စက်ယုတ်မာ ကောက်ကျစ်မှုများ၊ လိမ်လည်လှည့်စား သိက္ခာမဲ့မှုများ၊ လူ့ဂုဏ်သိက္ခာနှင့် ဖီလာဆန့်ကျင်သည့် မယုံနိုင်စရာ အောက်တန်းကျမှုများ။

တကယ်တော့ သူ ရွေးချယ်လိုက်သည့် အသက်မွေးဝမ်းကျောင်းကိုက တောနက်ထဲက သားရဲတိရစ္ဆာန်များလို တစ်ကောင်နှင့်တစ်ကောင် တိုက်ခိုက်သတ်ပုတ် အနိုင်ယူရသည့် မသတီစရာ အလုပ်မျိုး။ သိပ်ပြီး ရှေးရိုးဆန်သည်။ ယဉ်ကျေးမှု အဆင့်မြင့်သည့် ခေတ်သစ်လူ့လောကမှာ ဆက်ပြီး ရှိမနေသင့်သည့်အလုပ်လည်းဖြစ်သည်။ သို့သော် ရှိနေသည်။ နောင်လည်း ဆက်လက် ရှိနေလိမ့်ဦးမည်။ အဘယ်ကြောင့်ဆိုသော် လူတို့ကိုယ်အတွင်းမှာ ကြွင်းကျန်တည်ရှိနေသည့် သားရဲတို့ရဲ့ အရိုင်းအစိုင်း ဗီဇသွေးများက တစ်ယောက်ကို တစ်ယောက် ရက်ရက်စက်စက် တိုက်ခိုက်အနိုင်ယူရခြင်းကို နှစ်သက်ကြသည်လေ။ ထို့ကြောင့်လည်း ကမ္ဘာကြီးမှာ လက်ဝှေ့ပွဲပေါင်းများစွာ တခမ်းတနား ဆင်ယင်ကျင်းပနေကြသည်။ ထိုပွဲများကို လူအများကတော့ ငွေကုန်ကြေးကျခံကာ မက်မောခုံမင်စွာ အားပေးကြည့်ရှုကြသည်။ တရှိုက်မက်မက် အရသာခံကြသည်။ လူတစ်ယောက် နာကျင်အနာတရ ဖြစ်ခြင်းကို နှစ်သက်ကျေနပ် ပျော်ရွှင်ကြသည်။ လူ့လောက၏ အရှက်ရစရာများထဲမှာ လက်ဝှေ့ပွဲလည်း ပါသည်။

သူ့အာရုံ လွှင့်ပါးပြီး ကိုယ်နေဟန်ထား မှားယွင်းသွားသည့် အခိုက်အတန့်မှာ အကာအကွယ်မဲ့ သူ့နံစောင်းထက်သို့ ကောင်လေး၏ ဝိုက်လက်သီးကျရောက်၏။ သူ 'အင့်ခနဲ' ဖြစ်သွားချိန်မှာ ပြင်းထန်အားပါသည့် ပင့်လက်သီးတစ်လုံး သူ့ထံ ပြေးဝင်လာသည်။ သူ အလျှင်အမြန် ရှောင်တိမ်းသည်။ မလွတ်။ ထိုးချက်က ပစ်မှတ်ကို မိမိရရ မထိသည့်တိုင် သူ 'ဝုန်း' ခနဲ လဲကျသွားသည်။ သူ သတိလစ်မလို ဖြစ်သွားသည်။ သူ့ကို စီးမိုးပြီး အမှတ်စဉ် ရေတွက်သော ဒိုင်၏ အသံကြောင့် သတိလည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

အမှတ်စဉ်တစ်ဝက် ရောက်သည်အထိ လက်ဝှေ့ကြိုးဝိုင်းကြမ်းပြင်ထက်မှာ သူ ငြိမ်သက်နေလိုက်သည်။

ငြိမ်နေသော်လည်း သူ့ဒေါသသွေးများ ပွက်ပွက်ဆူလာပြီ။ သူ့အသားများ တဆတ်ဆတ်တုန်လာပြီ။ သားရဲဝိညာဉ်က သူ့ထံ ပူးဝင်လာပြီ။ သူသည် 'တိုက်မောင်း' ပြန်ဖြစ်သွားပြီ။ အမှတ်စဉ် ခုနစ်အရောက်မှာ သူ ခပ်ဖြည်းဖြည်း ပြန်ထ,သည်။

'ရှစ်'

ဒိုင်က အမှတ်စဉ် ဆက်လက် ရေတွက်နေသည်။ သူ မတ်မတ်ပြန်ရပ်ပြီးပြီ။ ဆက်လက် ထိုးသတ်ရန် အသင့်ဖြစ်ပြီ။

❑

အထိနာသွားသော သူက ကောင်လေးကို ဒေါသတကြီးနှင့် ပြင်းပြင်းထန်ထန် ကိုက်စစ်ဆင်ပြီး တရမန်းကြမ်း ထိုးသတ်သည်။ သတိလက်လွတ်ဖြင့် အားကုန်သုံးကာ ကောင်လေးကို မုန်တိုင်းဝှေ့သလို အပြင်းအထန် ထိုးကြိတ်တိုက်ခိုက်သည်။ ကောင်လေးက မကြာခဏ သူ့ကို ပူးကပ်ဖက်တွယ်နေရသည်။ နည်းပြချုပ်က ခေါင်းယမ်းသည်။ နည်းပြဆရာက စုတ်သပ်သည်။ ထိုစဉ် မောင်းသံ ထွက်ပေါ်လာသည်။ သူလည်း သူ့ထောင့်သူ ပြန်လာကာ ခေါက်ခွေးခြေခုံလေးထက်မှာ ဝင်ထိုင်သည်။

'တိုက်မောင်း၊ မင်းဘယ်လိုဖြစ်နေတာလဲ။ငါ အတန်တန် ပြောထားလျက်နဲ့ကွာ'

နည်းပြဆရာက အပြစ်တင်သည်။ သူက လက်နှစ်ဖက်ကို ထောင့်မှန်ကြိုးတန်းပေါ် တင်လျက် သက်သောင့်သက်သာ ထိုင်နေသည်။ ကြိုးဝိုင်းအကူများ တဘက်ဖြင့် ယပ်ခတ်ပေးနေသောလေကို အဆုတ်အတွင်းသို့ ခပ်ပြင်းပြင်း ရှူသွင်းနေသည်။

'မင်း ကောင်လေးနဲ့ ပြိုင်ပွဲထိုးသတ်နေတာမဟုတ်ဘူး။ သူ့ကို လေ့ကျင့်ထိုးပေးနေတာကွ'

သူ့အကြည့်များက အဝေးတစ်နေရာမှ သည် နည်းပြဆီသို့ ဒေါသနှင့် ရွေ့ပြောင်းကျရောက်၏။ နည်းပြဆရာကလည်း သူ့ကို စူးစူးရဲရဲပဲ စိုက်ကြည့်၏။ မာထန်ထန်အကြည့်နောက်ကွယ်က ပျော့ပျောင်းနူးညံ့မှုကို ခံစားရသည့် အခိုက်အတန့်မှာ သူ မျက်လွှာချမိသည်။ နည်းပြက ကောင်လေးဘက်ကလိုက် ပြောနေသလို ထင်ရသော်လည်း အမှန်တော့ သူ့ကို စိုးရိမ်နေခြင်း။

ကျန်းမာရေးကြောင့် လက်ဝှေ့ကြိုးဝိုင်းများကို အပြီးအပိုင် စွန့်လွှတ်လိုက်ရသောအခါ သူက ပေတေလေလွင့်သူဘဝဖြင့် ကြိုးဝိုင်းမဲ့ လက်ဝှေ့ပွဲတွေမှာ နှစ်ပေါင်းများစွာ ကျင်လည်ကျက်စားနေခဲ့သည်။ ကြိုးဝိုင်းမဲ့ လက်ဝှေ့ပွဲတွေကိုတော့ ခပ်မှောင်မှောင်လမ်းကြားများမှာ၊ တိုးတိုးတိတ်တိတ် အရက်ပုန်းဆိုင်များမှာ၊ လှို့လှို့ဝှက်ဝှက် ဘိန်းခန်းများမှာ၊ လိုင်စင်မဲ့ လောင်းကစားဝိုင်းများမှာ၊ ပုန်းလျှိုးကွယ်လျှိုး ပြည့်တန်ဆာအိမ်များမှာ နှစ်ပေါင်းများစွာ ပါဝင်ဆင်နွှဲ ပျော်မွေ့နေခဲ့သည်။ ထိုလက်ဝှေ့ပွဲများမှာလည်း အစပထမတော့ သူက ချန်ပီယံပေါ့။ နောက်တော့ သူ့ချန်ပီယံဘွဲ့ကို လုယူသူများ အလျှိုလျှိုပေါ်လာသည်။ သူ့အရှိန်အဝါလည်း တဖြည်းဖြည်း လျော့ပါးမှိန်ဖျော့လာသည်။ ကြာတော့ သူကိုယ်တိုင်က အမှောင်လောကကို ငြီးငွေ့စိတ်ပျက်ပြီး စွန့်ခွာလာခဲ့သည်။

'စိတ်လိုက်မာန်ပါ မလုပ်နဲ့ တိုက်မောင်း။ ကိုယ့်အသက်အရွယ်ကို မမေ့နဲ့။ ကိုယ့်အင်အားကို ပိုမတွက်နဲ့။ ကိုယ့်ကျန်းမာရေးကို သတိရ။ ဒါ ချန်ပီယံလုပွဲ မဟုတ်ဘူး'

နည်းပြက အသံကို နှိမ့်ပြီး သွားကြားက ထွက်သောလေနှင့် အေးတိအေးစက် ပြောသည်။ သူ တွေဝေသွားသည်။

သူ အမှောင်ကမ္ဘာကို စွန့်ခွာလာပြီးနောက် သူ၏ ဒုတိယအိပ်မက်ကို အကောင်အထည်ဖော်ရန် အားထုတ်ခဲ့သည်။ လက်ဝှေ့နည်းပြဘဝနှင့် ကောင်းသော အသက်မွေးဝမ်းကျောင်းပြုရန် ကြိုးစားသည်။ အဆင်မပြေ။ တိုတောင်းလှသည့် ချန်ပီယံသက်တမ်းနှင့် နည်းပါးလှသည့် လက်ဝှေ့ကြိုးဝိုင်းအတွေ့အကြုံက နည်းပြဆရာတစ်ယောက်ဖြစ်ရန် လုံလောက်ခြင်း မရှိခဲ့။ သူကိုယ်တိုင်လည်း ကြိုးဝိုင်းတွင်း လက်ဝှေ့ပွဲများထက် ကြိုးဝိုင်းမဲ့ လက်ဝှေ့ပွဲများကို ဆင်နွှဲရတာ ပိုများတာမို့ ကြိုးဝိုင်းအတွင်းက ဥပဒေများကိုပင် မေ့ချင်ချင်။ သတ်မှတ်ချက်များ၊ ကန့်သတ်ချက်များနှင့် စည်းကမ်းကလနားများက အာရုံမှာ ဝေဝေဝါးဝါး။

ထိုစဉ် မောင်းသံ မြည်ပြန်သည်။ သူက လေးလေးလံလံ ထ,ရပ်လိုက်ပြီး ကြိုးဝိုင်းအလယ်သို့ ဖြည်းဖြည်းနေးနေး လျှောက်ဝင်သည်။ လျှောက်ရင်း ဒိုင်ကိုကြည့်ကာ မျက်လွှာချပြလိုက်သည်။ သည်ပွဲကို ဒိုင်လုပ်နေသူမှာလည်း သူနှင့် သူ့မိတ်ဆွေ နည်းပြဆရာလိုပင် သူတို့ခေတ်ပြိုင် လက်ဝှေ့ချန်ပီယံ

uk| fuk| , dfEGum aumif av;\ tumt uGf vpf[ mo&Gaom t½dk ESifh ar;½dkq Da` wpfcdfu emrnfu Jcdaom oI\ taumif fq k wGl kuk ypfvT vfvdkuf onf yGy ifr m;pGu k 'dky&yfz if t Edkf, Edkfcdaom wGl kzpf\



www.burmeseclassic.com

www.burmeseclassic.com

လူဟောင်းတစ်ဦးပါပဲ။ ဒိုင်က သူ့ကို သနားကြင်နာစွာ ကြည့်နေသည်။

နားချိန် တစ်မိနစ်အတွင်းမှာ အင်အားပြန်ပြည့်လာသော ကောင်လေးက သူ့ထံသို့ တစ်ဟုန်ထိုး ပြေးဝင်ကာ တရစပ် ထိုးသတ်သည်။ သည်တစ်ခါတော့ သူက ပါးနပ်လိမ္မာစွာ အင်အားကို ခြိုးခြံချွေတာလျက် ပညာနှင့် သမ္မာအားပြုကာ ရှောင်တိမ်းထိုးသတ်နေသည်။ တချို့ထိုးချက်များကို တမင် အထိခံပြီး ကောင်လေးကို ပရိယာယ် ဆင်နေသည်။ တစ်ချက်တလေ ထောက်လိုက်တားလိုက်ပြုကာ ကောင်လေးရဲ့ ဒေါသကို ဆွထိုး၊ ထိုးနေသည်။ ကောင်လေးကလည်း နံချာချာ ထုံထိုင်းထိုင်း လက်ဗွေ့သမားတစ်ယောက်မှ မဟုတ်တာ။ သူဆင်ထားသော အကွက်အတွင်းသို့ အလွယ်တကူ ဝင်မလာပါ။ ဝင်မလာရုံမက စဉ်းငယ်မျှ အာရုံလွှင့်ပါးသွားခိုက်မှာ မည်သူမှ မျှော်လင့်မထားသည့် လျှင်မြန်အားပါသော လက်သီးတစ်လုံးကို သူ့အရှိက်ဆီသို့ ကောင်လေးက လျှပ်ပြက်သလို ပစ်သွင်းလိုက်နိုင်၏။ ထိုလက်သီးချက်ကြောင့် သူ ကြိုးတန်းထက်သို့ လွင့်စဉ်သွား၏။

ကောင်လေးက သူ့ထံသို့ အလျင်အမြန် ချဉ်းကပ်လာနေစဉ် ကံကောင်းထောက်မစွာ မောင်းသံထွက်ပေါ်လာပြန်သည်။

❑

'အဆင်ပြေရဲ့လား ကိုက်မောင်း၊ ရရဲ့လား'

ကြိုးဝိုင်းထောင့်ကို မှီပြီး ခြေဆန့်ထိုင်နေသော သူ့ကို အကဲခတ်ရင်း နည်းပြဆရာက မေးသည်။ သူ ပြုံးပြလိုက်သည်။ သို့သော် ဒဏ်ရာဒဏ်ချက်များကြောင့် ဖုထစ်ရွှတ်တွနေသော သူ့မျက်နှာက မဲ့သလိုဖြစ်သွား၏။

စားဝတ်နေရေးနှင့် ဘဝဆက်လက် ရှင်သန်ရပ်တည်နိုင်ရေးအတွက် မဖြစ်မနေ ငွေလိုလာသောအခါ သူ့မှာ ရွေးချယ်စရာ နှစ်ခုသာရှိသည်။ အမှောင်လောကတွင်း ပြန်သွားမလား၊ ဒါမှမဟုတ် တတ်သည့်ပညာနှင့် ငွေရှာမလား။ အမှောင်လောကအတွင်းတော့ သူပြန်မသွားချင်။ သူ့မှာ မယားနှင့် သားနှင့် တည်ငြိမ်အနည်ကျနေပြီ။ ဒါဆို တတ်သည့်ပညာဖြင့် ငွေရှာရုံပေါ့။

သူ တတ်မြောက်တာက လက်ဝှေ့ပညာတစ်ခုတည်း။ လက်ဝှေ့သမားတော့ သူ ဘယ်နည်းနှင့်မှ ပြန်မဖြစ်နိုင်။ နည်းပြဆရာလုပ်ဖို့လည်း အရည်အချင်းမပြည့်။ ဒိုင်လူကြီးဖြစ်ဖို့ဆိုတာကတော့ ဝေးစွခြောက်ပါး။

'မင်း ငွေရမှ ဖြစ်မယ်ဆိုရင်တော့ လက်ဝှေ့လေ့ကျင့်ဖော် လုပ်မလား။ ငါ မင်းလိုထိုးပုံထိုးပေါက်မျိုးနဲ့ လူလိုတယ်'

နည်းပြဆရာက မေးတော့ သူ အင်တင်တင်နှင့် ခေါင်းညိတ်သည်။ သူက ချန်ပီယံပင် ဖြစ်ချင်နေတာလေ။ အသက်အရွယ် ကြီးရင့်နေပြီဖြစ်သော်လည်း၊ ကျန်းမာရေး စံချိန်မမီတော့သော်လည်း ကြိုးဝိုင်းထဲ၌မူ သူက ချန်ပီယံပင် ဖြစ်ချင်သည်။

တတိယအချီ ထိုးသတ်နေစဉ်မှာပဲ ကောင်လေး၏ အားနည်းချက်ကို သူ ရှာဖွေတွေ့ရှိသည်။ သိပ်ကြီးကြီးမားမား ထင်ထင်ရှားရှားတော့ မဟုတ်။ သေးသေးမွှားမွှား မထင်မရှား 'ဟာကွက်ငယ်လေး' တစ်ခုမျှသာ။ ဒါပေမဲ့ ကောင်လေး၏ ချန်ပီယံ ဘဝကို အဆုံးသတ်စေနိုင်သည့် ဟာကွက်။ ထိုဟာကွက်ကို ထိထိရောက်ရောက် ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်ဖို့ကတော့ ဉာဏ်အမြော်အမြင်နှင့် ပရိယာယ်ကြွယ်ဝဖို့ လိုအပ်မည်။ ပြီးတော့ ပညာ'ဝါ'နှင့် အတွေ့အကြုံရင့်ကျက်မှု'သမ္မာ' လည်း လိုလိမ့်ဦးမည်။

သူက ကောင်လေး ထိုးချက်များကို မထိတထိဖြစ်အောင် ဂရုစိုက်ပြီး မလွတ်တလွတ် တိမ်းရှောင်သည်။ အန္တရာယ်သိပ်မကြီးသည့် ထိုးချက်များကို ထိအောင် တမင် အထိုးခံသည်။ သူ အလူးအလဲ ခံနေရပြီဟု ထင်ကာ ကောင်လေးက ယုံကြည်ချက်ပိုကဲပြီး ဖွင့်ထိုးသည်။ သူလိုချင်သည့် အကွက်တော့ ဆိုက်ပြီ။ ထိထိမိမိ ပိုင်ပိုင်နိုင်နိုင်ပဲ ပွဲသိမ်း ထိုးချလိုက်ရန်သာလိုသည်။

သူက ကျန်ရှိသမျှ အင်အားများကို စုစည်းပြီး ကိုယ်ကို ယိမ်းနွဲ့ကာ ကောင်လေး၏ အကာအကွယ် လစ်ဟာသွားသော အရှိက်နှင့် မေးရိုးဆီသို့ တစ်ချိန်က နာမည်ကြီးခဲ့သော သူ၏ အကောင်းဆုံးတွဲလုံးကို ပစ်လွှတ်လိုက်သည်။ ပွဲပေါင်းများစွာကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ယူနိုင်ခဲ့သော တွဲလုံးဖြစ်၏။ ပရိသတ်တို့ နှုတ်ဖျားမှ 'ဟာ'၊ 'ဟင်' စသည့် အာမေဋိတ်သံများကို ထွက်ပေါ်စေသည့် တွဲလုံးဖြစ်၏။ ခုလည်း လူဟောင်းကြီးတွေ၏ နှုတ်ဖျားမှ အာမေဋိတ်သံတွေ ထွက်ပေါ်လာနေပြီ။

အာမေဋိတ်သံတို့ မဆုံးမီ သူ့မျက်လုံးများ လျှပ်စီးလင်းလက်ပြီး ကြိုးဝိုင်းကြမ်းခင်းထက်သို့ ခြေလွတ်လက်လွတ် ပစ်လဲကျ၏။ သူ့ထိုးချက်က သူရည်ရွယ်သည့်နေရာကို ထိပါသည်။ သို့သော် အရှိန်လျှော့လိုက်၍ လုံလောက်သည့် ပြင်းအားမပါ။ နေးလည်း နေးသွား၏။ ဒါက သူ့အမှား။ သူ့မျက်နှာက အကာအကွယ်မဲ့ပြီး ပွင့်သွား၏။ ထိုအခွင့်အရေးကို ကောင်လေးက အပြင်းဆုံး ဖြောင့်လက်သီးဖြင့် မိမိရရ အလဲထိုးချ ရယူလိုက်၏။ ကောင်လေး လေ့ကျင့်ချင်တာကလည်း သည်ထိုးကွက်ပါပဲ။

အကယ်၍ သူ့လက်သီးများကို အရှိန်မလျှော့ခဲ့ပါက ကောင်လေး၏ ပွဲသိမ်းလက်သီးက သူ့ထံသို့ ရောက်လာနိုင်လိမ့်မည်မဟုတ်။ မတတ်နိုင်ပါ။ သူက 'လေ့ကျင့်ဖော်' မျှသာ။ သူ အနာခံပြီး ပြခဲ့သည့် 'ဟာကွက်' ကို ကောင်လေးက သတိပြုမိပါ့မလား။

လောလောဆယ်တော့ လဲကျနေသော သူ့ကိုယ်ပေါ်မှာ စီးမိုးပြီး ကောင်လေးက သူ့ကို သရော်ပြုံးနှင့် ငုံ့ကြည့်နေ၏။ ■

**ဆွန်း၊စက်မှုတက္ကသိုလ်၊**



www.burmeseclassic.com

www.burmeseclassic.com

# ဒဏ်ကြောင်း ခံရသူ

အယ်ကော်




၁။

ကျွန်တော်တို့သုံးယောက်ကို ဌာနမှူး ဗိုလ်မှူးရစ်ချက်က ခေါ်တယ်။ ကျွန်တော်တို့ဟာ ဆက်သွယ်ရေးဌာနကို ရောက်တာ ကျွန်တော်တို့အဖွဲ့အစည်းက တာဝန်ပေးလို့ ရောက်လာကြတဲ့ ရဲဘော်တွေ။ ကျွန်တော်တို့နဲ့ ဆက်ဆံရတာက သူ့နောက်က သူ့ညီတော်သူ ဗိုလ်ခါကပြူးနဲ့ပဲ ဆက်ဆံရတယ်။ ကျွန်တော်တို့ ဒီကိုရောက်တာ တစ်နှစ်ရှိနေပါပြီ။ ဆက်သွယ်ရေးဌာနက လူအပြင် အခြားဌာနက လူတွေနဲ့ပါ မရင်းနှီးတောင် မျက်မှန်းတန်း မှတ်မိနေကြပြီ။ ဒါပေမဲ့ ကျွန်တော်တို့ ဌာနမှူး ဗိုလ်မှူး ရစ်ချက်ဟာ ကျွန်တော်တို့နဲ့ ပြောဆိုဆက်ဆံတာ မရှိခဲ့ဘူး။ အခုတော့ ကျွန်တော်တို့ မဟာမိတ် ရဲဘော်သုံးယောက်ကို ခေါ်တယ်။ ခေါ်တာလည်း ညကြီးမင်းကြီး သူ့အခန်းကို ခေါ်တာ။ ကျွန်တော်တို့ သုံးယောက် နားလည်ရ ခက်နေတယ်။ ဘာကိစ္စကြောင့် ခေါ်တာပါလိမ့်။ တစ်ခုတော့ ရှိတယ်။ အခုတလော စခန်းတစ်ခုလုံး တိုးတိုး တိုးတိုးနဲ့ ပြောကြဆိုကြတယ်။ ဘာပြောကြလဲဆိုတာ ကျွန်တော်တို့မသိ။ သိတာက တစ်ခုခုတော့ ဖြစ်နေပြီ ဆိုတာလောက်ပါပဲ။ ကျွန်တော်တို့က သူတို့စကားကို နားမလည်တော့ မျက်နှာကဲခတ်ပြီး ရမ်းသန်းနားလည် နေတာမျိုးလောက်ပဲ ရှိတယ်။

ကျွန်တော်တို့က စိုးတထိတ်ထိတ်နဲ့ ဗိုလ်မှူး အခန်းထဲဝင်သွားတယ်။ သူက 'ထိုင်'လို့ ထိုင်မယ့်နေရာကို ပြတယ်။ သူနဲ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ကြတယ်။ သူက ဘေးနားက ချထားတဲ့ ငါးသုံးလုံး စီးကရက်ဘူးကို ဖွင့်ပြီး မီးညှိ၊ တစ်ဖွာလောက် ဖွာလိုက်ပြီးတော့-

'ရဲဘော်တို့ကို ပြောစရာရှိလို့ ခေါ်တာ။ ဒီဌာနကို ရောက်တော့ ဒီဌာနက ရဲဘော်တွေပေါ့။ ရဲဘော်တို့ဟာ ဒီစခန်းမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သိကြရဲ့လား'

'မသိပါ ဗိုလ်မှူး'လို့ ကျွန်တော်တို့





www.burmeseclassic.com

www.burmeseclassic.com

သူတို့ကို ရှင်းဖို့ဟာက ဘာမှမခက်ဘူးလေ
ဒါပေမဲ့ သူတို့လို လူတစ်ယောက် ဖြစ်လာဖို့
ဘယ်လွယ်ပါ့မလဲ။ သူတို့ဟာ မသေသေးရင်
တိုင်းပြည်အတွက် လူမျိုးအတွက် တတ်နိုင်တဲ့
အင်အားနဲ့ တတ်နိုင်သရွေ့ အကျိုးပြု
ပေးနိုင်သေးတယ်။ ပြီးရင် သတ်ဖြတ်
အပြစ်ပေးတာဟာ အစဉ်အလာ ဖြစ်သွားနိုင်တယ်



www.burmeseclassic.com

www.burmeseclassic.com

သုံးယောက်က ဖြေကြတယ်။ သူက -

'ရဲဘော်တို့ဟာ တစ်စုံတစ်ရာ သိထားသင့်တယ်။ သိထားလည်း သိထားရမယ်။ ပြဿနာတစ်ခု ဒီစခန်းထဲမှာ ဖြစ်နေတယ်။ ရဲဘော်တို့ အကြံဉာဏ်ကိုလည်း မျှော်လင့်တယ်' လို့ ပြောလာတယ်။ တကယ်တော့ ကျွန်တော်တို့ဟာလည်း ကျွန်တော်တို့အဖွဲ့က အောက်ခြေ ရဲဘော်တွေမျှသာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဗိုလ်မှူးနဲ့ သက်တူနီးနီးလောက် ရှိပါတယ်။ ကောင်မျိုးစံနဲ့ စောသိန်းက နှစ်ဆယ်ကျော် လူငယ်လေးတွေ။ ဒါကြောင့် ကျွန်တော့်ကို ရည်ရွယ်ပြီး ပြောတယ်လို့ နားလည်လိုက်တယ်။

'ပြောပါ ဗိုလ်မှူး' လို့ ကျွန်တော်က ပြောလိုက်တယ်။ ဒီမှာ တော်တော်အံ့သြစရာ အဖြစ်သနစ်တစ်ခုကို ကြားလိုက်ရပါတယ်ဆိုပါတော့။

တင်တင်မြဆိုတဲ့ '*ပုဂံမြို့ဟောင်းတစ်နေရာ*' ထဲက '*မယုံကြည်လျှင် ကောင်းပါလိမ့်၊ ရင်ကသိမ့်သိမ့်တုန်နာကြည်း ကြေကွဲဖွယ်ရာ*' ဆိုတဲ့ စာသားတစ်ပိုင်းတစ်စ ကျွန်တော့်ဆီကို ဒိုင်းခနဲ ရောက်လာတယ်။

တူးတူးဟာ ဒီစခန်းမှာ လှသိများတဲ့ ကောင်မလေးတစ်ယောက်ဖြစ်တယ်။ သူဟာ စခန်းဆေးရုံက သူနာပြုဆရာမတစ်ယောက်လည်း ဖြစ်တယ်။ အပြောအဟောသိပ်သွက်တယ်။ သိပ်ပြီးတော့ ဆက်ဆံရေး ပြေပြစ်သူလို့ဆိုချင်တယ်။ ကျွန်တော်တို့လို မဟာမိတ်ရဲဘော်၊ တစ်နည်းအားဖြင့် ဧည့်သည်ပေမဲ့ ကျွန်တော်တို့ကိုပါ တရင်းတနှီး ဆက်ဆံတတ်တာ တွေ့ရပါတယ်။

ကျွန်တော် ငှက်ဖျားနဲ့ ဆေးရုံတက်စဉ်က သူက တစ်နယ်တစ်ကျေးက ရဲဘော်ဆိုပြီးတော့ အတော့်ကို ဂရုစိုက်ပြီး ပြုစုပေးတယ်။ အဲဒါလည်း ကျွန်တော်တို့နဲ့ တူးတူး ရင်းနှီးလာရတဲ့အကြောင်းရင်းလို့ဆိုလည်း ရမယ်ထင်ပါရဲ့။

ကျွန်တော်တို့ ဘားတိုက်မှာ သူတို့အဖွဲ့အစည်းက ဗဟိုကော်မတီ ဦးစောမောင် ဆေးကုရင်း အနားယူတယ်။ ဒါကို တူးတူးက မနက်၊ ည ပုံမှန်ရောက်လာပြီး သွေးပေါင်ချိန်၊ ဆေးတိုက် လုပ်တတ်တာကြောင့်လည်း တူးတူးကို မတွေ့ရတဲ့နေ့ရက်ရယ်လို့ သိပ်မရှိတတ်။ ဒါဟာလည်း တူးတူးနဲ့ ပိုပြီးရင်းနှီးရတာအကြောင်းတစ်ချက် ဖြစ်တယ်။

❑

၂။

တူးတူးဟာ ချက်ချာသွက်လက်တဲ့ မိန်းကလေးတစ်ယောက်မို့ စခန်းရဲ့ ဒုတိယအကြီးအကဲ ဗိုလ်မှူးကြီး မူးသာကပါ အရေးပေးတတ်တာ သတိပြုမိတယ်။

ဗိုလ်မှူးကြီး မူးသာဟာ ခတ်ပုံဝါသနာပါတယ်၊ ပန်းချီလည်း မတောက်တခေါက် ဝါသနာပါတယ်။ ပြည်ချစ်က ဆရာ စံနက်ကျော်ဆီမှာ သင်ယူတယ်။ ဓာတ်ပုံရိုက်တာ၊ ပန်းချီဆွဲတာတွေကို ဆရာ စံနက်ကျော် ပင့်ပြီး အောက်ဒိုးထွက်ကြ ဘာညာပေါ့။ နောက် ပန်းချီဆွဲရင် မော်ဒယ်အဖြစ် တူးတူးကို လုပ်ခိုင်းတယ်။ ဓာတ်ပုံရိုက်ရင်လည်း တူးတူးဟာ မော်ဒယ်အဖြစ်ပါပဲ။

ဒါကြောင့် ဗိုလ်မှူးကြီးဟာ သူ့ရဲ့ စတူဒီယိုသော့ကို တူးတူးကို လွှဲအပ်ထားတယ်။ အဲဒီအခန်းမှာ ဗိုလ်မှူး အိပ်ရာနေရာ ပစ္စည်းပစ္စယတွေရှိတယ်။ တူးတူးဟာ သော့ကိုင်ဆိုတော့ လိုအပ်တာကို တူးတူးကိုပြောတတ်တယ်။ ငွေကြေးကိစ္စဆိုလည်း ဒီအတိုင်းပါပဲ။ စိတ်ချယုံကြည်စွာ ရှိပါတယ်။

တူးတူးမှာ သူနဲ့ သဘောမျှနေတဲ့ လူတစ်ယောက် ရှိနေတာကို ကျွန်တော်တို့ သိတယ်။ ဆက်သွယ်ရေးက ဆရာ အမ်းကူးပါပဲ။ ဆရာ အမ်းကူးဟာ လူချောတစ်ယောက်ရယ်ပါ။ ပြီးတော့ သိပ်ပြီး တည်တည်ငြိမ်ငြိမ်နဲ့ လူတစ်ယောက်ဖြစ်ပါတယ်။ တူးတူးနဲ့ ဆရာ အမ်းကူးဟာ သဘောမျှတယ်ဆိုရာမှာ ဆရာ အမ်းကူးဟာ တူးတူးကို ပြန်သဘောမျှသလား အဲဒါတော့ မပြောတတ်ဘူး။ တူးတူးဟာ ဆရာ အမ်းကူးအခန်းကို လာပြီးတော့ ဘာတွေပြောကြ ဆိုကြလဲ မသိဘူး။ တိုးတိုးနဲ့ ပြောကြရယ်ကြနဲ့။ ကျွန်တော်တို့က ဆရာ အမ်းကူးကိုတော့ တူးတူး မလွှတ်တမ်း ချည်ထားနိုင်မယ်လို့ ထင်ခဲ့တယ်။ ဒါပေမဲ့ . . .။

❑

၃။

'တူးတူးတစ်ယောက် အယ်ကော်နဲ့ ခိုးရာလိုက်သွားတယ်ကွ' လို့ ဗိုလ်မှူးရစ်ချက်ကပြောလိုက်တယ်။ 'ဟယ်' လို့ ကျွန်တော်တို့ အံ့အားသင့်ကုန်ကြတယ်။ တကယ်ထင်တာက ဆရာ အမ်းကူးနဲ့ပဲ ထင်ထားတာ။ အယ်ကော်နဲ့ ဘယ်လိုက ဘယ်လိုဖြစ်သွားလဲ မပြောတတ်တော့။ အယ်ကော်ဟာ တပ်မဟာမှူးရဲ့သားဖြစ်တယ်။ ဒီစခန်းမှာ ဖွင့်ထားတဲ့ အထက်တန်းကျောင်းမှာ ပညာသင်ယူနေတဲ့ ဆယ်တန်းကျောင်းသားတစ်ယောက်ရယ်။ တူးတူးထက် အတော် ငယ်မယ်ဆိုတာ သေချာတယ်။

'တော်တော် မိုက်တာပဲ။ တစ်ယောက်နဲ့တစ်ယောက် သဘောမျှလို့ ယူကြတယ်ဆိုတာက ဘာမှမဆန်းပါဘူး။ အခုတော့ တောက် . . .တော်တော် ဆိုးတာပဲ' လို့ ဗိုလ်မှူးရစ်ချက်က တောက်ခေါက်ပြောလိုက်တယ်။ ကျွန်တော်တို့ ဘယ်လိုနားလည်ရမယ် မသိ ဖြစ်နေတယ်။

'သူတို့ ဘယ်ကို ထွက်ပြေးသွားကြလဲ မသိဘူး။ လိုက်တော့ လိုက်ရှာနေကြတယ်။ ခုထိတော့ မသိရသေးဘူး'

ဗိုလ်မှူးရစ်ချက်ဟာ တငွေ့ငွေ့လောင်နေတဲ့ စီးကရက်ကို ဖွာလိုက်တယ်။ ပြီးတော့ . . .

'ဆိုးတာကွ၊ ဗိုလ်မှူးကြီးဆီက ငွေတွေပါယူသွား



www.burmeseclassic.com

www.burmeseclassic.com

တာ။ ငွေက နည်းနည်းနော နော မဟုတ်ဘူး၊ သိန်းဆယ် ချီရှိတယ်' လို့ ပြောလိုက်တယ်။ ကျွန်တော်တို့က လည်း အံ့သြရုံမှအပ ဘာမှ မပြောတတ်ကြ။

'တပ်မဟာမှူးက ပြောတယ်၊ တွေ့ရင် တွေ့ရာမှာ အသေပစ်သတ်ပစ်လို့ အမိန့်ပေးထားတယ်'

ဒီလိုပဲ ဖြစ်လိမ့်မယ်လေ။ တူးတူးဟာ ဒီလောက်ထိ ဘာကြောင့် မိုက်တွင်းနက်ရသလဲ။ သူဟာ ရန်သူ့ရဲ့ သူလျှိုမတစ်ယောက်ပဲလား။ ရန်သူ သူလျှိုမလည်း မဟုတ်နိုင်။ တူးတူးဟာ တော်လှန်ရေး မိသားစုက ပေါက်ဖွားလာတဲ့ ကလေးမတစ်ယောက်ဖြစ်တယ်။ သူဟာ သာယာဝတီ နယ်ဘက်ကလို့ သိရတယ်။ သူ့မိဘနှစ်ပါးလုံးဟာ အောင်မာဃ စစ်ဆင်ရေးမှာ ရန်သူ့လက်ချက်နဲ့ ဆုံးသွားတယ်။ တူးတူးတစ်ယောက်ကတော့ တောတွင်းမှာမဟုတ်ဘဲ ရွာထဲပို့လို့ အသက်ရှင်သန်လာရတာ။ ဒီလိုပဲ တစ်ကောင်ကြွက်ဘဝနဲ့ ကြီးပြင်းခဲ့ရသူလို့ သိရတယ်။

သူတို့အဖွဲ့အစည်းဟာ မြစ်ဝကျွန်းပေါ် ပတ်ဝိုင်း စစ်ဆင်ရေးမှာ အကုန် ဖရိဖရဲဖြစ်ကုန်ရော။ နောက်တော့ ဒီမှာဘက်ဆီ ရောက်လာကြတယ်။ ဒီမှာစုပြီး နေရာချကြတယ်။ ဒီမှာရှိတဲ့ အင်အားစုနဲ့ တူတော့ မတူပေမဲ့ အခုတော့ အမျိုးသား အကျိုးစီးပွားအတွက် ပူးပေါင်းလိုက်ကြတယ်။ ခံယူတဲ့ လမ်းစဉ်ကတော့ မတူ။ မြစ်ဝကျွန်းပေါ် အင်အားစုဟာ ဒီမှာလာစုကြတော့ တစ်ကောင်ကြွက်မလေး တူးတူးဟာ ဒီမှာဘက်ဆီသို့ ရောက်တာဖြစ်တယ်။ အခုတော့ ဒီမှာနေရင်းကနေ ခုလို မကြံအပ်၊ မကြံရာကို ကြံစည်လိုက်လေခြင်းလို့ ကျွန်တော်နားလည်လိုက်တယ်။ သူတို့ ချစ်သူနှစ်ဦးကို မမိပါစေနဲ့လို့ ကျိတ်ပြီး ဆုတောင်းဖြစ်ပါတယ်။

ဗိုလ်မှူးရစ်ချက်က 'သူတို့ကိုတွေ့ရင် တပ်မဟာမှူးက အပြတ်ရှင်းဖို့ ပြောပေမဲ့ တပ်မဟာမှူးကတော်က ဖမ်းပြီးတော့ အပြတ်မရှင်းဘဲ ထိုက်သင့်တဲ့ ပြစ်ဒဏ်တော့ ပေးရမယ်လို့ ပြောတယ်။ သူတို့အဖွဲ့အစည်းရဲ့ ဗိုလ်ချုပ်ကလည်း အပြတ်တော့ရှင်းလိုပုံမရ။ တွေ့ရင် သူ့ဆီခေါ်ယူလာဖို့ ပြောတယ်' လို့ ကျွန်တော်တို့ကို ဗိုလ်မှူးရစ်ချက်က ရှင်းပြတယ်။ ကျွန်တော်တို့ကို 'ဘယ်လိုသဘောရလဲ' မေးတယ်။

'ရှင်းလို့ကတော့ မသင့်တော်ဘူးထင်တယ်' လို့ ကျွန်တော်က မှတ်ချက်ပေးတယ်။ ဗိုလ်မှူးက 'ဆိုစမ်းပါဦး၊ ဘာဖြစ်လို့လဲ'

'သူတို့ကို ရှင်းဖို့ဟာက ဘာမှမခက်ဘူးလေ။ ဒါပေမဲ့ သူတို့လို လူတစ်ယောက်ဖြစ်လာဖို့ ဘယ်လွယ်ပါ့မလဲ။ သူတို့ဟာ မသေသေးရင် တိုင်းပြည်အတွက် လူမျိုးအတွက် တတ်နိုင်တဲ့အင်အားနဲ့ တတ်နိုင်သရွေ့ အကျိုးပြုပေးနိုင်သေးတယ်။ ပြီးရင် သတ်ဖြတ်အပြစ်ပေးတာဟာ အစဉ်အလာ ဖြစ်သွားနိုင်တယ်' လို့ ကျွန်တော်ပြောလိုက်တော့ 'ရဲဘော်ပြောတာ မှန်တယ်လို့' ထောက်ခံတယ်။ ပြီးတော့ 'တပ်မဟာမှူးကတော်ဟာ စိတ်ထိန်းမနိုင်သိမ်းမရဖြစ်ပြီး ကိုးရိုးကားရားဖြစ်ရင် တပ်မဟာမှူးလည်း ဘယ်လိုမှ စိတ်ကောင်းနိုင်မှာမဟုတ်ဘူး' လို့ပြောပြန်တယ်။

အဲဒီနေ့ညက ကျွန်တော်တို့ဟာလည်း စိတ်မကောင်းစွာနဲ့ အိပ်ရာဝင်လိုက်ကြရတယ်။ ကန္တာရခရီးကြမ်းကို တစ်ညလုံး လျှောက်လို့။

❑

၄။

တူးတူးတို့ဟာ နယ်စပ်မြို့လေးတစ်ခုရဲ့ ဟိုတယ်တစ်ခုမှာ ရှိနေတယ်လို့ ထောက်လှမ်းလို့ရကြောင်းကို ကျွန်တော်တို့ ကြားရတယ်။ 'ဘုရား ဘုရား' တွေ့လိုက်လို့ကတော့…။

အဲဒီလိုနဲ့ တစ်ပတ်လောက် အကြာမှာ တူးတူးတို့ ချစ်သူမောင်နှံနှစ်ဖော်ကို မိပြီလို့ ကြားလာရတယ်။ ကျွန်တော်တို့နေတဲ့ စခန်းရဲ့ အချုပ်ခန်းမှာ ရောက်နေပြီဆိုလား။ အဲဒီလို သတင်းတွေ ထွက်လာတယ်။

ဒီသတင်းဟာ အမှန်တကယ်ဖြစ်တယ်လို့ သိလိုက်ရချိန်မှာတော့ ကျွန်တော်တို့ဟာ အတော့်ကို တုန်လှုပ်ချောက်ချားသွားပါတယ်။

ကျွန်တော်တို့ဟာ စိတ်မကောင်းတာမှန်ပေမဲ့ တူးတူးကိုတော့ တစ်ချက်လောက် သွားကြည့်လိုက်ချင်တယ်။ ဒါနဲ့ ကျွန်တော်တို့ အချုပ်ခန်းဘက် ရောက်သွားတော့ တူးတူးကို လက်ပြန်ကြိုးတုပ်ချည်ထားတယ်။ သူဟာ ရှက်ကြောက်ခြင်းများစွာကြောင့် မျက်နှာကို မပြရဲပုံရတယ်။ ခေါင်းကို ဒူးနှစ်လုံးကြားမှာ ဝှက်ကွယ်ထားတယ်။ အယ်ကော်ကတော့ ချည်ခြင်းတုပ်ခြင်းမရှိ။ သူကလည်း အတော့်ကို စိတ်ထိခိုက်ခြင်းကြီးစွာ ရောက်နေတဲ့ မျက်နှာအခင်းအကျင်းကိုတွေ့ရတယ်။ နောင်တရနေသလား၊ သို့မဟုတ် ခံပြင်းဒေါသထွက်နေသလား။ သူ့စိတ်ထဲမှာတော့ ဒေါမနဿဝေဒနာ ပြင်းပြင်းပြပြ ခံစားနေရတာကို အလွယ်တကူ ဖတ်ရှုနိုင်ခဲ့တယ်။ ကျွန်တော် တူးတူးရဲ့ ရုပ်ပုံလွှာကို မျက်စိထဲက ခွာမထွက်နိုင်တော့ ကသိုဏ်းရှုသူတွေမှာ ဥဂ္ဂဟနိမိတ် ထင်သလိုပဲ သူ့ရုပ်ပုံလွှာဟာ ခွာချလို့ မရနိုင်ဘဲ ဥဂ္ဂဟနိမိတ် ထင်နေတယ်။

နောက်တစ်နေ့ မနက်လင်းအားကြီးမှာ တူးတူးတို့ ချစ်သူမောင်နှံကို နယ်ပြောင်းလိုက်တယ်လို့ သိရတယ်။ ဘယ်နယ်ကို ပြောင်းလိုက်သလဲတော့ မသိ။ အယ်ကော်ကိုတော့ ဗိုလ်ချုပ်ဆီကို ပို့လိုက်သလို ကြားရတယ်။ တူးတူးကိုကော ဘယ်နယ်ကို ပို့လိုက်သလဲ။ ဒီရဲ့အဖြေကို ဘယ်သူမှ တိတိကျကျမသိကြ။ တချို့ပြောတာကတော့ ဘယ်တော့မှ ပြန်မလာနိုင်တော့တဲ့ နယ်ခြားမြေခြားဆီ ပို့လိုက်သတဲ့လေ။


(ဒီဖြစ်ရပ်ဟာ နှစ်ပေါင်း ၃၅ နှစ်လောက် ကြာခဲ့ပါပြီ။ ဒါပေမဲ့ ကျွန်တော့်မှာတော့ အခုဖြစ်နေသလားလို့ ဥဂ္ဂဟနိမိတ် ထင်ပြက်နေဆဲရယ်ပါ)

■ အယ်ကော်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# သတင်းကောင်း

လှမြင့်အောင်၊ တောင်ကုတ်၊

လူတွေများ ပြောပါတယ်။
လူညီရင် ဘျဲကိုကျွဲဖတ်ရို့
ဝန်မလေးကြဘူး။ သူတို့
ညီညွတ်နေတာကြောင့်
အခုလို အခက်
တွေ့နေရတာပေါ့။
သူတို့ဆိုတာက
ဟောဒီတစ်ရွာလုံးကို
ပြောတာနော်။
ဒါကြောင့် မလွယ်ဘူးလို့
စိန်သုန်ပြောတာ။
ကြည့်လေ၊ တစ်ရွာလုံးက
တစ်ဖက်၊ စိန်သုန်
တစ်ယောက်တည်းက
တစ်ဖက်ဆိုမှတော့
စိန်သုန့်ဘက်က
ဘယ်လောက်မှန်မှန်
အရာထင်ပါ့မလားလို့။

မသကာ စိန်သုန်ပဲ
ရွာပြင်ထုတ်ခံရမှာ။
ခက်တာက
ကိုယ့်အိမ်ဦးနတ်
ကိုယ်တိုင်ဖြတ်မနူး
လုပ်နေတဲ့ကိစ္စ။
ရှေးလူကြီးသူမတွေက
ပြောခဲ့တယ်လေ။
လင်ဆိုးမယား
တဖားဖားဆိုပဲ။
စိန်သုန်သိတာက
ကိုယ်ရတဲ့
လင်ယောကျ်ားများ
မူးရူး ပေတေနေရင်
မယားဖြစ်သူမှာတော့
သူ့ထိုက်နဲ့သူ့ကံ
တစ်သက်လုံး
ဆင်းရဲမွဲတေပြီး





www.burmeseclassic.com

www.burmeseclassic.com

စုတ်စုတ်ပြတ်ပြတ် နေရရှာတာကို ပြောတာလို့ပဲပေါ့။ ဒါပေမဲ့ စိန်သုန်မှာ အဲဒီလိုမဟုတ်ဘူး။ စိန်သုန့်လင် ကိုဖိုးကျားဆိုတာ အရက်မူးဖို့ နေနေသာသာ ကိုယ့်ယာထဲက ထန်းပင်ကိုတောင်မှ မော့ကြည့်ဖော်မရတဲ့ဟာ။ မိဘအမွေ လယ်ယာတွေနဲ့ ပြည့်စုံတဲ့အပြင် အသောက်အစားကင်းတာကြောင့် စိန်သုန်တို့လင်ကံကောင်းချက်ကို တစ်ရွာလုံး ဝိုင်းပြီး အားကျလို့။ စားဖို့မပူရ၊ ဝတ်ဖို့မပူရ။ အားလုံး ပြည့်စုံပြီးသား။ ဒါကြောင့် ကိုဖိုးကျား မကောင်းကြောင်းပြောရင် တောမှီတယ်ဆိုပြီး မျက်စဉ်းခတ်ခံရမှာသေချာတယ်။

ကိုဖိုးကျားကို ဘယ်သူတွေ ဝိုင်းမြှောက်လိုက်တယ်မသိပါဘူး၊ ဟိုရက်က မြို့တက်ပြီး ပဲရောင်းလို့ အပြန်မှာ လက်ထဲ ဖုန်းတစ်လုံးပါလာတယ်။ ပြောရမယ်ဆိုရင် ဖုန်းက အိမ်မှာလည်း ရှိပြီးသားဥစ္စာ။ ဟိုအရင် မန်ကျည်းပင်ကြီးမှာ တိုင်ထောင်ပြီး လိုင်းဖမ်းရာက အခုတော့ ကိုင်မလိုတော့ဘူးပေါ့။ တက္ကသိုလ်မှာ တက်နေတဲ့ သမီးနဲ့ ပြောနေကျပါ။ အခုဟာက လက်ကိုင်ဖုန်း။ နောက်ဆုံးပေါ်မို့ သုံးသိန်းကျော်တောင်မှ ပေးရဆိုပဲ။ အမယ်လေး၊ ကြားစက စိန်သုန်မှာ ရင်တုန်ပန်းတုန် ဖြစ်လိုက်တာ စိတ်ကိုမနည်းထိန်းရတယ်။ ကိုဖိုးကျားကတော့ ဘာမှမဖြစ်သလိုရယ်နဲ့ ဖုန်းတစ်လုံးကိုင်ပြီး မြောက်ကြွားမြောက်ကြွားဟန်တချီချီလုပ်လို့ ပြည်တော်ဝင်လာတယ်။ ရွာထဲက လူ

zkefyGwfyD
pme&w ,fawmh
r um;&bJ
&ef&wmyJ
um;w ,f
t vkyft ukdf
y;ufv efvk
v if ,m;awG
&efzpf
vkdufwm
[km;pDD
'Dm;pDD
wpf&Gvk
tkef;tkef;x

ယ်တွေကလည်း သူ့ရဲ့ဖုန်းကိုအားကျလို့တဲ့၊ လာလာကိုင်ကြည့်ပြီး စမ်းသပ်နေကြတာကိုများ ကိုဖိုးကျားရယ်လေ အောင်ဘာလေထီသိန်းတစ်သောင်းဆုကြီးပေါက်ထားတဲ့မျက်နှာပေးမျိုးနဲ့ ကြည်နူးနေလိုက်တာပြောကို မပြောချင်ဘူး။ ပြောလိုက်ပြန်ရင် ဖွပ်သထက်ညစ်မှာစိုးလို့ အောင့်အည်းနေရတာ။ စိန်သုန်အောင့်အည်းနေရတာကလည်း သူ့အကြောင်းနဲ့သူမို့ အကြောင်းအချက် ပြည့်စုံပြီးသား။

ကြည့်လေ၊ စိန်သုန်တို့ဆီမှာ သူရင်းငှားလုပ်နေတဲ့ မီးကျည်ဆိုတဲ့ ကောင်လေးတောင် ဖုန်းကိုင်ထားတာပဲ။ မီးကျည်က အသက်နှစ်ဆယ်ပျော့ပျော့ရယ်။ ကျန်းမာရေးချို့တဲ့နေတဲ့ မိခင်မုဆိုးမကြီးကို လုပ်ကျွေးနေတဲ့ကလေး။ လကွယ်နေ့ တစ်ခါရောက်မှ စိန်သုန့်ဆီမှာ ငွေသုံးသောင်းထုတ်ရတာ။ စိန်သုန်ကတော့ သနားလို့ အမြဲတမ်း ပိုပိုမိုမိုပေးနေကျပါ။ ငွေနဲ့တွက်မယ်ဆိုရင် တစ်လငါးသောင်း၊ ခြောက်သောင်းတော့လည်း ကိုက်တာပေါ့။ ဟိုတလောက ကြားလိုက်ပါတယ်။ မီးကျည်ရယ် ဖုန်းဝယ်သတဲ့။ အမယ်လေး ကျားသားမိုးကြိုး၊ အရပ်ရပ် နေပြည်တော်ကြားလို့မှ မတော်ဆိုသလိုမျိုး။ မိုးရွာရွာ၊ နေပူပူ၊ ဖုန်ထူထူ ဆယ့်နှစ်ရာသီမရွေး နေ့နေ့ညည ရွာကို ဆိုင်ကယ်တစ်စီးနဲ့ရောက်လာပြီး ဖုန်းအရောင်းအဝယ်လုပ်တဲ့လူ့ဆီမှာ အကြွေးဝယ်တာဆိုပဲ။ ပထမတစ်သောင်းပဲပေး၊ နောက်လတွေမှာ တစ်လ တစ်သောင်းနှုန်းနဲ့ပေးရင် တစ်နှစ်နေ ကျေရောတဲ့။ ရွာမှာလည်း အဲဒီလူကျေးဇူးကြောင့်မို့ လူတစ်ယောက်ကို ဖုန်းတစ်လုံးနှုန်းနဲ့ ကိုင်နိုင်ကြတာပေါ့။ သူ့အိုးနဲ့သူ့ဆန် တန်ရုံတော့ ကောင်းပါတယ်။ စိန်သုန်ကလည်း ဖုန်းကိုင်တာကို မနာလိုတိုရှည်မဖြစ်ပါဘူးနော်။ အခုဟာက ရရစားစားလုပ်နေတဲ့ မီးကျည်လို လူမျိုးကျတော့ စိန်သုန့်စိတ်ထဲ ရိုးတိုးရွတဖြစ်နေတာ။ သြော် ဒီကလေးနယ် ဆင်းတောင့်ဆင်းရဲကြားထဲ ဖုန်းဝယ်ရတယ်လို့။ အင်း သူ့ခေတ်နဲ့တော့သူ တွင်ကျယ်ချင်ရှာမယ်လေလို့ ရမယ်ရှာပြီး စိန်သုန်တရားနဲ့ဖြေလိုက်တယ်။ သိပ်မကြာဘူး၊ စိန်သုန် တရားနဲ့ မဖြေနိုင်တော့ဘဲ လက်ဝါးစောင်းနဲ့ ဖြေဖို့ကြံတယ်။

'မီးကျည်ရေ၊ နွားချေးကျုံးဦး။ ပြီးရင် ယာခင်းထဲ နွားစာ ပြောင်းဖူးရိုးသွားသယ်နော်'

စိန်သုန်လည်း သူ့ကိုပြောပြီး ထမင်းဟင်းချက်ဖို့ မီးဖိုချောင်ဝင်ခဲ့တာပေါ့။ အချိန်တန်တော့ နွားချေးပုံတွေကို ရှင်းပြီးလောက်ပြီ အထင်နဲ့ ချောင်းကြည့်လိုက်တယ်။ ဟယ် တစ်ဝက်လောက်တောင်မှ ကျန်နေသေးတယ်ပါလား။ ခါတိုင်းဆိုရင် မီးကျည်က ဖင်ပေါ့ပေါ့နဲ့ လေကလေးတချွန်ချွန်လုပ်ရင် ခဏလေးပါ။ ဒီကလေး ဘယ်များ သဝေထိုးပြီး လမ်းသလားသွားပါလိမ့်လို့ တွေးတယ်။ ဒီလို လူပျိုပေါက်အရွယ်တွေဆိုတာ လမ်းများတတ်တာ စိန်သုန်သိသားပဲ။ နွားတင်းကုပ်ဘက် ထွက်ခဲ့တော့မှ လားလား၊ သူကောင်းသားက ဘယ်မှမသွားဘူးကိုး။ ဒါပေမဲ့ သူ့ကြည့်ပြီး စိန်သုန် စိတ်တိုသွားတယ်။ ကြည့်ဦး၊ လက်တစ်ဖက်က နွားချေးဂေါ်ကိုထိုး၊ ထန်းခေါက်တောင်းထဲထည့်၊ ပြည့်ရင် လက်တစ်ဖက်နဲ့ တောင်းကို မနိုင်မနင်းမ,ပြီး လုပ်လီလုပ်လဲ့ သွားပစ်နေတာ။ သူ့လုပ်ပုံက စိန်ခြူးကြာညောင် ယိုးဒယားသီချင်းစည်းချက်လိုလေးလေးဖင့်ဖင့်ကြီး။ ပုံမှန်အတိုင်းဆိုရင် စိန်သုန်တောင်ကူလုပ်မိလေဦးမယ်။ အခုဟာက သူ့ဟာသူ ထူးထူးကဲ



www.burmeseclassic.com

www.burmeseclassic.com

ကဲ လက်တစ်ဖက်တည်း အသုံးချနေတော့ စိန်သုန်မျက်လုံးပြူးသွားတယ်။ ဘယ့်နှယ် ကိုယ့်အလုပ်ကိုယ် ဖြောင့်ဖြောင့်တန်းတန်း မလုပ်ဘဲ ဖုန်းနဲ့ သပွတ်အူလိုက်နေပုံများ။ စိန်သုန် ကျောင်းနေတုန်းက မြို့မှာခေတ်စားလို့ ကြည့်ခဲ့ဖူးတဲ့ လက်တစ်ဖက်ပြတ် သိုင်းသမား ရုပ်ရှင်ကိုတောင် သတိရလိုက်သေး။ လက်တစ်ဖက်တည်းနဲ့ စားပွဲထိုးတာ ကြည့်ကောင်းချက်။ အခု မီးကျည်က အဲဒီဇာတ်လိုက်လိုမျိုး။ ကျန်တဲ့လက်တစ်ဖက်က ဖုန်းကို နားဝမှာ တေ့ကပ်ပြီး နားထောင်လို့။ ဖုန်းထဲက အသံမျိုးစုံကို နားထောင်ရင်း ပြည်တည်တည် မျက်နှာပေးနဲ့ ရယ်လိုက် ပြုံးလိုက်။ ရှုးများနေလား။ လက်တစ်ဖက်ပြတ်သိုင်းသမားက ဇာတ်လိုက်မို့ကြည့်ကောင်းပေမဲ့ အခုလို ဇာတ်လိုက်မဟုတ်တဲ့ မီးကျည်ကို မြင်ရတော့ ကြည့်မကောင်းတဲ့ အပြင် ခံပြင်းစရာကောင်းလွန်းလို့ အံတောင်ကြိတ်မိတယ်။

ဒီလိုမျိုး အချိန်ဖြုန်းနေလို့ကတော့ နွားတွေ အစာငတ်သေမယ့်ကိန်း။ ဟွန်း၊ သူ့ကိုကြည့်ပြီး စိတ်မဆိုးဘဲနေပါ့မလားလို့။ ကျောင်းမှန်းကန်မှန်းသိအောင် ကျောပြင်ကို ပျောတင်မလို့ လက်ဝါးစောင်းချိုပြီး ကပ်သွားတာ ခြေသံကြားတယ်ထင်ရဲ့၊ လှည့်ကြည့်လှည့်ကြည့် လုပ်ရင်းယာခင်းဘက်ဆီ တစ်ကြိုးတည်း ပြေးရော။ ဘယ့်နှယ် လွန်လွန်းတယ်။ သံသရာဆွဲဆန့်လို့ ပြောရရင် သူချည်းပဲ မဟုတ်။ တစ်ရွာလုံးလည်း

zkef;ab vf
vma&mif;fwbd
vkuD
tdaf&muf
vmwkef;u
ukbdu m;eY
ajymwmukd
em;oke;m;oeY
um;vkd ufw,f
'Dm;wpf&kd f
&meDo:ypyfukd
zkef;ab vf
vSnfa&mif;fwm
&ufowå
wpfywfnS
q,foefavmuf
&w,fqbdU

ဒီပုတ်ထဲကဒီပဲ ဖြစ်နေကြတာကိုး။ ဘယ်သူ ဘာဖြစ်နေနေ အရင်ကတော့ စိန်သုန်အနေသာကြီးပါ။ အခုဟာက အဲဒီပြဿနာဟာ ကိုယ့်အိမ်တံခါးလာခေါက်ရုံမက အခု အိမ်ပေါ်ထိပါ တက်လာပြီ။ အဲဒါ ကိုဖိုးကျားကြောင့်။

အဘေဘီ စီ ဒီ သဲ ကွဲ ဖို့တောင်မှ မျက်မှောင်ကုတ်ပြီး မနည်းပြူးပြဲကြည့်နေရတာ။ ဒီလောက် သင်္ကေတတွေများတဲ့ ဖုန်းဆို ကိုဖိုးကျား ဦးနှောက် ပျက်သွားမှာ စိုးရတယ်။ ကိုယ်ကသာ စိုးရိမ်နေတာ သူကတော့ နောက်ဆုံးပေါ်ဖုန်းမို့ တစ်အိမ်တက်တစ်အိမ်ဆင်း လိုက်ပြလို့မပြီးနိုင်မစီးနိုင်။ နွားထုတ်ချိန်ကို

မသိ၊ စပါးလှန်းဖို့မရ၊ နှမ်းခင်းထဲ ခြေဦးမလှည့်နိုင်နဲ့။ ထမင်းစားဖို့ ဝိုင်းပြင်ထားတာတောင် ကိုယ့်အိမ်ထမင်းစားချင်တဲ့ခါ ထ,စားလို့ရတယ်။ သတင်းအသိနောက်ကျရင် ရွာအုပ်ကြီး မောင်စံသောင်း ပြောသမျှ ယုံရမှာတဲ့။ မျက်စိတညောင်း ဖုန်းပွတ်ပြီးမှ ထ,စားတယ်။ ညဆိုရင်လည်း ဘယ်အချိန်မှ အိပ်ရာဝင်တယ် မပြောတတ်။ မနက်နွားထုတ်ရတာ စိန်သုန်အလှည့်ချည်းပဲ။ သူကဖြင့်နေဖင်တထိုးအိပ်နေတာကိုး။ ဒီတော့ မကောင်းလည်း မီးကျည်၊ ကောင်းလည်း မီးကျည်ပေါ့။ နဂိုကမှ လင်မယား နှစ်ယောက်တည်းမို့ စကားနည်းရတဲ့အထဲ အခုလို အိမ်မှာ စက်ရုပ်ကြီးနှစ်ရုပ် တရွေ့ရွေ့လှုပ်နေသလောက်။

ဒီနေ့ခေတ်က သတင်းခေတ်တဲ့လေ။ သူတို့က အကန့်အထောက်တွေနဲ့ အခိုင်အမာပြောတာကို ငြင်းလို့ကတော့ စိန်သုန်သာ အကြဲမှောက်သွားတယ်။ သူတို့ ဘက်ကပဲ မဲအသာနဲ့ အပြတ်အသတ်နိုင်ပြီးသား။ မတောက်တခေါက် ဗဟုသုတလေးနဲ့ စကားလုံး ငှားသုံးနေကြတာလေ။ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးလို့ပဲ ပြောရမလား။ ပုလင်းတူ ဘူးဆို့လား၊ သူတော်ချင်းချင်း သီတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့နေကြသလား မဆိုနိုင်။ တစ်ရွာလုံးလိုလို အချိန်နဲ့အမျှ ဖုန်းပွတ်ကြတာ။ ဖုန်းကနေ သတင်းတွေရလို့ စွဲလမ်းကြတာဆိုပဲ။ သတင်းတွေကလည်း တက်ပဲတက်လှချည့်ရဲ့။ ဥ

ပုသိမ်ဇရပ်လို့လည်း မရှောင်ကြတော့ဘူးရယ်။ ဖုန်းမပွတ်တဲ့ စိန်သုန်တို့မိန်းမကြီးလေး,ငါးယောက်မှာ သူတို့နဲ့အပြိုင် ဝစီပိတ်ကျင့်ရင်း အအ,တိုင်းပြည်ရောက်နေသလို ငေါင်းစင်းစင်း။ တစ်နေ့တစ်နေ့ သမထအလုပ်မှာသာ ဒီလိုအားထုတ်ရင် ဒီလောက်ဆို ဈာန်ရကြရောပေါ့။

ဖုန်းပွတ်ပြီး ဈာန်ရတယ်တော့ မကြားရဘူး။ ရန်ရတာပဲ ကြားတယ်။ အလုပ်အကိုင်ပျက်လွန်းလို့ လင်မယားတွေ ရန်ဖြစ်လိုက်ကြတာ ဟိုနားစီစီ၊ ဒီနားစီစီနဲ့ တစ်ရွာလုံး အုန်းအုန်းထ။ ရွာကို ဖုန်းလာရောင်းတဲ့လူကို ကြက်ချပေးလိုက်ရ၊ ဝက်ချပေးလိုက်ရ၊ နှမ်းအိတ်တွေ ပဲအိတ်တွေပေးလိုက်ရနဲ့ ပွက်လောရိုက်ကရော။ သူတို့က ဖုန်းကနေ ငွေကုန်ခံပြီး သတင်းယူနေတဲ့အချိန်မှာ စိန်သုန်က အိမ်ပေါ်ကနေ သတင်းတွေအလကားပဲတင်း ရနေတာလေ။ ဒါတင်ပဲလား မေးရင် ဒါ့ထက်တောင် ပိုသေးလို့ ကာဠုဒါယီအမတ်ကြီး ဘာဘရွှေမန်းတင်မောင်လေသံနဲ့ ပြောလိုက်ချင်တာ။

ရွာလမ်းထဲက ဖုန်တွေကြားမှာ လူတွေ ခြေထောက်နဲ့ တက်နင်းထားတဲ့ စာရွက်တွေဆိုတာလည်း ဖွေးဖွေးလှုပ်လှုပ်ပြန့်ကျဲနေတာ ဘယ်မှာ ကြည့်ကောင်းလို့လဲ။ ဖုန်းဘေလ်ကတ်အခွံတွေတဲ့လေ။ အမယ်လေးလေး ဒီရွာက လူတွေ ချွေးနဲ့စာငွေကြေးနဲ့ လဲလှယ်လိုက်တဲ့ အမှိုက်တွေပေါ့လို့။ ကြားထဲကနေ စိန်သုန်ဖြင့် နှမြောတာပြော


www.burmeseclassic.com

www.burmeseclassic.com

မနေနဲ့တော့။ ဟိုတလောက ရွာလမ်းမထဲ လုံးထွေးသတ်ပုတ်ကြတဲ့ သာပုတို့လင်မယားကို ပြန်မြင်ယောင်တယ်။ မိန်းမဖြစ်သူက သမီး ကျောင်းစာအုပ်ဖိုးလိုလို့တဲ့။ စိန်သုန်ဆီက ငွေနှစ်ထောင် ချေးသွားတယ်။ နောက်နေ့ မနက်မှာ ကျောင်းသွားခါနီးကျတော့ ငွေတစ်ထောင်ပဲ ရှာတွေ့တော့လို့တဲ့။ စကားများပြီး သတ်ပုတ်ကြတာလေ။ မသတ်ရင်နေမလား။ သာပုရယ် ငွေတစ်ထောင်ဖိုး ဖုန်းဘေလ် ဝယ်ထည့်လိုက်တယ်ဆိုပဲ။

ဖုန်းဘေလ် လာရောင်းတဲ့ လူကြီး အိမ်ရောက်လာတုန်းက ကိုဖိုးကျားနဲ့ပြောတာကို နားသိုးနားသန့် ကြားလိုက်တယ်။ ဒီနားတစ်ဝိုက် ရွာနီးချုပ်စပ်ကို ဖုန်းဘေလ်လှည့်ရောင်းတာ ရက်သတ္တတစ်ပတ်မှာ ဆယ်သိန်းလောက်ရတယ်ဆိုပဲ။ ဘုရားရေ၊ စိန်သုန်တို့ ယာခင်းတစ်ရာသီလုပ်တာတောင် ဆယ်သိန်းမကိုက်ဘူးရယ်။ မရှိဆင်းရဲသားတွေခမျာ သူတို့သုံးတာ သူတို့မသိလောက်ဘူးထင်တာပဲ။ ဟိုတစ်ခါ ရွာသုံးရွာကြားရေကန်ကို ရေများများလှောင်နိုင်အောင် တူးဖို့ ကုန်ကျမယ့် ငွေဆယ်သိန်းကို စုထည့်ကြဖို့ ပြောတုန်းက ညည်းလိုက်ကြတာ ခိုတွေတောင် ငိုလောက်ရဲ့။ အစိုးရဆီကရမယ့် ရန်ပုံငွေကိုမျှော်ရင်း ရေရှားတဲ့ ဒဏ်ကို အနှစ်နှစ်အလလ ကြိတ်ကြိတ်ခံနေကြတာတော့ အံ့ရော။

ဥနဲ့ ငါးလည်း ပြင်တက်၊ ဥမဲ့ငါးလည်း ပြင်တက်ဆိုသလို ရွာသားအားလုံးက သတင်းခေတ်ဆီကို

t r , f&v;awmf
ay u f&ay u f&S&S
o r m;awG
a o a u m i f
ay i f v J
'ku ©
a&m u f u w m u k
&Sf w k u
o w i f a u m i f
q k D
r u f u f r m a r m
a p m i f u n f
ae u w m v m ;
a i G u k c H
t q i f &d y D
o w i f a c w f u k
x a x m i f
ae u w , f
ay a v

အုတ်အော်သောင်းတင်းနဲ့ ပျော်ပျော်ကြီး ချီတက်ရင်း ဆင်းရဲတွင်းနက်နက် တူးနေကြပါပကောလား။ စိန်သုန်တို့လို ကျေးလက်တောရွာသားတွေဆိုတာဟာ နိုင်ငံလူဦးရေရဲ့ ခုနစ်ဆယ်ရာခိုင်နှုန်းကျော်တာတဲ့။ ရွာမှာ စိုက်ပျိုးစရိတ်ထုတ်ချေးဖို့လာတဲ့ လူကြီးတွေ ပြောတာကို မကြာခဏကြားနေရတယ်လေ။ နည်းနည်းနော့နော့လား။

ငယ်ငယ်တုန်းက ကြားဖူးတဲ့ ကုန်းဘောင်ခေတ် ပါးစပ်ရာဇဝင်ထဲက လေခွန်ကို ဖျတ်ခနဲ သတိရလိုက်တော့ ဟက်ဟက်ပက်ပက် ရယ်မိတယ်။ ကိုဖိုးကျားတောင် ဖုန်းပွတ်ရာက မျက်မှောင်ကြုတ်ကြီးနဲ့ မျက်မှန်ပေါင်ကိုကျော်ပြီး ကြည့်လာတယ်။

'ဘာလဲ စိန်သုန်၊ စကားပြောစရာလူမရှိလို့ တစ်ယောက်တည်း ထင်ရာလျှောက်တွေးရာကရူးများသွားပြီလား ဟင်'

အမယ် အရူးက တစ်မူးသာလိုက်သေး။ ရယ်ရင်းက ကိုဖိုးကျားဆီ မျက်စောင်းထိုးပစ်လိုက်တယ်။

'ကျုပ် မရူးပါဘူး ကိုဖိုးကျားရဲ့။ တော်တို့ ရူးတာကြည့်ပြီး ကျုပ် ရယ်ချင်တာမအောင့်နိုင်လို့'

'သြ ငါ့လို ဗဟုသုတပြည့်စုံတဲ့ လူကိုမှ ရူးတယ်လေး ဘာလေး။ ကိုင်း ကိုင်း ငါရူးတာ ပြောကြည့်ပါဦး'

'အဟမ်း အဟမ်း၊ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား လက်ထက်တော်အခါကပေါ့။ အဲဒီဘိုးတော်ဘုရားရှင်ဘုရင်မဖြစ်မီ သာမန်မင်းသားဘဝကတည်းက အတူတူနေလာတဲ့ ငယ်ကျွန် ဦးပေါ်ဦးဆိုတာရှိတယ်လေ'

'ဓာတ်စုံခင်းမနေနဲ့ စိန်သုန်။ ငါလည်း အဲဒီလောက် ဒုံးမဝေးပါဘူး၊ ဦးပေါ်ဦးကို သိပါတယ် ဟ'

'အင်းပါ။ အဲဒီ ဘိုးတော်ဘုရား ရှင်ဘုရင်ဖြစ်တော့ ငယ်ကျွန်ဖြစ်တဲ့ ဦးပေါ်ဦးက ဝန်ကြီးတစ်နေရာတောင်းပါသတဲ့။ ဘိုးတော်မှာလည်း ဝန်ကြီးနေရာက ပြည့်နေပြီ။ မင်းကို ဝန်ကြီးနေရာတော့ ပေးစရာမရှိဘူး။ လေခွန်ကောက်စားချေလို့ မိန့်သတဲ့။ ဘာမှ စားစရာမရှိတဲ့ နေရာမို့ တမင်ပြောလိုက်တာတဲ့လေ။ ဒါပေမဲ့ ပေါ်ဦးက ဒါကိုမှတ်သားပြီး နန်းတွင်းသူတွေ လေလည်ရင် အခွန်တောင်းတယ်၊ အရပ်ထဲက အသွားကြီးတွေ့ပူလို့ ယပ်လေခတ်တာတွေ့လည်း လာထားပဲ၊ မီးဖိုချောင်ထဲ မီးမှုတ်နေတာမှာဝင်တောင်း၊ ပါးစပ်က လေချွန်လည်း တောင်း၊ မြစ်ထဲ လှေတွေ ရွက်တိုက်နေတာကိုခေါ်တောင်း၊ အဆုံးစွန်မှာ စကားကျယ်ကျယ်ပြောရင် လိုက်တောင်းနဲ့ လုပ်တော့တာပဲ။ ပြည်သူတွေက မခံမရပ်နိုင်လို့ ဘိုးတော်ဆီ လျှောက်တင်ကြတော့လည်း ဘိုးတော်ခမျာ သူ့စကားနဲ့သူ အရေးယူလို့က မရနဲ့။ ဒီတော့မှ ပေါ်ဦးကိုပြန်ခေါ်၊ ချော့မော့ပြီး တန်ရာတန်ကြေးပေးလို့ အမိန့်တော်ကို ပြန်ရုပ်သိမ်းရသတဲ့ ကိုဖိုးကျားရဲ့။ အခုဆို ရှင်တို့လည်း ပေါ်ဦးလက်သစ်တွေဆီ လေခွန်ဆက်နေရတာ မနေ့မြော်ကြဘူးလားဟင်။ ကျုပ်ဖြင့် ဦးပေါ်ဦးရဲ့ လေခွန်ကို တွေးတွေးပြီး သဘောကျလွန်းလို့လေ၊ ဟား ဟား ဟား'

❑

ဒီနေ့တော့ ယာခင်းထဲက တလင်းမှာ နှမ်းတွေခြင်တွယ်ရမှာမို့ ကိုဖိုးကျားကို မနည်း ပြောခေါ်လာခဲ့ရတာ။ ဒါတောင် သူက နှမ်းပုံကိုတစ်ချက်ကြည့် ခန့်မှန်းပြီး ထနောင်းပင်ရိပ် ဝင်သွားတယ်။ ဝင်သွားမှာပေါ့၊ ဖုန်းပွတ်တော့မှာ သိသားပဲ။ ထော်လာဂျီသမားက ကူညီပေးလို့ စိန်သုန် သက်သာတာ။ ဒါတောင် ထော်လာဂျီသမားကလည်း ဖောက်တာပါပဲ။ နှမ်းအိတ်တွေတင်နေရင်း တစ်ချက်တစ်ချက် ဖုန်း



www.burmeseclassic.com

www.burmeseclassic.com

ပွတ်လိုက်သေးတယ်။ စိန်သုန်လည်း အရေရထူလာပြီကိုး။ သည်းခံရတာပ။ ပွတ်ကြ ပွတ်ကြ၊ ပွတ်နိုင်မှာကိုယ့်ဖို့။

'ကဲ ကိုဖိုးကျား‌ရေ၊ နှမ်းအိတ်တွေတင်ပြီးသွားပြီနော်။ ရှင်လည်းတစ်ပါတည်းလိုက်သွားလို့ရပြီ။ အိမ်မှာမီးကျည်ရယ်စောင့်နေလိမ့်မယ်။ ရှင်တို့ ယောက်ျားသားတွေ နှမ်းအိတ်တွေကို ဂိုဒေါင်ထဲ တစ်ခါတည်းသာ သယ်ကြပေရော့၊ သမီးက ဂိုဒေါင်ကို သန့်ရှင်းရေးလုပ်ပြီးသားဖြစ်လိမ့်မယ်'

ကြည့်ပါလား၊ ကိုဖိုးကျားက လုပ်ပြီ။ ဖုန်းကို သဲသဲမဲမဲ ပွတ်နေတော့မကြားသလို မထုံတက်သေးနဲ့။ အဲဒါကိုပဲ စိန်သုန် စိတ်မရှည်တာ။ အရေးအကြောင်းဆို ဖုန်းပွတ်ရင်း သေကုန်မယ့်ဟာတွေ။

'ကိုဖိုးကျား'

'အေးပါဟာ၊ ဒီမှာသတင်းတွေကောင်းနေလို့၊ လာပြီ လာပြီ'

စိန်သုန် မတရား အော်လိုက်မှ ဖုတ်ဖက်ခါပြီး ထ,လာတယ်။

'တော်က ဘာသတင်းကောင်းတွေများ ရနေလို့လဲ ပြောပါဦး။ ကျုပ်တို့ရွာကို ကျန်းမာရေးအဖွဲ့ ကွင်းဆင်းဆေးကုပေးဖို့ လာမလို့ ကြေညာထားတာ အခုလာပြီတဲ့လား။ ကျုပ်လည်း ခဏခဏ ခေါင်းမူး၊ မျက်စိမှုန်တာလေးကို ပြချင်လို့ပါတော်'

'မဟုတ်ပါဘူးဟ။ ဘဏ်မှာ ဗုံးပေါက်ပြီး လူသေတာရယ်၊ ရန်ကုန်က မြို့နယ်တစ်ခုတည်းမှာ တစ်နေ့တည်း မီးငါးကြိမ်လောင်တာရယ်၊ ပြီးတော့…'

'အမယ်လေးတော်၊ ပေါက်ပေါက်ရှာရှာ။ သူများတွေ သေကောင်ပေါင်းလဲ ဒုက္ခရောက်ကြတာကို ရှင်တို့က သတင်းကောင်းဆိုပြီး မက်မက်မောမော စောင့်ကြည့်နေကြတာလား။ ငွေအကုန်ခံ၊ အဆင်းရဲခံပြီး သတင်းခေတ်ကို ထူထောင်နေကြတယ်ပေါ့လေ၊ ဟင်း ကျုပ်မပြောလိုက်ချင်ဘူး'

'အရီးလေးရေ၊ အရီးလေး။ အိမ်ကို အမြန်လာဦးဗျ၊ ဦးလေးကျားရောပဲ။ အဖေက ပြေးခေါ်ခိုင်းလိုက်လို့'

ဖြုန်းဆို တူတော်မောင် ရွှေခေါင်းပြောင်က မြင်ကွင်းထဲ ဘွားခနဲ ပေါ်လာတယ်။ ကမူးရှူးထိုး ပြေးလာရလို့ သူ့ခမျာ အမောဆို့ပြီး စကားမဆက်နိုင်ဘဲ ဟောဟဲဆိုက်နေတယ်။ စိန်သုန်လည်း သူ့ကို မျက်လုံးအပြူးသားနဲ့ ကြည့်ရင်း စိတ်ကယောက်ကယက်။ ကိုဖိုးကျား ဖုန်းကို ပိတ်သိမ်းရင်း ရွှေခေါင်းပြောင်ဆီက စကားသံကို မျှော်နေတယ်။

'မီး မီး'

ရွာဘက်ဆီ လက်ညှိုးတထိုးထိုးနဲ့။

'ဟာ အိမ်ကို မီးလောင်နေလား၊ ငါ ရှေ့ကပြေးလိုက်မယ်'

ကိုဖိုးကျားက ဘာမှပြန်မကြည့်တော့ဘဲ ဆိုင်ကယ်ဆီ တစ်ဟုန်ထိုး ပြေးခွပြီး လေထုထဲ ဟူးခနဲ ဖြတ်သန်းသွားလေရဲ့။ စိန်သုန်မှာတော့ ကတုန်ကယင်နဲ့ ခြေမကိုင်မိ လိုက်မကိုင်မိ၊ မူးမူးယိုင်ယိုင်။

'မီးလောင်တာ မဟုတ်ဘူး အရီးလေ၊ မီးကျည် မီးကျည်'

'ဟေ၊ မီးကျည် ဘာဖြစ်တာတုံး၊ နွားဝှေ့ခံရလို့လား'

စိန်သုန်က ရင်နည်းနည်းပေါ့သွားပြီး ဂရုတစိုက်မေးလိုက်တယ်။

'မီးကျည်ကို နွားဝှေ့တာ မဟုတ်ဘူး အရီးလေးရဲ့၊ မီးကျည်က မမလေးကို ဝှေ့တာ'

'ဟဲ့ကောင်လေး၊ ငါ့ကို ရှင်းရှင်းပြောစမ်း၊ ငါ ရင်တုန်လွန်းလို့ပါဟယ်'

ရွှေခေါင်းပြောင်က စိန်သုန့်မျက်နှာကို စိုက်ကြည့်ရင်း လေးလေးပင်ပင်ပြောလာတယ်။

'မီးကျည်လေ၊ ဂိုဒေါင်ကို သန့်ရှင်းရေး လုပ်နေတဲ့ မမလေးကို အတင်း…'

'… မမလေးလည်း သတိ မရတစ်ချက် ရတစ်ချက်…'

'…မီးကျည်ကို ရွာသားတွေ ဝိုင်းရိုက်ထားလို့ သွေးတွေနဲ့…'

အမယ်လေး ကိုယ်ကျိုးနည်းပါပြီ။ ဖုန်းတစ်လုံးနဲ့ မီးကျည်ရယ်၊ ပြည်တည်တည်မျက်နှာပေးရယ်၊ ပြီးတော့…။

ကျောင်းပြီးလို့ မနေ့ကမှ အိမ်ပြန်ရောက်ပြီး အနားယူနေတဲ့ ငါတို့သမီးလေး။

'သမီး သမီးလေးရေ'

'ဟာ အရီးလေး၊ အရီးလေး လုပ်ကြပါဦးဗျ၊ ခေါ်လို့မရတော့ဘူး' ■

**လှမြင့်အောင်၊တောင်ကုတ်၊**

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ပိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com

# ချိုခါး

မောင်အေးကို
(ပေါင်းတလည်)


၁။
တစ်ယောက်…
ကြည့်တယ်။
မကြိုက်ဘူး။
နောက်တစ်ယောက်…
ထပ်ကြည့်တယ်၊
မကြိုက်ဘူး။
နောက်တစ်ယောက်…၊
နောက်တစ်ယောက်…၊
နောက်တစ်ယောက်…။
ရှေ့မှာရပ်နေတဲ့
ဆယ်ယောက်သာ
ကုန်သွားတယ်၊
ကျုပ်တစ်ယောက်မှကို
ဘဝင်မကျဘူး။
ကျုပ်ဘေးမှာ ရပ်နေတဲ့
ဇော်ထွန်းကို
မေးတစ်ချက်ငေါ့ပြတယ်။
'မင်းကော ကြိုက်ရဲ့လား'
ဆိုတဲ့ သဘောနဲ့ပေါ့။
ဒီကောင်ကတော့
ထုံးစံအတိုင်း ပြုံးစိစိနဲ့။
အင်းမလှုပ်၊ အဲမလှုပ်။
'ဟိတ်ကောင် ဇော်ထွန်း၊
မင်း ပြုံးစိစိလုပ်မနေနဲ့၊
မင်းဟာတွေကိုလည်း
ကြည့်ဦး၊ အကုန်လုံး
ရွှတ်တွနေတာပဲ။
မင်းပြောတော့ အနုံး
လေးတွေ ရှိတယ်ဆို၊
ဒီလို အိုကြီးအိုမတွေကို
ငါမကြိုက်ဘူးဆိုတာ
မင်းလည်းသိရဲ့
သားနဲ့ကွာ'
ကျုပ် မကျေမနပ်ပြောတော့
ချည့်ကြိုကောင်လေးက
မျက်စိမျက်နှာတွေပျက်ပြီး
ဟိုဘက်လှည့်သွားတယ်။
ကျုပ်တို့ လိုလာနေကျ
ဖောက်သည်တွေအတွက်
မျက်နှာပန်းမလှ
ဖြစ်နေတာကြောင့်
ဒီကောင်လေးလည်း





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာပူနေတယ် ထင်ပါရဲ့။

ကျုပ်ကတော့ အဲဒီညှော် ကြိုကောင်လေးကိုရော ဇော်ထွန်းကိုပါ တကယ့်ကို ဒေါသဖြစ်မိတာ။ အထူးသဖြင့် ဇော်ထွန်း။ သူပဲ ဆယ့်ခြောက်၊ ဆယ့်ခုနစ်အရွယ် အငုံးလေးတွေ ရောက်နေပြီလို့ပြောခဲ့တာ။ အခု တကယ်တမ်းလာကြည့်တော့ ရွှတ်တွအိုဟောင်းနေတဲ့ အကျကြီးတွေ။

ဒီကောင် ဇော်ထွန်းကတော့ ကောင်းလည်းလာ၊ ဆိုးလည်းလာ၊ လတ်လည်းလာ၊ ပုပ်လည်းလာ၊ ဘာလာလာဒေါင်းတတ်တဲ့ကောင်မျိုးလေ၊ အခုလည်းကြည့်၊ ကျုပ်မကြိုက်ပါဘူးဆိုတဲ့ဟာတွေကိုတောင် သူက ဟိုပုတ်၊ ဒီပွတ်နဲ့ ဆန်ခါတင်လိုက်ရွေးနေသေးတယ်။ ဒါတင်မကဘဲ ကျုပ်ကိုတောင် ချော့သလိုလို မြှူသလိုလိုနဲ့ လာစည်းရုံးနေသေးရဲ့။

'ဦးစိန်ကလည်းဗျာ… အငုံးလေးတွေကတော့ အမြဲတမ်း ဘယ်ရနိုင်ပါ့မလဲ။ ကျွန်တော်လည်း ဦးစိန် နည်းတူ အကောင်းတွေ ကြိုက်တာပဲပေါ့။ ဒါပေမဲ့လည်း အခုဟာတွေက ဦးစိန့် စိတ်ပျက်လောက်အောင်တော့ ဆိုးရွားနေတာ မဟုတ်ပါဘူး။ အသက်နည်းနည်းကြီးတာကလွဲလို့ ရုပ်ရည်လည်း သင့်ပါတယ်၊ ကိုယ်လုံးကိုယ်ပေါက်လည်း မိုက်ပါတယ်ဗျ၊ လာပါဗျာ၊ ဝင်ရအောင်၊ ဘာမှုမှုမနေနဲ့…၊ ဦးစိန်အိမ်ကဟာကြီးထက်တော့ အများကြီးသာပါတယ်'

'တော်ပြီ ဇော်ထွန်း၊ ငါ့ကိုဘာမှ လာပြီး စည်းရုံးမနေနဲ့၊ မင်းဟာမင်း ဝင်ချင်ဝင်၊ ငါစောင့်ပေးမယ်။ ငါ့ကိုတော့ လာမစည်းရုံးနဲ့၊ ငါကတော့ အငုံးလေးတွေမှ မရရင် လုံးဝမလှုပ်ရှားဘူး။ ဒါပဲ'

{nfuf'd
au~ifav;u
r:ufpd
r:uEfawG
y:ufyD
[bduf
vSbfoGw,f
u:yfwWkd
vmaeu:
azmufo nfawG
twGuf
r:uEfyefr vS
jzpfaewmaumifh
'Dumifav;vnf
r:uEfyaew,f
xifyg&J

ပြောတဲ့အတိုင်းပဲ။ ဘာလာလာဒေါင်းတဲ့ ဇော်ထွန်းကတော့ ဆန်ခါတင်တစ်ယောက် ခေါင်းခေါက်ရွေးပြီး အခန်းထဲ ဆွဲသွင်းသွားလေရဲ့။ ကျုပ်ကတော့ ဧည့်ခန်းထဲမှာ ထိုင်စောင့် ရင်း သောက်ဖို့ ဘီယာတစ်လုံးမှာလိုက်တယ်။

ဟုတ်တယ်လေ အငုံးလေးမှ မရရင်တော့ ဘီယာထိုင်သောက်နေတာကမှ အရသာရှိသေး။

❑

၂။

'ဘယ်အချိန် ရှိနေပြီလဲ ကိုစိန်၊ နာရီကိုလည်း နည်းနည်းလောက် ကြည့်လိုက်ပါဦး'

ဗုဒ္ဓေါ…။

ဘယ်သူမှ မသိအောင် ခြေသံဖွဖွနင်းပြီး အိပ်ရာထဲ တိုးတိုးတိတ်တိတ်ဝင်ပါတယ်ဆိုကာမှ မိန်းမက နိုးဖြစ်အောင် နိုးနေသေးရဲ့။ သူ့အသံက တိုးတိုးလေးဆိုပေမဲ့ ကျုပ်ကတော့ အထိတ်တလန့်ဖြစ်သွားမိတာ အမှန်ပဲ။

'အဲ… စောပါသေးတယ်ဟ မိညွန့်ရ၊ အခုမှ မနက် သုံးနာရီပဲ ရှိပါသေးတယ်'

'တစ်ညလုံး သွားချင်ရာသွားပြီး မနက်သုံးနာရီမှ အိမ်ပြန်ရောက်တာကို စောသေးတယ် ဟုတ်လား ကိုစိန်၊ တော့်ကိုယ်တော် လူငယ်လေးများ ထင်နေလား။ တော့်အသက်မငယ်တော့ဘူး၊ လေးဆယ်ကို တော်တော်လေးကျော်နေပြီ၊ အခုအထိ ညအချိန်မတော် အပြင်ထွက်နေတုန်း။ နေပါဦး၊ အခု ဘယ်သူနဲ့ပြန်လာတာလဲ၊ ထုံးစံအတိုင်း ဇော်ထွန်းနဲ့ပဲမဟုတ်လား'

အဲဒီလောက်သိနေမှတော့ ကျုပ်လည်း မငြင်းသာတော့ဘူး။ 'အင်း'ပဲပြောရတော့တာပေါ့။

မိညွန့်ရဲ့ သက်ပြင်းရှည်မှုတ်ထုတ်သံကို ကြားလိုက်ရတယ်။ ပြီးတော့ သားနဲ့သမီး နိုးသွားမှာစိုးလို့ ထင်ရဲ့။ အခါတိုင်းလို လေသံမာကြီးနဲ့မဟုတ်ဘဲ လေသံတိုးတိုးလေးနဲ့ ထပ်ပြောတယ်။

'ကျုပ်အရွယ်လည်း မငယ်တော့ပါဘူး ကိုစိန်၊ ဒီအရွယ်ရောက်မှတော့ တစ်သက်လုံးပေါင်းလာတဲ့ ယောက်ျားနောက်ကနေ တကောက်ကောက်လိုက်ပြီး ဗျာများနေရတဲ့ဘဝမျိုးလည်း မဖြစ်ချင်တော့ပါဘူး။ မိန်းမတွေ အရွယ်လွန်လာတဲ့အခါ ယောက်ျားတွေဖြစ်တတ်တဲ့ သဘာဝကိုလည်း ကျုပ်နားလည်ပါတယ်'

'အေးပါဟာ မိညွန့်ရာ၊ နင်ပြောပုံက အခုပဲ ငါက မဟုတ်တာတွေ လုပ်ထားသလိုလို'

ဟန်ကိုယ့်ဖို့ဆိုတာ ရှိသေးတယ် မဟုတ်လား၊ ကိုယ့်ဟာကိုယ် ဟုတ်တာပဲလုပ်လုပ်၊ မဟုတ်တာဘဲလုပ်လုပ်၊ ဒါမျိုးကတော့ ဘယ်ငြိမ်ခံနေလို့ရမလဲ။ အနည်းနဲ့အများတော့ ပြန်ပက်ရတာပေါ့။

'ကျုပ်ဆက်ပြောဦးမယ် ကိုစိန်၊ အခုနက ပြောသလို ကျုပ်က နားလည်ပေးနိုင်ပါတယ်။ တော်လုပ်ချင်တာ လုပ်နေတယ်ဆိုရင်တောင်မှ ကျုပ်ကတော့ သဝန်တိုကြောင့်ကြနေမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ရှင့်မှာ သားနဲ့သမီးရှိသေးတယ်ဆိုတာကိုတော့ သတိထားစေချင်တယ်'

မိညွန့်ပြောမှ တစ်ဖက်အခန်းထဲ နားစွင့်ကြည့်မိတယ်။ သားနဲ့သမီးကတော့ ကျုပ်ပြန်လာတာ သိပုံမရကြ



www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ ပြိုင်တူတောင်ဟောက်နေကြသေးရဲ့။

အင်း… သားက ဒီနှစ်ဆယ်တန်းဖြေရမှာ။ ကလေးစိတ်မပျောက်သေးပေမဲ့ လူ့သဘောလူ့မနောတော့ ကောင်းကောင်း သိနေပြီပေါ့။ သမီးလေးကတော့ အခုမှ ခြောက်တန်း၊ ငယ်သေးတယ်ဆိုပေမဲ့ သူလည်း လူရိပ်လူကဲတော့ ကောင်းကောင်းခတ်တတ်နေပြီ။ အဲဒီတော့ ကျုပ်လုပ်ရပ်တွေကို သားနဲ့သမီး မရိပ်မိခင်မှာ မိညွန့်ပြောသလို သူတို့မျက်နှာထောက်ပြီး အနေအထိုင်ဆင်ခြင်ဦးမှ ဖြစ်မယ် ထင်ပါရဲ့။

'ပြီးတော့ ဇော်ထွန်း၊ ဒီဇော်ထွန်းက ရှင့်တူအရွယ်လောက်ပဲ ရှိသေးတာ။ ကိုယ့်တူကိုယ့်သားအရွယ်လေးနဲ့တွဲပြီး ဟိုသွားဒီသွားလုပ်နေတာကိုလည်း ကျုပ် မကြိုက်ဘူး။ ဒီကောင်လေးက ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျ၊ နေတာထိုင်တာ ပုံမကျတော့ မိန်းမနဲ့ကွဲ၊ အရက်ကလေးတမြမြ၊ ဖဲလေးတဆဆ၊ တစ်သက်လုံး မဟုတ်တာလုပ်လာတဲ့ ကောင်လေးဆိုတာ တော်လည်း မသိတာမဟုတ်ဘဲနဲ့'

ကျုပ် မိညွန့်မသိအောင် ကျိတ်ပြီး ပြုံးလိုက်မိသေးရဲ့။ ဟုတ်တော့လည်း ဟုတ်တယ်။ ဇော်ထွန်းဆိုတဲ့ ကောင်က တကယ့် လိုင်းစုံကောင်။

ဒီကောင်က ကျုပ်လိုချင်တာမှန်သမျှ အကုန်ရအောင်လုပ်ပေးတယ်။ အရက်သောက်ချင်ရင် အရက်ရှာ

t yd&m x J
w bw bw dv fw dv f
0 iyfw , fq bu mrS
r efr u
E kz pf t mif
E ke a o ;&J
o lf o lu
w bw bv ;
q kyr bu
u yfu a wmh
t x dv fw v ef
zpf o Grdv m
t r Sy J

ပေးတယ်။ ဖဲရိုက်ချင်ရင် ဖဲဝိုင်းထောင်ပေးတယ်။

အထူးသဖြင့် ကျုပ်ကြိုက်တတ်တဲ့ အငုံးလေးတွေဆိုရင်လည်း ဒီကောင်ပဲ ရှာပေးနေတဲ့ဟာ။

ဒီကောင် ဇော်ထွန်း ပြောတဲ့ စကားတွေထဲမှာ ကျုပ် နားဝင်အချိုဆုံးကတော့ 'ဦးစိန် အငုံးလေးတွေရောက်နေပြီနော်' ဆိုတဲ့ စကားပဲ။ ဒီကောင်ကလည်း ကျုပ်နားဝင်ချိုမှန်းသိလို့ ထင်ပါရဲ့၊ မရှိရင်တောင်မှ အရှိလုပ်ပြီး 'ဦးစိန် အငုံးလေးတွေရောက်နေပြီနော်' လို့ ခဏခဏ

စ,တတ်နောက်တတ်သေးရဲ့။

အဲဒီလို လိုင်းစုံပြီး ကျုပ်လိုချင်တာ အမြဲ ဖြည့်ဆည်းပေးနေတာကြောင့်ပဲ ကျုပ်နဲ့ဒီကောင် အသက်အရွယ်ကွာပေမဲ့ အမြဲလိုလို တပူးတွဲတွဲ ဖြစ်နေတာ ထင်ပါရဲ့။

ဘာပဲပြောပြော လူကသာ လူစုံဆိုပေမဲ့ ပေါင်းသင်းဆက်ဆံရေးမှာတော့ မဆိုးလှပါဘူး။ လူကြီး လူကြီးမှန်းလည်း သိတတ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် စစနောက်နောက် ပြောတတ်ဆိုတတ်ပေမဲ့ လူကြားသူကြားဆိုရင် ကျုပ်အပေါ်ကို တလေးတစား ဆက်ဆံတတ်ပါတယ်။

'ငြိမ်လှချည့်လား ကိုစိန်၊ တစ်ခုခုတော့ ပြန်ပြောဦးလေ၊ ရှင်က လုပ်ချင်ရာလုပ်ပြီးရင် အဲဒီလိုပဲ ရေငုံနှုတ်ပိတ် လုပ်နေတတ်တာ၊ ပြီးတော့… ဇော်ထွန်း… အိမ်မှာ ဝင်ထွက်သွားလာနေတာကို ကျုပ်မကြိုက်ဘူး။ ဟိုနေ့ကလည်း သားဆီက အရက်နံ့ရတယ်၊ သောက်လာသလားမေးတော့ မဟုတ်ဘူးတဲ့၊ ငြင်းတယ်၊ နောက်ဆုံး မရမက မေးတော့မှ ကိုဇော်ထွန်းတိုက်လို့ ဘီယာနည်းနည်းသောက်လာတာပါတဲ့လေ'

'ဟုတ်လို့လား မိညွန့်ရာ၊ သူများကို စွပ်စွပ်စွဲစွဲ လျှောက်ပြောမနေပါနဲ့'

'တော်က ဇော်ထွန်းကို ဘာထင်နေလဲ၊ သိပ်ပြီးလျှော့တွက်မနေနဲ့၊ တော့်ကိုတင်မကဘဲ တော့်သားကိုပါ အရက်သမားဖြစ်အောင် ဖျက်ဆီးသွားဦးမယ်'

'ကဲ… အေးပါ မိညွန့်ရာ၊ အိပ်ပါတော့၊ ငါလည်း အိပ်ချင်နေပြီ၊ နောက်နေ့တွေရင် ပြောလိုက်မယ်။ သားကိုလည်း ဆုံးမလိုက်မယ်၊ ဟုတ်ပြီလား၊ တော်တော့၊ ဆက်မပြောနေနဲ့တော့'

ကျုပ်လေသံမာမာနဲ့ ဟောက်လိုက်မှပဲ မိညွန့် ငြိမ်ကျသွားတော့တယ်။ ဒါတောင်မှ သက်ပြင်းအရှည်ကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်သေးရဲ့။

❑

၃။

အဲဒီနေ့ ညက ကျုပ်နဲ့ ဇော်ထွန်း လမ်းထိပ်က ဘီယာဆိုင်မှာ ဘီယာအတူတူ ထိုင်သောက်နေတာ။

တစ်ယောက် သုံးခွက်စီတောင် ကောင်းကောင်းမကုန်သေးဘူး၊ မိညွန့်ဆီက ဖုန်းဝင်လာတယ်။

'ကိုစိန်၊ တော့်ဘီယာကသောက်လို့ မပြီးသေးဘူးလား၊ ကျုပ်က သားတွေသမီးတွေ မနက် ထမင်းထုပ်ဖို့ ညဈေးမှာ ဝယ်စရာရှိတာလေးတွေ ခဏသွားဝယ်နေတာ၊ ကျုပ်အိမ်က ထွက်လာတဲ့အထိ သား ကျူရှင်ကနေ ပြန်ရောက်မလာသေးဘူး၊ သမီးပဲ အိမ်မှာ ရှိတယ်၊ ပုံမှန်ဆိုရင် ခြောက်နာရီခွဲ ပြန်ရောက်နေကျလေ၊ ခဏနေရင်တော့ ကျုပ်လည်း ပြန်လာမှာပေါ့။ အဲဒါ… သောက်တာရပ်ပြီး သားတက်နေတဲ့ ကျူရှင်အိမ်ကို ခဏလိုက်သွားကြည့်ပါဦး'

အဲဒီအချိန်မှာပဲ…။

'မေ့နေတာ ဦးစိန်ရေ၊ ကျွန်တော်လည်း ရွာက



www.burmeseclassic.com

www.burmeseclassic.com

လာတဲ့အဒေါ်ကို ကားဂိတ်မှာ သွားကြိုရမှာ၊ ခုနစ်နာရီခွဲတဲ့၊ အခု ခုနစ်နာရီဆယ့်ငါးတောင်ရှိနေပြီ၊ သောက်ရင်းသာ စောင့်နေလိုက်တော့၊ အဒေါ် သွားကြိုပြီးတာနဲ့ ဆက်ဆက် ပြန်လာခဲ့မယ်' ဆိုပြီး ဇော်ထွန်း ပျာပျာသလဲနဲ့ ထ,ထွက်သွားတယ်။

ဒါတောင်မှ ခပ်လှမ်းလှမ်းရောက်တော့ 'ဦးစိန် အေးအေးဆေးဆေး သောက်နေနော်၊ နည်းနည်းကောင်းလာမှ အင်းလေးတွေဆီ သွားကြတာပေါ့' လို့ လှမ်းအော်လိုက်သေးရဲ့။

တော်တော်မလွယ်တဲ့ကောင်၊ အဒေါ် သွားကြိုမယ့်ဟာတောင် ကျုပ် နားဝင်ချိုမယ့်စကားတွေကို ပြောဖြစ်အောင် ပြောခဲ့သေးတယ်။ အဲဒါတွေကြောင့်လည်း ဒီကောင့်ကို ချစ်နေရတာ။

ဇော်ထွန်းပြောသလိုတော့ အေးအေးဆေးဆေး သောက်မနေနိုင်ပါဘူး။ ဘီယာလက်ကျန်လေးမော့ပြီး သားတက်တဲ့ ကျူရှင်အိမ်ကိုလိုက်သွားလိုက်တယ်။ ဟို ရောက်တော့လည်း မိညွန့်ထင်သလို မဟုတ်ပါဘူး။ စာလက်ကျန်တွေဖြတ်ဖို့ များနေလို့ဆိုပြီး အချိန်ပိုသင်နေလို့ နောက်ကျနေတာ။ အဲဒီ မိညွန့်ဆိုတဲ့ မိန်းမကို အဲဒါတွေစိတ်ပျက်တာ။ နေရာတကာလိုတာထက်ပိုပြီး စိတ်ပူတတ်တာလေ။

ဒီလိုနဲ့ သားကိုကြိုပြန်လာပြီး ခြံဝရောက်တဲ့အချိန်မှာပဲ မိညွန့်ရဲ့ စူးစူးရှရှအသံကို ကြားလိုက်ရတယ်။

'ခွေးကောင်၊ မိုက်ရိုင်းတဲ့အကောင်၊ နှင် အဲဒီလောက် စည်းဖောက်ရလားဟဲ့၊ အဲဒီလောက်ပဲ မိုက်ရိုင်းရလားဟဲ့'

ဒါ… မိညွန့်အသံမှ မိညွန့်အသံစစ်စစ်၊ ကျုပ်… စိုးရိမ်တကြီးနဲ့ အိမ်ထဲ ပြေးဝင်လိုက်တယ်။

မြင်ကွင်းက လုံးဝမထင်မှတ်ထားတဲ့မြင်ကွင်း။ မိညွန့်က ဇော်ထွန်းရဲ့ ပါးကို ဘယ်ပြန်ညာပြန်ရိုက်နေတာ။ ဆဲလည်းဆဲ၊ ငိုလည်းငို၊ ရိုက်လည်းရိုက်။

ဇော်ထွန်းကတော့ မိညွန့်ရှေ့မှာ ဒူးထောက်ချထားပြီး မိညွန့်ပြုသမျှ နုနေတာပဲ။ တစ်ချက်ကလေးမှ ပြန်မပြောသလို ဘာမှလည်း မတုံ့ပြန်ဘူး။ ခေါင်းငိုက်စိုက်ချထားပြီး မိညွန့်လက်ဝါးဒဏ်တွေကိုပဲ မရှုမလှ ငြိမ်ခံနေတယ်။

'မိညွန့် ဘာဖြစ်တာလဲ၊ ဘယ်လိုဖြစ်တာလဲ။ ဟိတ်ကောင်… ဇော်ထွန်း ဘာဖြစ်တာလဲ၊ ငါ့ကိုပြောစမ်း။ မိညွန့် ငါ့ကို ပြောစမ်း၊ ဘာဖြစ်တာလဲ'

'ဘာဖြစ်တာလဲ ဟုတ်လား၊ တော့်လူလေ၊ တော်ကိုးကွယ်ထားတဲ့ တောင်ပို့လေ၊ ကျုပ်သမီးလေးကို မတော်မတရား ကြံနေတာ၊ ကျုပ်ပြန်ရောက်တာ အချိန်မီလို့ ၊ နည်းနည်းလေးနောက်ကျတာနဲ့ ကျုပ်သမီးလေး ဘဝပျက်ပြီ'

'ဘာ၊ ဘယ်လို၊ ဇော်ထွန်း ဟုတ်လား၊ ဟိတ်ကောင် ဇော်ထွန်း၊ မင်း တကယ်ဟုတ်လား'

ကျုပ်မေးပေမဲ့ ဇော်ထွန်း တစ်ခွန်းမှ ပြန်မပြောဘူး၊ ခေါင်းငိုက်စိုက်ချပြီး မိညွန့်ရဲ့ ရိုက်ချက်တွေကိုပဲ ငြိမ်ခံနေတယ်။ ဒီကြားထဲမှာ သားကပါ ခြေထောက်နဲ့ ပြေးကန်သေး။

သတိရလို့ သမီးလေးကို လှမ်းကြည့်တော့ အိပ်ခန်းထောင့်မှာ ရှိုက်ရှိုက်ငိုနေတာ တွေ့ရတယ်။

သမီးလေး၊ ကျုပ်သမီးလေး။ အခုမှ ခြောက်တန်းပဲ ရှိသေးတာ။ လူလားတောင် ကောင်းကောင်းမမြောက်သေးတဲ့ သမီးလေး။ ဝတ်ထားတဲ့ အရိပ်ပန်းအင်္ကျီလေးက စုတ်ပြဲနေတယ်။ ဂါဝန်လေးပါ တစ်ခြမ်းကွဲနေသေး။ ဆံပင်တွေလည်း ဖွာလန်ကြဲလို့။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေပြီး အိပ်ခန်းတံခါးကြားကိုပဲ တိုးတိုးပြီး ဝင်နေတယ်။

သေချာပြီပေါ့။ ဒါဆို သေချာပြီပေါ့။

ကျုပ် ဇော်ထွန်းကို စိတ်ရှိလက်ရှိ ဆောင့်ကန်ပစ်လိုက်တယ်။

'ဟိတ်ကောင် ဇော်ထွန်း ပြောစမ်း၊ မင်း တကယ်လား၊ တကယ် အဲဒီလိုဖြစ်သွားတာလား'

'ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့ ဦးစိန်ရာ၊ ကျွန်တော် မှားသွားပါတယ်'

ကျုပ်မကြားချင်ဆုံးစကား၊ ကျုပ်မဖြစ်ချင်ဆုံးအဖြစ်အပျက်…။

ကျုပ်ရင်ဘတ်တစ်ခုလုံး ကွဲထွက် လွင့်စဉ်သွားပြီလား၊ ကျုပ်ခန္ဓာကိုယ်တစ်ခုလုံး ကြေမွပျက်စီးသွားပြီလား၊ ကျုပ်ကမ္ဘာတစ်ခုလုံး ချာချာလည်ထွက်သွားပြီထင်ပါရဲ့။

ကျုပ် ဇော်ထွန်းကို ဘယ်နှကြိမ် ကန်ကျောက်ပြီး ဘယ်နှကြိမ် ထိုးကြိတ်နေမိသလဲတောင် မသိတော့ပါဘူး။

'ဒီလို ကောင်မျိုးအတွက်နဲ့တော့ ဘဝပျက်မခံပါနဲ့ ကိုစိန်၊ ထားလိုက်ပါတော့၊ သူ့တရား သူ့စီရင်ပါလိမ့်မယ်' ဆိုပြီး မိညွန့်လာဆွဲတော့မှ ကျုပ် ပစ္စုပ္ပန်ကို ပြန်ရောက်လာခဲ့တာ။ ❑

[ efuld bZd
qbdvm
&So;w , f
r [ kvfvm;
ukd f[ mukd f
[ kvfvmyJ
v kyfv kyf
r [ kvfvmbJ
v kyfv kyf
'jr,du awmh
b , fidcJae vkd
&r v J



www.burmeseclassic.com

www.burmeseclassic.com

၄။

ဖြစ်နိုင်မယ်ဆိုရင် ဖြစ်ခဲ့ပျက်ခဲ့ သမျှအားလုံးကို အိပ်မက်တစ်ခုလိုပဲ သဘောထားလိုက်ချင်တော့တယ်။ ဒါပေမဲ့ ဒါတွေက အိပ်မက်မှ မဟုတ်တာ။ အမှန်တကယ် ဖြစ်ပျက်ခဲ့တာတွေပဲ။

ကျုပ် တော်တော်လေးကို တုန်လှုပ်ချောက်ချားနေမိတယ်။ တုန်လှုပ်ချောက်ချားတဲ့စိတ်ကြောင့်ပဲ တစ်ညလုံးတစ်ရေးမှ အိပ်လို့မရခဲ့ဘူး။ ဒီလိုနဲ့ မနက်လင်းခါနီးအထိ အိပ်မပျော်တဲ့အဆုံး ဗိုက်လည်း ဆာသလိုလိုရှိတာနဲ့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို တစ်ယောက်တည်း ထွက်လာခဲ့မိတယ်။

လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာတော့ ကျုပ်အပြင် တခြားစားပွဲတွေမှာပါ လူတွေ ရောက်နေကြပြီ။

ဝေလီဝေလင်း အချိန်ဆိုတော့ လမ်းပေါ်မှာလည်း အသွားအလာတွေ ဖြိုးဖြိုးဖြောက်ဖြောက် ရှိနေပါပြီ။

'ဟိတ်ကောင်တွေ ဟိုမှာကြည့်စမ်း၊ မိုက်တယ်ဟ၊ အလန်းလေးတွေ'

အသံကြားလို့ လှည့်ကြည့်မိတော့ စားပွဲတစ်ဝိုင်းကျော်က ပြောနေကြတာ။ လူငယ်လေးတွေလည်းပါတယ်။ အသက်လေးဆယ်ကျော်လောက် အရွယ်တွေလည်းပါတယ်။ ထိုင်နေကြတာ။ စုစုပေါင်းငါးယောက်။

သူတို့က လမ်းပေါ်ကို လှမ်းကြည့်ပြီး ပြောနေကြတာ။ သူတို့ လက်ညှိုးထိုးတဲ့နေရာကို ကျုပ်ပါ လိုက်ကြည့်မိတော့ ကျောင်းသူလေးတွေ၊ မနက်စောစော ကျူရှင်သွားကြတာ ထင်ပါရဲ့။ ကိုးတန်း၊ ဆယ်တန်းအရွယ်လေးတွေပေါ့။

'မိုက်တယ်ကွ၊ အငုံးလေးတွေ၊ အဲဒီလို အငုံးလေးတွေနဲ့…'

ကျုပ်မျက်လုံးတွေ ပြာသွားသလိုပဲ၊ ကျုပ်များ နားကြားလွဲလေရော့သလား၊ ကျုပ် ထပ်ပြီး အာရုံစိုက်လိုက်တယ်။

'အဲဒီလို အငုံးလေးတွေနဲ့ တွေ့လိုက်ရလို့ကတော့…'

ကျုပ် သူတို့ပြောနေတာတွေကို ဆက်မကြားနိုင်တော့ဘူး။ ကိုယ့်ကိုယ်ကိုလည်း မထိန်းနိုင်တော့ဘူး။ ခေါင်းကို တွင်တွင်ယမ်းပြီး ကျုပ်ရှေ့က စားပွဲကို တစ်ချက်ဆောင့်ကန်ပစ်လိုက်တယ်။

ရုတ်တရက်ဆိုတော့ ဆိုင်ထဲက လူတွေအားလုံး အလန့်တကြားဖြစ်သွားတယ် ထင်ပါရဲ့။

ကျုပ်ဆီကို ဝိုင်းကြည့်ကြတယ်။ မတတ်နိုင်ဘူး။ ကျုပ် နောက်ကိုလှည့်မကြည့်ဘဲ ဆိုင်ထဲက ထွက်လာခဲ့တယ်။

သူတို့ကတော့ ကျုပ် ဘာကြောင့် ဒီလို လုပ်လိုက်တယ်ဆိုတာ နားလည်ချင်မှ နားလည်ကြမှာပေါ့။

တောက်…။ မိုက်ရိုင်းတဲ့ ကောင်တွေ၊ မနက်စောစောစီးစီးကို မိုက်မိုက်ရိုင်းရိုင်း မဆင်မခြင် ပြောထွက်တဲ့ ကောင်တွေ။ ဘာတဲ့…။

'မိုက်တယ်ကွ၊ အငုံးလေးတွေ၊ အဲဒီလို အငုံးလေးတွေနဲ့ တွေ့လိုက်ရလို့ကတော့…' တဲ့။

တောက်…။

ကြားရတဲ့စကားတွေက အခုအချိန်အထိ နားထဲမှာ ခါးနေတုန်းပဲ။ ■

**မောင်အေးကို**
၊ပေါင်းတလည်၊

ကြော်ငြာ



www.burmeseclassic.com

“ဖိုးသား
ဒေါ်သိန်းကြည်ကို
တွေ့မိသေးလားကွ”
“အရူးမ
ဒေါ်သိန်းကြည်ကို
ပြောတာလား။ ဟို
ပွဲရုံဘေးက သူ့တဲမှာ
ရှိမှာပေါ့”
“မရှိဘူး။ ငါရောက်ခဲ့
ပြီးပြီ။ အဲဒါကြောင့်
မင်းများ သွားရင်းလာရင်း
လမ်းမှာ တွေ့သေးလားလို့
မေးကြည့်တာ”
“ဦးလေးက
ဒေါ်သိန်းကြည်ကို
ဘာလုပ်ဖို့ လိုက်ရှာ
နေတာလဲဗျ”
“ဘာမှ
မဟုတ်ပါဘူးကွာ။

ဘယ်သူ့ဆီကမှ
ဘာတစ်ခုမှ
တောင်းဆိုခဲ့ဖူးခြင်း
မရှိသော ဒေါ်သိန်းကြည်က
သူ့ကို ဘာလို့ ခေါက်ဆွဲကြော်
ဝယ်ကျွေးနိုင်းတာလဲ
ဒေါ်သိန်းကြည်ကို
ခေါက်ဆွဲကြော်
ဝယ်ကျွေးတာနဲ့
သူ့လုပ်ငန်းက ဘာလို့
အဆင်ပြေရတာလဲ
တစ်ခါ၊ နှစ်ခါ မဟုတ်ဘဲ
သုံးခါကြိမ်များစွာတောင်
ဆိုတော့ တိုက်ဆိုင်မှု
သက်သက်လို့ သတ်မှတ်လို့
ရနိုင်ပါ့မလား

# မော်မော်မောင်

# စိတ်လိုက်အိမ်မြှောင်

“ကဲ...သွားဦးမယ်ဟေ့”
သူက စကားကို
လျှောချကာ ဖိုးသားရှေ့မှ
ထွက်လာခဲ့သည်။
ဒေါ်သိန်းကြည်
ဘယ်မှာရှိနိုင်မလဲဆိုတာကို
စက်ဘီးနင်းရင်း
စဉ်းစားနေမိ၏။ ဘဝမှာ
အရူးမတစ်ယောက်ကို
အခုလို အသည်းအသန်
လိုက်လံရှာဖွေ
ရလိမ့်မည်ဟု သူ
ဘယ်တုန်းကမှ
မတွေးဖူးခဲ့။ အခုတော့



www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

မမျှော်လင့်ခဲ့ဖူးသော အဖြစ်မျိုးနှင့် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တိုးနေရပြီ။ သူ့အဖြစ်ကို အခြားသူတွေသိလျှင် ရယ်သွမ်းသွေးကောင်း သွေးကြလိမ့်မည်။ သူ့အတွက်ကျတော့ ဒီကိစ္စက ပေါ့ပြက်ပြက်လုပ်ရမည့်ကိစ္စမဟုတ်။ဘဝနှင့်ချီပြီး အရေးကြီးသောကိစ္စတစ်ခုပင်ဖြစ်သည်။

သူ့ဘဝ တစ်ဆင့်မြင့်တက်ရေးမှာ ဒေါ်သိန်းကြည်နှင့်လည်း တစ်စိတ်တစ်ပိုင်းပတ်သက်နေသည်ဟု သူကအခိုင်အမာ ယုံကြည်ထား၏။ ဒီလိုယုံကြည်စိတ် ဖြစ်ပေါ်လာဖို့ အကြောင်းတရားတွေကလည်း သူ့မှာရှိထားသည်လေ။

❑

အဲဒီနေ့က သူနည်းနည်းစိတ်ပျက်လက်ပျက် ဖြစ်နေမိသည်။ သေချာပြီဟု တွက်ထားသော ခွင်တစ်ခုကအပျက်ဘက်ကို ဦးတည်ရွေ့လျားသွားသောကြောင့်ပင်။ အိမ်ခြံမြေ ပွဲစားတစ်ယောက်အနေဖြင့် ဒီလို အဖြစ်မျိုး ကြုံဖူးပေမဲ့ ခုလောက်ထိတော့ စိတ်မပျက်ခဲ့စဖူး။ အခုခွင်ကကျတော့ ခါတိုင်းဟာတွေနှင့် မတူ။ ပိုပြီး ဝါယမစိုက်ထုတ်ခဲ့ရသလို အပင်ပန်းလည်း ခံခဲ့ရ၏။ သူ့ဆီရောက်လာသော ဝယ်လက်က ဇီဇာအနည်းငယ် ကြောင်ချင်သည်။ သူ့ကိုအပ်ထားသော ဝိုင်းကွက်များ၏ သုံးပုံနှစ်ပုံခန့်ကို လိုက်ပြပြီးမှ အကြိုက်တွေ့၏။

ဝယ်လက်က ကြိုက်ပြီဆိုတော့ သူက ဦးဘမင်းကို ဖုန်းဆက်၍ လှမ်းခေါ်၏။ အိမ်ပွဲစားများ စတည်းချရာ 'စိမ်းဝါ' လက်ဖက်ရည်ဆိုင်မှာ ဆုံကြဖို့ ချိန်းသည်။ ဦးဘမင်းနှင့် ဝယ်လက်ကို ထိပ်တိုက် တွေ့ဆုံပေးကာ ဈေးစကား ပြောစေ၏။ သူက ပွဲစားတို့၏ ထုံးစံအတိုင်း ကြားထဲမှ ညှိပေးသည်။ ညှိနှိုင်းမှုအဆင်ပြေကာ ပွဲတည့်တော့မည် အနေအထားအရောက်တွင် ဝယ်လက်ဆီမှ စကားတစ်ခွန်း ထွက်ကျလာ၏။

'အင်း… လက်ထဲမှာရှိနေတဲ့ ငွေပိုကို တခြားမှာသုံးဖို့ မရှိ၊ ဘဏ်မှာလည်း အပ်မထားချင်လို့သာ ဒီဝိုင်းကို ဝယ်တာပါဗျာ။ သိပ်လိုချင်လွန်းလှလို့ရယ်တော့ မဟုတ်ဘူး'

ဦးဘမင်း၏ ခါးမှာဆတ်ခနဲ ခပ်မတ်မတ်ဖြစ်သွားတာကို သူတွေ့လိုက်ရ၏။ ဝယ်လက်၏ အထက်စီးဆန်ဆန် ပြောစကားကြောင့် ဖြစ်မှန်းတွေးမိတော့ သူ စိုးရိမ်စိတ်ဝင်မိသည်။ ဦးဘမင်းက သူ့အပေါ် သေးသေးတင်သည်ဟု ထင်လျှင် မခံတတ်သည့်စိတ်မျိုးရှိသူတစ်ယောက်ဖြစ်၏။ ဒါကိုသိထားသောကြောင့် ဦးဘမင်း၏ ပြောင်းလဲသွားသော အမူအရာကို တွေ့တော့ သူ ထိတ်ခနဲ ဖြစ်သွားမိခြင်းပင်။

သူ စိတ်ထင်သည့်အတိုင်း အမှန်တကယ် ဖြစ်လာ၏။

'အဲဒီလိုဆိုလည်း ပြန်စဉ်းစားလိုက်ပါဦးဗျာ။ တော်ကြာ မကြိုက်ဘဲနဲ့ ဝယ်ထားရတယ်ဆိုပြီး နောင်တရနေပါဦးမယ်။ ကျွန်တော်ကလည်း ဗိုက်နာနေတဲ့ကောင်မှ မဟုတ်တာ။ အလောတကြီး ဖြစ်စရာအကြောင်း ဘာမှမရှိပါဘူး။ ကဲ…သွားလိုက်ဦးမယ်နော်'

သူနှင့် ဝယ်လက်ကို နှုတ်ဆက်ပြီး ဦးဘမင်း ထ,ပြန်သွားသည်။ ဝယ်လက်က ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့၏။ သူလည်း စိတ်ပျက်လက်ပျက်နှင့် ထ,ထွက်လာခဲ့သည်။ ၆၉ လမ်းပေါ်ရှိ ဖက်တီးမ၏ ခေါက်ဆွဲကြော်ဆိုင်နား ရောက်တော့ စက်ဘီးကို ရပ်လိုက်၏။ ဒီနေ့ကကျောင်းပိတ်ရက်မို့ အိမ်မှာရှိနေမည့် သားနှင့်သမီးအတွက် နေ့ခင်းအဆာပြေစားဖို့ ခေါက်ဆွဲကြော် ဝယ်သွားရန် စိတ်ကူးဝင်လာမိ၍ပင်။

ဖက်တီးမ၏ ခေါက်ဆွဲကြော်ဆိုင်က နာမည်ကြီးသည်။ လက်မလည်အောင် ရောင်းရသဖြင့် သူ့အတွက် ပါဆယ်ကို ချက်ချင်းထုပ်မပေးနိုင်။ အလှည့်ကျစောင့်နေရသေး၏။ ခေါက်ဆွဲကြော်ကို စောင့်နေတုန်း သူ့ခါးကို တစ်စုံတစ်ယောက်က လာတို့သဖြင့် လှည့်ကြည့်လိုက်သည်။ အရှုံးမ ဒေါ်သိန်းကြည် ဖြစ်နေတာ တွေ့ရ၏။

'ဟဲ့ ကောင်လေး၊ ငါဗိုက်ဆာလို့ ခေါက်ဆွဲကြော်နှစ်ရာတန် တစ်ပွဲလောက် ဝယ်ကျွေးစမ်းပါ'

ဒေါ်သိန်းကြည်၏ စကားကို သူ ချက်ချင်း မတုံ့ပြန်နိုင်။ ထူးဆန်းသလို ခံစားလိုက်ရပြီး မှင်တက်နေမိ၍ဖြစ်သည်။ ဒါကလည်း အကြောင်းရှိ၏။ ဒေါ်သိန်းကြည်၏ စရိုက်ကို တီးမိခေါက်မိ ရှိထား၍သာ ဖြစ်သည်။ ဒေါ်သိန်းကြည်က ရှုံးနေသည်ဆိုပေမဲ့ သွက်သွက်ခါအောင် ရှုံးနေသူမဟုတ်။ အမိုက်ကောက်၍ ကိုယ့်ဝမ်းကိုယ်ကျောင်းတတ်သည်။ ဘယ်သူ တစ်ဦးတစ်ယောက်ဆီကမှ ပိုက်ဆံတောင်းတာမျိုး၊ တစ်ခုခုဝယ်ကျွေးခိုင်းတာမျိုး မရှိခဲ့စဖူး။ အခုကျ ထူးထူးခြားခြား သူ့အား ခေါက်ဆွဲကြော် ဝယ်ကျွေးခိုင်းနေသည်။

'ဘာလဲ…ဝယ်မကျွေးချင်ဘူးလား။ ပိုက်ဆံလေး နှစ်ရာလောက်နဲ့များ နှမြောနေလိုက်တာ'

သူ့ဆီက ဘာသံမှထွက်မလာတော့ ဒေါ်သိန်းကြည်က စကားနာထိုးသည်။ ဒီတော့မှ သူ သတိပြန်ဝင်လာပြီး 'ဝယ်ကျွေးပါ့မယ်ဗျာ' ဟုဆိုကာ ဒေါ်သိန်းကြည်အတွက် ခေါက်ဆွဲကြော်တစ်ပွဲမှာပေးလိုက်၏။ အံ့အားသင့်သည့် စိတ်ခံစားမှုကတော့ အိမ်ကိုရောက်သည့်အထိ ပျောက်မသွားသေး။

❑

နောက်ရက်ကျတော့ ဦးဘမင်း သူ့ဆီကို ရောက်လာသည်။ ဦးဘမင်း ရောက်လာချိန်မှာ သူက မနက်စာထမင်းကြမ်းစားနေတုန်းဖြစ်၏။ သူက ဦးဘမင်းကို စူးစမ်းဟန်နှင့် တစ်ချက်ကြည့်ပြီး-

'ဘယ်က လှည့်လာတာလဲ ဦးလေး။ ထမင်းစား



www.burmeseclassic.com

www.burmeseclassic.com

ပါဦး'

'မင်းဆီကိုပဲ တမင်ထွက်လာခဲ့တာ။ မနေ့က ကိစ္စအတွက်လေ။ အဲဒီဝယ်လက်ကို ပြန်ခေါ်လို့ရတယ် မဟုတ်လား'

'ရတာပေါ့ ဦးလေးရဲ့။ ကျွန်တော်အခုပဲ ဖုန်းဆက်ပြီး 'စိမ်းဝါ'ကို ချိန်းလိုက်ပါ့မယ်'

သူက ဝမ်းသာအားရနှင့် ပြန်ပြောလိုက်သည်။ ဦးဘမင်း ဘာလို့ စိတ်ပြောင်းသွားတာလဲ။ မထင်မှတ်တဲ့ ငွေရေးကြေးရေးအခက်အခဲပေါ်လာလို့လား။ ဒါမှမဟုတ် တခြား ဘာအကြောင်းတွေရှိလို့ အရောင်းအဝယ် ကိစ္စကို စကားပြန်စ,လာသည် ဆိုတာကို သူ မသိ။ သူသိတာကတော့ မထင်မှတ်ဘဲ ရေပေါ်ပြန်ပေါ်လာသည့် ကျောက်ခဲကို ရေအောက် ပြန်ရောက်မသွားခင် အမိအရ ဆယ်ယူနိုင်ဖို့ လိုသည်ဆိုတာပင်။ ထို့ကြောင့် ထမင်းကိုတောင် ပြီးအောင် ဆက်မစားတော့ဘဲ ဝယ်လက်ကို လှမ်းချိတ်ကာ ဦးဘမင်းနှင့်အတူ 'စိမ်းဝါ'ကို ထွက်လာခဲ့၏။

ဝယ်လက်ရောက်လာတော့ ဈေးစကား ထွေထွေထူးထူး ညှိနှိုင်းပြောဆိုတာမျိုး မလုပ်ကြ။ မနေ့က ပြောထား ပြီးသားမို့ စာချုပ်,ချုပ်ဖို့ ကိစ္စကိုသာ အသေးစိတ် ပြောဆိုကြသည်။ သူက အသင့်ဆောင်ထားသော အရောင်းအဝယ်စာချုပ်မှာ လိုအပ်သည့် အချက်အလက်တွေကို ဖြည့်စွက်ရေးသားသည်။ ထို့နောက် ရပ်ကွက်ရုံးကိုသွားကာ စာချုပ်,ချုပ်ကြ၏။ ရုံးကအပြန် သူ့စိတ်တွေက ပေါ့ပါးလန်းဆန်းလျက်။ ပျက်ပြီဟု ထင်ထားခဲ့သောပွဲက တစ်ရက်မပြည့်ခင်မှာပဲ ပြန်လည် အဆင်ပြေသွားတာကိုလည်း မယုံနိုင်သလိုလို ဖြစ်နေမိသည်။ သို့ပေမဲ့ ဒါက အိပ်မက်တစ်ခုမဟုတ်မှန်း သူ သေချာသိ၏။ သူ့ လွယ်အိတ်ထဲတွင် ပါလာသော ပွဲခတွေက အိပ်မက်မဟုတ်ကြောင်း သက်သေထူနေသည် မဟုတ်လား။

အဲဒီနောက်ပိုင်း တစ်လကျော်လောက်အထိ သူ အလုပ်မဖြစ်။ အိမ်ခြံမြေ ဈေးကွက်က အေးနေတာမဟုတ်ဘဲနှင့် သူ့အတွက် ကွက်ပြီး ဈေးကွက်ပျက်သလို ဖြစ်နေသည်။ ဦးဘမင်း အိမ်ပွဲတည့်တုန်းက စိုစိုပို့ပို့လေးရထား၍သာ တော်တော့၏။ မဟုတ်လျှင် သူ့ကိုသာ လုံးဝ အားကိုးနေရသည့် မိသားစု စားဝတ်နေရေးက ကျပ်တည်းမှုနှင့် ကြုံရမှာမလွဲ။ အခုတောင်မှ အိမ်အသုံးစရိတ်က ပြတ်စပြုနေပြီ။ ဒါကို တွေးမိတော့ သူ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်မိသည်။ အေးစက်စက် ရေနွေးကြမ်းခွက်ကို ယူ၍ မော့သောက်မည်အပြုတွင် သူ့မိန်းမထံမှ ဖုန်းဝင်လာ၏။

'အေး…မိန်းမ၊ ပြော'

'ကိုလှ… အိမ်ကို ပြန်လာခဲ့ပါဦး။ ဒီမှာ အိမ်ကြည့်ချင်တဲ့သူတစ်ယောက် ရောက်နေလို့'

'ဟုတ်လား။ ငါ အခု ထွက် လာပြီ၊ ခဏ စောင့်ခိုင်းထားလိုက်'

သူက လက်ဖက်ရည်ဖိုးကို ခွက်အောက်မှာ ဖိထားခဲ့ပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။ စက်ဘီးကို သော့ဖွင့်ကာ အိမ်ကိုပြန်နင်းလာရင်း ဘယ်လိုပုံစံမျိုးနှင့်ပဲဖြစ်ဖြစ် ပွဲတည့်စေဖို့ ဆုတောင်းနေမိ၏။ ဖက်တီးမ ဆိုင်နား အရောက် ကွမ်းဝင်ထုပ်သည်။ ကွမ်းထုပ်ရင်း ဖက်တီးမ ဆိုင်နှင့် မလှမ်းမကမ်းတွင် ဒေါ်သိန်းကြည်ကို တွေ့လိုက်ရတော့ ခေါက်ဆွဲကြော် ဝယ်စားရန် နှစ်ရာတန်တစ်ရွက် ထုတ်ပေးဖြစ်ခဲ့သေးသည်။

သူ့ဆုတောင်းက ပြည့်ဝသည်ဟုပဲ ဆိုရမည်ထင့်။ ရှားရှားပါးပါး ရောက်လာသည့် ပွဲက တည့်သွားသည်။ အဝယ်မဟုတ်ဘဲ အငှားသာ ဖြစ်သဖြင့် များများစားစား မရပေမဲ့ အသက်ရှူတော့ အနည်းငယ် ချောင်သွားစေတာအမှန်။ ဒီပွဲက သူ့လာဘ်ကို ပြန်ဖွင့်လိုက်သလို ဖြစ်သွားစေသည်ဟု ပြောရမည်။ နောက်ဆယ်ရက်ခန့် အကြာမှာ သူကိုင်ထားသော ဝိုင်းကွက်တစ်ကွက် ရောင်းထွက်သွားပြန်၏။ ပွဲခငွေကို ရေတွက်ရင်း သူ သတိရမိလိုက်တာတစ်ခုရှိသည်။ ပွဲမဆိုင်ခင်နေ့က ဒေါ်သိန်းကြည်အား ခေါက်ဆွဲကြော် ဝယ်ကျွေးဖြစ်ခဲ့သေးသည် ဆိုတာပင် ဖြစ်၏။ တကူးတက ဝယ်ကျွေးဖြစ်ခဲ့တာမျိုးတော့ မဟုတ်။ သူ ခေါက်ဆွဲကြော်ဆိုင်ရှေ့က အဖြတ် ဒေါ်သိန်းကြည်က သူ့ကို ခေါက်ဆွဲကြော် ဝယ်ကျွေးခိုင်း၍ ကျွေးခဲ့ခြင်းသာ ဖြစ်သည်။

ပထမနှစ်ကြိမ်တုန်းကတော့ သူဘာယ်လိုအတွေးမျိုးမှ မဝင်ခဲ့။ အမှုမဲ့အမှတ်မဲ့သာ ရှိခဲ့၏။ အခုကျတော့ အဲဒီလိုမဟုတ်။ ဘယ်သူ့ဆီကမှ ဘာတစ်ခုမှ တောင်းဆိုခဲ့ဖူးခြင်းမရှိသော ဒေါ်သိန်းကြည်က သူ့ကိုဘာလို့ ခေါက်ဆွဲကြော် ဝယ်ကျွေးခိုင်းတာလဲ။ ဒေါ်သိန်းကြည်ကို ခေါက်ဆွဲကြော် ဝယ်ကျွေးတာနဲ့ သူ့လုပ်ငန်းက ဘာလို့ အဆင်ပြေရတာလဲ။ တစ်ခါ, နှစ်ခါမဟုတ်ဘဲ သုံးခါကြီးများတောင်ဆိုတော့ တိုက်ဆိုင်မှုသက်သက်လို့ သတ်မှတ်လို့ ရနိုင်ပါ့မလား။ သူနဲ့ ဒေါ်သိန်းကြည်ကြားမှာ မမြင်နိုင်တဲ့ ကံကြမ္မာဆက်စပ်မှု တစ်ခုရှိနေပြီး အခုကျမှ အကျိုးပေးလာတာများလား။ စဉ်းစားရင်း သူ့ရင်ထဲကို ယုံကြည်မှုတစ်ခုက အမြစ်တွယ်လာ၏။

သူက စမ်းသပ်ချက်တစ်ခု ပြုလုပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ သူပြုလုပ်ရန် ဆုံးဖြတ်လိုက်သော စမ်းသပ်ချက်က အခြားတော့ မဟုတ်။ ဝယ်လက်နှင့်တွေ့၍ နောက်ဆုံး ဈေးစကားပြောချိန် မတိုင်ခင် ဒေါ်သိန်းကြည်အား ခေါက်ဆွဲကြော်ဝယ်ကျွေးကြည့်ဖို့ဖြစ်သည်။ တစ်လနီးပါးအကြာမှာ သူ့ စမ်းသပ်ချက်ကို အကောင်အထည်ဖော်ခွင့်ကြုံ၏။ လုပ်ငန်းက ချောချောမွေ့မွေ့ ပြီးစီးသွားတာတွေ့ရသည်။ နောက်တစ်ခါ ထပ်စမ်းကြည့်ပြန်

***စာမျက်နှာ(၁၆၅)သို့…***




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ပတ်လုံး
ဒီအတိုင်း
ပစ်ထားပုံရသော
အခန်းလေးထဲ၌
ဖုန်နံ့များ
တထောင်းထောင်း
ထ,နေသည်
အဓိပ္ပာယ်သရိုက်
သိပ်မရှိသော်လည်း
ကြမ်းပျဉ်များကတော့
အနည်းငယ်
ခွေးနေပုံရသည်
အခေါင်အပေါ် ဘက်
ထောင့်နားလေးက
ခလုတ်တစ်ခုကို
နှိပ်ကြည့်လိုက်တော့
ဝါကြင့်ကြင့် မီးသီးလေး
တစ်လုံးက မှိန်ဖျော့ဖျော့
လင်းလာသည်

နံနက်ခင်း အရုဏ်ဦး မိုးသောက်၌ အရာအားလုံးက တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ အခါတိုင်း နှစ်များတွင် ဒိုးဒိုးဒန့်ဒန့် ကြားနေရပြီ ဖြစ်သော ဒီအချိန်၌ တရားအဋ္ဌေအသက်တို့နှင့် ကြုံတွေ့နေရသည်မှာ အေးချမ်းလွန်းလှသည်။ အရာအားလုံးသည် တည်ငြိမ်လျက်ရှိပြီး အေးချမ်းသော မျက်နှာလေးများကို ပိုင်ဆိုင်ထားကြသည့်လူအများ ပေါင်းဆုံစည်းရာ ဤနေရာလေးကို အမှတ်မထင် လိုက်ပါခွင့် ရသည့်အတွက်လည်း ကြည်နူးမဆုံးတော့ပေ။ တစ်သုတ်ပြီးတစ်သုတ် တမွဲမွဲ ရောက်ရှိလာကြသော ယောဂီကြီးငယ် အသွယ်သွယ်ကို စာရင်းပြုစုရင်း အံ့ဩရပါသည်။ သကြိန်အတွင်း ရပ်ကွက်ထဲ၌ ပျော်ပါးမြူးထူးနေကြသော လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီးများလောက်သာ မြင်ဖူးသော ကျွန်တော်တို့အဖို့



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုအချိန်၊ ဒီလိုနေရာမျိုး၌ ဒီလောက်ထိ စည်ကားနေလိမ့်မည်ဟု တစ်ခါမှ မတွေးမိဖူးခဲ့။ သူ့နေရာနှင့်သူ ပျော်မွေ့နေကြသော အကျင့်စရိုက်မတူညီကြသည့် လူအမျိုးမျိုးကို ခွဲခြမ်းစိတ်ဖြာရင်း အဖြေရှာနေမိသည်။ မည်သို့ပင်ဆိုစေ ကောင်းသောနေရာ၌ ပျော်မွေ့နေကြသောလူများကို တွေ့မြင်ရသည်မှာ လေးစားစရာကောင်းသလို မြင်ရသူအဖို့လည်း အမှန်တကယ် အေးချမ်းသမှုရှိလှပါသည်။

❑

'မဖြစ်ဘူး၊ မဖြစ်ဘူး။ အဲဒီလိုအခန်းတွေပဲ ဆိုရင်တော့ ညီမ ပြန်တော့မယ်'

'ဒီက ဒကာလေးကပဲ အဆင်ပြေအောင် လုပ်ပေးလိုက်ပါ'

'တင်ပါ့ ဘုရား။ တပည့်တော်လည်း အဆင်ပြေအောင် လုပ်ပေးပါတယ် ဘုရား။ အခုက အခန်းအားလုံး ပြည့်နေလို့ပါ ဘုရား'

ကျွန်တော်က တာဝန်ခံ ဘုန်းဘုန်းကို လက်အုပ်ချီပြီး ဖြစ်ကြောင်းကုန်စင် ရှင်းပြနေတော့ ဝဝဖိုင့်ဖိုင့် အန်တီကြီးတစ်ယောက်က ကျွန်တော့်ကို မျက်စောင်းတစ်ချက် လှမ်းထိုးသည်။ ကျွန်တော် စိတ်လေသွားသည်။ အိမ်ဘေးနားက ဦးလေးကြီးတစ်ယောက်၏ အဆက်အသွယ်နှင့် သင်္ကြန်အတွင်း ကုသိုလ်ရအောင် တရားစခန်းသို့ လုပ်အားပေးလိုက်လာခဲ့သည်။

ကျွန်တော်က စာရင်းဇယားနှင့် ရိပ်သာဝင်ယောဂီသူတော်စင်များအား နေရာချပေးရသော တာဝန်ကို ယူရသည်။ ရောက်ရောက်ချင်းနေ့၌ပင် ရိပ်သာရှိ အဆောင်ကြီးငယ်အသွယ်သွယ်ကို အကျယ်အဝန်းနှင့်တကွ ထားနိုင်မည့် လူဦးရေပမာဏ ကိုက်၊ မကိုက် မှတ်တမ်းတင် စစ်ဆေးရသည်။ ပထမတစ်ရက်၊ နှစ်ရက်နေ့အထိ အဆင်ပြေ ချောမွေ့နေသေးသည်။ ဒီနေ့ကျမှ ပြဿနာက စတင်ခြင်း။ တရားစခန်းဖွင့်သည်မှာ သုံးရက်မြောက်နေ့ဖြစ်၍ ရိပ်သာရှိ အခန်းအားလုံး၌ ယောဂီ၊ သီလရှင်၊ ဒုလ္လဘရဟန်းသံဃာများဖြင့် ပြည့်နေပေပြီ။ နောက်ကျမှ ရောက်ရှိလာသော သူတို့ညီအစ်မသုံးယောက်အတွက် သင့်လျော်သော အခန်းဆောင်က မရှိတော့။ လွတ်နေသော အခန်းဆောင်များကို သူတို့ကိုပြသော်လည်း 'အိမ်သာနဲ့ဝေးလို့၊ လေဝင်လေထွက်မကောင်းလို့၊ တရားဟောအဆောင်နဲ့ ဝေးကွာလို့' စသော စသော အချက်များဖြင့် မကြိုက်ကြောင်း၊ မနေချင်ကြောင်းချည်း ခါးခါးသီးသီး ငြင်းဆိုနေကြတော့သည်။ ကျွန်တော် ကြားမရ ဖြစ်နေတုန်း တာဝန်ခံ ဘုန်းဘုန်းက စာရင်းစာအုပ်ထဲမှ အခန်းဆောင်တစ်ခုကို လက်ထောက်ပြရင်း 'ဒီအခန်းက လွတ်နေတာမဟုတ်လား' ဟုမေးသည်။

'တင်ပါ့။ ဒီအခန်းကသေးတော့ ဒီက အန်တီတို့နဲ့ အဆင်ပြေပါ့မလားလို့ပါ ဘုန်းဘုန်း'

ကျွန်တော့်စကားဆုံးတော့ ဘုန်းဘုန်းက တစ်ခဏစဉ်းစားလိုက်ပြီး ညီအစ်မသုံးယောက်ဘက် လှည့်ကာ-

'ဒီမှာကြည့်ကြည့်ဦး ဒကာမကြီးတို့။ ဒီအခန်းကနည်းနည်းတော့ကျဉ်းတယ်။ ဒါပေမဲ့ အိမ်သာ၊ ရေချိုးခန်း၊ ဆွမ်းစားအဆောင်၊ တရားဟောအဆောင်တို့နဲ့ အကုန်နီးတယ်' ဟု အသေးစိတ်ရှင်းပြလိုက်တော့မှ အန်တီကြီးမျက်နှာပေါ်ရှိ မကျေနပ်ချက်များက အနည်းငယ်ပြေလျော့သွားသည်။

'အခန်းကျဉ်းတာက ကိစ္စမရှိပါဘူး ဘုရား။ ချောင်အရမ်းကျပြီး သန့်သန့်ရှင်းရှင်း မရှိမှာကိုပဲ စိုးရိမ်တာပါ ဘုရား'

အသက်လေးဆယ်ကျော် ဝန်းကျင်ခန့်ရှိသော အမျိုးသမီးက ချွေးစို့နေသော သူ့မျက်နှာကို ယပ်တောင်ဖြင့် တဖျပ်ဖျပ်ခတ်နေရင်း ဝင်ပြောသည်။ လေတစ်ချက်ခပ်လိုက်တိုင်း ဖြူဝင်းတောက်ပသွားသော လက်စွပ်ကြီးကလည်း ပြိုးပြိုးပြက်ပြက်တောက်ပလျက်။

'ကဲကဲ အခန်းကို အရင်ဆုံး သွားကြည့်ကြည့်ဦးမယ် အစ်မတို့'

ဝဝဖိုင့်ဖိုင့် အမျိုးသမီးကြီးက သူ့စလင်းဘတ်အိမ်ကြီးကို လွယ်ရင်း သူတို့နေရမည့်အဆောင်ကိုသာ ကျွန်တော့်ကို လိုက်ပြခိုင်းပါတော့သည်။ ရှေ့မှ ဦးဆောင်ခေါ်သွားသည့် ကျွန်တော့်နောက်မှ လိုက်ပါလာကြရင်း တစ်ယောက်နှင့်တစ်ယောက် တွတ်တွတ် တွတ်တွတ်နှင့် စကားဆိုနေကြတယ်။

'ဟဲ့၊ ဟိုတိုက်ခန်းအဆောင်က သူဌေးကြီးဦး(×××)ရဲ့ အဆောင်မဟုတ်လား'

'ဒီလုံးချင်းကလည်း စိန်ရွှေရတနာဆိုင်ပိုင်ရှင် ဒေါ်(×××)ရဲ့ အဆောင်နော်'

'အဲဒီတိုက်တွေက တရားစခန်းလာရင် သူတို့ဘာသာနေဖို့အတွက် ကိုယ်ပိုင် ဆောက်ထားကြတာ မဟုတ်လား'

တစ်ယောက်တစ်ပေါက် အပြန်အလှန် တွတ်ထိုးရင်း လက်တို့နေကြသည်။ သူတို့ပြောနေကြသော တိုက်ခန်းများဘက်သို့ မသိမသာ အကဲခတ်ကြည့်မိတော့ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ ဆယ်ရက်တာ တရားစခန်းအတွင်း နေထိုင်နိုင်ဖို့အတွက် ကျွန်တော့်တို့ တစ်သက်တာ ကြိုးစားဆောက်လုပ်လျှင်ပင် အလွန်ခက်ခဲသော လုံးချင်းတိုက်များကို မြင်လိုက်ရတော့ စိတ်ထဲ အံ့ဩမှုက အပြည့်။ ရောက်ခါစက အဆောင်စာရင်းကောက်သည့်အချိန်၌ ဒီလုံးချင်းတိုက်များကိုမြင်တော့ VIP ဆိုတာလောက်သာ သိထားသည်။ သူတို့ကိုယ်တိုင် ဆောက်လုပ်ထားမှန်း မတွေးမိ။ ယခုတော့…။

❑

'ဟူး…'

လေပူကို မှုတ်ထုတ်ရင်း အခုမှ သက်ပြင်းချနိုင်တော့သည်။ ကျွန်တော်လိုက်ပြသော အဆောင်ကို ညီအစ်မများ သဘောကျသည်ဆို၍ စိတ်ထဲ သက်သာရသည်။ ဒါတောင်မှ ဖြူဖြူဝဝ အန်တီကြီးက 'အခန်းက တော်တော်ကျဉ်းသလား မသိဘူး' ဟု အနာအဆာ ပြောချင်နေသေး



www.burmeseclassic.com

www.burmeseclassic.com

သည်။

‘ဒကာလေး၊ ဘယ်လိုလဲ၊ အဆင်ပြေခဲ့ရဲ့လား’

‘တင်ပါ့။ အခန်းက နည်းနည်း ကျဉ်းတယ်လို့တော့ ပြောတယ် ဘုရား’

‘အေး အေး။ အရင်နှစ်တွေဆို အဲဒီဒကာမတွေက အဆောင် A မှာ နေနေကျ။ ဒီနှစ်က သူတို့လာတာ နောက်ကျသွားတော့ ဘယ်လိုမှ အဲဒီအခန်းကို ပေးလို့မရတော့ဘူး။ အရင်နှစ်တွေတုန်းကလည်း သူတို့ကို အဆောင်စီစဉ်ပေးတိုင်း ဒီလိုပဲ နည်းနည်းတော့ အထစ်အငေါ့ဖြစ်ရတယ် ဒကာလေး။ ကိုယ့်ဘက်ကသာ အစစအရာရာ အလျှော့ပေးပြီး အဆင်ပြေအောင် လုပ်ပေးရတာပဲ။ အဓိက,က ရိပ်သာဝင်လာတဲ့ယောဂီတွေ အဆင်ပြေပြေ တရားအားထုတ်နိုင်ဖို့ပဲ မဟုတ်လား ဒကာလေးရဲ့။ ကုသိုလ်လာယူရင်း ငရဲရမယ့်အဖြစ်တော့ အဖြစ်မခံနဲ့ ဒကာလေးရေ’

‘တင်ပါ့ ဘုရား’

တာဝန်ခံဘုန်းဘုန်း ရှင်းပြလိုက်တော့မှ သူတို့ညီအစ်မ စရိုက်များကို အနည်းငယ် ရိပ်စားမိပါတော့သည်။

‘သား၊ အဘွား ဖောင်ဖြည့်ချင်လို့’

စာရင်းဇယားများ တွက်ချက်နေရင်း နားထဲ ရုတ်တရက် ဝင်ရောက်လာသော ကွဲရှရှ အသံကြောင့် ကြည့်လိုက်မိတော့ အဘွားအိုတစ်ယောက်။ ခါးအနည်းငယ် ကိုင်းနေပြီဖြစ်သော အဘွားက မွေ့အရေခွံ ခရီးဆောင်အိတ်ကို ဘေးချရင်း ကျွန်တော့်စားပွဲပေါ်သို့ မှတ်ပုံတင် ခပ်နွမ်းနွမ်းလေးတစ်ခုကို တင်ပေးသည်။

‘အဘွားက ယောဂီဝတ်မှာလား၊ သီလရှင်ဝတ်မှာလား’

အဘွားက ချွေးစို့နေသော သူ့နဖူးပြင်ကို လက်ဖမိုးနှင့်ပွတ်သုတ်ရင်း ‘ယောဂီဝတ်မှာပါ’ ဟု ခပ်တိုးတိုးဖြေသည်။ အဘွား၏အဖြေကြောင့် ကျွန်တော် စဉ်းစားရပါပြီ။ သီလရှင်ဝတ်မှာဆိုလျှင် နေထိုင်စရာအဆောင်ကိစ္စက ပြဿနာ မရှိသော်လည်း ယောဂီဝတ်မည့်သူများအတွက်တော့ နေထိုင်စရာ အဆောင်များက ပြည့်နေပေပြီ။

‘ယောဂီဝတ်မှာဆိုရင် အဆောင်တွေက နီးနီးနားနားမှာ မရှိတော့ဘူး အဘွား။ အဆင်ပြေပါ့မလား’

ကျွန်တော့် အမေးကြောင့် အဘွား အနည်းငယ် တွေဝေသွားပုံရသည်။ ပြီးနောက် သူ၏ အရစ်ရစ် တွဲကျနေသောလည်ပင်းကို တဗြင်းဗြင်းကုတ်ရင်း လေးလေးပင်ပင် သက်ပြင်းချသည်။ အဘွားခေါင်းပေါ်ရှိ ဖြူဖွေးရှပ်ပွနေသော ဆံစများက ချိုင့်ဝင်နေသော ပါးပြင်နှစ်ဖက်ပေါ်သို့ ကျိုးတိုးကျဲတဲ၊ မလုံ့တလုံ အုပ်မိုးကျနေသည်။

‘နီးနီးနားနား အဆောင်လေးများ မလွတ်ဘူးလား သားရယ်။ အဘွားက အသက်ရှစ်ဆယ်ကျော်ပြီဆိုတော့ လမ်းသိပ်မလျှောက်နိုင်တော့လို့ပါ’

အဘွား စကားဆုံးတော့ ဒီတစ်ခါ သက်ပြင်းချမိသူက ကျွန်တော်ပင်။ ဖြစ်နိုင်လျှင် အသက်အရွယ် ကြီးနေပြီဖြစ်သော အဘွားကို တရားဟော အဆောင်၊ ဆွမ်းစားအဆောင်နှင့် နီးသော အခန်းတစ်ခန်းတွင် ထားချင်ပါသည်။ သို့ပေမဲ့ အဆောင်အားလုံးက ဆုံသမျှလူထက်ပင် ပိုမိုများပြားနေပေပြီ။

‘ဟူး…’

လေပူကို မှုတ်ထုတ်ရင်း ခေါင်းထဲအကျပ်ရိုက်နေတုန်း မွေ့အရေခွံ လက်ကိုင်ကွင်းလေးကို မိမိရရ ဆုပ်ကိုင်ရင်း အပြင်ဘက်သို့ ငေးငိုင်ကြည့်နေသော အဘွားကို မြင်တွေ့လိုက်ရတော့ စိတ်မကောင်းဖြစ်ရပြန်သည်။ ရင်ထဲ မွန်းကျပ်လာသည်မို့ အဘွားအတွက် နီးနီးနားနား အခန်းလေးများ ရလိုရငြားတွေးပြီး စာရင်းစာအုပ်ကိုသာ အခါခါ လှန်လှောနေမိသည်။

စာအုပ်ထဲ အခေါက်ခေါက်လှန်ရင်း စောစောက လိုက်ပို့ပေးခဲ့သော ညီအစ်မသုံးယောက်၏ အဆောင်ကိုသာ မျက်လုံးထဲ မြင်ယောင်နေမိတော့သည်။ ဆွမ်းစားဆောင်၊ တရားဟောဆောင်၊ ရေချိုးဆောင်၊ အိမ်သာတို့နှင့် အနီးဆုံးဖြစ်သော ထိုအဆောင်ဆိုလျှင် အဘွားအတွက် အလွန်အဆင်ပြေပေလိမ့်မည်။ ယခုတော့…။

❑

အဘွား၏ ခရီးဆောင်အိတ်ကြီးကို ဆွဲရင်း ရိပ်သာ၏ အစွန်ဆုံးတွင်ရှိသည့် နှစ်ယောက်နေ သစ်သားအဆောင်လေးဆီသို့ အဘွားကို ခေါ်ဆောင်လာခဲ့သည်။ ကျွန်တော့်နောက်မှ နှေးကွေးစွာ လိုက်ပါလာသော အဘွားခြေလှမ်းများက လေးပင်တုန်ချည့်နေသည်။

‘အဘွားကို အဘွားအိမ်က လိုက်မပို့ကြဘူးလား’

အဘွားကို ကူတွဲပေးရင်း မေးကြည့်တော့ ဖြည်းလေးစွာ ခေါင်းခါပြသည်။

‘အဘွားသမီးက မနက်စောစောကတည်းက ဈေးရောင်းထွက်သွားပြီ။ အဘွားသမက်နဲ့ မြေးလေးကလည်း သကြြန်အတွင်း လုပ်ခနှစ်ဆရတယ်ဆိုလို့ ပန်းရန်လိုက်ဆင်းနေကြတယ်။ အိမ်မှာ အဘွားတစ်ယောက်တည်းပဲ ကျန်ခဲ့တာလေ။ သူတို့လိုက်ပို့တာသာ စောင့်နေရရင် အဘွား ဒီနှစ် ရိပ်သာဝင်ရမှာကို မဟုတ်တော့ပါဘူး။ နောက်ပြီးတော့ နှစ်တိုင်းနှစ်တိုင်း ဒီအချိန် လာနေကျဆိုတော့လည်း မလာဘဲနဲ့ကို မနေနိုင်ပါဘူး ကလေးရယ်’

‘ဟင်၊ ဒါဆို အဘွားက နှစ်တိုင်း၊ နှစ်တိုင်း ဒီရိပ်သာမှာ ဝင်နေကျပေါ့ ဟုတ်လား အဘွား’

‘ဟုတ်တယ်လေ ကလေးရဲ့။ အဘွား ဒီမှာဝင်လာတာပဲ တစ်ဆယ့်ငါးနှစ်လောက်တောင်ရှိပြီ။ အစကဆို ရိပ်သာမှာ အဆောင်တွေ အခုလောက် မများသေးပါဘူး’

အဘွားက ကျွန်တော့်လက်မောင်းကို တွဲကိုင်ထားရင်း မောနေသည့်ကြားမှ စကားတွေ တရစပ်ပြောနေသည်။

‘ဩော် ဒါနဲ့များ အစကတည်းက ဖုန်းလေးနဲ့ပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ် ကြိုအကြောင်းကြားထားတာမဟုတ်ဘူး အဘွား ရယ်’

ကျွန်တော့်စိတ်ထဲမှ အဘွားကို ကရုဏာစကား ဆိုမိသည်။

‘ရောက်ပြီ အဘွား၊ ဒီအဆောင်ပဲ’

တစ်ဆယ့်ငါးနှစ်တာ ကာလတစ်လျှောက်လုံး နှစ်စဉ်မပြတ် ရိပ်သာဝင်လာခဲ့သော အဘွားသည် ကျွန်တော်လိုက်ပြသော အဆောင်လေးကို တစ်ခါမှ မမြင်ဖူးသည့်အလား မျက်လုံးကလေးများက သစ်သားအဆောင်လေးအနှံ့ လှည့်ပတ်လှုပ်ရှားနေသည်။ ကျွန်တော်က အဘွား၏ ခရီးဆောင်အိတ်ကို အဆောင်ရှေ့ ကွပ်ပျစ်ပေါ်တင်ရင်း အထဲဝင်ကြည့်သည်။ တစ်နှစ်ပတ်လုံး ဒီအတိုင်း ပစ်ထားပုံရသော အခန်းလေးထဲ၌ ဖုန်နံ့များ တထောင်းထောင်း ထ,နေသည်။ အမှိုက်သရိုက် သိပ်မရှိသော်လည်း ကြမ်းပျဉ်များကတော့ အနည်းငယ် ဆွေးနေပုံရသည်။ အဆောင်အပေါ်ဘက် ထောင့်နားလေးက ခလုတ်တစ်ခုကို နှိပ်ကြည့်လိုက်တော့ ဝါကြင့်ကြင့် မီးသီးလေးတစ်လုံးက မှိန်ဖျော့ဖျော့ လင်းလာသည်။ ကျွန်တော်လည်း အခြားအဆောင်မှ တံမြက်စည်းကို ငှားကာ အခန်းထဲ ရှင်းလင်း၊ လှည်းကျင်း လုပ်ပေးပြီး အဘွားကို နှုတ်ဆက်ထားရစ်ခဲ့သည်။ အဘွား၏ တုန်ယင်နေသော မေတ္တာပို့သံများ ကျွန်တော့်နောက်မှ ကမျှောသောပါး ကပ်ပါလာခဲ့သေးသည်။

❑

‘.... တရားရိပ်သာရှိ သံဃာတော်အရှင်သူမြတ်အပေါင်းနှင့်တကွ ယောဂီသူတော်စင်အပေါင်းတို့ နေ့လယ်ဆွမ်းစားဖို့အချိန် ကျရောက်ပါပြီ’

ဆွမ်းစားဆောင်မှ ထွက်ပေါ်လာသောအသံကြောင့် အလှူငွေစာရင်းများကို ကပျာကယာ အပြီးသတ်လိုက်သည်။ ဆာလောင်နေသော ဗိုက်ကို အလိုလိုက် အကြိုက်ဆောင်ဖို့အတွက် ခြေလှမ်းများကို ထမင်းစားဆောင်ဘက်သို့ သုတ်ခြေတင်ခဲ့သည်။

ထမင်းစားဆောင် တစ်ခုလုံး ပြည့်လျှံနေသော ယောဂီများသည် စားပွဲဝိုင်းများတွင် ကိုယ်စီကိုယ်စီထိုင်ရင်း နေ့လယ်စာကို ဣန္ဒြေရရ သုံးဆောင်နေကြသည်။ ကျွန်တော်လည်း လွတ်နေသော စားပွဲဝိုင်းတစ်ခုတွင် တိုးတိုးတိတ်တိတ် ဝင်ထိုင်ရင်း ဆာဆာရှိသည်နှင့် ခေါင်းမဖော်စတမ်း ကုန်းတွယ်နေတော့သည်။ ထမင်းစားနေရင်း မနက်က အဘွားကို သတိရသွားသောကြောင့် ဘေးဘီကို လှည့်ပတ်ကြည့်မိတော့ တိုးတိုးကျိတ်ကျိတ်နှင့် စကားတတွတ်တွတ် ပြောရင်း တို့ခနန်း၊ ဆိတ်ခနန်း စားနေကြသော ညီအစ်မသုံးယောက်ကို ဘေးတစ်ဝိုင်းကျော်တွင် တွေ့လိုက်ရသည်။ အဘွား၏အရိပ်ယောင်ကိုတော့ လုံးဝမတွေ့ရ။ ခဏကြာလျှင် ဆွမ်းစားချိန်ပြီးတော့မည်ဖြစ်သောကြောင့် အဘွားအတွက် စိုးရိမ်လာကာ မြန်မြန်လက်စသတ်လိုက်ပြီး ကပျာကယာ ထ,ထွက်လာခဲ့လိုက်သည်။

ခြေလှမ်းများကို အဘွားရှိရာ အဆောင်ဘက်သို့ ခပ်မြန်မြန် သုတ်ခြေတင်ခဲ့သည်။

‘အဘွားရယ်၊ ဘယ်လိုဖြစ်လို့ နောက်ကျနေတာတုံး’

ကျွန်တော့်အတွေးထဲ အဘွားအတွက် စိတ်ပူရင်း ကရုဏာဒေါသော ဆိုမိသည်။

‘ဟုတ်လည်း ဟုတ်ပါတယ်။ အဘွားအဆောင်က တော်တော်လေး ဝေးတာပဲကိုး။ အဘွား နေရထိုင်ရတာကော အဆင်ပြေရဲ့လား မသိပါဘူး’

အတွေးထဲ ပူလောင်ရင်း ကျွန်တော့်အကြည့်က တစ်နေရာ ရောက်သွားသည်နှင့်တစ်ပြိုင်နက် ခံစားချက်တို့ မည်သို့ဖြစ်သွားမှန်းမသိ။ တွေ့လိုက်ရသော မြင်ကွင်းကြောင့် ဦးနှောက်ထဲသို့ အတွေးပေါင်း မြောက်မြားစွာ တိုးဝှေ့ရောက်ရှိလာခဲ့သည်။ VIP။ ဟုတ်ပါသည်။ ကျွန်တော့်စာရင်းထဲ ယခုအချိန်ထိ လူဦးရေ မဝင်ရောက်သေးသည့် သော့ခလောက်ထူထူခတ်ထားသော VIP လုံးချင်းတိုက်များကို မြင်လိုက်ရတော့ မျှော်လင့်မထားသော အတွေးများက ထ,ကြွရန်းကန်လာသည်။ သုတ်ခြေတင်လာခဲ့သော ခြေလှမ်းများပင် လေးလံလာသလိုလို ခံစားလိုက်ရသည်။ စိတ်ထဲ၌ မည်သူ့အပေါ်ဖြစ်၍ဖြစ်မှန်းမသိသော ဒေါသမီးတို့ တောက်လောင်လာသည်မို့ ကြိုးစားထိန်းချုပ်နေသော်လည်း မရ။

‘ကုသိုလ်လာယူရင်း ငရဲရမယ့် အဖြစ်မျိုးတော့ အဖြစ်မခံနဲ့ ဒကာလေးရေ’

တာဝန်ခံဘုန်းဘုန်း ပြောခဲ့သော စကားကို ပြန်ကြားယောင်ရင်း ဒေါသစိတ်ကို သတိနှင့် ချုပ်တည်းနေတုန်း မြင်လိုက်ရသော မြင်ကွင်းတစ်ခုကြောင့် အံ့သြသွားရသလို စောစောက ဖြစ်ပေါ်နေသော ဒေါသစိတ်တို့သည်လည်း မီးခဲကို ရေနှင့်ပက်ဖျန်းလိုက်သည့်အလား အေးခနဲ ခံစားလိုက်ရသည်။

‘အဘွား’

ကျွန်တော့်ပါးစပ်မှ တီးတိုးလေး ရေရွတ်ခေါ်ဆိုလိုက်မိသည်။ လူသွားစင်္ကြံလမ်းလေး၌ တရားရှုမှတ်ပွားများရင်း အေးဆေးတည်ငြိမ်စွာ လျှောက်လှမ်းလာသော အဘွားကတော့ ကျွန်တော့်ခေါ်သံကို ကြားနိုင်မည် မဟုတ်ပါ။ တဘက်အညိုလေးကို ပခုံးပေါ်တင်ရင်း ယောဂီဝတ်စုံလေးနှင့် တည်ငြိမ်နေသော အဘွားရုပ်သွင်ကလေးက မြင်ရသူအဖို့ အေးချမ်းမှုကို ပေးစွမ်းနေပါတော့သည်။

‘ကျေးဇူးပါ အဘွား ရယ်’

တဒင်္ဂဖြစ်ပေါ်လာသော ကျွန်တော့်စိတ်အညစ်ကြေးများကို တစ်ခဏအတွင်းမှာပင် ဖြူစင်သွားစေခဲ့သည့် အဘွားကို လက်အုပ်ချီမိုးရင်း အသွေးထဲ အသားထဲမှ လှိုက်လှိုက်လှဲလှဲကို ကျေးဇူးတင် နေမိပါတော့သည်။ ■

**မောင်သုတ၊မြန်မာ၊**



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၅၉)မှ . . .*

တော့လည်း အလားတူရလဒ် ထွက်လာ၏။ ဒီမှာတင်ပဲ ဒေါ်သိန်းကြည်အား ခေါက်ဆွဲကြော်ဝယ်ကျွေးလျှင် သူ့အလုပ်က သေချာပေါက်ဖြစ်သည်ဆိုသော ယုံကြည်ချက်က ပိုမိုကြီးထွားကာ ခိုင်မာအားကောင်းလာခဲ့လေသည်။

❑

ဒီနေ့လည်း ဝိုင်းကွက်တစ်ကွက်အတွက် နောက်ဆုံးဈေးစကားပြောဖို့ ချိန်းထားတာရှိသည်။ ခါတိုင်း ဝိုင်းကွက်တွေတုန်းကလို ရာပိုင်းမျှသာ တန်ကြေးရှိသော ဝိုင်းကွက်မျိုးမဟုတ်။ သိန်းလေးထောင်နှင့် လေးထောင့်ငါးရာကြားတွင်ရှိသဖြင့် ပွဲတည့်လျှင် သူ့အတွက် ရာပိုင်းခန့်ပွဲခရနိုင်၏။ ဒီလိုပွဲမျိုး ကြုံရဖို့ဆိုတာ သူလို မဖြစ်ညစ်ကျယ် ပွဲစားတစ်ယောက်အတွက် မလွယ်။ ကြုံတောင့်ကြုံခဲ အခွင့်အရေးကြီးတစ်ခုဟု ပြောလျှင်တောင် ရသည်။ ထို့ကြောင့်လည်း ဒေါ်သိန်းကြည်ကို ဒေါင်းတောက်အောင် လိုက်ရှာနေခြင်းဖြစ်၏။ ဒီတစ်ခါ နှစ်ရာတန် မဟုတ်ဘဲ စားသောက်ဆိုင်က ထောင့်ငါးရာတန် ခေါက်ဆွဲကြော် ဝယ်ကျွေးဖို့အထိ စဉ်းစားထားသည်။

အလျှင်လို အနေးဖြစ်ဆိုတာ သူ အခုမှ ကောင်းကောင်းကြီး နားလည်သဘောပေါက်မိ၏။ 'စိမ်းဝါ' မှာ ချိန်းထားချိန်က နီးကပ်နေပြီ။ ဒေါ်သိန်းကြည်ကို ခုထိရှာလို့မတွေ့သေး။ ဒီနေ့ကျမှများ ဘယ်တွေ ခြေရှည်နေသည်မသိသော ဒေါ်သိန်းကြည်ကြောင့် သူ့တစ်ကိုယ်လုံးချွေးတို့ ရွဲနစ်လျက်။ အမှန်တော့ လူပင်ပန်းတာထက် စိတ်ပင်ပန်းတာက ပိုဆိုးသည်။ ဒေါ်သိန်းကြည်ကိုမှ အချိန်မီရှာမတွေ့လျှင် ဘဝပျက်သွားတော့မတတ် သူ စိုးရိမ်ပူပန်နေမိ၏။

ဒေါ်သိန်းကြည်ကို လိုက်ရှာရင်း 'ကောင်းရသာ' စားသောက်ဆိုင်ဘက်ကို ရောက်လာ၏။ တစ်လက်စတည်း ကိစ္စပြတ်သွားအောင် ခေါက်ဆွဲကြော်တစ်ပွဲ ပါဆယ်ဝင်ထုပ်လိုက်သည်။ ဒါကပင် သူ့အတွက် ကံကောင်းသွားသည်ဟု ပြောရမည်။ 'ကောင်းရသာ' နှင့် မနီးမဝေးတွင်ရှိသော ပုလင်းခွံအိတ်ခွံဒိုင် အိမ်ရှေ့တွင် ဒေါ်သိန်းကြည်ကို လှမ်းမြင်လိုက်ရ၍ပင်။ ဒေါ်သိန်းကြည်က ဒိုင်ဆီမှာ ရေသန့်ဘူးခွံနှင့် တိုလီမုတ်စများ လာသွင်းနေခြင်းဖြစ်၏။ ခေါက်ဆွဲကြော်စောင့်ရင်း သူကြည့်နေတုန်းမှာပဲ ဒိုင်လုပ်သူက ဒေါ်သိန်းကြည်အား ပိုက်ဆံရှင်းပေးတာတွေ့ရသည်။ ဒေါ်သိန်းကြည် ပြန်လည်ထွက်ခွာ သွားတော့မည်။

'ဖြောင်း ဖြောင်း ဖြောင်း။ ဒေါ်သိန်းကြည် ဗျို့ ဒေါ်သိန်းကြည်။ ခဏလောက်လာခဲ့ပါဦး'

သူက မရှက်နိုင်အားတော့ဘဲ ဒေါ်သိန်းကြည်အား လက်ခုပ်တီးကာ လှမ်းခေါ်သည်။ ဒေါ်သိန်းကြည်၏ ခြေလှမ်းတွေ တုံ့ခနဲ ရပ်တန့်သွားသော်လည်း သူ့ဆီကိုတော့ ချက်ချင်းရွေ့လျားမလာ။ နေရာမှာပင်ရပ်ကာ သူ့အားလှမ်း၍ အကဲခတ်နေသေး၏။ သူက စားသောက်ဆိုင်ကို လက်ညှိုးထိုးပြပြီး လက်ယပ်ခေါ်မှ ခေါင်းညိတ်ပြသည်။ ဒေါ်သိန်းကြည် သူ့ဆီ လျှောက်လာတာမြင်တော့ သူ့ရင်ထဲမှ အပူလုံးကြီးက အငွေ့ပြန် ပျောက်ကွယ်သွား၏။ လေပူတစ်ချက်ကိုလည်း မှုတ်ထုတ်လိုက်မိ၏။

ဒေါ်သိန်းကြည် ရောက်လာပြီး တစ်အောင့်အကြာမှာပင် ခေါက်ဆွဲကြော်လည်းရ၏။ သူက ခေါက်ဆွဲကြော်ထုပ်ကို ဒေါ်သိန်းကြည်အားပေးပြီး 'စိမ်းဝါ' ဘက်ကို ဦးတည်လာခဲ့သည်။ 'စိမ်းဝါ' မှာ ချိန်းထားသူ နှစ်ဦးစလုံး မရောက်ကြသေး။ သူက လူလွတ်သည့်ဝိုင်းမှာ ဝင်ထိုင်လိုက်သည်။ စားပွဲထိုးလေးတစ်ဦးက သူ့အတွက် လက်ဖက်ရည်တစ်ခွက် လာချပေး၏။ သူ ဆိုင်ထဲကို ဝင်ထိုင်လိုက်ပြီဆိုသည်နှင့် လက်ဖက်ရည်မှာစရာမလိုဘဲ လာချပေးစမြဲ။ သူက ဖောက်သည်တစ်ယောက်ဆိုတာထက် ပိုနေပြီဖြစ်သည်မဟုတ်လား။

'ရောက်နေတာကြာပြီလား ပွဲစားကြီး'

'ဟင့်အင်း၊ မကြာသေးပါဘူးဗျာ။ ခုနလေးကမှ ရောက်တာပါ။ ကိုအရှုပ်လည်း မလာသေးပါဘူး'

ဝိုင်းကွက်ပိုင်ရှင် ကိုမြင့်နိုင်၏ အမေးကို သူက ပြန်ဖြေလိုက်သည်။ ထို့နောက် ကိုမြင့်နိုင်အတွက် လက်ဖက်ရည်တစ်ခွက်မှာပေး၏။ ဝယ်လက်ဖြစ်သူ ကိုအရှုပ်အားစောင့်ရင်း တွေရာလေး ပါးပြောဆိုဖြစ်ကြသည်။ စကားကောင်းနေသဖြင့် အချိန်ကို သူသတိမထားမိ။ အသိတစ်ယောက်က 'ဘယ်အချိန်ရှိပြီလဲ' ဟု လာမေးတော့မှ သူ ဖုန်းနာရီကို ကြည့်မိ၏။ ချိန်းထားချိန်ထက် ဆယ့်ငါးမိနစ်ကျော်နေပြီ။

'ဘာဖြစ်လို့ နောက်ကျနေတာပါလိမ့်။ လာမှလာပါတော့မလား။ စိတ်ပြောင်းသွားတာတော့ မဖြစ်နိုင်လောက်ပါဘူး' စသဖြင့် တွေးကာ သူ စိတ်ပူစပြုလာသည်။ ကိုမြင့်နိုင်ကလည်း တစ်စုံတစ်ခုကို အတွေးနက်နေပုံပင်။ ဆေးပေါ့လိပ် မီးခိုးငွေ့များ ပျံ့လွင့်သွားရာကို လိုက်ငေးနေ၏။ ဆိုင်ရှေ့ပဲ ထွက်မျှော်ရမှာလိုလို၊ လဆက်ပဲ ထိုင်နေရမှာလိုလိုနှင့် သူ့စိတ်ထဲ မရိုးမရွ ဖြစ်လာသည်။ ဆေးပေါ့လိပ်ကို ကောက်ယူ၍ မီးညှိဖွာရှိုက်ရန် ဟန်ပြင်၏။ ထိုအချိန်မှာပင် ဆိုင်ရှေ့ကို ကားတစ်စီး လာရပ်တာ တွေ့လိုက်ရသည်။ သူ မျှော်နေသော ကိုအရှုပ်စီးလာသည့်ကားပင်။ မီးညှိတာကို ပြီးအောင် မလုပ်ဖြစ်တော့ဘဲ ဆေးပေါ့လိပ်ကို စားပွဲပေါ် ပြန်တင်သည်။ ကိုရှုပ်က ကားတံခါးကိုဖွင့်၍ ကားပေါ်မှ ဆင်းကာ ဆိုင်အတွင်းကို တစ်ချက်ဝေ့ကြည့်၏။ ထို့နောက် သူတို့ရှိရာဆီ တစ်လှမ်းချင်း လျှောက်လာသည်ကို သူ လှမ်းမြင်ရလေသည်။

■

**မော်မော့်မောင်**



www.burmeseclassic.com

သခင်ကြွင်းနှင့် နှင်းမြူမှုန်ကလေးတွေ မွေးမွေးဝေနေဆဲဖြစ်သော ဆောင်းနှောင်းတစ်ရက်တွင် ကျွန်တော်သည် ချစ်သော ကာတွန်းဆရာနှင့်အတူ စစ်တောင်းမြစ်ဝှမ်းတစ်နေရာက စာပေဟောပြောပွဲသို့ ရောက်နေခဲ့ပါသည်။ ၂၀၀၆ ခြစ်သဖြင့် အရင်လူတွေအကြောင်းကို ပြောကောင်းတုန်း၊ ပရိသတ်ကလည်း လက်ခုပ်သံတဖြောင်းဖြောင်းနှင့် အားပေးနေတုန်းဖြစ်ပါသည်။ 'အရင်လူတွေအကြောင်းတော့ ဟုတ်ပါပြီ။ အခုလူတွေကကော' ဆိုရာ 'ကောင်းမှာပါဗျ။ အခုလူတွေက မစိုးဘူးလေ' ဟု သူက ဆိုပါသည်။ မစိုးမဝှက်ခြင်း၊ ရိုးသားခြင်းမှာ တော်တော်ကောင်းပါသည်။ သစ်တုံးကြီးသည် မစိုးတတ်ပါ၊ ကျောက်တုံးကြီးသည် ကူလီကူမာ မလုပ်တတ်ပါ။ သို့သော် ပြီးပြည့်စုံသော၊ လုံလောက်သော 'အရည်အချင်းတစ်ရပ်' ဟူ၍တော့ဖြင့်

# နန်းတော်ခိုးသူများ

# ပြောက်ရှင်းမှာ | [illegible]

အမှတ် ၃၃၆၊ စက်တင်ဘာ၊ ၂၀၀၈

ရုပ်စုံမဂ္ဂဇင်း

## အက်ဆေးအကြောင်း အက်ဆေး

မဆိုသာနိုင်သေးပါ။ မတရားပြုလုပ်ခံရမှုကြောင့် ရခဲ့သည့် ဒဏ်ရာတွေ၊ အမာရွတ်တွေ ရှိနေခြင်းသည် နောင်အခါ အခွင့်အာဏာကို တလွဲ အသုံးမပြုမိဖို့ သတိတရားရစေနိုင်ပါသည်။ သနားကရုဏာကို ရနိုင်ပါသည်။ ယုံကြည်အားကိုးမှုကိုမူ မရနိုင်ပါ။ ယုံကြည်အားကိုးမှုသည် အရည်အချင်းကောင်း၍သာ တည်ပါသည်။ လက်မောင်းကြွက်သားတွေ ညစ်ညစ်ပြပြီး အပျိုဖျန်းလေးကို တလှပ်လှပ် ရင်ခုန်စေသည့်ခေတ် ကျွန်ရစ်ခဲ့ပါပြီ။ 'အများကောင်းကို လူသစ်တွေက လုပ်ရုံဖြင့် အမှန်ဖြစ်မလာနိုင်သည့် ခေတ်' ဖြစ်ပါသည်။

လူသည် သူရောက်ရှိသည့် နေရာနှင့် ထိုက်တန်သည့် အရည်အချင်း ရှိရပါမည်။ မရှိခဲ့လျှင် အလျင်အမြန် တတ်မြောက်အောင် ဆည်းပူးရပါမည်။ သိထိုက်တာကို မသိ၊ သိအောင်လည်း မကြိုးစား၊ လုပ်ထိုက်တာကိုမလုပ်၊ လုပ်တော့လည်း အလွဲလွဲအချော်ချော် ဖြစ်နေပြီဆိုလျှင် ထိုနေရာသည် သူနှင့် ထိုက်တန်ပါ့မလားဟု မေးခွန်းထုတ်စရာရှိ လာလိမ့်မည်။

The Emperor's Club ဇာတ်ကားကို ယခုအချိန်ထိ စာသင်ခန်းများ၌ ဖွေ့ပျော်ဆဲ၊ ပညာကို ချစ်မြတ်နိုးဆဲဖြစ်သော ဆရာ ကြည်ရွှန်းက ကြည့်ရှုခံစား၍ ပြန်ပြောပြခဲ့ခြင်း ဖြစ်ပါသည်။ ဆရာနှင့် သူ၏ ကျောင်းသားများ ပညာသင်ကြားခြင်းကိစ္စမှာ သည်မျှ စိတ်လှုပ်ရှားစရာ ကောင်းလိမ့်မည်ဟု မထင်ခဲ့ပါ။

စိန့်ဘီနီဒစ် အထက်တန်းကျောင်း၌ ၃၄ နှစ်ကြာ သမိုင်းဘာသာပြဆရာ လုပ်ခဲ့ပြီးမှ အငြိမ်းစားယူခဲ့သော ဆရာ ဟန်းဒတ်သည် တပည့်ဟောင်းများ၏ ဖိတ်ကြားချက်အရ





www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လောင်းအိုင်းလန်းရှိ အပန်းဖြေစခန်းသို့ ရဟာတ်ယာဉ်စီး၍ လာခဲ့ခြင်းနှင့် ဇာတ်ကို ဖွင့်ထားသည်။ 'ဂျူးလီးယက်ဆီဇာ၏ သံလွင်ခက်ဆု'ကလေးဖြင့် အတိတ်နှင့် ပစ္စုပ္ပန်ကို တွဲသီထားသည်။

နှစ်ပေါင်း၃၀။ စိန့်ဘီနီဒစ်၌ ဆရာ ဟန်းဒတ်နှင့် သူ၏ တပည့်များ စတင်တွေ့ဆုံခဲ့သည်က ၁၉၇၆ ခုနှစ် ဖြစ်သည်။

ကျောင်းဖွင့်စမှာ မြက်ခင်းပေါ် ဖြတ်လျှောက်သွားသော ကျောင်းသားသစ်ကလေးကို တွေ့လိုက်သည့် ဆရာ ဟန်းဒတ်က 'လမ်းကြောင်း'ဟူသော စကားလုံးတစ်လုံးကို ရှင်းပြရာ ကျောင်းသားက 'ဆောရီး ဆရာ၊ ကျွန်တော် မဖြတ်တော့ပါဘူး၊ မြက်ခင်းတွေ ကောင်းဖို့အတွက်ပေါ့'ဟု တောင်းပန်သည်။ 'မင်းကောင်းဖို့အတွက်လေ'ဟု ဆရာက ချက်ချင်းပြန်ပြောလိုက်သည်။ ဆရာ ဟန်းဒတ်က အဲသည်လိုဆရာဖြစ်သည်။

မာတင်ဘလိုက်ဆိုသော ကျောင်းသားလေးကို မတ်တတ်ရပ်ခိုင်းလိုက်ပြီး နံရံပေါ်ရှိ သတ္တုဆိုင်းဘုတ်ပြား၌ မော်ကွန်းထိုးထားသော စာကြောင်းများကို ဖတ်ပြခိုင်းသည်။

*'ကျွန်ုပ် ရှုတ်တရှုတ်နာဟွန်တေးသည် အာရှန်းနှင့် ဆူဆာနယ်မှ ဘုရင်ဖြစ်၍ အီလမ်းဒေသ၏ အချုပ်အခြာ အာဏာပိုင် ဖြစ်သည်။ ကျွန်ုပ်သည် ဆစ်ပါးနယ်ကို ဖျက်ဆီး၍ နာရမ်ဆင်းဒေသမှ ကျောက်စာတိုင်ကို အီလမ်ဒေသသို့ ပြန်ဆောင်ယူကာ'*

ဆရာက ရှုတ်တရှုတ်နာဟွန်တေး (Shutruk Nahunte)ဟူသော အမည်ကို ပြဋ္ဌာန်းစာအုပ်ထဲမှာ ရှာကြည့်ဖို့ပြောတော့ ကျောင်းသားများက အလုအယက် ရှာသည်။ ခဏကြာတော့ ရပ်ခိုင်းလိုက်သည်။

*'ရှာမနေကြနဲ့တော့၊ နာဟွန်တေးအမည်နဲ့ သူ့ရဲ့လုပ်ဆောင်ချက်တွေ ဘယ်သမိုင်းစာအုပ်မှာမှ ရှာလို့တွေ့မှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ သူဟာ ရည်ရွယ်ချက်ကြီးကြီးမားမားနဲ့ အောင်ပွဲတွေ အမြောက်အမြား ရခဲ့ပေမဲ့ လူ့အဖွဲ့အစည်းကို ဘာမှပေးမသွားခဲ့လို့ပဲ။ ကိုင်း-မင်းတို့ကရော လူ့အဖွဲ့အစည်းကို ဘာတွေပေးမလဲ။ သမိုင်းက မင်းတို့ကို ဘယ်လိုအမှတ်ရစေချင်သလဲ၊ ရှုတ်တရှုတ်နာဟွန်တေးကိုတော့ သမိုင်းက လုံးလုံးမေ့သွားပြီ'*

oWomf
trwjfzpfaom
taZu
ynmoifum;a&;\
t"u/ü,fuk
em;rvnf
oltrwjfzpfNW
taxmuftyH
jzpfaponf
zGifnfykHaccGHya'u
b,fuvmovJ
qWvmyifrod
om;twGuf
ynmoif,kcifESh
pm&dvdyfyijcif
qWvmukbvnf
cjGm;roGS
oWomfvnf
jynfolu
vJIyfaom
tmPmukdwmh
&,cbnf

ဆရာ ဟန်းဒတ်က စာသင်ခန်းထဲက ပန်းချီကားများနှင့် ပန်းပုရုပ်များကို ညွှန်ပြပြီး ဆက်ပြောသည်။

*'ဟောဒီမှာ အရစ္စတိုတယ်၊ သြဂတ်စတပ်၊ ဆီဇာ၊ ပလေတို၊ ဆီဆာရို၊ ဆိုကရေးတီး အားလုံးပဲ သမိုင်းရဲ့အထင်ကရပုဂ္ဂိုလ်ကြီးတွေ။ သူတို့ဆောင်ရွက်ခဲ့တာတွေက သူတို့ရှင်သန်ခဲ့တဲ့ အချိန်တွေကို ကျော်လွန်ပြီး အခုငါတို့ခေတ်အထိတိုင် ကျန်သေးတယ်။ သူတို့ရဲ့ ဇာတ်ကြောင်းတွေက အခုငါတို့သင်နေရတဲ့ အကြောင်းတွေပဲ။ ကဲ ဒီနေ့သင်မှာကတော့ ဂရိနဲ့ ရောမခေတ်က အနောက်တိုင်း ယဉ်ကျေးမှုဖြစ်စဉ်ပါ။ ဆရာ့နာမည်ကတော့ ဟန်းဒတ်ပဲ'*

ဆရာ ဟန်းဒတ်က အဲသည်လိုဆရာဖြစ်သည်။ ကျွန်တော်သည် အဲသည်လောက် 'အားပါ'သည့် သမိုင်းဆရာမျိုးထံ၌ တစ်ကြိမ်တစ်ခါမျှ မသင်ယူခဲ့ဖူးဘူး ထင်ပါသည်။ ဆရာတွေက အလုံးစုံပြည့်စုံပြီး တပည့်များကလည်း တော်ဖြောင့်ထူးချွန်နေကြမည်ဆိုလျှင် သည်လိုဇာတ်လမ်းမျိုးတွေ ရှိလာလိမ့်မည် မထင်။ တစ်နေ့တော့-

ဆရာ ဟန်းဒတ်၏ စာသင်ခန်းသို့ ကားနက်ကြီးတစ်စီး ထိုးဆိုက်လာသည်။ ကျောင်းအုပ်ဆရာကြီးကိုယ်တိုင် ကားနက်ကြီးအနီးသို့ တယုတယ သွား၍ ကြိုပေးခဲ့ရသည်။ ဗာဂျီးနီးယားပြည်နယ်၏ ဝါရင့်ဆီးနိတ်လွှတ်တော်အမတ် 'ဟိုင်ရမ်ဘဲလ်'က သူ၏ သားတော်မောင်'ဆက်ဂျ်ဝစ်ဘဲလ်'ကို ကျောင်းအပ်ခြင်း ဖြစ်သည်။ ဆရာ ဟန်းဒတ်၏ အတန်းမှာ သူ့ကို နေရာချပေးသည်။

ဆက်ဂျ်ဝစ်သည် စာသင်ခန်းကို မထီတရီ ဝေ့ကြည့်လိုက်သည်။ သည်ကောင်လေး ရောက်လာသောအခါတွင်မှ 'စည်းကမ်း'ဆိုသည်မှာ ချိုးဖောက်ရမည့်အရာဖြစ်ကြောင်း ကျောင်းသားများ သိလာကြသည်။ သူတစ်ပါး စာကျက်နေချိန်မှာ သူက အခန်းနံရံကို လက်ပစ်ဘောနှင့် တဒုန်းဒုန်း ပစ်ပေါက်နေသည်။ ဘေးအခန်းရှိ ကျောင်းသားလေးတွေက လာတောင်းပန်တော့လည်း တဒုန်းဒုန်းနှင့် ပစ်ပေါက်စမြဲ။ ဂျူးလီးယက်ဆီဇာအကြောင်း သင်သည်။ အာဏာယစ်မူးလာသော ဆီဇာကို လုပ်ကြံခဲ့ရသူ ဘရူးတပ်စ်အား မက်ခ်အန်ထော်နီနှင့် သြတေးဗီးယပ်တို့ကိုပါ တစ်ပါတည်းလုပ်ကြံဖို့ ကက်စီးယပ်က တိုက်တွန်းသည်။ သူက မလိုက်နာခဲ့။ အာဏာနောက်သို့



www.burmeseclassic.com

www.burmeseclassic.com

မလိုက်ခဲ့သဖြင့် လူကြီးလူကောင်းစိတ်ဓာတ်ဟု ဆရာ ဟန်းဒတ်က မှတ်ချက်ပြုသည်။

'မှားတာပေါ့၊ ကျွန်တော်သာဆိုဆီဇာ့နေရာမှာဆက်ခံမယ့်သူ အကုန်ရှင်းပစ်မှာ၊ ဘရူးတပ်စ်က ကြောက်ပဲ'

'ဆက်ဂျဲဝစ်၊ မင်း ဆိုကရေးတီးစ်ပြောတာကို မှတ်သားရမယ်။ အသက်ရှင်ခြင်းသည် အရေးမကြီး၊ ဖြောင့်မှန်စွာ ရှင်သန်ဖို့သာ အရေးကြီးသည်တဲ့'ဟု ဆရာ ဟန်ဒတ်က သွန်သင်သည်။ 'ပါရမီရှင်ကြီးပါလားကွာ'ဟု သူက ထေ့ငေါ့လိုက်သေးသည်။

ဆက်ဂျဲဝစ်က အဲသည်လိုတပည့်ဖြစ်သည်။

ဆက်ဂျဲဝစ်သည် တော်တော်ဆိုးသည့်တပည့်ဖြစ်သည်။ တစ်ဖက်ကမ်း၊ စိန့်မေရီမိန်းကလေးကျောင်းမှ မိန်းကလေးတွေနှင့် ရေအတူချိုးဖို့ ကြိုးစားခဲ့သည်။ ဆရာက မင်းဆက်လေးဆက်၏ အမည်ကို ပြောခိုင်းရာ ဘီတဲလ်အဖွဲ့ဝင်လေးဦး၏အမည်ကို သူ ရွတ်ပြခဲ့သည်။ လပတ်စာမေးပွဲမှာ ဆက်ဂျဲဝစ် တစ်မှတ်ပဲရသဖြင့် သူ့အဖေ အမတ်မင်းထံသို့ ဆရာ ဟန်းဒတ် ကိုယ်တိုင် သွားတွေ့ခဲ့သည်။ ဆီးနိတ်အမတ်က အနောက်တိုင်းယဉ်ကျေးမှု ဖွံ့ဖြိုးလာခြင်း သင်ခန်းစာကို ဘာအဓိပ္ပာယ်နှင့် သင်သလဲ ဟု မေးသည်။

'*အဆင့်မြင့်တဲ့ နိုင်ငံတစ်နိုင်ငံ အုပ်ချုပ်နိုင်ဖို့ဆိုတာ ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းခြင်းက စ,ရပါတယ်။ ကျွန်တော်တာဝန်က ဆက်ဂျဲဝစ်တို့လို လူငယ်လေးတွေကို ပုံသွင်းပေးဖို့*' *ဆရာ ဟန်းဒတ်၏ စကားကို ဆုံးအောင် ပြောခွင့်မပေးဘဲ အမတ်မင်းက* '*ဘာလဲ ဆရာ၊ ပုံသွင်းပေးဖို့ ဟုတ်လား။ ဆရာ မှားနေပြီ။ ဆရာ့တာဝန်က စာသင်ပေးဖို့ပါ။ ကမ္ဘာကြီး ဘာကြောင့်လုံးသလဲ၊ ဘယ်သူက ဘယ်သူ့ကို ဘယ်နေရာမှာ သတ်သလဲ အဖြစ်အပျက်တွေ သင်ပေးဖို့ပါ။ ကျွန်တော့်သားကို ပုံသွင်းပေးရမယ့်သူက ကျွန်တော်ကိုယ်တိုင်ပါ။ ဆရာ မဟုတ်ပါဘူး*'ဟု ဖီဖီခါပြောလိုက်သတဲ့။ ဆရာ ဟန်းဒတ် ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ရသည်။

ဆရာ ကြည်ရွှန်းကို ကျေးဇူးတင်ပါသည်။ ကျွန်တော်တို့ကော သမိုင်းကို ဘယ်လိုသင်ယူခဲ့ရသလဲ။ ဘယ်လိုဆရာမျိုး၊ ဘယ်လိုသုံးသပ်ချက်မျိုး၊ ဘယ်လိုသင်ခန်းစာမျိုးနှင့် ကျွန်တော်တို့နိုင်ငံ၏ ပညာရေးကို မောင်းနှင်နေသလဲ၊ ပညာရေးကို ကျွန်တော်တို့က ဘယ်လိုသဘောထားခဲ့သလဲ ဆိုသည်ကို မေးခွန်းထုတ်လိုက်သောကြောင့် ဖြစ်ပါသည်။

ကျောင်းသားများ အသိပညာမြင့်မားရေးအတွက် ပြုလုပ်သော စိန့်ဘီနီဒစ်အထက်တန်းကျောင်း၏ အစဉ်အလာအရ နှစ်ပေါင်း ၇၀ ကျော်တိုင် ကျင်းပခဲ့သည့် ပြိုင်ပွဲတစ်ခုရှိသည်။ ဂျူးလီးယက်ဆီဇာအဖြစ် ရွေးချယ်သည့်ပြိုင်ပွဲ။ ဆုက သံလွင်ခက်ကလေးတစ်ခု။ သို့သော် သံလွင်ခက်ရသော ကျောင်းသားများ၏ ဓာတ်ပုံကို ကျောင်းခန်းမတွင် အမည်ရေးထိုး၍ ဂုဏ်ပြုခံရမည်။

လိမ္မာ၍ စာတော်သော ကျောင်းသားလေး မာတင်ဘလိုက်၏ ဖခင်သည် ထိုဆုရခဲ့ဖူးသဖြင့် သူက ထိုဆုကို မှန်းသည်။

ဆုရွေးချယ်ပုံက ကျောင်းသားတွေကို သုံး,လေးကြိမ် ရေးဖြေ ဖြေခိုင်းသည်။ အမှတ်အများဆုံးရသူ သုံးဦးက ကျောင်းခန်းမတွင် အားလုံးရှေ့မှောက်၌ နှုတ်ဖြေ ဖြေရသည်။ အမှန်ဆုံးဖြေနိုင်သူသည် မစ္စတာဂျူးလီးယက်ဆီဇာဖြစ်မည်။

**The Emperor's Club**၏ အဓိကဓာတ်ကွက်မှာ 'မစ္စတာဂျူးလီးယက်ဆီဇာ၏ သံလွင်ခက်ဆု' ရွေးချယ်ပွဲဖြစ်သည်။ ရုပ်ရှင်ကားတွင် အဆိုပါ သံလွင်ခက်ဆု ရွေးချယ်သည့်ပွဲ နှစ်ပွဲပါသည်။ ထိုနှစ်ပွဲဖြင့် အတိတ်နှင့် ပစ္စုပ္ပန်ကို ချိတ်ဆက် တွဲသီထားသည်။

ထိုစဉ်က ဘက်လိုက်မှုတစ်ခုကို ဆရာ ဟန်းဒတ် ကျူးလွန်ခဲ့သည်။ ပထမ ရေးဖြေစာမေးပွဲအပြီးမှာ ဆက်ဂျဲဝစ်က အမှတ်သိပ်မများသေး။ သို့သော် စာကြိုးစားလာသည်။ စည်းနှင့်ကမ်းနှင့် နေတတ်လာသည်။ စာဖတ်စပြုလာသည်။ ဆရာ ဟန်းဒတ်က ပြောင်းလဲလာသည့် တပည့်ကို အားပေးသည်။ စာကြည့်တိုက် စာအုပ်ငှားရာမှာပင် ဝင်၍ ကူသည်။ ဆက်ဂျဲဝစ်၏ အမှတ်တွေ တက်လာသည်။ နောက်တော့ ထိပ်ဆုံးက ကျောင်းသားများနှင့် ယှဉ်နိုင်လာသည်။ ရေးဖြေအမှတ်စာရင်းကို ပြုစုသောအခါ မာဆူးဒီး၊ ဒီးပက်မစ်တာ၊ မာတင်ဘလိုက်နှင့် ဆက်ဂျဲဝစ်ဟု ပေါ်လာသည်။ ဆရာ ဟန်းဒတ်က စာတော်သော ကျောင်းသားလေး မာတင်ဘလိုက်၏ အမည်နေရာတွင် ဆက်ဂျဲဝစ်ကို တင်ပေးလိုက်သည်။ မာတင်ဘလိုက်သည် သည်ပွဲမှာ ဆုမရခဲ့လျှင်လည်း ဆက်၍ ကြိုးစားမည့်သူဖြစ်သည်။ ဆက်ဂျဲဝစ်ကိုတော့ စာဆက်ကြိုးစားချင်စိတ် ပေါ်လာအောင် အားပေးလိုက်ချင်သည့် စိတ်စေတနာဖြင့် မာတင်ဘလိုက်ကို ကျော်ပြီး တင်ပေးခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲကို ကျောင်းခန်းမတွင် ကျင်းပသည်။ စင်မြင့်ပေါ်တွင် ရောမခေတ် တိုင်လုံးကြီးများပုံစံ ပြင်ဆင်ထားသည်။ ကျောင်းသားများသာမက မိဘများပါတက်သည့်ပွဲ၊ လွှတ်တော်အမတ်မင်း ဟိုင်ရမ်ဘဲလ်ကိုယ်တိုင် တက်ရောက်ချီးမြှင့်သည့်ပွဲ ဖြစ်သည်။ ဆရာ ဟန်းဒတ်၏ မေးခွန်းများကို သူတို့သုံးဦး အလှည့်ကျဖြေရသည်။ ဂရိနှင့်ရောမ သမိုင်းထဲမှ မေးခွန်းများကို မေးသည်။ ဆက်ဂျဲဝစ်သည် မေးခွန်းတွေကိုဖြေဆိုဖို့ အနည်းငယ် အချိန်ယူရသော်လည်း မှန်ကန်စွာ ဖြေနိုင်ခဲ့သည်။ ပြိုင်ပွဲမှ အစောဆုံး ထွက်ရသူက မာဆူးဒီးဖြစ်သည်။ ဒီးပက်နှင့် ဆက်ဂျဲဝစ်သာပဲ စင်မြင့်ပေါ်မှာ ကျန်ရစ်သည်။ မေးခွန်းများကိုဖြေရင်း ဆက်ဂျဲဝစ်သည် ခေါင်းငုံ့လိုက်၊ သူ၏ဝတ်ရုံဖြူကြီးကို ဟိုသည်ယမ်းလိုက်နှင့်လုပ်နေသည်ကို ဆရာ ဟန်းဒတ်က သံသယဖြစ်သွားခဲ့ပြီး မူလက စီစဉ်



www.burmeseclassic.com

www.burmeseclassic.com

ထားခြင်းမရှိခဲ့သော မေးခွန်းကို ပြောင်း၍ မေးလိုက်သည်။

‘ဟင်မလီဘာကာဆိုတာ ဘယ်သူလဲ’။ ထိုမေးခွန်းကို ဆက်ဂျ်ဝစ်မဖြေနိုင်တော့။ ဒီးပက်မစ်တာက ဖြေနိုင်သည်။ ဆက်ဂျ်ဝစ်သည် ဂျူးလီးယက်ဆီဇာ၏ သံလွင်ခက်နှင့် လွဲချော်ခဲ့လေသည်။

‘မင်းကွာ၊ စာတွေရလျက်သားနဲ့ ဘာကြောင့် ဒီလိုလုပ်တာလဲ’ ဆိုရာ ဆက်ဂျ်ဝစ်က ‘ဒါဆိုရင် ဘာကြောင့် မလုပ်သင့်ဘူးလဲ၊ ပြိုင်ပွဲမှာ ဆရာထုတ်မပြောခဲ့တာ ကျွန်တော့်အဖေ အမတ်မင်းကြောင့် မဟုတ်လား’ဟုပင် မရိုးမခန့် တုံ့ပြန်ခဲ့ပါသည်။

သည်လိုဖြစ်ခဲ့ပြီး ၂၅ နှစ်ခန့် ကြာသောအခါ လောင်းအိုင်းလင်း၊ အပန်းဖြေစခန်း၌ တပည့်များနှင့် ပြန်ဆုံရခြင်းဖြစ်သည်။

တပည့်ဟောင်းများမှာ ဥပဒေလောက၊ ဘဏ္ဍာရေးလောက၊ အဆင့်မြင့် ပညာရေးလောကတို့တွင် ထိုက်တန်စွာ နေရာရနေခဲ့ပါပြီ။ ဆက်ဂျ်ဝစ်သည်ပင် ကုမ္ပဏီကြီးတစ်ခု၏ အမှုဆောင်အရာရှိချုပ် ဖြစ်နေခဲ့ပါပြီ။ သည်ပွဲကို သူကပဲ စီမံခြင်းဖြစ်သည်။

ထူးဆန်းစွာပင် ထိုနေ့က တစ်ကျော့ပြန် ဂျူးလီးယက်ဆီဇာရွေးပွဲကို ကျင်းပခဲ့သည်။ ဟိုတုန်းကလိုပင် မာဆူးဒီး၊ ဒီးပက်နှင့် ဆက်ဂျ်ဝစ်တို့က စင်မြင့်မှာ နေရာယူသည်။ ဆရာ ဟန်းဒတ်က မေးခွန်းများကို ကတ်ပြားလေးများ ပြင်ဆင်ပြီးမေးသည်။ ဟိုတုန်းကစာများကို မေ့ပြီဖြစ်သော မာဆူးဒီးက ပြိုင်ပွဲမှ အစောဆုံး ထွက်ရသည်။ ဒီးပက်နှင့် ဆက်ဂျ်ဝစ်တို့ ကျန်ရစ်သည်။

ဟိုတုန်းကလိုပင် မေးခွန်းဖြေခါနီးတိုင်း တိုးဖွဖွရေရွတ်နေသည့် ဆက်ဂျ်ဝစ်၏ နားထဲမှ နားကြပ်ကလေးကို သတိပြုမိသွားသည့် ဆရာ ဟန်းဒတ်က မေးခွန်းကို ပြောင်းမေးလိုက်သည်။

‘ရှုတ်တရုတ်နာဟွန်တေးဆိုတာ ဘယ်သူလဲ’။ ဟိုတုန်းက ဆရာ ဟန်းဒတ်၏ စာသင်ခန်းနံရံတွင် သတ္တုပြားနှင့် ရေးထိုးထားသော ဘုရင်တစ်ပါး၏ အမည်နာမကို ဆက်ဂျ်ဝစ် မမှတ်မိ။ သူမဖြေနိုင်၊ နောက်တစ်ကြိမ်မှာလည်း အရှုံးကြီး ရှုံးခဲ့ပြန်ပါသည်။

ပြိုင်ပွဲပြီးတော့ သန့်စင်ခန်းထဲမှာ နှစ်ယောက်တည်း ဆုံသည်။ ဆရာ သိပ်တော်နေတုန်းပဲဟု ဆက်ဂျ်ဝစ်က ခံပြင်းစွာ ပြောလိုက်သည်။

*‘ဆက်ဂျ်ဝစ်ရေ၊ တစ်ချိန်မှာ မင်းနေခဲ့တဲ့ ဘဝကြီးက ကိုယ်ကျင့်သီလမရှိတဲ့ဘဝ၊ စံနမူနာယူစရာ ဘာမှမရှိတဲ့ဘဝ ဖြစ်နေပါလားလို့ ကိုယ့်ကိုယ်ကို သိလာလိမ့်မယ်။ အဲဒီအတွက် ငါ မင်းကို သနားတယ်ကွာ။ အဲဒါ ငါ့သင်ခန်းစာပဲ’*

*‘ဆရာပြောတဲ့ ကိုယ်ကျင့်သီလတွေ၊ စံနမူနာတွေ ဘယ်သူက ဂရုစိုက်နေမှာလဲ။ ဆရာ ကိုယ့်ဘဝကိုယ် ပြန်ကြည့်ပါဦး။ ကျွန်တော့်မှာ အရာရာပြည့်စုံပြီးသား။ ကျွန်တော် ရွေးကောက်ပွဲဆက်ဝင်မယ်၊ အချိန်တန်ရင် ကျွန်တော့်မျက်နှာကို နေရာတကာမှာ ဆရာတွေ့စေရမယ်’*

ဆက်ဂျ်ဝစ်က ဘယ်သူမှမကြားဘူးထင်ပြီး ဒေါသတကြီး တုံ့ပြန်လိုက်ခြင်းဖြစ်ရာ အခန်းတစ်ခုအတွင်းမှ ထွက်လာသော သူ့သားကြီး ရောဘတ်က ကြားသွားသည်။ သူ့အဖေကို ပေစောင်းစောင်း ကြည့်သွားသည်။ ဆက်ဂျ်ဝစ် ငိုင်သွားသည်။

ဆရာ ကြည်ရွှန်း၏ အာဘော်ကို ပြောပါမည်။

သူက ပညာသင်ကြားခြင်းသည် မိမိဘဝ၌ အသက်မွေးဝမ်းကျောင်းဖို့အတွက်သာ မဟုတ်ကြောင်း၊ **The Emperor's Club** ကို ကြည့်ပြီးသောအခါ ပညာဘာကြောင့် သင်ဖို့လိုသလဲ ဆိုသည့် အဓိပ္ပာယ်ကို ခံစားသိရကြောင်း၊ ရုပ်ရှင်ကား၏ မူလဝတ္ထုအမည်မှာ **(The Palace Theif) ‘နန်းတော်ကို ခိုးယူသူ’** ဟူ၍ ဖြစ်ရာ ထိုအမည်ကို ဘာကြောင့် မှည့်ခေါ်ထားသလဲဟု လွယ်လင့်တကူ စဉ်းစား၍မရခဲ့ကြောင်း ဆိုပါသည်။ ထို့နောက်-

*‘ရုပ်ရှင်ထဲက ဆက်ဂျ်ဝစ်တို့ သားအဖမှာ ဆီးနိတ်လွှတ်တော်အမတ် ဆိုသော နေရာနှင့် ပတ်သက်ကြသူများပင်။ သို့သော် အမတ်ဖြစ်သော အဖေက ပညာသင်ကြားရေး၏ အဓိပ္ပာယ်ကို နားမလည်၊ သူ့အမတ်ဖြစ်ဖို့ အထောက်အပံ့ဖြစ်စေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေက ဘယ်ကလာသလဲဆိုတာပင် မသိ။ သားအတွက် ပညာသင်ယူခြင်းနှင့် စာရိတ္တပြုပြင်ခြင်း ဆိုတာကိုလည်း ခွဲခြား မသိရှိ။ သို့သော်လည်း ပြည်သူက လွှဲအပ်သော အာဏာကိုတော့ ရယူခဲ့သည်။*

*‘သားဖြစ်သူ ဆက်ဂျ်ဝစ်ကကော။ သူကတော့ ပညာရှာရာမှာ မသမာတာတွေလုပ်ဖို့ နည်းနည်းမှ နောက်မတွန့်ခဲ့သူ။ တံတားကိုတွေ့ပါလျက် တံတိုင်းအောက် မလွယ်ပေါက်မှ ဝင်ချင်သူ။ တိုင်းပြည်၏ အနာဂတ်ပညာရေးဆိုတာကို ကိုယ်အာဏာရရှိဖို့အတွက် မြိန်ရေရှက်ရေ ဟစ်ကြွေးတတ်သူ။ သည်လို လူတွေလက်ထဲကိုများ လုပ်ပိုင်ခွင့်တွေ လွှဲအပ်ခဲ့ပါလျှင်’*

*‘ဆရာ ဟန်းဒတ်ကတော့ သည်လို လူမျိုးတွေမဖြစ်ရအောင် သူ၏ သင်ခန်းစာအစ၌ သမိုင်းတွင် နာမည်မကျန်ရစ်ခဲ့သော ဘုရင်တစ်ပါး၏ အမည်ကို ဖော်ပြဆုံးမသွားပါသည်’*

‘ပထဝီနိုင်ငံရေး’ (Geo-politics) ကျမ်းပြုဆရာ၏ မှတ်ချက်(၁၉၉၁)ကို သတိရမိပါသည်။

*‘မြန်မာတို့သည် အလွန်လွတ်လပ်စွာ နေလိုသူများဖြစ်သည်။ ထို့ကြောင့် နိုင်မာ၍ စွမ်းပကားရှိသည့် ခေါင်းဆောင်များ မရှိသည့်အခါ သူတစ်လူငါတစ်မင်းနှင့် စည်းလုံးခြင်း ကင်းမဲ့ခဲ့သည်။ ပုဂံခေတ်မှစ၍ ယခုချိန်အထိ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ကဲ့သို့ နိုင်မာ၍ စွမ်းပကားရှိသည့် ခေါင်းဆောင်များ လက်ထက်၌သာ အရှေ့အာရှက ဖိမ့်ဖိမ့်တုန်အောင် ညီညွတ်စည်းလုံးခဲ့*



www.burmeseclassic.com

www.burmeseclassic.com

သည်။ ယင်းကာလများမှအပ နိုင်ငံသည် ဝါးအစည်းပြေသလို ဖြစ်ခဲ့ရသည်'

ခိုင်မာ၍ စွမ်းပကားရှိသော ခေါင်းဆောင်ဆိုသည်မှာ အခွင့်အာဏာ အမြင့်ဆုံးကျင့်သုံးသည့် ခေါင်းဆောင်ကြီးများ၌သာ လိုအပ်သည်မဟုတ်ပါ။ အဆင့်တိုင်း အဆင့်တိုင်းမှာ တာဝန်ယူကြမည့် ခေါင်းဆောင်ငယ်များ၌လည်း လိုအပ်မှာပဲ ဖြစ်ပါသည်။

ထိုက်တန်သည့် အရည်အချင်းနှင့် တတ်မြောက်ကျွမ်းကျင်မှုမရှိဘဲ အရာပေး၍ အရေးပါနေသူများကို (The Palace Thief) **'နန်းတော်ခိုးသူ'** ဟု ဆိုခြင်း ဖြစ်ပါသည်။

ဆရာက **'တံတိုင်း တံတားနှင့် နန်းတော်ဆီ'** ကို ၂၀၀၃ ခုနှစ်က ရေးခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်သည် ထိုခေတ်၏ နိုင်ငံရေး၊ ပညာရေး အခြေအနေနှင့် ထင်ဟပ်၍ ခံစားကြည့်မိပါသည်။ အရည်အချင်း ပျက်ယွင်းနေသူကလည်း သူ့ကိုယ်သူ ဇရာမ ကယ်တင်ရှင်ကြီးပမာ ထင်မြင်ပြီး 'တတ်ယောင်ကား' လုပ်ခဲ့ပုံတို့ကို တောပြဇာတ် ပြန်ကြည့်ရသလို မြင်ယောင်မိပါသည်။

ကျွန်တော်တို့သည် ကြီးကျယ်ခမ်းနားခဲ့စေကာမူ သမိုင်းက အသိအမှတ်ပြုဖို့ ငြင်းပယ်ခြင်းခံရသည့် 'ရွှတ်တရွတ်နာဟွန်တေး' ကို ခေတ်တိုင်းခေတ်တိုင်းအတွက် သင်ခန်းစာယူရပါမည်။ ခမ်းနားခြင်းသည် ရိုးသားခြင်းလောက် မလှပါ။ သို့သော် ရိုးသားရုံမျှမက တော်ဖြောင့်ထူးချွန်သည့် အရည်အချင်းများဖြင့် နိုင်ငံ၏ ကျက်သရေရှိသော ပန်းချီကားကို ရေးဆွဲပေးနိုင်ဦးမည်ဟု ယုံကြည် မျှော်လင့်နေချင်ပါသေးသည်။

■

မောင်ရင့်မာ၊ကျောင်းကုန်း၊

ရည်ညွှန်း

-တံတိုင်း၊ တံတားနှင့် နန်းတော်ဆီ၊(ကြည့်ရှုန်း) (မဟောသီမဂ္ဂဇင်း၊၂၀၀၃၊ နိုဝင်ဘာ)

-ပထဝီနိုင်ငံရေး (ဒုဗိုလ်မှူးကြီးသောင်းထိုက်)





**အရိုင်းဒီရေ** သည်

မြန်မာပရိသတ်နှင့်ရင်းနှီးပြီးဖြစ်သည့်

ကမ္ဘာကျော်စာရေးဆရာ Amitav Ghosh ၏

ထင်ရှားသည့်လက်ရာစာအုပ်ကို

ဆရာရာပြည့်က

မြန်မာပြန်ဆိုထားခြင်းဖြစ်သည်။

ဆွန်ဒါဘန်စ်မြစ်ဝှမ်းမှ ကျွန်းတစ်ကျွန်းပေါ်တွင်

အခြေချ လာရောက်နေထိုင်သူများကို

အိန္ဒိယအစိုးရက ရက်ရက်စက်စက်

ချေမှုန်းရှင်းလင်းပစ်ခဲ့ပုံများ၊

ဆွန်ဒါဘန်စ်၏ နာမည်ကျော်လူသားစားကျားများအကြောင်း၊ ဇရာဝတီလင်းပိုင်အပါအဝင်

ရေချို၊ ရေငန် လင်းပိုင်များ၏

အလေ့အထများအကြောင်း

ရက်ရှယ်ရေးဖွဲ့ထားသည့် ဇာတ်လမ်းဖြစ်သည်။

■

NDSP

Yangon Book Plaza,

၅ လွှာ၊ သံဈေး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

E-mail : www.ndspbook.com




www.burmeseclassic.com

www.burmeseclassic.com

# သဘာမြတို့အမေ

# မောင်ရင့်မာ(ကျောင်းကုန်း)

ရုပ်ပုံမဂ္ဂဇင်း

ရသစာတမ်း

အမှတ် ၃၄၆၊ စက်တင်ဘာ၊ ၂၀၁၈

"ဆရာ့ကို တွေ့ချင်နေတာ။ ဒီတစ်ခါတော့ မရောက်ရောက်အောင် သွားမယ်ဆိုပြီး" နှင်းနဲ့တို့ မပြယ်သေးသည့် ဆောင်းရက်တစ်ရက်တွင် ကျွန်တော့်ထံသို့ ဒေါ်ပြုံး ရောက်လာခဲ့ပါသည်။ စာဖတ်သူတစ်ဦးက သူတစ်ကြိမ်တစ်ခါမျှ မဆုံဖူးသော သူစိမ်းတစ်ရံဆံ စာရေးဆရာတစ်ယောက်ထံသို့ တကူးတက လာတွေ့ဖို့ ဆိုသည်မှာ တော်တော် မလွယ်သည့်ကိစ္စဖြစ်ပါသည်။ တော်တော် အားတင်းရမည့် ကိစ္စဖြစ်ပါသည်။ သို့သော် ဒေါ်ပြုံးကိုကြည့်ရသည်မှာ ပေါ့ပါးသွက်လက်နေပါသည်။ ခြောက်ဆယ်ဝန်းကျင်၊ ဝိန်ဝိန်ပါးပါး၊ အသားညိုညို၊ မျက်နှာသွယ်သွယ်၊ အညာသူကြီး၌ ရိုးတိုးရှန့်တန့်အမူအရာမျိုး နိုးစဉ်းမျှ မတွေ့ရပါ။

မြို့ပေါ်ရောက်နေသည့် တစ်ရွာတည်းသား မောင်ဖွားသားချင်းတစ်ယောက် အိမ်သို့ အထက်ရွာအညာကျေး မှနေ၍ တစ်ခေါက်တစ်ကျင်း လာလည်သည့် ကျေးတောသူ တစ်ဦး၏ သွင်ပြင်လက္ခဏာသာ ပေါ်လွင်နေသည်။ "ကျွန်မ တွေ့ချင်လွန်းလို့လာတာ၊ သမီးကိုတောင် အသိမပေးခဲ့ဘူး ဆရာ၊ ပြန်ရောက်မှ ဖုန်းဆက် ပြောလိုက်ဦးမယ်" ဟု ပြုံးပြီး ပြောနေခဲ့ပါသည်။ အခါကာလက စာအုပ်စာပေတွေ အတုံးအရုံး ကျဆုံးနေသည့်အခါကာလဖြစ်သည်။ ရသစာပေ၊ မဂ္ဂဇင်းတွေ၊ ဂျာနယ် တွေ နွေဦးရွက်ဝါကလေးတွေလို တဖြုတ်ဖြုတ်ကြွေလျောနေသည်။ ရသ အစုန်အဆန်တို့၊ စာဖတ်ပွဲတို့ လွန်းသီ ယှက်ပြေး၍ အသက် ငင်နေသော စာအုပ် စာပေတွေကို ကယ်တင်ဖို့ အသည်းအသန် ကြိုးပမ်းနေတုန်းမှာပဲ





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

‘ရန်ကုန် ပတ်လည် အုပ်ရှစ်ဆယ်ဆိုတာ မဟုတ်ပါဘူးဗျာ၊ လေးဆယ်ပါ’ဟု ပြောသူက ပြောနေသည်။

‘စာပေအကြောင်း ဟောရင် ဟောပြောပွဲ ဘယ်လိုက်ရတော့မလဲဆရာရဲ့’။ မိတ်ဆွေစာရေးဆရာမတစ်ဦး၏ ပြောဆိုချက်အရဆိုလျှင် စာပေဟောပြောပွဲစင်မြင့်၌ စာရေးဆရာက စာပေအကြောင်းကို မပြောတော့၊ မပြောရဲသည့်ခေတ် ဖြစ်နေသည်။ စာပေစင်မြင့်၌ပင်လျှင် စာပေသည် ပြောင်ပြောင်တင်းတင်း ကျဆုံးနေသည့်ခေတ်ဖြစ်နေသည်။

သည်အခြေအနေတွင် စာဖတ်သူတစ်ဦးက ချစ်ခင်ရင်းချာစိတ်ဖြင့် အိမ်တိုင်ရာရောက် လာ၍ တွေ့ဆုံခြင်းခံရသည့် စာရေးဆရာတစ်ယောက်အနေဖြင့် ကြည်နူးကျေနပ်စရာကောင်းသည်ဟု ခံစားမိပါသည်။

ဝတ္ထုဆရာမတစ်ဦး၏ ခင်ပွန်းဖြစ်သော မိတ်ဆွေကြီးတစ်ဦးက ကျွန်တော့်ကို ဤသို့ပြောဖူးပါသည်။

*‘ကျွန်တော့်မိန်းမဆိုရင် ဘယ်သွားသွား သူ့ပရိသတ်ချည်းပါပဲ။ တချို့မြို့တွေဆို သူတို့မြို့ကို ကျွန်တော်တို့ရောက်နေပြီဆိုတာ အသိကို မပေးရဲတာ’*

ကျွန်တော်၏ မိတ်ဆွေသည် တကယ်လည်းကြွားဝါတတ်သူ၊ ဝင့်ဝါပလွှားတတ်သူ မဟုတ်ပါ။ ‘ဝတ္ထုတွေ ဘယ်နှကြိမ်ပြန်ရိုက်လို့ ဘယ်နှအုပ်ရောင်းပြီးပြီလဲဆိုတာ မမှတ်မိတော့ဘူး’ဟု ပြောနေပါသည်။ သူရိုးရိုးသားသား ပြောနေခြင်းဖြစ်ပါသည်။ ကျွန်တော်သည် ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ဝတ္ထုကြီးများနှင့် လူလားမြောက်ခဲ့ရသည့်အတွက် ရှင်သန်နေသည့် ဇာတ်ကောင်များကို ဖန်တီးထားသည့် စာရေးဆရာအပေါ် သူ့စာဖတ်ပရိသတ်၏ သံယောဇဉ်နှင့် ချစ်ခင်မှုကို ကောင်းစွာသဘောပေါက်ပါသည်။

သို့သော် ကျွန်တော်က ဝတ္ထုဆရာအဖြစ်ကို ရွေးချယ်ခဲ့သူမဟုတ်ပါ။အက်ဆေးဆရာအဖြစ်ကို ကျေနပ်နိုင်သူဖြစ်ပါသည်။

]pmay t a u m i f
a [ m & i f
a [ majymyG
b , fv kd u f &awmh v J
q &m&J
rd wf a q G
pma&; q &mr
wpf OD
ajym q kd u ft &q kd v if
pmaya [ majymyG
pi fr i fh
pma&; q &m u
pmay t a u m i f; u kd
rajym0Hh
rajym&J o n fh c wf
jzpf ae o n f

ဒေါ်ပြုံးသည် ကျွန်တော်၏ ရှားပါးသောပရိသတ်တစ်ဦးပဲ ဖြစ်ပါသည်။

၂၀၁၄ ခုနှစ်လောက်က ကျွန်တော်သည် ပဲခူးတွင်ရှိနေစဉ် စာရှည်ကြီးတစ်စောင်ကို လက်ခံရရှိခဲ့ပါသည်။ စာရှည်ကြီးတစ်စောင်ဟု ဆိုစေကာမူ ပေးစာတွေကို စိတ်ကူးပေါ်လျှင် ပေါ်သလိုရေးထည့်ထားသော ဗလာစာအုပ်တစ်အုပ်ဖြစ်ပါသည်။ ၅-၉-၂၀၁၂ မှစ၍ ၁၂-၂-၂၀၁၄ အထိ ရက်စွဲတပ်ထားပါသည်။ အံ့သြစရာ လက်ရေးဖြင့် ၅၁ မျက်နှာရေးထားပါသည်။

၂၀၁၂ ခုနှစ်က သူ၏သမီးဖြစ်သူ သဥ္ဇာမြ တရားရေးအရာရှိအဖြစ် တာဝန်ထမ်းရာ ပုသိမ်မြို့မှာနေတုန်း စတင်ရေးသားခဲ့ခြင်းဖြစ်ပြီး တခြားမြို့များသို့ရောက်သည့်တိုင်လည်း ဆက်၍ဆက်၍ ရေးထားသည့်ပေးစာများဖြစ်ပါသည်။

*‘ဆရာ့ရဲ့အက်ဆေးတစ်ရာကို ဖတ်ပြီးပါပြီ။ ဆရာ့စာအုပ်ကို ဆရာ့မွေးရပ်မြေနဲ့နီးတဲ့၊ ဆရာကျောင်းတက်ခဲ့တဲ့ ပုသိမ်မှာ ဖတ်ခွင့်ရလို့လည်း ဝမ်းသာမိပါတယ်။ ကျွန်မက အခုပုသိမ်မှာ သမီးနဲ့ လိုက်နေပါတယ်။ ရန်ကုန်နဲ့ပုသိမ် အသွားအပြန် ကူးတိုင်း ဆရာ့မွေးရပ်မြေကို လှမ်းမျှော်ကြည့် လွမ်းမိတာတွေလည်း ဆရာ သိစေချင်ပါတယ်’*

အက်ဆေးဆရာတစ်ယောက်၏ အက်ဆေးစာအုပ်သည် သူ၏အတ္ထုပ္ပတ္တိအကျဉ်းလည်း ဖြစ်နိုင်သည်ကို ပြောပြဖို့ မလိုဟုထင်ပါသည်။ ဒေါ်ပြုံးသည် ကျွန်တော်၏စာများကိုဖတ်ပြီး သူ၏ သွေးသားဆွေမျိုးသဖွယ် ခင်မင်ရင်းချာသွားဟန်တူပါသည်။ ထိုစိတ်ဖြင့် စာအုပ်တစ်အုပ်ထဲမှာ ပေးစာတွေကို စိတ်ကူးပေါ်တိုင်း မပျင်းမရိရေးခဲ့ခြင်း ဖြစ်ပုံရပါသည်။

*‘ကျွန်မက မိတ္ထီလာ၊ မယ်ဇလီပင်ရွာ ဇာတိပါ။ အခု အသက် ၆၀ ရှိပါပြီ။ လေးတန်းအထိ ပညာသင်ဖူးပါတယ်။ ကျွန်မရဲ့ ဘိုးဘွား၊ အဖေအမေ၊ ကျွန်မယောက်ျား အားလုံး တစ်ရွာတည်းသားတွေပါ။ အမေငယ်ငယ်က ချမ်းချမ်းသာသာနေခဲ့ရတယ်။ ခုနစ်တန်းလည်း အောင်ခဲ့တယ်လို့ ပြောပါတယ်။ အမေတို့နေတဲ့အိမ်ကြီးကို ဗိုလ်ချုပ်အောင်ဆန်းနဲ့အဖွဲ့ တစ်ရက်လာတည်းဖူးတယ်လို့ ပြောပါတယ်။ အမေက ငါ-ညည်းတို့အဖေနဲ့ရခါစ ရဲဘော်တွေရိုက်တာခံဖူးတယ်။ ညည်းတို့အဖေ တောခိုတာ ဘယ်မှာလဲမေးတာမပြောလို့ ရိုက်တာ။ အဖေက ဘာလို့တောခိုရတာလဲ၊ တောထဲမှာ ဘာလုပ်တာလဲမေးတာပေါ့။ ဖဆပလ နှစ်ခြမ်းကွဲလို့ပေါ့အေ၊ ထမင်းအိုးထမ်း ဟင်းအိုးထမ်းပေါ့တဲ့။ အမေနဲ့ ကျွန်မတို့ပြောနေတာကို အဖေကကြည့်ပြီး ရီ(ရယ်)နေတယ်’*

ကျွန်တော့်မိတ်ဆွေ ဒေါ်ပြုံး၏ ပေး



www.burmeseclassic.com

www.burmeseclassic.com

စာမှာ ရင်ဖွင့်စာများလည်းဖြစ်ပါသည်။ စတုတ္ထတန်းအထိပဲ ပညာသင်ကြားခဲ့သည်ဆိုသော အညာကျေးတောသူတစ်ဦး၏ အရေးအသားက အံ့သြဖွယ်ရာ ရှင်းလင်းပြေပြစ်လှပါသည်။

ဒေါ်ပြုံး အဘယ်မျှ စာဖတ်နာခဲ့သည်ကို သူ့စာအရေးအသားက ပြောပြနေသည်။

ဒေါ်ပြုံးတို့အဖေသည် ရွာမှာစက်ချုပ်၍ သူတို့မောင်နှမခုနစ်ယောက်ကို ကျောင်းထားခဲ့သည်။ အစ်ကိုအကြီးဆုံးက ဘွဲ့ရပြီး ဒေါ်ပြုံးနှင့် သူ့ညီမက လေးတန်းနှင့် ကျောင်းထွက်ခဲ့ရသည်။ ဒေါ်ပြုံးက သူစာဖတ်ဖြစ်ခဲ့ပုံကို ဤသို့ပြန်ပြောပြပါသည်။

'*ကျွန်မ ၁၅-၁၆၊ ရန်ကုန်မှာ အိမ်ထောင်ကျနေတဲ့ အစ်မအကြီးဆီ လိုက်နေခွင့်ရခဲ့ပါတယ်။ ၁၉၅၀ ပြည့်နှစ်က တည်ထောင်ခဲ့တဲ့ ကြည့်မြင်တိုင် စာကြည့်တိုက်က အစ်မကြီးအိမ်နဲ့ကပ်ရက်(လျက်)မှာပါ။ စာအုပ်တွေအများကြီး ရှိပါတယ်*'

ထိုစဉ်က ကြည့်မြင်တိုင် စာကြည့်တိုက်သည် စာအုပ်ကောင်းတွေများစွာရှိပြီး ဒေါ်ပြုံးသည် အစ်မကြီးအိမ်၌ နေခဲ့သည့် သုံးနှစ်ကာလအတွင်း ဘာသာပြန်၊ အတ္တုပ္ပတ္တိ စာအုပ်တွေကို ဖတ်ခဲ့ရသည်ဟု ဆိုပါသည်။ ရန်ကုန်မှပြန်လာသောအခါ မိတ္ထီလာ အထည်ချုပ်တွင် ဝင်လုပ်ပြီး အဖေအမေကို လုပ်ကျွေးခဲ့ကြောင်း၊ စက်ရုံစာကြည့်တိုက်မှာ အသင်းဝင်ကြောင်း၊ အသက်-၂၅ မှာ တစ်ရွာတည်းသားဆွေမျိုးနှင့် လက်ထပ်ကြောင်း ဆိုပါသည်။

'*အဲဒီကစလို့ လူဖြစ်ရတဲ့ဒုက္ခတွေကို မှုပိုင် ကျွန်မ စာချုပ်လိုက်တာပါပဲ။ အခုအထိလည်း အဲဒီစာချုပ်အသက်ဝင်တုန်းပါ*'

တစ်ခါတစ်ရံ ဒေါ်ပြုံးက ရွှင်ရွှင်သောသောလေး ရေးတတ်ပါသည်။ ဒေါ်ပြုံးသည် အစ်ကိုကြီး၏ အကူအညီဖြင့် စပျစ်ခြံတွေစိုက်ခဲ့သည်။ ကလေးလေးယောက်ရသောအခါ နှစ်ရှည်ပင်တွေထပ်စိုက်ခဲ့သည်။

'*ကလေးတွေကို ပညာတတ်ကြီးတွေဖြစ်အောင်လုပ်မယ်စိတ်နဲ့ ကျွန်မတို့ကြိုးစားခဲ့ပါတယ်။ အဲဒီတုန်းက လောကကြီးဟာ ပိုပြီး လှပလာသလိုပဲ၊ အချိန်တွေ တိုတောင်းလွန်းပါတယ်။ အဖေက သေသွားတယ်။ ၁၉၉၃/၉၄မှာ မိတ္ထီလာကန်ရေလျှောင်နိုင်ဖို့ ဘောင်တွေခတ်လိုက်တယ်။ ကန်ရဲ့အထက်က ကျွန်မတို့လို စပျစ်ခြံတွေ ပြုတ်ပစ်သလိုဖြစ်ကုန်တော့တာပဲ။ အိပ်မက်က လန့်နိုးရသလို ဘာတစ်ခုမှ မကျန်တော့ပါဘူး။ ကလေးတွေကျောင်းတစ်ဖက်နဲ့ ထင်းရောင်းရတော့တာပဲ*'

အညာကျေးတောနေ မိသားတစ်စု၏ ကြမ်းတမ်းသော၊ မပြေပြစ်သော ဘဝရုန်းကန်မှုကို ဒေါ်ပြုံး၏ စာကရိုးစင်းစွာ ပြန်ပြောပြနေခြင်းပဲ ဖြစ်ပါသည်။

မျှော်လင့်အားထားခဲ့သည့် စိုက်ပျိုးပင်တွေ ဆုံးရှုံးသောအခါ စားရေးနေရေးသာမက ကလေးများ၏ ပညာရေးပါ ထိခိုက်လာသည်။ ခြံတွေ၊ လယ်တွေထဲက ရေတွေ မခန်းခြောက်နိုင်သမျှ မျှော်လင့်ချက်တွေလည်း စုံးစုံးနစ်ခဲ့ရသည်။ ရောင်းစရာ၊ ပေါင်စရာ ကုန်ခဲ့ပြီ။ ဓနီးမောင်နှံ ထင်းရောင်းပြီး အသက်ဆက်ခဲ့ရသည်။ မိတ္ထီလာ အထက(၁)၌ ငါးတန်း၊ ခုနစ်တန်း၊ ရှစ်တန်း တက်နေသည့် ကလေးတွေကို မုန့်ဖိုးဝေးလို့ ထမင်းချိုင့်ပင် နေ့တိုင်း ထည့်မပေးနိုင်။ ဈေးရောင်းပြီးမှ စားစရာတစ်ခုခု သွားကျွေးရသည်။

'*ကတိတွေအလီလီပေးခဲ့ပြီး ယူခဲ့တဲ့ ဆန်ကြွေးဆီကြွေး၊ ကလေးတွေရှေ့ အတောင်းခံရရင် ကိုယ်အပြောခံရတာထက် ကျွန်မကလေးတွေ မျက်နှာငယ်သွားရတဲ့အဖြစ်ကို မမေ့နိုင်ခဲ့ပါဘူး။ ငါ့လိုမဖြစ်စေရဘူး၊ ငါ့ကြောင့် စိတ်အားမငယ်စေရဘူး။ အဲဒီ စိတ်နဲ့ ထမင်းချိုင့်မပါလည်း ကျောင်းသွားနိုင်းတယ်၊ ထမင်းစားချိန်ရောက်အောင် အမေလာခဲ့မယ်။*

'*ရွာမှာ နေ့စားအလုပ်ရှိရင် သားကြီးက ကျောင်းဖျက်ပြီး ဖွတ်သွားလုပ်တယ်။ သားကြီးရဲ့ အတန်းပိုင်ဆရာမ ကျွန်မကို ခေါ်တွေ့တယ်။မောင်သိုက်လင်း ပျက်ရက်တွေများနေပြီ၊ ခိုင်းစားမှာဖြင့် ကျောင်းထုတ်တဲ့။ ကျွန်မတို့ကြောင့်ပါ၊ နောက်မပျက်စေရပါဘူး၊ လက်မှတ်ထိုးခဲ့ရတယ်။ ကလေးတွေရဲ့ ပညာရေးဟာ ကျွန်မတို့အတွက် အရေးအကြီးဆုံးပါ။*

'*ရွာမှာ ဒီတိုင်းဆက်သွားရင် မဖြစ်နိုင်တော့ဘူး။ ရွာကိုပစ် အိမ်ကိုပစ်ပြီး အမေပါခေါ်လို့ မိသားစုလိုက် ရန်ကုန်ရောက်ခဲ့ပါတယ်။ အစ်ကိုအစ်မတွေ လမ်းညွှန်ပေးလို့ အခုနေတဲ့ ရွှေပြည်သာကမ်းနားမှာ နေစရာရပါတယ်*'

ပြောရလျှင် ဒေါ်ပြုံး၏ ပေးစာများမှာ အတ္တုပ္ပတ္တိတစ်စောင်ကဲ့သို့ ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ထားသည်တော့ မဟုတ်။ သို့သော် သူပြောချင်တာ၊ သူခံစားခဲ့ရတာတွေကို ပြန်ပြောသည့်နေရာမှာတော့ ပြည့်စုံလုံလောက်မှုရှိသည်ဟု ဆိုနိုင်ပါသည်။

ဒေါ်ပြုံးသည် ကျွန်တော်၏ အက်ဆေးများကိုဖတ်ပြီး သားချင်းတစ်ဦးသဖွယ် ခင်မင်ရင်းချာခြင်းဖြစ်မည်ဟု ကျွန်တော် ပြောခဲ့ပါသည်။ ကျွန်တော်ကလည်း သူ၏ ပေးစာများကိုဖတ်ပြီး ထို့အတူ ခံစားမိပါသည်။ သို့ဖြစ်၍လည်း ကျွန်တော်တို့နှစ်ဦး တွေ့ဆုံသောအခါ စိမ်းသက်မနေဘဲ သိဟောင်းကျွမ်းဟောင်းများသဖွယ် ရင်းချာနေခြင်းဖြစ်မည်ထင်ပါသည်။

ထိုနေ့က ဒေါ်ပြုံးသည် ကျွန်တော့်အိမ်၌ တစ်နေ့ခင်းလုံးနေ၍ စကားတွေအများကြီး ပြောဖြစ်ခဲ့ပါသည်။ ကျွန်တော်တို့ ဓနီးမောင်နှံဖို့ လက်ဆောင်များလည်း ယူလာသည်။ ကျွန်တော့်အိမ်ဧည့်ခန်း ပတ်ပတ်လည်နံရံများမှာ ဒေါင်လိုက်စီထားသော စာအုပ်များကို ဒေါ်ပြုံးသည် တော်တော့်ကို သဘောကျကြောင်း တဖွဖွပြောနေခဲ့ပါသည်။

'ကျွန်မက ခုထိကိုပဲ စာမဖတ်ရ



www.burmeseclassic.com

www.burmeseclassic.com

ရင် မနေနိုင်တာဆရာ' ပြောတော့ ကျွန်တော် မျက်ခုံးပင့်သွားမိပါသည်။ စာရေးဆရာတို့သည်ပင် စာကောင်းကောင်း မဖတ်ကြတော့ဘူး မဟုတ်လား။ ယခု ရွှေပြည်သာမှာ ဈေးဆိုင်ဖွင့်ထားသည်ဟု ဆိုပါသည်။ သမီး ပြောင်းရွှေ့ရာသို့ လိုက်နေသည့်အခါနေပြီး မလိုက်သည့်အခါ လက်ကျန်သားတစ်ယောက်နှင့်အတူ ရွှေပြည်သာမှာနေသည်။

'ကလေးတွေ မုန့်လာဝယ်လည်း ကျွန်မက ထ,မရောင်းဘူးဆရာ၊ စာဖတ်နေတာပဲ။ သူတို့ဘာသာ မုန့်ထုပ်ကို ဖြုတ်ယူ၊ ပိုက်ဆံကို ပုံးထဲထည့်။ ပိုတာ ကိုယ့်ဟာကိုယ် ပြန်အမ်းယူခိုင်း၊ အဲသလိုကို လုပ်တာ' ဆိုသဖြင့် မခိုးဘူးလားမေးရသည်။ 'ခိုးတာပေါ့ဆရာ၊ ကျွန်မက သိတာပေါ့။ နောက်နေ့တွေမှာလည်း လာတာပဲ။ ကျွန်မက မနေ့က ခိုးတာကို ဒေါ်ကြီးသိတဲ့အကြောင်း၊ ခိုးတာမကောင်းဘူး၊ ဗိုက်ဆာရင်လာယူစား၊ ပိုက်ဆံမရှိရင်လည်း ရတယ်၊ ပြောပြရတာပေါ့ဆရာ။ အခုတော့ ဓိမ်ပဲ၊ မခိုးကြတော့ဘူး'

အာဂဒေါ်ပြုံးပဲဖြစ်ပါသည်။ ကျွန်တော်သည် မုန့်ခိုးစားသည့် ကလေးတွေကို မိဘလည်းမတိုင်၊ ခြိမ်းခြောက်ခြင်းလည်းမပြုဘဲ ပျော့ပျောင်းချိုသာ ဖျောင်းဖျ၍ စာဖတ်မပျက်ဈေးရောင်းနိုင်ခဲ့သော ဒေါ်ပြုံးကို သဘောကျပြီးရင်း ကျနေမိပါသည်။

ထိုနေ့က စာအုပ်စင်ကြီးများအလယ်မှာထိုင်ပြီး စကားတွေတော်တော်ပြောဖြစ်ခဲ့ပါသည်။ စကားပြောကြရင်း မနေ့တစ်နေ့က စိတ်ကူးချိုချိုမှ ပြန်ဝယ်လာသော စာအုပ်တစ်အုပ်ကို သူမြင်သွားသည်။ လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ်ကျော်က ဖတ်ခဲ့ပြီး ကြိုက်လွန်းသဖြင့် ပြန်ဝယ်ထားသည့် စာအုပ်။ Kay Summersby Morgan ၏ **Past Forgetting** ကို'**စိမ်းရက်လေအား**'ဟု ဆရာ မောင်ထွန်းသူ ဘာသာပြန်ခဲ့သည့်စာအုပ်ဖြစ်သည်။

ဒေါ်ပြုံးက 'ကျွန်မ အဲဒီစာအုပ်ကို သိပ်ကြိုက်တာပဲ' ဟု ဆိုလေရာ ကျွန်

0w-q&mr
wpf0D
ciyef;zpfaom
rdwfaqGrsm;\ wpf0Du
u'efawmfhu
bol
ajymzjyonf
]u'efawmfhef;fr
qkdif
b , fpGonf
ol
y&dwf wfcnf;yJ
wcdcawGk
olwdu
u'efawmfw
a&mufaeyDrm
todk
ray;&Jm}

တော် ပါးစပ်ပြဲသွားသည်။ စာအုပ်က နောင်အခါ အမေရိကန်သမ္မတကြီး ဖြစ်လာမည့် ဗိုလ်ချုပ်ကြီးဒွိုက်အိုက်ဆင်ဟောင်ဝါနှင့် သူ၏ဒရိုင်ဘာမလေးကေးတို့၏ ဒုတိယကမ္ဘာစစ်အတွင်း အတွေ့အကြုံနှင့် လွမ်းမောဖွယ်အချစ်ဇာတ်လမ်းဖြစ်သည်။ ကျွန်တော်သည် အညာကျေးတောသူကြီး၏ စာပေဝါသနာနှင့် စာဖတ်အတွေ့အကြုံကို အထင်မသေးခဲ့ပါ။ သို့သော် သည်လိုစာအုပ်မျိုးကိုဖြင့် သူ ဖတ်ဖူးလိမ့်မည်ဟု စိုးစဉ်းမျှ မထင်မိပါ။

ခုသူက ဖတ်ဖူးရုံမျှမက သိပ်ကြိုက်လှပါသတဲ့။ ကျွန်တော့်ခေါင်းထဲမှာ မေးခွန်းတစ်ခု ဖျတ်ခနဲပေါ်လာခဲ့ပါသည်။

'ဒီလိုစာအုပ်မျိုးလည်း ဖတ်တယ်။ ကျွန်တော် ပဲခူးမှာနေတုန်းကလည်း **ကင်မီလီ**ဆိုတဲ့စာအုပ်ကို ဒေါ်ပြုံးပို့ပေးဖူးတယ်။ ဒေါ်ပြုံးဘဝနဲ့ စာအုပ်တွေနဲ့ သိပ်မဆိုင်ဘူးနော်။ နေပါဦး၊ ကျွန်တော်မေးပါဦးမယ်။ ဒေါ်ပြုံးရဲ့ဘဝမှာ အခုလို စာတွေအများကြီးဖတ်ခဲ့တဲ့အတွက် အကျိုးရှိတာတစ်ခုခုများရှိရင် ပြောပြစမ်းပါဗျာ'

ကျွန်တော်က အလေးအနက်မေးလိုက်သော မေးခွန်းဖြစ်ပါသည်။ အကြီးကြီး မေးလိုက်ခြင်းဖြစ်ပါသည်။ ဒေါ်ပြုံးသည် အတန်ကြာစဉ်းစားပြီးမှ ဖြေနိုင်လိမ့်မည်ဟု ကျွန်တော်ထင်ခဲ့ပါသည်။ သို့သော် သည်အချက်မှာလည်း ကျွန်တော် လွဲချော်ခဲ့ပါသည်။ ဒေါ်ပြုံးသည် တစ်ချက်ကလေးမှ စဉ်းစားတွေဝေနေခြင်းမရှိဘဲ မဆိုင်းမတွ၊ ပေါ့ပေါ့ပါးပါးကလေး ဖြေပါသည်။

'အကျိုးရှိတာပေါ့ဆရာရဲ့။ ကျွန်မသမီး တရားသူကြီးဖြစ်သွားတယ်လေ'

ကျွန်တော်လည်း ပါးစပ်ပြဲသွားပါသည်။

စာဖတ်တာ ပိုက်ဆံရသလား၊ စာဖတ်လို့ ဘာအကျိုးရှိသလဲ ဆိုသည့် မေးခွန်းတွေကို ကျွန်တော်တို့ စာဖတ်သမား ဘဝတစ်လျှောက်လုံး ဖြေဆိုခဲ့ကြပါသည်။ တော်တော် စဉ်းစားခဲ့ရပါသည်။ တော်တော်လည်း လေကုန်ပါသည်။ ဖရန့်စစ်ဘေကွန်၏(Of Studies) တို့၊ ဂျွန်ရပ်စကင်၏ ဟောပြောချက်တို့ ဘာတို့ကိုလည်း ကိုးကားခဲ့ပါသည်။

ဒေါ်ပြုံးဖြေသလိုတော့ဖြင့် မြန်ဆန်ထိရောက်သည်မဟုတ်ပါ။

မဆုတ်မနစ်သော ဇွဲသတ္တိဖြင့် ပညာသင်ကြားပေးခဲ့ပြီး ယခုအခါ မဟာဥပဒေဘွဲ့ရ တရားရေးအရာရှိကလေး၏ မိခင်ကြီးအဖြစ် တင့်တယ်လျက်ရှိသော ဒေါ်ပြုံးကို ကျွန်တော် အလေးပြုပါသည်။

စာဖတ်ခြင်းသည် အကောင်းစားရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း သူ ပြောပြခဲ့ပါသည်။ ။ ■

**မောင်ရင့်မာ၊ကျောင်းကုန်း၊**



www.burmeseclassic.com

www.burmeseclassic.com

# မြစ်ကြိုးအင်း




တစ်နေ့ ဒီလိုပဲဖြစ်လိမ့်မယ်ဆိုတာ
တွန်းလှ တွက်ပြီးသား။
မဖြစ်ခံနိုင်ရိုးလားဗျာ။
ဒီကောင့်ရောက်ရှိအသက်
၂၅ နှစ် ကျော်ရုံလေးထဲမှာ
အရက်သောက်သက်ကိုက
နည်းတော့တဲ့နှစ်ရယ်မှ မဟုတ်ဘဲ။
အသက်မပြည့်ခင်ကတည်းက
အရက်နဲ့ မိတ်ဖွဲ့လာခဲ့တာဆိုတော့
အနည်းဆုံး ခုနစ်နှစ်၊ ရှစ်နှစ်တောင်
က,ချင်မှ က,ရှောမယ်။
သောက်လိုက်ရင်လည်း ရုပ်ဆင်းမပျက်တဲ့
အခါရယ်လို့ မရှိခဲ့ဘူး။ အလဲလဲ
အပြိုပြိုနဲ့သာ အိမ်ပေါ်
ခွေးတက် ပြန်တက်လာလေ့
ရှိခဲ့တာကလားရယ်။ သွေးကလည်း
ဘာဆိုးသလဲ မမေးနဲ့။ အသောက်အစား
မရှိတဲ့ ချိန်ခါမျိုးမှာတော့ တောမိ
လက်သစ်ရယ်လို့ ထင်မှတ်မှား
ရလောက်အောင်ရှိပေမဲ့ အရက်မို့
ဝင်လာပြီဆိုမှဖြင့် အရိုင်တောင်
ရှိန်သူထင်တော့တဲ့ကောင်။ ခုနောက်ပိုင်း
သောက်ပုံသောက်နည်းကတော့
လက်ကိုလန်ရောပဲ။ အရက်ကပဲ
သူ့ကိုနိုင်သွားတာလား၊ သူကပဲ
အရက်ကို လွန်လွန်ကြူးကြူးနဲ့ကို
သောက်ပဲ သောက်နိုင်လွန်းတာလား
ဆိုတာ အကဲကိုမဖြတ်တတ်
တော့ဘူး။ ရေရောတာတောင်
မမြင်မိတော့ဘူးလေ။
ပုလင်းလည်ပင်းကကိုင်ပြီး
ဂလောက်ဂလောက်နဲ့ကို
တစ်ထိုင်တည်း
တစ်လုံးလောက်

အမှတ် ၃၄၅၊ စက်တင်ဘာ၊ ၂၀၁၈
ရုပ်စုံမဂ္ဂဇင်း
ဝတ္ထုရှည်၈/ဆုံး



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အသာလေးမေ့သွားတော့တာကလား။

မဖြစ်ခင် နှစ်ရက်လောက်ကတည်းက ဒီကောင် အသောက်ကြူးခဲ့တယ်။ သုံးရက်မြောက် ညလယ်လောက်မှာ အစာပါဟန်မတူတဲ့ လေတွေချည်းပျို့အန်သံကို နာရီဝက်မခြားဘဲ စိတ်လက်မချမ်းမြေ့စွာနဲ့ ကြားနေရတယ်။ ဒီချိန်ကတည်းက မအေလုပ်တဲ့သူမှာ မိုးလင်းငှတ်တုတ်မဖြစ်ရုံတစ်မည်ပါပဲ။ ချွေးမဖြစ်တဲ့သူမှာလည်း အိပ်ရေးတောင်ဝ,ပုံ မရရှာပါဘူး။ လုပ်ငန်းခွင်ကို မျက်တွင်းဟောက်ပက်နဲ့ ထ,သွားရှာတာမြင်တော့ ဒီကောင့်အပေါ် ဘဝင်မကျဖြစ်ရစိတ်တွေ ပိုဖြစ်မိတာအမှန်ပဲ။

ကြည့်လေ၊ မိန်းမတော့ယူတတ်ပြီး လုပ်ကိုင်ကျွေးမွေးဖို့ကိုတော့ ဒီကောင့်ခေါင်းထဲမှာ ခုထိ ရှိပုံမပေါ်ပါဘူး။ သောက်လိုက်စားလိုက်၊ လောင်းကစားတွေ မဆုံမပြလုပ်ပစ်ရင်းနဲ့ပဲ ကောင်မလေးပါလာသမျှပစ္စည်းတွေလည်း ဒီကောင် ဖြုန်းတီးပစ်လို့ အားလုံးကုန်ပြီ။ ကလေးနှစ်ယောက်ရလာတဲ့ ခုချိန်ထိ လင်ယောကျ်ားဖြစ်တဲ့သူက ကျွမ်းကျင်လုပ်ငန်းခွင်ကိုတောင်ခြေပြန်ကြွဖို့ မမြင်တော့ မိန်းကလေးမှာ ကျီးကြည့်ကြောင်ကြည့်နဲ့ အငတ်မခံနိုင်တော့တဲ့အဆုံး ရရာအလုပ်ထဲ ဝင်ရောက်သွားဖြစ်တော့တာပဲ။ ကလေးနှစ်ယောက်ရဲ့ ဝန်တာကိုတော့ ထားပါတော့။ ခုထိအိမ်ထောင်ကွဲ ဒီကောင့်အပေါ် မအေလုပ်တဲ့သူမှာ ပြောပြော

'Dumif&U
tem;rS
q&m0ef
avmifvmawGS
jynfodfvkd
a&muESifeu
olawG&U
oGyiawGSvnf
r;uESi ,avi;
awGY
jrifuGfu
&ifbwfuDxJ
rqhlyJ
tvkuDvpfvkd
ypfoGfcHvkduf&
ovkd
aumuf½kfvkd
ai;&yfunhferyD
toufS
½Seav&Uvm;yif
rodcawmh

ဆိုဆိုနဲ့သာပဲ အပေးအကျွေးမလွတ်သေး။

ဒီအိမ်မှာ မိန်းမသားနှစ်ယောက်ရဲ့ ရှာဖွေငွေပဲရှိတာ ဒီကောင်အသိ။ ဒီကောင့်ကိုယ်ထဲ ပျင်းရိစိတ်တွေ ရိုးတွင်းခြင်ဆီထိ နှိုတွဲနေပြီမို့၊ အေးအေးလူလူနဲ့ ထိုင်စားရင်လည်း အိမ်မဆူတတ်ပါဘူး။ မိန်းမရဲ့ထဘီနား ခိုထိုင်ပြီးလည်း စားနေသေး၊ အရက်မို့ဝင်လာပြီဆိုရင် မိန်းမလုပ်တဲ့သူကို ရိုက်နှက်ကန်ကျောက်မှုတွေတောင် ပြုကျင့်လာတတ်သလို၊ နှမဖြစ်တဲ့သူကိုလည်း ဖာမဖြစ်ရုံတစ်မည် သွားပုပ်လေလွင့်ပြောချင်သေး။ မိဘတွေဆိုလည်း အကောင်းမမြင်နိုင်ဘဲ ပြဿနာရှာ ရန်စွဲမှုတွေ ခံရပေါင်းများလှမှတော့ ဒီကောင့်အပေါ် ဘယ်လိုလုပ်ကြည်လင်မှုတွေရှိပါ့မလဲ။ ပြီးတော့လည်း…။

ဒီကောင့်ကြောင့်ပဲ အထိုင်တစ်ခု မိမိမှာ ပျက်ယွင်းသွားရတာပဲ မဟုတ်လား။ ကြည့်ဗျာ၊ ခရီးရှည်ကြီး ကျန်သေးတဲ့ သူတို့အိမ်ထောင် နိုင်မြဲရေး ဘဝရှေ့ရေးကို မျှော်တွေးပြီး လမ်းသစ်ဖောက်ပေးဖို့ စဉ်းစားတွေးခေါ်မိခဲ့တယ်။ မပြောချင်ဘဲနဲ့ ကူခေါ် ကူတွဲဖို့ စည်းရုံးတိုင်ပင်ပြီး လက်ရှိလုပ်ငန်းခွင်ကနေ ထွက်ခွာပစ်လိုက်တယ်။ ၅၀ နားချဉ်းနေပြီဖြစ်တဲ့ ဖအေလုပ်တဲ့သူက စွမ်းစွမ်းတမံနဲ့ လက်ဖက်ရည်ဆိုင်ဖွင့်နိုင်ရေးအတွက် အလုံးစုံ တက်သုတ်ရိုက်နေတဲ့အချိန်မှာ နောက်ကနေတောင် ဖြောင့်ဖြောင့်တန်းတန်းနဲ့ လိုက်လာလိုဟန်တွေကို ဒီကောင့်ထံမှာ မတွေ့ရတော့ဘူး။ တင်းတစ်လှည့်၊ လျှော့တစ်လှည့်နဲ့ ဒီကောင့်အပေါ် စိတ်ပျက်စိတ်တွေ လုံးဝဝင်ရောက်လာတဲ့အဆုံးမှာတော့ လက်ရှိအလုပ်က ထွက်ပစ်လိုက်တာပဲ အဖတ်တင်ကျန်ခဲ့တယ်။ လက်ဖက်ရည်ဆိုင်ကိစ္စဟာ အထမမြောက်ခင်မှာဘဲ ပျက်စီးလို့သွားရတယ်။ မိမိကျင်လည်ရာ လုပ်ငန်းခွင်ရှိရာကို ခြေဦးပြန်လှည့်မည်ပြင်တော့ ဇနီးနဲ့ သမီးဖြစ်တဲ့သူတို့က အသက်အရွယ်ကြောင့် စာနာစွာနဲ့ တားမြစ်ကြပြီ။ အဲဒီအချိန်ကတည်းက မိမိဆိုလည်း အလုပ်လက်မဲ့နဲ့ အိမ်မှာ ငုတ်တုတ်ထိုင်နား၊ ငုတ်တုတ်ထိုင်စားဘဝ။ ထိုချိန်မှာပင် နာဂစ်က လည်ပတ်မှုတွေကို ယိုင်နဲ့သွားစေပြန်သလို ရှိငွေအချို့ကိုလည်း အတိုးလေး စားရမလားရယ်လို့ ယုံကြည်စွာ ပေးထားလိုက်မိသူမှ လူယုံသတ်လို့တစ်ချီ ထပ်လို့ သေခဲ့ရပြန်။ ကျလူဖြစ်သွားတဲ့ ဒီအချိန်မှာ လက်လွတ်သွားတဲ့အလျော့ကိုယ့်တစ်မိသားစုတည်းအတွက်ဆို သမီးလတ်ရဲ့ အများသုံး လမ်းဘေး တယ်လီဖုန်းမှ နေ့စဉ် ဝင်ငွေနဲ့ လစဉ်မှန် ဝင်ခုနေတဲ့ အိမ်လခတွေနဲ့က အပတ်လည်နိုင်ရဲ့။

နေ့စဉ် အပတ်မလည်ဖြစ်နေတော့တာက မိခင်နို့မလွတ်သေးတဲ့ မြေးအငယ်ကောင်ရဲ့ နို့မှုန့်ဖိုးနဲ့ မူကြိုမြေးကြီးရဲ့ သရေစာဖိုးတွေ၊ အဲဒီကလေးနှစ်ယောက်ရဲ့ နေ့စဉ် ဝေယျာဝစ္စ၊ ထမ်းပိုးထားရတဲ့ဒုက္ခတွေ၊ အတန်းမြင့်လာတဲ့ သမီးငယ်ဖြစ်သူရဲ့ နေ့စဉ်ကျောင်းမုန့်ဖိုး၊ ရုံဖန်ရုံခါ စာအုပ်ဖိုး ဘော့ပင်ဖိုးနဲ့ တစ်နေ့နဲ့တစ်နေ့ အပြိုင်အဆိုင် ခြေလှမ်းကျဲကြီးတွေနဲ့ ရှေ့သို့ပဲ ချီတက်နေကြတဲ့ ကုန်ဈေးနှုန်း၊ တစ်ယောက်တည်း ရုန်းနေရသလိုဖြစ်တဲ့ သမီးလတ်ရဲ့ နေ့စဉ်ဝင်ငွေ မစို့မပို့လေးနဲ့ တစ်လနေ တစ်လဆန်းမှ မြင်ရတတ်တဲ့ အိမ်လခ ထိုနှစ်ရပ်ပေါင်းကြည့်လိုက်သော်မှ ဝင်ငွေနဲ့ ထွက်ငွေက မမျှတချင်။ အပတ်မလည်ချင်ဖြစ်နေရတဲ့ကြားမှ ကူဖော်လောင်ဖက်အပံ့အပိုး ဘာတစ်ခုမှ မရရှိလေတဲ့အပြင် သောကတွေကို စဉ်ဆက်



www.burmeseclassic.com

www.burmeseclassic.com

မပြတ်ပေးနေတဲ့ အရက်သမား ဒီကောင့် ဝဋ်ဒုက္ခတွေ ဖိစီးခံနေရမှုတွေက တစ်မှောင့်နဲ့ ဒီရင်မှာ လင်းပျနိုင်ပါဦးမလား။ တကယ့် လူပိုသက်သက်ဖြစ်နေရုံတင်မက 'မင်းကတော့ အားလုံးကို ဒုက္ခပေးဖို့အတွက် လူဖြစ်လာတဲ့ကောင်ရယ်ပါလား' လို့ ယိုးစွပ်ခဲ့ဖူးသော ဒီနှလုံးသားက မနာကျင် မကွဲရှခံနိုင်တော့ပဲ ရှိပါတော့မလားလေ။ သားရင်းချာဖြစ်ပေမင့် အသွင်စရိုက်ချင်းက မကိုက်ညီသမို့လည်း အမိုးတစ်ခုတည်းအောက်မှာ အတူရှိနေကြပေလင့် ထွန်းလူက သားဖြစ်တဲ့သူကို စာရင်းထဲက ပယ်ထုတ်ထားလိုက်တာပဲ ဒီကောင် မိန်းမ မရခင်ကတည်းက ဆိုပါတော့။

အဲ… ညလယ်လောက်ကတည်းက မနားတမ်းအန်လိုက်တဲ့အအန်က နံနက်ကူးလို့ နေ့လယ်ပိုင်းကို ကျော်ဖြတ်လာတဲ့ထိ အအန်က မရပ်နိုင်ဘူး။ ကြွက်တွင်းထဲ ရေလောင်းထည့်လိုက်သလို သွတ်တိုင်းဝင်သလို မျိုးအရက်ကို သောက်မျိုနေလေမှတော့ အရက်ကပေးလာမယ့် ဖိစီးနှိပ်စက်ဒဏ်ကို တစ်နေ့ မလွှဲမသွေ ဒီကောင်ခံရပေလိမ့်မယ်ရယ်လို့ သူကြိုတွက်ဆထားပြီးသားပဲ။ လူမမာတစ်ယောက်လို ဖြုန်းဒိုင်းကြီးဖြစ်သွားတဲ့ ညည်းညူသံတွေက ဒီကောင့်ထံမှ ချိန်ခါမလပ်ဘဲ နားမချမ်းသာဖွယ် ကြားနေရတယ်။ ဒုက္ခတွေ့ချိန်ကျမှပဲ အရှက်မဲ့စွာနဲ့ အမိတ,သံတွေလည်း ရုံဖန်ခါ ပေါ်ထွက်လာတတ်ရဲ့။ လူခြေဆိတ်ချိန်မှ ထ,ဖြစ်လာတဲ့ ဒီကောင့် ပျို့အန်ညည်းညူသံတို့ကြောင့် အနီးပါးမှ သတင်းလာမေးကြသူတွေကလည်း သူဆင်း ငါတက်နဲ့ အိမ်ပေါ်မှာ ခြေချင်းလိမ်လို့ရယ်။ နားမချမ်းသာဖွယ် ပျို့အန်နေသံတွေကို အာရုံတွေနောက်ကျိလာတော့တဲ့အဆုံး TV ကို အသံတိတ် ထ,ဖွင့်လိုက်ပြီးတော့ကာ အရုပ်တွေပေါ် စိတ်တွေကို ပို့ထားလိုက်တော့တယ်။ မခံစားနိုင်တော့ဘူးထင့်။ 'မေမေ သားကို ဆေးခန်းပို့ပေးပါ၊ သား ဘယ်လိုမှ နေလို့မရတော့လို့ပါ' လို့ အားယူပြောသံကို သူ့နားအစုံက ကြားဖြစ်အောင် ကြားမိလိုက်သေးတော့။

'ငါ မလဲ အားတာ မဟုတ်ဘူးဟ၊ ထမင်းဟင်း ချက်ပြုတ်ရဦးမယ် မျိုးဇော်' ဆိုတဲ့ မအေလုပ်တဲ့သူရဲ့ စိတ်ရှုပ်ထွေးသွားဟန်နဲ့ ခွန်းတုံ့ပြန်လိုက်သံ။ 'ဟုတ်ပါတယ်ဗျာ၊ ဘယ်သူမှ ဘာမှမလုပ်တတ် မကိုင်တတ်ကြနဲ့ ဒီအတိုင်း ထိုင်ကြည့်နေကြတာထက် သူပြောသလို ဆေးခန်းပြတာပဲ ကောင်းပါလိမ့်မယ်ဗျာ' ဆိုတဲ့ ဦးဟန်သိန်းရဲ့ တိုက်တွန်းစကားကြောင့် ဆေးခန်းကို ခေါ်သွားဖို့ဖြစ်သွားတော့တယ်။ ဒီကောင့်ကံကလည်း ကောင်းတယ်လို့ပဲ ဆိုရမယ်။ ကူညီမယ့်သူကလည်း အဆင်သင့်။ ဈေးကြွေးတောင်းပြီး ပြန်လာတဲ့ ခြေရင်းအိမ်က တင်ဌေးက သူမအိမ်ဆီ တန်းတက်မသွားဘဲ ဆိုက်ဆိုက်မြိုက်မြိုက် သတင်းမေးတက်ရောက်လာတဲ့အခိုက်နဲ့ ကြုံပြီး ဖနီးက အကူအညီတောင်းလို့ လမ်းထိပ်ကို ဆိုက်ကားခေါ်ထွက်ဖြစ်ခဲ့တယ်။

သားအဖနှစ်ယောက်ရဲ့ အနေအထားကို သိထားသူမို့လည်း ဖနီးသည်က 'အစ်ကို ဆိုက်ကားတစ်စီးလောက် သွားခေါ်ပေးပါလား' ရယ်လို့ မဝံ့မရဲနဲ့ ဒီကောင်နဲ့ပတ်သက်ရင် ရှင်းပြတ်တဲ့မိမိကို လူပုံအကြားမှာ အကူအညီတောင်းခံလာခဲ့လေတော့လည်း ဘယ်လိုမှ မနေသာတော့ဘူးလေ။ ဒါနဲ့ ဆိုက်ကားတစ်စီးနဲ့အတူ အိမ်ကိုပြန်ရောက်လာခဲ့တယ်။ ဆိုက်ကား သွားငှားပြီး TV ရှေ့မှာပဲ ပြန်ထိုင်နေလိုက်တယ်။

လမ်းတောင်ကောင်းကောင်းလျှောက်နိုင်ပုံမရချေတော့ဘူး။ ဘယ်ညာ တစ်ယောက်စီ တွဲပိုးထားတဲ့ကြားက ခြေတစ်ရွှေ့ဟာ ပင်ပန်းကြီးစွာနဲ့ လေ့ကားအတိုင်း ကူတွဲဆင်းသွားရရှာတော့တဲ့ ဒီကောင့်နောက်ကျောကို လှည့်ပြန်ကာ စောင်းငဲ့ကြည့်ဖြစ်လိုက်ရင်းကမှ သတိပြုမိတော့တယ်။ အရက်သမားစကားနဲ့ ပြောရရင်တော့ ဒီကောင် ဂိသွားပုံပဲ။ ဆိုက်ကားဆီ ဘယ်လိုလှမ်းလို့ ဆေးခန်းကို ဘယ်လိုပုံစံနဲ့ မြန်းကြမယ်ရယ်တော့ မဆိုနိုင်ဘူး။

မြန်မာစကားပုံမှာက လည်း အရှိသား။ အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာဆိုတဲ့ စကားလေ။ ခုဟာက မခေါ်ချင်လို့ စိမ်းစိမ်းပြတ်ပြတ်နေလို့ရပေမဲ့ မတော်ချင်လို့ မရတဲ့ ရင်သွေးရင်းချာတစ်ယောက်ရယ် ဖြစ်နေပြန်တော့လည်း ထွန်းလူရဲ့ ရင်ထဲ တစ်မျိုးကြီးတော့ တစ်မျိုးကြီးပဲ ခံစားလိုက်ရတယ်။ စိတ်လက်ပါစွာနဲ့ ဖွင့်ကြည့်နေမိတာ မဟုတ်ရတာမို့လည်း TV ကို သူ ထ,ပိတ်ဖြစ်လိုက်လေရဲ့။ နှလုံးသည်းပွတ်ကို လာပွတ်တိုက်သွားတဲ့ တစ်စုံတစ်ရာကြောင့် မငြိမ်သက်ချင်ဖြစ်သွားတော့တဲ့စိတ်ကို လက်ဖက်ရည်ဆိုင်မှာ သွားမြှုပ်နှံဖို့ မီးဖိုချောင်ဝင်နေတဲ့ ဖနီးကို 'အပြင် ခဏ သွားလိုက်ဦးမယ်ကွာ' လို့ ပြောခဲ့ပြီး အိမ်ကထွက်လာခဲ့တယ်။ ဆိုင်ထိုင်မယ်ပြုပြီးကာမှပင် အခွေတွေ ချပုံရောင်းနေတဲ့ ဆိုင်ရှေ့အရောက်မှာ စိတ်ကြိုက် သီချင်းခွေတစ်ခွေ ရွေးဝယ်ပြီး အိမ်ပြန်လာခဲ့တော့ အိမ်အဝင် လမ်းထိပ်အရောက်မှာတင် ဗလာချည်းနင်းပြန်လာတဲ့ ဆိုက်ကားဆရာကြီးနဲ့ တန်းတိုးတယ်။

'ပြန်လာကြပြီလား' လို့ မေးမြန်းဖြစ်လိုက်မိပြီး ဆိုက်ကားဆရာကြီးရဲ့ နောက်ဆက်တွဲစကားလုံးတွေ ဆုံး,မဆုံးတောင် မသိလိုက်တော့ဘူး။ သူ့ရဲ့ခြေထောက်တွေက နေအိမ်အပေါ်ထပ်ဆီကို ဘယ်ပုံဘယ်နည်းနဲ့ ပြန်တက်လှမ်းသွားမိတယ် မပြောတတ်တော့ပါဘူး။ မျက်ရည်တွေ တသွင်သွင်စီးကျနေတဲ့ ဖနီးသည်ကို 'ဒီထိပ်မှာ ဆိုက်ကားဆရာကြီးနဲ့ တွေ့ခဲ့လို့ အားလုံးကို ကို,သိပြီးခဲ့ပြီ' လို့ ဖေးဖေးမမ ပြောရင်းမှပင် လက်အစုံကလည်း TV နဲ့


www.burmeseclassic.com

www.burmeseclassic.com

ရိုက်ထားတဲ့ DVDကြိုးတွေကို အမြန်အထက်ပင် ဆွဲဖြုတ်နေမိတယ်။ ဇနီးက 'ဘယ်လိုလုပ်ကြမလဲ အစ်ကို'လို့ တုန်တုန်ယင်ယင်နဲ့ အမေးစကားမှာ 'ယူငင်စရာရှိတာတွေကို မင်း အဆင်သင့်လုပ်ထား၊ ငါ ဒီစက်လေး သွားထားလိုက်မယ်။ အိမ်ဘေးက ကလေးတစ်ယောက်ကိုလည်း သူ့မိန်းမကို သွားအကြောင်းကြားခိုင်းလိုက်။ လစာထုတ်ဖို့ကလည်း နှစ်ရက်ပဲလိုတော့တာဆိုတော့ အကျိုးအကြောင်းတင်ပြပြီး ငွေလည်း တစ်ပါတည်း ထုတ်ယူလာခဲ့ဖို့ မှာလိုက်ကွာ'လို့ တရစပ်ပင် စီမံခဲ့ပြီး ကြွပ်ကြွပ်အိတ်ဆွဲလို့ ရပ်ကွက်ထဲက အပေါင်ဆိုင်ဆီ သွက်သွက်လှမ်းခဲ့တယ်။

အိမ်ပြန်ရောက်လာတဲ့အထိ ဒီကောင့်မိန်းမက ရောက်မလာပေသေးဘူး။ ပလတ်စတစ်ဆွဲခြင်းကြီးတစ်လုံးနဲ့ ကြွပ်ကြွပ်အိတ်တစ်လုံးထဲ ပစ္စည်းအချို့ ထည့်သိုပြီး အဆင်သင့်စောင့်နေတဲ့ ဇနီးသည်ကို 'မင်းလက်ထဲ ပိုက်ဆံ ဘယ်လောက်ရှိသလဲ'လို့ မသိသားဆိုးရွားစွာပင် မေးလိုက်ရတယ်။ ဇနီးသည် လက်ထဲရှိ ငွေစုစုပေါင်းနဲ့ စက်ကလေးအပေါင်ထားခဲ့ရငွေပေါင်းမှ စစ်စစ်ပေါက်ပေါက် သုံးသောင်းတောင်မပြည့်ချင်။ ဆေးခန်းမှ ဆရာဝန်ရဲ့စကားအရ 'သွေးပေါင်က ၅၀ တောင်မပြည့်ချင်တော့ဘူးဆိုတော့ လူနာကို အိမ်ပြန်ခေါ်မသွားနဲ့တော့၊ ဆေးရုံကိုသာ တစ်ခါတည်းတန်းသွားပေတော့ဗျာ'ဟူသော ဆိုက်ကားဆရာကြီးထံမှ ကြားခဲ့လိုက်ရ

r q pkn fre t mif
ae v m u wb
om; t z
E pSa , m u &J
r u fv jedwG
t JD
t ckdu ft weS v ;
t wGfrSyJ
wkdu f2kdu f
y u f ifu Du kd
x edwGo Gu
w , f
u v , fu v , eY
jr i&m v a wGkd
v kd fv H n Sewb
r u fv jedwG

တဲ့စကားတွေက လက်ထဲရှိငွေနှင့် ချိန်ထိုးကြည့်လျှင် အပူရင်ကို ပို၍ ဆူဝေတောက်လောင်လာချင်ရဲ့။ ဇနီးသည်မှာလည်း ခုထိ မျက်ရည်တွေဝေနေဆဲ။

'ဒီလိုလုပ်ကွာ၊ ကောင်မလေးလည်း လာတော့မှာပါ။ သူ့လစာငွေလည်း ပါလာကောင်းပါရဲ့။ အငယ်မကလည်း ကျောင်းက ပြန်မရောက်သေးတော့ ဒီကလေးနှစ်ယောက်က လူကြီးတစ်ယောက်တော့ ကျန်ခဲ့မှဖြစ်မှာ။ ကောင်မလေးလာတာနဲ့ မင်းတို့ပဲ သွားလိုက်ကြတော့ကွာ'လို့ ပြောနေဆဲ ဒီကောင့်မိန်းမ ရောက်လို့လာတယ်။ လစာငွေ သုံးသောင်းကျော် ပါလာတယ်လို့ သိရတယ်။ နှစ်ဦးပေါင်း ခြောက်သောင်းမပြည့်တပြည့်ငွေနဲ့ ဆေးရုံကို အားချင်းသွန်ကြတယ်။

အိမ်မှာ ကလေးနှစ်ယောက်နဲ့ သူပဲ ကျန်ရစ်ခဲ့တယ်။ အငယ်မ ကျောင်းက ပြန်လာပြီး သိပ်မကြာလှခင်မှာပဲ ဆေးရုံက ဖုန်းလာတယ်လို့ ရပ်ကွက်ထဲရှိ ဆက်နေကျ ဖုန်းအိမ်က လာရောက်ပြောချေတော့ ဒိန်းခနဲဖြစ်သွားတဲ့ရင်၊ ကလေးနှစ်ယောက်ကို အငယ်မနဲ့ ပစ်ထားခဲ့ပြီး အပြေးလှမ်းသွားမိတဲ့ ခြေထောက်တွေမှ မြေပေါ်ကျရဲ့လားပင် မသိတော့။ ဖိနပ်မပါလာတာကို ဖုန်းအိမ်ရောက်မှပဲ သူ သတိပြုမိတော့တယ်။ လမ်းတစ်လျှောက်မှာလည်း နာရည်တွေထွက်ထွက်ကျလာတာ ဘာကြောင့်ရယ်တော့ဖြင့် မသိ။ ဖုန်းအိမ်ရောက်ခဲ့ပြန်တော့လည်း ကြားဝင်ဆက်နေတဲ့ လူက ပေရှည်နေပြန်တော့ ဒွိဟာတွေမှာ ဒေါသစိတ်တွေက အလိပ်လိုက်ရယ်။ ဆေးရုံဖုန်းကို သိမထား၍မို့လည်း ထိုလူအပြီးကို သည်းခံအောင့်အည်းပြီးတော့ကိုပဲ စောင့်နေလိုက်ရတော့တယ်။ ထိုသူ ဖုန်းချသွားတာနဲ့ ကလင်သံက တစ်ဆက်တည်းပင် မြည်တယ်။ ကောက်ကိုင်လိုက်တော့ တင်ဌေးအသံမှန်း သိလိုက်တာနဲ့ ခုန်နေသောနှလုံးကို တိုက်စားထွက်သွားသော တုန်ယင်အက်ရှနေတဲ့အသံတွေနဲ့ 'ပြော… တင်ဌေး၊ ဘာထူးလဲ'လို့ အမောတကောပဲ မေးမိလိုက်ရဲ့။

ဘယ်သူမှ ရောက်မလာကြသေးလို့ ဖုန်းဆက်ခေါ်တာ နှစ်ခါတောင်ရှိပြီဆိုတဲ့အကြောင်း၊ ပါလာတဲ့ ဈေးကြွေးတွေလည်း ဆေးဖိုးတွေထုတ်သုံးလိုက်ရလို့ ကုန်ပြီးဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေကြောင်း၊ အရေးပေါ်အခန်းထဲမှာ ရောက်နေတယ်ဆိုကြောင်း ကြားသိလိုက်ရတယ်။ လာနေပြီဖြစ်တဲ့အကြောင်းပြန်ပြောရင်းမှ ရောက်သင့်ချိန်တန်ပါလျက်ဟူသည့် စိတ်က ထွက်သွားသူတွေဆီ ပူပန်ကြောင့်ကြ၍ သွားရပြန်တယ်။

စိတ်က တထင့်ထင့် ထိုင်ရမလို၊ ထ,ရမလိုတွေနဲ့ ည ခုနစ်နာရီထိုးခါနီးမှာတော့ အိမ်ပြန်ရောက်နေပြီဖြစ်တဲ့ သမီးလတ်ကိုခေါ်ပြီး ဆေးရုံဆီ တက္ကစီနဲ့ ထ,လာမိတော့တယ်။ ကလေးနှစ်ယောက်ကိုတော့ ထမင်းကျွေးမွေးထားနှင့်ခဲ့ပြီးဖြစ်၍ အိမ်ငှားတွေနှင့် ခြေရင်းခေါင်းရင်းအိမ်တွေလက်ထဲ ဝ,ကွက်ပုံအပ်ထားခဲ့ရတယ်။ အရင်ဆုံး သီတာဆောင်ကို ရှာဖွေရတယ်။ အရေးပေါ်အခန်းကို မေးမြန်းပြီး ရောက်သွားတယ်။

သတိမလည်၊ ပိုက်တွေမှ လက်နှစ်ဖက်နဲ့ နှာခေါင်းထဲမှာ ရှုပ်ယှက်ခတ်။ ဒီကောင့်ရဲ့အနားမှာ ဆရာဝန်လောင်းလျာတွေမှ ပြည့်သိပ်လို့။ ရောက်နှင့်နေကြသူတွေရဲ့ သွင်ပြင်တွေမှာလည်း မျက်နှာငယ်လေးတွေနဲ့၊ မြင်



www.burmeseclassic.com

www.burmeseclassic.com

ကွင်းက ရင်ဘတ်ကြီးထဲ မဆံ့မပြဲ အလုံးကြီးတစ်လုံး ပစ်သွင်းခံလိုက်ရသလို ။ ကျောက်ရုပ်လိုငေးရပ်ကြည့်နေမိပြီး အသက်မှရှူမိလေရဲ့လားပင် မသိချေတော့ ။ ဒီကောင့်ထံမှ အင်းအဲနဲ့ လူးလူးလွန့်လွန့်ဖြစ်လာတာကို မြင်တွေ့လိုက်ချိန် ကျမှပဲ သက်ဝင်လာသကဲ့သို့ ရှိဘိတော့တယ်။

ပင့်သက်မောတွေကျမယ်မှ မဆုံးခင် သက်ပြင်းရှိုက်ဖို့ ဖြစ်လာလေပြန်ရဲ့။ ဒီကောင့်အပါးမှာ ဝိုင်းပြုနေကြတဲ့ အလုပ်သင်ဆရာဝန်လောင်းလျာတွေထဲမှ လက်ထောက်ဆရာဝန်ဖြစ်ဟန်တူသူက 'လူနာရှင်နဲ့ ပတ်သက်သူရှိရင် ခဏ' လို့ နှုတ်အဟ,မှာ ထိုဆရာဝန်အနားကို အားလုံးစုပြုံရောက်သွားကြတာ မြင်တယ်။ သူ့ရဲ့ခြေထောက်တွေကတော့ ဖဝါးတစ်ရွေ့မျှ မကြွမိချေဘဲ နေရာကနေပင် အတိုင်းသားကြားနေရတယ်။ ဆရာဝန်က လိုအပ်တဲ့ဆေးအမျိုးအမည်တွေကို စာတစ်ရွက်ပေါ်ရေးပေးပြီး ဆေးအဝယ်လွှတ်တာ။ ဇနီးသည်က 'ဘယ်လောက်ကျနိုင်လဲ ဆရာ' လို့ နှုတ်ထွက် မရဲတရဲနဲ့ မေးမြန်းသံကိုလည်း ကြားရရဲ့။ 'ပါလာတဲ့ငွေလည်း ကုန်သလောက်နီးနီးဖြစ်နေလို့ပါ' ဆိုစကားကိုလည်း နောက်ဆက်တွဲ ကြားသိရတယ်။

'တန်ဖိုးတော့ ကျွန်တော်တို့ မမှန်းတတ်ဘူးဗျာ' ဆိုတဲ့ ဆရာဝန့်ဟန်ဟာ အဖွင့်ခက်သံဖြစ်မှန်း အတပ်သိနားလည်လိုက်မိသလို အဆုံးမတော့ ထိုဆရာဝန်ရဲ့ အကြံပြုမှုအပေါ်မှာ လိုက်နာလက်ခံလိုက်ပြီး ထိုဆရာဝန် ညွှန်လိုက်တဲ့ မေဓာဝီဈေးထိပ်ရဲ့ တစ်ဖက် လမ်းမတန်းပေါ်က ဆေးဆိုင်ဆီ လင်မယားနှစ်ယောက်သား အသော့နှင်ခဲ့ရပြန်တယ်။ 'ဆိုင်မှာလည်း ဆေးအဆင်သင့်ရှိနေမယ်၊ ဝယ်ယူသူကလည်း ငွေနိုင်မယ်ဆိုရင်တော့ဖြင့် လူနာအတွက်ရော၊ ကျွန်တော်တို့အဖို့ကော Very Good ပဲပေါ့ဗျာ။ တစ်ခုခု အံချော်ခဲ့ရင်တော့ ကျွန်တော်တို့ဘက်ပိုင်းက တစ်နည်းတစ်ဖုံ ထပ်မံစဉ်းစားကြည့်ရတာပေါ့လေ' တဲ့။ သောင်မတင် ရေမကျ နိုင်လှချည့်။

ဓာတ်ခွဲခန်း၊ အထူးကုဆေးခန်းဖြစ်မှန်း ဆိုင်းဘုတ်မြင်မှ သိတယ်။ ကောင်တာမှာ ထိုင်နေသူကို စာရွက်ထုတ်ပြပြီး ဆေးရှိ၊ မရှိ အရင်မေးလိုက်ရဲ့။ ရှိတယ်တဲ့။ တန်ဖိုးသင့်ကြည့်ခိုင်းတော့ ဘုရား . . . ဘုရား။ သုံးသောင်းနီးပါးမျှတောင်ပါလား။ အတိအကျဆိုရရင် ဆေးသုံးမျိုးရဲ့အဖိုးက နှစ်သောင်းရှစ်ထောင့်ငါးရာကျပ်တိတိ။ လက်ထဲမှာက ငါးထောင်တောင် မပြည့်ချင်တော့။ 'လက်ထဲပါတဲ့ငွေနဲ့ မပြည့်လို့ဗျာ' လို့ ကျောခိုင်းလှည့်ထွက်ချိန်မှာ 'ပြန်လာမယ်ဆိုရင် ရှစ်ခွဲမကျော်စေနဲ့ဗျာ၊ ဆိုင်က ကိုးနာရီပိတ်မှာ။ ဆီးစစ်ဖို့ကလည်းရှိသေးတယ်လေ' ဆိုတဲ့ ကျောဘက်ကပါလာတဲ့ အသံကို 'ဟုတ်' လို့ပဲ လှည့်ပြန်လှည့် အမြန်ပြန်ဖြေလိုက်ပြီး ဆေးရုံကို အပြင်းပြန်ခိုင်းခဲ့ရတယ်။

လမ်းမှာ 'ဘယ်လိုလုပ်ကြမလဲဟင်' ဆိုတဲ့ ဇနီးရဲ့ စိုးရိမ်သောကပွမ်းသော ထိုမေးခွန်းကို ခြေလေး၊ ငါး၊ ဆယ်လှမ်းမျှ တစ်ခါ အပ်ကြောင်းဆင့်လာလေတိုင်းလည်း မည်သို့မျှ အဖြေပြန်မပေးနိုင်ခဲ့။ အခန်းပြန်ရောက်တော့ ဇနီးသည်ကိုထားခဲ့ပြီး လှည့်လည်စစ်ဆေးနေတဲ့ ဆရာဝန်တွေ တစ်ပြုံတစ်မနောက်ကို အမောတကောလိုက်လံရှာဖွေရင်း အကြောင်းစုံ ဖွင့်ဟ,တင်ပြရပြန်တယ်။ ဆေးတွေကတော့ အသင့်ရှိပါတယ်။ မိမိတို့မှာ ပြည့်မီတဲ့ငွေလောလောဆယ်၌ ရှိမနေကြောင်း၊ နေအိမ်၌ အလွယ်တကူရှိသည့်တိုင် မကြာခင် ဆေးခန်းက ပိတ်တော့မှာမို့ ခုညအဖို့မှာတော့ ဘယ်နည်းနဲ့မှ ပြန်ရှာဖွေယူလာနိုင်လည်း အချိန်မမီတော့တဲ့အကြောင်း အိတ်သွန်ဖာမှောက်ပဲ သွန်ချပစ်လိုက်ရတယ်။ ဦးခေါင်းဆတ်ဆတ်ညိတ်ပြလေတဲ့ ဆရာဝန်ရဲ့ မျက်နှာပြင်ကိုသာ အမိပ္ပာယ်ဖော်မရစွာဖြင့် ငေးရီကာကြည့်နေမိခဲ့။

'ဘာလုပ်ရမလဲ ဒေါက်တာ' လို့တောင် ပြန်မေးဖို့ ခွန်အားတွေ ပျောက်ဆုံးနေလေရဲ့။ လှည့်ထွက်ခဲ့ပြီး လေးကန်တဲ့ခြေလှမ်းတွေနဲ့ အခန်းဆီပြန်ရောက်လာတော့ အခုန သတိမထားမိလေသော လူတစ်စုကို အခုမှပဲ သူမြင်မိတော့တယ်။ မေးမြန်းရှာဖွေပြီး လိုက်လာကြတဲ့ အိမ်အနီးနားက ရပ်ဆွေရပ်မျိုးလို ဖြစ်နေကြတဲ့သူတွေပါ။ ညည့်ဝတ်ကျေအောင်သာ အသိအမှတ်ပြုအပြုံးကို လှစ်ပြဖြစ်လိုက်ပေမဲ့ အသက်ကင်းမဲ့နေတဲ့ အပြုံးတုဖြစ်နေမှန်း ဘာသာသိလိုက်မိပေရဲ့။

သားဖြစ်တဲ့သူဆီ လှစ်ခနဲပဲ သူ့မျက်လုံးတွေရွေ့သွားပြန်ရဲ့။ ဘယ်လိုမှ နှလုံးကြည်မွေ့ဖွယ်မရှိပါဘူး။ ဘာပဲပြောပြော ရောက်စကနဲ့စာရင်တော့ စိတ်နည်းနည်းသက်သာသွားမိသလို သူ့ရင်တွေ အနည်းငယ်တော့ပေါ့သွားတယ်။ လျှပ်တစ်ပြက်လို့ ပြောနိုင်လောက်တဲ့ အဲဒီတဒင်္ဂအတွင်းထဲမှာပါပဲ။ မဆုံစည်းမိအောင်နေလာကြတဲ့ သားအဖနှစ်ယောက်ရဲ့ မျက်လုံးတွေက အဲဒီအခိုက်အတန့်လေးအတွင်းမှာပဲ တိုက်ရိုက်ပက်ပင်းကြီးကိုထိတွေ့သွားကြတယ်။ ကလယ်ကလယ်နဲ့ မြင်ရာလူတွေကို လိုက်လံကြည့်နေတဲ့မျက်လုံးတွေ။

ဒီလိုမျက်လုံးမျိုးကို သူတစ်နေရာမှာ မြင်ဖူးတွေ့ဖူးတယ်လို့ စိတ်က ထင်လိုက်မိတယ်။ ဘယ်တုန်းကလဲ၊ ဘယ်အချိန်၊ ဘယ်နေရာမှာလဲ။ ဖျတ်ခနဲ ပြက်ထင်ပေါ်လာတယ်။ ဟုတ်တယ်။ အသေအချာရယ်ပါပဲ။ ဒီလိုမျက်လုံးမျိုး၊ ဒီအကြည့်တွေမှအစစ်။ တစ်ခါဆီက ကင်းတဲရှေ့က လမ်းမီးတိုင်ရဲ့ ဘတ်သီးကို မှုးမှုးရှူးရှူးနဲ့ ပစ်ပေါက်ခွဲလာတဲ့အပြစ်နဲ့ ဒီကောင် အိမ်ပြန်ရောက်ပြီး သိပ်မကြာ အဲဒီလမ်းထဲက လူတစ်စုရဲ့ တိုင်တန်းမှုကြောင့် ရဝတရုံးထဲ ရောက်



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက်အလှူ (၁၁) မျိုး၊ဘက်စုံအလှူ(၁၁၁၀၀၀/ –)နှုန်းနှင့်
ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့်
နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျူစွာချောင်
ဖုန်း၀၉–၂၁၃၂၈၇၆၊၀၉–၄၅၀ ၂၀၈၃၇၊၀၉–၉၁၀၄၃၈၃၇

### မန္တလေး

ဦးမြင့်စိုး(ဗိုလ်မှူးလှဲ)ဖုန်း၀၉–၉၁၀ ၂၈၈၀၈၊ ဒေါ်တင်ဝင်း(လှေထု)ဖုန်း၀၂–၃၉၈၇၀၈၊ ဒေါ် ရီရီမြင့်(သွင်စက်မှုလက်မှု)ဖုန်း၀၉–၂၀၀၈၇၁၈

### ရန်ကုန်

သီဟသုဓမ္မသီရိ သီရိသုဓမ္မသီရိ ဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ)(မှတ်၉၈၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်း)၀၁–၅၅၄၁၉၇/၀၉၄–၅၁၁၃၅၁၀)
ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာယံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉–၅၁၅၂၂၇၇၊ ၀၉–၇၉၉၂၅၇၂၀၃)
ဒေါ်ခင်စန်း (AMBO Hotel) အမှတ်–၈၁/အေ–၁၀၊ စုပေါင်းလမ်းသွယ်၊ အင်းယားမြိုင်၊ဗဟန်း။ ဖုန်း၀၉–၅၁၂၂၀၀၁၊၀၁–၅၁၆၆၈၈)
ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၉–၇၁၀၇၂၄၉၂၊ ၀၉–၇၉၀၈၆၂၁၁)
ဒေါ် မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း ၀၉–၇၁၁၀၉၁၁၄၊၀၉–၂၆၀၉၇၀၁၂၅)
ဒေါ်စန်းစန်းဒိုင်(Real Gems)(အေ–၁၀၊ အမှတ် ၂၃–၂၅၊ ဂျိုးဖြူရိပ်သာ၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း၀၁–၂၉၂၂၅၂၊၀၉–၅၀၈၂၂၄၁၊၀၉–၇၉၅၅၁၃၂၈၆)
ဒေါ်ယဉ်ယဉ်နီ(ပွင့်ဦးရတနာ၊ဗိုလ်ချုပ်ဈေး၊ဖုန်း–၀၉–၂၅၀၇၉၃၈၇၃)
ဒေါ်ခင်မြရွှေ(အမှတ် ၂၅၊ကမ္ဘာ့ရိပ်သာ၊ဗဟန်း၊ရန်ကုန်၊ဖုန်း–၀၁–၅၄၃၉၂၀၊၀၉–၇၉၀၂၃၅၀၀၉)

## အလှူရှင်များ

၁။ "Michael Chu + Noreen Tan ထာဝရငွေပင်"
Dr. Michael Chu + Dr. Noreen Tan
Shannen Chu + Canon Chu — ၅,၀၀,၀၀၀/-
Staten Island, Newyork, U.S.A — (ငါးသိန်းကျပ်)

၂။ "သူဇာနိုင် ထာဝရငွေပင်"
ဒေါ်သူဇာနိုင်၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်။ — ၅,၀၀,၀၀၀/-
ယခင်လှူဒါန်းငွေ ၂ သိန်း၊ ယခု လှူဒါန်းငွေ ၃ သိန်း။ — (ငါးသိန်းကျပ်)

၃။ "ဇီဝိတဒါန အလှူရှင်များ ထာဝရငွေပင်"
ဇီဝိတဒါန အလှူရှင်များ
Dalay City, U.S.A — ၉,၀၀,၀၀၀/-
ယခင် လှူဒါန်းပြီးငွေ ၂ သိန်း၊ ယခု လှူဒါန်းငွေ ၇ သိန်း။ — (ကိုးသိန်းကျပ်)

၄။ ဆရာမ ဒေါ်ခင်ချိုအောင်အား ရည်စူး၍ — ၁,၃၁,၀၀၀/-
တပည့်များ ကောင်းမှု။ ဘက်စုံအလှူ ၁၁ မျိုး။ — (တစ်သိန်းသုံးသောင်းတစ်ထောင်)

www.burmeseclassic.com

www.burmeseclassic.com

၅။ "ဦးယုထော် + ဒေါ်ကျင်နု မိသားစု ထာဝရငွေပင်"
ဦးယုထော်နှင့် ဒေါ်ကျင်နုအား ရည်စူး၍
(သား)ပါမောက္ခ Dr.နေဇင်လတ် + ဒေါ်ခင်စန်း မိသားစု
အမှတ် ၈၁/A-၁၀၊ စုပေါင်းလမ်း၊ အင်းယားမြိုင်၊ ဗဟန်း၊ ရန်ကုန်။ ၁၃,၀၀,၀၀၀ိ/-
ယခင် လှူဒါန်းပြီးငွေ ၁၀ သိန်း၊ ယခု လှူဒါန်းငွေ ၃ သိန်း (တစ်ဆယ့်သုံးသိန်းကျပ်)

၆။ "ဦးမြင့်သိန်း+ဒေါ်တင်ရီ(သမီး) ဒေါ်သင်းသင်းမြင့် ထာဝရငွေပင်"
အမှတ် 20322, Deervale Ln, Huntingten Beach, C.A 92646, U.S.A ၇၃,၇၇,၆၀၀ိ/-
US$ 5300 နှင့် ညီမျှသောငွေ။ (ခုနစ်ဆယ့်သုံးသိန်း ခုနစ်သောင်း ခုနစ်ထောင့်ခြောက်ရာကျပ်)

၇။ "အိန္ဒာခန့်@ညီညီ ထာဝရငွေပင်" ၁၁၅,၂၃,၁၄၆/-
(EINDAR KHANT@Nyi Nyi) (တစ်ရာတစ်ဆယ့်ငါးသိန်း နှစ်သောင်း
Florida, U.S.A သုံးထောင့်တစ်ရာလေးဆယ့်
ယခင် လှူဒါန်းငွေ ၄၅ သိန်း၊ ယခု လှူဒါန်းငွေ US $ 5000=သိန်း၇၀၂၃၁၄၆ ခြောက်ကျပ်)

၈။ "သိဂီစောစုရင် ထာဝရငွေပင်"
Dr.မသိဂီ(Asst Prof: ABAC)နှင့် ချစ်သော အဘွား ဒေါ်စုကြည်နှင့်
အဘွား ဒေါ်စောရင်တို့အား ရည်စူး၍ ၁၆,၅၀,၀၀၀ိ/-
မိဘဆွေမျိုး မိတ်ဆွေများမှ လှူဒါန်းပါသည်။ (တစ်ဆယ့်ခြောက်သိန်း ငါးသောင်းကျပ်)

၉။ "မောင်နဲ့မ ထာဝရငွေပင်"
ဦးလှမိုး+ဒေါ်ခင်မလေး အား ရည်စူး၍ သားသမီးမြေးများမှ လှူဒါန်းပါသည်။ ၁၁၀,၀၀,၀၀၀ိ/-
ယခင်လှူဒါန်းငွေ ၁၀ သိန်း၊ ယခု လှူဒါန်းငွေ သိန်းတစ်ရာ။ (သိန်းတစ်ရာ့တစ်ဆယ်ကျပ်)

၁၀။ "ဒေါ်မြစိန် ထာဝရငွေပင်"
ဒေါ်မြစိန် အငြိမ်းစား ကုန်သွယ်ရေးမန်နေဂျာ
၈၄၊ ဝါးတန်းလမ်း၊ ရန်ကုန်မြို့မှ သား မောင်ဘုန်းနိုင်
ကွယ်လွန်ခြင်း ၁၁ နှစ်မြောက်ကို ရည်စူး၍ ၄၅,၀၀,၀၀၀ိ/-
ယခင် လှူဒါန်းငွေ သိန်း ၄၀၊ ယခုလှူဒါန်းငွေ ၅ သိန်း။ (လေးဆယ့်ငါးသိန်းကျပ်)

၁၁။ ဦးပဥ္စင်း ဦးကောဏ္ဍညဓဇ@George Chan Min
(Dhama Nanda Vihara)
17450 Cabrillo Hwy S.
Half Moon Bay, CA 94019, U.S.A
ယခင် လှူဒါန်းငွေ US $ 100= 136000/- ၄,၁၇,၈၀၀ိ/-
ယခု လှူဒါန်းငွေ US $ 200= 281800/-။ (လေးသိန်း တစ်သောင်း ခုနစ်ထောင့်ရှစ်ရာကျပ်)

၁၂။ ဘိုကျင် ရီ ထာဝရငွေပင်"
ဦးဘိုကျင်(အငြိမ်းစား အင်ဂျင်နီယာချုပ်)+ဒေါ်ခင်ရီ မိသားစု
Duplex ၄-ဘီ၊ သစင်လမ်းသွယ်၊ ပန်းလှိုင်လမ်း။
ရွှေသံလွင် အထူးအိမ်ရာ၊ စမ်းချောင်း။ ၆၀,၀၀,၀၀၀ိ/-
ယခင် လှူဒါန်းပြီးငွေ ၅၅ သိန်း၊ ယခု လှူဒါန်းငွေ ၅ သိန်း။ (သိန်းခြောက်ဆယ်ကျပ်)

၁၃။ "ဒေါ်နန်းခမ်းအေး ထာဝရငွေပင်"
ဒေါ်နန်းခမ်းအေး မိသားစု။
ယုဇနပလာဇာ၊ "နှင်းချယ်ရီ"။ ၅,၀၀,၀၀၀ိ/-
ယခင် လှူဒါန်းငွေ ၁ သိန်း၊ ယခု လှူဒါန်းငွေ ၄ သိန်း။ (ငါးသိန်းကျပ်)

၁၄။ "မင်္ဂလာသုခ ဝိဟာရ ထာဝရငွေပင်"
မင်္ဂလာ သုခဝိဟာရကျောင်းတိုက်။ ၄၇၄·၄-
Perth, Australia. (လေးရာခုနစ်ဆယ့်လေး
ယခင်လှူဒါန်းပြီးငွေ ၄၃၄-၄ သိန်း၊ ယခု လှူဒါန်းငွေ သိန်း ၄၀။ ဒသမ လေးသိန်းကျပ်)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

သွားစဉ် မြင်မိခဲ့လေတဲ့ အရောင်မျိုးတွေပါပဲ။ မအေက သမီးလတ်ကို အဖော်ခေါ်ပြီး ရဝတလူကြီးကို ခြေသလုံးဖက်တောင်းပန်တိုးလျှိုးဖို့ရာ အရင်ရောက်သွားနှင့်ကြတယ်။ 'သူ့ထိုက်နဲ့သူ့ကံ ရှိပါစေ၊ မနေနိုင်တဲ့သူ လိုက်ကြ' လို့ ဇနီးကို အပြတ်ပြောလွှတ်လိုက်ပေမဲ့ အဆင့်ရောက်လာလေသူက အုပ်ထိန်းသူ ဖခင်ကိုယ်တိုင် ကြွခဲ့ပါဆိုတဲ့ အတွက်ကြောင့်မို့ မပယ်ရှားသာတော့လို့ ရုံးခန်းထဲရောက်ရှိသွားစဉ် တွေ့ခဲ့လိုက်ရတဲ့ မျက်လုံးမျိုးတွေပေါ့။ ဒီအဖြစ်တွေအတွက် ထွန်းလူ ဘယ်သူ့ကိုမှ မရှက်ရွံ့မိပါဘူး။ လူတွေကြားထဲ သားဆိုးတစ်ကောင်ကြောင့် သိမ်ငယ်စိတ်တွေနဲ့ မျက်နှာမဖော်ရဲတာတစ်ခုရယ်ပါပဲ။ အခြားခံစားမှုဆိုတာ ထွန်းလူရင်ဘတ်ထဲ ဘာမှကိုမရှိခဲ့ပါဘူး။ စေ့စေ့လှမ်းကြည့်ဖြစ်လိုက်ချေတော့ မခုတ်တတ်တဲ့ကြောင်ပမာ။ ခုမှ သူ မဟုတ်တော့သလိုမျိုး။ အခုလည်း အသနားခံတောင်းပန်တိုးလျှိုးနေဟန်ပြနေတဲ့ အဲဒီလို မျက်လုံးမျိုးတွေရယ်လား။ မိုက်နောင်တကို ရနေတဲ့ ခွင့်လွှတ်ဖို့ရာ တောင်းဆိုနေသော အဲဒီအချိန်ခါက မျက်လုံးမျိုးလေလား။ ကြောက်ရွံ့တုန်လှုပ်ခြင်းတွေ ထင်းပြနေတယ်လို့လည်း ထင်ရခြေရှိလေတဲ့ ထိုချိန်က မျက်လုံးမျိုးတွေပေလား။ ဘာဆိုတာကို အပီမဖမ်းဆုပ်တတ်နိုင်ခဲ့ရတဲ့ အဲဒီအကြည့်တွေနဲ့ ထွန်းလူ ဆုံလိုက်ရပြန်ချေပြီ။

သူ အခန်းပြန်ရောက်ပြီး

t ckv nf
t oem;cH
awmifyefwkdv d
ae [ efyaewb
t JDv kd
r uf v krdpawG
& , fvm;
rkd u faemifw ukd
&aewb
cGfv Twzkdm
awmifqkdeaom
t JDcdf u
r uf v kdpav vm;
a umu &G
wkfvlyfcifawG
x ifyaew , f
vkW nf
x i&ajc&Sv wb
x kdefu
r uf v krdpawG
ay vm;

မရှေးမနှောင်းမှာပဲ ဆရာဝန်တစ်သိုက် လိုက်ချလာလေရဲ့။ ဒီကောင့်အပေါ်မှာ စုဝိုင်းကြပြန်ပြီး သူတို့ချင်း အမေးအဖြေတွေနဲ့ သင်တန်းတွေ လက်တွေ့ပို့ချ ဆက်လုပ်နေကြတာကို ရင်မောစွာနဲ့ပဲ ရောက်ကတည်းက ခြေစုံချမိတဲ့နေရာလေးမှ ငေးရပ်ကြည့်နေမိတယ်။ လုပ်စရာတွေပြီးပြတ်သွားတဲ့အခါမှာတော့ ဆရာဝန်တစ်စုလုံး အခန်းထဲမှ ပြန်လည်ထွက်ခွာလို့ သွားကြတယ်။ အခန်းပေါက်ဝမှာ ကျောက်ရုပ်လို တစ်ယောက်တည်းရပ်နေတဲ့ သူ့ကို လက်ထောက်ဆရာဝန်က 'မနက်ဖြန် မနက်တော့ အခုန ဆေးတွေပါလာနိုင်အောင် ကြိုးစားခဲ့စေချင်တယ်ဗျာ' ဆိုတဲ့စကားကို ကပ်ပြီးပြောသွားသေးတယ်။

အခန်းထဲက နာရီက ကိုးနာရီကျော်ပြဆိုနေချိန်မှာတော့ အတော်လေးတိုးတက်လာတဲ့ အခြေအနေကို မြင်ရတယ်။ လိုက်လာခဲ့ကြသူတွေကိုလည်း အားနာရပြီ။ ကျန်ခဲ့တဲ့ကလေးတွေဆီသို့လည်း စိတ်က ပြန်ရောက်နေပြီ။ အချိန်ကလည်း မနည်းတော့ပြီမို့ ဇနီးသည်လက်တို့ပြီး ပြန်ဖို့ အစီအစဉ်ကိုဆွဲချလိုက်ရတယ်။ 'အားလုံးပဲ ပြန်ဖို့လုပ်ကြတော့။ ငါ ဒီည စောင့်ကျန်ခဲ့မယ်' လို့ ထွန်းလူ ပြောလိုက်တယ်။ ဟုတ်တယ်လေ၊ ကလေးတွေကိစ္စက ဇနီးသည် အိမ်မှာရှိမှ ဖြစ်မှာ။ ချွေးမကို ညအစောင့်ထားခဲ့ဖို့ရာကျပြန်တော့လည်း မိုးလင်းတာနဲ့ အလုပ်ကိုတန်းဝင်ရဦးမှာမို့ ဒဏ်ခံနိုင်မှာမဟုတ်။ သူ့ရဲ့ ထိုအစီအစဉ်ကို ဇနီးဖြစ်တဲ့သူက 'ဘယ်ဖြစ်မှာလဲ အစ်ကို၊ စကားမပြောကြသူချင်း အစ်ကို စောင့်ကျန်ခဲ့ရင် အစ်ကိုတို့နှစ်ယောက်လုံး အတွက် ဘယ်လိုမှ အဆင်မပြေနိုင်ပါဘူး' တဲ့။ ဒါလည်း ဟုတ်တာပဲလေ။ ချွေးမဖြစ်လေသူကပဲ ကြားဝင်လာပြီး 'သမီးပဲ စောင့်နေလိုက်ပါ့မယ်လေ၊ စက်ရုံကိုလည်း မနက်ကျမှ ဒီကနေပဲ ဖုန်းနဲ့ လှမ်းခွင့်တင်လိုက်တော့မယ်' လို့ ဆိုတယ်။ သို့မို့ကြောင့်လည်း ညစောင့်မယ့် ကိစ္စက ကောင်မလေးပဲ ကျသွားလေရဲ့။

ဆေးရုံက ပြန်ထွက်လာခဲ့ကြတော့ ညဆယ်နာရီနားချဉ်းပြီ။ လိုက်လာကြသူတွေ အတင်းငြင်းဆန်တဲ့ကြားက မေဓာဝီဈေးလမ်းထိပ်က ညလုံးပေါက် လက်ဖက်ရည်ဆိုင်မှာ ညစ်ဝတ်ပြုခဲ့ပြီး အိမ်ပြန်ရောက်ကြတော့ပဲ ၁၂ နာရီနားကပ်ခဲ့ပြီ။ လမ်းတစ်လျှောက်ရှိ နီယွန်မီးတွေက ထိန်ညီးပြီး အလင်းဆောင်နေကြပြီး အိမ်အရောက် လမ်းပြကြပေမဲ့ ဒီရင်မှာကတော့ အမှောင်။

❑

မိမိကိုယ်မိမိ သိပ်ပြတ်လှပြီရယ်လို့ ထွန်းလူက ထင်ထားခဲ့တာ။

အဲ··· ထင်တာ မဟုတ်ဘူး၊ အဲလိုကို ယုံကြည်မိတာကလား။

သူ့ရဲ့ အပြင်ပန်းသွင်ဟန်က လေတိုက်ရင်ပဲ လဲပြိုသွားမယ့်ပုံစံပေါက်နေချင်ပေါက် ပေမဲ့ သူ့အတွင်းစိတ်သန္တာန်ကတော့ ပျော့ရင်ဖယောင်း၊ မာရင် သံချောင်းပမာကဲ့သို့ပဲ။ တွဲလက်တွေနဲ့ မြဲအောင် သူ အနှာခံပေါင်းတယ်။ ဝန်းကျင်နဲ့ လိုက်လျောညီထွေနေတယ်။ တွေ့တဲ့လူနဲ့ အဆင်ပြေချောမွတ်အောင် ဆက်ဆံတယ်။ အဲဒီလိုတွေ နေထိုင်ပြုကျင့်နေတဲ့ကြားကမှ တစ်ခါက နှစ်ခါ၊ နှစ်ခါမက သုံးခါထက်ကျော်လွန်လာတဲ့ ရှေ့ဆက်လက်တွဲပေါင်းဖက်လို့ မရနိုင်တော့ဘူးလို့ ကွက်စရာတွေ အဖြူရောင်နှလုံးသားထဲကို ဝင်ရောက်လာပြီဆိုရင်တော့ ကိုယ်ကာစ ဟန်ဆောင် အပြုံးတောင်မှ ပြုံးမပြချင်တော့တဲ့



www.burmeseclassic.com

www.burmeseclassic.com

သူ။ ကိုယ့်စိတ်က သည်းခံနိုင်အားတွေမဲ့ပြီ ဖြစ်လာတဲ့အဆုံးတစ်ဖက်လူ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ထောင်းခနဲသာပဲ။

ထွန်းလူက စည်းစနစ်ရှိတယ်။ ဘယ်အရာ၊ ဘယ်ကိစ္စမဆို ရှေ့နောက်ကို အရင်မျှော်ပြီး ကြည့်တတ်လေ့ရှိတယ်။ မပြုကျင့်ခင် သေချာပိုင်းဆစ်တတ်တဲ့ ဉာဉ်ကယတိပြတ်ဆုံးဖြတ်ချက်ကို ချလိုက်ပြီဆိုရင်တော့ သူ့ကိုတွေဝေမနေစေတော့ဘူး။ မှားတယ်ပဲဝေဖန်ဝေဖန်၊ မှန်တယ်ပဲတွန်းအားပေးပေး ကျွံသွားတဲ့ခြေတစ်ဖဝါးရဲ့နောက်မှာ နောက်ခြေက တစ်ထပ်တည်းကျပြီးသားပဲ။ အဆုံးပိတ်မှာ ဖြစ်လာတဲ့ကောင်းဆိုးရလဒ်ကိုပဲ အဲဒီချိန်ခါကျမှ သူက လက်ခံတတ်တယ်။ အဲဒီချိန်ခါကျမှပဲ ပုထုဇဉ်လူသားပီပီ ကြေကွဲစရာရှိအံ့ကြိတ်တင်းခံ၊ စံစရာရှိရင်လည်း ဝမ်းမြောက်ပျော်ပိုက်ဖြစ်ရ။ သူ့စိတ်က အဲဒီလိုသာပ။

ရိုးတွင်းခြင်ဆီထိ စူးနစ်နေပြီဖြစ်တဲ့ သူ့အဲဒီစိတ်ဓာတ်ဟာ မှန်လား မှားလား၊ ကောင်းလား ဆိုးလားဆိုတာကိုတော့ ထွန်းလူက ခုအသက်အရွယ်ထိ တစ်ခါမှမဆန်းစစ်ကြည့်ခဲ့မိဖူးဘူး။ သိပ်မမှတ်မိတော့တဲ့ ငယ်ဘဝရဲ့ စာမျက်နှာတွေကိုတော့ ထားတော့။ ခုနောက်ပိုင်း ဖြတ်သန်းကာလတွေထဲမှာတော့ အဲဒီလို ဝံ့ရဲပြတ်သားတဲ့စိတ်ဓာတ်ကြောင့် မို့ပဲ အနက်ရောင်ထ,နေတဲ့ သူ့ဘဝက အခုလို ကြယ်တစ်ပွင့်မှူလောက်တော့ လင်းကျင်းလို့ လာခဲ့တာပဲလို့ ကိုယ့်လုပ်ရပ်တွေအပေါ် အမှန်လို့ပဲမြင်၊ ပီတိစိတ်တွေ ထင်ဟပ်လာခဲ့ရတာ သူ အကြိမ်ကြိမ်။

ပြောရင် ယုံကြမယ် မထင်ဘူး။ အိမ်ငှားသံသရာလည်နေတဲ့ကြားမှာ စပေါ်ငွေတောင် ပျောက်လုလု အနေအထားထဲမှာ ပေါ်ပေါက်လာတဲ့ အခွင့်အရေးတစ်ရပ်ကို သူမျက်စိစုံမှိတ် အမိအရဖမ်းဆုပ်ပစ်ရဲတဲ့ စိတ်ဓာတ်ကြောင့်မို့ပဲ အိုးပိုင်အိမ်ပိုင်လေးမှသည် ဒီအခြေထိ ရဲဝံ့ခြေလှမ်းတွေနဲ့ တက်လှမ်းရောက်ရှိလာခဲ့တာပဲပေါ့။ ရပ်ကွက်တွေထဲ လှည့်လည်ပြီးမီတာဘောက်စ်တွေ ချပေးစဉ်တုန်းကလည်း သူ့လက်ထဲထိုနည်းလည်းကောင်းပဲ။ ဒါပေမဲ့ သတ်မှတ်ရက်တိုလေးအတွင်းမှာ ပိုင်ဆိုင်နိုင်အောင် သူ ရဲတင်းတဲ့ဆုံးဖြတ်ချက်တွေနဲ့ ဉာဏ်ရည်တွေထုတ်သုံးနိုင်ခဲ့တယ်။ ဒီနှစ်ထပ်အိမ်လေးဆောက်နိုင်ခဲ့တုန်းကလည်းပဲ သူ့ရဲ့ပြတ်သားတဲ့ လုပ်ချက်တွေကြောင့်ပဲလေ။ ဆန္ဒတွေသာ အချိန်ပြည့်ရှိနေမိပြီး ပြည့်မီတဲ့ငွေကိုသာ လက်ထဲ ပြည့်လာအောင် စောင့်နေရရင် ခုချိန်ထိတောင် တစ်ထပ်အိမ်ကလေးအဖြစ်ကနေ အရောင်ပြောင်းလာလိမ့်မယ် မထင်ဘူး။ ရရစားစား ဘဝသမားဆိုတော့လည်း အပိုအလျှံဆိုတာက လက်ထဲ ဘယ်တုန်းကမှ ဆုပ်ဆုပ်ခဲခဲနဲ့ မရှိခဲ့ဘူးပေါ့။ အဲဒီလိုမျိုးဖြစ်နေတတ်တဲ့ချိန်မျိုးတွေမှာပဲ ပေါ်ပေါက်လာခဲ့တဲ့ အခွင့်အရေး၊ ပြင်းစွာ တပ်မက်လာတဲ့ဆန္ဒ၊ လုပ်လိုက်ရမှ ကျေနပ်နိုင်တော့တဲ့ ရူးသွပ်မှုတွေအပေါ်မှာ ဆုံးဖြတ်ချက်ရဲရဲတွေနဲ့ မိုက်မိုက်ကန်းကန်းပဲ ပစ်တိုးပြီး အောင်ပွဲတွေဆင့်လာခဲ့တာချည်းဆိုတော့ အဲဒီ အချိန်တုန်းကလည်း 'နင်တို့ရဲ့ အိမ်လေးသာ နှစ်ထပ်အိမ်လေးဆိုရင် ဘယ်လောက်ကောင်းမလဲ။ ကိုယ့်လူရင်း ဖြစ်တဲ့သူအိမ်မှာပဲ ငါတို့ လာငှားနေချင်တော့တယ်' ဆိုတဲ့ တစ်ချိန်က ထရံတစ်ချပ်ခြား အိမ်ငှားဘဝတွေအဖြစ်နဲ့ နေခဲ့ကြသူရဲ့ နှုတ်ဟ,အစလေးကိုနင်းပြီး ထ,ဆောက်ခဲ့တာ။ အခံလုံးဝရှိမနေတာထက်စာရင် ကြိုပြီး လက်ထဲထည့်ပေးမယ့် စပေါ်ဆိုတဲ့ ငွေအပြည့်ကြောင့်ပဲ ထပ်ရှာရနှစ်ချိုးပေါ့လို့ အားမာန်ထည့်ပြီး ဆွဲလွဲရင်းနဲ့ကို ဒီနှစ်ထပ်အိမ်လေး အထ,မြောက်ဖြစ်သွားတာ။ တစ်ခုတော့ ပြောစရာရှိရဲ့လေ။ ပိုင်ဆိုင်မှုတွေ တစ်ခုချင်းစီရဲ့ ရာဇဝင်မှာ ငွေပုံကိုကြည့်ပြီး ဖန်တီးရတာချည်း မဟုတ်ခဲ့လေတော့လည်း ပြေချောမှုတွေကတော့ ဘယ်လာရှိပါလိမ့်မလဲ။ အဆုံးမသတ်နိုင်မီစပ်ကြားဆန္ဒနဲ့မမျှအောင် သောကတွေကိုတော့ ပိုးခဲ့ရတာချည်းပဲပေါ့။ အခွင့်အရေးဆိုတာ ပေါ်လာတတ်ခဲတာမို့ လျှပ်တစ်ပြက် ဦးနှောက်ဉာဏ်တွေနဲ့ အလှည့်အပတ်တွေပြုခဲ့ရပြီး အကောက်အကွေ့တွေနဲ့တော့ သူ့မှတ်တမ်းတွေကို မင်နီမစွန်းပေစေခဲ့ပါဘူး။ သူ့ရဲ့မှုကတော့ ခံရဲရင်စံရမှာပဲဆိုတဲ့ နှလုံးကိုသွင်းပြီး ရဲရဲတင်းတင်းပဲဆုံးဖြတ်လို့ ပြတ်ပြတ် ပြင်းပြင်းနဲ့ကိုချီခဲ့တာချည်း။ သူ့ရဲ့ဘဝအခြေ အဲဒီလောက်ထိ မြင့်မားလာခဲ့မှုတွေကို အတွင်းကျကျသိထားကြသူတွေထဲမှာသာ စာစီတတ်သူရှိခဲ့ရင် ဝတ္ထုတစ်ပုဒ်တော့ ကောင်းကောင်းဖြစ်ရဲ့။ သူက မိမိရဲ့ဘဝကိုတစ်မိပေါက်မှာ တစ်ယောက်ထွန်းတဲ့လူတစ်ယောက်ဖြစ်အောင် ကြိုးဆရင်း ကြယ်တစ်လုံးလို လင်းတောက်ရအောင်ကြိုးစားနေခဲ့တဲ့သူ။

အဲဒီလိုမျိုးစိတ်ဓာတ်တွေနဲ့ ဘဝကို တက်လှမ်းခဲ့ရတဲ့လူတစ်ယောက်မှာ ကိုယ့်မြင်းကိုယ် ထင်ရာစိုင်းနေတဲ့မျက်မှောက်က မိမိရဲ့ သားရင်းချာဖြစ်လေတဲ့သူအပေါ် ထွန်းလူ ဘယ်လိုမနောနဲ့ ဖော်တွေးပေးနိုင်ပါ့။ ဘယ်လိုရှုထောင့်မှ ဘယ်လိုအမြင်တွေနဲ့ဘဝင်ကျကြည်လင်နိုင်စိတ်တွေကို မွေးရလေမလဲ။ လူလွတ်တုန်းကလည်း ဒုက္ခတွေအလီလီပေးခဲ့။ အနှောင်အဖွဲ့နဲ့ ဖြစ်လာပြန်တော့လည်းပဲ အဆွယ်အပွားတွေအတွက် သောကတွေက ထပ်ဆင့်တိုးရ။ မိဘတွေကိုပြန်လှည့်ကြည့်ဖို့ဆိုတာဘေးဖယ်ထားတော့။ ကိုယ့်အိမ်ထောင်တစ်ခုလေးအပေါ်မှာတောင် ဘာတာဝန်မှမကျေ။ သူ့ရဲ့ ရင်သွေးတွေဖြစ်တဲ့ ကလေးနှစ်ယောက်တို့ရဲ့ ရှေ့ရေးကိုမှ မတွေး။ မိမိဘဝ တိုးတက်မြင့်မားလာလိုဆန္ဒတွေ လုံးဝကိုမရှိ။ သောက်မယ်၊ စားမယ်၊ မူးရင်ရမ်းကားမယ်ဆိုတဲ့ အဲဒီကောင်ကို ထွန်းလူ မျက်နှာလွှဲနေပစ်လိုက်တာပဲ နှစ်အလီလီရှိပြီ။ မိန်းမသားဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

မိခင်ဖြစ်သူ ဇနီးသည်ရဲ့ဘက်ကို လှည့်တွက် ဖြေလျှော့ရင်းနဲ့သာပဲ တစ်မိုးအောက်ထဲမှာ မကြည့်ချင် မြင်နေမိလျက်သား ဆိုတာလို ဖြစ်နေရတာ။

ဒီကနေ့ဆိုလည်းကြည့်၊ ကောင်မလေးခမျာ လစာငွေကို လက်ထဲမှာတောင် ပူအောင်မကိုင်လိုက်ရရှာဘူး။ မိမိတို့က အပေးအကျွေး မလွှတ်ရတဲ့အပြင် ကြားထဲကအဆစ်။ လက်ထဲက တစ်သောင်းကျော်နဲ့ DVD စက်ကလေး ပြေးပေါင်လိုက်ရတဲ့အဖြစ်။ ဝယ်လာတဲ့ သီချင်းခွေလေးတောင် စင်ပေါ်မှာ ဒီအတိုင်း။ ဒီ့ထက် သူ့ရင်လှိုင်းပိုခတ်နေရပြန်တာက နောက်ထပ် သုံးလေးရက်လောက်နေရင်ပဲ နှစ်ဖက်စလုံး ပြန်နုတ်မရတော့တဲ့ စကားတစ်ခွန်းက ခုချိန်မှာ သောကဆိုက်ရပြီလေ။ အိမ်ငှားတစ်ဦးက ပြန်ဆင်းတော့မှာ။ ရက်တောင်သတ်မှတ်ပြီးကြပြီ။ စပေါ်ရဲ့ ခုနှိမ်ငွေတွေ နုတ်လိုက်ရင် ပြန်အမ်းဖို့ငွေက လက်ထဲ အဆင်သင့်ရှိမနေပေမင့် အကြောင်းတော့မဟုတ်။ ပွဲစားနဲ့ ပြန်ချိတ်ထားတဲ့ နောက်တက်ရောက် လာမယ့်သူတွေနဲ့ တိုင်ပင်မကိုက်သည်ရှိလည်း အပြင်၌ ပြူးပြူးပြဲပြဲ ရှာဖွေရန်မလို။ ကြည့်နေတဲ့ စက်ကလေးနှစ်လုံးကို အပေါင်ဆိုင် ခေတ္တသွားပို့ဖို့ ဦးခေါင်းထဲ အဆင်သင့်ထည့်ထားပြီးသား။ ခုတော့…။

တစ်လုံးက မထင်မှတ်ဘဲ ဒီကောင့်ကိစ္စနဲ့ အရင်သွားနှင့်လေပြီ။ ကျန်တဲ့တစ်လုံးကရော။ အိမ်ငှားအတွက်ကိုပဲ ပြန်အမ်းဖို့ အဆင်သင့်အဖြစ်နဲ့

'Dumif
r:ufvkdwG
b,fvkd
t"dyÜ,fawGJ
toem;cH
awmifyef
wkdvkdpdaewJ
tunfawG&Sdif
tvDDvmvm
rkdufwGefeufae
olukd
cGifvTwfoifhUvm;
rkdufaemifwawG
&aewJ
rufvkH;rsd
zpfae&ifa&m
'Dumifhpdwfukd
yoD;tuifrJ
,Hkyefavrvm J

ကုတ်ကတ်ထားရလေမလား၊ မနက်ဖြန် ဒီကောင့်အတွက်ကိုပဲ သွားရတော့မလား ထွန်းလူ ဝေခွဲမရနိုင်။

ဒီကောင့် မျက်လုံးတွေက ဘယ်လိုအဓိပ္ပာယ်တွေလဲ။ အသနားခံတောင်းပန်တိုးလျှိုးနေတဲ့ အကြည့်တွေဆိုရင် အလီလီအလာလာ မိုက်တွင်းနက်နေသူကို ခွင့်လွှတ်သင့်ရဲ့လား။ မိုက်နောင်တတွေရနေတဲ့ မျက်လုံးမျိုးဖြစ်နေရင်ရော ဒီကောင့်စိတ်ကို ပသို့အကြွင်းမဲ့ ယုံရပြန်လေမလဲ။ ကြောက်ရွံ့တုန်လှုပ်ခြင်းတွေ ထင်းပြနေသလိုရှိတဲ့ မျက်လုံးပိုင်ရှင် အမှန်တကယ်ဖြစ်ခဲ့ရင်လည်း ပြတ်ပြတ်စဲစဲပင် ဆက်၍ ပြုမူနေလိုက်ရမလား။ မတိကျတဲ့ မေးခွန်းများရဲ့အဖြေကို သူဘာမှ ပိုင်ပိုင် မဖမ်းဆုပ်မိ။

ဧည့်သည်တွေကို ဧည့်ဝတ်ပြုရင်းက လက်ဖက်ရည်ဆိုင်မှာ မိမိ နှုတ်ဖွင့်ခဲ့ဖူးသလိုသာပဲ။ 'အချိန်ကလည်း လက်မတင်လေးမီသွားလို့။ ငွေကလည်း နိုင်သွားပေလို့မို့သာပေါ့ဗျာ။ ကံလေးကလည်း ဒီကောင့်ဘက်မှာ ရှိနေသေးတယ်ထင်ပါ့။ နို့မဟုတ်ရင်တော့ ခုလောက်ဆို ဒီကောင် သွားပြီ။ ခုလိုခံစားရတာ မှတ်သွားရင် အကြောင်းမဟုတ်ဘူး။ ဒုက္ခပေးနိုင်ဖို့ အသက်ဆက်ပေးသလိုဖြစ်သွားရင်တော့ အားလုံးပဲ ဆက်စိတ်ဆင်းရဲကြရဦးမှာပဲ။ မနက်ဖြန်ကိစ္စကတော့ ကိုယ်တွေမှာကလည်း ကိုယ့်အပူနဲ့ကိုယ်ရှိနေပြန်တာဆိုတော့ ဒါနောက်ဆုံးပဲလေ။ မနက်ဖြန်ရဲ့ ကောင်းခြင်း၊ ဆိုးခြင်းကတော့ သူ့ရဲ့ကံကြမ္မာပဲလို့သာ သဘောထားလိုက်ရတော့မှာပဲ'လို့ ဟစ်ခဲ့တဲ့အတိုင်း ယတိပြတ်ချလိုက်ရမလား။

နှစ်ရှည်ကြာ စိမ်းကားပြတ်သားစွာ နေလာနိုင်ခဲ့တဲ့ လူတစ်ယောက်အပေါ်တွင် 'ဆရာဝန်က ဆေးတောင်ထိုးမပေးလိုက်တော့ဘူးဗျာ။ ဆေးရုံကို တန်းသွားခိုင်းတော့တာပဲ'ဆိုတဲ့ ဆိုက်ကားဆရာကြီးရဲ့စကားကို ကြားရခိုက်မှာတင် မိမိ ဘာဖြစ်သွားရတာလဲ။ တိုင်ပင်ခြင်းပင် မပြုနိုင်တော့ဘဲ မိမိရဲ့ လက်တွေက DVD ကြိုးတွေကို အလျင်စလိုပဲ ဘာကြောင့် ဆွဲဖြုတ်သွားဖြစ်ခဲ့တာလဲ၊ 'ဆေးရုံကဖုန်း'ဆိုတဲ့ အသံကြားလိုက်ရစဉ် ဒိန်းခနဲဖြစ်သွားတဲ့ ရင်နဲ့အတူ ကဆုန်ချပြေးသွားခဲ့မိသော ဖြေဖဝါးမှာ နာကျင်ခြင်းတွေကို သတိမပြုနိုင်ဘဲ ဖိနပ်ကို ကောက်စွပ်ဖို့ ဘာလို့အလောတကြီး မေ့သွားရတာပါလိမ့်။ လမ်းတစ်လျှောက်၌ ထွက်,ထွက်ကျတဲ့ နာရည်တွေကရော ဘာကြောင့်ပါလဲ။ အခေါ်မဆင့်ပါဘဲနဲ့ ဆေးရုံကိုလိုက်ချသွားမိလေသော မိမိရဲ့ အဖြစ်တွေကို ရုပ်ရှင်အနေးပြကွက်တွေလို တစ်ကွက်ချင်း ထွန်းလူ ပြန်မြင်လာတယ်။ ဒါဟာ မြစ်တစ်စင်းရဲ့ စီးဆင်းသဘော သဘာဝရယ်ပေပဲလား။ သဘာဝပြုစားမှုတွေကြောင့် လှိုင်းလုံးတွေ ဘယ်လောက်ပဲ ကြွထကြွထလာ ခဲ့ပေမင့်လည်း လှိုင်းလေငြိမ်သွားရင်တော့ဖြင့် ရိုးရာက မပျောက်ခဲ့သည်ပဲလေ။

အိုး… ဟိုအဝေးဆီမှ လင်းကြက်တောင် တွန်သံကြားလိုက်ရပြီပဲလေ။

ခုထိ သူ အိပ်ရာထက်သို့ မရောက်သေး။ သောကတွေနဲ့ ငုတ်တုတ်ငေးရင်း ဘာလုပ်ရမလဲဆိုတဲ့ အဖြေကို ခုထိ ထွန်းလူ ရှာမတွေ့သေး။ ကိုယ်စိတ်နှစ်ပါးလုံးက ငုတ်တုတ်မှိုးလင်းသွားချေမင့်၊ မြစ်တို့ရဲ့သဘောကို ပြက်ပြက်ထင်ထင်ပဲ နားလည်လိုက်မိသလို ရှိပေတည့် ပဟေဠိတစ်ပုဒ်လို အဖြေညှိလို့မရနိုင်သေးတာကတော့ မနက်ရောက်လာရင် ဆိုတဲ့ကိစ္စ။ ■

ကြည်ထွန်းလူ



www.burmeseclassic.com

www.burmeseclassic.com

# ရှုအသစ်



ဒီလမှာလည်း အကြောင်းအရာအားဖြင့် သမားရိုးကျ ရေးနေကျတွေကိုပဲ ဖတ်ရပါတယ်။ တစ်နိုင်ငံလုံးအတိုင်း အတာနဲ့ လတ်တလောဖြစ်နေတဲ့ အကြောင်းအရာတွေဟာ ရွှေအသစ်ဝတ္ထုတွေထဲမှာ ထင်ဟပ်မှုသိပ်နည်းနေတာကို အားမလို အားမရဖြစ်ရပါတယ်။ ခေတ်ကို ထင်ဟပ်တဲ့၊ ဒေသ စုံက ဖြစ်ရပ်တွေကို ဖော်ပြနိုင်တဲ့ စာမူတွေကို လိုချင်ပါတယ်။

၁။ *ဂငယ်ကွေ့*
**ဆောင်းခနှင်း**

အရေးအသားပြေပြစ်ပြီး စိတ်ဝင်စားဖွယ်ရှိပါတယ်။ အကြောင်းအရာအားဖြင့် သိပ်ထူးခြားမှုမရှိသလို အဆုံးပိုင်း တွင်သာ ပြောချင်တာကို စာဖတ်သူရင်ထဲ ရောက်သွားအောင် အနုပညာမြောက်မြောက် တင်ပြရာမှာ အားနည်းသွားပါတယ်။ ပြန်လည်ပြင်ဆင်ရေးသားသင့်ပါတယ်။

၂။ *ကြယ်ကလေးတွေ လင်းပါစေ*

၃။ *ရောင်ပြန်တောမှာ မောလှပါရဲ့*
**ဖြိုးပိုင်(နေရှင်နယ်)**

အရေးအသားသင့်ပါတယ်။ **ကြယ်ကလေးတွေ လင်းပါစေ** က ရိုးစင်းတဲ့ခေတ်ကြောင်းဖြစ်ပြီး ထူးခြားမှုမရှိပါဘူး။ **ရောင်ပြန်တောမှာ မောလှပါရဲ့** ကတော့ အရေးအသားပြေပြစ် ပြီး စိတ်ဝင်စားဖွယ်ရှိပေမဲ့ အဆုံးသတ်ပိုင်းမှာ ပြောချင်တာ နဲ့ ရှေ့က ပုံဖော်ထားတာကြားမှာ အစေးကပ်မှုနည်းနေပါတယ်။ ဆွဲဆောင်မှုရှိအောင် ရေးနိုင်သူမို့ ပြန်လည်ပြင်ဆင်ရေးသား စေချင်ပါတယ်။

၄။ *နှမကလေးတစ်ယောက် ရှိခဲ့ဖူးပါသည်*
**ရောင်(ကစဲ)**

ပြောချင်တာရှိပေမဲ့ စာစီစာကုံးဆန်တဲ့ အရေးအသားမျိုး ဖြစ်နေပါတယ်။ စကားပြေအရေးအသား ပြေပြစ်ကျစ်လျစ်သူ ပါ။ ဒီထက်ပိုပြီး ဆွဲဆောင်မှုရှိအောင် အခန်းအခွဲအပြောင်း ထည့်တာမျိုးအပြင် ဇာတ်ကောင်စရိုက်ကို ဒီထက်ပိုပီပြင်အောင် ဖြည့်စွက်တာမျိုးလုပ်ပြီး ပြန်လည်ပြင်ဆင်ရေးသားစေချင်ပါ တယ်။

၅။ *အနီးမှုန်*
**ဖွန်ဝေ(ဟသ်ာတ)**

အရေးအသားပြေပြစ်ပါတယ်။ ပြောချင်တာရှိပေမဲ့ သမားရိုးကျအကြောင်းအရာသာ ဖြစ်နေပါတယ်။ ကြိုးစား ပါဦး။

၆။ *ရင်ခွင်သစ်မှ ရင်ခွင်စစ်ဆီသို့*
**မောင်သဲနီ**

ဇာတ်နောက်ခံအကြောင်းအရာက စိတ်ဝင်စားစရာဖြစ် ပေမဲ့ သာမန်အချစ်ဇာတ်လမ်းမျိုးဖြစ်နေသလို တင်ပြပုံ ရိုးစင်း နေပါတယ်။ ကြိုးစားပါဦး။

၇။ *သို့…"ငယ်ငယ်"(ထားဝယ်)*
**ယဉ်ထွန်းအောင်(မိတ္ထီလာ)**

ကဗျာနဲ့ အပြန်အလှန်စကားပြောကို အားပြုထားသလို ပညာပေးလိုစောတွေ များနေတဲ့ အချစ်ဝတ္ထုတစ်ပုဒ် ဖြစ်ပါ တယ်။

၈။ *ခရာမစွမ်းသော သားရဲ*

၉။ **တစ်ခြမ်းလှ နတ်သမီး…**
*အောဘုန်းခေတ်*

အရေးအသားသင့်ပါတယ်။ ***ခရာမစွမ်းသော သားရဲ*** က နောက်ခံအကြောင်းအရာ စိတ်ဝင်စားဖွယ်ရှိပေမဲ့ အတွေးနဲ့ အရေးက ရိုးစင်းနေပါတယ်။ **တစ်ခြမ်းလှ နတ်သမီး…** က သာမန်အချစ်ဝတ္ထုတစ်ပုဒ်ကို ထူးခြားအောင် ကြိုးစားထားတာ ဖြစ်ပေမဲ့ ရသအစွမ်းအား နည်းနေပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

၁၀။ *မာနခဲနှစ်ယောက်ရဲ့ပြိုင်ပွဲ*

**ကိုဇော် နွေဥသြ**

သမားရိုးကျဇာတ်လမ်းနဲ့ အရေးအသားမျိုး ဖြစ်ပါတယ်။ ထူးခြားမှုမရှိပါ။

၁၁။ *နီလာရောင်ထီးတစ်လက်*

**ကျော်မိုးသန့်**

အပြန်အလှန်စကားပြောသက်သက်နဲ့ ရေးဖွဲ့ထားတာဖြစ်နေပါတယ်။ ဝတ္ထုတိုများများဖတ်ပြီးမှ စာရေးဖို့ ကြိုးစားပါ။

၁၂။ *အကြွင်းမဲ့ ယုံကြည်ရာ*

**ကိုးငယ်မင်း**

အရေးအသားပြေပြစ်ပါတယ်။ အကြောင်းအရာနဲ့တင်ပြပုံ ရိုးစင်းနေပါတယ်။

၁၃။ *ဣတ္တိဝက်*

**နန္ဒမန်းကြယ်(တွင်းငယ်)**

ရိုးစင်းလွန်းတဲ့ဇာတ်ကို အပြန်အလှန်စကားပြောတွေနဲ့ ရေးထားတာပါ။ စာများများဖတ်ပြီးမှ စာရေးဖို့ ကြိုးစားပါ။

၁၄။ *တစ်ခါတည်းပါ*

**နှင်းငွေ**

အရေးအသားပြေပြစ်ချောမွေ့ပါတယ်။ အကြောင်းအရာက ရိုးစင်းလွန်းနေပြီး တင်ပြပုံ ဆွဲဆောင်မှုမရှိပါဘူး။

၁၅။ *မနက်စာ*

**မြတ်ထေရ်ကျော်**

ဆောင်းပါးနဲ့အက်ဆေးကြား အရေးအသားမျိုးဖြစ်နေပါတယ်။ ဝတ္ထုများများ ဖတ်ပါဦး။

၁၆။ *မဟူရာည အလင်းတန်းများ*

**မင်းသိမ်းသြင်(အဒ္ဓန)**

အရေးအသားပြေပြစ်ပါတယ်။ သမားရိုးကျဇာတ်ဖြစ်နေပြီး တင်ပြပုံလည်း ရိုးစင်းနေပါတယ်။

၁၇။ *မှန်တိုင်းကြမ်းခဲ့လေသလား*

**မောင်လုလင်**

အပြန်အလှန်စကားပြောကို အဓိကထားထားတဲ့ စာမူဖြစ်နေပါတယ်။ နောက်ခံအကြောင်းအရာက စိတ်ဝင်စားဖို့ကောင်းသလောက် တင်ပြပုံနဲ့အရေးအသားက ဆွဲဆောင်မှုအားနည်းသွားပါတယ်။ စကားပြေကို ပြေပြစ်ချောမွေ့အောင်ရေးနိုင်သူမို့ စာများများဖတ်ပါဦး။

၁၈။ *လောကခံပေါ် ဓားထမ်းကျော်*

**ထက်ဦးခင်**

စကားပြေချောမွေ့ပေမဲ့ အပြန်အလှန်စကားပြောကိုပဲ အားပြုထားတဲ့ သမားရိုးကျဇာတ်တစ်ဇာတ်ဖြစ်ပါတယ်။

၁၉။ *ကျွန်တော်ချစ်သော ပန်းကလေး*

**သုမေ(ကျိုက်လတ်)**

အရေးအသားပြေပြစ်ပါတယ်။ အချစ်ဝတ္ထုမှာ နိုင်ငံရေးအကြောင်း ထည့်ရေးဖို့ ကြိုးစားထားပေမဲ့ စာရေးသူကိုယ်တိုင်က နိုင်ငံရေးဆိုတာ သေချာမသိသူလို့ ယူဆရတဲ့အတွက် ပြောချင်တာ အဆင်မပြေဖြစ်သွားတဲ့စာမူပါ။

၂၀။ *ချစ်သူကလဲ့စား*

**တိမ်ဖြူ**

စာပိုဒ်မခွဲ၊ ဘောမျဉ်းမချန်၊ စာမျက်နှာနှစ်ဖက်စလုံးရေးသားပြီး ပေးပို့လာတဲ့စာမူ ဖြစ်နေပါတယ်။ စကားပြေ၊ စကားပြောရောသလို အပြန်အလှန်စကားပြောတွေကိုလည်း စာကြောင်းမခြားဘဲ ဆက်တိုက်ရေးထားတဲ့အတွက် ဖတ်ရလည်း သိပ်ခက်ပါတယ်။ စာမူပေးပို့ရမယ့် စည်းမျဉ်းတွေကို သေချာဖတ်ပြီးမှ အဲဒီအတိုင်း ပြင်ဆင်ပေးပို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

# ရွှေအသစ်



၂၁။ *ထူးဆန်းသော မြင်ကွင်းတစ်ခု*
**လှမြိုင်အေး(စဥ့်ကူး)**

စာစီစာကုံးဆန်တဲ့ခေါင်းစဉ်မျိုးနဲ့ ဖြစ်ရပ်မျိုးကို သမားရိုးကျဇာတ်ကြောင်းပြောဟန်နဲ့ ရေးထားတာဖြစ်ပါတယ်။ စာများများ ဖတ်ပါဦး။

၂၂။ *နှလုံးသားကြွေးကျန်*
**သက်ဝေမှူး(မြဝတီ)**

အရေးအသား ပြေပြစ်ပါတယ်။ စာမူက မလိုအပ်ဘဲ ဖောင်းပွနေပြီး ရှည်လျားလွန်းနေပါတယ်။ အကြောင်းအရာ ရိုးစင်းနေပါတယ်။ ကြိုးစားပါဦး။

၂၃။ *ခြေရာနင်းသူများ*

၂၄။ *နိမိတ်သွေး*
**ဒေးဗစ်မောင်မောင်**

အရေးအသားသင့်ပါတယ်။ **ခြေရာနင်းသူများ** က ပြောချင်တာရှိပေမဲ့ ဇာတ်ကို ဖွတ်ဖန်တီးထားသလိုမျိုး ဖြစ်နေပါတယ်။ **နိမိတ်သွေး** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။

၂၅။ *ဖိုနတ်ကြီး ဖိုနတ်လေး*

၂၆။ *ဝိညာဉ်ခြွေမှုဆိုး၏ ဖြားယောင်းခံရခြင်း မှတ်တမ်း*
**ဈာန်ဇာနည်**

အရေးအသား ပြေပြစ်ပါတယ်။ **ဖိုနတ်ကြီး ဖိုနတ်လေး** က ရိုးစင်းတဲ့အတွေ့အကြုံတစ်ခုအကြောင်းသာဖြစ်ပြီး ထူးခြားမှုမရှိပါ။ **ဝိညာဉ်ခြွေမှုဆိုး၏ ဖြားယောင်းခံရခြင်း မှတ်တမ်း** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။

ဆရာဦးဝင်းငြိမ်းထံ နောက်ထပ်တင်ပြပေးလိုက်တဲ့ စာမူတွေကတော့-

**သန်းမြင့်သန်း(ကွမ်းခြံကုန်း)** ရဲ့ *မေယုကိုတဲ့စုတ်တံချီ၊* **အုံ့ဟိန်း** ရဲ့ *စက်ဘီးလေးတွေ စီးကာ ကိုယ်စီ၊* **ရောင်နီသက်လွင်** ရဲ့ *အဆုံးသတ် နှာ၊* **မောင်စိန်သောင်း(ကျောင်းဆရာငြိမ်း)** ရဲ့ *မှုံညင်းဇေအရှာထွက်ဦးမယ်၊* **ညီဇောရန်နောင်** ရဲ့ *ခုန်မင် ခ,ယ ချစ်လွန်းကလဲ၊* **ဝန်းသို-လွမ်းရဝေ** ရဲ့ *လိပ်ပြာတစ်ကောင်ရဲ့ချက်ကြိုး၊* **လူဦးမင်း(ညောင်လေးပင်)** ရဲ့ *ကော်အရုပ်ကလေးများ* တို့ ဖြစ်ပါတယ်။

မသီတာ၊စမ်းချောင်း၊

❑

*စာမူများနဲ့ပတ်သက်ပြီး မပြောခင်မှာ ရွှေအသစ်ကဏ္ဍကို တိုးဝင်ဖို့ ကြိုးစားနေကြတဲ့ ဝါသနာရှင်များကို ပြောချင်တာရှိပါတယ်။ ဒီခေတ်မှာ တယ်လီဖုန်းနဲ့ စာရိုက်လို့ရနေတဲ့အတွက် အများစုက တယ်လီဖုန်းနဲ့ရိုက်ပြီး ပို့တတ်ကြပါတယ်။ တယ်လီဖုန်းမှာပါတဲ့ စာခွင်က သေးတဲ့အတွက် ကျွန်တော့်ဆီ ရောက်လာတဲ့အခါမှာ ဝတ္ထုတွေက အင်မတန်တိုပါတယ်။ တယ်လီဖုန်းထဲမှာတော့ ရှည်လှပြီလို့ အောက်မေ့ရတာပေါ့။ စာတိုက်က ပို့ရင် စာပို့ခ တော်တော်ဈေးကြီးတာ တွေ့ရပါတယ်။ ကျွန်တော် ကိုယ်ချင်းစာပါတယ်။ ဒါကြောင့် မေးလ်နဲ့ပို့ရင် ရပါတယ်။ ခဏခဏ မေးသူများ မှတ်ထားစေချင်တာကတော့ စာမူပို့ချင်ရင် nyeinfamily@gmail.com ကို ပို့လို့ ရပါတယ်။*

*စိတ်ပျက်စရာကောင်းလောက်အောင် မေးကြတာကတော့ စည်းကမ်းချက် ဘယ်လိုရှိသလဲ၊ ဘယ်လိုစာမူမျိုးတွေ လက်ခံသလဲ ဆိုတဲ့ မေးခွန်းများပါပဲ။ စည်းကမ်းချက်ကို ရွှေအသစ်စာမျက်နှာမှာ တတ်နိုင်သလောက် ထည့်သွင်းဖော်ပြပေးထားပါတယ်။ စာရေးချင်စိတ် ရှိသူများအနေနဲ့ ဒီစည်းကမ်းလောက်ကိုတော့ ရှာဖွေဖတ်ရှုသင့်တယ်လို့ ယူဆပါ*



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကျွန်တော့်ကို အဲဒီမေးခွန်းမျိုး မမေးပါနဲ့။

နေ့စဉ်နဲ့အမျှ ကျွန်တော့် မေးလ်မှာ ဝင်လာတဲ့ စာမူတွေထဲမှာ ကဗျာတော်တော်များများ ပါ,ပါတယ်။ ရွှေအမြုတေကို မဖတ်ဖူး၊ မမြင်ဖူးသူများက ပို့တဲ့ ကဗျာများ ဖြစ်တယ်လို့ ယူဆပါတယ်။ ရွှေအမြုတေမှာ ကဗျာဖော်ပြခြင်း မပြုပါဘူး။ ကျွန်တော့်စာမူ ရောက်လား၊ ဖတ်ပြီးပြီလား၊ ဆရာ ဘယ်လိုသဘောရသလဲ လို့ မေးသူတွေလည်း ရှိပါတယ်။ ကျွန်တော့် စက်ထဲကို ဝင်လာသမျှ Save လုပ်ပြီး ရုံးအဖွဲ့ကို လွှဲပေးလိုက်တာပါ။ ရွှေအသစ်နဲ့ ပတ်သက်ပြီး ဆရာမ မသီတာ(စမ်းချောင်း) ဆန်ခါတင်ရွေးပေးတာကိုသာ ကျွန်တော် ဖတ်ပါတယ်။ ဒါကြောင့် ကျွန်တော့်သဘောထားကို မမေးပါနဲ့။

❑

ဆရာ ဒေးဗစ်မောင်မောင်ရဲ့ စာမူများထဲမှာ ဒီလ ဖတ်ရတဲ့ 'နိမိတ်သွေး' က တော်တော်ကလေး တိုးတက်လာတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဖွတ်အတင်းလုပ်ထားတဲ့ ဇာတ်မျိုးကို မနှစ်သက်တတ်ပါဘူး။ အားမလျှော့ပါနဲ့။ စာရေးဆရာဖြစ်ဖို့ဆိုတာ ဇွဲကောင်းဖို့ လိုပါတယ်။

ဆရာ အံ့ဟိန်းရဲ့ 'စက်ဘီးလေးတွေ စီးကာကိုယ်စီ' ဝတ္ထုက မန္တလေးမြို့မှာ အရင်တုန်းက စက်ဘီးပြင်ဆိုင်တွေ ပေါသလောက် အခု ဆိုင်ကယ်ပြင်ဆိုင်များက ကြီးစိုးနေပြီး စက်ဘီးပြင်ဆိုင်ကတော့ မရှိသလောက် ရှားပါးသွားပြီဆိုတဲ့ အကြောင်း စာဖွဲ့ထားခြင်း ဖြစ်ပါတယ်။ စာရေးပုံကောင်းပေမဲ့ အကြောင်းအရာကို ဒီထက်ကောင်းအောင် ရှာဖွေစေချင်ပါတယ်။

ဆရာ လှဦးမင်း(ညောင်လေးပင်)ရဲ့ 'ကော်အရုပ်ကလေးများ' က စာမူကို ပြင်ဆင်ပြီး ပြန်လည်ပေးပို့လာတာ ဖြစ်ပါတယ်။ လှဦးမင်း ဆိုတဲ့ ကလောင်နာမည်ကိုတော့ ကျွန်တော် မနှစ်မြို့ပါ။ ရှေးစာဆိုကြီး ရှိခဲ့ဖူးတာကို သတိထားစေချင်ပါတယ်။ စာမူအကြောင်းပြောရမယ်ဆိုရင် နယ်စပ်မြို့ကလေးမှာ ကလေးငယ်ကလေးများ ကော်ရှူပြီး ဘဝပျက်နေကြတာကို ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ အဲဒီအကြောင်းကို အခု တင်ပြပုံထက် ပိုမိုထိရောက်တဲ့ တင်ပြနည်းနဲ့ ရေးစေချင်ပါတယ်။

ဆရာ မောင်စိန်သောင်းရဲ့ 'မှန်ညင်းစေ့ အရှာထွက်ဦးမည်' ဝတ္ထုက ကီသာဂေါတမီဇာတ်တော်ကို မှီငြမ်းပြုပြီး ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ အကြောင်းအရာကောင်းပေမဲ့ အရေးအသား လိုပါသေးတယ်။

ဆရာ ရောင်နီသက်လွင်(ဘိုကလေး)ရဲ့ 'အဆုံးသတ်မှာ' ဝတ္ထုက ကျွန်တော် အားမရပါ။ ဆက်ပြီးကြိုးစားစေချင်ပါတယ်။ ရေးလက်ရှိတဲ့ ကလောင်တစ်ချောင်းလို့ သတိထားမိပါတယ်။

ဆရာ ဈာန်ဇာနည်ရဲ့ 'ဝိညာဉ်ခြေမှုဆိုး၏ ဖြားယောင်းခံရခြင်းမှတ်တမ်း' ဝတ္ထုကို ကျွန်တော် အားမရပါ။ ဆရာလည်း ဆက်လက် ကြိုးစားစေချင်ပါတယ်။

ဒီလမှာ ဆရာမ မသီတာ(စမ်းချောင်း)တင်ပေးလိုက်တဲ့ ကလောင်သစ်များထဲက အောက်ဖော်ပြပါ ဝတ္ထုများကို ရွှေအသစ်အဖြစ် ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။

ဆရာ ညီစောရန်နောင်ရဲ့ 'ခံ့မင်ခ,ယ ချစ်လွန်းကလည်း'၊ ဆရာ သန်းမြင့်သန်းရဲ့ 'မေယုကိုတဲ့ စုတ်တံချီ' နဲ့ ဆရာ ဝန်းသို-လွမ်းရဝေရဲ့ 'လိပ်ပြာတစ်ကောင်ရဲ့ ချက်ကြိုး' တို့ ဖြစ်ပါတယ်။

■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



'ပလုံ ပလုံ ဖလုတ် ဖလုတ်'
'ဖလုတ် ဖလုတ် ဖြုန်း ဖြုန်း'
စည်းချက်ညီညီနဲ့
ဟာမိုနီဖြစ်နေတဲ့ ဒီအသံတွေကြောင့်
သွန်း အိပ်ရာကနိုးလာခဲ့တာပါ။
အလှူများလှည့်နေတာလား၊
နာရီဆီအကြည့်ရောက်တော့
နံနက် ၆ နာရီ။ မှတ်သုံ မိုးကမြင့်
မစဲနိုင်သေးအောင်ပဲ။ သွန်း မနေ့ညက
ခန္တီးမြို့လေးကို ရောက်လာခဲ့တာလေ။
ရောက်ရောက်ချင်း၊
လမ်းဘေးသစ်ပင်မြင့်ကြီးတွေက
ရွက်စိမ်းကလေးတွေ ကြွေလွင့်ကျနေတယ်။
ဒါဆို ရင် မကြာမီ မိုးရွာတော့မယ့်
နိမိတ်ပဲပေါ့။ ထင်တဲ့အတိုင်းပါပဲ၊
ညစာစားပြီးချိန်ကစပြီး
တစ်ညလုံးရွာတော့တာ မှတ်သုံမိုးက
လေပါ ခေါ်လာတာ။
သွန်း မျက်နှာသစ်ပြီး
ဝရန်တာထွက်ခဲ့တော့ ဟော-
အမြေကိုသိပြီလေ။ မြို့ရှေ့ အင်္ဂါတောင်မှာ
သပြေပင်ကြီးက ထီးထီးမားမား။
မြွတ်ခဲနေတဲ့ သပြေသီးအမှည့်တွေ
ရေထဲကြွေကျနေတာလေ။ မြို
ရှေ့ရေမြောင်းကြီးကလည်း
ရေတွေဖောင်နေပြီ။ ဝါဆိုဝါခေါင်
ရောက်ပြီကိုး။ မြောင်းတူး
တံတားပေါ်မှာလည်း ကလေးတွေ
ဆူညံလို့ရယ်။ ခုန်ချသူချ၊
ဒိုက်ထိုးသူထိုးနဲ့
သပြေသီးမှည့်လိုက်ဆယ်နေကြတာ။
ကြော်- ဥရုချောင်း၊
နန့်စီသွန်းချောင်းတွေလည်း
ပြည့်လျှံနေလောက်ပြီ။
ဟို မိုးမခ တောင်မြင့်မြင့်ကြီးမှာ
ရေတံခွန်တွေ အများကြီးလေ။
အသွယ်သွယ်ကျနေတဲ့ ရေတွေကြောင့်
တောင်အောက်မှာ စိမ့်အိုင်နေပြီး
မြစ်ချောင်း အင်းအိုင်တွေပေါ်များနေတာ
ပါ။ အိန္ဒိယနိုင်ငံ ဟီမဝန္တာ
တောင်တန်းကြီးက တိုးထွက်
လာတဲ့တောင်ကွယ်နှာမောင်းကြီးရဲ့
တိမ်တွေထဲမြုပ်နေတယ်။ ဒါကြောင့်
သူ့ကိုလည်း ဟိမဝန္တာလို့
ခေါ်ကြတာပါပဲ။ သွန်းတို့
ငယ်ငယ်ကတော့ 'ယောမဝန်တောင်
အောက်က နှင်းတောက်လို့
တသွင်သွင်၊ စီးတဲ့ရေယဉ်' ဆိုတာ
ကျောင်းမှာသင်ရတယ်။ အခုတော့
'ယောမဝန်တောင်ထက်က

# ဝန်းသို–လွမ်းရဝေ
# သိပ်မြတ်စွာကောင်းချက်ကြီး

www.burmeseclassic.com

မိုးစက်တွေတဝုန်းဝုန်း၊ စီးကျ အုန်းအုန်း’ ဖြစ်နေလို့ပါပြီ။

‘သမီး ဟောဗျာ၊ မိုးတွေပက်နေတာ ဘာလို့ရပ်နေတာတုံး၊ ကဲ အဝတ်လဲပြီး ဆင်းလာခဲ့နော်။

‘ထမင်းကြော်နဲ့ ကော်ဖီ သောက်ရအောင်၊ ဘွားဘွား တောင် နိုးနေပြီ’

‘ဟုတ် ဖေဖေ၊ ဟိုဟာ ဟိုမှာလေ’

‘ဩ…သမီးက ဝါဆို ခေါင်ရေကြီးတော့ သပြေသီးကောက်ကဗျာလေးကို လွမ်းနေတာလား။ ဒါမှမဟုတ် အလောင်းစည်သူမင်းကြီး ရေလမ်းခရီးကို ဖောင်စကြာနဲ့ လှည့်လည်တုန်း သပြေသီးကြွေသံကြားပြီး ဖြောသံစည်သံဖြစ်လာတာ တွေးမိနေလား၊ ဟား…ဟား…’

သွန်းရင်ထဲမှာ ခံစားနေရတာ သပြေသီးကြွေကျတဲ့ ကဗျာလေးလည်းမဟုတ်၊ ဂီတသမိုင်းလည်း မဟုတ်ဘူးဆိုတာ ဖေဖေမှမသိဘဲ။ အလျဉ်မပြတ် စီးဆင်းနေတဲ့ ရေစီးရေလာတွေကို လက်နဲ့တားဆီး အမိန့်ပေးလို့မရသလို ရင်ထဲမှာ စီးမျောနေတဲ့ သွေးစီးကြောင်းနဲ့ နှလုံးခုန်သံတွေကိုရော အမိန့်ပေးရုံနဲ့ လက်ကာတားဆီးလို့ ရနိုင်မှာတဲ့လား။ သပြေသီးမှည့်လေးတွေ ကြည့်ပါလား၊ ဝေါခနဲ လျှောခနဲ အဝေးကို ပါသွားလိုက်ကြပြီ။ သူတို့ ဘယ်ခါမှ ပြန်ရောက်မလာနိုင်တော့ပါဘူး။

သိုးဆောင်စကားပုံလေး ရှိတာပဲ။ ‘လူတစ်ယောက်ဟာ မြစ်တစ်စင်းကို နှစ်ခါကူးလို့မရနိုင်ပါ’ တဲ့လေ။ သွန်း ရင်ထဲက နှလုံးသွေးနဲ့ ရေးခဲ့တဲ့ အတိတ်ဆိုတာကရော ဘယ်လိုများ ဆိတ်သုဉ်းတိုးလျှသွားနိုင်မလဲ။ သွန်းရဲ့ချစ်ခြင်းမေတ္တာတွေက နှလုံးသွေးနဲ့အတူ စီးဆင်းနေခဲ့ပြီးပါပြီ။ အိမ်ထဲဝင်ဖို့ ဟန်ပြင်ဆဲမှာပဲ မျက်လုံးတွေက ခြံဝဆီရောက်သွားပြန်လေရဲ့။ နာဂကြီး ဦးဝေ့လယ်က မားရှည် ကျောပိုးပြီးခြံဝက ဝင်လာနေတယ်။ သူက ဖေဖေ ရေတွင်းတူးဖို့ ခြံရှေ့မှာ ချိုရှင်းမယ်လေ၊ ချိုရှင်းမယ်ဆိုတာကို သွန်းက ရင်ခုန်ပါတယ်။ ရင်ထဲမှာ ပြဿနာတွေပါလာခဲ့တော့၊ ချိုရှင်းဆိုတာကို စိတ်ဝင်စားတာပေါ့။

ချိုရှင်းတာနဲ့ ပြဿနာ ရှင်းတာ အတူတူပဲလား။ ဘယ်နေရာကစပြီး ရှင်းမှာလဲ။ ချိုရဲ့အပေါ်ဆုံးအပိုင်းဆိုရင် ပြဿနာရဲ့အောက်ဆုံး နဂိုအစကလား။ ဘေးလက်တံတွေ ထွားချင်တိုင်းထွားပြီး ပွားချင်တိုင်းပွားနေတဲ့ နေရာလေလား။ ဒါမှမဟုတ် ချိုရဲ့ အောက်ဆုံး အစပိုင်းဖြစ်တဲ့ ပြဿနာရဲ့ အထွတ်အထိပ်လေလား။ ဦးဝေ့လယ်က တော့ မြဲနေအောင်သွေးထားတဲ့ မားကြီးနဲ့ အောက်ဆုံးက စပြီး ရှင်းပါတယ်။ တစ်ရစ်ချင်း၊ တစ်ဆစ်ချင်း၊ တစ်ကိုင်းချင်း၊ တစ်ခက်ချင်း…။ ကဲ…။

❑

သွန်း ဘွားဘွားကို တရားခွေလေး ဖွင့်ပေးပြီး ဆန်ပြုတ်ပန်းကန်ထည့်တဲ့ လင်ပန်းလေးမ,ခဲ့တယ်။ ခြေဖျားလေးထောက်ပြီး အခန်းထဲက ထွက်လာတော့ ဖေဖေက ဧည့်ခန်းထဲမှာ ရုပ်မြင်သံကြားကြည့်နေတာလေ၊ နိုင်ငံတကာသတင်းတွေ။ သွန်း ဖေဖေ့ဘေး ဝင်ထိုင်လိုက်ရဲ့။ ဥရောပနိုင်ငံတွေမှာ ရေကြီးနေတဲ့သတင်းတွေ။ ဖိမ်ခံကားလေးပေါ်က လူတွေဆင်းပြေးနေကြတယ်။ လမ်းပေါ်မှာလည်း ရေလုံးကြီးတွေ လှိမ့်လှိမ့်လိုက်နေတယ်။ ဦးတည်ရာမဲ့ အော်ဟစ်ပြေးလွှားနေကြတာ။ နာဂစ်တုန်းကလိုပါပဲ၊ ကမ္ဘာပျက်သွားသလိုပေါ့။

အာရပ်နိုင်ငံတွေမှာတော့ မီးတွေလောင်နေတာ။ အထပ်များစွာနဲ့ မိုးမျှော်စင်တာကြီးတွေ၊ အဆောက်အဦတွေမှာ မီးညွန့်မီးစွယ်တွေနဲ့။ မီးဝါးလို့ တစ်ခြမ်းချင်းကွာကျနေတဲ့ အပျက်အစီးတွေ။ လူတွေသေ၊ မသေသေးတဲ့ လူနာတွေ၊ ကယ်ဆယ်ရေးတွေနဲ့ လူနာတင်ယာဉ်တွေ။ သွန်း သံဝေဂတွေရနေမိခဲ့။ ပစ္စည်းတွေက လူတွေကိုစွန့်သွားကြကုန်ပြီ။ ရေကြီးလို့ ပင်လယ်ရေအောက်ရောက်သွားတဲ့ တိုက်တွေ၊ မီးဝါးခံရတဲ့ အဆောက်အအုံတွေ။

လူက ပစ္စည်းကိုစွန့်တာလည်းရှိတယ်လေ။ မေမေဆိုရင် ဖေဖေ ဝန်ထမ်းဘဝတစ်လျှောက်မှာ နေလိုက်ရတဲ့ အိမ်ငှားတွေ၊ ဝန်ထမ်းအိမ်ရာတွေ။ အငြိမ်းစားရတဲ့အချိန် ခြံလေးအိမ်လေး ဝယ်ရခါမှ အိမ်လေးကိုလည်းစွန့်၊ ချစ်တဲ့လင်နဲ့ သမီးလေးကိုပါ စွန့်ထားခဲ့ရှာပြီ။ ‘သူ့ရဲ့ကောင်းတွေက တိုင်းပြည်နဲ့လူမျိုးအတွက် မိမိတို့ အသက်အိုးအိမ်တွေကို စွန့်လွှတ်စွန့်စားသွားကြတယ်’။ သူတော်ကောင်းတွေကတော့ လူတစ်ယောက်ကိုပဲဖြစ်ဖြစ်၊ အများအတွက်ပဲဖြစ်ဖြစ် ဒုက္ခဖြစ်တိုင်း တွေ့တိုင်းမှာ မိမိအသက်ကိုရင်းကြတယ်။ မိမိအပေါ် ကျေးဇူးရှိဖူးသူကို နှလုံးသားရေးနဲ့ စွန့်လွှတ် ပေးဆပ်ရဲတဲ့ အချစ်သူရဲကောင်းတွေလည်း ရှိကြတယ်။

သွန်းရဲ့ ဆန္ဒခံယူချက်ကတော့ ကျေးဇူးကိုကျေးဇူးနဲ့ပဲ ဆပ်ချင်တယ်လေ။ နှလုံးသားကို စတေးလို့ မဖြစ်နိုင်ဘူး။ ဒါပေမဲ့ သွန်း ကိုယ်တိုင်မသိလိုက်ခင်မှာဘဲ ကျေးဇူးတရားဆိုတာတွေက နှလုံးသားကိုပါမက တစ်ကိုယ်လုံးကို ရစ်ပတ်ဖွဲ့နှောင်ပြီးသား ဖြစ်သွားပြီပဲလေ။ သွန်း ရင်မောလှစွာနဲ့ အခန်းတွင်း ဝင်လာမိပြန်ရဲ့။ ခုတင်ပေါ်ကို ကန့်လန့်ဖြတ် လှဲချလိုက်တာနဲ့ မျက်ရည်တွေက စီးကျလာခဲ့တယ်။ အချိန်အတန်ကြာအောင် မျက်လုံးတွေကို မှိတ်ထားပြီး စိတ်ကိုတည်တည်ငြိမ်ငြိမ်ဖြစ်အောင် ကြိုးစားနေရတယ်။

အချိန်ကြာမြင့်စွာ မှိတ်ထားခဲ့တဲ့ မျက်လုံးတွေကို ဖွင့်ဖွင့်ချင်းမှာပဲ နံရံပေါ်က ပန်းချီကားလေးဆီ အကြည့်ရောက်သွားပြန်ရဲ့။ ရုတ်တရက်ကြည့်ရင် အတော် ကဗျာဆန်တာပဲလို့ ထင်ရတဲ့ ပန်းချီလေးပါပဲ။ ပြာလွင်လွင်ပင်လယ်နဲ့ ငြိမ်းချမ်းရေးရောင်ကောင်းကင်ကြားမှာ သွန်းဘက်ကို ကျောခိုင်းထားတဲ့ လှေကလေးနှစ်စင်း။ အဝေးကို ထွက်ခွာဟန်ပြုနေပါပ



www.burmeseclassic.com

www.burmeseclassic.com

ကော။ နီးကပ်စွာတည်ရှိနေတဲ့ လှေဦးလေးတွေက အနည်းငယ် ကွာဟနေတော့ လမ်းခွဲသွားမယ့်ဟန်ပဲလေ။ သွန်းရင်ထဲမှာ သုံးနှစ်လောက်နီးနီး လှော်ခတ်ခဲ့ဖူးတဲ့ အချစ်လှေကလေးဟာလည်း မကြာတော့မယ့်အချိန် အဝေးတစ်နေရာဆီကို ဦးယမ်းပဲ့ယမ်းနဲ့ သွေးရူးသွေးတန်း ထွက်ခွာသွားရတော့မှာလား။

နှလုံးသားနဲ့ ရင်ခုန်သံတွေကိုရော တကယ်ပဲ ချိုးနှိမ်နိုင်ပါ့မလား။ မျက်လုံးထဲမှာ မျက်ရည်အပြည့်နဲ့ ဝမ်းနည်းနာကြည်းနေတဲ့ မမမိုးပုလဲဖြူရဲ့ မျက်နှာငွေလမင်းကို မေ့ဖျောက်လို့မရ။

'သွန်းနဲ့ မမက နေရာတော်တော်များများမှာ တူညီမှုတွေရှိတယ်နော်။ နေမှုထိုင်မှုတွေ၊ အယူအဆ၊ ယုံကြည်ချက်တွေ။ တစ်သက်လုံး မိမိကိုယ်နဲ့တကွ လောကကို စောင့်ရှောက်ဖို့လည်း အားမငယ်ပါဘူး။ ခက်တာက မာမီလေ။ ကိုယ့်ဒယ်ဒီဆုံးပြီးကတည်းက 'မိုးပုလဲဆောက်လုပ်ရေး' ဟာ မမပခုံးပေါ်ရောက်ခဲ့တော့ ပြိုင်ဘက်တွေကလည်း အလဲထိုးတာပေါ့။ ချဉ်းကပ်ပြီး မမရော ကုမ္ပဏီပါ အပိုင်သိမ်းပိုက်ဖို့ ရည်ရွယ်ချက်ရှိရှိ ကြိုးစားသူတွေလည်းရှိတော့ မာမီက စိတ်ပူတယ်။ ဂျပန်ကတစ်ယောက်နဲ့ လက်ထပ်ဖို့ ဖွတ်စီစဉ်တော့မှာ'

'အဲဒီလူ မတော်လို့လား၊ ဒါမှမဟုတ် မမက လက်မခံနိုင်စရာအကြောင်းရှိနေလို့လား'

'မမ ကျောင်းမပြီးခင်က တက္ကသိုလ်မှာ ချစ်သူတွေ့ခဲ့တယ်။ မမ ဒယ်ဒီနဲ့ အစ်ကိုကြောင့် သူနဲ့မမ ဝေးခဲ့ကြတာပေါ့။ မမ အဖေကြောင့် သူ့မိသားစု အလဲလဲအပြိုပြိုဖြစ်သွားတာ။ သူ့အဖေက မသုံးလုံးနယ်မြေက မျိုးချစ်တော်လှန်ရေးသမားကြီး။ တစ်ကျွန်းပြန်ကြီးပေါ့။ ဒီမိုကရေစီအရေးအခင်းမှာ ကြွေလွင့်ခဲ့တယ်။ မောင်ကလည်း လမ်းကြောင်းပေါ်က အမာခံ ကျောင်းသားခေါင်းဆောင်တစ်ယောက်ပေါ့။ မမ ရင်ကွဲတာပေါ့။ တကယ်က မမ အရင် သူ့ကိုစ,ချစ်ခဲ့တာ'

'ဒါဆိုရင်တော့ မမချစ်သူနဲ့ သွန်းချစ်သူအထိ တူသည်ထက် တူလာပြီ။ သွန်းနဲ့မမ ရေစက်ကလည်း ချစ်သူတွေအထိ ပါလာတာပဲ။ သွန်းချစ်သူလောက်ကတော့ မဆိုးနိုင်ပါဘူး၊ အခု အဝေးမှာလေ။ ဘယ်သောင်တင်လို့ ဘယ်ကမ်းဆိုက်မှန်းမသိ။ တစ်မိသားစုလုံးပါပဲ'

'မောင်က ပိုဆိုးတယ်ကွဲ့။ ဒယ်ဒီက အာဏာပိုင်အဖွဲ့အစည်းဆိုတဲ့ အာဏာနဲ့ လုပ်ပိုင်ခွင့်ကို အလွန်အကျွံသုံးပြီး နှိပ်ကွပ်ခဲ့တယ်။ သူ့အမေကလည်း ရုရှားစာရေးဆရာမကြီး ဂေါ်ကီရဲ့ အမေလိုပဲ လမ်းကြောင်းပေါ်မှာ သွေးမြေခ,ခဲ့တာ။ မောင်ရဲ့ ကိုယ်ပွား အမြွှာအစ်ကိုတစ်ယောက်ကလည်း ပန်းတိုင်းပွင့်ပါတယ်ဆိုတဲ့ တက္ကသိုလ်မြေမှာ သွေးစွန်းတဲ့ ပန်းတစ်ပွင့်ပေါ့ကွယ်။ အငယ်ဆုံး ညီမလေးတောင် ခုနစ်တန်းနဲ့ တစ်ပိုင်းတစ်စ ဖြတ်ချပြီး ရွာက အဘွားဝမ်းကွဲတွေ လာခေါ်သွားရတာ'

'ဟင်- ဒါဖြင့် မမ ချစ်သူက ဘယ် ဘယ်သူလဲ မမ'

'ဟော ဒီမှာ သူ့ဓာတ်ပုံ၊ မမဖုန်းထဲ အမြဲထည့်ထားတာ။ သူ့နာမည်က ဟန်စစ်သွေး'

'အို…'

'သွန်းနဲ့သိလို့လား ဟင်၊ သွန်း…'

'ဘာ-ဘယ်-လာ…၊ စိတ်မကောင်းမိလို့ပါ'

'သူက သိပ်အနေတည်တာ။ ကျောင်းတုန်းက မမ သူငယ်ချင်းတွေရယ်၊ သူ့သူငယ်ချင်းတွေရယ် ဘေးကဝိုင်းတွန်းကြလို့သာ ချစ်သူဖြစ်ခဲ့ရတဲ့ ရှားရှားပါးပါးလေးပေါ့။ ဒယ်ဒီတို့ မာမီတို့ကျတော့ ပညာတတ်တယ်၊ ချမ်းသာတယ်၊ အာဏာရှိတယ်လေ။ သမီးနဲ့လည်း ခါးခါးသီး။ ကျောင်းသားက ကျောင်းသားလိုမနေဘဲ အာဏာဖီဆန်တယ်ဆိုတဲ့ ပြစ်ချက်ပေးပြီး ခေါင်းမဖော်ရဲအောင်နှိပ်ကွပ်တာ။ မြောင်းထဲရောက်လို့ ခွေးဖြစ်သွားရင်တောင် မကျေနပ်နိုင်သေးဘူးတဲ့လေ။ ရက်စက်လိုက်တာ'

သွန်းရင်ထဲမှာတော့ ချစ်သူရဲ့စကားသံတွေက နားဝမှသည် နှလုံးသားတိုင်ထိ လျှံကျလာပြန်တယ်။

'သွန်း အားမငယ်နဲ့နော်။ ကိုယ်တို့မကြာခင် ပြန်တွေ့ကြမှာပါ။ ကိုယ့်ကို ကျောင်းသားစာရင်းနဲ့လိုက်ပြီး အမဲလိုက်ခွေးတွေလို ရှာနေတဲ့ လူတစ်စုရှိတယ်။ ပုဂ္ဂိုလ်ရေးနဲ့ အပြတ်ဆော်နေတာလေ။ ကိုယ် ဂျေးထဲလည်း အကြိမ်ကြိမ်ဝင်ခဲ့ရတယ်။ ဒီတစ်ခါ အပြင်ထွက်ရမှာ။ ထိုင်းဖြစ်ဖြစ်၊ တရုတ်ဘက်ဖြစ်ဖြစ် ခဏခိုနေပြီးမှ အမေရိကားကိုကူးရမယ်'

သူ့လို ခေါင်းမာပြီး သတ္တိကောင်းတဲ့ လူတစ်ယောက်ဟာ မမနဲ့ရော သွန်းနဲ့ပါ ပတ်သက်လာရတဲ့ရေစက်နဲ့ ကံကြမ္မာကလည်း ဆန်းကြယ်လွန်းလှတယ်။ သူနဲ့ တွေ့ဆုံခဲ့တာလည်း ဆန်းကြယ်လွန်းလှပါတယ်လေ။ ကျေးဇူးတရားတွေများလှတဲ့ မမကိုတော့ သွန်း ချစ်သူဟာ ဟန်စစ်သွေးလို့ မပြောရဲခဲ့ဘူး။

❑

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ရေနံရှာဖွေရေးကုမ္ပဏီမှာ သွန်း နှစ်နှစ်ကျော်ကျော် အလုပ်ဝင်ခဲ့တယ်။ သွန်းရဲ့ ဘကြီးက ကျောက်ဖြူမြို့မှာ အိမ်ထောင်ကျနေတော့ စားဝတ်နေရေး မပူရတော့ဘူးလေ။ တစ်ရက်မှာ လေယာဉ်နဲ့ ရောက်လာတဲ့ ဘူမိကျောင်းသားတွေနဲ့ မိတ်ဆက်ရပါတယ်။ သူတို့က ဒေါ်လာစားတွေပေါ့။ ကိုထူးသန့်တို့၊ ကိုဝင်းဇော်တို့က ဖော်ရွေသလောက် ခပ်တည်တည်နေတတ်တဲ့သူက ဟန်စစ်သွေးပါ။ အိမ်ရှင်လိုဖြစ်နေတဲ့ သွန်းက သူတို့ကို လိုအပ်တာလေးတွေ လိုက်လုပ်ပေးရင်းစတင် နှုတ်ဆက်လိုက်ရပါတယ်။ သွန်း အစ်မတွေ၊ အစ်ကိုတွေ နာမည်ပြောရင်း မမမာလာရဲ့ မွေးနေ့မှာ ဆုံဖူးကြောင်းရယ်၊ တောင်ငူဆောင်မှာနေတဲ့ ကိုနိုင်ဦး ညီမဆိုတာပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့မှ ‘အစ်ကိုက ပဲခူးဆောင်လေ’ တဲ့။ ပျော်တတ်ပြီး သဘောမနောကောင်းတဲ့ ကြီးတော်ကဖြင့် ကားသော့တောင် ပေးလိုက်ရဲ့။ အစားအသောက်တွေလည်း အမြဲပို့ပေးတယ်။

သူတို့အဖွဲ့တွေက အလုပ်သိမ်းလို့ ညနေစောင်းတာနဲ့ ပင်လယ်ဘက်ရောက်သွားကြပြီ။ မီးပုံကြီးနဲ့ ညဘက် လသာသာမှာ ဂစ်တာတီးကြ၊ သီချင်းဆိုကြ။ ပင်လယ်ပျော်ကြီးတွေပါပဲ။ သူက သီချင်းရေး၊ သီချင်းဆိုကောင်းတာကိုး။ တစ်ညမှာ သွန်း ရေချိုးနေဆဲ။ တံခါးခေါက်သံက တဒုန်းဒုန်းကြောင့် ပြေးဖွင့်ပေးလိုက်တယ်။ တံခါးဝမှာ မားမားကြီးရပ်နေတာ ကိုဝင်းဇော်ပေါ့။ ပခုံးပေါ်မှာ သွေးသံရဲရဲနဲ့ ပျော့ဖပ်နေတဲ့လူတစ်ယောက်။

‘အစ်ကို ဝင်းဇော်၊ ဒါဒါ ဟန်စစ်လားဟင်၊ ဘာဘယ်လိုဖြစ် ... ဖြစ်’

‘ပင်လယ်မှာ ရိုက်ခံရတာ၊ အုပ်စုနဲ့ အသေဆော်တာ။ အခု သွေးထွက်လွန်နေတော့ ဆေးရုံအမြန်ပို့ရအောင်၊ ဒဏ်ရာလည်း ပြင်းတယ် သွန်း’

ဘကြီးနဲ့ ကြီးတော်က ကားထုတ်ပြီး ဆေးရုံ အမြန်ပို့ရတာ။ သွေးလေးပုလင်းလောက်လိုနေတော့ သွန်းတို့က သွေးရှာ၊ နွေးထွေးလှိုက်လှဲတဲ့ ပံ့ပိုးမှုတွေနဲ့ တကယ်ပဲကူညီခဲ့ကြတာ။ လိုအပ်တာမှန်သမျှ အစစအရာရာပါ။ ကုမ္ပဏီကလူတွေတောင် လက်ဖျားခါတယ်လေ။ မြင်လိုက်တဲ့ကလေးတစ်ယောက်က ပြောတာ၊ လူစိမ်းအုပ်စုက အဖွဲ့လိုက် ရိုက်ကြသတဲ့လေ။ ဒီနေ့ မိုးချုပ်လို့ မသွားဖို့တားတာကို ဖွတ်ထွက်သွားတာလို့ ကိုဝင်းဇော်က ပြောခဲ့တယ်။ ‘အကွက်ချပြီး စီစဉ်တာ’ လို့ ဘကြီးက ယူဆတယ်။ ဘာဖြစ်မှန်းမသိဘဲ ပင်လယ်မှာ တွေ့ခဲ့တာဆိုပြီး၊ ကုသမှုစောခဲ့လို့ပေါ့။

‘ဆေးရုံကို ဒီပုံစံနဲ့ ရောက်သွားရင် ရိုက်မှုဆိုတော့ ရဲစခန်း အရင် အမှုဖွင့်ခိုင်းရမှာလေ။ ရဲအရေးပိုင်တာကို အဲဒီမှာ စစ်ချက်ယူတာနဲ့ဘာနဲ့ အချိန်ကြာသွားရင် ရှုပ်ရှုပ်ထွေးထွေးကြား အသက်ပါသွားအောင် စီစဉ်သေးတာ။ ကြည့်ပါလား၊ သွေးက လွန်နေတာ’

သူသက်သာလာတဲ့အထိ စားရေးသောက်ရေးရော ကြီးဒေါ်က တာဝန်ယူပေးတယ်။ မိသားစုလိုဖြစ်သွားချိန်မှာ သံယောဇဉ်တွေပိုခဲ့တယ်။ လည်ပင်းက ဒဏ်ရာကြောင့် အသံအိုး ပျက်စီးသွားတဲ့ သူ့အတွက် စိတ်မကောင်းဖြစ်ကြတယ်။ ရှေ့ဆက်ပြီး သီချင်းတွေမဆိုနိုင်တော့ဘူးတဲ့။ လူငယ်တစ်ယောက်ရဲ့ မျှော်လင့်ချက်တွေ ပျက်စီးခဲ့ပြီပေါ့။ အနေကြာလာတာနဲ့အမျှ သွန်းနဲ့သူ ချစ်သူတွေဖြစ်သွားကြတယ်။ ညဘက် လသာသာမှာ ပင်လယ်ဘက် လမ်းလျှောက်ဆဲပါပဲ။ သွေးမှ မတိမ်တာ၊ ဒါပေမဲ့ ကျောင်းသားစာရင်းနဲ့လိုက်ပြီး နှိပ်ကွပ်ဖို့ အနံ့ခံမိပြီဆိုတဲ့ သတင်းက ချက်ချင်းရောက်လာပြီလေ။

‘ကိုယ့်မှာ ဈေးထဲလည်း အကြိမ်ကြိမ်ဝင်ခဲ့ရတယ်။ ငွေတွေမည်းရာက စ,ခဲ့တာပေါ့ သွန်း။ ကျောင်းသားတွေဆိုတော့ အဝေးက ပို့တဲ့ငွေတွေ မည်းပြီလို့လည်း ကြေညာလိုက်ရော စားစရာမရှိ၊ သွားစရာမရှိ။ ကိုယ့်အစ်ကို အမြွှာဆိုရင် အဲဒီငွေစက္ကူတွေကို သာသနာ့အလံလို ကြိုးနဲ့သီပြီး ကျောင်းဝင်းကို ပတ်ဆွဲတာလေ။ ကျောင်းသားတွေဆိုတော့ လက်နက်မှမရှိဘဲ။ အာဏာပိုင်က ဘရင်းနဲ့ဆော်တော့ ပွဲချင်းပြီးခဲ့တယ်။ သုံးထပ်လေးထပ် တိုက်ပေါ်ကနေ အကျအနချိန့်ပြီး လူအုပ်ထဲပစ်တော့ သားအတွက် ရတက်ပွေနေတဲ့ အမေ ပါသွားခဲ့တယ်’

သွန်း မျက်ရည်မဆည်နိုင်ပြန်။ သူ့အမေတောင် သားဟန်ထူးသစ် လုပ်တဲ့အလုပ်တွေလုပ်၊ စာရွက်စာတမ်းတွေ ဝေရင်း လူအုပ်ထဲလဲကျသွားခဲ့တာ။ တုန့်တုန့်ဆတ်ဆတ်နဲ့ စကားတစ်ခွန်းတောင် မဟ,နိုင်တော့ဘဲ ခွဲခွာသွားတဲ့အထိ။ သြော် ... ရုရှားစာရေးဆရာကြီး ဂေါ်ကီရဲ့ **အမေ**ကို သတိရလိုက်တာ။ သူတို့ငါးယောက်အဖွဲ့က ကချင်ပြည်နယ်ဘက် ထွက်သွားကြတာ။ သူ့အစ်ကို ဟန်ထူးသစ်ရဲ့ သူငယ်ချင်းတွေက ကရင်ပြည်နယ်ဘက် ရှမ်းအရှေ့မြောက်ကနေ ကိုယ်ယောင်ဖျောက်ပြီး အပြင်ထွက်သွားသူတွေ။

‘ကိုယ်တို့ ထိုင်းဖြစ်ဖြစ်၊ တရုတ်ဘက်ဖြစ်ဖြစ် ကူးမယ်။ အဲဒီမှာ အထောက်အကူမှ အမေရိကားကို ထွက်မှာ’

အဲဒီစကားလေးနဲ့ သူပျောက်သွားခဲ့တော့တယ်။ နောက်ရက် သူ့ကို မြေလှန်ရှာမယ့်သူတွေရှိတာ သိရတော့ လက်မတင်လေးပါပဲ။ နောက်နှစ်လမှာ စာတိုလေးတစ်စောင်ရတယ်။

‘*သွန်း ကိုယ် အမေရိကားကို ရောက်ပြီ။ ဒီမှာလည်း မြန်မာနိုင်ငံက ရွှေတွေတော်တော်များများ တွေ့ရတယ်။ အထက်လမ်း၊ အောက်လမ်း၊ ဘေးလမ်းတွေကနေ ဝဲလာတဲ့ ရွှေတွေပေါ့။ ရှိသမျှလေ့ကားထစ်တွေ အကုန်လိုက်နင်းရင်း ရွှေပြည်ကြီးကို လွမ်းနေကြရတာ။ လွမ်းရင်း၊ နာရင်း လွမ်းနာကျနေကြတာလေ။ ဒီမှာလည်း အုပ်ချုပ်ရေးမှူးတွေ ညစ်တဲ့အတွက် အလုပ်သမားတွေဟာ မိမိအခွင့်အရေးကို အသက်နဲ့ ရင်းပြီး တိုက်ပွဲဝင်နေကြရတာ။ ပွဲစားနှိပ်စက်လို့၊ သူဌေးကောက်ကျစ်လို့ ဒုက္ခရောက်နေတဲ့ ရွှေတွေ ရှိသေးတယ်။ ကိုယ်တို့အုပ်စုလေးက လိုက်ပြီး ကာကွယ်ဖြေရှင်းပေးနေရတာပေါ့*’ တဲ့။

သွန်း ခန္တီးမြို့လေးမှာ ဖေဖေ၊ ဘွားဘွားတို့နဲ့ ရှစ်ရက် အတူနေပြီး ပြန်ခဲ့တယ်။ ကျောက်ဖြူက ပြန်လာပြီး မိုးပုလဲဆောက်လုပ်ရေးမှာ ဝင်လုပ်ခဲ့တာပါ။ မမက အစစအရာရာ လိုလေသေးမရှိအောင် ကူညီခဲ့တာပါ။ မေမေ နေမကောင်းဖြစ်တော့လည်း တောင်ကြီးဆေးရုံမှာ လေးလ၊ ရန်ကုန်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း စတဲ့ ဆေးရုံတွေကို သူ့စရိတ်နဲ့ပို့ပေးတာ။



www.burmeseclassic.com

www.burmeseclassic.com

ငွေရှောကားရော အားနာရလောက်အောင် ကောင်းခဲ့တယ်။ ဦးနှောက်ကျိတ်ကင်ဆာနဲ့ မရနိုင်တော့ဘူးလို့ သိတာတောင် လက်ဝါးကာပြပြီး ကောင်းနိုးရာရာတွေ လုပ်ပေးခဲ့တာပါ။ အလွန်အကျွံကောင်းခဲ့တဲ့ ကျေးဇူးရှင်ပါပဲလေ။

'သွန်းရယ် သူ့ကို စုံစမ်းဆက်သွယ်ပြီး မမအပေါ် နားလည်မှုမလွဲအောင် ကူညီပါ' တဲ့လေ။ အင်းလေ သွန်းဆိုတာ စပါးဖျင်းလို လေတိုက်ပြီးလွင့်လာတဲ့ အမှုန်အမွှားမှ မဟုတ်တာပဲလေ။ တစ်ဘဝလုံး ခါးသီးခဲ့ရတဲ့ ချစ်သူကို အေးချမ်းစေချင်လှပါတယ်။ သွန်းရဲ့ မျှော်လင့်ချက်ဟူသမျှမှာတော့ အနှစ်သာရကင်းမဲ့သွားရတော့တာပေါ့။ မမအဖေကြောင့် ပိုင်ဆိုင်မှုဟူသမျှ နတ္ထိ။ မိဘနှစ်ပါး ပျောက်ကွယ်သွားရပြီး ခိုကိုးရာမဲ့ ညီမလေးတို့အတွက် အကောင်းဆုံးကို ရွေးချယ်ပေးနိုင်ရမှာပေါ့။ မေမေ ပြောဖူးတယ်။ 'ရှောင်တိမ်းလို့ မရနိုင်တဲ့ အန္တရာယ်ကို တည်တည်ငြိမ်ငြိမ်နဲ့ အကောင်းဆုံး ပြင်ဆင်ပြီး ရင်ဆိုင်ပါ' တဲ့လေ။

❑

ကျီ ... ကျီ ... ကျလီ...။

သံတလင်းနှင့် သံလှည်းပွတ်တိုက်သံကို သွန်း သတိရလျှင်ရချင်း ကြားတာပါ။ ရန်စိမ်းဖြစ်တဲ့ ဆေးရုံနံ့ကို ရတော့ ဆေးရုံရောက်တာပဲလို့ တွေးမိတာ။ တစစ်စစ် နာကျင်နေတဲ့ ဦးခေါင်းနဲ့ မျက်လုံးတွေ။ အာရုံတွေစုစည်းလိုက်တော့ သံတွန်းလှည်းပေါ် ရောက်နေတာ သိရဲ့။ ခေါင်းတွေမူးဝေနေတဲ့ကြားက ခပ်လှမ်းလှမ်းဆီ အကြည့်ရောက်တော့ စားပွဲတစ်လုံးပေါ်မှာ ဟန်းဖုန်း အနက်ကလေးတစ်လုံး။

တွန်းလှည်း အဲဒီနေရာ အရောက်မှာ သွန်းလက်တစ်ဖက်ထွက်လာပြီး ဖုန်းကို ဆွဲယူသွားခဲ့တာ။ နာကျင်မှုကို အားယူပြီး နှိပ်နေကျ နံပါတ်ကလေးတွေကို နှိပ်လိုက်တယ်။

'မိုးပုလဲ ကားမှောက်လို့ ဆေးရုံကြီးရောက်နေပြီ' တိုးလျတဲ့ စကားသံအဆုံးမှာ ဖုန်းရောလက်ရော ဘုတ်ခနဲ ပြုတ်ကျသွားတော့ရဲ့။ ဒုတိယအကြိမ် သတိမေ့သွားတာလေ။ ကုမ္ပဏီက စီအီးအိုနဲ့ မမမိုးပုလဲတို့သာမက ဝန်ထမ်း အချို့ပါ လိုက်လာကြတယ်။ သွန်း သတိမရသေးပေမဲ့ ဆေးရုံရှေ့မှာ မြင်မကောင်းအောင်ပုံနေတဲ့ လူနာတွေ။ ဦးခေါင်းထိထားသူ၊ လည်ပင်းရိုးစပရိန် ထည့်ရမယ့်လူနာ၊ သွေးသွင်းရမယ့်သူတွေ၊ မန္တလေးဆေးရုံကြီး အချိန်မီရောက်ရမယ့်သူတွေ။ အချိန်မီငွေ၊ ကား၊ စသည့် စီစဉ်ပေးနိုင်လိုက်ကြတယ်။

မိုးပုလဲဆောက်လုပ်ရေးက ပြိုင်ဘက်များစွာနဲ့ ယှဉ်ပြီး နယ်စပ်မီးရထားသံလမ်းနဲ့ မြစ်ကူးတံတား ဆောက်လုပ်ခွင့်ရရှိခဲ့တာပါ။ သွန်းတို့ ၁၇ ယောက် လမ်းအကြောင်းရှာပြီး စက်ကြီးနဲ့ ရွှေ့ထိုးဖို့ မှတ်တိုင်စိုက်မယ့် အလုပ်သမားတွေရောလေ။ တောနက်နက်၊ လမ်းကြမ်းကြမ်းမှာ အချို့နေရာတွေ ဆင်းလျှောက်။ ယပ်တောင်ခတ်နေတဲ့ ချောင်းကူးတံတားတွေ၊ လမ်းကူးတံတားတွေက သံချောင်းတွေပြုတ်ထွက်ပြီး ပတ္တလားတီးနေတာတွေ။ လမ်းတွေက မြေပဲယိုလမ်းတွေဆိုတော့ ပေနှစ်ဆယ်လောက်နက်တဲ့ တံတားအောက် ထိုးကျသွားခဲ့တာပါ။

သွန်းရဲ့ ဆုံးဖြတ်ချက် မှန်သွားတော့ ဆရာဝန်၊ ဆရာမတွေကလည်း ချီးကျူးကြသလို အချိန်နဲ့တစ်ပြေးညီ လိုအပ်တာတွေ ဆောင်ရွက်ပေးနိုင်လို့ လူနာတွေလည်း အဆင်ပြေကြရှာတယ်လေ။ ငွေအတွက်၊ ကားအတွက်လည်း အခက်အခဲမရှိတော့ လူနာရှင်တွေရော၊ လူမမာတွေကပါ ကျေးဇူးတင်ကြတယ်။ မမမိုးပုလဲကလည်း ကုမ္ပဏီအတွက် နာမည်ကောင်းတစ်ခုရလိုက်လို့ သွန်းကို ဂုဏ်ယူမဆုံးပါပဲ။ နောက်ရက် နံနက် ၂း၁၅ နာရီမှာ သွန်း ကောင်းကောင်း သတိရလာခဲ့ပါတယ်။

သွန်းရင်ထဲက နှလုံးသားကို တို့ထွေ့ပြီး တလူလူတက်လာတဲ့ 'မေတ္တာမျဉ်းပြိုင်လေးနှစ်ခုက' အားချင်းပြိုင်နေဆဲ၊ သုံးနှစ်ကျော်လောက် မေတ္တာကြိုးတွေနဲ့ လွှန်းထိုးဖွဲ့ချည်ပြီး တည်ဆောက်ခဲ့ရတဲ့ ချစ်ဗိမာန်လေးကို ကိုယ်တိုင်ဆွဲဖျက်ပြီး ပျက်စီးစေမှာလား။ ဒါမှမဟုတ် မျက်စိစုံမှိတ်ပြီး ဇာတိစိတ်နဲ့ ကာကွယ်ရမလား။

နောက်တစ်ခုကတော့ မိမိထက် အရင်တွေ့ပြီး အချစ်ကြီးချစ်ခဲ့ကြလျက် ဖခင်ဖျက်လို့ ပစ်ပယ်ခြင်းခံရတဲ့ မမမိုးပုလဲရဲ့ ခံစားချက်။ မိမိကိုယ်တိုင် အပြစ်ကင်းမဲ့ပါလျက် ဖခင်ကြောင့် နှလုံးသားကြေကွဲကာ မျက်ကွယ်ရောက်နေရှာသူ မျဉ်းလေးတစ်ခုက မသိမသာ အပေါ်တက်လာပြီး နောက်တစ်ခုက တဖြည်းဖြည်း အောက်လျှိုးသွားပါပြီ။ ဝေဝါးနေသော မျက်ရည်ရိပ်မှာပင် ခေါင်းရင်းက လူရိပ် မြင်လိုက်တယ်။

'ဟင် အစ်ကို ဟန်စစ်'

'ကိုယ်ပြန်ရောက်နေတာ ကြာပြီ။ သွန်းက မိုးပုလဲအတွက် မလိုအပ်ဘဲ အနစ်နာခံတော့ ပြန်လာခဲ့တာပေါ့။ သူ့ အဖေကြောင့် သူ့သမီးကို သစ္စာမဲ့တာ မဟုတ်ပါဘူး သွန်း။ သူ့မှာ အပြစ်မှမရှိတာဘဲ။ အမှန် တက္ကသိုလ်မှာ မိုးပုလဲက သိပ်ရင်းနှီးဂရုစိုက်သလို သူငယ်ချင်းတွေကလည်း မြှောက်ပေးတယ်။ လှလည်းလှတော့ သာယာခဲ့မိတာပါ။ ပုလဲကို မောင်နှမလို သူငယ်ချင်းလိုပဲ ချစ်ခဲ့တာ။ သွန်းနဲ့တွေ့မှ တကယ်ချစ်တတ်သွားတာလေ။ ကိုယ် ပုလဲကို ရှင်းပြလိုက်လို့ ဒီကို လိုက်ပို့ပြီး ပြန်သွားတာပါ။ သူလည်း လက်ခံပါတယ် သွန်း'

ဟန်စစ်က သွန်းရဲ့ ညာလက်ကလေးကို ဆုပ်ထွေးပြီး ရှုန်းရှုန်းစားစား ကြည့်နေပါတယ်။ ခုတော့ လိပ်ပြာတစ်ကောင်ရဲ့ ချက်ကြိုးဟာ သွန်းပါပဲလို့ သေချာသွားပြီပေါ့။ ■

ဝန်းသို - လွမ်းရဝေ



www.burmeseclassic.com

ပြန်လာပြီဆို လူက အရုပ်ကြိုးပြတ်၊
ဆလိုက် တံခါးကို ဘေးတွန်းအဖွင့်
လူက နောက်သို့ လန်သည်။
တံခါးပေါင်ကို ဆွဲမိရုံလိုက်လို့
တော်သေးသည်။
အပေါ်ထပ် အိပ်ခန်းဆီသို့
လှမ်းတက်နေသော အပေါ့
ခြေထောက်တွေကလည်း
ယိုင်တီးယိုင်နှဲ့။
လေးတွဲ့ဖင့်နွဲ့သော သူ့အကြည့်က
သင်ဖြူးဖျာလေးဆီကို ရောက်သည်။
သူ သင်ဖြူးဖျာ မကြိုက်ပါ။ သို့တစေ
စုတင်ကြီး၏ နံရံဘက်ကပ်လျက်
အခြမ်းတွင် သင်ဖြူးဖျာလေးကို
အမြဲတစေခင်းထားမှ သူကြိုက်သည်။
'နင်… ငါ့ကိုယ်စား သူ့ကို
ကြို့ရမယ်'ဟု မမကြီးကများ
မှိုင်းထားလေသလား မပြောတတ်။
ဘယ်က ပြန်လာလာ သင်ဖြူး
ဖျာလေးကသာ သူ့ကို
ကြိုတော့သည်။ ခုလို မမကြီးဆီက
အပြန် သူ အိပ်ခန်းတွင်းသို့ ဝင်တိုင်း
အရင်ဆုံးကြည့်မြင်သည်မှာ
သင်ဖြူးဖျာလေးသာ ဖြစ်သည်။
'ဩော်… မမကြီးရယ်'ဟု
မကြည့်ရက်စွာ သင်ဖြူးဖျာလေးကို
ဆွေးဆွေးမြည့်မြည့် သူ
ကြည့်ဖြစ်သည်။ ရှက်ရှင်းဆိုသလို
သူမျက်စိကို မှိတ်သည်။ မျက်စိကို
ဖျစ်၍ အားယူလိုက်ကာမှ

ခုံမင် ၁,ယ ချစ်လွန်းကလည်း



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ညှစ်ထုတ်သလို ထွက်လာသည့် မျက်ရည်စက ပါးပေါ်မှာ တစ်လိမ့်ချင်း လိမ့်ဆင်းသည်။ မေးစေ့တွင် တွဲလောင်းခိုဖျင်းသော မျက်ရည်စက်သည် သူ့ရင်နှစ်မြွာကြားရင်ဘတ်ဆီသို့ ခုန်ဆင်းသည်။ သူ့ရင်ဘတ်တွေ အောင့်တက်လာသည်။ ရင်ကို ဖိရန် မြှောက်တင်လိုက်သော လက်တစ်ဖက်က ခုလတ်မှာပင် အောက်သို့ ပြုတ်ကျ၏။

သူ တံခါးပေါက်ကို တွယ်မှီထားရာမှ အိပ်ရာလေးဆီ ရောက်လိုဇောဖြင့် လှမ်းသော ခြေထောက်တို့သည် ပါကေးကြမ်းခင်းများ ဆီမှ မခွာနိုင်၊ ဖွတ်ခွာ၍ လှမ်းသည်။ ရှေ့သို့ အားပါပြီး ဒယီးဒယိုင်နှင့် ဟပ်ထိုးလဲမလိုဖြစ်သည်။ အသာထိုင်ချလိုက်ရသည်။ တော်သေးသည်၊ လူက အေးစက်နေသော ကြမ်းပြင်ပေါ်မှာ ရှေ့သို့ ဆန့်ထုတ်ထားသော လက်နှစ်ဖက်နှင့် မျက်နှာက ဒန်းလော့မွေ့ရာကြီးပေါ်သို့ ပစ်ကျသည်။ သူ ရှိုက်ကြီးတငင်ငိုသည်။

❑

တစ်လပြည့်ခဲ့ပြီ၊ ရက်လည်တုန်းကလိုပင် အမေက ဘုန်းကြီးကျောင်းသို့ ဆွမ်းချိုင့်ပို့သည်။ သူ ငယ်က နေခဲ့ဖူးသည့် အာရဗီကျောင်းမှ ကျောင်းသားလေးများကို မမကြီးကြိုက်သည့် ပလာတာနှင့် ဆိတ်သားတုံးကြီးများ နှပ်ထားသည်ကိုပင် အပါကကျွေးဖြစ်ပြန်သည်။ 'နှင်းဆီတွေတောင် ပွင့်ကြပြီကော မမကြီးရယ်' ဟု သူ ညည်းဖြစ်သည်။ တစ်ပတ်တစ်ခါဆိုသလို မမကြီးဆီ ရောက်ဖြစ်သည်။ အရင်က စိုက်ခဲ့သည့် ပန်းကလေးများကို ရေလောင်း၍ ပန်းပင်ကလေးများကြားတွင် ပေါက်နေသော ပေါင်းပင်များကို နုတ်ကြသည်။ နောက်ထပ်ယူလာသော ပန်းပင်ကလေးများကို သူနှင့် အပါ စိုက်ကြပြန်သည်။

သူ တက္ကသိုလ် နောက်ဆုံးနှစ် ရောက်ခဲ့သော်ငြား မမကြီးခမျာ ပညာသင်ယူခွင့်ရရန် ဉာဏ်ရည်မမီခဲ့သည့် သမီးကြီးမို့ အပါ အချစ်ပိုခဲ့သည်ကို သူနားလည်ခဲ့ပြီ။ 'ချစ်ပါ အပါရယ်၊ သမီးလည်း မမကြီးကို သိပ်ချစ်ပါတယ်'။ သူသည် အပါနှင့် တစ်ထပ်တည်း၊ တထေရာတည်း တူလွန်းသူမို့ မမကြီးကို အချစ်ပိုခဲ့သော အမေ့ကိုလည်း သူကျေနပ်သည်၊ အခုတော့ အမေ့ကို သူ အသနားပိုသည်။

သူ အာရဗီကျောင်းတက်စ ကလေးဘဝဖြစ်သည်။ ညရောက်ပြီဆိုလျှင် 'မှောင်… ကြောက်' ဟူသော စကားလေးနှစ်လုံးကို မမကြီးခမျာ တုန်ယင်ဖင့်နွဲ့စွာ အပန်းတကြီးရွတ်ဆိုရှာသည်။ မမကြီး ဘာပြောချင်သည်ကို အမျိုးမျိုးမေးကြ၊ စဉ်းစားကြနှင့် နောက်ဆုံး မမကြီးက သူ့မျက်နှာကို အားလုံးရှေ့သို့တိုးပြီး မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ပြတတ်သည်။ မမကြီး၏ မီးခလုတ်ဖွင့်ခိုင်းသော ဘာသာဗေဒကို အမေ ဘာသာပြန်၍သာ သူသိခဲ့ရသည်။ ထိုသို့ဆိုလျှင် မမကြီးက လက်မကလေးထောင်၍ ခုန်ပေါက်တော့သည်။ ခုန်ပေါက်ပျော်မြူးသော မမကြီးကိုကြည့်ပြီး တစ်မိသားစုလုံးလည်း ပျော်ရွှင်မဆုံးဖြစ်ခဲ့ကြရသည်။

အပါနှင့် အမေ ရန်ဖြစ်ပြီဆိုလျှင် ကျောင်းမှပြန်လာသော သူ့ကိုဆီး၍ လက်သီးနှစ်လုံးဆုပ်ကာ လက်သီးချင်းပွတ်ပြသည်။ ထိုအခါ 'အပါနဲ့အမေ ရန်ဖြစ်တယ်မဟုတ်လား၊ သမီး သိတယ်နော်' ဟု ဆိုလျှင် အပါ အံ့သြ၍ မဆုံးမီ အမေက 'ညည်း မမကြီးပြောတာ မဟုတ်လား' ဟု တန်းမေးတော့သည်။ ထိုအခါမျိုးတွင်လည်း အားလုံး၏ မမြင်ကွယ်ရာတွင် လက်ခုပ်တီး၍ ခုန်ပေါက်နေသော မမကြီးကို သူက အပါနှင့်အမေ မမြင်အောင် လက်မထောင်ပြလျှင် 'ယေး' ဟုအော်ပြီး ထွက်လာကာ ခိုးရိုးခစ်ခစ်နှင့် ရယ်ရှာတော့သည်။

အစစ မပြည့်စုံသူကို အချစ်ပိုခဲ့ကြသည့် အပါနှင့် အမေကို အရင်ကတော့ သူ နားလည်မှုမပေးနိုင်ခဲ့။ ခုတော့ မနာလိုမှုက ဆရာလုပ်ခဲ့သမျှ၊ မမကြီးအပေါ် အနိုင်ကျင့်ဗိုလ်ကျခဲ့သည်များကို တွေးမိတိုင်း နောင်တ‌က သူ့ကို ရိုက်နက်ထုခြေတော့သည်။ အပါနှင့် အမေက 'သမီးလေးကို မမကြီးက သိပ်ချစ်ရှာတာ' ဆိုလေ သူ့ရင်တွေ အစိတ်စိတ် အမြွာမြွာ ကွဲကြေလေပင်။

နေစောင်းပြီ၊ မမကြီးကို ထားရစ်ခဲ့ပြီး ပြန်ကြရဦးမည်။ ဘာရယ်မဟုတ် အမှတ်တမဲ့ပင် နှင်းဆီသေးသေးလေး တစ်ဖူးကို သူ့ခေါင်းမှာ ထိုးလိုက်သည်။ မမကြီးဆီက ပြန်ကြမည်ဆိုတော့ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နှင့် အရာရာ ခေါင်းမော့ရင်ကော့တတ်သူ အပါခမျာ မျက်ရည်လေး သုတ်ကာသုတ်ကာဖြင့် ဇက်ကျိုးနေပြီ၊ စတီယာရင်အောက် ဝင်ထိုင်ပြီး 'တက်ပါ အပါရယ်၊ နောက်နေ့ကျ လာကြဦးစို့နော်' သူ လူကြီးလုပ်ကာ ဟန်ကိုယ့်ဖို့ ဆိုရတော့သည်။

❑

တိတ်ဆိတ်မှု ရင်ခွင်အတွင်း ညသည် အညောင်းပြေ အနက်ထည်ကိုယ်လုံးကြီးကို ခန်းလုံးပြည့် ကျောခင်းထားသည်။ အဲကွန်း၏ မပျင်းမရိလှုပ်ရှားမှုကြောင့် အပြင်တွင် ပူသလောက် အခန်းထဲတွင် အအေးဓာတ်က ကဲနေသည်။ နံရံပေါ်တွင် 16 ဆိုသော ဝါကြင့်ကြင့် ဂဏန်းလေးနှစ်လုံးမှ လွဲ၍ တစ်ခန်းလုံးတွင် ဘာဆိုဘာမျှမမြင်ရ။ တိတ်ဆိတ်မှောင် မိုက်ခြင်းကသာ ပြိုင်ဘက်ကင်းနေသည်။

ညနေက မမကြီးဆီမှ ပြန်လာကြပြီး မျက်ရည်လက်ကျန်မရှိတော့လောက်အောင် ငိုခဲ့ကြပြီးပြီ။ ယခုလည်း တုတ်တုတ်မျှလှုပ်သည်မရှိ။ မွေ့ရာထက် မျက်နှာအပ်ကာ မရပ်မနား ငိုကြွေးနေမိသည်ပင် မည်မျှကြာပြီ မသိတော့။ သူ့ကျောပြင်ကို တစ်စုံတစ်ခုက ညင်သာစွာတို့ထိနေသလို သူ ခံစားရသည်။ မမကြီးများလား၊ တစ်ခါမျှ မခံစားရဖူးသော ခံစားမှုမျိုးက သူ့တစ်ကိုယ်လုံးကို ကြက်သီးမွေးညင်းထ‌စေသည်။ ခါတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ဆိုလျှင် သူ့ဘေးနား သင်ဖြူးပေါ်တွင် ပုံပုံကြီး အမြဲရှိနေတတ်သော မမကြီးကို အတင်းဖက်ထားမိမှာ သေချာသည်။ ခုတော့ အားကိုးစရာ အဖော်ဆို၍ ငိုရမည်ကိုသာ သိတော့သည်။ သူ ချုံးပွဲချငိုသည်။

တိတ်ဆိတ်ငြိမ်သက်ခြင်းသည် အမှောင်ကို ကျောထောက်နောက်ခံပြု၍ မင်းမူကောင်းနေဆဲ။ သူ အားငယ်သထက် ငယ်လာသည်။ ထိုစဉ် 'ကျွတ်… ကျွတ်… ကျွတ်' ဟူသော အသံက 'မင်းတစ်ယောက်တည်း မဟုတ်ဘူး၊ ငါဒီမှာရှိတယ်။ အားမငယ်နဲ့' ဟု တစ်ယောက်တည်းသမား သူ့ကို ရဲဆေးတင်ပေးသူ ပေါ်လာသည်။ အိမ်မြှောင်၏ အသံအဆုံးတွင် တိခနဲ ငြိမ်ကျသွားပြန်၏။ သူ ခေါင်းတွေကိုက်လာသည်။ ဖျားများဖျားပြီလား။ အမေက တော့ သူ့မှာငှက်ဖျားပိုးရှိသည်ဟု ပြောဖူးသည်။ မှောင်မိုက်ငြိမ်သက်ခြင်းအတွင်းမှာပင် သူနှစ်မွန်းနေတော့သည်။

ထိုစဉ် 'ရွှတ်' ဆိုသော အသံတစ်သံကို ခပ်ပါးပါး သူကြားသည်။ ဘာသံပါလိမ့်။ ဩော်… ညနေက ဆလိုက်တံခါးချက်မချမိသည်ကို ချက်ချင်း သူ သတိရသည်။ အအေးဓာတ်တို့ အလုံးအရင်းနှင့် အခန်းအပြင်ဘက်သို့ ဟုန်းခနဲ တိုးထွက်သလောက် အပူလှိုင်း စဉ်းငယ်မျှလောက်ကသာ အခန်းအတွင်းသို့ နေရာယူနိုင်လိုက်သည်။ သို့သော် အင်အားကြီးမားသော အအေးဓာတ်က တစ်မုဟုတ်ချင်းပင် ဝိုင်းဝန်းတိုက်ခိုက်ချေမှုန်းလိုက်ကြသည်။ တစ်ခန်းလုံးက နက်နက်ရှိုင်းရှိုင်း တိတ်ဆိတ်လွန်းနေသည်။ နောက်ထပ် ဘာသံမျှ မကြားရတော့။ တစ်စုံတစ်ယောက်ကများ လေပူတွေနှင့်အတူ ရောစွ၍ ဝင်လာသလား၊ ဘယ်သူများပါလိမ့်။

❑

ပွန်းရှ ချုပ်ပျောက်လွယ်စွာ တအိအိဖြင့် ရွေ့လျားကျန်ရစ်သော ညနေခင်းအစားသန်းခေါင်ယံသည် ပစ္စက္ခအခြေအနေအဖြစ် ဝင်ရောက်နေရာယူလိုက်ပြီ။ သန်းခေါင်ယံသည် သိပ်သည်းကျစ်လျစ်စွာ မှောင်မိုက်တိတ်ဆိတ်လွန်းနေသည်။ မှောင်မိုက်ခြင်း ထုထည်အတွင်းမှ တွန်းထိုးပြီး ထွက်ကျလာသော အသံတစ်သံကို သူကြား၏။

'ညီမရေး… မနိုနဲ့နော်'။ ဟော… မမကြီး အသံ။ မမကြီးက လေပူတွေနှင့်အတူ ဝင်လာပုံရသည်။ သို့သော် အသံသည် အဝေးကလိုလို၊ အနီးကလိုလိုနှင့် ဘယ်ကပါလိမ့်၊ မငိုနှင့်ပြောပြီး မမကြီးက ငိုနေသည်။ ခုနက ကျောပြင်၏ အထိအတွေ့သည် သူထင်သလို မမကြီး၏ လက်များလား။ ဟော နောက်ထပ်ကြားရပြန်ပြီ။ 'မငိုပါနဲ့ မမကြီးရယ်၊ ညီမလေး မငိုတော့ဘူး။ မမကြီးလည်း မငိုနဲ့တော့။ ကဲ… ဒီမှာ ရော့ မမမကြီးကြိုက်တဲ့ အိန္ဒိယဓာတ်လမ်းတွဲအခွေတွေ… ရော့ ရော့ ယူလေ'။ ဒီအသံက ဘယ်သူ့အသံနည်း၊ ဘယ်သူဖြစ်မည်နည်း။ သူကတော့ မမကြီးသူ့ကို ချော့နေသည် ထင်ခဲ့သည်။ ဘယ်က ညီမလေးဆိုသော ကောင်မလေးကို ချော့နေပါလိမ့်။ ညီမလေးဆိုသော ကောင်မလေးက မည်သူနည်း။ သူ သိချင်လာသည်။ 'ဟော့ ဘယ်က ညီမလေးလဲ၊ ဘယ်သူလဲ'။ သူ့မေးခွန်းကို ဘယ်သူကမျှ ပြန်မဖြေ။ ဖြေစရာအကြောင်းလည်း မရှိပေ။ သူ့မေးခွန်းကို သူမှတစ်ပါး မည်သူမျှ မကြားနိုင်။

ဘယ်က ညီမလေးလဲ။ သူကများ မမကြီး ကုလားကားကြိုက်တာတောင် သိနေသေးတော့သည်။ ဟော… မမကြီးက ဘာပြောနေပါလိမ့်။ 'အေး… နှာကိုပေး၊ နာကြိုက်တယ်။ ခုတော့ တစားကြမယ်လေ'။ မမကြီး အကျင့်ကလည်း တစ်ခုရလျှင် နောက်တစ်ခုက အဆစ်ပါရမှ ဖြစ်သည်။ ကောင်းသည်။ သို့မှသာ ကောင်မလေး သူ့လို သည်းမခံနိုင်မှ အေးမည်။

'ဘာတမ်းကစားမှာလဲ။ ဖန်ခုန်တမ်းလား၊ ဟား ဟား ဟား ဟား'။ ကောင်မလေးက အဝလွန်မမကြီးကို သူစ,နေကျအတိုင်း စ,နေသေးတော့သည်။ ဒါလည်း သူသိတာပဲလား။ ခက်ပြီ။ အရေးထဲ မမကြီးကလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုး လုပ်နေပြန်သည်။

'နေဦးဟ, နာဗိုက်ဆာတယ်'၊ 'ဟော… လုပ်ပြီ၊ မမကြီးကတော့…' ဟု အသံမထွက်ဘဲ သူ့လိုပင် ကောင်မလေးစိတ်ထဲက ပြောသည်ကို သူသိလိုက်သည်။ စိတ်ထဲက ပြောတာချင်းပင် တူနေသည်မှာ တိုက်ဆိုင်မှု မဖြစ်နိုင်။ မည်သူနည်း။ အတွေးကြီးသူ၏ ဖြစ်ပေါ်လာသော မနာလိုစိတ်ဖြင့် အခန်းထဲတွင် ထိုအသံက ဘာကြောင့်ရှိနေရသနည်းဟု သူတွေးသည်။

ကောင်မလေးသည် သူ၏ ညဝတ်အင်္ကျီဝမ်းဆက်ကို ဝတ်ထားသည်။ သူ့လိုပင် အနည်းငယ်ကောက်သော ဆံပင်ကို ရှေ့အိုရောင်ဆိုးထားသည်။ အရပ်ကလည်း သူ့လိုပင် ခပ်မြင့်မြင့်၊ သူ့ထက် အနည်းငယ် မဆိုစလောက် ပိန်၍ ကြည့်ကောင်းသလိုရှိသည်။ လှုပ်ရှားမှုကလည်း သူနှင့် တစ်ပုံစံတည်း။

ခုကြည့်… မမကြီးက ဗိုက်ဆာသည် ပြောလိုက်ကာရှိသေးသည်။ တွေဝေငေးငိုင်ခြင်း၊ ဖင့်နွဲ့လေးလံခြင်းမရှိဖယ်စက်သလို ကောင်မလေးက လှုပ်ရှားသည်။

မုန့်ပုံးကို ဖွင့်သည်။ အရင်ဆုံး မုန့်တစ်ခုကိုယူပြီး လေ၏ အလျဉ်နှင့်အတူ မမကြီး၏ လက်ထဲသို့ ထိုးထည့်သည်။ ဆက်တိုက်ဆိုသလို အချိုရည်ဘူးအဖုံးကို ဖွင့်သည်။ မမကြီးသောက်နေကျ အရုပ်လှလှပါသော ဖန်ခွက်အတွင်းသို့ မမကြီးအတွက် သီးသန့်စီမံထားသော အချိုရည်ကို နေ့စဉ်တိုက်နေကျ အမှတ်အသားထိ ထည့်သည်။ မည်မျှထည့်ရမည်ဆိုသည့် အမှတ်အသားကိုပင် ကောင်မလေး သိနေပြန်သည်။ ပြီးလျှင် အချိုရည်ဖန်ခွက်နှင့် မုန့်လေးခုကို အဆင်သင့်ကိုင်၍ စောင့်နေသည်။ မမကြီးသည် ဆရာဝန်ညွှန်ကြားချက်အတိုင်း မုန့်



www.burmeseclassic.com

www.burmeseclassic.com

ငါးခုသာ စားသည်ကို ကောင်မလေး ဘယ်လိုလုပ်သိပါလိမ့်။

မျက်စိမဖွင့်ဘဲ ငုတ်တုတ်ကြီး ထိုင်စားနေသော မမကြီးက ညာဘက်လက်ကို လှမ်းသည်။ ကောင်မလေး တလွဲလုပ်တော့မည်ဟု သူ ထင်သည်။ သူ၏ အထင် တက်တက်စင်အောင်လွဲတော့သည်။ ကောင်မလေးက မမကြီး ညာဘက်လက်ထဲသို့ နောက်ထပ် မုန့်တစ်ခုကို ထည့်ပေးသည်။ မမကြီးက တစ်ကိုက်ကိုက်ပြီး ဘယ်ဘက်လက်ကိုလှမ်းသည်။ ကဲ…ဒီတစ်ခါကြည့်ကောင်းတော့မည်ဟု သူ တွက်သည်။ ကြည့်ကောင်းစွာပင် အချိုရည် ဖန်ခွက်ကို မမကြီး ကိုင်လို့ရအောင် သေချာစွာ လက်တွင်းသို့ထည့်သည်။ အချိုရည်တစ်ကျိုက်သောက်ပြီး မမကြီးက ခွက်ကို ပြန်ပေးသည်။ ကောင်မလေးက သွက်လက်စွာပင် လှမ်းယူသည်။ သူထင်သလို မဟုတ်ဘဲ တကယ်ကြည့်ကောင်းလောက်အောင်ပင် အပေးအယူဖြစ်နေပုံမှာ ဟာမိုနီကျလှသည်။ ထို့နောက် ဘုန်းခနဲ မြည်သံနှင့်အတူ ခုတင်ကြီး တစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်။ အိစက်စက်ကိုယ်လုံးကြီးကို သင်ဖြူးဖျာပေါ်သို့ ပစ်လှဲ၍ မမကြီး အိပ်ပြီ၊ တစ်ခန်းလုံး အပ်ကျသံပင် ကြားရလောက်၏။

❑

အခန်းထဲမှာတော့ မှောင်မြဲမှောင်လျက်၊ မိုးက မလင်းသေး။ အပြင်လောကကြီး ပူသလောက် အခန်းတွင်းမှာတော့ မပူလှသေး။ နံရံထက်မှ ဝါကြင့်ကြင့် 16 ဆိုသော ဂဏန်းနှစ်လုံးသည် ပျောက်ခြင်းမလှ ပျောက်သွားပြီ။ သို့သော် အခန်းတွင်မှာတော့ လက်ကျန် အအေးဓာတ်က မပြယ်သေး။

ခုတင်စောင်းပေါ် မေးတင်၍ မျက်နှာက မွေ့ရာပေါ်တွင် မှောက်လျက် အနေအထားဖြင့် သူ အိပ်ပျော်နေပြီလား။ ထိုအနေအထားမှာပင် သူ့ကို တစ်စုံတစ်ယောက်သောသူက လည်ပင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ဖျစ်ညှစ်နေသလို ခံစားရသည်။ သူ့ချွေးစေးများ ပြန်လာသည်။ မမကြီးကတော့ သူ့ကို ဒီလိုလုပ်လိမ့်မည်မဟုတ်ဟု သူယုံကြည်သည်။ သူ အသက်ရှူကျပ်သထက် ကျပ်လာသည်။ သူ မနေနိုင်တော့ သူ့အော်မိအော်ရာ အော်ချလိုက်သည်။ 'လုပ်ပါဦး မမကြီးရေ၊ ညီမလေး အသက်ရှူကျပ်လှပါပြီ မမကြီးရဲ့' ဟု အသံကုန် အော်ချလိုက်သည်။ လည်ချောင်းကွဲမတတ် အော်ချလိုက်သော သူ့အသံသည် လည်ချောင်းဝတွင်သာ ဝဲလှည့်နေပြီး အပြင်သို့ ထွက်ကျမလာပေ။

'တူညားပစ္စည်းယူတာ တေ… တေ… တေတာကောင်းတယ်' ဆိုသော မမကြီး၏အသံကို သူကောင်းကောင်းကြားလိုက်ရသည်။ သူ့ပါးစပ်အဟောင်းသားနှင့် သိပ်ကို အံ့သြနေမိသည်။ အံ့သြမှုကြားမှ တစ်စုံတစ်ခုကို သူ သတိရလိုက်သည်။ ဖျတ်ဆို သူ့ခေါင်းကို လက်ဖြင့် စမ်းမိလျက်သားဖြစ်သွားသည်။ 'ညီမအချင်းချင်းပဲ မမကြီးရယ်' ဟု သူ ဝမ်းပန်းတနည်း ငိုတော့သည်။

သူ့အပေါ် မကျေနပ်ချက်များကို 'ကလဲ့စားချေနေတာလား မမကြီးရယ်' ဆိုသော အတွေးကြီးသူတို့၏ အတွေးကသာ သူ့ကို ပို၍ ချောက်ချားစေတော့သည်။ သူကြေကွဲစွာ ငို၏။ ငိုရလွန်းပြီး သူ့တစ်ကိုယ်လုံး မျက်ရည်များ၊ ချွေးများဖြင့် စက်စက်ကျနေတော့သည်။

'ညီမရေး… မနိုးနဲ့တော့… မမကြီးနဲ့ တူပုန်းတမ်းတစားမယ်' ဟု မမကြီး၏ ချော့သံကို သူကြားနေရသည်။ သို့သော် သူ့နားကို သူ မယုံချင်။ မမကြီးက 'နာ အရင်ပုန်းမယ်… ကဲ ပုန်းပြီ… တူ…' အသက်ရှူကျပ်နေသောကြားမှပင် မမကြီး အသံကို ကြားနေရသည်။ ဟုတ်ပါသည်၊ သူ့ကို မမကြီး သိပ်ချစ်သည်ကို သူသိသည်။ ခုပင် မမကြီးစိတ်မဆိုးမီ ပုန်းသည့်နေရာကို လိုက်ရှာမှဖြစ်မည်။ အမြန်ရှာချင်ကာမှ လူက လှုပ်မရဖြစ်နေသည်။ သူ့လက်ကို ရှေ့သို့ ဆန့်ထုတ်ကြည့်သည်။ သင်ဖြူးဖျာလိပ်ကို စမ်းမိပြီ။ သင်ဖြူးဖျာက အလိပ်ကြီးဖြစ်နေသည်။ သူ ကပျာကယာ သင်ဖြူးဖျာလိပ်ကို ဖြေသည်။ မရ။ သူ သင်ဖြူးဖျာလိပ်ထဲသို့ ချောင်းကြည့်သည်။ ဝဝဖိုင့်ဖိုင့် လူကြီးတစ်ယောက် ဖျာလိပ်ထဲမှာ ရှိနေသည်။ ဆံပင်တိုတို၊ ထိပ်ပြောင်ပြောင်နှင့်ဆိုတော့ မမကြီး မဖြစ်နိုင်။

ထိုစဉ် မမကြီးအသံပေါ်လာသည်။ ခါတိုင်းလို အသံသေးသေးကလေး မဟုတ်တော့။ မမကြီးအသံကို ပီပီသသ ကြားနေရသည်။ အဓိပ္ပာယ် သဲသဲကွဲကွဲ ကြားနေရသော်လည်း သူ့နား မလည်နိုင်ဖြစ်နေသည်။ သူ့ရင်တွေ တဒုန်းဒုန်းခုန်နေသည်။ နိမိတ်မရှိ၊ နမာမရှိ မမကြီး ဘာတွေပြောနေပါလိမ့်။ 'အဲဒါ နာတို့အပါပဲ၊ အပါသေပြီ' ဆိုသော မမကြီး အသံက သူ့နားစည်ကို ခပ်တုံးတုံးအရာတစ်ခုဖြင့် ထိုးမွှေလိုက်သလိုရှိတော့သည်။

တုန်ယင်သော လက်တို့ဖြင့် သူ့ဖျာလိပ်ကို အမြန်ဆုံးဖြေသည်။ သူ့မျက်စိကို သူ မယုံနိုင်ဖြစ်လာသည်။ နေ့လယ်က ဝတ်ထားသော စပို့ရှပ်အပြာနုအစင်းနှင့် နက်ပြာရောင်ဘောင်းဘီရှည်ကို ဝတ်ထားသော အပါကို သူမြင်ရသည်။ မဖြစ်နိုင်ဟု ဆိုရအောင်လည်း သူ့မျက်စိရှေ့မှာပင် မလှုပ်မယှက်နှင့် သူ့အပါက ပက်လက်ကြီး၊ ဗိုက်ကြီးကလည်း ဖောင်းပွပြီး အနံ့ဆိုးများပင် ထွက်နေပြီ။ သေချာသည်။ အပါက သူ့ကို စိတ်ချလက်ချ ထားရစ်ခဲ့ပြီး မမကြီးနှင့်သာ အတူနေလိုသည်ကို သူသိပြီ။ သူ 'အပါရေ… အပါရဲ့' ဟု အော်ကာ လူးလှိမ့်၍ ငိုတော့သည်။ တစ်ခန်းလုံး ပူလောင်အိုက်စပ်နေသည်ထက် သူ့ရင်တွေက ပို၍ ပူလောင်လွန်းလှပြီ။

❑

မှန်ပြတင်းမှတစ်ဆင့် ဝင်လာသော အလင်းတစ်စသည် သူ့မျက်တောင်ဖျားတွင် တွဲလွဲခိုနေသော မျက်



www.burmeseclassic.com

www.burmeseclassic.com

ရည်စပေါ်သို့အကျ သူ့မျက်လုံးတွေ ဖြည်းဖြည်းချင်းပွင့်ဟ,လာသည်။ သူ့ရင်ဘတ်တွေ နိမ့်ချည်မြင့်ချည်ဖြစ်နေသည်မှာ မြင်မကောင်း ရှုမကောင်းပင်။ သူ့ကိုယ်သူပင် လန့်သလိုဖြစ်နေ၏။ သူ့တစ်ကိုယ်လုံး ချွေးနှင့် မျက်ရည်တို့ဖြင့် စက်စက်ကျနေသည်။

သူ ဖြုန်းဆို အိပ်ရာပေါ်မှ ခုန်ဆင်း၍ ပွင့်နေသော အခန်းတံခါးမှသည် လှေကားဆီသို့ တစ်ဟုန်ထိုး ပြေးသည်။ လှေကားခြေရင်းအရောက်တွင် အရှိန်မလွန်အောင် လှေကားတိုင်ကို ဆွဲကာ လူကို လှေကားထစ်များဘက်သို့ မျက်နှာမူလိုက်သည်။ လှေကားလက်ရန်းကိုဆွဲ၍ လှေကားထစ်များကို တစ်ထစ်ချင်း မနင်းတော့ဘဲ အဆင့်ကျော်ပြီး နှစ်ထစ်၊ သုံးထစ် လှမ်းကျော်တက်သည်။ သူ လှေကားထိပ်သို့ ရောက်သည်၊ အိပ်ခန်းဆီသို့ ပြေးပြန်သည်။ အိပ်ခန်းတံခါးဝ အရောက်တွင် ဆလိုက်တံခါးကို ဘေးသို့တွန်းပြီးဝင်သည်။ အိပ်ခန်းတွင်းအရောက်တွင် သူ့အကြည့်သည် ခုတင်ကြီးဆီသို့ အရင်ဆုံး ရောက်သည်။ ခုတင်နားဆီသို့ သူ တစ်လှမ်းချင်းကပ်သွားသည်။ သူ့ ခြေထောက်များက တုန်နေ၏။ သူ့အကြည့်က ခုတင်ဆီမှ မခွာ။ ခုတင်နားဆီသို့ တဖြည်းဖြည်းချင်း တိုးကပ်သွားသည်။ သူထင်သလိုပင် သူ၏ အပါက ခုတင်ကြီးပေါ်တွင် ပက်လက်ကြီး။ အပေါ်သို့ စူထွက်နေသော အပါ၏ ဗိုက်ကြီးကို သူ လက်ဖြင့်စမ်းသည်။ စနဲ့စနဲ့ကြီးဖြစ်နေသော အပါသည် စွပ်ကျယ်အဖြူလက်စကနှင့် ညဝတ်ဘောင်းဘီပွပွကြီးကို ဝတ်ထားသည်။ ဗိုက်ကြီးက ရောင်ကိုင်းမို့မောက်ပြီး ပုပ်ပောင်နေပြီလား မပြောတတ်။

စူထွက်နေသော ဗိုက်ကြီးကို သူ ကိုင်၍လှုပ်သည်။ သူ့ပါးစပ်က 'အပါ… အပါ' ဟု ခေါ်သည်၊ မရ။ ဗိုက်ကြီးကို ခပ်ကြမ်းကြမ်းလှုပ်သည်။ သူ့ပါးစပ်ကလည်း 'အပါရေ… အပါ' ဟု တွင်တွင်ခေါ်သည် မရ။ သူစိတ်မရှည်တော့သလို ခပ်ကြမ်းကြမ်း လှုပ်လိုက်အော်ခေါ်လိုက်နှင့် သူ့တစ်ကိုယ်လုံး စိုးရိမ်စိတ်တွေကသာ တနင့်တပိုး ပူးကပ်လာတော့သည်။ လေး၊ ငါး၊ ဆယ်ခါ ခပ်ကြမ်းကြမ်းလှုပ်ကာ အော်ခေါ်သည့်တိုင်အောင် အကြောင်းမထူးတော့သည့်အဆုံး 'အပါရေ… အပါရဲ့' ဟု ဗိုက်ကြီးကို ပုတ်ကာပုတ်ကာဖြင့် ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား အော်ဟစ်ငိုတော့သည်။

'ဟဲ့… သမီးလေး၊ ဘာဖြစ်တာတုံး…ဩော်…' ဆိုသော အပါ၏ အသံကို ကြားလိုက်ရကာမှ သူ့စိတ်ကို လျှော့၍ ဗိုက်ကြီးပေါ်သို့ သူ့မျက်နှာကို မှောက်ချပြီး သူ အားပါးတရ ငိုတော့သည်။ သူ့ပါးစပ်ကလည်း အပါးချင်းမိုးမွှန်နေသည်။ ငိုရင်းဖြင့် ပျာပျာသလဲ အပါ၏ နဖူး၊ ပါးပြင်၊ နားရွက်၊ ဆံပင်၊ လည်ကုပ်တို့ကို တရစပ် အဆက်မပြတ် နမ်းရှုပ်နေတော့သည်။ ■

**ညီစောရန်နောင်**

# ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘေးမျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။
၂။ ဘေးမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။
၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။
၄။ လက်ရေးစာမူဆိုလျှင် A 4 စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A 4 စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။
၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာဖော်ပြပါ။
၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။
၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။
၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။
၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီးဝတ္ထုမျိုးမဖြစ်စေရ၊ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။
၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြုတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ၀၁-၉၀၁၀၅၀၁ အေးမြတ်မြတ်ချိုနှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အီးမေးလ်သို့ဖြစ်စေ၊ ဖေ့စ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

**အယ်ဒီတာ(ရွှေအမြုတေမဂ္ဂဇင်း)**



www.burmeseclassic.com

www.burmeseclassic.com



သန်းမြင့်သန်း၊ကွမ်းခြံကုန်း၊

# မေယုကိုတဲ့စုတ်တံချီ

အမှတ် ၃၄၆၊ စက်တင်ဘာ၊ ၂၀၁၀



ဦးနုချော့ခြံထွက် လက်ပွတ်သီးတစ်ခြင်းတောင်းကို တောင်ခြေမှ အိမ်အရောက် ရွက်သယ်ခဲ့ရ၏။ အမေ့ ပုဆိုးဟောင်း ခေါင်းခုမြင့် နဖူးမှ ချွေးစက်တို့ကို သုတ်လိုက်၏။ နောက်မှ ကပ်လိုက်လာသော မောင်ငယ်လေးသည် သန်းနုရီခေါင်းပေါ်မှ လက်ပွတ်သီးတောင်းကို ဝိုင်းကူချပေး၏။ သန်းနုရီတို့မောင်နှမ ပြန်ရောက်လာသည်ကိုမြင်သော

အမေက အိမ်ပေါ်မှ အမြန်ဆင်းလာ၏။ အိမ်ဝိုင်းရှေ့ ဝိန္နဲပင်အောက်တွင် ချထားသော ခြင်းကြားတောင်း ဆီသို့ သွားကာ လက်ပွတ်သီးခိုင်များကို အသေအချာ ကိုင်တွယ်ကြည့်နေပြန်သည်။

'လက်ပွတ်သီးတွေ တောင်းအပြည့်ပါပဲလား'

သန်းနုရီသည် အမေ့ မျက်နှာသို့ တစ်ချက်ကြည့်လိုက်၏။

'ဟုတ်တယ် အမေ၊ လက်ပွတ်သီးတွေ လှတာနဲ့ များများဝယ်လာခဲ့တယ်'

ရခိုင်ဒေသထွက် လက်ပွတ်သီးမှာ ကနစိုးသီးနှင့် ခပ်ဆင်ဆင်တူ၏။ လက်ဖြင့် ပွတ်၍ စားလေ့ရှိသည့် ချိုမြမြ အရသာရှိသော အသီးဖြစ်၏။

'သမီး ပင်ပန်းလွန်းလို့ ပြောတာပါ အေရယ်။ ကဲ မောင်နှမနှစ်ယောက် ထမင်းစားချေကြ။ သင်္ဘောမဆိုက်ခင် ကြို့ရောက်နှင့်မှ ကောင်းမယ်လေ'



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

နေမွန်းတည့်လုနီးပြီ။ ကသုတ်ကရက်ပင် အိမ်ပေါ်တက်၍ ထမင်းစားကြသည်။ နောက်နာရီတစ်ပတ်သာသာတွင် ညောင်ကျိုးရွာဆိပ်ကမ်းသို့ ဧညဝတီသင်္ဘော ဆိုက်ကပ်တော့မည်။ အမေသည် တုန့်ယင်သောလက်ဖြင့် လက်ပွတ်သီးများကို ကြွပ်ကြွပ်အိတ်များထဲသို့ ထည့်ပေးထားနှင့်၏။ သင်္ဘောပေါ်တွင် အဆင်သင့် ရောင်းနိုင်ရန်ဖြစ်သည်။ သင်္ဘောပေါ်တွင် နိစ္စဓူဝ လက်ပွတ်သီး ရောင်းစားကြရသည့် ညောင်ကျိုးရွာမှ သန်းနုရီနှင့် သူငယ်ချင်းမ အပျိုပေါက်များ အားလုံးမှာ ဝမ်းစာရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာဖွေကြရသည်။ ရေကူးတတ်သူကလေးများ ပါမကျန် သင်္ဘောဈေးသည်များချည်း ဖြစ်ကြရသည်။ ညောင်ကျိုးချောင်းမှာ ရေကူးသင်၍ ကျွမ်းကျင်တတ်မြောက်ပြီဆိုလျှင် သင်္ဘောဈေးသို့ လိုက်ပါခွင့်ရကြသည်။

နွေနှင့်ဆောင်းတွင် မေယုမြစ်ဝှမ်းရေနည်းချိန်ဖြစ်၏။ သဲသောင်မြေနုကျွန်းပေါ်ထွန်းခိုက်တွင် ရာသီသီးနှံများ စိုက်ပျိုးကြရသည်။ ဒေသထွက် ဟင်းသီးဟင်းရွက်များမှာ ဈေးကွက် သီးသန့်မရှိ။ သင်္ဘောဈေးကွက်၌သာ ရောင်းချကြရသည်။ ရသေ့တောင်မြို့ဈေးမှာလည်း မြစ်တစ်ဖက်ကမ်း ရွာနှင့်အလှမ်းဝေးလှ၍ နေ့စဉ် သွားရောက် ရောင်းချဖို့ကလည်း လွယ်ကူလှသည်မဟုတ်ချေ။ မိုးရာသီတွင် တောင်ယာဝင်၍ တောင်ခြေနှင့် တောင်ပေါ်ခြံများမှ သီးနှံမျိုးစုံမှာလည်း သင်္ဘောဈေးကွက်ကိုသာ အားထားကြရသည်။

ညောင်ကျိုးရွာသည် မေယုမြစ်နှင့် မေယုတောင်တန်းကြားတွင် တည်ရှိ၏။ အနောက်ရိုးမတောင်ပြာတန်း နောက်ခံထားလျက် သဘာဝတောတောင်ရေမြေမှာကြည့်ရှုမဝနိုင်အောင် မြင်ကွင်းပသာဒသာယာလှပလွန်းလှသော်လည်း ရွာသူရွာသားတို့၏ ဘဝများမှာ မြို့ပြနှင့် အလှမ်းဝေးသဖြင့် မလှပနိုင်ဘဲရှိချေ၏။

❑

ထွန်းလှဖြူတစ်ယောက် ဗျိုင်းလည်တံရှည်ပမာ လည်ပင်းတဆန့်ဆန့်နှင့် ရွာလမ်းမဆီသို့ မျှော်ကြည့်နေရသည်မှာ အမော။ ဘောက်တူကို ချောင်းနဖူးတွင် ထိုးဝါးစိုက်၍ ချည်ထားပြီး ခွေးတစ်ဟောင်ခန့်သာ ဝေးသော ရွာထိပ်အထွက်လမ်းသို့ မကြာခဏ လှမ်းကြည့်နေရသည့် ဒုက္ခမှာ မသေးလှချေ။ လာလိမ့်နိုးနှင့် စောင့်စားရသည့် ပူပင်သောကစိတ်ကြောင့် လှုပ်လှုပ်ရွရွဖြစ်နေရ၏။ ဂနာမငြိမ် ဖင်တကြွကြွဖြစ်နေရ၏။ မေယုတောင်ကြော တစ်နေရာတွင် ချောင်းများခံသော ညောင်ကျိုးချောင်းမှာ ရေတက်လာ၏။ ညောင်ကျိုးချောင်းသည် မေယုတောင်ခြေကို ဝှေ့ဝိုက်ဖြတ်သန်းစီးဆင်းလျက် မေယုမြစ်အတွင်းသို့ စီးဝင်သော ချောင်းလက်တက်ဖြစ်၏။

ခရီးလည်းသင့်၊ အကြောင်းပေါင်းလည်းသင့်နှင့်ကြပြီးဖြစ်၍ ထွန်းလှဖြူသည် သန်းနုရီလာရာလမ်းသို့ မျှော်နေရခြင်းဖြစ်၏။ ဦးနုချေခြံမှာ လက်ပွတ်သီးလာဝယ်ကတည်းက အချိန်းအချက်ပြုခဲ့၏။ သန်းနုရီတို့မောင်နှမနှင့် လက်ပွတ်သီးတောင်းကို လှေဖြင့် လိုက်ပို့ရန် ပြောဆိုထားပြီးလည်းဖြစ်သည်။

'ဆက်ဆက်စောင့်နေမှာနော်၊ လာဖြစ်အောင်သာလာခဲ့။ ပိုက်တစ်လားပစ်ပြီးကြိုစောင့်နှင့်မယ်။ အိမ်ကစောစောထွက်ခဲ့နော်'

'အင်းပါ၊ စောင့်သာနေပါ၊ လာခဲ့ပါ့မယ်ဆိုမှ'

ကာလသားသမီး ငယ်ရွယ်သူတို့ သဘာဝ ထွန်းလှဖြူနှင့် သန်းနုရီတို့ ရည်းစားသနားဖြစ်ခဲ့ကြသည်မှာ မကြာသေးပေ။ တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ခင်တွယ်မှုဖြင့် တွေ့ချင်မြင်ချင် ဆုံချင်စိတ်များမှာ အကဲသာလွန်းနေကြသည်။ မျက်စိအောက်မှ အပျောက်မခံချင်ကြသည်လည်း အမှန်ပင်။ သို့နှင့်ပင် ထွန်းလှဖြူသည် အချစ်စိတ်ဖြင့် ဆန္ဒစောနေကာ ဝီရိယမှာ ကမ်း ကုန်နေတော့၏။ အိမ်မှ စောစောထွက်ခဲ့ပြီး မေယုမြစ်အတွင်း လွှာချင်းပိုက်တစ်လွှားပစ်ဆင်းသည် ဆိုရုံမှသာ ဖြစ်၏။ ပိုက်တွင် ငါးလက်ခွာကြီးနှစ်ကောင်နှင့် ငါးညှိကြီးတစ်ကောင် မိလာ၏။ သည်လို ငါးရပုံမျိုးနှင့်ဆိုလျှင် ရေကုန်ရေခန်း ငါးဖမ်းလှေရှိသည့် ထွန်းလှဖြူ ငါးသုံးကောင်ကို ဘောက်တူလှေကပ်ထဲသို့ ပစ်ထည့်လိုက်၏။ ငါးရဖို့ထက် ရွာလမ်းမဘက်သို့ အမြန်ရောက်လိုစိတ်ကများလှ၏။ ဦးလိပ် ဘောက်တူမျိုးမှာ တံငါလှေများအနက် မပေါ့ပါးဆုံး လှေမျိုးဖြစ်သော်လည်း ဘောက်တူကို တရိပ်ရိပ်ပြေးအောင်လှော်ခဲ့သည်။ ပြိုင်ပွဲဝင်လောင်းလှေပင် အရှုံးပေးရမတတ် လှော်ခတ်ခဲ့၏။ မေယုမြစ်ရေပြင်သည် တည်ငြိမ်စွာစီးဆင်းနေရာမှ မိုးပြေးလေးများ တဖွဲဖွဲရွာလာသဖြင့် စိုစိုပြည်ပြည်ဖြစ်သွားတော့သည်။ ရှိုင်မိုးကလည်း မ,စိုးမရချေ။ နေပူလျှင်ပူလိုက်၊ ရုတ်ခြည်းပင် မိုးရွာလျှင်ရွာလိုက်ဖြစ်တတ်သည်။

'ဗျို့ အစ်ကိုရှည်၊ မမက ပြောခိုင်းလိုက်တယ်။ ဒီနေ့ အစ်ကိုရှည့် ဘောက်တူနဲ့ မလိုက်တော့ဘူးတဲ့။ အဖော်တွေနဲ့ တာရိုးကပဲ သွားနှင့်တော့မယ်လို့'

'ဘာရယ်ကွ'

ထွန်းလှဖြူတစ်ယောက် ဒေါသအိုးပေါက်ကွဲသွား၏။ မောင်ငယ်လေး အပြေးအလွှား အော်ပြောရင်း ပြန်ထွက်သွားသည်။ စိတ်မသက်သာစွာဖြင့် လှေကြိုးကိုဖြုတ်ကာ နှုတ်မှလည်း မြည်တွန်တောက်တီးလျက် သင်္ဘောဆိပ်ဆီသို့ ဦးတည်ကာ ဘောက်တူကိုဆောင့်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အောင့်ကြီး လော့်ထွက်လိုက်တော့သည်။

❑

ရွာဆိပ်ခံ သစ်သားတံတားသည် မေယုမြစ်ကမ်းပါးကို မေးတင်လျက်ရှိ၏။ ညောင်ကျိုးရွာမှ လူငယ်လူကြီးများ ရောင်းကုန် ပစ္စည်းမျိုးစုံဖြင့် စုပြုံရောက် ရှိနေကြသည်။ လူရိပ်တစ်ပြလောက်ဆီမှ ဧညဝတီသင်္ဘောသည် ဥသြသံပေးလျက် မြစ်ရေအတက်ဖြင့် ခုတ်မောင်းလာသည်ကို မြင်နေရပြီ။ သင်္ဘောခေါင်းတိုင်မှ မီးခိုးတလူလူဖြင့် ရေစုန်ခရီးနှင်ရင်း ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်။ ဆိပ်ခံတံတား၌ ကြိုးချည်ပြီးသည်နှင့် သင်္ဘောပေါ်သို့ အလုအယက် ပြေးတက်ကြတော့သည်။ အတင်းတိုးဝှေ့လျက် သူ့ထက်ငါ သင်္ဘောပေါ်ထပ်သို့ တက်ရောက်ကြတော့သည်။

'ရီပါ… ရီပါ'

'လပွတ်သီး ချိုမှချို၊ လပွတ်သီး ချိုမှချို'

'ထမိန်းနော်…ထမိန်း'

'ငပရောသီးရမယ်၊ ငပရောသီး'

ရေ၊ လက်ပွတ်သီး၊ ထမင်းသုပ်၊ ငှက်ပျောသီးနှင့် မုန့်ပဲသရေစာများ အော်ဟစ်ရောင်းချကြသည်။ အများစုမှာ ရခိုင်လေသံနှင့် ရခိုင်တိုင်းရင်းသား လူငယ်ကလေးများဖြစ်သည်။ လူပျို၊ အပျိုပေါက်များလည်းပါသည်။ လူကြီးများက နည်းသည်။ သန်းနုရီအဖော်တစ်သိုက် မိန်းကလေးများ သင်္ဘောအပေါ်ထပ် လူကြားထဲသို့ အလျှိုလျှိုတိုးဝင်လျက်အော်ဟစ်ရောင်းနေကြသည်။ သင်္ဘောတစ်စီးလုံး ဆူညံပွက်လောရိုက်သွား၏။ သင်္ဘောအောက်ထပ် အဆင်းအတက်အပေါက်ဝတွင် ငါးသုံးကောင်ကို ကြိမ်းခင်းတွင် ချလျက် ထွန်းလှဖြူတို့ ပိုက်သမားတစ်သိုက်ကလည်း ငါးများကို ဈေးခေါ်ရောင်းနေကြသည်။ ထွန်းလှဖြူမှာ ခပ်ငူငူခပ်စူစူပုံစံဖြင့် တစ်စုံတစ်ရာကို အလိုမကျဖြစ်နေပုံရ၏။ ငါးရောင်းဖို့ကိုပင် အားတက်သရော ရှိပုံမရချေ။ သင်္ဘောကြီး ကမ်းမှခွာသည်။

ပိုက်သမား တံငါလှေနှင့် ဈေးလှေအချို့ သင်္ဘောနံဘေးဝဲယာဘက်တွင် ဘောက်တူဦးကြိုးတွဲချည်လိုက်ပါလာကြသည်။ သင်္ဘောပဲ့ပိုင်းတွင်လည်း လှေတွဲများ ကြိုးရှည်ရှည်ချည်လျက် ပါလာကြသည်။ သင်္ဘောဈေးသည်များမှာ အပေါ်ထပ်၊ အောက်ထပ် တက်ချည် ဆင်းချည်ဖြင့် အခါခါအလီလီ လူးလာခေါက်တုံ့နေကြဆဲဖြစ်သည်။ ဧညဝတီနှစ်ထပ်သင်္ဘောကြီးမှာ မေယုမြစ်ကြောင်းခရီးစဉ်အတိုင်း ခုတ်မောင်းလျက်ရှိနေ၏။ သင်္ဘောပေါ်မှ လှမ်းမြင်နေရသော မေယုတောင်ခြေရှိ ညောင်ကျိုးရွာလေးမှာ တဖြည်းဖြည်း ဝေး၍ဝေး၍သာ ကျန်ရစ်ခဲ့တော့သည်။

❑

ရွာကို ပျပျမှုမြင်ရသည့်နေရာသို့ အရောက်တွင် လှေတွဲနှင့် ဈေးသည်များ လှေကြိုးဖြုတ်ကာ လိုရာသို့ထွက်ခွာသွားကြသည်။ သင်္ဘောမှာ ရေလယ်ကြောမှ စက်ရှိန်လျှော့၍ မောင်းပေးထားလျက်ရှိ၏။ ထွန်းလှဖြူတစ်ယောက်သာ မလှုပ်မယှက်ရှိနေဆဲဖြစ်သည်။ သန်းနုရီအပေါ်ထပ်မှ ဆင်းလာသည်ကိုမတွေ့သေး၍ အားမလိုအားမရဖြစ်ရပြန်၏။ လှေကြိုးမရှိသူမိန်းကလေး၊ ယောကျ်ားလေးများသည် ဈေးရောင်း၍ရသမျှ ပိုက်ဆံများအား ကွပ်ကွပ်အိတ်နှင့်ထည့်၍ ပါးစပ်တွင်း သွင်းကာတစ်မျိုး၊ ချွေးခံအိတ်အတွင်းထည့်၍တစ်ဖုံ ပုံစံအမျိုးမျိုးနှင့် တစ်ယောက်ပြီးတစ်ယောက် ရေပြင်သို့ခုန်ချကာ တစ်ဖက်ကမ်းသို့ ကူးခပ်သွားကြသည်။ ရေကူးမသန်သော ငယ်ရွယ်သူများမှာ လုံကွင်းများကို ရေပူဖောင်းလုပ်၍ ကူးခပ်ကြသည်။ ရေပြင်ထက်တွင် ကိုယ်တစ်ပိုင်းဖော်လျက် တရွေ့ရွေ့ကူးသွားနေကြသည့် မြင်ကွင်းများ ရေဘဲကလေးများနှင့် တူလှတော့သည်။ မေယုမြစ်ရေပြင်ကလည်း ထိုသူကလေးများအတွက် နွေးထွေးစွာ လက်ခံပေးနေသကဲ့သို့ ရှိချေ၏။ လေမတိုက်၊ လှိုင်းမထန် အရိုင်းမဆန်ဘဲ နူးညံ့သိမ်မွေ့စွာ ရှိချေတော့သည်။ ဝမ်းစာအတွက် ရုန်းကန်နေကြရရှာသော ဘဝကလေးများကို အမျက်မသိုလေသော မေယုမြစ်မှာ အေးငြိမ့်ညင်သာစွာ စီးဆင်းလျက်ပင်ရှိနေတော့သည်။

လက်ပွတ်သီးတောင်းလွတ်ဖြင့် သန်းနုရီတို့မောင်နှမ အောက်ထပ်သို့ ခပ်သွက်သွက် ဆင်းလာကြသည်။ မကျေမချမ်းဖြင့် ထိုင်နေသော ထွန်းလှဖြူဆီသို့ တန်းတန်းမတ်မတ်ပင် သွားလိုက်၏။

'ပြန်မယ်လေ၊ ထလေ။ ဘာထိုင်လုပ်နေတာလဲလို့'

သန်းနုရီက ထွန်းလှဖြူပခုံးကို အသာပုတ်လျက်ပြောလိုက်၏။ ထွန်းလှဖြူသည် မျက်လုံးစွေလျက် သန်းနုရီကို ကြည့်လိုက်၏။ သန်းနုရီက ပြုံးစစမျက်နှာပေးဖြင့်–

'ကဲပါ ထပါ၊ ပြန်ကြစို့။ စိတ်ကောက်မနေပါနဲ့၊ သင်္ဘောပေါ်မှာ တစ်ယောက်မှ မရှိတော့ဘူး'

လက်ကိုဆွဲ၍ အတင်းထူလိုက်မှ ထွန်းလှဖြူထ,ရပ်သည်။ လှေကြိုးကိုဖြုတ်သည်။ ဘောက်တူပေါ်သို့ မောင်နှမနှစ်ယောက်ဆင်းသည်။ သည်တော့မှ ဘောက်တူပေါ်တက်ပြီးလော့်သည်။ မောင်ငယ်လေးက လက်ပွတ်သီးစားနေသည်။ သန်းနုရီသည် ထွန်းလှဖြူရှေ့တွင် မျက်နှာချင်းဆိုင်ထိုင်လိုက်ပြီး စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

'စိတ်မဆိုးပါနဲ့ အထွန်းရယ်၊ နေ့လယ်ခင်းက လှေနဲ့လိုက်ဖို့ပါ။ အိမ်ကထွက်ကတည်းက နင့်ကိုပြောဖို့ မေ့ခဲ့တယ်။ ငါ့မှာ အားကိုးစရာဆိုလို့ အဖေနဲ့ အမေကလွဲရင် နင်ပဲရှိတာပါ။ နင့်မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com

စေတနာကို ငါ နားလည်ပါတယ်’

သန်းနုရီ၏ ပြောစကားကြောင့် ထွန်းလှဖြူသည် လှေလှော်ရပ်ကာ သန်းနုရီ မျက်နှာကို ကြည့်လိုက်မိ၏။ သန်းနုရီ၏ မျက်ဝန်းအစုံမှာ မြစ်ရေပြင်ထက်မှာ တံလျှပ်ရိပ်များဆီသို့ ရီဝေစွာငေးမောနေသည်။ ချစ်သူမျက်နှာရိပ်ကို မြင်လိုက်ရ၍ ထွန်းလှဖြူစိတ်မှာ အငြိုးမထင်နိုင်တော့ချေ။ စိတ်ဆိုးနေခဲ့သည်မှာ အမှန်ဖြစ်သော်လည်း စိတ်ကောက်နေသည်ကို မမြင်စေချင်ပေ။ သန်းနုရီစိတ်ဆင်းရဲမည်ကို စိုးစဉ်းမျှပင် အလိုမရှိချေ။

‘ပြော- ဒါဖြင့် ဘာကိစ္စကြောင့် လှေနဲ့မလိုက်ခဲ့တာလဲ’

လေသံမှာ ခက်ထန်သယောင်ရှိသေး၏။ သန်းနုရီသည် ထွန်းလှဖြူ မျက်နှာသို့ အပြစ်ကင်းစွာဖြင့် တစ်ချက် ကြည့်လိုက်၏။ ထွန်းလှဖြူသည် သန်းနုရီပြောပြနေသည်များကို နားစွင့်ရင်း ဘောက်တူကို ဖြည်းဖြည်းချင်း လှော်ခဲ့သည်။ မေယုမြစ်ရေပြင်ကား ငြိမ့်ငြိမ့်ကလေးစီးမျောလျက်ရှိနေလေပြီ။ တောင်ပေါ်မှ ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးကလေး သုတ်ဖြူးလိုက်သဖြင့် မြစ်ရေပြင်တွင် လှိုင်းအိကလေးများ လူးလွန့်နေသည်ကို မြင်တွေ့နေရပေပြီ။

‘Sun- ဆန်း=နီ’

‘Water-ဝါးတား=ရီ’

‘Sister-စစ်စတား= ဝရီးမ’

ရှာလယ်မူ လတန်းကျောင်းဆီမှ တိုင်းရင်းသား ရခိုင်၊ သက်၊ မြို ကလေးငယ်များ၏ စာအော်ကျက်သံမှာ လွင့်ပျံ့လျက်ရှိ၏။ လက်ပွတ်သီးတောင်း ခေါင်းရွက်လျက် ကျောင်းရှေ့လမ်းမှ ဖြတ်လာသော သန်းနုရီခြေလှမ်းမှာ တုံ့ခနဲရပ်သွား၏။ ခေါင်းရွက်တောင်းကိုချကာ ကျောင်းဝင်းသို့ဝင်ခဲ့၏။ သူငယ်တန်းမှ လေးတန်းအထိ စာသင်ပေးနေသော ကျောင်းဆရာလေးမှာ စာသင်နေရာမှ လှမ်းကြည့်လိုက်၏။

‘ဪ- မသန်းနုရီပါလား၊ ကျွန်တော် ဘာများကူညီရပါမလဲ’

‘ဆရာလေး စာသင်နေတော့ အားနာပါတယ်။ ကျွန်မလည်း အခွင့်သင့်တာနဲ့ တစ်လက်စတည်း ဝင်မေးကြည့်တာပါ။ အခု ဆရာလေး ကျောင်းမှာ ကျွန်မ မောင်ငယ်လေးကို ကျောင်းထားချင်ပါတယ်။ ကျွန်မတို့မှာ တစ်နေ့လုပ် တစ်နေ့စား သဘော်ာဈေးရောင်းနေရတာမို့ ကျောင်းအပ်ရင် ဘာတွေလိုမလဲဆိုတာ သိချင်လို့ပါ။ ပိုက်ဆံဘယ်လောက် ကုန်မလဲပေါ့။ မတတ်နိုင်မှာစိုးလို့ပါ’

သန်းနုရီ၏ တရစပ် ပြောလိုက်သောစကားကြောင့် ကျောင်းဆရာ ကိုခိုင်မြတ်သာ တစ်ယောက် ခေါင်းကိုကုတ်လိုက်မိ၏။

‘ဒီလိုဗျ။ ဒီကျောင်းက ကိုယ်ထူကိုယ်ထကျောင်းဖြစ်တော့ ကျောင်းဝတ်စုံအတွက် လောက်သာ လိုပါတယ်။ ကျောင်းသုံးစာအုပ်တွေနဲ့ ကျန်တဲ့ကိစ္စတွေကို ရပ်ရွာလူကြီးတွေနဲ့ ဆရာတော်က ပညာဒါန တာဝန်ယူထားပါတယ်။ ကလေးတွေ စာတတ်ဖို့ အမြန်ဆုံးသာ ကျောင်းကို ပို့ဖြစ်အောင်ပို့ပါ’

‘ကျွန်မ မောင်ငယ်လေးကို ကျွန်မတို့လို နေပူစပ်ခါး ရေထဲမိုးထဲမရှောင် ပင်ပန်းတကြီး လုပ်မစားစေချင်ဘူးလေ။ ဆရာလေးတို့လို စာတတ်ပေတတ်ဖြစ်ပြီး ရပ်ရွာအကျိုး သယ်ပိုးဆောင်ရွက်နိုင်တဲ့သူ ဖြစ်စေချင်တယ်။ မနက်ဖြန်ဆိုရင် မောင်ငယ်လေးအတွက် လိုအပ်တာတွေ ဝယ်ပေးဖို့ ကြိုးစားပြီး ဈေးရောင်းသွားပါဦးမယ် ဆရာလေးရယ်’

‘အကောင်းဆုံးပါပဲဗျာ’

သန်းနုရီနှင့် ဆရာလေး ကိုခိုင်မြတ်သာတို့နှစ်ယောက်စလုံး အပြုံးကိုယ်စီနှင့် ဖြစ်နေကြသည်။ သန်းနုရီသည် ထွန်းလှဖြူတစ်ယောက် ရေဆိပ်၌ စောင့်နေမည်ကိုသိလျက်နှင့် မောင်ငယ်လေးအတွက် ရည်ရွယ်ချက်ဖြင့် ပေါ့ပါးသွက်လက်စွာ သဘော်ာဆိပ်သို့ အမြန်ရောက်ရန်သာ စိတ်အားထက်သန်လျက်ရှိ၏။ စောင့်ဆိုင်းမနေတော့ရန်လည်း မောင်ငယ်လေးကို ပြေး၍ပြောခိုင်းလိုက်ရ၏။

‘ကဲ အဲဒါပဲ အထွန်းရယ်။ နင်တို့ငါတို့ ကျောင်းမနေ စာမတတ်ခဲ့တဲ့ဘဝမျိုးလို မောင်ငယ်လေးကို မဖြစ်စေချင်ဘူး။ မောင်ငယ်လေးကို ကျောင်းထားပေးလိုက်ရလို့ ငါ့မှာ အဖော်မရှိပေမဲ့ ငါ့အတွက် ထာဝရ အဖော်မွန်တစ်ယောက်ဖြစ်တဲ့ နင်က အမြဲတမ်းရှိနေမယ်ဆိုရင် လုံလောက်ပြီပေါ့။ ဟိုမှာကြည့်လိုက်စမ်း၊ မေယုတောင်တန်းကြီး ရှိနေသမျှ ငါ့ရဲ့မေတ္တာဟာ တည်တံ့ခိုင်မြဲနေမယ်ဆိုတာ ယုံကြည်လိုက်စမ်းပါ’

သန်းနုရီ ပြောပြနေသည်ကို နားထောင်ရင်း မေယုတောင်စွယ်ပေါ် မေးတင်လျက်ရှိသည့် နေလုံးကြီးကို ငေးမောကြည့်နေမိသည်။ မကြာခင် ရွာထိပ်လှေဆိပ်သို့ရောက်တော့မည်။ လန်းရွှင်ကြည်နူးမှုဖြင့် ရွှန်းလဲ့တောက်ပသော မျက်ဝန်းများမှ တစ်ဦးကိုတစ်ဦး နားလည်ခွင့်လွှတ်ကာ အပြန်အလှန်စိုက်ကြည့်နေမိတော့သည်။

‘မောင်ငယ်လေး ကျောင်းစရိတ်အတွက် တစ်နေ့ကို ငါးလက်ခွာတစ်ကောင် ချန်ထားပေးမယ်။ နောက်ဆိုရင် နေ့တိုင်း လှေနဲ့ လိုက်ခဲ့ပေတော့’

သဘော်ာပေါ်တွင် မရောင်းဘဲ ချန်ထားရစ်သော ငါးကြီးအား သန်းနုရီဈေးတောင်းထဲသို့ ကောက်ကာငင်ကာ ထည့်ပေးလိုက်သည်။

မဖော်ပြနိုင်သော ရင်တွင်းစကားများနှင့် နှစ်ဦးစလုံး အပြုံးကိုယ်စီဝေဖြာလျက်ရှိသည့် ပီတိအဟုန်ကို မေယုတောင်တန်းအား စုတ်တံပြုလျက် စာပန်းချီခြယ်မှုန်းရသော် ကုန်နိုင်အံ့ပင်မထင်ဟူ၍ တွေးမြင်နေမိကြတော့သည်။ ■

**သန်းမြင့်သန်း၊ကွမ်းခြံကုန်း၊**



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၈ ခုနှစ် ဇူလိုင် ၁၄ ရက်မှ ၂၀၁၈ ခုနှစ် ဩဂုတ် ၁၃ ရက် အထိ

(၁) ညီစောရန်နောင် *ဖတ်သူမဲ့… နှစ်ချို့စာအုပ်* ၊ရန်ကုန်၊ (၂) တိုးလေး(မြို့ပျံ) *လူတော်လူကောင်း* ၊–၊(၃) ထင်ကျော်(စက်မှုတက္ကသိုလ်) *ကြိုးစားဖြည့်ထား…ပဓာနိယတရား* ၊မကွေး (၄) သက်ငြိမ် *ကျွန်တော်တို့သည် လူများဖြစ်ကြသည်… သို့သော် ကျွန်တော်တို့သည်* ၊ကချင်ပြည်နယ်၊ (၅) နေခြည်(ကြီးနီ) *ထမင်းဆိုင်ထဲမှ ပဟေဠိ* ၊မကွေး၊ (၆) မလေး(ယော) *ဘယ်သူလာကူပါ* ၊နေပြည်တော်၊ (၇) စံထိုက်သူ *မီးခိုးရောင်လွင်ပြင်* ၊ရန်ကုန်၊ (၈) မိုးသီဟ *မှတ်သုံမိုးနှင့်အတူ* ၊–၊ (၉) ထင်ကျော်(စက်မှုတက္ကသိုလ်) *ချစ်တပည့်များသို့ ညနေခင်းသြဝါဒများ* ၊မကွေးတိုင်း၊ (၁၀) ထင်ကျော်(စက်မှုတက္ကသိုလ်) *အစစ်အမှန်စင်ကြယ်ခြင်း* ၊မကွေးတိုင်း၊ (၁၁) သိင်္ဂါဒီပ *အချစ်နှင့်အဆိပ်* ၊စလင်းမြို့၊ (၁၂) တေဇလင်း(နည်းပညာတက္ကသိုလ်) *ရစ်ဖွဲ့နှောင်တတ်သော… ရစ်ဖွဲ့နှောင်တတ်သော* ၊E-mail၊ (၁၃) ကိုထိုက်(သင်ပန်းကုန်း) *ကျူးထဲကကျူး* ၊မန္တလေး၊ (၁၄) ကိုတူး *ကမ်းချွေသည့်ရေ* ၊ဟသာ်တမြို့၊ (၁၅) မောင်ပိုင်(လေးမျက်နှာ) *သက်သောင့်သက်သာသွားသင့်သည်* ၊ရန်ကုန်၊ (၁၆) ငြိမ်းသခင် *အချစ်ကိုမြည်းသူများ* ၊ရန်ကုန်၊ (၁၇) တေဇလင်း(နည်းပညာတက္ကသိုလ်) *တိမ်တို့သည်ပင် ငိုတတ်၍ အချစ်သည် အချစ်ဟု အဓိပ္ပာယ်ဖွင့်ဆိုရုံမျှ…* ၊E-mail၊ (၁၈) နိုင်ကြည်သားနေ *မိုးနှောင်းဆောင်းဝေ* ၊ရန်ကုန်၊ (၁၉) ကိုဇော်(နွေဥဩ) *နောင်တ* ၊ဟသာ်တမြို့၊ (၂၀) မိုးအောင် *အရုပ်* ၊မကွေးမြို့၊ (၂၁) နိုင်ကြည်သားနေ *အမှောင်ထဲမှာ လိမ်ရက်တာ* ၊ရန်ကုန်၊ (၂၂) ခိုင်မြသူယျ *ငါးကောင်* ၊စစ်ကိုင်းတိုင်း၊ (၂၃) ကိုတူး *ရင်မှဖြစ်သော* ၊ဟသာ်တ၊ (၂၄) နေခြည်(ကြီးနီ) *ယောက္ခမနိုင်နည်း* ၊မကွေးတိုင်း၊ (၂၅) မိုးသောက်ကြယ်(ပြည်) *ကိုနေခြည်ပြောပြသော ချွေတာခြင်းသဘောတရား* ၊ပဲခူးတိုင်း၊ (၂၆) စည်သူငြိမ်း *လက်ဖက်ခြောက်များကို မဖတ်ရှုခဲ့မိခြင်းနောက်က အလွမ်းကဗျာ* ၊မအူပင်၊ (၂၇) ကြယ်ငါး *ပြိုင်အား* ၊–၊ (၂၈) မေသနပ်ခါး *မြွေမြွေချင်းဆိုတော့* ၊ရန်ကုန်၊ (၂၉) ထင်ကျော်(စက်မှုတက္ကသိုလ်) *ချစ်တပည့်များသို့ ညနေခင်း သြဝါဒများ(၂)(စာဖတ်ကြစမ်းပါ)* ၊မကွေးတိုင်း၊ (၃၀) ထင်ကျော်(စက်မှုတက္ကသိုလ်) *မိမိကိုယ်ကိုယ်အောင်နိုင်ခြင်းအတတ်ပညာ* ၊မကွေးတိုင်း၊ (၃၁) ဇော်သစ်(စကုကျွန်း) *သေမင်းတမန်နဲ့ ခရီးသွားမိခြင်း* ၊တောင်ကုတ်မြို့၊ (၃၂) မောင်ဗလ *ညီမ* ၊တမူးမြို့၊ (၃၃) ကျော်လွင်(ပြည်) *နဂါးစစ်စေရာ* ၊ရန်ကုန်၊ (၃၄) ကျော်လွင်(ပြည်) *မြို့ သားစတိုင်နဲ့ ရွာသားဟန်* ၊ရန်ကုန်၊ (၃၅) ကျော်လွင်(ပြည်) *ပတ္တမြားမှန်ရင်…* ၊ရန်ကုန်၊ (၃၆) အောင်ကျော်စိုး *စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်မည်* ၊ရန်ကုန်၊ (၃၇) လင်းသပြေ မောင် *အသေမစောပါနဲ့လား…ရေခမ်းငါးကလေးများ* ၊–၊ (၃၈) လင်းသစ် *ဧည့်သည်* ၊ရန်ကုန်၊ (၃၉) ဆုပြည့်ဝ *ဒဏ်ရာ* ၊–၊ (၄၀) မာအိမ်နှင်း *နေတစ်စင်းကောက်ကြောင်း* ၊မန္တလေး၊ (၄၁) မောင်ဉာက်ကန်(မင်းမူ) *လွဲသွားတဲ့ပစ်မှတ်* ၊–၊ (၄၂) မိုးသောက်ထွန်း *ကိုင်းကူးခြင်း* ၊ဧရာဝတီတိုင်း၊ (၄၃) ဖြိုးပိုင်(နေရှင်နယ်) *လူရိုးတေး* ၊မကွေး၊ (၄၄) နေခြည်(ကြီးနီ) *နှစ်ကိုယ့်တစ်စိတ်* ၊မကွေးတိုင်း၊ (၄၅) ထင်ကျော်(စက်မှုတက္ကသိုလ်) *ချစ်တပည့်များသို့ ညနေခင်းသြဝါဒများ(၃)(အကျင့်နှင့် စရိုက်)* ၊မကွေးတိုင်း၊ (၄၆) ဧပရယ်ညိုညိုချော(လားရှိုး) *အမုန်းစွဲ* ၊E-mail၊ (၄၇) ကိုတူး *ဗာဒံသီးတွေ* ၊ဟသာ်တ၊ (၄၈) ဆောင်းခနှင်း *ဘုံဘဝ* ၊မန္တလေး၊ (၄၉) ခင်မော်သက်(ကညွတ်ကွင်း) *ပြေး၍လွတ် နေသော* ၊ပဲခူးတိုင်း၊ (၅၀) မိုးစက်မောင် *တိမ်ညိုကြားမှာ သာတဲ့လ* ၊မန္တလေးမြို့၊ (၅၁) ကျောင်းတော်သား *ဘုရင်တွေပဲရှိတဲ့ နိုင်ငံတော်* ၊ရန်ကုန်၊


■

*ဖြိုးဖြိုးခိုင် ပြုစုသည်။*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁။

ည ၈း၀၀ နာရီ ဝန်းကျင်။

တဖြည်းဖြည်း တိုးဝင်လာခဲ့သည့် အသံသည် ပျောက်ကွယ်သွားခဲ့ပြီး နောက်ဆုံး၌ ပတ်ဝန်းကျင်သည် နဂိုမူလအတိုင်း တိတ်ဆိတ်သွားခဲ့သည်။ အသံ စတင်ထွက်ပေါ်ခဲ့စဉ်က ကျွန်တော်ငြိမ်း နားကျပ်မှု၊ အားမလိုအားမရမှုတို့ကို ပေါ်ပြနေခဲ့သော်လည်း ပတ်ဝန်းကျင်မှာ ထိုအသံကို ကြားနိုင်မည့်သူ ရှိမနေခဲ့သော ကြောင့်ပင် အသံသည် အကိုးကြားသူမရှိ မြင်ရမှုကိုမရသဖြင့် တဖြည်းဖြည်း တိမ်ဝင်သွားခဲ့ပြီး နောက်ဆုံး၌ လုံးဝ ပျောက်ကွယ်သွားခဲ့ရသည်။ အသံရှင်သည် အသံကများပါလိမ့်မှာ

www.burmeseclassic.com

www.burmeseclassic.com

စောစောက ငေးမောကြည့်နေခဲ့သည့် ခွေးညိုမတစ်ကောင်သည် အသံ မကြားရတော့သည့်အတွက် အမှိုက်ပုံထဲရှိ စက္ကူဘူးခွံထဲ၌ ထားခဲ့ရသည့် သူ၏ ရင်သွေးငယ်များအတွက် အစာရှာရန် အဝေးသို့ ထွက်ခွာသွားခဲ့ချေသည်။ အကယ်၍ လူသားတစ်ယောက်သာ ဤအနီးအနားမှ ရှိနေခဲ့မည်ဆိုပါက ထိုအသံကို ကြားလိုက်ရမှာ သေချာသည်။ သို့သော် ထိုအသံကို ကြားနိုင်သည့် လူသားတစ်ဦးတစ်ယောက်မျှ အနီးအနားမှ ရှိမနေခဲ့ပါ။ ယခုတော့ ပတ်ဝန်းကျင်သည် တစ်ခါတစ်ရံ ထွက်ပေါ်လာတတ်သည့် ပိုးကောင်မွှားကောင်တို့၏ အသံမှအပ တိတ်ဆိတ်နေခဲ့ပေပြီ။

ညအမှောင်ထုသည် နက်သထက် နက်လာခဲ့ချေပြီ။ ကောင်းကင်ပြင်ထက်မှ လပြည့်ဝန်းသည် ကမ္ဘာကြီးကို ငုံ့မိုးကြည့်နေခဲ့သည်။ တကယ်တော့ အသံရှင်သည် ဤပတ်ဝန်းကျင်၌ မွေးဖွားခဲ့သည့် ဇာတိဖွားမဟုတ်ပါ။ တစ်နယ်တစ်ကျေးမှ ရောက်ရှိနေခဲ့သူသာ ဖြစ်သည်။ ဤချုံပုတ်နှင့် ပေငါးဆယ်အကွာ၌ရှိသော တောင်ပို့တစ်လုံးထဲ၌ ပုရွက်နီတို့သည် လှုပ်ရှားတက်ကြွနေခဲ့ကြသည်။ ကင်းထောက် ပုရွက်နီ၏ သတင်းပို့ချက်အရ သူတို့အတွက် မိုးတွင်းရိက္ခာ ဖြစ်နိုင်ဖွယ်ရှိသော အစာအတုံးအခဲကြီး သူတို့အနားမှ ရောက်ရှိနေခဲ့ကြောင်း သိရသည့်အတွက် လှုပ်လှုပ်ရွရွ ဖြစ်နေခဲ့ကြသည်။ ညဘက်၌ အစာရှာထွက်လာခဲ့သော မြေ

tolHpwif
xGef;ay:cpf0fu
u;,favmifydyD
emu;ifl
qmavmifwdkUtd
azmfyaecJ/omf
vnf
ywf0efu;ifS
xkd olHtd
um;Edkifnfol
&aecJhy
olpd&m
tolHnftcdkf
umvmonfESifh
tr
jriffmrSdkmol
wjznfzf
wdf0ifoG;cJhyD
aemufqkd
vJaymuf
uGfoG;cJhonf

ကြွက်မတစ်ကောင်သည် ညအမှောင်ထဲ၌ ညဉ့်ငှက်တို့၏ ရန်ကို ရှောင်ရှားလျက် တဖြည်းဖြည်းချင်း အစာရှာထွက်လာရာမှ သူ၏လမ်းတွင် တစ်စုံတစ်ရာ ပိတ်ဆို့နေခဲ့သည့်အတွက် အလန့်တကြားဖြစ်သွားသည်။ အရင်တုန်းက ဤလမ်းကြောင်း၌ ယခု မြင်တွေ့နေခဲ့ရသော အရာကို မတွေ့ခဲ့ရဖူးသည့်အတွက် အဝေးမှ အကဲခတ်နေခဲ့သည်။ နောက်မှသာ ထိုအရာသည် သူ့ကိုအန္တရာယ်မပြုနိုင်ကြောင်း သိသွားပြီး သူ၏ ခရီးကို ရှေ့ဆက်သွားခဲ့သည်။ သူ၏ ကလေးများဖြစ်ကြသော နီတာရဲကြွက်လေးများအတွက် အစာရှာထွက်ရဦးမည်လေ။

ချုံပုတ်နှင့် မလှမ်းမကမ်းတွင် ရှိနေခဲ့သည့် သစ်ပင်အို၏ ကိုင်းထက်၌ ဆောက်လုပ်ထားခဲ့သည့် အသိုက်ထဲတွင် မိခင်ငှက်မသည် သူ၏ ဥမှ ပေါက်ခါစ ငှက်ကလေးများကို အတောင်ပံနှစ်ဖက်ဖြင့် ထွေးပွေ့အုပ်မိုးဖက်တွယ်ထားသည်။ သူ၏ယောက်ျားဖြစ်သော ငှက်ဖိုအစာရှာထွက်နေခိုက် သားသမီးများကို စောင့်ရှောက်ရမည့်တာဝန်သည် သူ့တာဝန်ဖြစ်သည်ဟု ခံယူထားခဲ့သည်။ တစ်ခါတစ်ရံ အလစ်ချောင်းကာ ရောက်လာတတ်သည့် မြွေဆိုးများ၏ အန္တရာယ်၊ တောကြောင်များ၏ အန္တရာယ်မှ ကာကွယ်ပေးနိုင်ရန်မှာ တာဝန်ကြီးလှပါသည်။ သို့သော် ငှက်မသည် မာတာမိခင်တို့၏ ချစ်ခြင်းမေတ္တာတရားဖြင့် အရေးကြုံပါက သားသမီးငယ်များအတွက် အသက်စွန့် တိုက်ပွဲဝင်ရန် ဝန်လေးလိမ့်မည်မဟုတ်ပါ။ အသိုက်ထဲ၌ အချိန်ပြည့်နီးပါး ရှိနေခဲ့သော ငှက်မသည် သူနှင့် အမျိုးအစားမတူသည့် အသံရှင်ကို သတိထားမိခဲ့ပါသည်။ ထိုအသံရှင် ချုံပုတ်နားသို့ စတင်ရောက်ရှိချိန်လောက်ကတည်းက ငှက်မသိနေခဲ့သည်။ ငှက်မသည် အစောပိုင်းက ထွက်ပေါ်နေခဲ့သောအသံကြောင့် မျိုးနွယ်ချင်းမတူသော်ငြား စိတ်ထိနိုက်မိသလို ဖြစ်ခဲ့ရသည်။ ❑

၂။
**ညဦးပိုင်း ၀၆း၀၀ နာရီ ဝန်းကျင်။**

တောင်ပို့ထဲမှ ပုရွက်တို့သည် တစ်နေကုန်ရှာဖွေသယ်ပိုးလာခဲ့သည့် အသီးအရွက်၊ အစေ့အဆန်တို့ကို တောင်ပို့ထဲရှိ လုံခြုံသောနေရာထဲ၌ သိုဝှက်နေခဲ့ကြသည်။ ထိုအချိန်တွင် နေရောင်သည် လရောင်၏ တိုက်စစ်ကြောင့် စစ်ရှုံးကာ တဖြည်းဖြည်း ပျောက်ကွယ်စပြုနေခဲ့သည့်အချိန် ဖြစ်သည်။ ပတ်ဝန်းကျင်သည် လင်းလင်းထင်းထင်းမရှိတော့သည့်အချိန်ဖြစ်သည်။ မြေကြွက်မသည် သစ်ပင်အိုအမြစ်အောက်၌ တူးဖောက်ထားခဲ့သည့် ကျင်းထဲ၌ သူ၏ ကလေးများကို ချော့သိပ်နေခဲ့သည်။ မကြာခင် သူ အစာရှာထွက်ရပေတော့မည်။ တကယ်တော့ အစာရှာခြင်းသည် သူ၏အလုပ်မဟုတ်ခဲ့သော်ငြား သူ၏ယောက်ျားမြေကြွက်ဖိုကြီးသည် ညမှုဆိုးဖြစ်သော အကြင်နာတရား ကင်းမဲ့လှသည့် ဧီးကွက်ကြီးတစ်ကောင်၏ နှုတ်သီးဖျား၌ ပါသွားခဲ့သည့်အချိန်မှစ၍ သူ၏အလုပ်ဖြစ်ခဲ့ရသည်။ ကြွက်မုဆိုးမသည် သူ့ဘဝကို ညည်းတွားမနေနိုင်ရှာ။ သူသည် မာတာမိခင်တစ်ဦး ဖြစ်ခဲ့သည်မဟုတ်ပါလား။ ထိုအသိဖြင့် သူသည် သားစားမြွေတို့၏ အန္တရာယ်၊ ညဉ့်ငှက်တို့၏ အန္တရာယ်ကို မမှုဘဲ ညစဉ်ညတိုင်း အစာရှာ ထွက်နေခဲ့ရသည်လေ။

အမှိုက်ပုံဘေးမှ ထွက်လာခဲ့သော ခွေးညိုမ၏ ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်၌ ဒဏ်ရာ ဒဏ်ချက်တို့က မနည်းလှချေ။ တချို့က အရှိန်ဖြင့် ပြေးဝင်လာခဲ့သည့် ခဲလုံးတို့ကြောင့် ရခဲ့သည့် ကွဲကြေဒဏ်ရာဖြစ်သည်။ တချို့က ပြင်းထန်လှသည့် တုတ်ချက်ကြောင့် အသားကြေကာ ထိခိုက်ခဲ့ရသည့် ဒဏ်ရာဖြစ်သည်။ သူ၏ တင်ပါးနားတွင်ရှိသော ဒဏ်ရာကမူ လူတစ်ယောက်၏ ဓားချက်ကြောင့် ရခဲ့သည့် ဒဏ်ရာဖြစ်သည်။ ထိုဒဏ်ရာများအားလုံးသည့် အစာတစ်ခုအတွက် ရင်းနှီးပေးဆပ်ခဲ့ရသည့် ဒဏ်ရာများသာ ဖြစ်ကြပါသည်။ သူသည် ချိုမြိန်သည့် အိမ်ကြက်တစ်ကောင်ကို ပါးစပ်ဆွဲပြေးခဲ့ဖူးပါသည်။ နေလှန်းထားသည့် ငါးခြောက်ပြားတစ်ချပ်ကို ဘူဖေးအဖြစ် စားသုံးရန် ယူပြေးခဲ့ဖူးပါသည်။ သူ့အတွက် အစားအသောက်ကောင်း မရနိုင်သည့် အခါများမှာတော့ အမှိုက်ပုံထဲမှ အရိအရွဲများဖြင့် သူ၏ သမုဒ္ဒရာ ဝမ်းတစ်ထွာကို ဖြည့်ရသည်။ သူ အားရှိနေရန် လိုအပ်သည်၊ ဝမ်းပြည့်နေရန် လိုအပ်သည်။ သူ၏ စူဖြိုးနေသော နို့အုံထဲ၌ နို့ရည်များ ပြည့်ရှမ်းနေရန် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် သူ၏ နို့ကို အလုအယက် စို့ကြမည့် သားပေါက်လေးကောင် ရှိနေခဲ့ကြသောကြောင့် ဖြစ်သည်။ ယခုလည်း သားပေါက်များက တစ်နေကုန် စို့ထားခဲ့ကြသည့်အတွက် နို့ရည်များ ခန်းနေခဲ့သည်။ သူ၏ဝမ်းသည်လည်း ဟာလျက်ရှိနေခဲ့သည်။ သူ အစာရှာ ထွက်ရပေဦးမည်။

သစ်ပင်အိုထက်ရှိ အသိုက်ထဲမှ ငှက်ဖိုနှင့် ငှက်မတို့သည် အသံမထွက်ဘဲ ရှိနေခဲ့ကြသည်။ ငှက်ဖိုသည် အသိုက်ပေါင်ပေါ်၌လည်းကောင်း၊ ငှက်မသည် အသိုက်ထဲ၌လည်းကောင်း ဝပ်ကာ တစ်စုံတစ်ရာကို တိတ်တဆိတ် ချောင်းကြည့်နေခဲ့ကြသည်။ ထိုအရာမှာ သူတို့ထက် အဆ နှစ်ဆယ် သုံးဆယ်မျှ ကြီးသော အရာတစ်ခုဖြစ်သည်။ ထိုအရာမျိုးကို သူတို့ တစ်ခါမျှ မမြင်တွေ့ခဲ့ဖူးချေ။ ထိုအရာသည် သက်ရှိ သတ္တဝါတစ်ခုဖြစ်ကြောင်း သူ၏ လှုပ်နေသော ခန္ဓာကိုယ်က သက်သေပြနေခဲ့သည်။ တကယ်တော့ ထိုသတ္တဝါသည် သူ့ဘာသာ ရောက်ရှိနေခဲ့ခြင်းလော သို့မဟုတ် ဘယ်လို ရောက်ရှိခဲ့ခြင်းလဲ ဆိုသည်ကို ငှက်ဖိုရော ငှက်မပါ မသိလိုက်ကြပေ။ ငှက်ဖိုသည် ညနေဘက် အစာရှာထွက်နေခဲ့သောကြောင့်လည်းကောင်း၊ ငှက်မသည် ညနေဘက်၌ တစ်ချက် ငိုက်မျဉ်းသွားခဲ့မိခြင်းကြောင့်လည်းကောင်း ပတ်ဝန်းကျင်နှင့် အဆက်ပြတ်သွားခဲ့ခြင်းဖြစ်သည်။ တကယ်တော့ ထိုအကြောင်းကို အစာရှာရာမှ ပြန်လာခဲ့သော ငှက်ဖိုက အရင်သိခဲ့ခြင်းဖြစ်ပြီး ငှက်မက နောက်မှ သိခဲ့ခြင်းဖြစ်သည်။ ထိုအရာသည် သူတို့ကို အန္တရာယ်ပြုမည့်အရာလောဟု စူးစမ်းကာ ငှက်ဖိုသည် ညဦးပိုင်းအချိန်ထိ နောက်တစ်ကျော့ အစာရှာ မထွက်နိုင်ခဲ့ပေ။ နောက်ဆုံးတွင် ထိုသတ္တဝါသည် သူတို့ကိုသာမက ပတ်ဝန်းကျင်ရှိ မည်သူ့ကိုမျှ အန္တရာယ်မပေးနိုင်ကြောင်း သိရမှသာ ငှက်ဖိုသည် စိတ်ချလက်ချ အစာရှာ ထွက်သွားခဲ့သည်။ ငှက်မသည် အရင်ကထက် နီးနီးကြားကြားဖြင့် ရှိနေခဲ့သည်။

ဤအရပ်ဒေသသား မဟုတ်သော သူစိမ်းသည် ချုံပုတ်ဘေးနားတွင် ငြိမ်ငြိမ်သက်သက် ရှိနေခဲ့ရာမှ လှုပ်လှုပ်ရှားရှား ဖြစ်လာခဲ့သည်။ တဖြည်းဖြည်းနှင့် လှုပ်ရှားလာသည်သာမက ဘာသာ မပြန်နိုင်သည့် အသံတချို့ကိုပါ ပြုလုပ်လာခဲ့သည်။ နောက်တော့ အသံသည် တဖြည်းဖြည်း ကျယ်လောင်လာခဲ့သည်။ ထိုသူစိမ်းသည် ငှက်မထက် အဆ သုံးဆယ်ခန့်၊ ကြွက်မုဆိုးမထက် အဆ နှစ်ဆယ်ခန့် ကြီးသော်လည်း သူ၏ အသံမှာမူ ခန္ဓာကိုယ်နှင့် မလိုက်ဖက်ဘဲ နုနယ်ပျို့မြစ်လှပေသည်။ သူစိမ်းဆီမှ ထွက်ပေါ်လာသော အသံကြောင့် ကျင်းထဲမှ မြေကြွက်သားအမိ၊ အသိုက်ထဲမှ ငှက်သားအမိတို့သည် မျက်လုံးများ ပြူးကျယ်သွားကြသော်လည်း အသံမထွက်ဝံ့ကြပေ။ အချိန်အတိုင်းအတာတစ်ခုအထိ ကြာပြီးသောအခါ၌ ထိုသူစိမ်း၏ အသံသည် ဆုတ်ခွာသွားသည့် နေရောင်ခြည်များနှင့်အတူတူ တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့တော့သည်။ ပထမပိုင်း၌ ငှက်မသည် ကျယ်လောင်စူးရှသည့် အသံကြောင့် စိုးရိမ်စိတ်ဖြင့် ပူပန်မိသွားသေးသည်။ သို့သော် နောက်ပိုင်းမှာတော့ အသံရှင်သည် အားအင်ကုန်ဆုံးကာ အိပ်မောကျသွားခဲ့ဟန်ရှိပြီး အသံတိုးတိတ်သွားခဲ့သည်။ ထိုအသံသည် လှိုက်လှိုက်လှဲလှဲ ရှိလှပြီး ကရုဏာသက်ဖွယ်ကောင်းလှသည်မှာ ငှက်မအတွက် ထူးဆန်းနေခဲ့သည်။ ထိုအသံထဲ၌ ပါဝင်နေခဲ့သည့် သံစဉ်သည် ငှက်မရင်ကို ထိခိုက်အောင် ပြုစားနိုင်ခဲ့ပေသည်။

❑

၃။

ညနေ ၀၅:၀၀ နာရီဝန်းကျင်။

ငှက်မနှင့် မြေကြွက်မတို့ မသိကြပေမဲ့ သူစိမ်းရောက်လာပုံကို ချုံပုတ်ထဲရှိ သစ်ရွက်များ၏ အောက်၌ ပုန်းအောင်းနေခဲ့ကြသည့် မှက်၊ ခြင် တစ်သိုက်က သိလိုက်ကြသည်။ ဧရာမ သတ္တဝါရှည်ရှည်မြင့်မြင့်ကြီးတစ်ကောင်သည် ချုံပုတ်နားကို တိတ်တဆိတ် ချဉ်းကပ်လာခဲ့သည့်အခါ ချုံပုတ်တစ်ခုလုံးသည် အရိပ်မည်းကြီးဖြင့် ဖုံးအုပ်သွားခဲ့သည်။ ထိုသတ္တဝါကြီးသည် သူ့လက်ထဲမှ တစ်စုံတစ်ခုကို ချုံပုတ်နား၌ ချထားခဲ့ပြီးနောက် လျင်မြန်စွာ ပျောက်ကွယ်သွားခဲ့သည်။ ထိုအရာသည် သူတို့အတွက် စားကောင်းသောက်ဖွယ်ဖြစ်နိုင်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

အကဲခတ်မိပေမဲ့ အချိန်အခါ မကျသေးသည့်အတွက် ပုန်းအောင်း စောင့်ဆိုင်းနေခဲ့ကြသည်။ အင်မတန် ဆာလောင်နေသည့် ခြင်ငယ်တစ်ကောင်သည် သူ့မိဘတွေ တားထားသည့်ကြားမှ ထိုသတ္တဝါငယ်ဆီ ပျံသန်းသွားခဲ့သည်။ သိပ်မကြာခင်မှာဘဲ ခြင်ငယ်သည် စိတ်ပျက်လက်ပျက်ဖြင့် ပြန်ရောက်လာခဲ့သည်။ ထိုခြင်ငယ်သည် 'ညီစော်နံတယ်ဗျာ' ဆိုသည့် စကားတစ်ခွန်းသာ ဆိုလျက် သစ်ရွက်ငယ်တစ်ခု၏ အောက်သို့ ဝင်သွားခဲ့သည်။

အသက် ကြီးရင့်နေသည့် ခြင်ဘိုးဘွားများက သူတို့ အစားစားရမည့်အချိန် မရောက်သေးကြောင်း ပြောပြခဲ့သည်။ တကယ်တော့ ထိုအရာသည် အင်မတန်မှ စားလို့ကောင်းသည့် အစာဖြစ်ကြောင်း ရှင်းပြသည်။ အချိန်မကျသေးဘဲ သွားရောက်ခဲ့သည့်အတွက် ယခုလို ညီစော်နံနေခြင်းဖြစ်ကြောင်း အနီးမှ ခြင်များကို ရှင်းပြနေခဲ့သည်။ မှက်ကောင်ကြီးများကလည်း လတ်ဆတ်လှသည့် စားမြိန်ထုပ်ကြီးဆီသို့ သွားရည်တမျှားမျှားဖြင့် နှာမောင်းတပြင်ပြင် ဖြစ်နေခဲ့ကြသည်။ ခြင်အဘိုးအိုက 'ဟိုမှာ ကြည့်စမ်းဟေ့၊ ကင်းထောက် ပုရွက်နီတစ်ကောင်ပါလား။ သိပ်မကြာခင်မှာ ပုရွက်နီတွေ ရောက်လာလိမ့်မယ်။ နေဝင်ပြီး မှောင်စပြုံးတာနဲ့ တို့တစ်တွေ လက်ဦးမှုရယူနိုင်ဖို့လိုတယ်' လို့ ပြောပြခဲ့သည်။ ကင်းထောက်ပုရွက်နီ သူ၏ တောင်ပို့ဘက်ဆီသို့ သတင်းပို့ရန် ထွက်ခွာသွားခဲ့ချိန်၌ မှက်ဆယ်ကောင်နှင့် ခြင်တစ်အုပ်သည် သူတို့၏ ပစ်မှတ်ဆီသို့ စူးစိုက်ကြည့်လျက် မှောင်လာမည့်အချိန်ကို စောင့်စားနေခဲ့ကြသည်။

**tom;wk[k ol xifxm;cbonf t&muk Orfomtm;&zif atmufoH cVbufonf pm;ceDwGf v\ tvifa&mifzif unfvbufonf tc acGnd jyifpG wkfvyfoGcd &onf**

မှက် ခြင်တို့က ချုံပုတ်ဘေးမှ သတ္တဝါငယ်ဆီမှ သွေးများကို စုပ်ယူနိုင်ရန် အကဲခတ်နေခဲ့ကြစဉ် ချုံပုတ်ထဲရှိ မြေကျင်းထဲမှ မြွေမတစ်ကောင်သည် အစာရှာရန် အပြင်သို့ ကပျာကယာ ထွက်လာခဲ့ရာ ချုံပုတ် အပြင်ဘက်သို့ ထွက်မိသည်နှင့် သူ့လမ်းကို ပိတ်ဆို့နေခဲ့သည့်အရာကြောင့် လန့်သွားခဲ့သည်။ သို့သော် သူ့ကို အန္တရာယ်မပေးနိုင်သည့်အရာမှန်း သိသွားသည့်အခါ ထိုအရာပေါ်မှ ဖြတ်ကျော်လျက် ခရီးဆက်ခဲ့သည်။ မှက် ခြင် တစ်သိုက်၏ ပစ်မှတ်ဖြစ်နေခဲ့သော၊ ကင်းထောက်ပုရွက်နီ၏ သတင်းထောက်လှမ်းခြင်း ခံရသော ထူးဆန်းသည့် သတ္တဝါငယ်သည် အိပ်မောကျနေဟန်ရှိသည်။ လှုပ်ရှားသက်ဝင်ခြင်း မရှိသေးပေ။ နေလုံးသည် အနောက်ဘက် တောင်တန်းများ ကြား၌ ငုပ်လျှိုးရန် အားယူနေခဲ့သည်။ ကမ္ဘာမြေကြီး၏ သေးငယ်သည့် အစိတ်အပိုင်းလေးမျှသာဖြစ်သော ဤရွာအစွန် တောအစပ်နေရာလေး၌ တိုက်ခတ်နေသော လေများသည် လတ်ဆတ်နေ၏။ ထိုလေစိမ်းများက မကြာခင်ကမှ ရောက်လာခဲ့သည့် သတ္တဝါငယ်လေးကို အကြိမ်ကြိမ် ပွေ့ယမ်း နှုတ်ဆက်သွားခဲ့ကြသည်။

❑

၄။

ည ၀၉း၀၀ နာရီဝန်းကျင်။

အမှောင်သည် ပတ်ဝန်းကျင်တစ်ခွင်ကို ကြီးစိုးလျက်ရှိချေပြီ။ လရောင်သည် သစ်ပင်သစ်ခက်တို့ကြားမှ မြေပြင်သို့ ကွက်တိကွက်ကျား ထိုးလျက်ရှိသည်။ အုံခဲနေသော ပုရွက်နီတို့ကြောင့် မှက်နှင့်ခြင်တို့မှာ မကျေမနပ် ဖြစ်နေခဲ့ကြသည်။ သူတို့တစ်တွေသည် ပုရွက်နီတို့ ရောက်မလာခင် နူးညံ့သည့် အသားအောက်၌ ရှိအောင်းနေခဲ့သည့် လတ်ဆတ် ချိုမြိန်သော သွေးများကို စုပ်ယူခဲ့ကြပြီးဖြစ်သည့်တိုင် ပုရွက်နီတို့ကို နေရာဖယ်ပေးလိုစိတ် မရှိကြပါ။ အစာရှာရာမှ ပြန်လာသော မြွေမသည် သူ၏ ကျင်းအနား၌ ဆူညံနေကြသည့် ခြင်များနှင့် အုံခဲနေကြသည့် ပုရွက်နီများကြောင့် စိတ်ညစ်သွားသည်။ ထို့ကြောင့် ကျင်းထဲသို့သာ အမြန်ဝင်သွားခဲ့တော့သည်။ သူစိမ်းသည် သူ့ထက် အဆမတန် သေးငယ်သည့်ခြင်နှင့် ပုရွက်နီတို့၏ ကိုက်ခဲမှုဒဏ်ကြောင့် ပထမတော့ ထွက်နိုင်သမျှအသံလေးဖြင့် အော်ဟစ်ကာ ညည်းရှာပါသေးသည်။ အစပထမ၌ မှက်ခြင်တို့နှင့် ပုရွက်နီတို့၏ ကိုက်ခဲမှုများသည် သူ့ကို ပြင်းစွာ နာကျင်စေခဲ့သော်လည်း နောက်ပိုင်းတွင် သူ့တစ်ကိုယ်လုံး နာကျင်ရမှန်းမသိအောင် ထုံကျဉ်သွားခဲ့သည်။

သူစိမ်းသည် သူ့ကိုယ်သူ ကာကွယ်နိုင်ခြင်း မရှိရှာပေ။ ထွက်ပြေးနိုင်ခြင်းလည်း မရှိဘဲ ခြင်နှင့် ပုရွက်တို့၏ ပြုသမျှကို ခံနေခဲ့ရသည်။ အစာရှာရာမှပြန်လာသည့် ငှက်ဖိုသည် ထိုအကြောင်းကို ငှက်မအား ပြောပြသည့်အခါ ငှက်မသည် ဘာကြောင့်မှန်းမသိ မျက်ရည်စို့ခဲ့ရသည်။ မြေကျင်းထဲ၌ အနားယူနေသည့် မြေကြွက်မုဆိုးမသည် ဇီးကွက်တစ်ကောင်၏ အန္တရာယ်မှ အသက်လုပြေးခဲ့ရသည့်အတွက် အမောဖြေနေခဲ့သည်။ သူ၏ နီတာရဲ သားပေါက်ကလေးများမှာမူ အိပ်မောကျနေခဲ့ကြပြီ ဖြစ်သည်။ အနီးမှလူနေရွာဆီသို့ အစာရှာ



www.burmeseclassic.com

www.burmeseclassic.com

သွားခဲ့သည့် ခွေးညိုမသည် တစ်လှမ်းချင်းဖြင့် သူ၏ ကလေးငယ်များရှိရာ အမှိုက်ပုံဆီသို့ ပြန်လာခဲ့သည်။ သူ၏ ခန္ဓာကိုယ်၌ နောက်ထပ် ဒဏ်ရာဒဏ်ချက်များ တိုးခဲ့ပေပြီ။ ဆာလောင်ငတ်မွတ်သည့် စိတ်ဖြင့် အိမ်တစ်အိမ်၏ အောက်သို့ ဝင်သွားခဲ့ပြီး မကြာခင်မှာ ထိုအိမ်၌ မွေးထားသည့် ခွေးနက်မ ရောက်လာပြီး သူ့ကိုမြင်ကာ ရုတ်တရက် ပြေးဝင်တိုက်ခိုက်ခဲ့သည်။ သူနှင့် ခွေးနက်မတို့ အကြိတ်အနယ် တိုက်ခိုက်ခဲ့ကြရသည်။ ကိုက်ခဲမာန်ဖီသံများကြောင့် အိမ်ရှင်အမျိုးသားသည် လုံကိုင်လျက် အိမ်အောက်သို့ ဆင်းလာခဲ့သည်။

တကယ်တော့ သူအကဲခတ်မှားသွားခဲ့ခြင်းဖြစ်သည်။ ထိုအိမ်ပေါ်၌ လူစုလူဝေးတွေ့ရသည့်အတွက် အလှူပွဲတစ်ခုခုရှိလိမ့်မည် ထင်ပြီး စားကြွင်းစားကျန်များ စားရလိမ့်နိုးဖြင့် ဝင်သွားမိခဲ့ခြင်းဖြစ်သည်။ အရင်တုန်းက အလှူပွဲများ၌ ဗိုက်ကားနေအောင် သူစားခဲ့ ရဖူးသောကြောင့် ဝင်သွားမိခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုအိမ်၌ ရှိနေခဲ့ကြသည့် လူများ၏ မျက်နှာသည် မကောင်းကြပေ။ မီးဖွားပြီးခါစဖြစ်သည့် အမျိုးသမီးငယ်၏ အနား၌ လူများ ဝိုင်းနေခဲ့ကြသည်။ ခွေးညိုမသည် သူ့အတွက် အစာများ ရလာလိမ့်နိုးဖြင့် စောင့်မျှော်နေခဲ့မိသည်။ အိမ်အပေါ်ထပ်တွင် မီးဖွားပြီးခါစ အမျိုးသမီးငယ်ကို အမေဖြစ်သူက နှစ်သိမ့်နေသည်။

'စိတ်မကောင်းမဖြစ်ပါနဲ့ သမီးရယ်၊ ကလေးက အသေမွေးတာဆိုတော့ ချက်ချင်းမြေမြှုပ်ပစ်လိုက်ရတယ်'

အမေဖြစ်ဟန်တူသော မိန်းမကြီးတစ်ယောက်က အမျိုးသမီးငယ်ကို ပြောပြနေသည်။

'အခုလို ဖြစ်သွားတာပဲ ကောင်းပါတယ်၊ ငါ့သမီးလေးက နုနုငယ်ငယ်ပဲ ရှိသေးတာ။ ကလေးတစ်ဖက်နဲ့ဆို သမီး ဘယ်လိုလုပ် ကျောင်းဆက်တက်လို့ ရမှာလဲ။ နောက်တစ်ပတ်ကျရင် သမီးအဖေ လာကြိုလိမ့်မယ်။ မြို့ကို ပြန်ကြတာပေါ့'

နှစ်သိမ့်နေသည့် စကားကို တုံ့ပြန်ခြင်းမရှိဘဲ မီးဖွားပြီးခါစ အမျိုးသမီးငယ်သည် တိတ်ဆိတ်နေခဲ့သည်။ ခွေးညိုမသည် ကြာကြာ စောင့်မျှော်ချိန် မရလိုက်ပါ။ ခွေးနက်မ၏ ပြေးဝင်ကိုက်ခဲမှုကြောင့် နာကျင်မှုဝေဒနာ ခံစားလိုက်ရသည့်အခါ ဒေါသပေါက်ကွဲသွားခဲ့သည်။ အပြန်အလှန် မာန်ဖီ ကိုက်ခဲရင်း နောက်ဆုံး၌ အိမ်ရှင်အမျိုးသား၏ လုံချက်မမိအောင် အသက်လုကာ ထွက်ပြေးခဲ့ရသည်။ ခွေးညိုမသည် ရွာထဲ၌ အစာရလိုရငြား ဆက်လက်ပြီး လှည့်ပတ်ရှာဖွေ ချောင်းမြောင်းခဲ့ပါသေးသည်။ သို့သော် ညဦးနက်လာသည့်တိုင်အောင် သူ့အတွက် အစာမရနိုင်ခဲ့သောကြောင့် စိတ်ပျက်လက်ပျက်ဖြစ်ကာ ပြန်လာခဲ့ရသည်။

အပြန်ခရီး၌ ခွေးညိုမသည် ပုရွက်နီများ အုံခဲနေသည့်နေရာကို လှမ်းမြင်လိုက်ရသည်။ ခွေးညိုမ ဝမ်းသာသွားခဲ့သည်။ ပုရွက်နီများအုံခဲနေသည့် အရာသည် အသားတုံးတစ်တုံး ဖြစ်နိုင်သည်။ အသားတုံးမဟုတ်လျှင်တောင် သူစားလို့ရသည့် အရာတစ်ခုခု ဖြစ်နိုင်သည်ဟု တွေးမိကာ ထိုအရာနားသို့ ချဉ်းကပ်သွားခဲ့သည်။ ထိုအရာကို အသာအယာ ကိုက်ချီလိုက်ချိန်၌ ပုရွက်နီတို့သည် သူတို့၏ အစာကိုလုယူသည့် ရန်သူကို အခဲမကျေဟန်ဖြင့် ဝိုင်းဝန်း ကိုက်ခဲကြကုန်သည်။ အသားတုံးဟု သူ ထင်ထားခဲ့သည့်အရာသည် အသက်ငွေ့ငွေ့ ရှိနေသေးသည့် သတ္တဝါ ဖြစ်နေမှန်း သိလိုက်ရသော်လည်း မစဉ်းစားနိုင်အားဘဲ အမှိုက်ပုံဘက် ကိုက်ချီလာခဲ့သည်။ ဖွံ့ဖြိုးလှသည့် ပုရွက်နီ တချို့သည် ခွေးညိုမနှင့်အတူ ပါလာခဲ့သည်။ အမှိုက်ပုံနားသို့ ရောက်သည့်အခါ အသားတုံးဟု သူ ထင်ထားခဲ့သည့် အရာကို ဝမ်းသာအားရဖြင့် အောက်သို့ ချလိုက်သည်။ စားခါနီးတွင် လ၏ အလင်းရောင်ဖြင့် ကြည့်လိုက်မိသည့်အခါ ခွေးညိုမ ပြင်းစွာ တုန်လှုပ်သွားခဲ့ရသည်။

❑

၅။

**ညသန်းခေါင် ၁၂း၀၀ နာရီဝန်းကျင်။**

သစ်ပင်အို၏ အကိုင်းထက်မှ အသိုက်ထဲ၌ ငှက်သား ပေါက်စကလေးများသည် မိခင်ရင်ငွေ့ နွေးနွေးကြောင့် နှစ်ခြိုက်စွာ အိပ်မောကျနေခဲ့သည်။ သစ်ပင်အို၏ တွန့်လိမ်ကောက်ကွေးနေသော အမြစ်ကို အမှီးလုပ်ကာ တူးထားသည့် မြေကျင်းထဲရှိ မြေကြွက်မုဆိုးမ၏ ရင်ခွင်ထဲ၌ နီတာရဲကြွက်ပေါက်စလေးများသည် လုံခြုံစွာ အိပ်စက်နေခဲ့ကြသည်။ အမှိုက်ပုံအစပ်မှ စက္ကူကျုပ်ဖာ ဘူးခွံအလွတ်ထဲ၌ ခွေးညိုမသည် အိပ်မောကျနေခဲ့ကြသော ခွေးသားပေါက်ကလေးများကို ရင်ခွင်အောက်မှာထားရင်း လဲလျောင်းဝပ်တွား ငြိမ်သက်နေခဲ့သည်။ ဆာလောင်မွတ်သိပ်နေခဲ့မိသော်လည်း ခွေးညိုမ အစာမစားဖြစ်ခဲ့ပေ။ သူ၏လျှာသည် ပုရွက်နီများ၏ ကိုက်ခဲမှုကြောင့် ထုံကျဉ်လျက် ရှိနေခဲ့သည်။ ခွေးညိုမသည် မိုးလင်းခါနီးအချိန်ရောက်မှသာ အိပ်ပျော်သွားခဲ့ပြီး အိပ်မက်တစ်ခုကို မြင်မက်နေခဲ့မိသည်။ အိပ်မက်ထဲ၌ လွန်ခဲ့သည့် နှစ်နှစ်ခန့်က ပိုးထိကာ သေဆုံးသွားခဲ့သည့် သူ၏သခင်ဖြစ်သူကို မွေးခါစ ကလေးငယ်လေးနှင့်အတူတူ တွေ့လိုက်ရသည်။

လပြည့်ဝန်းနှင့် ယှဉ်တွဲလျက် ကြယ်စင်များသည် သူတို့၏ နေရာမှန်ဖြစ်သော ကောင်းကင်ရင်ခွင်ထဲ၌ လင်းလက်တောက်ပလျက်ရှိကြသည်။ ကောင်းကင်မှာသည့် ကြယ်တစ်စင်း၏ မျက်ဝန်းထောင့်နား၌ မျက်ရည်စများက ရှိနေခဲ့သေးသည်။ သို့သော် ထိုကြယ်သည် နောက်ထပ် မိတွယ်စရာ လောကနယ်ပယ်သစ်ဆီသို့ ကြွေလွင့်ထွက်ခွာသွားခဲ့ချေပြီ။ ■

ဥဩ၊ချယ်ရီမြေ၊



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



အလွန်အဆိပ်ပြင်း
သည့် မြွေတစ်ကောင်၏
မျက်စိနှစ်ခုကြားသို့
နကျယ်တစ်ကောင်က
ခွဲမြဲစွာကိုက်ခဲ၏။
မြွေက အမျိုးမျိုး
လှုပ်ဖယ်ပါ
သော်လည်း
နကျယ်ကောင်မှာ
မကျွာ။ မခွာ။
အကြိမ်ကြိမ် ကြိုးပမ်းပါ
လျက် နကျယ်ကောင်၏
ရန်ပြုခြင်းမှာ
မလွှတ်မြောက်နိုင်ခဲ့။
နာကျင်မှုနှင့် ဒေါသကို
ပြင်းစွာခံစားနေရစဉ်
လှည်းတန်းကြီးတစ်ခုမှာ
မှန်တဝေါင်းဝေါင်းနှင့်
ချီမောင်းလာချေ၏။
မြွေသည်
မည်သို့ဖြစ်မှုပါမည်နည်း။
❑

၁။
ကုက္ကိုပင်ကြီးမှ
ကိုင်းခြောက်တချို့သည်
တိမ်သားတိမ်လိပ်တို့အား
မဓိမကာမ်းလှမ်း၍
ကုတ်ခြစ်နေဟန်ရှိသည်။
တိမ်ပုပ်ကြားမှ လသည်
နာတာရှည်ပန်းနာသည်
တစ်ဦး
ချေး
လိုက်သည့် သလိပ်
တစ်စကဲ့သို့ ဝါဝါခဲခဲ
လင်းလျက်။ ညငှက်တို့

# ပိတုန်းတစ်လှည့် ပန်းတစ်လှည့်

## ကိုစက်ဖေ



www.burmeseclassic.com

www.burmeseclassic.com

လည်း ဝစီပိတ် ပျံသန်းကြသည်။ ခွေးလေခွေးလွင့်တစ်ကောင်က မြေကမ္ဘာ၏ အနွေးဓာတ်ကိုယူ၍ လက်ဖွေ့သမား၏ လက်သီးတစ်လုံးပမာ ခန္ဓာကိုယ်အား ကျစ်နိုင်သမျှ တိုး၍ ကျစ်ခွေနေလေ၏။ တစ္ဆေတစ်ကောင်ပင် လျှင် လမ်းလျှောက်ထွက်ရန် ပျင်းလောက်သည့်အခါကာလဖြစ်၏။ ထိုစဉ် တိတ်ဆိတ်မှုကို ဖြိုခွဲလာသည့် အသံတစ်သံ။

'သက်ကို··· ဆေးလိပ်ကုန်သွားပြီ၊ တစ်နေရာရာသွားရှာစမ်းကွာ'

'အချိန်မှ မနည်းတော့ဘဲ ကိုကြီးမျိုး၊ ဆိုင်တွေပိတ်ကုန်လောက်ပြီ'

ကိုမျိုး၏မျက်နှာ တင်းမာပုံက ဘက်ထရီမီးရောင် မှိန်မှိန်ကလေးအောက်မှာပင် သိသာလှ၏။ သို့သော် အေးစက်စက်လေသံသည် အနိမ့်အမြင့်မရှိ။

'သောက်စကားမများစမ်းနဲ့၊ မင်းဟာမင်း ဘယ်ကရလာလာ ဆေးလိပ်ပါလာဖို့ပဲ။ ခုသွား၊ ကြာလို့ကတော့ ပြန်လာတာနဲ့ မင်း သိမယ်'

နားထောင်နေသည့် ကျော်ကြီး မနေနိုင်ဟန်ဖြင့်-

'ကိုဘာဘူတို့ဆိုင်ကို သွားလိုက် ညီလေး၊ အစ်ကို ဝယ်ခိုင်းတာလို့ ပြောလိုက်ကွာ'

သက်ကိုလည်း အချိန်မဆိုင်းရဲတော့ဘဲ ခွက်ကပ်လေးကိုမော့ပြီးနောက် အရက်ဝိုင်းမှ ထ,သည်။ ပါးစောင်မှ ကျန်နေသည့် အရက်ကို 'ကျစ်'ခနဲ ထွေးထုတ်၏။ ဥတုသုံးလီမှ လေးလီသို့

a'¦oESft &uf
ay;i¦pyfx m;onf
t&ESaumif
ukdpd\
r ufES
c&rf;c0fo pD S nf
wpfv ]kuk
n;fo ;zif
u Ö G c;eD
ukbd
&JV ufaeonf

ပြောင်းကောင်း ပြောင်းလဲနိုင်သော်လည်း ကိုမျိုး၏အကျင့်က မပြောင်းနိုင်။ မူးလာလေ ဘီလူးဇာတိပြလေသာ။ လမ်းနံဘေး ကွပ်ပျစ်မှ အရက်ဝိုင်းလည်း စကားသံများ ဆက်လက်ပေါ်လာလေသည်။

'အဲဒီကောင် သောက်ပေါက္ခ ကျော်ကြီးရ၊ ငါ့ဆီကို ဆိုင်ကယ်ပြင်လာသင်တဲ့အထဲတော့ အထူဆုံးပဲ။ ပြီးခဲ့တဲ့ ဘုရားပွဲမှာ ကြက်ခေါ်လာတုန်းကလည်း ဒီကောင်က လိမ်ဖည်ဖည်နဲ့။ ကိစ္စပြီးတော့ ငါ့ဘာသာ ခေါင်းကိုပိုင်လို့ ပိုက်ဆံမပေးတဲ့ကိစ္စ။ ဒီကောင်က သူ့ရှိတဲ့ပိုက်ဆံ နှစ်ပဲခြောက်ပြားကို ဟိုကောင်မ သွားပေးတယ်။ နှစ်ချက်လောက် ထိုးလိုက်မှ ဒီကောင် မှတ်သွားတယ်'

'ဒီကောင်လေးကို ခိုင်းရတာ ဖင်ပေါ့ပါတယ် ကိုမျိုးရာ'

ကိုမျိုးမျက်နှာ တည်နေပုံက အရှိန်မကျ။

'ကျော်ကြီး၊ မင်း ငါ့ သူငယ်ချင်းနော်'

'အေးပါ၊ ဟုတ်ပါတယ်ကွာ၊ အဲဒါ ဘာဖြစ်လို့လဲ'

'ငါ့ရှေ့မှာ အဲဒီကောင်လေးကို ကာဆီးကာဆီး မလုပ်နဲ့။ မင်းကို သတိပေးထားတာ'

ပြောရင်းပင် အရက်ခွက်ကို ဆောင့်ချလိုက်ရာ ခွက်ကျန်အချို့မှာ ဖိတ်တစ်ဝက် စဉ်တစ်ဝက်။ ကျော်ကြီး စကားမဆက်တော့ဘဲ အရက်ခွက်ကိုဖြည့်ပေးလိုက်သည်။ ငယ်ပေါင်းမို့ ကိုမျိုးအကြောင်းကို အူမချေးခါးအကုန်သိသည်။ လက်ယဉ်လှသည် မဟုတ်ပါလား။ ဆံပင်ညှပ်ဆိုင်ကလေး၏ ဝင်ငွေနှင့် ပုံမှန်သောက်နိုင်ရန် မလွယ်။ ကိုမျိုးက ဝင်ငွေကောင်းသလောက် လက်ဖွာသည်။ အထူးသဖြင့် အသောက်အစား၊ အပျော်အပါး၌ ပို၍ လက်ဖွာသည်။ အရက်နှင့် သည်းခံခြင်း လဲသောက်ခွင့် ရနေသည်ကို ကျော်ကြီး လက်မလွှတ်နိုင်။ တိတ်ဆိတ်နေသည့် အရက်ဝိုင်းသို့ ခြေသံအချို့ ခပ်သဲ့သဲ့ ဝင်လာသည်။ ကိုဘာဘူ နိုးပါစေကြောင်း ကျော်ကြီးတစ်ယောက် ကျိတ်ဆုတောင်းနေလိုက်၏။

❑

၂။

'မျိုးကြီး၊ အထဲက ကောင်မကို နည်းနည်းကြမ်းလိုက်စမ်းပါဦးကွ၊ အင်တင်တင်လုပ်နေတယ်'

အပေါင်းအသင်းကို ငြိုငြင်အောင် လုပ်တာမကြိုက်။ ဖရုသဝါစာအကြမ်းစားကို တစ်တစ်ခွခွဆဲဆိုလိုက်ပြီး အရက်ဝိုင်းမှ ကိုမျိုး ဝေါက်ခနဲ ထ,လိုက်သည်။ ကျန်သည့်လူအုပ်က လက်ခုပ်တီး၍ အားပေးကြသည်။

ကိုမျိုးက အိမ်တံခါးကို ဝုန်းခနဲ ကန်ဖွင့်လိုက်သည်။ အိမ်ထဲမှာ မှောင်နှင့်မည်းမည်း။

'သောက်ကောင်မ၊ အပျက်မ၊ နင် ဘာအချိုးချိုးတာလဲ။ နင့်ရဲ့ခေါင်း လှတင်ကို ငါ ပိုက်ဆံပေးပြီးသွားပြီ။ သေချင်လို့ မချေမင်လုပ်တာလား'

'ကျွန်မ အပျက်မဟုတ်ဘူး၊ မိကောင်းဖခင်သားသမီး။ ရှင်တို့အားလုံးကို ရဲတိုင်မယ်'ဟူသော အမှောင်ထဲမှ မိန်းကလေး အသံတစ်သံထွက်လာ၏။ စကားသံကြောင့် ကိုမျိုးက ခွက်ထိုးခွက်လန် ဟားတိုက်သည်။

'အောင်မယ်လေး ရယ်လိုက်ရတာ အမူးတောင်ပြေတယ်။ နင်တို့ အပျက်မတွေအားလုံးရဲ့ လက်သုံးစကားက မိကောင်းဖခင်သားသမီးဆိုတာပဲ။ ငမျိုးနားဝမှာ ကြားရတာကြာလှပေါ့။ နင် ရဲစခန်းကိုရောက်ဖူးလား။ တိုင်တာနဲ့ နင် အရင်ထောင်ကျမှာ။ ရဲတွေ တစ်ယောက်ပြီးတစ်ယောက် တစ်တစ်ခွခွမေးတာကိုရော နင်ကြားဖူးလား။ တရားရုံးရောက်ရင် ပိုဆိုးသေး



www.burmeseclassic.com

www.burmeseclassic.com

qEG ft c d
yc dy o
Oq ifaeonf
'EpS ufu
axmifxm;onf
ayjypfvS nf
tquf
tay;uESh
tOwfA vm
jrifuGa umif
oufu
ao Gv
aEGeJ
awmufa vmif
vm\

တယ်။ တိုင်လေ၊ သောက်ရှက်မရှိတဲ့အခွက်နဲ့ လူတွေကြားထဲမှာ မေးတာခံနိုင်ရင် တိုင်လေ။ သေအောင် တိုင်။ အပျက်မကများ ရာရာစစ'

ကိုမျိုးက စကားသံအဆုံးမှာ အသံကြားရာဆီပြေး၍ သုံးလေးချက် ဆင့်ကန်လိုက်သည်။ မိန်းကလေးဆီမှ အသံမထွက်လာ။

'သောက်ကောင်မ နောက်တစ်ခါ အင်တင်တင် အသံကြားရင် လှတင်ဆီကို အလောင်းပဲပြန်ပို့လိုက်မယ် နားလည်လား'

မျိုးစုံအောင် ဆဲဆိုကြိမ်းမောင်းပြီးနောက် ကိုမျိုး အရက်ဝိုင်းအတွင်းသို့ ပြန်ဝင်လာသည်။ 'မျိုးကြီးကွ' ဟူသော ချီးကျူးသံကို ပြုံး၍ ခံယူလိုက်၏။

'သားကြီးတို့ ဘယ်သူဝင်ဦးမလဲ' ဟူသော အမေးကို မည်သူမျှ စိတ်ဝင်စားဟန်မပြသည့်အဆုံး ကိုမျိုး၏အကြည့်က ထောင့်မှာထိုင်နေသည့် သက်ကိုဆီ ရောက်သွား၏။

'ဟေ့ကောင် သက်ကို၊ လာဦး'

'ဗျာ၊ ကိုကြီးမျိုး ဘာခိုင်းမလို့လဲ'

သက်ကို ခပ်ရွံ့ရွံ့နှင့် ကိုမျိုး အနားသို့ တိုးသွား၏။ အနီးရောက်တော့ အကျီကော်လာစကို ဆောင့်ဆွဲခံလိုက်ရသည်။

'သွားတော့ အခု မင်းအလှည့်။ ငါ့ကောင်တွေ ဝ,ပြီတဲ့'

'ကျွန်တော် မသွားချင်ဘူး ကိုကြီးမျိုး၊ စိတ်မပါလို့ပါ'

ကော်လာစမှာ ပို၍ တင်းကျပ်လာ၏။

'သောက်ကြီးသောက်ကျယ်ပြောမနေနဲ့။ စမ်းကြည့်လိုက်လေ။ မင်းမလုပ်ရင် သွားကျွတ်အောင်ထိုးပြီးတော့ ငါ့ဆိုင်ကနေ ကန်ထုတ်ပစ်မယ်'

ဒေါသနှင့် အရက်ပေါင်းစပ်ထားသည့် အရှိန်ကြောင့် ကိုမျိုး၏မျက်နှာ ခရမ်းချဉ်သီးမှည့်တစ်လုံးကို ညှစ်သဖြင့် ကွဲထွက်ခါနီးကဲ့သို့ ရဲတက်နေသည်။ မျက်နှာအား လာစဉ်သည့် တံတွေးစက်များကိုပင် သက်ကို မသုတ်ရဲသေး။ ကော်လာစ လွှတ်ပြီးချိန် အိမ်ကလေးဘက်သို့ သက်ကို ဦးတည်လိုက်သည်။ ထိုစဉ် နောက်မှ ဆောင့်ကန်လိုက်သည့်အရှိန်ကြောင့် ဟပ်ထိုး ဟပ်ထိုးနှင့် တံခါးဝသို့ ရောက်သွားလေ၏။ ကွပ်ပျစ်ဆီမှ ရယ်သံအချို့။ ပုလင်းလွတ်တစ်လုံးက လွင့်ပျံလာပြီး သက်ကို၏ ခြေထောက်အနီးတွင် ကွဲသွားလေ၏။ နောက်ထပ် ပုလင်းတစ်လုံး ဝဲမလာခင် သက်ကို အခန်းတွင်းသို့ ဝင်မှ ဖြစ်တော့မည်။

ဆီမထိုးတာကြာသည့် အခန်းတံခါးမှာ ခါတိုင်းထက် ကျယ်လောင်နေကြောင်း သက်ကို ထင်မိသည်။ ညကို အမှောင်က အထောက်အပံ့ပေးလျက်ရှိ၏။ အခန်းကျဉ်းလေးမှာ မီးထွန်းမထား။ သို့သော် နေ,နေကျဝန်းကျင်ဖြစ်၍ ဘယ်အနား ဘာရှိမှန်း မှန်းဆနိုင်သည်။ ခုတင်က အခန်းထောင့်မှာ။ တစမ်းစမ်းသွားနေစဉ် အခန်းထောင့်မှ မီးခြစ်ကျောက်ခတ်သံထွက်လာပြီး မီးတောက်တစ်ခုက လက်ခနဲပေါ်လာ၏။ မီးခြစ်ကို လက်ဖြင့်ကာထားသဖြင့် မီးခြစ်ပိုင်ရှင်၏ မျက်နှာအား မမြင်ရ။ ဆံနွယ်အချို့ ပခုံးပေါ်သို့ ဝဲဆင်းနေသည်။ ဒူးနှစ်ဖက်ကိုထောင်ထားသည်။ ပြေပြစ်လှသည့် အဆက်အပေါက်နှင့် အဝတ်ဗလာမြင်ကွင်းကြောင့် သက်ကို၏သွေးတို့ နွေးခနဲ တောက်လောင်လာ၏။ ရင်ဗလာကို တတ်နိုင်သမျှ ဖုံးကွယ်လိုဟန်ဖြင့် လက်ဖြင့်ကာလေရာ မိန်းကလေး၏ မျက်နှာမှာ ပေါ်လာသည်။ မိန်းမချောတစ်ဦး။ ကလက်တက်တက်ဟန်မရှိ။ မျက်နှာပေါ်မှာ သွေးစမခြောက်သည့် ဒဏ်ရာအချို့ကိုပါ တွေ့လိုက်ရသဖြင့် သက်ကို သနားစိတ်ပေါ်လာသည်။ မီးရောင်ကလေးမှာ ဖျတ်ခနဲ ပျောက်ကွယ်သွားပြန်သည်။ မျက်လုံးထဲ၌ နှစ်သက်ဖွယ် တစ်တစ်ရစ်ရစ်တို့မှာ ကွယ်ပျောက်မသွားဘဲ အတိုင်းသားကျန်နေသဖြင့် သက်ကို လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။ တံခါးပြန်စေ့သွားသံက တအီအီ ထွက်ပေါ်လာသည်။

'အစ်ကို ကျွန်မ ရှင်းပြပါရစေ။ ကျွန်မ မိကောင်းဖခင်သားသမီးပါရှင်'

ထိုစကားသံမျိုးကို သက်ကို မကြာခဏ ကြားဖူးနေကျ။ ခုတင်ခြေရင်းမှာ သက်ကို ထိုင်ချလိုက်တော့ နောက်ဆုတ်သွားသည့်အသံကို ကြားရသည်။ အမှောင်သည် အမိုက်သို့တွန်းပို့လျက်ရှိ၏။ သက်ကို မလှုပ်ရဲသေး။ အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

'ကျွန်မ ခိုးရာလိုက်လာတာပါ။ ဒီရောက်မှ မကောင်းတဲ့ဘဝဆီ ခေါ်လာမှန်း သိရတာပါ။ ကျွန်မရဲ့ အဝတ်တွေကိုလည်း သိမ်းထားတယ်။ ကျွန်မ ထွက်ပြေးလို့မရဘူး။ ကျွန်မ အရမ်းလည်းပင်ပန်းနေပြီ။ လူရမ်းကားတွေ ရှစ်ယောက်တောင်ရှိနေပြီ။ ကျွန်မကို သနားပါရှင်'

ငိုသံရောရောနှင့် မိန်းကလေး၏အသံမှာ တိုးရှကွဲအက်နေသည်။ သည်ဖြစ်ရပ်မျိုး တကယ်ပဲရှိနိုင်သည်လား။ သက်ကို မတွေးချင်တော့။ ခဏမျှ ငြိမ်သက်နေလိုက်သည်။ အိမ်မှာကျန်ခဲ့သည့် နမလေးသက်ရီ၏ အရွယ်သာသာ။ သက်ကို၏



www.burmeseclassic.com

www.burmeseclassic.com

စိတ်တွေ အလိုလိုလျော့ကျသွားသည်။

'ကျွန်တော့်ကို ခဏလောက်တော့ ထိုင်ခွင့်ပေးပါ။ ဘာမှမလုပ်ပါဘူး။ ခင်ဗျား သက်သာသလိုနေပါ'

သက်ကို သက်ပြင်းမောချကာ ဆက်ထိုင်နေလိုက်သည်။ ငှသံကျိုတ်ကျိုတ်က ပေါ်လာပြန်သည်။ ထို့နောက် အံကြိတ်သံတစ်ချက်၊ ထို့နောက် ပြင်းထန်ကျယ်လောင်လှသည့် တောက်ခေါက်သံတစ်ချက်။ တောက်ခေါက်သံကြောင့် သက်ကို လန့်ဖျပ်သွား၏။ ကျယ်လွန်းသဖြင့် အိမ်ရှေ့က ကြားသွားမည်ကိုပင် စိုးရိမ်မိသည်။ ကြားရာမရသည့်အဆုံး၌ ခါးကလုံချည်ကို ချွတ်ကာ မိန်းကလေးရှိရာသို့ မှန်း၍ ပစ်ပေးလိုက်ပြီးလျှင်…။

'ကျွန်တော် ဒီမှာ ခဏနေမယ်နော်။ ခင်ဗျား အိမ်ပြန်ရောက်ပါစေဗျာ။ ကျွန်တော့်ပုဆိုးရဲ့ ချုပ်ရိုးထဲမှာ ဝှက်အိတ်ကလေးတစ်ခု ရှိတယ်။ အဲဒီမှာ ပိုက်ဆံနည်းနည်းပါတယ်။ လမ်းစရိတ်တော့ ရမှာပါဗျာ။ ပုဆိုးကို ဝတ်ထားလိုက်ပါဦး'

အသံတွေတိတ်မှ သက်ကို ဘောင်းဘီတိုလေးနှင့် အပြင်ထွက်လာသည်။ ရှိုက်သံသဲ့သဲ့က နောက်မှာ ကျန်နေခဲ့သည်။ ဘက်ထရီမီးရောင်အောက်က ကွပ်ပျစ်လေးပေါ်၌ တုံးလုံးပက်လက်ဖြင့် နဂါးမင်းနှင့် သိကြားမင်းစည်းစိမ်အား ပေါင်းစပ်ခံစားနေကြသည့်လူအချို့ကို သက်ကို တွေ့ရသည်။ ကိုမျိုး၏ အိမ်ကလေးအား ကျောခိုင်း

rdfuav;\
tonf
wk
uG uaeonf
onfzpf
wu,fJ
&dfonfvm;
oufu
raw@ifawmh
cPr
idfoufaevkuf
onf
tdfSueonf
ESav;
oufD
t&G fomom

ထွက်လာခဲ့တော့သည်။

❑

၃။

'သက်ကိုရေ… သက်ကို'

ခေါ်သံကြားသဖြင့် သက်ကို ခေါင်းထောင်ကြည့်မိသည်။ ဘယ်အရပ်ကမှန်း ရုတ်တရက် မမှန်းတတ်။ သက်ရှိ၏ ပြန်ထူးသံကို ကြားရသည်။ သက်ရှိ ကျောင်းသွားပုံ မရသေး။

'ရှန်… အစ်ကို အိပ်နေတယ် ကိုကျော်ကြီးရေ၊ ညက ဘယ်အချိန် ပြန်လာမှန်းတောင် မသိပါဘူး'

အိပ်ချင်မူးတူးဖြင့် သက်ကို ထ,လာပြီး ရေတစ်ခွက် သောက်သည်။ ကျော်ကြီးပုံက အရူးယားဖားယားနိုင်လှသည်။

'ထ,ဦးဟ သက်ကိုရ။ မင်းကိုတွေ့မှ ငါစိတ်အေးသွားတယ်ကွ'

'ဘာဖြစ်လို့လဲ ကိုကျော်ကြီး'

ကျော်ကြီးက ပြန်ဖြေမည်ပြုပြီးမှ ရုတ်တရက်လက်ကိုဆွဲကာ အိမ်ရှေ့သို့ခေါ်သွားသည်။ နေတောင် အတော်ရင့်နေပြီ။ မွန်းတည့်နီးပါးနေကမျက်နှာထိုးသဖြင့် ရုတ်တရက် မျက်လုံးမဖွင့်နိုင်။ သက်ရှိ နေ့လယ်ကျောင်းဆင်း၍ ထမင်းစားပြန်လာတာ ဖြစ်နိုင်သည်။ ကိုကျော်ကြီးမှာ သက်ရှိ မကြားစေချင်သည့်စကား ရှိပြီထင်၏။

'မင်းကလည်း ပုဆိုးတောင် မရှိပါလားဟ'

'ထားပါ ကိုကျော်ကြီးရာ၊ ဘာပြောစရာရှိလို့လဲ'

'ငါ မနက်ဈေးထဲမှာ ကြားလိုက်ရတယ်ကွ၊ ကိုမျိုးတို့အုပ်စု အဖမ်းခံလိုက်ရတယ် ကြားတယ်။ အာမခံတောင် မရဘူး။ မုဒိမ်းမှုတဲ့။ မင်းရဲ့ ဆရာဆိုတော့ မင်းပါပြီထင်တာ။ အခု မင်းကိုတွေ့ရမှပဲ စိတ်ချမ်းသာသွားတော့တယ်'

ရင်ထဲမှာ တဒိန်းဒိန်းခုန်ပြီး တုန်လှုပ်သွား၏။

'ဘာဖြစ်တာတဲ့လဲဗျ၊ လန့်လိုက်တာဗျာ'

'ညက ကိုမျိုးတို့ ကောင်မလေးတစ်ယောက် ခေါ်လာတယ်ဆိုလားကွာ။ အဲဒီကောင်မလေးက ခေါင်းကို လူကောင်းထင်ပြီး ခိုးရာလိုက်လာတဲ့ ကောင်မလေးတဲ့ဟ။ ပြန်လည်းလွှတ်ရော အမှတ်သုံးရဲစခန်းမှာ ချက်ချင်း အမှုဖွင့်တာ'

ကျော်ကြီးက ဆက်ပြော၏။ သက်ကို အသက်ရှူရကျပ်လာသည်။

'အေး… ဆံပင်ညှပ်နေကျ ရဲတစ်ယောက်က ပြောသွားသေးတယ်။ ပါတဲ့ကောင်တွေကို ဖမ်းပြီး စစ်တာကွ။ ကောင်မလေးက သက်သေခံပေးတယ်။ မျက်နှာတွေကို မီးခြစ်နဲ့ ခြစ်ပြီး မှတ်ထားတာတဲ့ကွ။ ကိုမျိုးနဲ့ သူ့ကောင်တွေ အကုန်ပါသွားတယ်။ ခေါင်းရှောဆိုရင် ကိုးယောက်တောင်ပဲ။ အကုန်ထောင်ကျမယ့်သဘောရှိတယ်။ ကောင်မလေးရဲ့ မိဘတွေကလည်း အထည်ကြီးတွေထဲကတဲ့'

ကိုကျော်ကြီး ဘာတွေဆက်ပြောမှန်းမသိ။ မကြားတစ်ချက် ကြားတစ်ချက်။ သက်ကို နှမလေးအား ကျေးဇူးတင်လိုက်မိသည်။ နှမလေးကို မတွေ့မိလျှင်ဖြင့်…။ ဟိုမိန်းကလေးကတော့ လူကြားထဲမှာ ဖြေချရမည့်အရှက်ကို စွန့်၍ လူတစ်စုအား လက်စားချေသွားလေပြီ။

❑

၄။

မြွေသည် နာကျင်မှုနှင့် ဒေါသကို ပြင်းစွာခံစားနေရစဉ် လှည်းတန်းကြီးတစ်စုမှာ ဖုန်တထောင်းထောင်းနှင့် ချီမောင်းလာချေ၏။ မြွေသည် မည်သို့ ပြုမူပါမည်နည်း။

လှည်းဘီးအောက်သို့ ခေါင်းခံလျက် မြွေသည် မိမိအသက်ကို စွန့်၍ နကျယ်ကောင်သေမည့်လမ်းကို ရွေးချယ်လိုက်လေတော့၏။ ■

ကိုစက်ဖေ



www.burmeseclassic.com

www.burmeseclassic.com

စာပေနှင့်ပုံနှိပ်လုပ်ငန်း

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည် အထိ တာဝန်ယူ လုပ်ဆောင်ပေးပါသည်။

- Calendar
- Table Calendar
- File Holder
- Pamphlet
- Box
- Booklet
- Name Card
- Voucher
- Letter Head
- Lable အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေး ပြည့်ဝစွာ ဆောင်ရွက်ပေးနေပါသည်။

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

အမှတ်(၁၃၃)၊လမ်း(၄၀)၊ကုန်သည်နှင့်မဟာဗန္ဓုလလမ်းကြား၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၃၉၈၂၂၀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(ယခင်လမှအဆက်…)

၁၀။

'သူတို့တွေ အစီပွာယ်မရှိဘဲ
စိတ်ထင်ရာလုပ်နေကြတာကို
ကျွန်တော်က ဒီအတိုင်း
လက်ပိုက်ကြည့်နေမယ်
ထင်လို့လား။ လိုနိုလိုနိုသာ
တစ်ခုခုဖြစ်ခဲ့ရင် သူတို့အားလုံးကို
ကျွန်တော်ကိုယ်တိုင်
တရားစွဲပစ်မယ်'
အော်ရဲပွတစ်ယောက်

# ရဲရင့်လုံ [ဆေး-မန်း]

# တောင်တွေပေါ်က တိမ်<br>တိမ်တွေပေါ်က လမ်း

အမှတ် ၃၄၆၊ စက်တင်ဘာ၊ ၂၀၁၈

ရုပ်စုံမဂ္ဂဇင်း

အခန်း ဆက် ၀ တွဲ ရှည်

ဒေါ်သတာကြီး
ပြောဆိုနေတဲ့ပုံကို ကြည့်ပြီး
သူ အံ့ဩတုန်လှုပ်မိတယ်။
သူ့မျက်စိရှေ့မှာရှိနေတဲ့
အော်ရဲပွက သူနေ့စဉ်
မြင်တွေ့နေကျ အော်ရဲပွရဲ့ပုံစံနဲ့
နည်းနည်းမှမတူဘူး။
ပြီးတော့ အော်ရဲပွနဲ့
မျက်နှာချင်းဆိုင်မှာ
ရပ်နေကြသူတွေက တုတ်၊
ဓားကိုယ်စီ ကိုင်ဆောင်ထားကြတဲ့
ရွာခံတွေ။ ဟောက်စပူ ဦးဇမ်နိုဆေးက
အဲဒီလူအုပ်ကြီးဆီသွားပြီး
သူတို့ဘာသာစကားနဲ့



www.burmeseclassic.com

ပြောကြဆိုကြတယ်။ ဟို လူတွေကလည်း တစ်ယောက် တစ်ပေါက် အလုအယက် ပြောဆိုကြတယ်။ ခဏနေတော့ ဦးဇမ်ခိုဆေးက မျက်စိမျက်နှာပျက်ပျက်နဲ့ အော်ရဲပူကို လာပြောတယ်။

'သူတို့ကိစ္စမှာ ရှေပါးကို ဝင်မပါစေချင်ဘူး- လို့ ပြောနေကြတယ်။ ပြီးတော့ လိုန်လိုန် သေမှာကို သူတို့ တကယ် စိုးရိမ်နေကြတယ်'

သူတို့သူငယ်ချင်း နိန်နိုလိုန့်(လိုန်လိုန်) ကျောင်းမတက်နိုင်တာ ငါးရက်ရှိပြီ။ သူ့အပါးကိုယ်တိုင် ကျောင်းကို လာပြီး ခွင့်တိုင်တယ်။ အစကတော့ အအေးမိပြီး ရိုးရိုးဖျားတာလို့ပဲ ထင်ကြတယ်။ အဲဒီနောက်မှာ လိုန်လိုန်တစ်ယောက် မသက်သာဘဲ ခဏခဏ သတိလစ်တယ်- လို့ ကြားရတယ်။

'လိုန်လိုန်တစ်ယောက် သေသလို ဖြစ်နေပြီ'

အဲဒီသတင်းစကားကြားကြားချင်း အော်ရဲပူနဲ့အတူ သူတို့ကျောင်းသားတချို့ လိုန်လိုန်တို့အိမ်ဆီ အပြေးအလွှား သွားကြတယ်။ သူတို့ရောက်သွားတော့ လိုန်လိုန်တို့အိမ်မှာ လူတွေ အများကြီးရှိနေတယ်။ မျက်တွင်းဟောက်ပက်နဲ့ လိုန်လိုန်က အိပ်ရာထဲမှာ အိပ်နေတယ်။ သူ့ခေါင်းက ဆံပင်တွေလည်း ရှုပ်ပွနေတယ်။ သူတို့သူငယ်ချင်းတွေကိုလည်း မမှတ်မိသလိုကြည့်တယ်။ ပါးစပ်ကလည်း တတွတ်တွတ်နဲ့ မဟုတ်တာတွေ လျှောက်ပြောနေပြန်တယ်။ လိုန်လိုန်ကိုကြည့်ပြီး

a t m&ylk;a&Su
pm;y@y:rS
o u fwrf&ih
ac;i&n ft pk
wpfv kH
&Sew , f
ac;ift pk&U
a b;rS
a& x n fx m;wb
'eft pkwpfv keY
pwfa&cG fwpfck
t JDn u
a t m&ylu
ol
aomuf avh
aomufx r&Swb
ac;i&n fu k
r u f u pu p u f
pkf, cbw , f

သူတို့ မျက်ရည်ကျမိကြတယ်။ လိုန်လိုန်က စာတော်တယ်။ လပတ်စာမေးပွဲဖြေတိုင်း ခဏခဏ အဆင့်တစ်ရတယ်။ လိုန်လိုန်အပါးကတော့ သေတာကြာပြီ။ လိုန်လိုန့်အနူးက အော်ရဲပူ့အတွက် ရေနွေးကြမ်းပြင်ပေးပြီး မျက်ရည်စက်လက်နဲ့ ပြောတယ်။

'ထမင်းလည်း တစ်စေ့မှ မစားတော့ဘူး ရှေပါး။ ခဏခဏလည်း ဖျားတယ်။ မနေ့ညကစပြီး သတိလစ်တယ်။ ဒီနေ့လည်း ခဏခဏ သတိလစ်တယ်'

အော်ရဲပူက လိုန်လိုန့်အနူးကို ပြန်မေးတယ်။

'အဲဒီလောက် ဖြစ်နေတာဗျာ၊ ဆေးခန်း သွားမပြဘူးလား'

'ဆေးခန်းပြဖို့က ခါမ်းပါတ်အထိ ဆင်းရမှာမို့ မပြဖြစ်ဘူး ရှေပါး။ အခု ပီလန်းနဲ့ ကုနေတယ်'

အော်ရဲပူက 'ပီလန်းဆိုတာ ဘယ်သူလဲ' ဆိုပြီး ဆက်မေးတယ်။ သူက အော်ရဲပူကို 'ပီလန်းဆိုတာ ပီ(အဘွား) ဇာနိတ်လန်းပါ' လို့ လေသံတိုးတိုးနဲ့ ပြောလိုက်တယ်။ အော်ရဲပူက ဆက်ပြီးမေးတော့ ပီလန်းအကြောင်း သူသိသလောက် ပြောပြရတယ်။

ပီလန်းကို ရွာမှာတော့ 'ဒွိုက်ကျိုင်း(နတ်ဆေးဆရာမကြီး)' လို့ ခေါ်ကြတယ်။ ရွာမှာ ဘယ်သူပဲဖျားဖျား ပီလန်းနဲ့ပဲ ကုကြတယ်။ သားသည်အမေတွေရဲ့ နို့စို့ကလေးတွေ ညညထ,ပြီး ငိုနေရင်လည်း ပီလန်းနဲ့ပဲပြကြတယ်။ ပီလန်းက ကလေးဗိုက်ကို လက်နဲ့ပွတ်ပြီး မန်းမှုတ်တယ်။ ပြီးတော့ ဆေးခါးရည်တစ်စက်နှစ်စက်ကို ကလေးရဲ့လျှာမှာ ပွတ်ပေးလိုက်တဲ့အခါ မငိုတော့ဘူးလို့ ပြောကြတယ်။ ရေယုန်ပေါက်တဲ့သူတွေကိုလည်း ပီလန်းက မျက်စိစုံမှိတ်ရင်း အနာပေါ်မှာ ဆန်စေ့တွေထည့်ထားတဲ့ လက်သီးဆုပ်ကလေးတင်ပြီး မန်းမှုတ်တယ်။ တကယ် ပျောက်တယ်-လို့ ပြောကြတယ်။ ဆေးကုခကိုလည်း အများကြီးပေးဖို့ မလိုဘူး။ ကြက်ဥပေးရင်လည်း ရတယ်။ ဆန်နို့ဆီတစ်ဘူးနဲ့ဆိုလည်း ကုပေးတယ်။ ဘာမှမပေးနိုင်ဘူးဆိုရင်လည်း အလကားနဲ့ ကုပေးတယ်။ အော်ရဲပူက လိုန်လိုန့်အနူးကို ခါမ်းပါတ်အထိ ဆင်းပြီးကုဖို့ ပြောတယ်။

'အဖျားကြီးပြီး သတိလစ်တယ်ဆိုတော့ ပေါ့ပေါ့ဆဆ မနေသင့်ဘူး။ ကျွန်တော်သိဖူး၊ ဖတ်ဖူးသလောက် ပြောရရင် ငှက်ဖျားပိုးဦးနှောက်ထဲရောက်တာလို့ ထင်မိတယ်။ ဘာပဲဖြစ်ဖြစ် လိုန်လိုန့်ကို ခါမ်းပါတ်ဆေးရုံမှာ သွားပြီး ပြကြည့်စေချင်တယ်'

လိုန်လိုန့်အနူးက ဘာမှပြန်မပြောဘူး။ အော်ရဲပူ့ရှေ့မှာ ထိုင်နေရင်း မျက်ရည်တွေကျနေတယ်။ ကြည့်ရတာ လိုန်လိုန့်အခြေအနေက သိပ်မကောင်းတော့ ဆေးရုံသွားပြရင်လည်း ထူးခြားမှာမဟုတ်ဘူးဆိုပြီး ထင်နေပုံရတယ်။

လိုန်လိုန့်အနူးနဲ့ ပြောနေဆိုနေရင်း သူတို့မျက်စိရှေ့မှာတင် လိုန်လိုန်တစ်ယောက် သတိလစ်ပြန်တယ်။ ခန္ဓာကိုယ်တစ်ခုလုံး တွန့်လိမ်ကောက်ကွေးပြီး ပါးစပ်ကလည်း စူးစူးဝါးဝါး အော်ဟစ်နေပြန်တယ်။ လိုန်လိုန်ရဲ့ ဦးလေးတွေက လိုန်လိုန့်ကို ဝိုင်းဖိပြီး ချုပ်ကိုင်ထားကြတယ်။ အိမ်ထဲမှာလည်း ဝရုန်းသုန်းကားနဲ့ ဆူညံပွက်လောရိုက်သွားတယ်။ ငါးမိနစ်လောက်ကြာတော့ လိုန်လိုန်တစ်ယောက် အော်ဟစ်ရုန်းကန်နေတာတွေ ရပ်ပြီး ငြိမ်သက်သွားပြန်တယ်။ အော်ရဲပူက ပြောတယ်။

'လိုန်လိုန့်ကို အခုချက်ချင်း ဆေးရုံပို့မှဖြစ်မယ် အနူး။



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာလိပ်နဲ့ လိုမယ်ထင်တဲ့ ပစ္စည်းတချို့ယူဖို့ စီစဉ်ပါ။ ကျွန်တော်နဲ့အတူ ရွာသားတချို့က ထမ်းပိုးတစ်ခုလုပ်ပြီး လိုန်လိုန့်ကိုသယ်မယ်’

အဲဒီအချိန်မှာ ထင်မှတ်မထားတာတွေ ဖြစ်လာခဲ့တယ်။ လိုန်လိုန့် ဦးလေးတွေက ဆေးရုံသွားပြီး ကုမှာကို ခါးခါးသီးသီး ငြင်းဆန်ခဲ့ကြတယ်။ သူတို့က ပြောတယ်။

‘လိုန်လိုန့်ကိုယ်ထဲမှာ ထီလာ(မကောင်းဆိုးဝါး) တစ်ကောင် ရှိနေတယ်။ အဲဒီအကောင်ကို လိုန်လိုန့်ကိုယ်ထဲက ထွက်သွားအောင် လုပ်ပြီးတာနဲ့ လိုန်လိုန်လည်း ပြန်နေကောင်းလာလိမ့်မယ်’

အော်ရဲပူနဲ့ လိုန်လိုန့် ဦးလေးတွေ အပြန်အလှန်ပြောဆိုနေကြတုန်းမှာ လိုန်လိုန် တစ်ယောက် ထပ်ပြီး သတိလစ်ပြန်တယ်။ စောစောကလိုပဲ လိုန်လိုန့်ဦးလေးတွေက ဝိုင်းပြီး ချုပ်ထားကြတယ်။ လိုန်လိုန်ပြန်ပြီး ငြိမ်သက်သွားတဲ့အချိန်မှာ အော်ရဲပူက လိုန်လိုန့်ကိုပွေ့ချီလိုက်တယ်။ သူကိုယ်တိုင် ချက်ချင်းဆေးရုံပို့မယ်လို့လည်း ပြောတယ်။

အဲဒီမှာ အခြေအနေ ရုန်းရင်းဆန်ခတ် ဖြစ်ကုန်ကြတယ်။ လိုန်လိုန့်ဦးလေးတွေက ချက်ချင်း တုတ်ဆွဲ၊ ဓားဆွဲပြီး အော်ပူရဲကို တားဆီးဖို့ ကြိုးစားကြတယ်။ နောက်တော့ မေ့မြောနေတဲ့ လိုန်လိုန့်ကို ရှေ့မှာထားပြီး အော်ရဲပူနဲ့ အချေအတင် စကားများကြတယ်။

အော်ရဲပူကလည်း နည်းနည်းမှ အလျှော့ပေးမယ့်ပုံစံမရှိဘူး။ လိုန်လိုန့်အမျိုးတွေကလည်း ဆေးရုံပို့ဖို့ကိစ္စကို လက်ခံမယ့်ပုံမရှိဘူး။ သူတို့က ပီလန်းနဲ့ပဲ ဆက်ပြီး ကုချင်ကြတယ်။ အခြေအနေက ပိုတင်းမာလာပြီး ဟောက်စပူ ဦးဇမ်ခိုဆေးကိုယ်တိုင် ကြားဝင်ရတော့တယ်။ အပြန်အလှန်ပြောကြဆိုကြရင်း လိုန်လိုန့်ဦးလေးတွေ အော်ရဲပူကို မေးခိုင်းတယ်။

‘လိုန်လိုန့်အသက်ကို နင်အာမခံရင် ငါတို့ ဆေးရုံပို့ဖို့ သဘောတူမယ်’

အော်ရဲပူက နည်းနည်းလေးမှ တွေဝေတုံ့ဆိုင်းမနေဘူး။ ဘာသာပြန်ပေးနေတဲ့ ဟောက်စပူ ဦးဇမ်ခိုဆေးကတစ်ဆင့် လိုန်လိုန့်ဦးလေးတွေကိုပါ ချက်ချင်း ပြန်ပြောခိုင်းတယ်။

‘လမ်းမှာ လိုန်လိုန်တစ်ခုခုဖြစ်သွားခဲ့ရင် အဲဒီနေရာမှာပဲ ကျွန်တော့်ကိုသတ်လိုက်ပါလို့ ပြောလိုက်ပါ သူကြီး’

❑

## ၁၁။

‘တိမ်တွေကို အပေါ်စီးကနေမြင်ရတာ သိပ်လှတယ်’

အော်ရဲပူကို သူ လှမ်းကြည့်လိုက်တော့ ပက်လက်ကုလားထိုင်ပေါ်ကနေ တောင်တန်းကြီးတွေဆီ ငေးငေးရီရီကြည့်နေတာကို တွေ့လိုက်ရတယ်။ အော်ရဲပူရဲ့အဆောင်က တောင်ကုန်းထိပ်၊ ကုန်းမို့မို့နေရာလေးမှာ ရှိတယ်။ အဆောင်ပေါ်ကနေ ကြည့်လိုက်ရင် ဘားလ်ဘီလ်တစ်ရွာလုံးကိုရော ရွာအထွက်ကနေ နိမ့်ဆင်းသွားတဲ့ မပီမပြင် မြေနီလမ်းကျဉ်းကလေးကိုပါ မှုန်ပျပျမြင်ရတယ်။ လမ်းဆိုပေမဲ့ တချို့နေရာတွေမှာ ချုံပင်နွယ်ပင်တွေ ထူထပ်တယ်။ အတက်အဆင်းကလည်း များတယ်။ မြေပြန့်ကခါမ်းပါတ်ဆီ အရောက်သွားဖို့ မြင်းမှာမတ်စောက်တဲ့ တောင်သုံးလုံးကို ကျော်ဖြတ်ရတယ်။

အော်ရဲပူပြောမှ သူလည်း ရှေ့တူရူက တောင်တန်းကြီးတွေဆီ အမှတ်မထင် ငေးကြည့်မိတယ်။ တောက်ပတဲ့ နေရောင်အောက်မှာ တောင်တန်းကြီးကို စိမ်းစိမ်းစိုစို မြင်ရတယ်။ ရွာအထွက်မှာရှိတဲ့ စတုရန်းကွက်ပုံစံ တောင်ယာစိုက်ခင်းတွေကိုလည်း ဟိုတစ်ကွက်၊ သည်တစ်ကွက် လှမ်းမြင်ရတယ်။

တောင်တန်းကြီးရဲ့ အောက်ဘက် ချိုင့်ခွက်နိမ့်ဆင်းနေတဲ့ တောင်ခြေတစ်ဝိုက်မှာ ဝါဂွမ်းတွေလို ဆွတ်ဆွတ်ဖြူနေတဲ့ တိမ်စိုင်တိမ်ခဲတွေက လေနှင်ရာအရပ်ဆီ တရွေ့ရွေ့ လွင့်မျောနေကြတယ်။ အုံ့မှိုင်းစိမ်းစိုနေတဲ့ တောင်တန်းကြီး နောက်ခံနဲ့ လွင့်မျောနေဆဲ အဖြူရောင်တိမ်ပင်လယ်ကြီးကို ငေးမောရင်း သူ့စိတ်ထဲမှာ ရုတ်တရက် ကြည်နူးကျေနပ်လာသလို ခံစားလိုက်ရတယ်။ အို တကယ်လှတဲ့ တိမ်တွေပါလား။ လူမှန်းသိတတ်စကတည်းက နေ့စဉ်မြင်တွေ့နေခဲ့တဲ့ တိမ်တွေကို အခုလို လှပနေလိမ့်မယ်ဆိုပြီး တစ်ကြိမ်တစ်ခါမှ မစဉ်းစားခဲ့မိဘူး။

ခါမ်းပါတ်တိုက်နယ် ဆေးရုံကိုရောက်တော့ ဆရာဝန်ပါး(ဆရာဝန်)က လိုန်လိုန့်ကို ချက်ချင်း စမ်းသပ်စစ်ဆေးတယ်။ လူနာကိုခေါ်လာတာ သိပ်နောက်ကျတယ်လို့လည်း ပြောတယ်။ သွေးစစ်တဲ့အဖြေကိုပြပြီး လိုန်လိုန့် ဦးနှောက်ထဲမှာ ပြင်းထန်ငှက်ဖျားပိုးတွေ ရောက်နေပြီလို့လည်း ရှင်းပြတယ်။

ဆေးရုံမှာ လိုန်လိုန်တစ်ယောက် ဝမ်းမည်းမည်းတွေ ခဏခဏ သွားတယ်။ ပြီးတော့ အနံ့ကလည်း ညှီစို့စို့နဲ့ အန်ချင်စရာ တကယ်ကောင်းတယ်။ ဆရာဝန်ပါးက လိုန်လိုန်ရဲ့ ဆီးကိုလည်း ရေသန့်ဘူး အလွတ်တစ်လုံးနဲ့ စုထည့်ထားဖို့ ပြောတယ်။ လိုန်လိုန်ရဲ့ဆီးတွေကလည်း သွေးတွေလို နီရဲနေတယ်။

တစ်နေ့တစ်နေ့ ဆေးပုလင်းတွေလည်း အများကြီး ချိတ်ရတယ်။ လိုန်လိုန့်ရဲ့ လက်ကောက်ဝတ်နှစ်ဖက်မှာရော၊ ခြေထောက်တစ်ဖက်မှာပါ ဆေးထိုးပိုက်တန်းလန်းနဲ့။ တစ်ချက်တစ်ချက် လိုန်လိုန်ဆီကနေ ညည်းသံလိုလိုကြားရတယ်။

‘ကလေးရဲ့ ခန္ဓာကိုယ်ထဲမှာ သွေးယိုစီးမှု ဖြစ်နေတယ်။ သွေးသွင်းကုသဖို့လိုတယ်’

ဆရာဝန်ပါးက သွေးတစ်လုံး အမြန်ရှာဖို့ ပြောတယ်။ အဲဒီတော့မှ လူနာရှင်တွေ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ကုန်ကြတယ်။ တစ်ခါမှ သွေးမရှာဖူးကြတော့ ဘယ်ကနေဘယ်လို စ,ရှာရမယ်ဆိုတာ မသိကြဘူး။ ဆရာဝန်ပါးက ‘အခုရှိနေတဲ့ လူနာရှင်တွေလည်း သွေးလှူလို့ ရတယ်’ ဆိုပြီး ရှင်းပြတာ သိ



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရတော့ တောင်ပေါ်မှာ အမဲလိုက်နေကြတဲ့ တောင်ပေါ်သားတွေ ဓားချေးကိုယ်စီ ပြန်ကုန်ကြတယ်။ လှိုန်လှိုန်ရဲ့ သွေးအုပ်စုက 'အိုသွေး'။

'ကျွန်တော်လည်း အိုသွေးပါ ဆရာ။ သွေးလည်း မကြာခဏ လှူဖူးပါတယ်။ အခု ကျွန်တော် ကလေးအတွက် သွေးလှူလို့ ရမရ စမ်းကြည့်ပေးပါဦး ဆရာ'

အော်ရဲပူရဲ့ လက်ကောက်ဝတ်ကနေ ဆေးထိုးအပ်တစ်ချောင်းနဲ့ သွေးစုပ်ယူပြီး ဓာတ်ခွဲခန်းပို့ရတယ်။ အဲဒီနောက်မှာ အော်ရဲပူဆီကနေ သွေးတစ်လုံး ထုတ်ယူပြီး လှိုန်လှိုန့်ခန္ဓာကိုယ်ထဲ သွင်းစေခဲ့တယ်။

ဆေးရုံတက်ပြီး နှစ်ရက်ကြာတဲ့နောက် မနက်စောစောမှာ လှိုန်လှိုန်တစ်ယောက် သတိပြန်လည်လာခဲ့တယ်။ အားလုံးက လှိုန်လှိုန့်ကို သေမယ်လို့ပဲ ထင်ခဲ့ကြတယ်။ သတိပြန်ရလာတော့မှ ဆွေမျိုးတွေအားလုံးက လှိုန်လှိုန့်ကို ဖက်ပြီးငိုကြတယ်။ ပြီးတော့ သူတို့အားလုံး မျက်ရည်စက်လက်နဲ့ အော်ရဲပူကို ဝိုင်းပြီး တောင်းပန်ကြတယ်။ အော်ရဲပူကို တစ်ယောက်ပြီး တစ်ယောက် လက်ဆွဲနှုတ်ဆက်ကြတယ်။

'လှိုန်လှိုန့်အသက်ကို နင်ပေးတာ'

'ငါတို့ လှိုန်လှိုန်မှာ ဘုရားပေးတဲ့အသက်ကုန်ပြီ။ အခု နင်ပေးတဲ့အသက်ပဲ ကျန်တော့တယ်'

သတိပြန်ရပြီး စကားတွေပြောနေတဲ့ သူငယ်ချင်း လှိုန်လှိုန်ရယ်၊ ဝိုင်းဝန်းပြီး

wdwfqdwfaewbd
nOfiHS
em;0ifcszdG f
½kdmAkdH m
av xkxJS
vGf;bkew , f
awmif, mpy;uk d
nm v uepk uky;D
b , fv ufu
wpfOeY
&dwfzwfv ku fwb d
[ ef
aumufv dufuk d
aoaocmcm
pnfaESifyD
ycjdy
x rfykwbd
[ efwGk d
a , mufav;
awG
o½kfazmf
ujyuw , f

အနုးအညွတ်တောင်းပန်နေကြတဲ့ လှိုန်လှိုန့်ဦးလေးတွေရယ်၊ အပြစ်မယူဘဲ အပြုံးနွေးနွေးနဲ့ ခွင့်လွှတ်လိုက်တဲ့ အော်ရဲပူရယ်။ ပြီးတော့ ပြုံးပျော်နေကြတဲ့ မိသားစုတွေကိုကြည့်ရင်း သူလည်း ဝမ်းသာဝမ်းနည်းကြီးဖြစ်ပြီး မျက်ရည်ကျမိတယ်။

ပက်လက်ကုလားထိုင်ပေါ်က အော်ရဲပူကို လှမ်းငေးရင်း လှိုန်လှိုန့်ကို ဆေးရုံပို့ဖို့ ကိစ္စနဲ့ ကတောက်ကဆတ်ဖြစ်ခဲ့ကြတဲ့ အတိတ်ပုံရိပ်တွေကို ပြန်ပြီး မြင်ယောင်နေမိတယ်။ အဲဒီအချိန်တုန်းက အော်ရဲပူကို သူ တကယ်အံ့သြမိတယ်။ တကယ်ဆို အော်ရဲပူရဲ့ပေါင်တွေတောင်မှ သူတို့တောင်ပေါ်သားတွေရဲ့ ခြေသလုံးလောက်ရှိတာ မဟုတ်ဘူး။ ပြီးတော့ ဟိုလူတွေရဲ့ လက်ထဲမှာ တုတ်တွေ၊ ဓားတွေနဲ့။ အော်ရဲပူဆီမှာက လက်နက်ဆိုလို့ အပ်တိုတစ်ချောင်းတောင် ရှိတာမဟုတ်ဘူး။ အဲဒါကိုပဲ အော်ရဲပူက အကြောက်တရားမရှိဘဲ တုံ့ပြန်ပြောဆိုခဲ့တယ်။

'အဲဒီတုန်းက ရှေပါး တကယ် မကြောက်ဘူးလား'

အချိန်ကာလ အတော်ကြာ မျိုသိပ်ထားခဲ့ရတဲ့ သိလိုစိတ်တစ်ခုကို သူ ဖွင့်ဟမေးမိတယ်။ အော်ရဲပူက ပြုံးတယ်။

'ကိုယ့်ရှေ့မှာ လက်နက်တွေကိုင်ပြီး ရန်လိုနေကြတဲ့ လူအုပ်ကြီးကို မကြောက်ဘဲ ရှိပါ့မလား ပေါင်နီးရာ။ အသိစိတ်ကင်းလွတ်နေသူတွေချည်းဆိုတော့ ဘာမဆို ရူးရူးမိုက်မိုက်လုပ်ပစ်ဖို့ အသင့်ရှိနေကြသူတွေပဲ။ ကိုယ့်တပည့်ရဲ့ အသက်အန္တရာယ်ကို ပူပန်နေတဲ့စိတ်က လွှမ်းမိုးနေတော့ ဘာကိုမှ မကြောက်နိုင်တော့ဘူး။ ဘယ်လိုအတားအဆီးတွေပဲရှိရှိ လှိုန်လှိုန့်ကို ဆေးရုံ မရောက်ရောက်အောင် ပို့ရမှာပဲ'

လေသံအေးအေးနဲ့ ပြောပြနေတဲ့ အော်ရဲပူကို ကြည့်ပြီး သူ့ရင်ထဲမှာ လှိုက်တက်ဆို့နင့်လာတယ်။ သူ့စိတ်ထဲကနေ 'အဲဒါနဲ့တောင် ရှေပါးရယ်' ဆိုပြီး တီးတိုးစကားဆိုမိတယ်။ အော်ရဲပူကတော့ ရှေ့တူရူအရပ်ဆီက တောင်တန်းကြီးတွေဆီ အကြည့်တွေကို ပို့လွှတ်နေတုန်း။

❑

၁၂။

အနူးကတော့ ဆေးကပ်ကိုဖက်ပြီး အကျယ်ကြီးအော်ငိုတယ်။ ပြီးတော့ 'ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ ဆေးကပ်ရယ်' ဆိုပြီး ငိုနေရင်း ဆေးကပ်ရဲ့ရင်ဘတ်ကို သူ့လက်သီးဆုပ်ကလေးနဲ့ ထုရိုက်နေတယ်။ ဘေးကနေ အနူးကို ချော့မော့နေတဲ့ အပါးလည်း မျက်နှာမကောင်းဘူး။ အနူးလို မျက်ရည်မကျပေမဲ့ အပါးလည်း ခံစားရမှာ သေချာတယ်။ ဆေးကပ်ဆိုတာ သူ့အသွေးအသားကနေ ဖြစ်လာခဲ့တဲ့ သားကြီးပဲလေ။

တောင်ပေါ်မှာက ယောကျ်ားသားတိုင်းလိုလို အသောက်အစား မကင်းကြဘူး။ လုပ်ရတဲ့အလုပ်ကလည်း ကာယအားကို အပြည့်အဝအသုံးချပြီး လုပ်ကိုင်ကြရတော့ နေကုန်လို့ အလုပ်သိမ်းရင် လိုင်မီးအရက်ကို မှီဝဲကြတယ်။ ဒါပေမဲ့ ဆေးကပ်တစ်ယောက် အခုလို အလုပ်မျိုး လုပ်ဖြစ်လိမ့်မယ်လို့ ဘယ်သူမှ ထင်မထားခဲ့ကြဘူး။

အတန်းထဲမှာ အော်ရဲပူက 'တောင်ပေါ်မှာ ဘာတွေအဓိက စိုက်ပျိုးကြသလဲ' ဆိုပြီး မေးဖူးတယ်။ ဟိုအရင်ကတော့ သူတို့တောင်ပေါ်ဒေသက ရွာတွေအားလုံးလိုလို ဘိန်းစိုက်ခဲ့ကြတယ်။ တောင်ပေါ်ဒေသမှာ ဘိန်းစားတဲ့သူတွေ များပြားတဲ့ ကာလတစ်ခု ရှိခဲ့ဖူးတယ်။ နောက်ပိုင်း စစ်ကြောရေးတွေ မကြာမကြာ ရောက်လာပြီး ဘိန်းမစိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com

ဖို့ သတိပေးတားမြစ်ခဲ့တယ်။ ဘိန်းစိုက်ပျိုးရင်၊ ဘိန်းချက်ရင် ဖမ်းဆီးအရေးယူမယ်ဆိုပြီးပြောတယ်။ အဲဒီနောက် ရွာထဲကနေ တစ်ဦးစ၊ နှစ်ဦးစ ဖမ်းဆီးအရေးယူတော့ သူတို့ဒေသမှာ ဘိန်းစိုက်တဲ့ သူ မရှိသလောက်ဖြစ်သွားတယ်။

‘အဲဒါလေး စားမှ အလုပ်လုပ်ရတာ အမောခံနိုင်တယ်၊ အလုပ်အများကြီးပြီးတယ်’

ဘိန်းစိုက်ပျိုး ထုတ်လုပ်မှု မရှိတော့ပေမဲ့ ဘိန်းကိုတော့ ပုံစံအမျိုးမျိုးနဲ့ လိုရင်လိုသလောက် ရနိုင်နေသေးတယ်။ အဖြူလား၊ အမည်းလား။ လက်ထဲမှာ ပိုက်ဆံအလုံအလောက်ရှိဖို့တော့လိုတယ်။

ရွာထဲမှာ ဘိန်းကို လက်သိပ်ထိုးပြီး တိုးတိုးတိတ်တိတ် ရောင်းနေကြတဲ့သူတွေရှိတယ်။ သူတို့အိမ်တွေကတော့ သူများအိမ်တွေထက် ပြေပြေလည်လည် နေနိုင်ကြတယ်။ အိမ်ဆိုရင်လည်း ပိုပြီးကောင်းတယ်။ အဝတ်အစားဆိုလည်း သူများတွေထက် ကောင်းတာတွေ ဝယ်ဝတ်နိုင်ကြတယ်။ ကံမကောင်းလို့ စစ်ကြောရေးနဲ့တွေ့သွားပြီဆိုရင်တော့ မျက်လှည့်ပြလိုက်သလို ဆင်းရဲမွဲတေသွားကြတယ်။

ဘိန်းစားရှိတဲ့အိမ်တွေကျတော့ အခြေအနေက ပြောင်းပြန်။ အိမ်မှာ ဘိန်းစားရှိရင် ဘိန်းစားတဲ့လူတင်မကဘူး၊ ကျန်တဲ့မိသားစုဝင်တွေကပါ ဖြစ်လာသမျှဒုက္ခတွေကို မျှဝေခံကြရတယ်။ ရွာမှာတော့ ဘိန်းစားမယားဆိုတာ မီးဖိုချောင်ထဲမှာသုံးတဲ့ လက်နှီးစုတ်နဲ့ အတူတူပဲလို့ နှိုင်းနှိုင်းပြီး ပြောကြတယ်။

သတင်းဆိုးကို ကြားကြားချင်း သူလည်း အိမ်ကို အပြေးသွားမိတယ်။ အိမ်ရောက်တော့ လူတွေအများကြီး ရှိနေတာ တွေ့ရတယ်။ ဆေးကပ်ရဲ့ သေတ္တာထဲမှာ ဘိန်းမည်းဖမ်းမိတယ်လို့ သိရတယ်။ အနူးကတော့ သတိလွတ်နေတဲ့ အရူးတစ်ယောက်လို ငိုယိုပြီး တောင်းပန်တယ်။

‘ကေးမရဲ့သားကို မဖမ်းကြပါနဲ့။ ကေးမရဲ့သားက လူလိမ္မာကလေးပါ။ သူ အဲဒါမျိုးတွေလုပ်မှာ မဟုတ်ပါဘူး’

ထိုင်ခုံမှာ ထိုင်နေတဲ့ ဆေးကပ်က ဘာမှ ပြန်မပြောနိုင်ဘူး။ မျက်ရည်တွေအများကြီးကျနေပြီး ခေါင်းကြီးငုံ့ထားတယ်။ လက်မှာတော့ သတ္တုရောင်လက်နေတဲ့ လက်ထိတ်တစ်စုံနဲ့။ ရဲတွေပြောပုံအရတော့ ဆေးကပ်က မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချသူဖြစ်တယ်လို့ သိရတယ်။

ဆေးကပ်ကိုကြည့်ပြီး သူတို့မောင်နှမတွေလည်း ငိုမိကြတယ်။ မူးယစ်ဆေးမိရင် ထောင်ကျမယ်ဆိုတာလောက်တော့ သူလည်း သိတယ်။ ဆေးကပ်အရင် ရွာကလူတချို့လည်း မူးယစ်ဆေးမိပြီဆို ထောင်ထဲရောက်သွားကြတယ်။ တချို့လည်း ထောင်နှစ်ရှည်ကျပြီး ထောင်ထဲမှာပဲ သေသွားကြတယ်။ အဲဒီနေ့သနေက ရဲတွေဖမ်းဆီးခေါ်ဆောင်သွားတဲ့ ဆေးကပ်ကို ကြည့်ပြီး သူတို့အားလုံး ငိုမိကြတယ်။

အော်ရဲပူလည်း သူ့အစ်ကိုကြီး ဆေးကပ်ရဲ့ သတင်းကို ကြားသိပြီးပုံရတယ်။ အော်ရဲပူကို တွေ့လည်း တွေ့ရော သူ ဟန်မဆောင်နိုင်တော့ဘူး။ အော်ရဲပူကို ဖက်ပြီး သူ ငိုမိတယ်။ ဝမ်းနည်းအားငယ်စိတ်တွေ တရိပ်ရိပ်တက်လာပြီး သူ့ရင်ဘတ်ထဲမှာလည်း နာကျင်နေတယ်။ တအင့်အင့် ရှိုက်ငိုနေရင်းက စကားတွေလည်း ပြောမိတယ်။

‘ရှေပါး၊ ကျွန်တော် ကျောင်းထွက်တော့မယ်။ အခုညနေမှာ ကျွန်တော့်အစ်ကိုလည်း ဖမ်းခံရပြီ။ ကျွန်တော် ကျောင်းတက်ဖို့ မဖြစ်တော့ဘူး၊ အီး ဟီး ဟီး’

အော်ရဲပူကို တင်းတင်းကျပ်ကျပ်ဖက်ပြီး သူ့ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ယင်နေတဲ့အထိ ရှိုက်ငိုမိတယ်။ အဆက်မပြတ် ငိုရလွန်းလို့ သူ့မျက်လုံးတွေလည်း ပူလောင်ကျိန်းစပ်နေပြီ။

ခဏကြာတော့ သူ့ဦးခေါင်းကို လက်တစ်စုံက တယုတယ ပွတ်သပ်လာတယ်။ ကြမ်းရှတဲ့ သူ့ဆံပင်တွေကို ပွတ်သပ်နှစ်သိမ့်ပေးခဲ့တယ်။ ပြီးတော့ ကြင်နာမှုအပြည့်ပါတဲ့ စကားသံတိုးတိုးဖွဖွကိုလည်း သူ ကြားလိုက်ရတယ်။

‘ဘာဖြစ်လို့ ကျောင်းထွက်ရမှာလဲ ကလေးရယ်။ မင်းမှာ ရှေပါးတစ်ယောက်လုံး ရှိပါသေးတယ် သားရယ်’

❑

၁၃။

‘တောင်တွေက မြင့်မားတယ်။ မတ်စောက်တယ်။ ထုထည်ကြီးမားတယ်။ အားပြင်းတဲ့ လေဒဏ်၊ မိုးဒဏ်နဲ့ ဆိုးဝါးတဲ့ ရာသီဥတုဒဏ်တွေကို ကြံ့ကြံ့ခံပြီး ရပ်တည်နိုင်ကြတယ်။ သိပ်ပြီး သဘောကျဖို့ကောင်းသလို အတုယူဖို့လည်း ကောင်းတယ်’

သစ်ရိပ်ဝါးရိပ်တွေနဲ့ စိမ်းစိုအုံ့မှိုင်းနေတဲ့ တောင်တန်းကြီးကို ကြည့်ငေးရင်း အော်ရဲပူက လေးလေးနက်နက်ပြောတယ်။ ဘာလိုလိုနဲ့ အော်ရဲပူတစ်ယောက် သူတို့ရွာကို ရောက်လာခဲ့တာ ရာသီစက်ဝန်း နှစ်ပတ်တောင် လည်ခဲ့ပြီ။ သူ့စိတ်ထဲမှာတော့ မနေ့တစ်နေ့ကလိုပဲ ထင်နေမိတယ်။

‘သစ်ပင်ကြီးတစ်ပင်ကို ခုတ်လှဲပြီးရင် သစ်ပင်ပေါက်တစ်ပင်တော့ အနည်းဆုံး အစားထိုး စိုက်ပျိုးသင့်တယ်။ သစ်ပဲခုတ်နေပြီး အစားထိုးစိုက်ပျိုးမှုမရှိရင် ဘယ်လောက်ပဲကြီးမားတဲ့ တောအုပ်ကြီးဖြစ်ပါစေ တောပြုန်းတီးတဲ့ အခြေအနေနဲ့ မလွဲမသွေ ကြုံတွေ့ရင်ဆိုင်ရမှာပဲ။ အဲဒီအခါမှာ ဂေဟစနစ် ပျက်ယွင်းလာပြီး ရာသီဥတု ဖောက်ပြန်မှုတွေ ကြုံတွေ့ရလိမ့်မယ်’

သူတို့တောင်ပေါ်ဒေသမှာရှိန်းဆောဆွဲပြီး သစ်ခုတ်ကြတယ်။ ရွာထဲမှာ အိမ်ဆောက်ဖို့အတွက် အသုံးပြုသလို မြေပြန့်အထိ သယ်ယူပြီး ရောင်းချတာလည်း ရှိတယ်။ သူကတော့ သူတို့တောင်ပေါ်သားတွေ ခုတ်ယူဖို့ တောင်ပေါ်ကသစ်ပင်တွေ ကုန်သွားလိမ့်မယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါမှ မတွေ့ဖူးဘူး။

'ရွှေပြောင်း တောင်ယာစနစ်ကလည်း တောတွေပြုန်းတီးစေတဲ့ အဓိကအကြောင်းအရင်းတစ်ခုပဲ'

ရွာခြေတစ်ဝိုက်မှာရှိတဲ့ တောင်စောင်းတွေပေါ်မှာ သူတို့ရွာကလူတွေ တောင်ယာစိုက်ကြတယ်။ တောင်ယာမစိုက်ခင် သစ်ပင်ကြီးငယ်တွေကို အရင်ဆုံး ခုတ်ထွင်ရှင်းလင်းရတယ်။ ခုတ်ထွင်ထားတဲ့ သစ်ပင်၊ ချုံပင်တွေခြောက်သွေ့လောက်ပြီဆိုမှ မီးရှို့ရတယ်။ အဲဒီကနေ ထွက်လာတဲ့ ပြာစတွေနဲ့မှ မြေဆီမြေနှစ်ကောင်းပြီး စပါးအထွက်နှုန်း ကောင်းမယ်လို့ယုံကြည်ကြတယ်။ အဲဒီနေရာမှာ သုံး၊လေးနှစ်ကြာတဲ့အထိ တောင်ယာစိုက်တယ်။ ပြီးရင် တခြားနေရာအသစ်ရှာပြီး တောင်ယာခုတ်ကြရပြန်တယ်။ ရွာနဲ့နီးတဲ့ တောင်စောင်းတွေပေါ်မှာ တောင်ယာစိုက်ခင်းတွေ အများကြီးရှိတယ်။

အော်ရဲပူပြောလိုက်ရင် သူ့အတွက် အထူးအဆန်းတွေချည်းမို့ နားထောင်လို့ကောင်းသလို မှတ်သားနာယူရတယ်။ အော်ရဲပူက ပြောဖူးတယ်။ တောင်ပေါ်ဒေသမှာ လည်ပင်းကြီးတဲ့သူတွေများတာ ဆားအစားနည်းတဲ့အတွက်ကြောင့်ဆိုပြီး ပြောတယ်။ အိမ်သုံးဆား မသုံးကြတော့ အဲဒီထဲမှာပါတဲ့ အိုင်အိုဒင်းဓာတ်ချို့တဲ့ပြီး လည်ပင်းကြီးရောဂါဖြစ်ကြရတယ်လို့လည်း ပြောတယ်။

အော်ရဲပူပြောမှ သူလည်း သတိထားမိတယ်။ ရွာမှာက ဟင်းချက်ရင်လည်း

ukd&fawmf\
om;onf
u@efawmfwdkY
au;&GmrS
tjcm;aomt&yf
odkYaymifa&T
wm0ef
xrf;aqmifawmh
rnfzpfyonf
om;awmf
oGm;a&muf
wm0ef
xrf;aqmifnh
ae&mukd; nf
aumifcJay;awmf
rlyrnft aumif
a , ½I
emrawmfrwfu
qkawmifyonf
tmrif

ဆားသုံးတဲ့အိမ်ကနည်းတယ်။ ဝက်သားဆိုလည်း မုန့်ညင်းရွက်နဲ့ရောပြီး နူးအောင်ပြုတ်စားကြတယ်။ ပိန်းဥနဲ့မုန့်ညင်းရွက်ဆိုလည်း ရောပြီး ပြုတ်စားကြတာပဲ။ သူတို့ဆီမှာက ဆားမပါ၊ ဟင်းမပါရင်လည်း ရွှေလုံ့ဗိုလ်တစ်တောင့်နဲ့ ထမင်းဝ၊အောင်စားကြတယ်။ ရွှေလုံ့ဗိုလ် ငရုတ်သီးကိုတော့ တောင်ပေါ်သားတိုင်းလိုလို မက်မက်စက်စက် စားကြတယ်။ ငရုတ်သီးကို အပင်မှာ အမှည့်ထားပြီး ကြပ်ခိုးစင်ပေါ်တင်လို့ နှစ်ပတ်လည်စားကြတယ်။ သူတို့ တောင်ပေါ်သားတွေဆိုတာ ထမင်းဝိုင်းမှာ ရွှေလုံ့ဗိုလ်မပါရင် ထမင်းကောင်းကောင်း မဝင်တဲ့ လူတွေ။ ဟင်းချက်တဲ့အခါ ဟင်းထဲ ဆားခတ်ချက်ပြုတ်ဖို့ကိုတော့ အရေးပါတယ် မထင်မိကြဘူး။

'မနက်ဖြန်တိုင်းမှာ မျှော်လင့်ချက် ရှိရမယ်'

အော်ရဲပူဆီကနေ အဲဒီစကား ခဏခဏ ကြားရတတ်တယ်။ အဲဒီလိုကြားရတိုင်း သူတကယ်ပျော်တယ်။ အဲဒီစကားကို ကြားလိုက်ရရင် သူ့စိတ်ထဲမှာ ရုတ်တရက် အားအင်တွေအပြည့် ရှိလာသလိုမျိုး ခံစားရတယ်။ အော်ရဲပူ ပြောနေကျစကားတစ်ခုလည်း ရှိသေးတယ်။

'ဘားလ်ဘီလ်၊ ရှလွပ်နဲ့ ခွပ်သွေ့ရွာတွေ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ တောင်ပေါ်လမ်းတစ်ခု ရှိမှဖြစ်မယ်'

သူလည်း အိပ်မက်မက်ဖူးတယ်။ တစ်နေ့တော့ သူတို့ရွာစဉ်တန်းတစ်လျှောက် အရောက်သွားနိုင်မယ့် တောင်ပေါ်လမ်းတစ်ခု ရှိလာလိမ့်မယ်လို့ မျှော်လင့်မိတယ်။ တောင်ပေါ်လမ်းကလေး ဖောက်လုပ်နိုင်ခဲ့ရင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး မဆုံးရှုံးသင့်တဲ့ အသက်တွေကို ကယ်တင်နိုင်လိမ့်မယ်လို့ အော်ရဲပူက ပြောတယ်။

ဖြစ်နိုင်ရင် သူတို့ရွာကလေးကို အမြန် တိုးတက်ပြောင်းလဲစေချင်မိတယ်။ ရွာကလူတွေ အားလုံးကို အမိုး၊ အကာ လုံလုံခြုံခြုံနဲ့ နွေးနွေးထွေးထွေး အိပ်စက်စေချင်တယ်။ အိမ်တိုင်းမှာ ပုတ်နဲ့အပြည့် တောင်ယာစပါးတွေ တစ်မိုးလုံးစာ သိုမှီးနိုင်စေချင်တယ်။ ပြီးတော့ ရွာထဲမှာ အရွယ်ရောက်တဲ့ လူငယ်လူရွယ်က နည်းတယ်။ စင်ကာပူ၊ မလေးရှားလိုမျိုး နိုင်ငံရပ်ခြားအထိသွားပြီး အလုပ်လုပ် ပိုက်ဆံရှာကြရတယ်။ အဲဒီလို မိတကွဲ၊ ဖတကွဲ အလုပ်သွားလုပ်ကြရတဲ့ အဖြစ်မျိုးလည်း မရှိစေချင်တော့ဘူး။ သူ့ ဦးနှောက်သေးသေးကလေးနဲ့ တွေးနိုင်သမျှ တွေးကြည့်မိတယ်။ အော်ရဲပူကတော့ 'တစ်နေ့ ပေါင်နီး ပညာတတ်ကြီး ဖြစ်လာတဲ့အခါ ကိုယ့်ရပ် ကိုယ့်ရွာကိုလည်း ပြုပြင်ပြောင်းလဲပေးနိုင်လိမ့်မယ်' ဆိုပြီး ပြောတယ်။

ဆေးကပ် ထောင်ကျပြီးတဲ့နောက်မှာ သူ့အတွက် စရိတ်စက အားလုံးကို အော်ရဲပူက တာဝန်ယူဖြည့်ဆည်းပေးခဲ့တယ်။ အဝတ်အစားက အစ ကျောင်းသုံးပစ္စည်းတွေပါ အော်ရဲပူက ဝယ်ပေးတယ်။ အပါးကလည်း အသက်ကြီးလာပြီဆိုတော့ အရင်ကလို အလုပ်အများကြီး မလုပ်နိုင်တော့ဘူး။ ဆေးကပ်ရှိတုန်းကလို တောထဲတောင်ထဲ ညအိပ်ညနေသွားပြီး ခဏခဏ အမဲမလိုက်နိုင်တော့ဘူး။

'ရှေပါးနဲ့ ဆုံတွေ့ရတာ ပေါင်နီး တကယ်ကံကောင်းတယ်'

အပါးက အဲဒီလိုပြောတယ်။ သူတင် မကပါဘူး။ သူတို့တစ်ရွာလုံးလည်း ကံကောင်းခဲ့ကြပါတယ်။ အခုဆို သူတို့စာသင်ကျောင်းကလေးလည်း ကျောင်းသားအသစ်တွေ အများကြီးရှိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com

စာသင်ဆောင်ကလေးကလည်း သွပ်မိုးအသစ်တွေနဲ့ သပ်ရပ် ကြည့်ကောင်းနေတယ်။

တစ်ခါတလေတော့လည်း ကျန်တဲ့မိသားစုဝင်တွေ ဝမ်းရေးအတွက် ကြိုးစား ရုန်းကန်နေရချိန်မှာ ကျောင်းတက်နေရတော့ ကိုယ့်ကိုယ်ကို ရှက်ရွံ့သလို ခံစားရတယ်။ အဲဒါကို အပါးကလည်း သိတယ်။ "အပါးက တောင်ယာကောင်းကောင်း စိုက်နိုင်ပါသေးတယ်" ဆိုပြီး သူ့ကို အားပေးတယ်။ အပါးက အဲဒီလိုပြောရင် သူ တကယ် မျက်ရည်ဝဲမိတယ်။

"ပေါင်နီး ကြီးလာလို့ ပညာတတ်ကြီးဖြစ်လာရင် အလုပ်လည်းကောင်းကောင်း ရမယ်။ ပေါင်နီး အရွယ်ရောက်ရင် အပါးတို့လည်း အိုပြီ၊ အလုပ်မလုပ်နိုင်တော့ဘူး။ အဲဒီအချိန်ကျရင် အစ်မ ကင်းဘွိုင်နဲ့ ဟောက်ပူကို ကောင်းကောင်းစောင့်ရှောက်ပါ"

ဖြစ်နိုင်ရင် အပါးပြောသလို နေ့ချင်းညချင်း ပညာတတ်ကြီးတစ်ယောက် ဖြစ်ချင်မိတယ်။ အခုဆို သူလည်း နှစ်တန်းရောက်နေပြီ။ အော်ရဲပူ သင်ပေးသမျှ စာတွေအားလုံး သူကောင်းကောင်း လိုက်နိုင်တယ်။ အပါးကိုလည်း တကယ် အနားယူစေချင်ပြီ။ အိမ်ကိုပြန်တိုင်း တောင်ယာစိုက်ခင်းကနေ ချွေးသံရွှဲရွှဲနဲ့ ပြန်လာတတ်တဲ့ အပါးကို မြင်ရရင် သူ တကယ်စိတ်မကောင်း ဖြစ်မိတယ်။

ဘာပဲဖြစ်ဖြစ် အော်ရဲပူရဲ့အရိပ်အောက်မှာ ခိုလှုံပြီး ပညာသင်ယူခွင့်ရတာ သူ တကယ်ပျော်ပါတယ်။ အော်ရဲပူကိုလည်း သူ့ရဲ့ ဒုတိယအဖေလိုပဲ စိတ်ထဲမှာ ခံစားမှတ်ယူမိတယ်။ အော်ရဲပူကသာ မစောင့်ရှောက်ခဲ့ဘူးဆိုရင် သူလည်း ပေါက်ပြားတစ်လက်နဲ့ တောင်ယာစိုက်ခင်းထဲ ရောက်နေလောက်ပြီ။ တနင်္ဂနွေ ဘုရားကျောင်းတက်တိုင်းလည်း အော်ရဲပူ တစ်ယောက် အသက်ရှည်ပြီး ကျန်းမာပါစေကြောင်း ဘုရားဆီမှာ ခဏခဏ ဆုတောင်းမိတယ်။

❑

၁၄။

သူတို့ပြောပြောနေကျ စကားတစ်ခွန်းလိုပဲ။ မခွဲချင်သေးတဲ့အချိန်မှာ ခွဲခွာဖို့ကြုံရတယ်။ အဲဒီစကားက ဘားလ်ဘီလ် တစ်ရွာလုံးအတွက် မှန်ခဲ့တယ်။ တစ်ရွာလုံး မကြားချင်တဲ့ သတင်းစကားကို မြို့နယ်အစည်းအဝေးတက်ပြီး တွန်းဇန်က ပြန်လာတဲ့ ဟောက်စပူ ဦးဇမ်နိုဆေးက သယ်ဆောင်လာခဲ့တယ်။

"ငါတို့ရှေပါးက တခြားနေရာဆီ အပြောင်းကျပြီ၊ ပညာရေးမှူးရုံးက ရှေပါးရဲ့ အော်ဒါစာရွက်ကို ကေးမန့်ပါးလိုက်တယ်"

ချိတ်ပိတ်ထားတဲ့ စာအိတ်တစ်လုံးကို အိမ်တိုင်ရာရောက် လာပေးရင်း ဦးဇမ်နိုဆေးက ပြောတယ်။ ဟောက်စပူရဲ့မျက်နှာက သိပ်မကောင်းလှဘူး။ အော်ရဲပူကို ဘားလ်ဘီလ်ရွာကနေ ပြောင်းရွှေ့မသွားစေချင်တဲ့ပုံပဲ။ အဲ့ သူမှ မဟုတ်ပါဘူး၊ ဘားလ်ဘီလ်တစ်ရွာလုံးက အော်ရဲပူကို ဘယ်တော့မှ ပြောင်းစေချင်မှာ မဟုတ်ဘူး။

အော်ရဲပူကလည်း မျက်နှာသိပ်မကောင်းဘူး။ အဲဒီနေ့ညနေခင်းက အော်ရဲပူက အရင်နေ့တွေကလိုပဲ တောင်တန်းကြီးကို ငေးတယ်။ ဒီတစ်ကြိမ်ကြည့်ငေးပုံက အရင်နေ့တွေက ကြည့်ငေးပုံနဲ့ မတူဘူး။ ငေးငေးရီရီ မျက်ဝန်းတွေနဲ့ ခွဲခွာလုနီးမိတ်ဆွေတစ်ယောက်လို တောင်တန်းကြီးကို ကြည့်ငေးခဲ့တယ်။ စကားတစ်ခွန်းမှ မပြောဘဲ အော်ရဲပူဟာ တောင်တန်းကြီးကို တစ်ညနေခင်းလုံး ငေးကြည့်နေခဲ့တယ်။ အဲဒီနေ့ညနေက အော်ရဲပူက ဖတ်နေကျစာအုပ်တွေကိုလည်း သတိမရတော့ဘူး။

ဟောက်စပူ ဦးဇမ်နိုဆေးက အော်ရဲပူအတွက် နှုတ်ဆက်ပွဲကောင်းကောင်း လုပ်ရမယ်ပြောတယ်။ အော်ရဲပူက သူတို့ရွာကလေးအတွက် အကောင်းဆုံး အလုပ်လုပ်ပေးခဲ့တယ်။ အော်ရဲပူအတွက် အကောင်းဆုံး နှုတ်ဆက်ပွဲတစ်ခု လုပ်ပေးကြမယ်ဆိုပြီး အားလုံးက ဆုံးဖြတ်ခဲ့ကြတယ်။ နောက်ထပ် အသစ်ရောက်လာမယ့် ကျောင်းဆရာ ရောက်ရှိဖို့ သေချာတဲ့သတင်း ရောက်ရှိလာချိန်မှာ နှုတ်ဆက်ပွဲတစ်ခု လုပ်ဖြစ်ခဲ့ကြတယ်။

အော်ရဲပူရဲ့ အဆောင်ရှေ့မျက်နှာစာမှာပဲ သစ်သားထိုင်ခုံရှည်တွေ စီရရီ နေရာချထားခဲ့တယ်။ ညနေမှောင်စပျိုးချိန်မှာ မီးဖိုတစ်ခုကို မြေကွက်လပ်ရဲ့အလယ်မှာ ဖိုခဲ့ကြတယ်။ အော်ရဲပူနဲ့အတူ ကျောင်း အကျိုးတော်ဆောင်တွေ၊ ကျောင်းသားမိဘတွေက ခုံတွေပေါ်မှာ နေရာယူခဲ့ကြတယ်။ အော်ရဲပူရဲ့ တပည့်တွေဖြစ်တဲ့ သူတို့တွေကတော့ မီးဖိုဘေးပတ်ချာလည်မှာ ဝိုင်းဖွဲ့ပြီး ထိုင်ခဲ့ကြတယ်။

အော်ရဲပူရဲ့ရှေ့က စားပွဲပေါ်မှာ သက်တမ်းရင့်ခေါင်ရည်အိုးတစ်လုံး ရှိနေတယ်။ ခေါင်အိုးရဲ့ဘေးမှာ ရေထည့်ထားတဲ့ ဒန်အိုးတစ်လုံးနဲ့ စတီးရေခွက်တစ်ခု။ အဲဒီညက အော်ရဲပူက သူ သောက်လေ့သောက်ထမရှိတဲ့ ခေါင်ရည်ကို မက်မက်စက်စက် စုပ်ယူခဲ့တယ်။

အခမ်းအနား အစီအစဉ်တွေ အများအပြား စီစဉ်မထားပေမဲ့ မီးပုံဘေးမှာ သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ် သီဆိုခဲ့ကြတယ်။ အားလုံးက အတူတူမနားတမ်း သီဆိုခဲ့ကြတယ်။ လူကြီးတွေရော ကလေးတွေပါ ညီညီညာညာ လက်ခုပ်တီးပြီး စည်းချက်လိုက်ခဲ့ကြတယ်။

ပြီးတော့ ကျောင်းသားကျောင်းသူအဖွဲ့က ကွတ်ပွဲ (ကောက်သစ်စားပွဲ)ကို ရည်ညွှန်းတဲ့ သီချင်းတစ်ပုဒ်နဲ့ ဖျော်ဖြေကြတယ်။ တိတ်ဆိတ်နေတဲ့ ညဥ့်ယံမှာ နားဝင်ချိုဖွယ် ရိုးရာဗုံသံဟာ လေထုထဲမှာလွင့်ပျံ့နေတယ်။ တောင်ယာ စပါးကို ညာလက်နဲ့စုကိုင်ပြီး ဘယ်လက်က တံစဉ်နဲ့ ရိတ်ဖြတ်လိုက်တဲ့ဟန်၊ ကောက်လှိုင်းကို သေသေချာချာ စည်းနှောင်ပြီး ပခုံးပေါ်ထမ်းပိုးတဲ့ ဟန်တွေကို ယောကျ်ားလေးတွေက သရုပ်ဖော်ကပြကြတယ်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

ပလိုင်းကိုယ်စီလွယ်ထားတဲ့ မိန်းကလေးတွေနဲ့အတူတူ စပါးပင်တွေကို မြေမှာရိုက်ခြွေပြီး ကောက်ရိုးစတွေ လွင့်ပစ်တဲ့ဟန်နဲ့ ဆက်လက်သရုပ်ဖော်ကြတယ်။ အော်ရဲပူက သူ့တပည့်တွေ က,နေပုံကို မမှိတ်မသုန် ကြည့်ငေးရင်း ပြုံးနေခဲ့တယ်။

အဲဒီနောက်မှာ ဟောက်စပူနဲ့ လူကြီးတွေက အော်ရဲပူကို ထာဒိုရိုးရာ တဘက်ကလေးတွေ လွှမ်းခြုံပေးရင်း နှုတ်ဆက်လက်ဆောင်ပေးကြတယ်။ ရိုးရာတဘက်ကို လက်ဆောင်ပေးတယ်ဆိုတာက 'တန်ဖိုးထားခြင်း' ဆိုတဲ့ အဓိပ္ပာယ်။ ပြီးတော့ အဲဒီလက်ဆောင်ကို ကိုယ်တိုင်လွှမ်းခြုံပေးတယ်ဆိုတာက 'ချစ်ခင်လေးစားမှု' ဆိုတဲ့ အမှတ်အသား။ သူတို့ရွာသားတွေ အော်ရဲပူရဲ့ကိုယ်ပေါ်မှာ တဘက်ကိုယ်စီ လွှမ်းခြုံပေးနေတဲ့ မြင်ကွင်းကို ကြည့်နေရင်း သူ မျက်ရည်ဝဲမိတယ်။

'ကဲ ကေးတို့အားလုံး ရှေ့ပါးအတွက် ဆုတောင်းကြဦးစို့'

ဘားလ်ဘီလ်ရွာရဲ့ သင်းအုပ်ဆရာ ဦးဟောဇပေါင်က မတ်တတ်ရပ်လိုက်ပြီး ပြောတယ်။ အဲဒီနောက် သူတို့အားလုံး မျက်လုံးစုံမှိတ်ပြီး ငြိမ်ငြိမ်သက်သက် အာရုံပြုကြတယ်။ သင်းအုပ်ဆရာရဲ့ ဆုတောင်းသံဟာ တိတ်ဆိတ်တဲ့ညဥ့်ယံကို ထိုးဖောက်ပြီး ပေါ်ထွက်လာတယ်။

'သားသမီးအယောက်စီတိုင်းကို ချစ်တော်မူသော အဖ။ ကျွန်တော်တို့ ကျေးရွာမှာ တာဝန်ထမ်းဆောင်နေသော ရှေ့ပါးအား ကောင်းချီးပေးတော်မူပါ။ မနက်ဖြန် ကိုယ်တော်၏ သားသည် ကျွန်တော်တို့၏ ကျေးရွာမှ အခြားသော အရပ်သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်တော့မည်ဖြစ်ပါသည်။ သားတော် သွားရောက် တာဝန်ထမ်းဆောင်မည့် နေရာကိုလည်း ကောင်းချီးပေးတော်မူပါမည့်အကြောင်း ယေရှုနာမတော်မြတ်၌ ဆုတောင်းပါသည်။ အာမင်'

'အာမင်…'

သင်းအုပ်ဆရာရဲ့ ဆုတောင်းစကားအပြီးမှာ သူတို့အားလုံး မျက်ရည်ကျမိကြတယ်။ အော်ရဲပူရဲ့ အနီးဆုံး နေရာမှာ အချိန်အတော်ကြာ ခိုလှုံခွင့်ရခဲ့တော့ ပိုပြီးဝမ်းနည်းမိတယ်။ အော်ရဲပူက ပြောဖူးတယ်။ ယောကျ်ားလေးဆိုတာ လွယ်လွယ်နဲ့ မျက်ရည်မကျရဘူးတဲ့။ အဲဒီနေ့ညကတော့ သူ ငိုမိတယ်။

ညဥ့်နက်ချိန်မှာ ကွင်းပြင်အလယ်က မီးဖိုကလေးလည်း ငြိမ်းလုပြီ။ အနောက်ဘက် တောင်စပ်ဆီကနေ ညဥ့်ငှက်တစ်ကောင်ရဲ့ ဂီးခနဲ အော်မြည်သံကို ချောက်ချားဖွယ် ကြားရတယ်။ လေတစ်ချက်အဝှေ့မှာ မီးဖိုထဲကပြာစတွေ တလူလူထွက်လာပြီး မီးကျီးခဲလေးတွေ ရဲရဲတောက်လာတယ်။ ဖြစ်နိုင်ရင် မနက်ဖြန်ကို ဘယ်တော့မှ မရောက်ချင်တော့ဘူး။ မီးသေလုလု မီးဖိုကလေးထဲ တုတ်တစ်ချောင်းနဲ့ သူ အဓိပ္ပာယ်မဲ့ ထိုးဆွမိတယ်။ အဲဒီညက သူ တစ်ယောက်တည်း မီးဖိုကလေးနံဘေးမှာ ညဥ့်နက်တဲ့အထိ ထိုင်နေမိခဲ့တယ်။

❑

၁၅။

အဆောင်ရှေ့ဝရန်တာကနေ အရှေ့ဘက်တောင်တန်းတွေဆီ ငေးကြည့်မိတော့ တောင်စွယ်ကြားမှာ နေသူရိန်က အားယူရုန်းထွက်ဖို့ ပြင်ဆင်နေတယ်။ တိမ်တွေက ထူထပ်သိပ်သည်းနေတော့ နေရောင်ဟာ ဝန်းကျင်ကို ကောင်းကောင်း မထိုးဖောက်နိုင်သေးဘူး။ တောင်တန်းတစ်လျှောက်မှာ မြူနှင်းတွေ ဝေ့ဝဲကျဆင်းပြီး အုံ့ဆိုင်းနေတယ်။ သူ့ဆီမှာ သေချာမှု တစ်ခုတော့ ရှိနေတယ်။ မကြာခင်မှာ တောင်စွယ်ကြားက နေလုံးကြီးဟာ စူးရှတဲ့ အလင်းလက်တံတွေ ဖြန့်ကြက်ပြီး မြူထုကို ထိုးဖောက်မိုးသောက်အောင် စွမ်းဆောင်နိုင်လိမ့်မယ်။ သူ အဲဒီမြင်ကွင်းကို ဝရန်တာပေါ်က ပက်လက်ကုလားထိုင်ကလေးကနေ နေ့စဉ်ရက်ဆက် မပျက်မကွက် စောင့်ကြည့်လာခဲ့တာ နှစ်တွေတောင် ကြာမြင့်ခဲ့သည်ပဲ။

ဒီနေ့မနက် ဒီထိုင်ခုံကလေးမှာ နှစ်အကြာကြီး ထိုင်ခဲ့ဖူးတဲ့ လူတစ်ယောက်ကို သူ ထူးထူးခြားခြား သတိရနေမိတယ်။ အခုချိန်ဆို အော်ရဲပူတစ်ယောက် ဘယ်နေရာ၊ ဘယ်ဒေသမှာ တာဝန်ကျနေပြီလဲဆိုတာ သိချင်မိတယ်။ ဖြစ်နိုင်ရင် အော်ရဲပူကို သူတို့ရွာကလေးဆီ အလည်တစ်ခေါက်တော့ အရောက်ခေါ်ချင်မိတယ်။

အရှေ့အရပ်ဆီမှာ နေရောင်ခြည်ဟာ တဖြည်းဖြည်း တောက်ပလာနေပြီ။ နှင်းကွဲစပြုပြီ။ တဖြည်းဖြည်း ပျယ်လွင့်သွားတဲ့ မြူနှင်းတွေကြားမှာ တွန့်ခေါက်တောင်တန်းကြားက မြွေလိမ်မြွေကောက် မြေနီလမ်းကလေးကို လှမ်းမျှော်မြင်ရတယ်။ ကျိုခါးအထိ ဖောက်လုပ်ပြီးစီးသွားတဲ့ တောင်ပေါ်လမ်းကလေး၊ ၆၅ မိုင်တိတိ ရှည်လျားတဲ့ မြွေလိမ်မြွေကောက်လမ်းကလေး၊ အော်ရဲပူ မကြာခဏ ပြောပြောနေခဲ့တဲ့ တောင်ပေါ်လမ်းကလေး။ အခုတော့ အိပ်မက်တွေ တကယ်ဖြစ်လာခဲ့ပြီ။ 'မနက်ဖြန်တိုင်းမှာ မျှော်လင့်ချက်ရှိရမယ်' ဆိုတဲ့ အော်ရဲပူရဲ့ စကားကို ပြန်ကြားယောင်မိတော့ ဘာရယ်မဟုတ်ဘူး။ သူတစ်ယောက်တည်း ပြုံးမိသွားပြန်တယ်။

အခုဆို တောင်ပေါ်လမ်းကလေးပေါ်မှာ ဆိုင်ကယ်တွေ တဒီးဒီး သွားလာနေကြပြီ။ တောင်ပေါ်ကထွက်တဲ့ ဆတ်သား၊ ဂျီသား၊ တောဝက်သားနဲ့ ပိန်းဥ စတဲ့ ကုန်စည်တွေလည်း မြေပြန့်ဆီ နေ့ချင်းစီးဆင်းနေပြီ။ တောင်ပေါ်လမ်းကလေး ပေါ်ပေါက်လာပြီး မြင်သာထင်ရှားတဲ့ အကျိုးကျေးဇူးကတော့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် မကြွေသင့်ဘဲ ကြွေလွင့်ရမယ့် လူ့အသက်တွေ လျော့နည်းသွားခြင်းပါပဲ။ ဘားလ်ဘီလ်၊ ရှလွပ်နဲ့ ခွပ်သွေ့ ရွာတွေဆီကနေ ခါမ်းပါတ်မြို့ဆီ ဆိုင်ကယ်နဲ့ နာရီပိုင်းအတွင်း သွားလာနိုင်ကြပြီ။ တောင်ပေါ်လမ်းဆိုတော့ ဆိုင်ကယ်ဘီးတွေမှာ ပိုက်တွေ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်းရှိဖို့တော့ လိုတယ်။

သူ တို့ နေ ထို င် ရာ ဘားလ်ဘီလ် ရွာကလေးလည်း အတန်အသင့် ပြောင်းလဲလာခဲ့ပါပြီ။ အိမ်တိုင်းမှာလည်း ဆိုလာမီးကိုယ်စီနဲ့ ညညဆို လင်းလင်းကျင်းကျင်း ရှိနေပြီ။ ကျောင်းနေတဲ့ ကလေးတွေလည်း ဖယောင်းတိုင်မီးနဲ့ စာကျက်ဖို့မလိုတော့ဘူး။ ပြီးတော့ ရွာမှာ ကျေးလက်ကျန်းမာရေး ဌာနခွဲတစ်ခုလည်း ရှိနေပြီ။ သူတို့ ရွာခြေတစ်ပိုက်က ကလေးတွေအားလုံး လစဉ် ကာကွယ်ဆေး ထိုးနှံခွင့်ရနေကြပြီ။

မြင် သာထင် ရှားတဲ့ အပြောင်းအလဲတစ်ခုကတော့ နိုင်ငံရပ်ခြားမှာရှိတဲ့ ဆွေမျိုးတွေဆီ ကြိုးမဲ့ဖုန်းတွေနဲ့ ချိတ်ဆက် စကားပြောဆိုနိုင်ခြင်းပါပဲ။ ကျောင်းတက်နေတဲ့ ကလေးတွေမှာလည်း အခုခေတ်ပေါ် ပွတ်တဲ့ဖုန်းကိုယ်စီနဲ့။ ဖုန်းမှန်ပြင်ပေါ်မှာ လက်ညှိုးကလေးနဲ့ ပွတ်ပွတ်ပြီး ဂိမ်းအမျိုးမျိုးကို ကျွမ်းကျွမ်းကျင်ကျင် ဆော့တတ်ကြပြီ။

သူတို့ စာသင်ကျောင်းကလေးကရော…။ အော်ရဲပူ စာသင်ခဲ့တဲ့ ကျောင်းနေရာကလေးမှာပဲ သွပ်မိုး၊ အုတ်ညှပ်နံကပ် တိုက်အဆောက်အဦနဲ့ နှစ်ထပ်ကျောင်းဆောင်ကြီးက ထည်ထည်ဝါဝါ တည်ရှိနေပါပြီ။ ဘားလ်ဘီလ်၊ ရှလွပ်နဲ့ ခွပ်သွေရွာတွေဆီက ကလေးတွေ ဘားလ်ဘီလ် မူလွန်ကျောင်းမှာ ပညာရင်နို့သောက်စို့ခွင့် ရကြပြီ။

အပြောင်းအလဲတွေကြားမှာ မပြောင်းလဲသေးတာတစ်ခုက အရွယ်ရောက်တဲ့ လူရွယ်တွေ အားလုံးနီးပါး နိုင်ငံရပ်ခြားအထိ အလုပ်သွားလုပ်ပြီး အိမ်ကို ပိုက်ဆံပို့နေကြရတဲ့အဖြစ်ပါပဲ။ အော်ရဲပူသာ အဲဒီအဖြစ်ကို ကြားသိရင် 'အခုထိ မပြောင်းလဲသေးပါလား' လို့ မချိတဲ့အပြုံးနဲ့ ပြောဦးမလားဆိုတာ သူတကယ်သိချင်မိတယ်။

သူ့သူငယ်ချင်းတွေလည်း အခုဆို လူနေမှုဘဝပုံစံအမျိုးမျိုးနဲ့ ပြောင်းလဲကုန်ကြပြီ။ သူငယ်ချင်းတွေထဲမှာ စကားသိပ်များတဲ့ ဆေဆေးက အိန္ဒိယနိုင်ငံ၊ ဘင်္ဂလောနယ်သွားပြီး ကျမ်းစာကျောင်းတက်တယ်။ အခု သင်းအုပ်ဆရာတစ်ယောက်ဖြစ်ပြီး ခွမ်နွဲ့ရွာမှာ ဘုရားအမှုတော်ထမ်းရွက်နေပြီ။ ခါနိုင်က သုံးတန်းနဲ့ ကျောင်းထွက်တယ်။ အခု တမူး-ကလေး လိုင်းကားတွေထောင်ပြီး ကြီးပွားနေပြီ။ လင်လင်ကတော့ ရဲထဲဝင်သွားတယ်။ အခု စစ်ကိုင်းဘက်မှာ တာဝန်ကျနေတယ်လို့ သိရတယ်။

မိန်းကလေးသူငယ်ချင်းတွေကတော့ ရွာမှာပဲ အိမ်ထောင်ကျကြတာများတယ်။ ပြီးတော့ သူတို့ အနူးတွေလိုပဲ အိမ်ထောင်သားမွေး အလုပ်ကို ပျော်ပျော်ကြီး ဆက်လုပ်ကြတယ်။ ထူးခြားတာကတော့ အော်ရဲပူရဲ့ လိုန်လိုန်ပဲ။ စာတော်တဲ့ လိုန်လိုန်က ခါမ်းပါတ်မှာ အထက်တန်းကျောင်း ဆက်တက်ပြီး ကလေး တက္ကသိုလ်ကနေ ဘွဲ့တစ်ခုရတယ်။ လိုန်လိုန်က ပထမဆုံး ဘွဲ့ရရှိတဲ့ ဘားလ်ဘီလ်သူ။ အခု ခါမ်းပါတ်ဆေးရုံမှာ ကွန်ပေါင်ဒါ(ဆေးစပ်)ရာထူးနဲ့ ဝန်ထမ်းဖြစ်နေပြီ။ ခါမ်းပါတ်မှာပဲ အိမ်ထောင်ကျတဲ့ ကလေးနှစ်ယောက်အမေ လိုန်လိုန်က သူ့အနားဆီပြန်လာဖြစ်တိုင်း 'အော်ရဲပူကို သိပ်သတိရတယ်' လို့ မျက်ရည်တွေဝဲပြီး ပြောတယ်။ လိုန်လိုန်တင်မကဘူး၊ အော်ရဲပူရဲ့ တပည့်တွေအားလုံးက အော်ရဲပူကို လွမ်းတယ်လို့ ခဏခဏပြောကြတယ်။

'သိပ်ကိုလှတဲ့ လမ်းကလေး'

သူ့နှုတ်ခမ်းအစုံကနေ တိုးတိုးရေရွတ်မိတယ်။ သူ့မျက်စိရှေ့မြင်ကွင်းထဲက တောင်ပေါ်မြေနီလမ်းကလေးဟာ တောက်ပတဲ့နေရောင်အောက်မှာ ပိုပြီး ပီပြင်ထင်ရှားလာခဲ့တယ်။ ဖြစ်နိုင်ရင် အော်ရဲပူကို သူရှိနေတဲ့နေရာကလေးကနေ တောင်ပေါ်လမ်းကလေးကို အုပ်မိုးကြည့်ငေးစေချင်မိတယ်။ ပြီးတော့ လမ်းကလေးကို ကြည့်ငေးရင်း ပြုံးနေမယ့် အော်ရဲပူရဲ့ မျက်နှာကို သူ့စိတ်ကူးထဲမှာ မှန်းဆပုံဖော်ကြည့်မိတယ်။

'ရှေ့ပါ၊ ကျောင်းတက်သံချောင်း ခေါက်လိုက်ရတော့မလား'

အတွေးစိတ်ကူးတွေထဲ ဘယ်လောက်ထိကြာအောင် နစ်မျောနေမိတယ် မသိဘူး။ အဆောင်အောက်ကနေ ကျောင်းဝတ်စုံနဲ့ ကလေးနှစ်ယောက် လက်ပိုက်ပြီး လာပြောတော့မှ သူ ပစ္စုပ္ပန်လောကထဲ ခြေချမိတယ်။ ဘယ်ဘက်လက်ကောက်ဝတ်က နာရီကို ငုံ့ကြည့်မိတော့ နံနက် ကိုးနာရီငါးမိနစ်။ အို ဟုတ်ပါရဲ့။ ကျောင်းတက်သံချောင်း ခေါက်ဖို့ သူ ပထမဦးဆုံး အကြိမ် မေ့လျော့ခဲ့မိသည်ပဲ။

'အေး အေး။ ခုပဲ ခေါက်လိုက်ကြတော့။ ဆရာလည်း အဝတ်အစားလဲပြီး အခုပဲ လာပြီ'

ထိုင်ခုံပေါ်ကနေ ထ, ပြီး အဝတ်ဗီရိုထဲက ဖြူလွလွ စတစ်လက်ရှည်တစ်ထည်ကို လဲဝတ်လိုက်တယ်။ ပြီးတော့ အကျအန ခေါက်သိမ်းထားတဲ့ ကျောင်းစိမ်းပုဆိုးတစ်ထည်ကို ပြောင်းလဲဝတ်ဆင်လိုက်တယ်။ ဗီရိုမှန်ထဲကြည့်ပြီး ဘီးတစ်ချောင်းနဲ့ သူ့ဆံပင်တွေကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဖြီးသင်ပြီးတဲ့နောက်မှာ မူလတန်းကျောင်းအုပ်ကလေး ဦးလွန်ခိုပေါင် က စာသင်ကျောင်းသွားပြီး ကလေးတွေကို စာပြဖို့ အဆင်သင့် ဖြစ်နေခဲ့ပါပြီ။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အော်ရဲပူလို ကျောင်းဆရာကောင်းတစ်ယောက် ဖြစ်လာနိုင်ဖို့ မျှော်လင့်ရင်ခုန်မိတယ်။ မျှော်လင့်ချက်တွေနဲ့ မနက်ဖြန် ပေါင်းများစွာ ဆောင်ကြဉ်းပေးနိုင်ဖို့ သူ အများကြီး ကြိုးစားအားထုတ်ရဦးမယ်။ ကြည်နူးလှိုက်ဖိုတဲ့ အတွေးစိတ်ကူးနဲ့ တောက်ပဆဲနေရောင်အောက်က စာသင်ကျောင်းဆောင်ကလေးရှိနေတဲ့ အရပ်ဆီ သူ့ခြေလှမ်းတွေကို ဦးတည်လိုက်မိတော့တယ်။ ■

**ရဲရင့်လုံ၊ဆေး-မန်း၊**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ(၁၃၃)သို့...

တောက်ရင်း စိတ်ပါစွာဆိုနေသည့် ကောင်ကလေးကို နွေး သတိလက်လွတ်ငေးမိသည်။

'အဖေနဲ့ငါ အပေးအယူ တစ်ခုလုပ်ထားတယ်။ သူ တက်စေချင်တဲ့ တက္ကသိုလ် ဝင်အောင် ငါကြိုးစားတယ်။ ပထမနှစ်မှာ ဂုဏ်ထူးနဲ့အောင်ရင် ငါ တက်ချင်တဲ့ကျောင်းကိုလည်း တစ်ဖက်ကနေ သူ ပေးတက်ရမယ်လို့။ အခု ငါ့ ဆန္ဒတွေ ပြည့်တော့မယ်'

ကောင်ကလေး၏ စကားတို့အား ငေးမောနားထောင်ရင်းက ထူးဆန်းစွာပင် နွေး၌ မနာလိုစိတ်ဖြစ်ပေါ်သည်။ ထို့နောက် နွေး ဝမ်းနည်းသိမ်ငယ်ခဲ့သည်။ သူက သူ့ကိုယ်သူ သိသူ၊ နွေးက နွေးကိုယ်နွေး မသိသူ။ နွေး၏ အနာဂတ်မျှော်လင့်ချက်၊ နွေးအတွက် အဓိပ္ပာယ်ပြည့်ဝသော အရာက ဘာလဲ၊ ဘယ်မှာလဲ နွေး မသိ။ အပြန်လမ်းတွင်တော့ ဘာကြောင့်ရယ်မသိ နွေး တိတ်ဆိတ်နေခဲ့သည်။ ထိုနေ့မှ နောက်ပိုင်း သင်တန်းပိတ်ထားသောရက်တို့တွင် နွေး အခန်းအောင်းနေဖြစ်ခဲ့သည်။ ခြံထဲလည်း မဆင်း၊ ငြိမ်လွန်းနေသော နွေးကို အမျိုးသမီးကြီးက စိတ်ပူပုဟန်ရှိသည်။ နေမကောင်းကြာရှည်ခဲ့၍ တက္ကသိုလ်မတက်ဖြစ်သေးသော နွေး၊ အခု ကျောင်းတက်တော့မည်ဟုဆိုတော့ အမျိုးသမီးကြီးက အံ့သြ၊ ခွင့်ပြုခဲ့သည်။ တကယ်တမ်း နွေး ကျောင်းတက်ချင်သည်လား ဆိုသည်ကိုတော့ ရေရာစွာမသိလှ။ ပြီးတော့ နွေး ဘာတက်ရမည်တဲ့လဲ။ နွေး

ae x G f c:efu k aE,G jrif Z/cyD cyf a0;a0; q DS jrifu G/wb nf ae\ t v i,f a t muf wG f v S ef o nf x if o nf pD m q if x yf &Sea o m a&S emu f t x uf a t muf aw m i f wef r m; u m;rS wd Ck azGazGvb nf t v i,f a umif yk o nf x i&S v m u o nf

သည် အမြဲလို ဘာမျှမသိသူသာ ဖြစ်နေခဲ့သည်။

❑

၇။

ခြံဝဆီမှ စက်ဘီးဘဲလ်သံကြောင့် ခပ်ဝေးဝေးဆီသို့ နွေး မျှော်ကြည့်သည်။ ဦးကြီးက ခြံဝသို့ အပြေးလေးသွားခဲ့သည်။ သိပ်မကြာခင်မှာပင် နွေး အနားသို့ စက်ဘီးတစ်စီး ရောက်လာသည်။ ကောင်ကလေးပင် ဖြစ်သည်။

'ဒီရက်ပိုင်း ငြိမ်လွန်းနေတယ်၊ နေမကောင်းဘူးလား'

သူ့အမေးအား ခေါင်းယမ်း၍သာ ဖြေဖြစ်သည်။ သူကတော့ နွေးကို စူးစမ်းသလိုနှင့် ငေးသည်။ သည့်နောက်တော့ နွေးတို့နှစ်ဦး ခြံထဲက ခုံတန်းလျားတစ်ခုတွင် ထိုင်ဖြစ်ကြသည်။ စကားဆက်မပြောဖြစ်ကြ။

'ငါ ပြောပြဖို့ မေ့နေတယ်။ ဆိုင်ကယ်ပေါ်က ကျသွားတဲ့ ဦးလေးကြီးလေ။ နင် စိုးရိမ်နေသလိုတော့ ကြီးကြီးမားမား ဘာမှမဖြစ်ခဲ့ဘူး။ အပေါ်ပိုင်း အရေပြားဒဏ်ရာပဲ ရခဲ့တာတဲ့'

သူ ပြောလာမှ ထို အကြောင်းအရာကို နွေး သတိပြန်ရသည်။ ပြီးတော့ တစ်ဆက်တည်း မြင်ယောင်ပြန်တာက နွေး အမှတ်မရချင်မိသော မြင်ကွင်းများ။ အဝေး တစ်နေရာသို့ နွေး လှမ်း၍ ငေးသည်။

နွေး မမွေးခင်နှင့် နွေး ငယ်လွန်းသေးသော အချိန်တွေက(ဟိုအရင်အချိန်တွေက) အဖေသည် နူးညံ့လွန်းသူ တစ်ယောက်ဖြစ်သည်ဟု အဘိုးပြောပြခဲ့ဖူးသည်။ အဖေ ဆိုင်ကယ်အက်ဆီးဒင့် တစ်ခုဖြစ်ခဲ့ပြီး ဦးခေါင်းခွဲ စိတ်မှုခံခဲ့ရဖူးသည်ဟုလည်း နွေး သိရသည်။ နွေးကတော့ မမှတ်မိ။ အဖေ့ကို ဒေါသထွက်လွယ်သူ၊ ဆူညံပေါက်ကွဲတတ်သူ။ အရက်သောက်တတ်သူအဖြစ်သာ နွေး သိခဲ့သည်။

အမေ့ကိုလည်း မကြာခဏ ရန်ရှာတတ်ရင်း ဆူပူသောင်းကျန်းတတ်သည်။ မကြာခဏ ရန်ဖြစ်လေ့ရှိကြသော သူတို့နှစ်ယောက်သည် နွေး၏ ဖြစ်ရှိမှုကို အမြဲလိုပင် မေ့ထားကြသည်။ နွေး အလယ်တန်းကျောင်းသူ ဖြစ်စအချိန်တွင်တော့ အမေနှင့်ပါဝေးခဲ့သည်။ အဖေသည် နွေးကိုခေါ်၍ အားလုံးနှင့် ဝေးရာသို့ သွားခဲ့သည်။ အဖေနှင့်နွေး နှစ်ယောက်တည်းနေခဲ့ရချိန်များတွင် အဖေ့ဒဏ်ကို နွေးသာ ခံခဲ့ရသည်။ အဆိုးဆုံးဖြစ်ခဲ့သော တစ်ရက်တွင် အဖေ အရက်အလွန်အကျွံ မူးရင်းက နွေးကို စိတ်ဆိုးမာန်ဆိုးဖြင့် အားကုန်လွှဲရိုက်ခဲ့ချိန်တွင် နွေး၏ အနီးဆုံးအဖော်ဖြစ်သော ခွေးကြီးဘိုနီက အဖေ့ကို မာန်ဖီကာ ကိုက်မည်ဟန်ပြုခဲ့သည်ကို အဖေသည် သံတုတ်တစ်ချောင်းဖြင့် ဘိုနီကိုပါ ရက်ရက်စက်စက်ရိုက်ပစ်ခဲ့သည်။ နွေးမျက်စိရှေ့မှာပင် ဘိုနီသည် သွေးအိုင်ထဲတွင် အသက်ပျောက်ခဲ့သည်။ သည့်နောက်တော့ နွေးလည်း သတိလစ်မေ့မြောခဲ့သည်။ နွေးသတိရချိန်တွင် နွေးအနား၌(ထိုဖြစ်စဉ်မတိုင်ခင် ရက်ပိုင်းလေးအတွင်းကမှ နွေးတို့ နေထိုင်သည့်နေရာကို သိရှိသွားခဲ့သော အဖေ့ဘက်မှ တော်စပ်သည့် အဒေါ်တွေနှင့်အတူ) အမေရောက်နေသည်ကို အံ့သြစွာဖြင့် နွေး သိရသည်။ အမေက နွေးကို မျက်ရည်တွေနှင့် ပွေ့ဖက်သည်။ အဖေ၏ အတင်းခေါ်ဆောင်မှုကြောင့် အဖေ့နောက် သို့ပါသွားရသော နွေးကို လာတွေ့ခဲ့ခြင်းမရှိသည့် အမေ့အား နွေး စိတ်နာခဲ့ဖူးသည်။တကယ်တမ်းက အဖေသည် မည်သူမျှ မသိနိုင်သော နေရာတွင် အားလုံးကို ပုန်းရှောင်ကာနေခဲ့



www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြစ်သည်ဟု အမေက နွေးကို ရှင်းပြခဲ့သည်။ မည်သို့ဖြစ်စေ အရင်ကပင် နွေး၏ဖြစ်ရှိမှုကို မေ့ခဲ့သည့်အမေက နွေးကိုလည်း လိုက်ရှာမည်မဟုတ်ဟု နွေးစွဲမှတ်ခဲ့သည်။

‘ဦးခေါင်းထိခိုက် ဒဏ်ရာကြောင့် ဦးနှောက်ဆဲလ်ချို့ပျက်စီးသွားချိန်မှာ ကိုယ်ရည်ကိုယ်သွေး ပြောင်းလဲသွားတာမျိုး ဖြစ်တတ်ပါတယ်။ အသိဉာဏ်နဲ့ ဆင်ခြင်တုံတရားအတွက် အလုပ်လုပ်တဲ့ ဦးနှောက်ရဲ့ အစိတ်အပိုင်းကို ထိခိုက်ခဲ့လို့ ခုလိုမျိုးပြောင်းလဲသွားတာပါ။ သိမ်မွေ့တဲ့ သူက စိတ်တိုလွယ်လာမယ်၊ ကြမ်းတမ်းရိုင်းစိုင်းတာမျိုး ဖြစ်လာမယ်။ အဲဒီလိုကိုယ်ရည်ကိုယ်သွေးက လုံးဝကို ဆန့်ကျင်ဘက်အဖြစ် ပြောင်းသွားတာမျိုးကို Post Traumatic Personality Change (ဦးခေါင်းထိခိုက်ဒဏ်ရာကြောင့် ကိုယ်ရည်ကိုယ်သွေးပြောင်းလဲခြင်း)လို့ ခေါ်ကြတယ်။ အဲဒီလိုလူမျိုးက အရက်နဲ့လည်း လုံးဝကို မတည့်ပါဘူး’

ဆရာဒေါက်တာက အဖေနှင့်ပတ်သက်၍ ရှင်းပြခဲ့သည်။

‘သနားစရာကောင်းတာတော့ သမီးလေးပဲ။ ငယ်ကတည်းက မိဘမေတ္တာကို ကောင်းကောင်းမခံစားခဲ့ရတဲ့အပြင် အဖေ့ရဲ့ ဒဏ်ကိုပါ တစ်ယောက်တည်း ခံခဲ့ရရှာတော့’

ဆရာဒေါက်တာ၏ စကားအဆုံးတွင် အမေက နွေးကို တင်းကျပ်စွာပွေ့ဖက်ရင်း တောင်းပန်စကားဆိုခဲ့သည်။ ဘိုနီသေသွားခဲ့ချိန်မှစ၍ နွေး အတော်လေး နေမကောင်းဖြစ်ခဲ့သည်။ ဆရာဒေါက်တာနှင့် မကြာခဏတွေ့ရရင်း ဆေးအချို့ကို ကာလရှည်ကြာ နွေး သောက်ခဲ့ရသည်။ နေမကောင်းဖြစ်ခဲ့ချိန်တို့တွင် နွေးသည် ဆရာဒေါက်တာ့ကို ယုံတမ်းပုံပြင်များ ပြောပြတတ်သည်။ နွေးတွင် နွေးကို ချစ်လွန်း၊ ဂရုစိုက်လွန်းသော မိဘများရှိသည့်အကြောင်း၊ နွေး မိဘတွေသည် အချင်းချင်းလည်း အပြန်အလှန် ချစ်ခင်ကြကြောင်းနှင့် နွေးသည် အရမ်းပင် ပျော်ရွှင်ရသူဖြစ်ကြောင်းများ ဖြစ်သည်။ ထိုကာလတွေအတွင်းတွင် အဖေဆေးရုံတက်ရသည်။ နွေး နေကောင်းစပြုစဉ်တွင် အရက်ကြောင့်ဖြစ်သော ရောဂါဖြင့် အဖေဆုံးသည်။ အဖေမရှိတော့ချိန်တွင် အဒေါ်တွေနှင့် နွေး သွားနေခဲ့သည်။ အမေ ခေါ်ရာသို့ နွေး မလိုက်ခဲ့။ မျက်ရည်ဝဲကာ မကြာခဏ ပြန်သွားရတတ်သော အမေ့ကို ကြည့်ရင်း အဒေါ်တွေက စိတ်မကောင်းဖြစ်တတ်သည်။ အမေ့ကိုလည်း အမေဟု မခေါ် တော့သည်အထိ နွေး ခေါင်းမာခဲ့ပါသည်။

‘ငါတို့ ဘကြီးရဲ့ဆိုင်ကို သွားကြမလား၊ ငါ အသစ်ဆွဲထားတာတွေ နင်မကြည့်ရသေးဘူး’

ကောင်ကလေးကို ခေါင်းယမ်းပြမိပြန်သည်။ နွေးကို အသေအချာကြည့်ရင်းက သူ ထ,ရပ်ပြင်သည်။

‘ခြည်သာ’

ဟင်…ဟု ဆိုရင်း နွေး၏ရှေ့၌ သူ ရပ်သည်။

‘နင့်ကိုယ်နင်သိအောင် ဘယ်လိုလုပ်ယူခဲ့ရလဲ’

နွေးကို သူ စူးစူးစိုက်စိုက် ကြည့်သည်။ အဖြေရှာတွေ့သွားသူလို။

‘ငါ့ဆီမှာ အလိုအလျောက်ဖြစ်လာတာပဲ။ အလိုအလျောက်မဖြစ်လည်း ဘာဖြစ်သလဲ၊ ရှာဖွေကြည့်ရမှာပေါ့’

ခပ်ဖြည်းဖြည်း သူ ဆိုသည်။ ငြိမ်သွားပြန်သောနွေးကို ခဏဟူသော အဓိပ္ပာယ်ဖြင့် သူ လက်ကာပြရင်း ခပ်လှမ်းလှမ်းရှိ သူ့စက်ဘီးကို နွေး အနားသို့ တွန်းယူလာခဲ့သည်။

‘တွေ့လာမှာပါ၊ ခပ်ဖြည်းဖြည်း ရှာကြည့်တာပေါ့။ ခု လောလောဆယ်တော့ နင် စိတ်ကြည်ဖို့အရင် လုပ်ရမယ်၊ တက်…’

ကြောင်ငေးနေသည့် နွေးကို သူက ဒုတိယအကြိမ် ‘တက်’ဟုဆိုသည်။ ကြောင်တက်တက်နှင့်ပင် သူ့စက်ဘီး နောက်ထိုင်ခုံပေါ်တွင် နွေး ပါသွားခဲ့သည်။ နွေးတို့အိမ်နှင့် အတန်ငယ်လှမ်းသော ခြံကြီးတစ်ခြံသို့ သူ ခေါ်သွားခဲ့သည်။ ခြံတွင်းရှိ အနီရောင် နှစ်ထပ်အိမ်ကြီး၏ ဘေးဘက်ဆီတွင် မျက်စိတစ်ဆုံး ကျယ်ပြောသော အဖြူရောင် ဂန္ဓမာခင်းကြီးတစ်ခု ရှိနေခဲ့သည်။ ပေါ့သော၊ လွင့်သော စိတ်ဖြင့် အသိအမှတ်မဲ့ပင် ဂန္ဓမာခင်းထဲသို့ နွေး ရောက်သည်။ ဆွတ်သော၊ ဖွေးသော အဖြူရောင်များ။ ပန်းခင်းထဲတွင် နွေး တစ်လှမ်းချင်းလျှောက်သည်၊ ပြေးသည်၊ ပြုံးသည်။ ကောင်ကလေးသည် ကတ်ကြေးတစ်လက်ဖြင့် ပန်းခင်းထဲသို့ ဝင်လာခဲ့ရင်းက နွေးအား ခပ်ပြုံးပြုံးငေးသည်။

‘ရော့’

သိပ်မကြာခင်မှာပင် နွေး လက်တွင်းသို့ သေသပ်စွာ စည်းနှောင်ထားသော ဂန္ဓမာပန်းစည်းကြီးရောက်လာခဲ့သည်။ ပန်းစည်းကြီးကို နွေး တင်းတင်းပွေ့ဖက်သည်။ မျက်နှာကိုစောင်းငဲ့၍ ပါးဖြင့် ခပ်ဖွဖွထိသည်။ သည့်နောက်တော့ နွေးကို ဝန်းရံထားသည့် အဖြူရောင်တို့၏ကြားတွင် စိတ်လိုလက်ရ နွေး ပြုံးသည်။

‘လာခဲ့လေ၊ ငါ့အစ်မနဲ့ မိတ်ဆက်ပေးဦးမယ်’

ကောင်ကလေးသည် နွေး၏ လက်ထဲမှပန်းစည်းကို လှမ်းယူကာ သူ၏စက်ဘီးရှေ့ခြင်းထဲသို့ ထည့်သည်။ ထို့နောက်တော့ နွေးကို စောင့်ခေါ်ရင်း အိမ်ကြီးဆီသို့ ဦးတည်သည်။

‘မမ၊ ဒါ ငါ့သူငယ်ချင်း ခြည်နွေးနွေးတဲ့။ နွေး ဒါ ငါ့အစ်မ ကြည်ပြာ’

အိမ်ကြီး၏ အောက်ဘက်ရှိ ကျယ်ဝန်းလှသော ဝရန်တာတွင် စာရွက်များ၊ ပလတ်စတစ်ကြိုးများ၊ တမင်ရည်ရွယ်၍ ပိုင်းထားသော ရောင်စုံပိတ်စ အပိုင်းအပြတ်များ၊ ကတ်ထူပြားများနှင့် အခြားအပိုင်းအစတို့မှာ ဘေးပတ်ပတ်လည်၌ ပြန့်ကျဲရင်း အလုပ်ရှုပ်နေဟန်ရှိသော အမျိုးသမီးငယ်သည် နွေးကို မော့ကြည့်လာပြီးနောက် ကြည်လင်စွာဖြင့် ပြုံးပြနှုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com

‘ငါတို့မောင်နှမ နှစ်ယောက်လုံးက အဖေဖြစ်စေချင်တာကိုလည်း တစ်ဖက်ကလုပ်ပြီး၊ တစ်ဖက်ကလည်း ကိုယ့်ဝါသနာကို မစွန့်လွှတ်ကြတဲ့ သူတွေချည်းပဲ’

ကောင်ကလေး၏ စကားအား သူ၏အစ်မက အပြုံးနှင့် ထောက်ခံသည်။ ကောင်ကလေး၏ အစ်မအား ဘာလုပ်နေသည်လဲဟု အမှန်ပင် သိလို၍ နွေး မေးကြည့်မိသည်။

‘Contemporary Art ဆိုတဲ့စကားလုံးကို ညီမလေး ကြားဖူးလား’

နွေး မကြားဖူးပါ။

‘ခေတ်ပြိုင်အနုပညာလို့ ဘာသာပြန်မှာပေါ့။ အရုပ်ရေးသလိုမျိုး ပန်းချီတစ်မျိုးတည်း ပါတာမျိုးမဟုတ်ဘဲ အလင်း၊ အရောင်၊ ပန်းချီ၊ ဓာတ်ပုံ၊ သစ်သား၊ သံထည်နဲ့ အစ်မတို့နေ့စဉ်တွေ့နေ၊ အသုံးပြုနေတဲ့ အရာတွေကို ထည့်ပြီး အထားအသိုတွေ၊ နှစ်ဖက်မြင်၊ သုံးဖက်မြင် ထုထည် သဘောတွေနဲ့ ကိုယ့်စိတ်ကူးကို ဖန်တီးပြတာမျိုးပဲ။ နားလည်လွယ်အောင် အစ်မကတော့ အမြင်အနုပညာလို့ပဲ သုံးချင်တယ်’

နွေး စိတ်ဝင်စားစွာ နားထောင်ပါသည်။ နွေးအတွက် အသစ်အဆန်းတစ်ခုလည်း ဖြစ်သည်။

‘မမက သူ့အပေါင်းအသင်းတွေနဲ့ ပြပွဲလေးတစ်ခု လုပ်ဖို့ စီစဉ်နေတာ’

ကောင်ကလေး၏ အစ်မကို နွေး ငြိမ်ငြိမ်လေး ထိုင်ကြည့်ဖြစ်သည်။ သူ၏ နှစ်သက်ရာ၌ နှစ်လိုစွာပျော်ဝင်နေခြင်းအား နွေး သဘောကျစွာငေးမိသည်။ ငေးရင်းက အားအင်တစ်မျိုး ဖြစ်လာသည်လို နွေး ခံစားရသည်။ နွေးလည်းရှာရမည်။ နွေးရှာတွေ့မှာဟုလည်း ယုံကြည်စိတ်ဖြစ်သည်။ နွေးအတွက်လည်း တစ်ခုခုတော့ရှိမှာပါပဲ။

အပြန်တွင် ဘကြီး၏ ဆိုင်ကလေးသို့သွားကြသည်။ ဘကြီးသည် မပြောင်းလဲသော အပြုံးနှင့် နွေးတို့ကို ဆီးကြိုသည်။ ရောက်လျှင် လုပ်နေကျ ထုံးစံအတိုင်း နွေး တစ်ကောင်နှင့်အမျိုးသမီးငယ် ပန်းချီကားကို နွေးငေးသည်။ ဘကြီးကရော ပန်းချီဆွဲချင်စိတ် ဘယ်လိုဖြစ်လာသည်လဲ။ ကောင်ကလေးသည် နွေး၏အတွေးကို ဖမ်းမိဟန်ဖြင့် ပြုံးရင်းက ‘နင် ဘကြီးကို မေးကြည့်လေ’ ဟု ဆိုသည်။ ဘကြီးက နွေးတို့နှစ်ယောက်အား မျက်ခုံးပင့်လျက်ကြည့်သည်။

‘လုပ်လိုစိတ်ကတော့ အလိုအလျောက်ဖြစ်တာပဲ သမီးရဲ့။ အဲဒီလို ဖြစ်လာဖို့ဆိုတာမှာ ပတ်ဝန်းကျင်လှုံ့ဆော်မှုတော့လိုတယ်။ လုပ်လိုစိတ်နဲ့ ဝါသနာဆိုတာ ပတ်ဝန်းကျင်မြင်ကွင်း လှုံ့ဆော်မှုတွေကနေ ဖြစ်တာပါပဲ။ သမီးလည်း သမီးလုပ်လိုတာကို ပတ်ဝန်းကျင် မြင်ကွင်းတွေထဲကပဲရှာယူပါ။ သမီးအတွက် သေချာပေါက် တစ်ခုခုကို ရှိနေမှာပါ’

ဘကြီးသည် နွေးကို ရှင်းပြရင်းက စိတ်ရှည်ပါပါဟု ဆိုသည်။ ဘကြီး၏စကားကို နားထောင်ပြီးနောက် နွေး စိတ်တို့ ပေါ့ပါးလာသည်။ နွေး ရှာမည်။ တစ်ချိန်မှာတော့ နွေး ရှာတွေ့မည်ထင်သည်။ ကောင်ကလေး ဆွဲထားသည်တွေကိုလည်း တစ်ပုံချင်း၊ တစ်ရွက်ချင်း ကြည်သာပေါ့ပါးစွာ ကြည့်နိုင်လာသည်။ နွေးလည်း သူ့လို တစ်နေ့ရာရာမှာတော့ ထူးကဲစွာ လုပ်နိုင်တာမျိုး ရှိမှာပါပဲ။

အပြန်လမ်းသည် ပို၍ အေးချမ်းလှပနေခဲ့သည်။ ကောင်ကလေးက နွေးကို ခြံဝအထိ လိုက်ပို့ပေးပြီး နှုတ်ဆက်ကာ ပြန်သွားခဲ့သည်။ ခြံဝမှ သူပျောက်ကွယ်သွားမှပင် ပန်းစည်းကြီးကို ပိုက်ရင်း နွေး အိမ်ထဲသို့ ဝင်ခဲ့သည်။

❑

၈။

‘ဒီနေ့တော့ ‘အများရှေ့ထွက်၍ ပြောဆိုခြင်း’ ခေါင်းစဉ်အောက်ကနေ ကြုံလာနိုင်တဲ့ ကိုယ်နဲ့တစ်သားတည်းဖြစ်ဖို့ ခက်ခဲသူ၊ ပူးပေါင်းပါဝင်ဖို့ ခက်ခဲသူတွေအကြောင်း ပြောကြရအောင်။ အများရှေ့ကိုထွက်ပြီးတော့ အကြောင်းအရာတစ်ခုခုကို ရှင်းလင်းပြောဆို နေရချိန်မှာဖြစ်စေ၊ နည်းပြတစ်ယောက်၊ ဆရာတစ်ယောက်အဖြစ်နဲ့ သင်ပြပေးနေရချိန်မှာဖြစ်စေ ကြုံလာနိုင်တဲ့ လူအမျိုးအစားတွေပေါ့။ ယေဘုယျအားဖြင့်တော့ ၆ မျိုးရှိတယ်’

တဖြည်းဖြည်းနှင့်တော့ သင်တန်းတွင် နွေး နေသားကျလာခဲ့ပြီ။ နွေး အကြောင်းသိသော ကောင်ကလေးက နွေး အဆင်ပြေစေရန် သင်ခန်းစာအသစ်တက်တိုင်း ဘေးကနေ ထပ်မံရှင်းပြပြောဆိုပေးတတ်သည်။ စာအမြဲမေးလေ့ရှိသော ဆရာကို သင်ခန်းစာ ကောင်းကောင်း နားမလည်ချိန်တွင် နွေး ပိုကြောက်ရမှန်း သူသိသည်။

‘ကဲ ဆရာတို့ Timid (ရှက်ကြောက်တွန့်ဆုတ်တတ်သူ)ကနေ စ,ကြမယ်။ ကိုယ်က ဦးဆောင်ပြီးပြောနေရသူ တစ်ယောက်ဖြစ်ချိန်မှာ ကိုယ့်ရှေ့က ပရိသတ်ထဲမှာ Timid တွေများလွန်းရင် တစ်ယောက်တည်း စကားပြောနေရသလိုဖြစ်ပြီးတော့ အပေးအယူမညီမျှ၊ အသက်မပါတဲ့ ပြောဆိုတင်ပြခြင်း တစ်ခုအဖြစ်နဲ့ပဲ ပြီးသွားတတ်တယ်။ ဒီတော့ Timid တွေကို ဘယ်လိုကိုင်တွယ်ရမလဲဆိုတာ ပြောကြရအောင်။ အဲ… အဲဒါကို မပြောခင်မှာ နောက်ထပ် အရေးကြီးတာတစ်ခုက ရှေ့ကနေ ဦးဆောင်ပြီးပြောနေသူ ကိုယ်တိုင်က ကြောက်ရွံ့တွန့်ဆုတ်မနေဖို့ပဲ’

ဆရာက နွေးကိုများ ပြောနေသလားပါပဲ။

‘ဒီတော့ Timid ကို ခဏထားပြီး ဦးဆောင်ပြောဆိုတင်ပြသူ တစ်ယောက်အနေနဲ့ ကြောက်ရွံ့တွန့်ဆုတ်မှုဖြစ်ရတဲ့ အကြောင်းရင်းလေးတွေကို အရင်ဆုံး စဉ်းစားကြည့်ကြရအောင်။ သူများကို ဘယ်လိုကိုင်တွယ်ရမလဲ မပြောခင်မှာ ကိုယ့်ကိုယ်ကို ကိုင်တွယ်ဖို့အတွက် အဖြေရှာကြည့်ကြရအောင်။ ကဲ ပြောကြည့်ပါဦး၊ တွန့်ဆုတ်မှုဖြစ်စေတဲ့ အကြောင်းရင်းတွေထဲမှာ ပထမဆုံးက ဘာဖြစ်နိုင်မလဲ’



www.burmeseclassic.com

www.burmeseclassic.com

နွေးကို မျက်လုံးချင်း တည့်တည့်ကြည့်ဆုံကာ မေးဆက်ပြ၍ ဆရာမေးလာချိန်တွင် ဖျတ်ခနဲ နွေး မျက်လွှာချပစ်လိုက်သည်။ ရင်တွေလည်း တဒိန်းဒိန်း။ ဟင့်အင်း နွေး မပြောချင်။ နွေး လက်ဖျားတွေ အေးလာသည်။ မျက်လွှာချမြဲ ချထားဖြစ်သည်။ ဆရာ ရပ်နေဆဲ။

‘တစ်ခါမှ မလုပ်ဖူးတာ၊ အလေ့အကျင့် မရှိတာကြောင့် ဖြစ်တတ်ပါတယ် ဆရာ’

အခြေအနေကို ဝင်ထိန်းရင်း ကောင်ကလေးဖြေသည်။

‘အရမ်းကောင်းတဲ့ ယူဆချက်ပါပဲ။ အကြောင်းရင်းထဲမှာကိုပဲ အဖြေကရှိပြီးသားပါ။ အလေ့အကျင့်ရှိအောင် ကြိုးစားကြရမှာပေါ့။ ကျင့်သားရလာပြီဆိုရင် အဲဒီအကြောက်က ပျောက်သွားပါလိမ့်မယ်။ ကဲ နောက်တစ်ယောက်ပြောကြည့်ပါဦး’

အနားမှ ဆရာခွာသွားချိန်တွင် ကိုယ့်ကိုယ်ကို အားမရမှု၊ ရှက်ရွံ့သိမ်ငယ်မှုတို့ဖြင့် နွေး ကျနံရစ်သည်။ နွေး မသိလို့လား၊ နွေး ကိုယ်တိုင် Timid တစ်ယောက် မဟုတ်ဘူးလား။ အကြောက်တရားတွေ ဘယ်ကနေ လာတယ်ဆိုတာ နွေး အသိဆုံးပဲ မဟုတ်လား။ နွေး မျက်နှာတွေထူအမ်းရင်း ကိုယ့်ကိုယ်ကို မုန်းတီးမိသည်။

‘စင်,ကြောက်တာကြောင့်ပါ ဆရာ’

လက်တစ်ဖက်မြှောက်တက်လာရင်း နောက်တစ်ယောက် ပြောလာခဲ့သည်။ နွေး ထပ်ပြီး ရှက်ရွံ့မိပြန်သည်။

‘ဟုတ်ပြီ။ အဲဒီအတွက်က ရှေ့ကသင်ခန်းစာတွေထဲမှာ ပါခဲ့ပြီးသားပါ။ အဲဒီနေရာကို ကြိုသွားတာ၊ လမ်းလျှောက်ကြည့်တာ၊ စင်နဲ့ရင်းနှီးကျွမ်းဝင်အောင် ကြိုးစားကြည့်တာ အစရှိတာတွေပေါ့။ ကဲ နောက်တစ်ယောက်’

လက်တွေ တစ်ဖက်ပြီး တစ်ဖက် မြှောက်တက်လာကြရင်း တစ်မျိုးပြီးတစ်မျိုး အကြောင်းရင်းတွေ ပြောကြသည်။ နွေး ငြိမ်သက်နေမိဆဲ။ ဘာလို့ငြိမ်နေသည်လဲ။ နွေး ပြောင်းလဲယူရမည်။ ရှက်ရွံ့သိမ်ငယ်မှုတွေထဲက ကိုယ့်ကိုယ်ကို ဆွဲထုတ်ယူရမည်။ ကိုယ့်ကိုယ်ကို မုန်းတီးနေရတာကို နွေး မုန်းသည်။ လက်မြှောက်ဖို့ အကြိမ်ကြိမ် ကြိုးစားသည်။ မအောင်မြင်။ ရင်တွေတဒိန်းဒိန်း။ ဘာကို ကြောက်နေတာလဲ။ နွေး ဘာလို့ကြောက်နေတာလဲ။ နွေးက တကယ်ကိုအသုံးမကျသူလား။

‘အတန်းထဲမှာ Timid တွေ ဆရာ မရှိစေချင်ပါဘူး။ ဒီသင်တန်းရဲ့ ရည်ရွယ်ချက်ကလည်း အဲဒါပဲလေ။ ပြီးတော့ မင်းတို့အားလုံး လူငယ်တွေချည်းပဲ။ လူငယ်ဆိုတာ တက်ကြွရမယ်၊ ပြောရဲဆိုရဲရမယ်၊ လူငယ်ဘဝမှာကတည်းကကို ကြောက်လန့်တွန့်ဆုတ်နေမယ်ဆိုရင် နောင် မင်းတို့ရဲ့ အနာဂတ်မှာ ဘယ်လိုလုပ်ကြမလဲ။ ကဲ နောက်ထပ်တစ်ယောက် ဆက်ပြောပါဦး’

ရုန်းထွက်သွားသော တွန်းအားတစ်ခုနှင့်အတူ နွေး လက်ကိုမြှောက်ကာ ထောင်ဖြစ်လိုက်သည်။

‘ကဲ့ရဲ့ခံရမှာ၊ အရှက်ရမှာကို ကြောက်တာပါ ဆရာ’

နွေး အသံတွေ တုန်ခါနေခဲ့သည်။ ဒါပေမဲ့လည်း နွေး ပြောဖြစ်ခဲ့ပြီ။ နွေး ပြောနိုင်ခဲ့ပြီ။ ဘာရယ်မသိသော ခံစားချက်ဖြင့် နွေး မျက်ရည်ဝဲသည်။ ကောင်ကလေးက အေးစက်နေသော နွေး လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်သည်။ နွေးလည်း သူ့လက်ကို ပြန်လည် ဆုပ်ကိုင်မိသည်။

‘ကောင်းလိုက်တာ’ ဟု ပြုံးရင်း သူ ဆိုသည်။

‘မှန်လိုက်တာ။ ဒုက္ခအပေးဆုံး အကြောင်းရင်းပဲ။ တကယ်တမ်းက အဲဒါ ဘာကြောင့်လဲဆိုရင် ကိုယ်ဘာလုပ်နေတယ်ဆိုတာ ကိုယ်တိုင်သေချာမသိလို့ပါ။ ကိုယ်ပြောမယ့် အကြောင်းအရာကို ကောင်းကောင်း ကျွမ်းကျင်ပိုင်နိုင်နေမယ်။ လုံလောက်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ ရှိမယ်။ အဲဒါရဲ့ နောက်ဆက်တွဲ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိနေမယ်ဆိုရင် အဲဒီအကြောက်တရားက အလိုလိုအဝေးရောက်သွားပါလိမ့်မယ်’

ထိုနေ့က ဆရာသင်သမျှ ကြားတစ်ချက်၊ မကြားတစ်ချက်ဖြင့် နွေး စိတ်တွေ ပေါ့ပါးစွာ လေပေါ်ရောက်နေခဲ့သည်။ တကယ်ကို ကောင်းသည့် ခံစားချက်ဖြစ်သည်။ အခြားသူတွေအတွက် ဘာမျှ ထူးခြားမည် မဟုတ်သော်လည်း နွေးအတွက်တော့ အောင်မြင်မှုတစ်ခု ဖြစ်သည်။ နွေး လုပ်နိုင်ခဲ့သည်။ နွေး ပျော်သည်။ နွေးအတွက် ကျေနပ်စရာကောင်းသော သင်တန်းနေ့တစ်နေ့ ဖြစ်ခဲ့သည်။

❑

၉။

နွေး တက်နေသော သင်တန်းမှာ မကြာခင် ပြီးတော့မည် ဖြစ်သည်။ သင်တန်းနောက်ဆုံးနေ့တွင် နေရာစိမ်းတစ်ခု၌ ကိုယ်နှစ်သက်ရာ အကြောင်းအရာတစ်ခုခုဖြင့် လူအများရှေ့တွင် Demonstration(သရုပ်ပြ) လုပ်ဆောင်ကြရမည်။ အမှတ်ကောင်းစေရန်အတွက် အားလုံးက အားတက်သရောဖြင့် ခေါင်းစဉ်နှင့် အချက်အလက်များ ရှာဖွေကြသည်။ နွေးကတော့ ခေါင်းစဉ်ရှာမတွေ့သေး။ ကောင်ကလေး အချက်အလက်ရှာဖွေရ ဆောင်းမှု ပြုသည့်နောက်သို့သာ တကောက်ကောက်လိုက်ရင်း ခေါင်းစဉ်ရလိုရငြား စူးစမ်းသည်။ ဘကြီးလမ်းညွှန်ပေးလိုက်သော စာအုပ်အရောင်းဆိုင်ကလေးသို့ ရောက်ခဲ့ချိန်တွင် နွေးသည် စိတ်တို့ညွတ်နူးရင်းက မိန်းမော ငေးရီမိရသည်။ များပြားလှသည့် စာအုပ်တွေကို တစ်ပြိုင်တည်း မြင်တွေ့ရသော အခိုက်အတန့်သည် နွေးကို နွေးအဖြစ်မှပင် မေ့လျော့စေသည်။ စာအုပ်တွေအကြား ရောက်သွားသော ခံစားချက်သည် ကြည်နူးခြင်းလား၊ ဝမ်းမြောက်ခြင်းလား၊ သာယာနှစ်သက်ခြင်းလား ဘယ်လိုဆိုတာ နွေး ပြောမပြတတ်အောင်ပင်။ ကောင်ကလေးက သူလိုအပ်သော စာအုပ်ကို ရှာဖွေနေခဲ့ချိန်တွင် နွေးကတော့ စာအုပ်



www.burmeseclassic.com

www.burmeseclassic.com

တို့ကို ထိတွေ့ကြည့်ရင်း၊ စာအုပ်တို့ကိုဖွင့်ကာ သင်းသော စာရွက်နံ့အား နမ်းရှိုက်ရင်းဖြင့် သဘောကျလွန်းနေခဲ့သည်။ အဖော်မဲ့သော နွေးက ငယ်ကတည်းကပင် စာဖတ်ခြင်းကို နှစ်လိုသည်။ အရွယ်ရောက်ချိန်တွင် စိတ်ကူးတည့်ရာ စာတိုကလေးများလည်း ရေးတတ်ခဲ့သေးသည်။ စာအုပ်တွေကို ကိုင်ကြည့်ရင်း သဘောကျကြည်နူးနေသော နွေးကိုကြည့်ကာ လိုချင်တာရှိသလားဟူသည့် ကောင်ကလေး၏ အမေးအား နွေးက 'အင်း၊ အားလုံးပဲ' ဟုဖြေ၍ သူက ရယ်သည်။ထို့နောက်တော့ ငါ မေ့နေတာဟုဆိုကာ သူ့လွယ်အိတ်အတွင်းမှ မဂ္ဂဇင်းစာအုပ်လေးတစ်အုပ်ကို နွေး လက်တွင်းသို့ထည့်သည်။ သူကိုယ်တိုင် သရုပ်ဖော်ပုံကလေးများ ပါဝင်ရေးဆွဲထားသည်ဟု ဆိုသည်။

စာအုပ်ရွေးနေသည့် ကောင်ကလေးကို စောင့်ရင်းက ကောင်ကလေးဆီမှ လက်ဆောင်ရခဲ့သော(သူတို့ကျောင်းမှ ထုတ်သည့်) ကျောင်းမဂ္ဂဇင်းစာအုပ်ကလေးကို စာအုပ်ဆိုင်အတွင်း စာဖတ်ရန်အတွက် သီးသန့်ထားရှိပေးထားသော ထိုင်ခုံကလေးတစ်ခုတွင် ထိုင်၍ စိတ်ဝင်တစားဖြင့် နွေး ဖွင့်ဖတ်ကြည့်သည်။ ကောင်ကလေးသည် တကယ်ပင်တော်သူဖြစ်သည်။ သူ ဆွဲသည်ဆိုသော သရုပ်ဖော်ပုံတို့သည် အမှန်ပင် နှစ်လိုဖွယ်ကောင်းနေခဲ့သည်။ ပြီးနောက် စာကလေးတွေကို နွေး ဖတ်ကြည့်နေရင်းက ဘာရယ်မသိ ကြည်နူးသဘောကျလာရသည်။ ထိုစာကလေးများ ရေးဖွဲ့သူတို့သည် နွေးလိုပင် လူငယ်များဟု အသိဝင်သည်။ နွေး စာရေးချင်လာမိသည်။ နွေးလည်း သူတို့လို ရေးကြည့်ချင်သည်ဟူသော ပြင်းပြသည့် ဆန္ဒ၏နောက်တွင် အသိစိတ်သည် ဖျတ်ခနဲ နိုးကြားလာရသည်။ ဟုတ်သားပါပဲ။ နွေးကိုယ်နွေး မေ့နေခဲ့သည်။ ခုမှပင် ကိုယ့်ကိုယ်ကို နွေး ပြန်တွေ့လာရသည်။ ဟိုအရင်က စာတိုပေစ ကလေးတွေ နွေး မကြာခဏ ရေးဖြစ်ခဲ့သည်။ နောက်ပိုင်းမှာတော့ စိတ်ပိုင်းဆိုင်ရာနှင့် ကျန်းမာရေးအရ နွေး အားလုံးကိုမေ့ခဲ့သည်။ အခုတော့ နွေး ပြန်သိခဲ့ပြီ။ နွေး ကိုယ်နွေး ပြန်တွေ့ခဲ့ပြီဖြစ်သည်။

အပျော်လွန်နေသော နွေးကို ကြည့်ကာ ကောင်ကလေးကလည်း ဝမ်းသာနေခဲ့သည်။ ဆိုင်ကလေးမှ ဘကြီးဆီသို့လည်း နွေးတို့သွားခဲ့ကြသည်။ ဘကြီးက နွေးကို ဝမ်းသာကြောင်းနှင့် စာတွေအများကြီး ဖတ်ဖို့လိုကြောင်း၊ လေ့လာမှုနှင့် လေ့ကျင့်မှုတွေ အများကြီးလိုကြောင်း သေချာရှင်းပြသည်။ စာတွေဖတ်ရင်း၊ လေ့လာရင်း နွေး ဇာတ်လမ်းတစ်ပုဒ် ရေးဦးမည်။ ဘကြီး၏ ပန်းချီကားထဲကပုံစံနှင့် ဇာတ်လမ်းစ,ဖွဲ့မည်။ ဇာတ်ကောင်မိန်းကလေးသည် မိဘတွေရန်ဖြစ်စကားများနေခြင်းကို အိမ်ကြီး၏ အပြင်ဘက်ဆီမှ အမြဲလို ငေးကြည့်ဝမ်းနည်းနေရသူ။ နွေးလိုပဲ အထီးကျန်သိမ်ငယ်ကြောက်ရွံ့တတ်သူ။ မိဘတွေကြား စိတ်ဒဏ်ရာများနှင့် ကြီးပြင်းရသူ။ သူ့အထီးကျန်လွန်းမည်စိုး၍ သူ့အတွက်အဖော်အဖြစ် ဟက်ပီလို ခွေးကြီးတစ်ကောင် နွေး ထည့်ပေးရမည်။ ဇာတ်သိမ်းလေးကိုတော့ နွေး လှချင်ပါသည်။

အပြောင်းအရွှေ့တွင် သိမ်းဆည်းလာခဲ့သော နွေး၏ ပစ္စည်းများအတွင်းမှ ဟိုယခင်ရေးခြစ်ခဲ့ဖူးသော စာတိုပေစတို့အား တွေ့လိုတွေ့ငြား ပြန်ရှာသည်။ ရောက်ကတည်းက မထုတ်ဖြစ်သော ပစ္စည်းများကို ထုတ်ကာ ဖွသည်။ ငယ်စဉ်က ဘာအတွက် သိမ်းခဲ့သည်မသိသော ပစ္စည်းလေးများသည်လည်း နွေးအနား ပြန့်ပြန့်ကျဲ၍ ညောင်းညာခဲ့ချိန်တွင် ကြမ်းထက်မှာပင် လဲလျောင်းချလိုက်သည်။ တံခါးခေါက်သံနှင့် မရှေးမနှောင်းတွင် ဖွင့်၍လာသော အခန်းတံခါးဝ၌ ရပ်နေခဲ့သော အမျိုးသမီးကြီးသည် အခန်းတစ်ခုလုံး ပြန့်ကျဲသည့် အဝတ်များ၊ စာအုပ်များ၊ စာရွက်များနှင့် ပစ္စည်းငယ်များအကြား၌ လဲလျောင်းကာအိပ်နေသည့် နွေးကို မြင်ခဲ့ချိန်တွင် စိတ်ပူဟန်ဖြင့် အနားသို့ အပြေးကလေး ရောက်လာခဲ့သည်။ သမီးဟူသော ခေါ်သံသည် အဖျားခတ်တုန်ခါ၍ နွေးကို ကြည့်ကာ ငိုတော့မည့် ဟန်ရှိသော အမျိုးသမီးကြီးကို ကြောင်ငေးကြည့်မိသည်။ နွေး နေမကောင်းခဲ့စဉ်က ရုံဖန်ရုံခါတို့၌ သောင်းကျန်းတတ်ခဲ့သော ပုံစံကို အမျိုးသမီးကြီး ပြန်မြင်ဟန်တူသည်။ ခုမှပင် အခြေအနေကို သဘောပေါက်သော နွေးက ထ,ထိုင်ရင်း အမျိုးသမီးကြီးကို မျက်နှာချင်းဆိုင်ကာ ကြည့်သည်။

'နွေး နေကောင်းပါတယ်။ လိုချင်တာလေးရှိလို့ နွေး ရှာနေတာပါ'

နွေး စကားအဆုံးတွင် အမျိုးသမီးကြီးသည် နွေး၏ မျက်လုံးတို့အား အသေအချာ အကဲခတ်ကြည့်ရှုရင်းက ငြိမ်သက်သော နွေး မျက်လုံးတို့ကို မြင်မှပင် စိတ်ချသွားဟန်ဖြင့် နွေးကို တင်းကျပ်စွာ ဆွဲယူပွေ့ဖက်ခဲ့သည်။ နွေးအပေါ် အပြစ်လုပ်ထားမိသူလို ခံစားရစိတ်ဖြင့် အမြဲလို နွေးအား အရိပ်တကြည့်ကြည့်ဖြင့်ရှိတတ်သော အမျိုးသမီးကြီးကို တဖြည်းဖြည်းနှင့်တော့ နွေး ဆန့်ကျင်တွန်းလှန်စိတ်တို့ လျော့ပါးလာခဲ့ပြီးဖြစ်သည်။

အချိန်နီးကပ်လာပြီမို့ နွေး၏ သရုပ်ပြမှုအတွင်းတွင် ထည့်ပြရန်လိုအပ်မည့် အချက်အလက်တွေကို နွေး ရှာရပြီ။ အင်တာနက်ဆိုင်လေးသို့ သွားသည်။ ပြီးနှင့်ပြီဖြစ်သော ကောင်ကလေးက ဘာမှဝင်ရောက်ပြောဆိုခြင်းမရှိပါဘဲ နွေး ဘေးတွင် အဖော်အဖြစ် လိုက်ထိုင်ပေးသည်။ နွေးအတွက် အသုံးတည့်မှာလေးတွေ အင်တာနက်မှ ရှာကြည့်သည်။ ပြင်လိုက်ဖျက်လိုက်ဖြင့် ဖိုင်ကလေးတစ်ခု ပြုလုပ်သည်။ နွေးဘေးတွင် စာထိုင်ဖတ်ရင်း စောင့်ပေးနေသော ကောင်ကလေးကို နွေး လှည့်ကြည့်တော့ သူက ပြုံးပြလာသည်။

'နင်မှတ်မိလား၊ ငါတို့



www.burmeseclassic.com

www.burmeseclassic.com

စ,တွေ့တဲ့အချိန်မှာ နင့် ငါ့ကို ဝင်တိုက်ခဲ့တာလေ။ အဲဒီတုန်းက နင့်ကို မာနကြီးတဲ့ ကောင်မလေးလို့ ထင်ခဲ့တာ။ ငါ့ကိုလည်း နည်းနည်းလေးမှ မတောင်းပန်ဘူး။ အဲဒါနဲ့ ငါ့အနားလာထိုင်တော့ နင့်ကို ပြန်ပြီးနောက်လိုက်မိတာ။ နောက်မှ နင့်ကို ငါ သနားသွားတယ်။ အဲဒီတုန်းက ငါ တကယ်ကို တောင်းပန်ချင်ခဲ့တာ'

နွေး ပြုံးသည်။ ခုတော့လည်း နွေး ပြုံးနိုင်ပါပြီ။ သူ့ကို ခဏတော့ နွေး ငေးမိသည်။ သင်တန်းပြီးနောက် မကြာခင်တွင် ကောင်ကလေးကလည်း ကျောင်းဆက်တက်ရန်အတွက် မြို့ကြီးဆီသို့ သွားဦးမည်။ နွေးကလည်း ဒီမှာကျန်ရစ်ပြီး ကျောင်းတက်ရမည်။ နွေးတို့ ကိုယ်စီ ကျောင်းတက်ကြရဦးမည်။ နွေးကို မျက်လုံးချင်းဆုံ၍ ခပ်ငေးငေး ပြန်ကြည့်လာရင်းက Fighting! ဟု ကောင်ကလေးဆိုလာ၍ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ဆတ်ခနဲ နွေး ခေါင်းညိတ်ပြလိုက်သည်။ တကယ်တမ်းတော့ နွေး ကြောက်သည်။ ဆရာ့စကားကို နွေး သတိရပြန်သည်။ နွေး လုပ်နိုင်မှာပါ၊ နွေး လုပ်ရမည်။ မနက်ဖြန်သည် နွေးအတွက် အရေးကြီးသော နေ့တစ်နေ့ဖြစ်သည်။

❑

၁၀။

အခန်းသည် စိမ့်၍အေးလွန်းသော်လည်း နွေး လက်တွေက ချွေးတို့ဖြင့် စေးကပ်နေသည်။ စိတ်အရမ်း မလှုပ်ရှားနဲ့ဟု နွေး ကိုယ့်ကိုယ်ကို သတိပေးသည်။ ပရိဂျက်တာဖြင့် အသင့်ချိတ်ဆက်ထားပြီးဖြစ်သော ကွန်ပျူတာလေးအတွင်းသို့ နွေး၏ ဖိုင်လေးကို ကူးထည့်သည်။ ကွန်ပျူတာ အတွင်းသို့ ထိုဖိုင်လေး ရောက်သွားချိန်တွင် နွေး ဖွင့်ကြည့်သည်။

ပထမဦးဆုံး စာမျက်နှာတွင် 'နေထိုင်ခြင်းအနုပညာ' ဟူသော စကားစုလေးက အလယ်နေရာနား၌ ရှိနေပြီး ညာဘက်အောက် ထောင့်နားတွင်တော့ နွေး နာမည်က ခပ်သေးသေးရှိသည်။ ဖိုင်ကို စစ်ဆေး၊ စမ်းသပ်ကြည့်၍ စိတ်ချရပြီဟု ထင်ချိန်တွင် ပတ်ဝန်းကျင်ကို နွေး အကဲခတ်သည်။ ရှေ့တည့်တည့်တွင် ထိုင်သူမဲ့ကုလားထိုင်များ။ ခဏနေလျှင် အခန်းတွင်းသို့ လူအများဝင်လာလိမ့်မည်။ အများစုက နွေးနှင့် အရွယ်သိပ်မကွာသော လူငယ်များဖြစ်လိမ့်မည်။ မိနစ် ၂၀ အချိန်ကာလအတွင်း၌ နွေးကို စူးစမ်းကြည့်ကြလိမ့်မည်။ အကဲဖြတ်၊ အမှတ်ပေးကြလိမ့်မည်။ ချီးမွမ်းမည် သို့မဟုတ် ကဲ့ရဲ့မည် သို့မဟုတ် လက်ခံမည်။ အစွန်းနှစ်ခုဖြစ်သော ချီးမွမ်း၊ ကဲ့ရဲ့ မဟုတ်ပါဘဲ အလယ်အလတ်ဖြစ်သော လက်ခံမှုကိုသာ နွေး ဦးတည်မျှော်လင့်သည်။ ချီးမွမ်းခြင်းက နွေးနှင့် ဝေးလွန်းသည်။ ကဲ့ရဲ့ခြင်းကရော။ နွေး ရင်တွေ တဒိန်းဒိန်းခုန်လာသည်။ လမ်းလျှောက်၍ရနိုင်သည့် ဧရိယာအဝန်းအဝိုင်းအတွင်း နွေး ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။ အခန်းပတ်ဝန်းကျင်မြင်ကွင်းတို့နှင့် အနည်းငယ်ရင်းနှီးမှု ရလိုရငြား ဖြစ်သည်။ အေးသည်လား၊ ကြောက်သည်လား ဝေခွဲရခက်သောစိတ်ဖြင့် လက်ကို တင်းတင်းပိုက်သည်။ အခန်းတံခါးလက်ကိုင်ဘုကို ရုတ်တရက် လှည့်ဖွင့်လိုက်သော အသံသည် တိတ်လွန်းသော အခန်းတွင်း၌ ကျယ်လောင်သံတစ်ခုအဖြစ် ထွက်ပေါ်လာခဲ့သည်။ ဝင်လာကြပြီ။

ထိုင်ခုံများတွင် အသီးသီး ဝင်ထိုင်၍ ရှေ့တည့်တည့်ဆီသို့ စူးစမ်းကြည့်ဖြင့် ကြည့်ကြသည်။ စ,ရမည့်အချိန် နီးပြီ။ ဆရာကလည်း အခန်းထောင့်တစ်နေရာတွင် ကင်မရာတစ်လုံးဖြင့် ရုပ်/သံဖမ်းယူရန်အသင့်ရှိနေသည်။ တယ်လီဖုန်းဖြင့် နွေး Alarm ပေးလိုက်သည်။ ၂၀ မိနစ်။ အရင်ဆုံး နွေး ကိုယ့်ကိုယ်ကို မိတ်ဆက်သည်။ နွေး ပြောလိုသည့် အကြောင်းအရာခေါင်းစဉ်ကို မိတ်ဆက်သည်။ အသံတော့ နည်းနည်းတုန်သည်။ နွေး ဆက်ပြောသည်။ ဒုတိယစာမျက်နှာတွင် ပန်းချီဆရာဟော့နေး၏ ပန်းချီကားရုပ်ပုံတစ်ခုက စာမျက်နှာ အပြည့်နီးပါးရှိသည်။ ထိုရုပ်ပုံထဲတွင် ထင်ရှားစွာရှိနေသည်က ကပ်လျက်ယှဉ်တွဲပြီး ချထားသော ကုလားထိုင် ၃ လုံး။ ခဏနေတော့ ကုလားထိုင်လေးများ၏အောက်တွင် စာလုံးလေးများ အသီးသီး ပေါ်လာခဲ့သည်။ ပထမ ကုလားထိုင်အောက်တွင် 'ဝါသနာ' ဟုမြင်ရပြီး ဒုတိယ ကုလားထိုင်အောက်တွင် 'ဂုဏ်' ဟု တွေ့ရ၍ တတိယ ကုလားထိုင်အောက်တွင်တော့ 'ငွေ' ဟု ရှိနေသည်။ နားထောင်နေသူအားလုံးကို ထိုပန်းချီကားထဲရှိ ကုလားထိုင်တစ်ခုချင်းစီကို နွေးက ထိုသို့အမည်ပေးထားကြောင်းနှင့် ထိုသို့အဓိပ္ပာယ်ရှိသည့် ကုလားထိုင်များအတွင်းမှ မိမိစိတ်ကြိုက် ရွေးချယ်၍ ထိုင်ရမည်ဆိုလျှင် မည်သည့် ကုလားထိုင်ကို ထိုင်ချင်မည်လဲဟု နွေး မေးသည်။

ဝါသနာနှင့် ငွေကို အများဆုံးရွေးချယ်ကြသည်။ လူငယ်တွေဖြစ်နေတာကြောင့်လား။ နာရီကို ဖျတ်ခနဲကြည့်မိသည်။ အကြာကြီးတွေးနေလို့မရတာမို့ တတိယစာမျက်နှာကို ရွှေ့သည်။ တတိယစာမျက်နှာတွင် 'ကိုယ့်ကိုယ်ကို သိခြင်း' ဟူသော ခေါင်းစဉ် ရှိနေသည်။ ကိုယ့်ကိုယ်ကို သိအောင် ကြိုးစားခြင်းနှင့် ပတ်သက်၍ နွေး ကိုယ်တွေ့နှင့်ယှဉ်ကာ ပြောဖြစ်သည်။ ကောင်ကလေးကို ကြည့်၍ အားကျငေးမောသိမ်ငယ်ရာမှ နွေး ကိုယ့်ကိုယ်ကို ရှာကြည့်ခြင်းများအကြောင်း။ ပြီးတော့ နောက်စာမျက်နှာကို ရွှေ့သည်။ စတုတ္ထမြောက် စာမျက်နှာ၏ ခေါင်းစဉ်က 'ပြောင်းလဲပစ်ခြင်းနှင့် ပူးတွဲလုပ်ဆောင်ခြင်း' ဟူ၍ဖြစ်သည်။ ပြောင်းလဲပစ်ခြင်းသည် မိမိလိုလားသော နေထိုင်မှု ပုံစံအသစ်ဆီသို့ ဦးတည်ပြောင်းလဲပစ်ခြင်းဖြစ်သည်။ ကောင်ကလေးတို့ မောင်နှမကိုကြည့်၍ နောက်ထပ်တစ်ခု နွေး တွေ့လာခဲ့သည်။ လက်ခံ၍ရနိုင်လျှင် ပြောင်းပစ်စရာမလိုပါဘဲ ပူးတွဲလုပ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

နိုင်သည် ဆိုသည်ကို ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းမှုတစ်ခုအတွက် နွေးတို့ ငွေကြေးထိုင်ခုံတွင် ဝင်ထိုင်ချိန်ရှိသလို ကိုယ်ကိုယ်တိုင်၏ နေပျော်နှစ်လိုမှုအတွက် ဝါသနာထိုင်ခုံတွင်လည်း ဝင်ထိုင်ချိန်ရှိနိုင်သည်။ နွေးတို့ အလှည့်နှင့်ထိုင်၍ရနိုင်သည်။ သည့်အတွက် နွေး(ခုချိန်ထိ အမေဟု မခေါ်ဖြစ်သေးသော) အမျိုးသမီးကြီး ဆန္ဒရှိသည့် ကွန်ပျူတာတက္ကသိုလ် တက်မည်။ တစ်ဖက်က စာတွေဖတ်ရင်း စာရေးမည်။

နွေး၏ 'နေထိုင်ခြင်းအနုပညာ'အကြောင်း နွေးကိုယ်တွေ့များနှင့် ယှဉ်ကာ ပြောရင်း အရှိန်ရလာပြီးကတည်းက ကြောက်နေတာတွေ နွေး မေ့ခဲ့သည်။ အချိန်ပြည့်၍ Alarm မြည်လာကာမှ မိနစ် ၂၀ သည် နည်းလွန်းသည်ဟု မြင်လာသည်။ စကားပြော လက်စသတ်သည်။ လူအများရှေ့တွင် သည်လောက် ပေါ့ပါးစွာ စကားပြောနိုင်လိမ့်မည်ဟု နွေး အိပ်မက်ပင် မမက်ခဲ့ဖူး။ နွေး ကိုယ်ထဲတွင် သွေးတို့က သွက်စွာစီး၍ ခြေထောက်တို့သည်လည်း အပေါ်သို့မြောက်နေသည်ဟုပင် ထင်ရသည်။ တကယ်ကိုပါပဲ။ နောက်ဆုံးအချိန်တွင် ထွက်ပေါ်လာသည့် လက်ခုပ်သံများသည် လက်ခံခြင်း လက်ခုပ်သံများဟု နွေးနားလည်လိုက်သည်။ နှစ်ခြိုက်စွာ နွေး ပြုံးနေရပြီ။ ပြီးသွားတော့လည်း ပေါ့ပါးကျန်ရစ်ခဲ့သည်။ နောက်ဆုံးတော့လည်း ပေါ့ပါးစွာဖြင့်ပြီးခဲ့ပြီ။

ဆရာက နှစ်နှစ်ခြိုက်ခြိုက် ပြုံးကာ နွေးကို လက်ဆွဲနှုတ်ဆက်လာရင်း-

'မင်းက ဟိုအရင် မင်းနဲ့ အများကြီးကွာသွားခဲ့ပြီ'ဟု ဆိုသည်။ ဆရာ့ကို ကျေးဇူးတင်စကားဆိုရင်း ရင်တလှပ်လှပ်ဖြင့် ကျေနပ်စွာ နွေး ပျော်ရသည်။ စွမ်းဆောင်ပြီးဆုံးမှုနောက်မှ ကျေနပ်ပေါ့ပါးကျန်ရစ်မှုအရသာကို နွေး နှစ်လိုစွာ ခံစားဖူးခဲ့ပြီ။ အသစ်ဖြစ်သောသူတစ်ယောက် နွေး ဖြစ်ခဲ့ပြီ။

ကောင်ကလေးကို လက်ပြနှုတ်ဆက်ပြီးသည်နှင့် ဦးကြီးဖွင့်ပေးထားသော တံခါးမှနေ၍ ခြံထဲသို့ ရွှင်ကြည်သောစိတ်တို့ဖြင့် စက်ဘီးနင်းကာဝင်ခဲ့သည်။ အမေ့ကို နွေး ပြောပြရဦးမည်။ မနက်ဖြန် စောစော ထ,ရမှာနော်ဟု နောက်ကျောဘက်ဆီမှ ကောင်ကလေး လှမ်းအော်သည်။ မြို့ကြီးဆီသို့ မသွားခင်တွင် နွေးနှင့်အတူ တစ်နေရာသို့သွားမည်ဟု သူပြောခဲ့သည်။ စက်ဘီးကို ထားနေကျနေရာတွင် နွေးထားသည်။ အိမ်ဝမှ စောင့်ကြိုနေသော အမေ့ကို မြင်ချိန်တွင် ခဏတော့ နွေး ငြိမ်ကာငေးမိသည်။ နွေးရှိရာသို့ ပြုံးရင်း လျှောက်လာနေသော အမေ့ကို နွေး ငေးသည်။ ပြီးတော့ နွေး အမေ့ဆီ ပြေးခဲ့သည်။ ဆီးကြိုပွေ့ဖက်လာသည့် အမေ့လက်တွေကြား နွေးတိုးဝင်သည်။ ခုတော့လည်း နွေး စိတ်တွေလုံခြုံပါပြီ။

❑

၁၁။

နှင်းတွေ ဝေတုန်းရှိသည်။ ပတ်ဝန်းကျင်သည် အဖြူရောင်ဝိုးတဝါး။ ကားရပ်သည်နှင့် ဦးကြီးကားပေါ်မှ နွေးနှင့် ကောင်ကလေး အပြေးဆင်းသည်။ အဖြူရောင် ဂန္ဓမာပန်းစည်းကြီးကို ကျစ်ကျစ်ပိုက်ရင်း ရှေ့နားဆီမှ လှေကားထစ်များပေါ်သို့ တက်သည်။ မြန်မြန်ဟုဆိုရင်း ကောင်ကလေးက နွေး လက်တွင်းမှ ပန်းစည်းကြီးကို ယူကိုင်ကာ ကျန်လက်တစ်ဖက်ဖြင့် နွေးကို ဆွဲခေါ်သည်။ အပြေးလေး တက်ကြရင်း၊ ဟောဟဲပြု၍ နားလိုက်ရင်းနှင့် နောက်ဆုံးတော့ တောင်ပေါ်သို့ ရောက်ခဲ့သည်။ အရင်ဆုံး ပန်းကပ်၍ ဘုရားကန်တော့ကြသည်။ ပြီးသည်နှင့် နွေး လက်ကို ဆွဲ၍ ကောင်ကလေး ပြေးသည်။ တောင်အစွန်းနားရောက်ကာမှ နှစ်ယောက်သား ရပ်ခဲ့ချိန်တွင် ပတ်ဝန်းကျင်သည်လည်း အနည်းငယ် ကြည်လင်စပြုပြီ။ နှင်းတို့ ပါးလာခဲ့သည်။ တစ်စတစ်စ ကဲကာ အလင်းပိုလာခဲ့ပြီ။ ကြည့်နေစဉ်မှာပင် တောင်တန်းတို့၏ နောက်ကွယ်မှ အလင်းမျှင်တစ်စတိုး ထွက်လာသည်။ မရှုးသော အလင်း။ တဖြည်းဖြည်းနှင့် တိုး၍တိုး၍လင်းသည်။ မှိုင်းသော တောင်တန်းတို့ အပေါ်သို့ တစ်စတစ်စဖြာသည်။ မှောင်သောတောင်တို့သည် တဖြည်းဖြည်း လင်းသည်။ အလင်းသည် တဖြည်းဖြည်း မြင့်တက်၍ မှိုင်းသောနေရာတို့သည်လည်း ရှေ့သို့တိုးကာ တိုးကာ လင်းသည်။ အနေးပြကွက်တစ်ခုလိုပင် အလင်းသည် ပတ်ဝန်းကျင်ကို တဖြည်းဖြည်း နေရာချကာ လွှမ်းခြုံ၍ တစ်ခဏချင်းမှာပင် ပတ်ဝန်းကျင်တစ်ခုလုံး လင်းခဲ့ပြီ။

အေးသေးသော်လည်း အလင်းဆီမှ ပါးလွှန်းသော အနွေးဓာတ်ကိုရသည်။ နေ့တစ်နေ့၏ နေထွက်ချိန်ကို နွေး မြင်ဖူးခဲ့ပြီ။ ခပ်ဝေးဝေးဆီမှ မြင်ကွင်းတို့သည် နေ၏ အလင်းအောက်တွင် လှလွန်းသည်ထင်သည်။ စီကာဆင့်ထပ်ရှိနေသော ရှေ့နောက်၊ အထက်အောက် တောင်တန်းများကြားမှ တိမ်ခိုးဖွေးဖွေးတို့သည် အလင်းကြောင့် ပို၍ သိပ်သည်းထင်ရှားလာကြသည်။ လှလိုက်တာလေ။ ကောင်ကလေးကို လှည့်ကြည့်မိတော့ သူကလည်း နွေးကို လှည့်ကြည့်ချိန်နှင့် ဆုံသည်။ နွေးပြုံးသည်။ ကောင်ကလေးလည်း ပြုံးသည်။


'ငါပြန်လာရင် ဒီနေရာကို ထပ်လာရအောင်'

နိုင်မာသေချာသော စိတ်ဖြင့် နွေး ခေါင်းညိတ်ပြလိုက်ပြီးနောက် အရှေ့ဆီသို့ ပြန်ငေးကြသည်။ နေ့သစ်သည် နွေးတို့ကို အလင်းနှင့်အတူ အရှေ့တွင်စောင့်နေခဲ့ပြီ။ ငှက်တို့သည် နွေး နံဘေးမှ ဖြတ်ကာ တောင်တန်းများရှိရာ ဟိုအဝေးဆီသို့ပျံကြသည်။ တဖြည်းဖြည်း သေး၍ သေး၍ ဝေးသည်။ ဝေးကာဝေးကာ ကွယ်သည်။ လက်ပြရင်းက နွေး နှုတ်ဆက်သည်။ နွေးတို့လည်း ပျံကြရဦးမည်။ ပျံရန်လည်း အသင့်ရှိနေခဲ့ပြီဖြစ်သည်။ ■

ရွှေသင်



www.burmeseclassic.com


www.burmeseclassic.com
ပျော်ရွှင်စွာ စားသောက်နေထိုင်မှုဘဝပိုင်ဆိုင်နိုင်ဖို့ Papaya Enzyme ကို သောက်ကြစို့
NATROL
Papaya Enzyme
BURMESE CLASSIC .com
အစာမကြေ၊ ရင်ပြည့်
ဗိုက်အောင့်ခြင်း တို့
အစဉ်ကင်းဝေး
ဝါးစားနိုင်သော ဆေးပြားများ
MADE IN
U.S.A
NATROL
Papaya Enzyme
Helps Maintain a Healthy Digestive Tract
100 CHEWABLE TABLETS
DIETARY SUPPLEMENT
NATROL
35 Years of Quality Uncompromised
21411 Prairie Street
Chatsworth CA 91311 (USA)
www.natrol.com
Myanmar Distributor :
Saung Thazin Trading Co.,Ltd.
Yangon: No 262/264, Pyay road, Dagon Center 1, Room 704-B, Sanchaung township, Yangon, Myanmar
Ph: 539115, 516678, - Fax: 539115
Email: flexanew@gmail.com
Mandalay: No.263, D-3, 81 Street, Between 23rd & 24 Street, Mandalay, Myanmar.
Tel:02 60177 HP:09 2057621,
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com